www.burmeseclassic.com

## စိန္တာမဏိ ဦးချစ်မောင်

# ပြုစုသော

BURMESE CLASSIC

# ဗုဒ္ဓဘာသာဆိုင်ရာ အထွေထွေဗဟုသုတ

## မာတိကာအကျမ်း

မှုပိုင်

ခင်ချိုထွန်းစာပေ

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်း၏ရည်ရွယ်ချက်များ

ဤကျမ်းတွင် ပိဋကတ်သုံးပုံပါ တစ်ခု၊ တစ်မျိုး၊ တစ်ပါး အရေအတွက်ရှိသော တရားမှသည် တရားအရေအတွက် ၁၅၀၀ အထိ ပါသော တရားများကို အစဉ်အတိုင်းဖော်ပြထားပြီး

- နိက္ခမ ရဟန်းကြီးများ။
- ဒုလ္လဘ ရဟန်းများ။
- ဓမ္မကထိကများ။
- သာမဏေများ။
- သီလရှင်ဆရာများ။
- ဥပါသကာ/ဥပါသိကာများ။
- ဝတ်အသင်းအဖွဲ့များ။
- နိဗ္ဗာန်ဆော်များ။
- အလှူခံပုဂ္ဂိုလ်များ
- မြန်မာ သမားတော်များ။
- မြန်မာ ကျောင်းဆရာများ။
- နာယကကြီးများ။
- ဌာနဆိုင်ရာတိုင်း၌ အကြီးအမှူးဖြစ်သော ပုဂ္ဂိုလ်ကြီးများ။
- စကားပြောရာတွင် အများနည်းတူ ပါဠိစကားကို ထည့်၍ပြောသော်လည်း ပါဠိ၏ အနက်အဓိပ္ပါယ်ကို သဘောမပေါက်သော ခေတ်လူငယ်များနှင့် ဘာသာရေး၌ စိတ်ပါဝင်စား၍ ဗဟုသုတ လိုလားသူဟူသမျှ တစ်ဦးလျှင် တစ်အုပ်ကျ ဆောင်ထားသင့်သော ကျမ်းတစ်စောင်ဖြစ်ပါသည်။

BURMESE CLASSIC


www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက

ကျေးဇူးတော်အရှင်

# အနီးစခန်းဆရာတော်ဘုရားကြီး



ဦးပဏ္ဍိတ

www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင် မဟာဂန္ဓာရုံ ရွှေကျင်နိကာယ မဟာနာယက နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ဝင် ဘာသန္တရဆေက၊ မဟာဓမ္မကထိကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အနီးစခန်း ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

## ဖွားမြင်တော်မူခြင်း

ကျေးဇူးတော်ရှင် အနီးစခန်း ဆရာတော်ဘုရားကြီး၏ အလောင်းအလျာသည် တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ ခမည်းတော် ဦးဘိုးဟန်–မယ်တော် ဒေါ်ကျေးယု တို့မှ မြန်မာသက္ကရာဇ် ၁၂၆၁–ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁) ရက်နေ့၊ ညဉ့် ၂–ချက်တီးကျော်၊ လဆန်း (၂)ရက်၊ ကြာသပတေးနေ့သို့ အဝင်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

## ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၇၁–ခုနှစ်၊ သက်တော် ၁၀–နှစ်သားအရွယ်တွင် အုတ်တွင်းမြို့၊ ရွှေကျင်ဂိုဏ်း၊ ကန်ကလေးတောရကျောင်း ဆရာတော်ဘုရား၏ ထံတော်မှောက်၌ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိပြီး သက်တော် ၂၀–အရွယ်တွင် မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သာသနာပိုင် ဒီပဲရင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒကံ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(ခ) ထေရုပ္ပတ္တိအကျဉ်း

## ပရိယတ္တိအားထုတ်ခြင်း

ရှင်သာမဏေဘဝ ငယ်စဉ်အခါက စ၍ အုတ်တွင်းမြို့၊ ကန်ကလေးတောရကျောင်း ဆရာတော်၏ အထံ၌လည်းကောင်း၊ တောင်ငူမြို့၊ မြို့ထောင့်ကျောင်း ဆရာတော်၏ အထံ၌လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး မစိုးရိမ် ခုနစ်တိုက် ဆရာတော်၏ အထံ၌လည်းကောင်း၊ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ အနေကဂန္ထကာရက ဘာသန္တရဆေက နိကာယဏ္ဏဝပါရဂူဖြစ်တော်မူသော သုဝဏ္ဏဝတီအုတ်ကျောင်း ဆရာတော် (နောင်တွင် အဘယာရာမ ဆရာတော်) ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသမထေရ်မြတ်၏အထံတော်၌လည်းကောင်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၌လည်းကောင်း ပိဋကတ်အခြေခံစာများနှင့် နိကာယ်ငါးရပ် ပိဋကတ်ကျမ်းစာများကို လေ့လာသင်ကြားတော်မူခဲ့ပါသည်။

## ဘာသန္တရလေ့လာတတ်ကျွမ်းတော်မူခြင်း

အနီးစခန်း ဆရာတော်ဘုရားသည် ကမ္ဘာသူ ကမ္ဘာသားတို့အား လိုအပ်သည့် အချိန်တွင် ဟောကြားတော်မူနိုင်ရန် စိတ်ရည်သန်လျက် ကမ္ဘာသုံး ဘာသန္တရဖြစ်သည့် အင်္ဂလိပ်ဘာသာကို ရဟန်းငယ်ဘဝမှ စ၍ပင် သင်ယူလေ့လာတော်မူခဲ့ပါသည်။ နေရှင်နယ်ကျောင်းဟု ခေါ်သော မန္တလေးမြို့၊ အမျိုးသားအထက်တန်းကျောင်းသည် ဆရာတော်အလောင်းအလျာ ရဟန်းငယ် အင်္ဂလိပ်ဘာသာသင်ယူခဲ့ရာ ကျောင်းတော်ကြီးဖြစ်ပါသည်။ ဆရာတော်သည် အင်္ဂလိပ်ဘာသာကို ဖတ်ရှုနားလည်နိုင်ရုံမျှမက လေးနက်သော တရားတော်တို့ကို ဟောကြားဆွေးနွေးနိုင်သည်အထိ နိုင်နင်းတော်မူခဲ့ပါသည်။ ဆရာတော်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ကြီးမှ ထုတ်ဝေသော The Light of Buddha ခေါ် ဗုဒ္ဓရောင်ခြည်စာစောင်၌ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများလည်း ရေးသားတော်မူခဲ့ပါသည်။

## အနီးစခန်းချောင်ကို တည်ထောင်ခြင်း

အနီးစခန်း ဆရာတော်ဘုရားသည် အထုံဝါသနာအားလျော်စွာ ငယ်စဉ်အခါမှ စ၍ တရားဟောတော်မူခဲ့ပါသည်။ ဆရာတော်၏ တရားကို နာယူရသော ဟိုက်ကုတ်လွှတ်တော် ရှေ့နေချုပ် ဘုရင်ခံ၏ အတိုင်ပင်ခံ ဆာဟောင်နရီပရက်နှင့် ဇနီးဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအမျိုးသမီး လေဒီပရက်တို့သည် ဆရာတော်ကို ကြည်ညိုလှသဖြင့် ၁၂၉၅-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ကျောင်းသီးခြားတီထွင်၍ ဆရာတော်အား လှူဒါန်းခဲ့ပါသည်။ မေမြို့အနီးရှိ အနီးစခန်း၌ နေသော လေဒီပရက်က တည်ထောင်ဆောက်လုပ်လှူဒါန်းသောကြောင့် ကျောင်းအမည်ကို အနီးစခန်းကျောင်းဟုပင် ခေါ်တွင်စေခဲ့ပါသည်။

## သာသနာရေးနှင့် ဂိုဏ်းကိစ္စ ဆောင်ရွက်ချက်များ

ဆရာတော်သည် အနီးစခန်းကျောင်း၌ သီတင်းသုံး၍ တပည့်တပန်း ရဟန်းသာမဏေတို့အား ပရိယတ္တိဓမ္မများကို ပို့ချပေးခြင်း၊ တရားဟောခြင်းတို့ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်နေစဉ် သိက္ခာတော် ၁၅-ဝါအရ၌ ကျေးဇူးရှင်ဖြစ်တော်မူသော အဘယာရာမ ဆရာတော်ဘုရား၊ အဘယာရာမတိုက်၌ ပြောင်းရွှေ့နေထိုင်၍ သံဃာ့ပရိသတ်ကို အုပ်ချုပ်လျက် စာပေပို့ချနေရမည်ဟု အမိန့်ချမှတ်သည့်အတိုင်း ပြောင်းရွှေ့သီတင်းသုံး၍ စာပေပရိယတ္တိများကို ပို့ချနေတော်မူခဲ့ပါသည်။

ကမ္ဘာကျော် အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထ မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်၍ တရားဟောရာ၌ အင်္ဂလိပ်ဘာသာကို နိုင်နင်းကျွမ်းကျင်နေပြီဖြစ်သော အနီးစခန်း ဆရာတော်သည် ဦးလောကနာထ၏ ပန်ကြားချက်အရ ဦးလောကနာထ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားသော တရားများကို မြန်မာဘာသာသို့ ပြန်၍ ဟောပြရင်း စကားပြန်အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း၌ မဟာနာယကတစ်ပါးအဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ၌ ဂိုဏ်းလုံးဝန်ဆောင် ဆရာတော်တစ်ပါးအဖြစ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယဆိုင်ရာ ခုံဝိနည်းဓိုရ်အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည့်အပြင် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ကိစ္စအဝဝတို့၌ ဂိုဏ်းဂဏရေး၊ သာသနာရေးတို့ကို ရှေ့တန်းမှနေ၍ ဆောင်ရွက်တော်မူခဲ့သဖြင့် ဂိုဏ်းက အားထားရသော ဆရာတော်လည်း ဖြစ်တော်မူပါသည်။

ပညာရေးအနေဖြင့်လည်း ဆရာတော်သည် စာပေပို့ချခြင်း၊ တရားဟောပြောခြင်းတို့ဖြင့် မအားမလပ်သည့်ကြားမှပင် ပါဠိတက္ကသိုလ် ကိုယ်စားလှယ်အဖြစ်ဖြင့်လည်း ၃-နှစ်မျှ ရွက်ဆောင်၍ သာသနာရေးကို အားပေးတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဃ) ထေရုပ္ပတ္တိအကျဉ်း

## ဆဋ္ဌသင်္ဂါယနာ၌ ဆောင်ရွက်ချက်များ

အနီးစခန်း ဆရာတော်ဘုရားသည် မြန်မာနိုင်ငံ၌ ၁၃၁၆–ခုနှစ်မှ စ၍ ၁၃၁၈–ခုနှစ်တိုင် သိုက်မြိုက်စွာ ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌လည်းကောင်း၊ ၁၃၁၈–ခုနှစ်မှ စ၍ ကျင်းပခဲ့သော အဋ္ဌကထာ၊ ဋီကာ သင်္ဂါယနာတင်ပွဲကြီး၌လည်းကောင်း အရေးပါသော နေရာများမှ ပါဝင်ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော်သည် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း၏ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကအဖွဲ့၌ မူလဝိသောဓက ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် ကမ္ဘာအေး၌ ပဋိဝိသောဓက ဆရာတော်အဖြစ်ဖြင့်လည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ထို့ပြင် ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ၏ ကြိုးကိုင်အဖွဲ့ဟု ဆိုအပ်သော ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ကြီး၌ အကျိုးဆောင် ဝိဇ္ဇာလင်္ကာရ ဆရာတော်နှင့် တွဲဖက်၍ ဝန်ဆောင်သံဃာ့အဖွဲ့ဝင်တစ်ပါးအဖြစ်ဖြင့် သင်္ဂါယနာဆိုင်ရာ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ပါဠိတော် သင်္ဂါယနာဖွင့်ပွဲကြီး၌လည်းကောင်း၊ အဋ္ဌကထာ ဋီကာ သင်္ဂါယနာဖွင့်ပွဲတို့၌လည်းကောင်း၊ ထိုထိုသန္နိပါတဖွင့်ပွဲတို့၌လည်းကောင်း အခမ်းအနားဖွင့် ထုထိဝေဒလ္လဂါထာများ၊ သင်္ဂါယနာ ပူဇနိယမင်္ဂလာ ထောမနာဂါထာများ၊ အခမ်းအနားဖွင့် သြဘာစာများကို ဆရာတော်ပင် ဖတ်ကြားခဲ့ရပါသည်။ ၁၃၁၈–ခုနှစ်၌ ကျင်းပသော ဆဋ္ဌသင်္ဂါယနာနှင့် သာသနာ ၂၅၀၀–ပြည့် အထိမ်းအမှတ်ပွဲကြီး၌လည်း ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ၏ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီးကို များပြားလှစွာသော ပြည်တွင်းပြည်ပ သံဃာ့ပရိသတ်၊ လူပရိသတ်တို့အလယ်၌ ဝန်ဆောင်သံဃာ့အဖွဲ့ကိုယ်စား ခန့်ညားထည်ဝါစွာ ဖတ်ကြားကြော်ငြာတော်မူခဲ့ရပါသည်။ အဋ္ဌကထာသင်္ဂါယနာ ကျင်းပသောအခါမှာလည်း မဟာစည် ဆရာတော်ဘုရားနည်းတူပင် အဋ္ဌကထာ သင်္ဂါယနာ စိစစ်ခန်းကို တာဝန်ယူ ဆောင်ရွက်တော်မူရပါသည်။ ထို့ပြင် သင်္ဂါယနာ သီတင်းစဉ် တရားပွဲတို့၌လည်း အခါအခွင့်သင့်သလို ဆဋ္ဌသင်္ဂါယနာ လိုဏ်ဂူတော်အတွင်း၌ တရားဟောတော်မူခဲ့ရပါသည်။

ဆရာတော်သည် နိုင်ငံခြား သာသနာပြုရေးအတွက် ဗုဒ္ဓသာသနာအဖွဲ့က တည်ထောင်ထားသည့် ဓမ္မဒူတဝိဇ္ဇာလယခေါ် သာသနာပြုကျောင်း၌လည်း ကျောင်းအုပ်နာယက ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့၍ ထိုအဖွဲ့မှ ထုတ်ဝေသည့် The Light of The Dhamma ခေါ် ဓမ္မရောင်ခြည်အမည်ရှိ အင်္ဂလိပ်ဘာသာစာစောင်၏

www.burmeseclassic.com

www.burmeseclassic.com



စာတည်းအဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့်လည်း ဆောင်ရွက်တော်မူရပါသည်။ ထိုစာစောင်၌ ထည့်သွင်းရန် အင်္ဂလိပ်ဘာသာ ဆောင်းပါးဟူသမျှကို ထိုစာတည်းအဖွဲ့က စစ်ဆေး လက်ခံ အတည်ပြုပြီးမှသာ စာစောင်၌ ထည့်သွင်းရိုက်နှိပ်ရပါသည်။ ဤမျှသာမက ဆရာတော်သည် ဝိသုဒ္ဓိမဂ်နိဒါန်းပြုစုရေးအဖွဲ့နှင့် မဟာဗုဒ္ဓဝင် စိစစ်ရေးအဖွဲ့၌လည်း အဖွဲ့ဝင်တစ်ပါး ဖြစ်ခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရတော်မူခြင်း

ဆရာတော်သည် ပြဆိုခဲ့ပြီးသည့်အတိုင်း ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိတော် သင်္ဂါယနာတင် ကျင်းပရာဝယ် အစမှ အဆုံးတိုင် အရေးပါသော နေရာများမှနေ၍ ဆဋ္ဌသင်္ဂါယနာအထမြောက်အောင် ဆောင်ရွက်တော်မူသဖြင့် ၁၃၁၈–ခုနှစ်တွင် ကျင်းပသော ဆဋ္ဌသင်္ဂါယနာနှင့် သာသနာ ၂၅၀၀–ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး၌ ဝိစိတ္တသာရာဘိဝံသ ဆရာတော် စသော ဆရာတော် ၁၈–ပါးနှင့်အတူ နိုင်ငံတော် သမ္မတက ဆက်ကပ်ပူဇော်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရပါသည်။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့်အတူ ကုန်းကြောင်း၊ ရေကြောင်းတို့၌ အထက်တန်းခရီး သွားလာခွင့်ရှိသော မီးရထား၊ သင်္ဘော အခမဲ့စီးခွင့် လက်မှတ်များကိုပါ အလှူခံတော်မူရပါသည်။

## နိုင်ငံခြား ခရီးများ

အနီးစခန်း ဆရာတော်သည် အခါအားလျော်စွာ နိုင်ငံခြားတို့သို့လည်း ကြွရောက်တော်မူခဲ့ပါသည်။ ထိုသို့ကြွရောက်ရာတွင် ဘုရားဖူးသက်သက် ကြွရောက်သည်က နည်း၍ သာသနာရေးမစ်ရှင်အဖွဲ့ဝင်အဖြစ် ကြွရောက်ရသည်က များပါသည်။ ဆရာတော်သည် အိန္ဒိယ၊ သီဟိုဠ်တို့သို့ ဘုရားဖူးအဖြစ် တစ်ခေါက် ကြွရောက်၍ ဆဋ္ဌသင်္ဂါယနာရှေ့ပြေး သာသနာရေးမိတ်ဆက် မစ်ရှင်အဖွဲ့ဝင် အဖြစ်ဖြင့် သီဟိုဠ်ကျွန်းနှင့် အိန္ဒိယနိုင်ငံတို့သို့ အခြားဆရာတော်များနှင့်အတူ ကြွရောက်တော်မူရပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ အစပြုခါနီး ၁၃၁၆–ခုနှစ်၌လည်း ဆရာတော်သည် ဝိစိတ္တသာရာဘိဝံသ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ တရားပန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးသိမ်းမောင်၊ နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်းတို့နှင့်အတူ သာသနာရေးမစ်ရှင် အဖြစ်ဖြင့် ယိုးဒယားနိုင်ငံသို့ ကြွရောက်ခဲ့ရပါသည်။ ပါဠိတော် သင်္ဂါယနာအတွင်း ကမ္ဘောဇ-လဝ-သန္နိပါတ အပြီးတွင်လည်း ကမ္ဘောဒီးယားသာသနာပိုင် ဆရာတော် ဘုရားကြီးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၊ သာသနာပိုင် ဆရာတော် ဘုရားကြီး၏ ဥဏ္ဏာလုံကျောင်းတိုက်ကြီး၌ တစ်လတာမျှ သီတင်းသုံး၍ သာသနာ ရေးနှင့် ချစ်ကြည်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၁၃၁၉-ခုနှစ်တွင် ဆရာတော်သည် ထေရဝါဒသာသနာရေးမစ်ရှင် အဖွဲ့ဝင်အဖြစ်ဖြင့် ဂျပန်နိုင်ငံသို့ ကြွရောက်တော်မူ၍ ဂျပန်နိုင်ငံ၌ ပထမဆုံးဖြစ်သော ထေရဝါဒသိမ်တစ်လုံးကို မိုဂျီမြို့၌ သမုတ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၁၃၂၁-ခုနှစ်တွင်မူ အမေရိကန် အစိုးရ၏ ပင့်လျှောက်ချက်အရ ဆရာတော်သည် အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေး လေ့လာရေးမစ်ရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ကြွရောက်ခဲ့ပါသည်။ အမေရိကန်ပြည်၌ ၂-လကြာမျှ ပြည်နယ်ပေါင်း ၁၀-ခုတို့သို့ လှည့်လည်သွားရောက်၍ အခါအားလျော်စွာ လေ့လာခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်းတို့ကို ပြုခဲ့ပါသည်။ နယူးမက္ကဆီကို ပြည်နယ်၏ မြို့မတော် ဘယ်လ်ပူကာကီမြို့ရှိ နယူးမက္ကဆီကိုတက္ကသိုလ်၌ အင်္ဂလိပ် ဘာသာဖြင့် ဗုဒ္ဓဓမ္မတို့ကို ဟောပြောခြင်း၊ ဟောပြောအပြီး၌ မေးခွန်းများ ဖြေကြား ခြင်း၊ ဆွေးနွေးခြင်းများကို ပြုလုပ်ရပါသည်။ နောင်တွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်လာသော ကုလသမဂ္ဂ၌ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ် ဦးသန့် စီစဉ်ပေးချက်အရ နယူးယော့ခ်မြို့၌ ထိုမြို့၏မျက်နှာဖုံး လူကြီးလူကောင်းများနှင့် သာသနာရေး၊ လူမှုရေးတို့ကို ဆွေးနွေးခဲ့ရပါသည်။ ထို ဆွေးနွေးပွဲသို့ ဦးသန့်လည်း တက်ရောက်ခဲ့ပါသည်။ ဝါရှင်တန်မြို့တော် မြန်မာသံရုံး ၌လည်း ဘာသာရေးဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့၍ ဒါးလက်စ်မြို့၌ ကျင်းပသော ကမ္ဘာ့ ဘာသာရေးညီလာခံသို့လည်း တက်ရောက်ခဲ့ပါသည်။ အမေရိကန်ပြည်မှ အပြန်တွင် အင်္ဂလန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အီတလီပြည်တို့သို့ဝင်၍ ဒေသစာရီ ဗဟုသုတ ဆည်းပူးခဲ့ပါသည်။ အင်္ဂလန်ပြည်၌ အောက်စဖို့တက္ကသိုလ်၊ ကိမ်းဘရစ်တက္ကသိုလ် တို့သို့ သွားရောက်လည်ပတ်၍ လန်ဒန်မြို့၊ ဗုဒ္ဓဝိဟာရ၌ တရားတစ်ပွဲဟောခဲ့ပြီး ဘီဘီစီမှ နေ၍လည်း အသံလွှင့်ဟောပြောခဲ့ပါသည်။ အနောက်ဘာလင်၊ ဖရိုနောင် အရပ်ရှိ ဗုဒ္ဓဝိဟာရကျောင်းတော်၌လည်း သွားရောက်၍ သီဟိုဠ်ရဟန်းတော်တို့အား သြဝါဒစကား အားပေးစကားများ ပြောကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာချခြင်း

ဆရာတော်သည် စာတတ် ဓမ္မကထိကအဖြစ်ကို အလွန်လိုလားတော်မူသဖြင့် မိမိလည်း စာပေကို လေ့လာ၍ တပည့်တပန်းတို့အားလည်း တတ်စွမ်းသမျှ ပို့ချပေးခဲ့ပါသည်။ ဆရာတော်သည် ဋီကာကျော်၊ ရူပသိဒ္ဓိပမောဂ္ဂလ္လာန် စသော စာသင်သားသုံး ကျမ်းစာများကိုသာမက ပါရာဇိကဏ်ပါဠိတော်၊ ဒီဃနိကာယ်ပါဠိတော်၊ မိလိန္ဒပဉှာပါဠိတော်၊ ကထာဝတ္ထုပါဠိတော် စသော အထက်တန်းကျလှသည့် ပါဠိတော်ကြီးများနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကဲ့သို့သော အဋ္ဌကထာကြီးများကိုပါ ပို့ချတော်မူခဲ့ပါသည်။ ဆရာတော် စာဝါ၏ အခြားစာဝါများနှင့် မတူသည့် ထူးခြားချက်ကား ထိုထိုကျမ်းများကို ပို့ချရာ၌ ဆိုင်ရာအဋ္ဌကထာ၊ ဋီကာများနှင့်သာမက အင်္ဂလိပ်ဘာသာပြန်များနှင့်ပါ ညှိနှိုင်း၍ ပို့ချတော်မူခြင်းဖြစ်ပါသည်။ ပါဠိကျမ်းစာများကို ပို့ချရင်းပင် ဆရာတော်သည် ဆိုင်ရာ အင်္ဂလိပ်ဘာသာပြန် ကျမ်းတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ဖြင့် စိစစ်၍ ထိုဘာသာပြန်တို့၌ မှားယွင်းနေသည့် နေရာများကိုပါ ပြတ်သားစွာ ထုတ်ဖော်တော်မူခဲ့ပါသည်။ ဆရာတော်သည် စာပေဗဟုသုတ ဆည်းပူးရေး၌ ရောင့်ရဲတော်မူသည်ဟု မရှိပါ။ ၁၃၃၅-ခုနှစ် လေဖြတ်ရောဂါဖြစ်ပြီးသည့်အချိန်မှာပင် သက္ကတဘာသာကို လေ့လာရန် အလိုရှိကြောင်း မိန့်တော်မူခဲ့ပါသည်။

## မဟာဓမ္မကထိက ဖြစ်ခြင်း

အနီးစခန်း ဆရာတော်ဘုရားသည် ကျေးဇူးရှင်ဖြစ်တော်မူသည့် အဘယာရာမ ဆရာတော်ဘုရား၏ တရားဟောလျှင် ပါဠိတော် သုတ္တန်ကြီးများကို ဟောရမည် ဟူသော အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်၍ တရားဟောတော်မူသောအခါ ပါဠိတော် သုတ္တန်ကြီးများကို အစ အဆုံး နှုတ်ငုံဆောင်၍ အဋ္ဌကထာ ဋီကာလာ အဓိပ္ပာယ်များကို ထည့်သွင်းပြီးလျှင် လေးလေးနက်နက် ဟောကြားတော်မူခဲ့ပါသည်။ နောက်ပိုင်းတွင်မူ ဆရာတော်သည် မျက်မှောက်အခြေအနေနှင့် ဟပ်မိသည့် သုတ္တန်များကို ဦးစားပေး၍ ဟောတော်မူခဲ့ပါသည်။ အချို့ထုတ်ဖော်သင့်သည့် နေရာတို့၌ အင်္ဂလိပ်ဘာသာရေး ကျမ်းဂန်တို့မှ စာပိုဒ်၊ ဝါကျများကို ရွတ်ပြ၍ ရှင်းလင်း ဟောပြတော်မူပါသည်။ ဤသို့ အထက်တန်းကျကျ ခံ့ခံ့ထည်ထည် ပရိယာယ်ဝေဝစ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် အဆန်းတကြယ် ဟောပြတော်မူနိုင်သဖြင့် ဆရာတော်သည် ဓမ္မကထိက သာမန်မဟုတ်မူ၍ ဝိသိဋ္ဌမဟာဓမ္မကထိကတစ်ဆူ ဖြစ်တော်မူကြောင်း သိရှိနိုင်ပါသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် ၁၃၃၅–ခုနှစ်၊ တော်သလင်းလဦး နှစ်စဉ် ဟောမြဲဖြစ်သည့် မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီး၏ တရားပွဲ၌ တရားချီးမြှင့်ပြီးနောက် ထိုနေ့ ညပိုင်းမှာပင် လေဖြတ်ရောဂါခံခဲ့ရပါသည်။ ထိုသို့ လေဖြတ်ရောဂါရ၍ မထနိုင်သည့် အခြေသို့ ရောက်သော်လည်း ဆရာတော်သည် စိတ်အားလျှော့တော် မမူခဲ့ပါ။ ဤဝေဒနာမှ ထမြောက်ပြီးလျှင် တရားပြန်၍ ဟောဦးမည်ဟုပင် ဆုံးဖြတ်ချက် ရှိခဲ့ပါသည်။ ပျံလွန်တော်မူသည့် ယခုနှစ်အထိပင် မိမိကို အထူးအားထားသော မလွန်ဈေး ဆန်လှူအသင်းကြီး၏ တရားပွဲသို့ မဖြစ်မနေ နှစ်စဉ်ကြွရောက်၍ တတ်နိုင်သမျှ တရားချီးမြှင့်တော်မူခဲ့ပါသည်။ များစွာသော တပည့်ဒါယကာ၊ ဒါယိကာမတို့ကလည်း ဆရာတော်၏ရောဂါ အလျင်အမြန် ပျောက်ကင်းပါရန် တတ်ကျွမ်းသည့် သမားတော်များဖြင့် အစွမ်းကုန်ပြုစုကုသကြပါသည်။ အကောင်းဆုံး ဆေးဝါးဓာတ်စာများဖြင့် လိုလေသေးမရှိအောင် အားထုတ်ပြုစုကြပါသည်။ ပြဆိုခဲ့ပြီးသော ဂုဏ်တို့၏ အရှင် ဖြစ်တော်မူသော အနီးစခန်း ဆရာတော်ဘုရားကြီးသည် သက်တော် (၇၈)၊ သိက္ခာတော် (၅၈) ဝါအရ ၁၃၃၈–ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ညနေ ၆–နာရီ၊ ၅–မိနစ်အချိန်တွင် လူ့ပြည်ငြီး၍ နတ်ထီးခိုလှုံ ကြွမြန်းတော်မူပါသတည်း။

ထေရုပ္ပတ္တိအကျဉ်း ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

### အနိုးစခန်း ဆရာတော်ဘုရားကြီး၏

# ရတနတ္တယ ပူဇနီယ

ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ၊ အဂ္ဂေါ ဝိပါကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကြကုန်၏။ တေ၊ ထိုဘုရား၌ ကြည်ညိုကြကုန်သော သူတို့သည်။ အဂ္ဂေ၊ လောကဓာတ်အလုံးတွင် အမြတ်ဆုံးဖြစ်သော ဘုရားရတနာ၌။ ပသန္နာ၊ ကြည်ညိုသည် မည်ကြလေကုန်၏။ အဂ္ဂေ၊ လောကဓာတ်အလုံးတွင် အမြတ်ဆုံးဖြစ်သော ဘုရားရတနာ၌။ ပသန္နာနံ၊ ကြည်ညိုကြကုန်သောသူတို့၏။ အဂ္ဂေါ၊ မြတ်သော။ ဝိပါကော၊ အကျိုးတရားသည်။ ဟောတိ၊ ဖြစ်၏။

ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ၊ ပသန္နာ အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ၊ အဂ္ဂေါ ဝိပါကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ ဝိရာဂေ၊ ရာဂငြိမ်းကြောင်းကောင်းမြတ်လှစွာသော။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုကြကုန်၏။ တေ၊ ထိုတရားတော်၌ ကြည်ညိုကြကုန်သော သူတို့သည်။ အဂ္ဂေ၊ လောကဓာတ်အလုံးတွင် အမြတ်ဆုံးဖြစ်သော တရားတော်ရတနာ၌။ ပသန္နာ၊ ကြည်ညိုသည် မည်ကြလေကုန်၏။ အဂ္ဂေ၊ လောကဓာတ်အလုံးတွင် အမြတ်ဆုံးဖြစ်သော တရားတော်ရတနာ၌။ ပသန္နာနံ၊ ကြည်ညိုကြကုန်သော သူတို့၏။ အဂ္ဂေါ၊ မြတ်သော။ ဝိပါကော၊ အကျိုးတရားသည်။ ဟောတိ၊ ဖြစ်၏။

ယေ ဘိက္ခဝေ သံဃေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ၊ အဂ္ဂေါ ဝိပါကော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင်သူတို့သည်။ သံဃေ၊ အရိယာရှစ်ဖော်သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုကြကုန်၏။ တေ၊ ထိုအရိယာရှစ်ဖော်

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )　　အထွေထွေ ဗဟုသုတ မာတိကာကျမ်း

သံဃာတော်၌ ကြည်ညိုကြကုန်သော သူတို့သည်။ အဂ္ဂေ၊ လောကဓာတ် အလုံးတွင် အမြတ်ဆုံးဖြစ်သော အရိယာသံဃာတော်၌။ ပသန္နာ၊ ကြည်ညိုသည်မည်ကြလေကုန်၏။ အဂ္ဂေ၊ လောကဓာတ်အလုံးတွင် အမြတ်ဆုံးဖြစ်သော အရိယာသံဃာတော်၌။ ပသန္နာနံ၊ ကြည်ညိုကြကုန်သော သူတို့၏။ အဂ္ဂေါ၊ မြတ်သော။ ဝိပါကော၊ အကျိုးတရားသည်။ ဟောတိ၊ ဖြစ်၏။

(ဓာတိဝုတ်ပါဠိတော် ၅-ပဥ္စမဝဂ် အဂ္ဂပ္ပသာဒသုတ်)

ကျေးဇူးရှင် ဖြစ်တော်မူသော (မဟာ ဓမ္မကထိက) အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် ဘုရားကြီးအား(ပဋ္ဌပတိဋ္ဌိတေနဝန္ဒာမိ ဘန္တေ)ခြေတော် အစုံကို ထိခြင်းငါးပါးနှင့် ဦးတိုက်၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

စိန္တာမဏိ-ဦးချစ်မောင်
ပဲခူးတရားထောက်
၁-၆-၇၅

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်းဂါထာတော်များ

(၁) ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
(၂) ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
(၃) သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။

(၁) သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ ဟိတာယ၊ ပွားစီးခြင်းငှါ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ ပွင့်ထွန်းတော်မူလေ၏။

(၂) သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဓမ္မော၊ တရားတော်သည်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ ဖြစ်တော်မူပေ၏။

(၃) သဗ္ဗပါဏိနံ၊ခပ်သိမ်းကုန်သောသတ္တဝါတို့၏။အတ္ထာယ၊အကျိုးငှါ။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော။ သံဃော၊ သံဃာတော်သည်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ ဖြစ်တော်မူလေ၏။

(သုတ္တနိပါတ အဋ္ဌကထာ ပါရာယနဝဂ်၊ ဗာဝရီပုဏ္ဏားအတိတ်ဇာတ်)

(၁) ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၁) အာဒိစ္စော၊ ရောင်ခြည်တံထောင် အလင်းဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌။ တပတိ၊ မိုက်မှောင်ပယ်ဖျောက် ထွန်းလင်းတောက်ပပေ၏။ စန္ဒိမာ၊ သော်တာယုန်နန်း လပြည့်စန်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌။ အာဘာတိ၊ ထွန်းလင်းကျက်သရေ တောက်ပပေ၏။ ခတ္တိယော၊ ရေ, မြေ သနင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ ချပ်ဝတ်တန်ဆာ

www.burmeseclassic.com



ဝတ်ဆင်သောအခါ၌။ ဘာတိ၊ မင်းတို့ကျက်သရေ တင့်တယ်ပေ၏။ ဗြာဟ္မဏော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဈာယီ၊ ဈာန်ဝင်စားသော အခါ၌။ တပတိ၊ ရဟန်းတို့ကျက်သရေ တင့်တယ်ပေ၏။

(၂) အထ၊ ထိုသို့ နေမင်း,လမင်း အစရှိသည်တို့ထက်။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင်သည်။ သဗ္ဗံ၊ အလုံးစုံသော။ အဟောရတ္တိံ၊ နေ့,ညဉ့်တို့ကာလပတ်လုံး။ တေဇသာ၊ တန်ခိုးတေဇော် အာနုဘော်တော်ဖြင့်။ တပတိ၊ ဗုဒ္ဓကျက်သရေ တွန်းလင်းတောက်ပတော် မူနိုင်ပါပေ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ တေဇသမ္ပန္နံ၊ နေ့,ညဉ့်မည္ဆိုးတောက်ပဖြိုးသည့် တန်ခိုးတော်နှင့် ပြည့်စုံတော်မူပြီးထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အာဒရံ၊ ကျိုးနွံမသေ့ ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဓါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

(ဓမ္မပဒပါဠိတော် ၂၆-ဗြာဟ္မဏဝဂ်၊ ၅-အာနန္ဒာထေရဝတ္ထု)

## စိန္တာမဏိ မန္တန်တော်

(၁) စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

(၁) စိန္တာမဏိရတနာနိ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ ဗုဒ္ဓံ၊ ဘုရားတည်းဟူသော ရတနာတည်း။ ဗုဒ္ဓရတနာနံ၊ ဘုရားတည်းဟူသော ရတနာကို။ သရဏံ၊ ကိုးကွယ်ခြင်းဖြင့်။ ကရံ-ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍။ ကရတိ၊ ပြုသောသူ၌။ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒတို့သည်။ ခိပ္ပမေဝ၊ လျင်မြန်ဆောစွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

(၂) စိန္တာမဏိရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

(၂) စိန္တာမဏိရတနာနိ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ ဓမ္မံ၊ တရားတည်း ဟူသော ရတနာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မရတနာနှံ၊ တရားတည်းဟူသော ရတနာကို။ သရဏံ၊ ကိုးကွယ်ခြင်းဖြင့်။ ကရံ-ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍။ ကရတိ၊ ပြုသောသူ၌။ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒတို့သည်။ ခိပ္ပမေဝ၊ လျင်မြန်သောစွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

(၃) စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

(၃) စိန္တာမဏိရတနာနိ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ သံဃံ၊ သံဃာ တည်းဟူသော ရတနာတည်း။ သံဃရတနာနံ၊ သံဃာတည်းဟူသော ရတနာကို။ သရဏံ၊ ကိုးကွယ်ခြင်းဖြင့်။ ကရံ-ကရောန္တော၊ ပြုထိုက်သည်ဖြစ်၍။ ကရတိ၊ ပြုသောသူ၌။ ဣစ္ဆာ၊ ကြံစည်တောင့်တ အလိုဆန္ဒတို့သည်။ ခိပ္ပမေဝ၊ လျင်မြန်သောစွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

စိန္တာမဏိ-ဦးချစ်မောင်

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်း၏ရည်ရွယ်ချက်

- ✲ ပရိယတ္တိ မပြည့်စုံသော သာသနာ့ဝန်ထမ်းများ။
- ✲ ဝိနည်းတော်ကို အကျဉ်းအားဖြင့် ပြည့်စုံစွာ သိလိုသော ပုဂ္ဂိုလ်များ။
- ✲ နိက္ခမ ရဟန်းကြီးများ။
- ✲ ဒုလ္လဘ ရဟန်းများ။
- ✲ ဓမ္မကထိကများ။
- ✲ သာမဏေများ။
- ✲ သီလရှင်ဆရာများ။
- ✲ ဥပါသကာ, ဥပါသိကာများ။
- ✲ ဝတ်အသင်းအဖွဲ့များ။
- ✲ နိဗ္ဗာန်ဆော်များ။
- ✲ အလှူခံ ပုဂ္ဂိုလ်များ။
- ✲ မြန်မာ သမားတော်များ။
- ✲ မြန်မာ ကျောင်းဆရာများ။
- ✲ နာယကကြီးများ။
- ✲ ဌာနဆိုင်ရာတိုင်း၌ အကြီးအမှူးဖြစ်သော ပုဂ္ဂိုလ်ကြီးများ။
- ✲ စကားပြောရာတွင် အများနည်းတူ ပါဠိစကားကို ထည့်၍ ပြောသော်လည်း ပါဠိ၏အနက်အဓိပ္ပါယ်ကို သဘောမပေါက်သော ခေတ်လူငယ်များနှင့် ဘာသာရေး၌ စိတ်ပါဝင်စား၍ ဗဟုသုတလိုလားသူ ဟူသမျှ တဦးလျှင် တအုပ်ကျ ဆောင်ထားသင့်သော ကျမ်းတစောင်ဖြစ်သည့် အပြင် ရဟန်း ပရိက္ခရာ (၈) ပါးနှင့်အတူ ဆောင်သင့်သော ကျမ်းတစောင် ဖြစ်ပါသည်။

စိန္တာမဏိ-ဦးချစ်မောင်
အမှတ်-၁၁၁၊ ၂၄-လမ်း။
ပန်းလှိုင်ရပ်၊ ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းဦး နိဒါန်း

ကျေးဇူးတော်အရှင် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဖြစ်တော်မူသော အနီးစခန်း ဆရာတော် ဘုရားကြီးသည် ကျန်းမာစဉ်အခါက ပဲခူးမြို့သို့ မကြာခဏ ကြွရောက်၍ တရားချီးမြှင့်တော်မူပါသည်၊ ယင်းသို့ တရားချီးမြှင့်သည့် အခါတိုင်း စာရေးသူအား တရားလက်ခံ အထောက်အပို့၌ ထား၍အမြဲတစေ ချီးမြှောက်ခဲ့ပါသည်၊ စာရေးသူ ကိုယ်တိုင်ကလည်း ငယ်စဉ်အခါက စာပေ ပရိယတ္တိများကို အတော်အတန်လေ့လာသင်ကြားခဲ့သူတယောက်ဖြစ်ပါသည်၊ သို့ဖြင့် ဆရာတော်ဘုရား၏ ချီးမြှောက်မှု ရရှိသည်ကတကြောင်း၊ မိမိကိုယ်တိုင် ကလည်း ယခင်က ပြည့်စုံစွာ မသင်ခဲ့ရသော စာပေ ကျမ်းဂန်များကိုလည်း လိုလားစွာ သိလိုသည်က တကြောင်း၊ တဖန် ဆရာတော်ဘုရားက မေးသမျှကို ပြည့်စုံစွာ ဖြေကြားနိုင်ဖို့ရာ တာဝန် ရှိသည်က တကြောင်း၊ ဤကဲ့သို့ အကြောင်းကြောင်းတို့ကြောင့် မြားမြောင်လှစွာသော ဒီဃနိကာယ်, မဇ္ဈိမ နိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် အပါအဝင် ဖြစ်သော ဓမ္မပဒ သုတ္တန် ငါးရာငါးဆယ်ဇာတ် စသည်အားဖြင့် မြန်မာပြန် ကျမ်းများကို သင့်တင့်လျောက်ပတ်စွာ လေ့လာ မှတ်သား၍ ပါဠိတော်များ ကိုပါ အတော်အတန် လေ့ကျက်မှတ်သားမိပါသည်။

ယင်းသို့ လေ့ကျက် မှတ်သား မိသမျှကို မိမိရောင်းရင်းဖက် ဖြစ်သော မိတ်ဆွေကြီးများနှင့် ဆွေးနွေးမိကြရာ မိတ်ဆွေများက ကျမ်းတစောင် ဖြစ်မြောက်အောင် ပြုစုပါဟု တိုက်တွန်းအားပေးကြသည့်အတွက် မိမိကဲ့သို့ပင် ဘာသာရေး၌ လေ့လာလိုကြသော ပုဂ္ဂိုလ်များအား ကိုယ်မနွမ်း စိတ်မပန်းပဲ ကျမ်းတခုတည်းဖြင့် ဘာသာရေး၌ သိသင့် သိထိုက်သော တရားတော်များကို လွယ်ကူစွာ လေ့လာနိုင်ရန် ၁-ပါးသော တရားမှ စ၍ အဆင့်ဆင့် တက်ကာ ၂-ပါး,၃-ပါး စသည်အားဖြင့် ရာ-ထောင်သို့တိုင်အောင် အစဉ်လိုက် အခန်း ကဏ္ဍ ပိုင်းခြား၍ ပါဠိနှင့် အနက်ကို အကျဉ်းအားဖြင့် တရားတော်ပေါင်း (၇၀၀)ကျော် ကို ပြုစုရေးသားထားပါသည်။

ယင်းသို့ ကျမ်းပြု မရေးသားမီ ပဲခူးတိုင်း သာသနာရေးရုံးမှ စာရေးသူ၏ ရောင်းရင်းဖက် မိတ်ဆွေဖြစ်သော ပထမပြန်ဆရာကြီး စာရေးကြီးဦးသန်းအား

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ဆွေးနွေးသည့်အခါ စာရေးကြီးက ကျမ်းတစောင် ဖြစ်မြောက်အောင် ပြုစုပါရန် အားပေးတိုက်တွန်းပြီး ကူညီသည့်အတွက် ယင်း (**အထွေထွေ ဗဟုသုတ မာတိကာကျမ်း**) ကို ပြုစုခဲ့ပါသည်၊ ယင်းသို့ ကျမ်းတစောင် ဖြစ်မြောက်အောင် အားပေးကူညီသည့်အတွက်စာရေးကြီးဦးသန်းအားလည်း အထူး ကျေးဇူးတင်ရှိပါသည်။

မည်သူမဆို အသက်အရွယ်ကြီးသည်နှင့်အမျှ ဘာသာရေး၌ အကြားအမြင် ဗဟုသုတပြည့်စုံရန် ပုဂ္ဂိုလ်တိုင်း၌ လိုအပ်သည် ဟု ထင်ပါသည်၊အကြင်သူသည် အသက်ကြီးသည်နှင့်အမျှ ဗဟုသုတပြည့်စုံမှု ရှိရမည်၊ အသက်ကြီးသော်လည်း ဗဟုသုတပြည့်စုံမှု မရှိပါက လူကြီးဟူ၍ မခေါ်ထိုက်၊လူအိုဟူ၍သာ ခေါ်ထိုက်၏ ဟု ထင်ရှားကျော်ကြားသော ပဲခူးမြို့ ကြခတ်ဝိုင်း ဆရာတော်ဘုရားမှ ဟောကြားတော်မူဘူးပါသည်၊ထို့ပြင်မြတ်စွာဘုရား ဟောကြားတော်မူသော (စတုက္ကအင်္ဂုတ္တိုရ် ပါဠိတော်ကျမ်း ဥရုဝေလဝဂ် ဒုတိယသုတ်၌ အောက်ပါ အတိုင်း ဟောကြားတော်မူခဲ့ပါသည်။)

**ဟောကြားပုံ။** ။ချစ်သားရဟန်းတို့...ငါဘုရားဖြစ်စ ဥရုဝေလ သရက်တော၌ ခေတ္တအပန်းဖြေ အနားယူနေစဉ် အသက်အရွယ်ကြီးရင့်သော ပုဏ္ဏားတစုတို့သည် ငါ့ထံသို့လာ၍ရဟန်းဂေါတမသည် အသက်ကြီးသောပုဏ္ဏားများလာသည့်အခါ ခရီးဦး မကြိုဆို၊ နေရာလည်း မပေး၊ ရှိလည်းမခိုး ဟု ငါတို့ ကြားကြသည်၊ ယခု ငါတို့ကိုယ်တိုင် လာသည့်အခါ ငါတို့ကြားသည့်အတိုင်း ပင် အမှန်ဖြစ်ပေသည် ဟု ငါဘုရားကို အပြစ်ဆိုကြ၏၊ ချစ်သား ရဟန်းတို့.... ထိုပုဏ္ဏားအိုတစုသည် ကြီးသည့်အဖြစ် ကြီးသည့်သဘော ကြီးသည်ဆိုတာ ဘာမှန်းမှ မသိတတ်သည့် ပုဏ္ဏားအိုများသာ ဖြစ်ကြသည်။

ချစ်သားရဟန်းတို့....အကြင်သူသည် စင်စစ်အားဖြင့် မွေးဖွားသည့်နေ့မှ စ၍ အနှစ်တရာသို့တိုင်အောင် အသက်ရှည်စေကာမူ မပြောသင့်သောအခါ၌ ပြောတတ်သောသူ၊ မဟုတ်မမှန်သည်ကိုသာ ပြောတတ်သောသူ၊ အကျိုး စီးပွားနှင့်မစပ်သည်ကိုသာ ပြောတတ်သောသူ၊အဆုံးအမနှင့် မစပ်သည်ကိုသာ ပြောတတ်သောသူ၊ တရားနှင့်မစပ်သည်ကိုသာ ပြောတတ်သောသူ၊ မသင့် သောအခါ၌ ရည်ညွှန်းချက်မရှိ၊ အပိုင်းအခြားမရှိ၊ အဓိပ္ပါယ်မရှိ၊ မမှတ်သား

www.burmeseclassic.com

www.burmeseclassic.com



လောက်သော စကားတို့ကို ပြောတတ်သောသူ ဖြစ်လျှင် ထိုသူသည် အသက်တရာပင် ရှိစေကာမူ လူကြီးလူမိုက်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ချစ်သားရဟန်းတို့...အကြင်သူသည်ပြောသင့်သည့်အခါ၌ပြောတတ်သောသူ၊ ဟုတ်မှန်သည်ကိုသာ ပြောတတ်သောသူ၊အကျိုးစီးပွားနှင့် စပ်သည်ကိုသာ ပြောတတ်သောသူ၊ အဆုံးအမနှင့်စပ်သည်ကိုသာ ပြောတတ်သောသူ၊တရားနှင့် စပ်သည်ကိုသာ ပြောတတ်သောသူ၊ သင့်လျော် လျောက်ပတ်သော အခါ၌ ရည်ညွှန်းချက်ရှိသော၊ အပိုင်းအခြားရှိသော၊ အဓိပ္ပါယ်ရှိသော၊ မှတ်သားလောက်သော စကားတို့ကို ပြောတတ်သောသူဖြစ်လျှင် ထိုသူသည် အသက်ပင်ငယ်စေကာမူ လူကြီး ပညာရှိဟူ၍ ရေတွက်ခြင်းသို့ရောက်၏ ဟု အသက်ကြီးမှုကို ဦးစားမပေး၊ပညာဗဟုသုတကိုသာ ဦးစားပေး၍ ဟောတော်မူ၏။ ထို့ကြောင့် စာရှုသူ ပုဂ္ဂိုလ်အပေါင်းတို့သည် ပညာဗဟုသုတကို ရှာမှီးရန် သင့်ပေသည်။

ထို့ပြင် ဓမ္မပဒပါဠိတော်ကျမ်းမြတ် (၁၁-ရာဇဝဂ် ပုဒ်-၁၅၄ လာဠုဒါယီမထေရ်ဝတ္ထု၌)

အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

အပ္ပဿုတော၊ နည်းသော အကြား အမြင် ရှိသော။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ၊ နွားလားကဲ့သို့။ (ဝါ-နွားကဲ့သို့) ဇီရတိ၊ ကြီးပြင်း၏။ တဿ၊ ထိုနည်းသော အကြားအမြင်ရှိသော ယောကျ်ားအား။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွားကုန်၏။ တဿ၊ ထိုသူအား။ ပညာ၊ အသိပညာသည်။ န ဝဍ္ဎတိ၊ မတိုးပွား။

အဓိပ္ပါယ်မှာ။ ။မည်သည့်ပုဂ္ဂိုလ်မဆို အသက် ကြီးသည်နှင့်အမျှ အသိပညာ ဗဟုသုတ တိုးပွားရမည်၊အသက်ကြီးသော်လည်း အသိပညာ မတိုးပွားပါက (လူ)ကြီးသည်နှင့် မတူ (နွား)ကြီးသည်နှင့် တူ၏၊ နွားသည် ငယ်သည့်အရွယ်မှစ၍ တဖြေးဖြေး ကြီးလာသည်နှင့်အမျှ အသားသာလျှင် တိုးပွား၍လာ၏၊ အသိဟူ၍ လုံးဝ မတိုးပွား ဟု ဓမ္မပဒ၌ မြတ်စွာဘုရားသည် အသက်ကြီးသည်နှင့်အမျှ အသိပညာ တိုးပွားဖို့ရာ ဟောတော်မူ၏၊ ထို့ပြင် ပဲခူးမြို့

www.burmeseclassic.com

www.burmeseclassic.com



ကြခတ်ဝိုင်း ဆရာတော်ဘုရားကြီးမှလည်း အောက်ပါလင်္ကာဖြင့် ဆုံးမတော်မူဖူးပါသည်။

**ဥစ္စာ–ကုသိုလ်၊ ပညာကို၊ ထိုထိုရရာလုပ်။**
**အချိန်ရှိခိုက်၊ လုံ့လစိုက်၊ အချိန်တိုင်းမှာ–တန်ဖိုးပါ၊ အချိန်ကိုဖြုန်း၊ တန်ဖိုးဆုံး။**

ရှေးဦးစွာ ဥစ္စာကို ရှာရမည်၊ဥစ္စာရှာမှု မရှိပါက ကုသိုလ်ရသည့်လုပ်ငန်းကို လုပ်ရမည်၊ ကုသိုလ် လုပ်ငန်းကိုမျှ မလုပ်နိုင်လျှင် အချည်းနှီး အချိန်ဖြုန်း၍ မနေပဲ ပညာ ဗဟုသုတကို ရှာမှီးပါ ဟု (အထက်ပါ လင်္ကာဖြင့်) ဆုံးမတော်မူဖူးပါသည်။

စာရှုသူပုဂ္ဂိုလ်အပေါင်းတို့သည် ဤကျမ်းမျှဖြင့် အားမရ တင်းမတိမ်နိုင်ပဲ ကျယ်ပြန့်စွာ လေ့လာလိုပါက အင်္ဂုတ္တိုရ်ကျမ်းကိုလေ့လာနိုင်ပါသည်၊အင်္ဂုတ္တိုရ် ကျမ်း၌ တပါး, နှစ်ပါး စသည်အားဖြင့် လွန်၍ ဟောထားသော တရား အပေါင်းသည် ၉၅၅၇-ပုဒ် ပါရှိ၏၊ တရားဟူသမျှ အင်္ဂုတ္တိုရ် ကျမ်း၌သာ များစွာ ပါရှိပါသည်၊ထို့ပြင် ပါဠိအက္ခရာများသည် ဗုဒ္ဓဘာသာတို့၌ အရင်းခံ ဖြစ်၍ ပါဠိကို အသင့်အတင့် လေ့လာကြဖို့လည်း လိုပါသည်၊ ပါဠိတော်ကို သဘောမပေါက်ပါက အကျိုးမရှိ ဖြစ်တတ်သည်၊ဥပမာ-မိမိတို့ နေ့စဉ်နှင့်အမျှ ရှိခိုး ရွတ်ဆိုကြသော သရဏဂုံ ၃-ပါး၌ (ဓမ္မံ သရဏံ ဂစ္ဆာမိ) ဟု ပါဠိ၌ ပါရှိရာတွင် (ဓမ်မံ သရဏံ ဂစ္ဆာမိ) ဟူ၍ အမှန်ကို ရွတ်ဆိုမိသလော၊ (ဓမံ သရဏံ ဂစ္ဆာမိ) ဟူ၍ အမှားကို ရွတ်ဆို မိသလော ဟု မိမိကိုယ်ကို ပြန်လည်သုံးသပ်ကြည့်က အမှားအမှန်ကို ခွဲခြားသိနိုင်ပေသည်။

နောက်တဖန် သံဃာ့ဂုဏ်တော် ၉-ပါး ရွတ်ဆိုရာတွင် (သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော) ဟု ပါဠိ၌ ပါရှိရာ (သုပ်ပဋိပန်နော) ဟု အမှန်ကို ဆိုမိသလော၊(သုပဋိပ်ပန်နော)ဟူ၍ အမှားကို ရွတ်ဆိုမိသလောဟု ပါဠိစာကို သေချာစွာ ကြည့်ရှု၍ ရွတ်ဆို ကြည့်ခြင်းဖြင့် မိမိ ရွတ်ဆိုမှု အမှား အမှန်ကို သေချာစွာသိနိုင်ပေမည်၊အကယ်၍ မိမိရွတ်ဆိုမှုမှားနေပါက ငယ်စဉ်စာမတတ်မီအခါက အများနှင့်ရွတ်ဆို၍ နှုတ်ကျိုးနေခြင်းသာဖြစ်ပေမည်၊ ယင်းသို့နှုတ်ကျိုးနေသောပါဠိပျက်များကို မသိပါက သိအောင်ပြုရပေမည်၊ဂုဏ်ပြင် ပရိတ်

www.burmeseclassic.com



ရွှတ်ဆိုရာ၌လည်း နှုတ်ကျိုးနေသော အများများ အတန်ပင် ပါရှိပေလိမ့်မည်၊ ထို့ကြောင့် (ပါထေယျ-အဋ္ဌကထာ၌) ပါဠိချွတ်ပျက်၊ အနက်မထင်၊ လာဘ်ခင်မင်၍၊ ရွှတ်ဆိုကြငြား၊ အကျိုးမများဟု ဆို၏၊ ကုသိုလ်အကျိုးကိုလိုလား၍ ရွှတ်ဖတ်နေစေကာမူ ပါဠိချွတ်ပျက်ပါကအနက်မထင်၊အနက်မထင်ကအဓိပ္ပါယ်မရှိ၊ အဓိပ္ပါယ်မရှိက မည်သည့်အကျိုးမျှ ရမည်မဟုတ်ဟု ဆိုခြင်းပင် ဖြစ်၏။

စာရှုသူပုဂ္ဂိုလ်အပေါင်းတို့သည် ဤကျမ်း၌ ပါရှိသော တရားများ၏ အကျယ်ကို သိလိုပါက ပညာရှိများကို ချဉ်းကပ်၍ ရှာမှီးရာ၏၊ ဤကျမ်း၌ ပါဝင်သော တရားများသည် အသုံးများ အသိများသော တရားများကိုသာ ဦးစားပေး၍ ရေးသားထားခြင်းသာ ဖြစ်ပေသည်၊ (၂) ပါးသော တရားမှ (၁၀) ပါးသောတရားအထိ ရှာဖွေလေ့လာရာ၌ လွယ်ကူစွာ ရှာတွေ့နိုင်ရန် အက္ခရာအစဉ်ထား၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

မူပိုင်ရှင်
ဓိဋ္ဌာမဏိ-ဦးချစ်မောင်
ပဲခူးမြို့။
၁-၉-၇၅

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ၁-ပါးသော တရားများ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဗ္ဗာန်တရား ၁-ပါး .... .... | ၁ |
| ၂။ | ဘုရားနှစ်ဆူ မပွင့်သော ကမ္ဘာ ၁-ခု .... .... | ၁ |
| ၃။ | နှစ်ပါးမရှိကောင်းသော မင်းမျိုး ၁-ပါး .... .... | ၁ |
| ၄။ | လောကမှ လွတ်မြောက်မှု တရား ၁-ပါး .... .... | ၁ |
| ၅။ | ရှုပ်သာရှိသော ဗြဟ္မာ့ဘုံ ၁-ဘုံ .... .... | ၁ |
| ၆။ | လောက၌ အချင်းအမြန်ဆုံး တရား ၁-ပါး .... .... | ၂ |
| ၇။ | ဝါအရင့်ဆုံး ရဟန္တာ ၁-ပါး .... .... | ၂ |
| ၈။ | ပညာအကြီးဆုံး ရဟန္တာ ၁-ပါး .... .... | ၂ |
| ၉။ | တန်ခိုးအကြီးဆုံး ရဟန္တာ ၁-ပါး .... .... | ၂ |
| ၁၀။ | ဓုတင် (၁၃) ပါးကျင့်သော ရဟန္တာ ၁ ပါး .... .... | ၂ |
| ၁၁။ | ဒိဗ္ဗစက္ခုအဘိညာဉ်၌ အမြင့်ဆုံးရသော ရဟန္တာ ၁-ပါး .... | ၂ |
| ၁၂။ | ကိုယ်များစွာ ဖန်ဆင်းခြင်း၌ အမြင့်ဆုံးရသောရဟန္တာ ၁-ပါး.... | ၂ |
| ၁၃။ | လာဘ်များသော ရဟန္တာ ၁-ပါး .... .... | ၂ |
| ၁၄။ | ဘုရားကို ချစ်ခင်ကြည်ညိုဆုံးသော ရဟန္တာ ၁-ပါး.... .... | ၂ |
| ၁၅။ | လျှင်မြန်စွာ မက်ဖိုလ်ရသော ရဟန္တာ ၁-ပါး .... .... | ၃ |
| ၁၆။ | အနာကင်းသော ရဟန္တာ ၁-ပါး .... .... | ၃ |
| ၁၇။ | ဝိနည်းအာဂုံဆောင်နိုင်သော ရဟန္တာ ၁-ပါး .... .... | ၃ |
| ၁၈။ | ခုနစ်နှစ်သမီးအရွယ်နှင့် ရဟန္တာဖြစ်သူ ၁-ပါး .... .... | ၃ |
| ၁၉။ | ပညာအကြီးဆုံးရဟန္တာ မိန်းမ ၁-ပါး .... .... | ၃ |
| ၂၀။ | တန်ခိုးအကြီးဆုံး ရဟန္တာ မိန်းမ ၁-ပါး .... .... | ၃ |
| ၂၁။ | ဝိနည်းအာဂုံဆောင်နိုင်သော ရဟန္တာမိန်းမ ၁-ပါး .... .... | ၃ |
| ၂၂။ | တရားဟော အကောင်းဆုံး ရဟန္တာမိန်းမ ၁-ပါး .... .... | ၃ |
| ၂၃။ | လှူဒါန်းမှု၌ ပျော်မွေ့သူ သူဌေး ၁-ဦး .... .... | ၄ |
| ၂၄။ | ရှေးဦးစွာ သရဏဂုံတည်သူ အမျိုးသမီး ၁-ဦး .... .... | ၄ |

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂၅။ | လှူဒါန်းမှု၌ ပျော်မွေ့သူ သူဌေးကတော် ၁-ဦး | .... | .... | ၄ |
| ၂၆။ | ပညာဗဟုသုတ အများဆုံးအမျိုးသမီး ၁-ဦး | .... | .... | ၄ |
| ၂၇။ | မေတ္တာစိတ် အားအကြီးဆုံး အမျိုးသမီး ၁-ဦး | .... | .... | ၄ |
| ၂၈။ | သူနာလုပ်ကျွေးမှု၌ အကောင်းဆုံးအမျိုးသမီး ၁-ဦး | | .... | ၄ |
| ၂၉။ | ယောကျ်ားတို့၏စိတ်ကို ဆွဲဆောင်နိုင်သော အဆင်း ၁-ခု | | .... | ၄ |
| ၃၀။ | ယောကျ်ားတို့၏စိတ်ကို ဆွဲဆောင်နိုင်သော အသံ ၁-ခု | | .... | ၄ |
| ၃၁။ | ယောကျ်ားတို့၏စိတ်ကို ဆွဲဆောင်နိုင်သော အနံ့ ၁-ခု | | .... | ၄ |
| ၃၂။ | ယောကျ်ားတို့၏စိတ်ကို ဆွဲဆောင်နိုင်သော အရသာ ၁-ခု | | .... | ၅ |
| ၃၃။ | ယောကျ်ားတို့၏စိတ်ကို ဆွဲဆောင်နိုင်သော အတွေ့ ၁-ခု | | .... | ၅ |
| ၃၄။ | သညာ ၁-ပါး | .... | .... | ၅ |
| ၃၅။ | ဝတ္ထာန် ၁-ပါး | .... | .... | ၅ |
| ၃၆။ | အသိခက်သော ဂါထာ ၁-ခု | .... | .... | ၅ |


## ၂-ပါးသော တရားများ


| | | | | |
|---|---|---|---|---|
| ၁။ | အကျိုးတရား ၂-ပါး | .... | .... | ၆ |
| ၂။ | အနိယတ ရဟန်း သိက္ခာပုဒ် ၂-ပါး | .... | .... | ၆ |
| ၃။ | အပ္ပမညာ စေတသိက် ၂-ပါး | .... | .... | ၆ |
| ၄။ | အစိုးမရသော တရား ၂-ပါး | .... | .... | ၆ |
| ၅။ | အုပ်စု ၂-မျိုး | .... | .... | ၆ |
| ၆။ | ကုသိုလ် ၂-မျိုး | .... | .... | ၇ |
| ၇။ | ကျေးဇူးရှိသောတရား ၂-ပါး | .... | .... | ၇ |
| ၈။ | ကျေးဇူးဆပ်၍ မကုန်နိုင်သူ ၂-ပါး | .... | .... | ၇ |
| ၉။ | ခုနစ်နှစ်အရွယ်နှင့် ရဟန်းအမွေရသော သာမဏေ ၂-ပါး | | .... | ၇ |
| ၁၀။ | ချမ်းသာခြင်း ၂-မျိုး | .... | .... | ၇ |
| ၁၁။ | ဆင်ခြင်အပ်သော အရာ ၂-ပါး | .... | .... | ၇ |
| ၁၂။ | ဆင်းရဲခြင်း ၂-မျိုး | .... | .... | ၇ |
| ၁၃။ | ဒါန ၂-မျိုး | .... | .... | ၈ |
| ၁၄။ | ဓုရ ၂-ပါး | .... | .... | ၈ |
| ၁၅။ | နိဗ္ဗာန်ပရိယာယ် ၂-ပါး | | | - |


www.burmeseclassic.com

www.burmeseclassic.com



## အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ပညာ ၂-မျိုး | ၇ |
| ၁၇။ | ပညာရှိ ၂-မျိုး | ၇ |
| ၁၈။ | ပယ်အပ်သော တရား ၂-ပါး | ၇ |
| ၁၉။ | ပွားများအပ်သော တရား ၂-ပါး | ၇ |
| ၂၀။ | ပိုင်းခြား၍ သိအပ်သော တရား ၂-ပါး | ၉ |
| ၂၁။ | ဘာဝရုပ် ၂-ပါး | ၉ |
| ၂၂။ | မသင့်သော အယူ ၂-မျိုး | ၉ |
| ၂၃။ | မြတ်စွာဘုရား၏ အရံ ရဟန္တာ ၂-ပါး | ၉ |
| ၂၄။ | မြတ်စွာဘုရား၏ အရံ ရဟန္တာမ ၂-ပါး | ၉ |
| ၂၅။ | ရဟန်းတော်များ ဝါကပ်ခြင်း ၂-မျိုး | ၉ |
| ၂၆။ | ရနိုင်ခဲသော ပုဂ္ဂိုလ် ၂-ယောက် | ၉ |
| ၂၇။ | ရှေးဦးစွာ သရဏဂုံတည်သူ ၂-ယောက် | ၉ |
| ၂၈။ | လူမိုက် ၂-မျိုး | ၁၀ |
| ၂၉။ | လောကပါလ တရား ၂-ပါး | ၁၀ |
| ၃၀။ | သမ္မုတ္တိ ၂-မျိုး | ၁၀ |
| ၃၁။ | သရဏဂုံပျက်ခြင်း ၂-မျိုး | ၁၀ |
| ၃၂။ | သမာဓိ ၂-ပါး | ၁၀ |
| ၃၃။ | သဒ္ဓါတရား၌ စံထားအပ်သော ဥပါသကာ ၂-ယောက် | ၁၀ |
| ၃၄။ | သဒ္ဓါတရား၌ စံထားအပ်သော ဥပါသိကာမ ၂-ယောက် | ၁၀ |
| ၃၅။ | သာဝက ၂ မျိုး | ၁၀ |
| ၃၆။ | သာသနာ ပျက်စီးခြင်း တရား ၂-ပါး | ၁၀ |
| ၃၇။ | သီလ ၂-ပါး | ၁၁ |
| ၃၈။ | သစ္စာ ၂-ပါး | ၁၁ |
| ၃၉။ | သုတ္တံ ၂-မျိုး | ၁၁ |
| ၄၀။ | သန္တာန် ၂-ပါး | ၁၁ |
| ၄၁။ | မယားနှင့်လင် အပြစ်မတင်အပ်သော တရား ၂-ပါး | ၁၁ |
| ၄၂။ | တပည့်ဆရာ အပြစ်မရှာသင့်သော တရား ၂-ပါး | ၁၁ |
| ၄၃။ | ရှေးဦးဆရာ မည်ထိုက်သူ ၂-ဦး | ၁၂ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | စွပ်စွဲတတ်ကြောင်း ၂-မျိုး | ၁၂ |
| ၄၅။ | ပုထုဇဉ် ၂-မျိုး | ၁၂ |
| ၄၆။ | ပြင်မရသော အရာ ၂-မျိုး | ၁၂ |
| ၄၇။ | မြန်မာပြည်သို့ သာသနာယူဆောင်လာသောမထေရ် ၂-ပါး | ၁၂ |
| ၄၈။ | သိမ် ၂-မျိုး | ၁၂ |
| | **၃–ပါးသော တရားများ** | |
| ၁။ | အရိယာသာဝက ၃-မျိုး | ၁၃ |
| ၂။ | အကုသိုလ် မူလတရား ၃-ပါး | ၁၃ |
| ၃။ | အလဇ္ဇီ ရဟန်း၏ အင်္ဂါ ၃-ရပ် | ၁၃ |
| ၄။ | အဖွဲ့ပျက်ပြယ်ခြင်း အကြောင်း ၃-ပါး | ၁၃ |
| ၅။ | အပေါင်းအသင်း ၃-မျိုး | ၁၃ |
| ၆။ | ဣန္ဒြေ ၃ ပါး | ၁၄ |
| ၇။ | ဉပုသ် ၃-ပါး | ၁၄ |
| ၈။ | ဥတု ၃-ပါး | ၁၄ |
| ၉။ | ကာလ ၃-ပါး | ၁၄ |
| ၁၀။ | ကာယကံ ၃-ပါး | ၁၅ |
| ၁၁။ | ကိလေသာ ၃-ပါး | ၁၅ |
| ၁၂။ | ကုသိုလ်တရား ၃-ပါး | ၁၅ |
| ၁၃။ | (တနည်း) ကုသိုလ်တရား ၃-ပါး | ၁၅ |
| ၁၄။ | ကံ ၃-ပါး | ၁၅ |
| ၁၅။ | ကပ် ၃-ပါး | ၁၆ |
| ၁၆။ | ခဏ ၃-ပါး | ၁၆ |
| ၁၇။ | စေတနာ ၃-တန် | ၁၆ |
| ၁၈။ | ဇော ၃-တန် | ၁၆ |
| ၁၉။ | ဈာပန ၃-မျိုး | ၁၆ |
| ၂၀။ | တဏှာ ၃-ပါး | ၁၇ |
| ၂၁။ | ထိမ်းမြားမင်္ဂလာ ၃-မျိုး | ၁၇ |
| ၂၂။ | နိမိတ် ၃-ပါး | ၁၇ |


www.burmeseclassic.com

www.burmeseclassic.com

## ( ဏ ) အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | နို့မှာန် ၃-မျိုး | ၁၇ |
| ၂၄။ | နတ် ၃-မျိုး | ၁၇ |
| ၂၅။ | နေ့ဥပြင်ရန် ခက်သည့် ၃-မျိုး | ၁၇ |
| ၂၆။ | ပဟာန် ၃-ပါး | ၁၈ |
| ၂၇။ | ပညာ၏ တန်ဖိုး ၃-မျိုး | ၁၈ |
| ၂၈။ | ပရိတ်ရွတ်သူ၏ ပြည့်စုံမှု အင်္ဂါ ၃-ရပ် | ၁၈ |
| ၂၉။ | ပရိတ်ရွတ်သူ၏ မပြည့်စုံမှုအင်္ဂါ ၃-ရပ် | ၁၈ |
| ၃၀။ | ပရိတ်အကျိုး မရသူ ၃-ယောက် | ၁၉ |
| ၃၁။ | ပရိတ်အကျိုး ရသူ ၃-ယောက် | ၁၉ |
| ၃၂။ | ပိဋကတ ၃-ပုံ | ၁၉ |
| ၃၃။ | ဗုဒ္ဓခေတ် ၃-ခေတ် | ၁၉ |
| ၃၄။ | ဗုဒ္ဓဗောဓိ ၃-မျိုး | ၁၉ |
| ၃၅။ | ဘာဝနာ ၃-ပါး | ၂၀ |
| ၃၆။ | (တနည်း) ဘာဝနာ ၃-ပါး | ၂၀ |
| ၃၇။ | ဘုရား ၃-မျိုး | ၂၀ |
| ၃၈။ | ဘုရားအလောင်းတော်၏ အကျင့် ၃-ပါး | ၂၀ |
| ၃၉။ | မကောင်းသော တရား ၃-ပါး | ၂၁ |
| ၄၀။ | မနေ့ဘက် ၃-ပါး | ၂၁ |
| ၄၁။ | မထေရ် ၃-မျိုး | ၂၁ |
| ၄၂။ | မစည်ကားအပ်သော အရပ် ၃-မျိုး | ၂၁ |
| ၄၃။ | မာရ်နတ်၏ သမီး ၃-ယောက် | ၂၁ |
| ၄၄။ | မီး ၃-ပါး | ၂၁ |
| ၄၅။ | မင်္ဂလာ ၃-ပါး | ၂၂ |
| ၄၆။ | မဂ် ၃-ပါး | ၂၂ |
| ၄၇။ | ရတနာ ၃-ပါး | ၂၂ |
| ၄၈။ | ရဟန်းတော်များ ဝါပန်ခြင်း၏ အကြောင်း ၃-မျိုး | ၂၂ |
| ၄၉။ | ရဟန်းတော်များ မစားအပ်သော အသား ၃-မျိုး | ၂၂ |
| ၅၀။ | လက္ခဏာ ၃-ပါး | ၂၃ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၁။ | လောက ၃-ပါး | ၂၃ |
| ၅၂။ | လောကလူမိုက်ကြီး ၃-ယောက် | ၂၃ |
| ၅၃။ | ဝိပဿနာ ၃-ပါး | ၂၄ |
| ၅၄။ | ဝိဇ္ဇာဉာဏ် ၃-ပါး | ၂၄ |
| ၅၅။ | ဝိပ္ပလ္လာသ ၃-ပါး | ၂၄ |
| ၅၆။ | ဝိရတီစေတသိက် ၃-ပါး | ၂၄ |
| ၅၇။ | ဝေဒနာ ၃-ပါး | ၂၄ |
| ၅၈။ | ဝဋ္ဋ ၃-ပါး | ၂၅ |
| ၅၉။ | ဝတ္တရား ၃-ပါး | ၂၅ |
| ၆၀။ | သင်္ခါရ ၃-ပါး | ၂၅ |
| ၆၁။ | သတ္တိ ၃-ပါး | ၂၅ |
| ၆၂။ | (တနည်း) သတ္တိ ၃-ပါး | ၂၅ |
| ၆၃။ | သတိပြုအပ်သော ဒါန ၃-ပါး | ၂၅ |
| ၆၄။ | သမ္မာဒိဋ္ဌိ ၃-မျိုး | ၂၆ |
| ၆၅။ | သမားတော်ဂုဏ် ၃-ပါး | ၂၆ |
| ၆၆။ | သရဏဂုံ ၃-ပါး | ၂၆ |
| ၆၇။ | သတ္တဝါ ၃-မျိုး | ၂၆ |
| ၆၈။ | သာသနာတော် ၃-ရပ် | ၂၆ |
| ၆၉။ | သိက္ခာ ၃-ပါး | ၂၆ |
| ၇၀။ | သုဂတိဘုံ ၃-ပါး | ၂၇ |
| ၇၁။ | သူယုတ်လက္ခဏာ ၃-မျိုး | ၂၇ |
| ၇၂။ | သေနင်္ဂဗျူဟာ ၃-မျိုး | ၂၇ |
| ၇၃။ | သောတာပန် ၃-မျိုး | ၂၇ |
| ၇၄။ | သားအမိချင်း မကယ်နိုင်သော တရား ၃-ပါး | ၂၈ |
| ၇၅။ | သုတ် ၃-ကျမ်း | ၂၈ |
| ၇၆။ | ဟိတ် ၃-ပါး | ၂၈ |
| ၇၇။ | သား ၃-မျိုး | ၂၈ |
| ၇၈။ | ရဟန်းတို့မမေ့အပ်သော အရာ ၃-မျိုး | ၂၈ |


www.burmeseclassic.com

www.burmeseclassic.com

## (ဒ). အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉။ | မရှက်ခြင်း ၃-မျိုး .... .... | ၂၈ |
| ၈၀။ | ဖွားမြင်စ စကားပြောသော ဘုရားအလောင်းတော်၏ ၃-ဘဝ.... | ၂၉ |
| ၈၁။ | မဟာလတာတန်းဆာဝတ်ဆင်နိုင်သူ အမျိုးသမီး ၃-ယောက် .... | ၂၉ |
| ၈၂။ | သိမ်ပျက်ခြင်း ၃-ပါး .... .... | ၂၉ |
| ၈၃။ | သိမ်၏ ပြည့်စုံခြင်း အင်္ဂါ ၃-ပါး .... .... | ၂၉ |
| ၈၄။ | ရဟန်းများ ဝါကပ်လိုက ခွင့်ပြုသော ၃-နေရာ .... .... | ၂၉ |
| | **၄-ပါးသော တရားများ** | |
| ၁။ | အရိယသစ္စာတရား ၄-ပါး .... .... | ၃၀ |
| ၂။ | အစိန္တေယျ တရား ၄-ပါး .... .... | ၃၀ |
| ၃။ | အဂတိတရား ၄-ပါး .... .... | ၃၀ |
| ၄။ | အပါယ် ၄-ပါး .... .... | ၃၁ |
| ၅။ | အဓိပတိတရား ၄-ပါး .... .... | ၃၁ |
| ၆။ | အမိုက်မှောင်အင်္ဂါ ၄-ပါး .... .... | ၃၁ |
| ၇။ | အာသဝေါတရား ၄-ပါး .... .... | ၃၁ |
| ၈။ | အရူပဗြဟ္မာ ၄-ဘုံ .... .... | ၃၂ |
| ၉။ | အိုသည့်တိုင်အောင် ကောင်းသော တရား ၄-ပါး .... .... | ၃၂ |
| ၁၀။ | အိုးလေးမျိုးတရား ၄-ပါး .... .... | ၃၂ |
| ၁၁။ | ဣဒ္ဓိပါဒ် ၄-ပါး .... .... | ၃၂ |
| ၁၂။ | ဣရိယာပထ ၄-ပါး .... .... | ၃၃ |
| ၁၃။ | ဥပါဒါန်တရား ၄-ပါး .... .... | ၃၃ |
| ၁၄။ | ဩဃ ၄-ဖြာ .... .... | ၃၃ |
| ၁၅။ | ကရိုဏ်း ၄-ပါး .... .... | ၃၃ |
| ၁၆။ | ကမ္ဘာကပ် ၄-မျိုး .... .... | ၃၃ |
| ၁၇။ | ကျွန် ၄-မျိုး .... .... | ၃၄ |
| ၁၈။ | ကျွန်းကြီး ၄-ကျွန်း .... .... | ၃၄ |
| ၁၉။ | ကြွက် ၄-မျိုး .... .... | ၃၄ |
| ၂၀။ | ဂမ္ဘီရ ၄-ပါး .... .... | ၃၅ |
| ၂၁။ | ဂေါစရရုပ် ၄-ပါး .... .... | ၃၅ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂၂။ | စတုမဓူ ၄-ပါး | .... | .... | ၃၅ |
| ၂၃။ | စတုဝေါကာရ နာမ်ခန္ဓာလေးပါးရှိသော အရူပ ၄-ဘုံ | | .... | ၃၅ |
| ၂၄။ | စကားကောင်း ၄-မျိုး | .... | .... | ၃၆ |
| ၂၅။ | စေတီထိုက်သူ ပုဂ္ဂိုလ် ၄-ယောက် | .... | .... | ၃၆ |
| ၂၆။ | ဆင်းရဲခြင်း ၄-မျိုး | .... | .... | ၃၆ |
| ၂၇။ | ဓာတ်တော်လာ မြွားသမား ၄-ယောက် | .... | .... | ၃၆ |
| ၂၈။ | တေဇော ၄-ပါး | .... | .... | ၃၇ |
| ၂၉။ | နတ်စုတေခြင်း ၄-မျိုး | .... | .... | ၃၇ |
| ၃၀။ | နွားဝှေ့၍ စုတေသော အရိယာ ၄-ပါး | .... | .... | ၃၇ |
| ၃၁။ | ပရမတ္ထတရား ၄-ပါး | .... | .... | ၃၇ |
| ၃၂။ | ပဋိသမ္ဘိဒါ ၄-ပါး | .... | .... | ၃၇ |
| ၃၃။ | ပဋိသန္ဓေ ၄-မျိုး | .... | .... | ၃၈ |
| ၃၄။ | ပရိသတ် ၄-ပါး | .... | .... | ၃၈ |
| ၃၅။ | ပညာရှိ ကဝိ ၄-ပါး | .... | .... | ၃၈ |
| ၃၆။ | ပါဋိဒေသနီယ ရဟန်းသိက္ခာပုဒ် ၄-ပါး | .... | .... | ၃၈ |
| ၃၇။ | ပုဂ္ဂိုလ် ၄-မျိုး | .... | .... | ၃၉ |
| ၃၈။ | (တနည်း) ပုဂ္ဂိုလ် ၄-မျိုး | .... | .... | ၃၉ |
| ၃၉။ | ဖွားဖက်တော် ရွှေအိုးကြီး ၄-လုံး | .... | .... | ၃၉ |
| ၄၀။ | ဖိုလ် ၄-ပါး | .... | .... | ၃၉ |
| ၄၁။ | ဗေဒင် ၅-ပုံ | .... | .... | ၄၀ |
| ၄၂။ | ဗြဟ္မစိုရ်ရ တရား ၄-ပါး | .... | .... | ၄၀ |
| ၄၃။ | ဘုရားအလောင်း၏ စတုရင်္ဂ ဝီရိယ ၄-ပါး | .... | .... | ၄၀ |
| ၄၄။ | ဘုံ ၄-မျိုး | .... | .... | ၄၀ |
| ၄၅။ | မဟာဘုတ် ၄-ပါး | .... | .... | ၄၀ |
| ၄၆။ | မရောင့်ရဲသူ ၄-မျိုး | .... | .... | ၄၁ |
| ၄၇။ | မဂ် ၄-ပါး | .... | .... | ၄၁ |
| ၄၈။ | မေတ္တာတရား ၄-ပါး | .... | .... | ၄၁ |
| ၄၉။ | မျက်မှောက်ခေတ် စစ်အင်္ဂါ ၄-ပါး | .... | .... | ၄၁ |


www.burmeseclassic.com

www.burmeseclassic.com

( န )　　အထွေထွေ ဗဟုသုတ မာတိကာကျမ်း

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

| ၅၀။ | မြတ်စွာဘုရား၏ စေတီ ၄-ရပ် .... .... | ၄၂ |
| ၅၁။ | မိတ်ဆွေအတု ၄-ယောက် .... .... | ၄၂ |
| ၅၂။ | မိုး ၄-မျိုး .... .... | ၄၂ |
| ၅၃။ | ယောကျ်ားမြတ်အင်္ဂါ ၄-ပါး .... .... | ၄၃ |
| ၅၄။ | ယောကျ်ားယုတ်အင်္ဂါ ၄-ပါး .... .... | ၄၃ |
| ၅၅။ | ယောဂ ၄-ပါး .... .... | ၄၃ |
| ၅၆။ | ရဟန်းဥစ္စာ ၄-မျိုး .... .... | ၄၄ |
| ၅၇။ | ရဟန်း၏ ပါရာဇိကကျင့် ၄-ပါး .... .... | ၄၄ |
| ၅၈။ | ရဟန်း၏ ပစ္စဝေက္ခဏာ ၄-ပါး .... .... | ၄၄ |
| ၅၉။ | ရဟန်း၏ အညစ်အကြေး ၄-ပါး .... .... | ၄၅ |
| ၆၀။ | ရဟန်းသီလ ၄-ပါး .... .... | ၄၅ |
| ၆၁။ | ရဟန်းတို့၏ တဏှာ လောဘ ၄-မျိုး .... .... | ၄၅ |
| ၆၂။ | ရခဲသော တရား ၄-မျိုး .... .... | ၄၅ |
| ၆၃။ | ရှေးခေတ်စစ်အင်္ဂါ ၄-ပါး .... .... | ၄၆ |
| ၆၄။ | ရှင် ၄-ပါး .... .... | ၄၆ |
| ၆၅။ | ရုပ်လက္ခဏာ ၄-ပါး .... .... | ၄၆ |
| ၆၆။ | ရုပ်ဖြစ်ကြောင်း တရား ၄-ပါး .... .... | ၄၆ |
| ၆၇။ | လူတို့၏ ဥစ္စာ ၄-မျိုး .... .... | ၄၆ |
| ၆၈။ | လူသူလေးပါးကြားလို့မှ မတော် ၄-မျိုး .... .... | ၄၇ |
| ၆၉။ | လူသေခြင်း ၄-မျိုး .... .... | ၄၇ |
| ၇၀။ | လူ အဖြစ်နှင့် နတ်ပြည်ရောက်သူ ၄-ယောက်.... .... | ၄၇ |
| ၇၁။ | လူ အမျိုး ၄-ပါး .... .... | ၄၇ |
| ၇၂။ | လူ ၄-မျိုး .... .... | ၄၈ |
| ၇၃။ | လျင်စွာ မသွားသင့်သူ ၄-ယောက် .... .... | ၄၈ |
| ၇၄။ | ဝဇီကံ ၄-ပါး .... .... | ၄၈ |
| ၇၅။ | ဝိပတ္တိတရား ၄-ပါး .... .... | ၄၈ |
| ၇၆။ | ဝိပ္ပတ္တိ တရား ၄-ပါး .... .... | ၄၈ |
| ၇၇။ | သင်္ဂဟတရား ၄-ပါး .... .... | ၄၉ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | သမ္မဒါတရား ၄-ပါး | ၄၉ |
| ၇၉။ | သတိပဋ္ဌာန်တရား ၄-ပါး | ၄၉ |
| ၈၀။ | သမ္မပ္ပဓာန်တရား ၄-ပါး | ၄၉ |
| ၈၁။ | သန္ဓေ ၄-မျိုး | ၅၀ |
| ၈၂။ | သရဏဂုံ အပြား ၄-ပါး | ၅၀ |
| ၈၃။ | သရက် ၄-မျိုး | ၅၀ |
| ၈၄။ | သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ တင်းခြင်း ၄-မျိုး | ၅၀ |
| ၈၅။ | သိကြားမင်း၏ သမီး ၄-ပါး | ၅၁ |
| ၈၆။ | သေ ၄-ပါး | ၅၁ |
| ၈၇။ | သေးငယ်သည်ဟု မထီမဲ့မြင် မပြုအပ်သော အရာ ၄-မျိုး | ၅၁ |
| ၈၈။ | ဆက်စပ်လို့ မရသော အရာ ၄-မျိုး | ၅၁ |
| ၈၉။ | ဇမ္ဗူဒိပ်တကျွန်းလုံး ကြားနိုင်သော အသံကြီး ၄-မျိုး | ၅၂ |
| ၉၀။ | မကောင်းမှုတွင် အကြီးဆုံး ၄-မျိုး | ၅၂ |
| ၉၁။ | ရဟန်းတို့ လူထွက်ကြောင်း ၄-မျိုး | ၅၂ |
| ၉၂။ | လူတို့ကျင့်အပ်သော တရားကောင်း ၄-ပါး | ၅၃ |
| ၉၃။ | အိပ်မက်ခြင်း၏ အကြောင်း ၄-ပါး | ၅၃ |
| ၉၄။ | ပုဂ္ဂိုလ်ကြည်ညိုခြင်း ၄-မျိုး | ၅၃ |
| ၉၅။ | ဥစ္စာပျက်ခြင်း အကြောင်း ၄-ပါး | ၅၄ |
| ၉၆။ | စိုးရိမ်ပူပန်မှုကြီးသော သတ္တဝါ ၄-မျိုး | ၅၄ |
| ၉၇။ | ဒိဋ္ဌဓမ္မအကျိုးပေးသော အင်္ဂါ ၄-မျိုး | ၅၄ |
| ၉၈။ | မိန်းမ ၄-မျိုး | ၅၄ |


## ၅-ပါးသော တရားများ


| | | |
|---|---|---|
| ၁။ | အနန္တဂုဏ် ၅-ပါး | ၅၅ |
| ၂။ | အရဟံ ဂုဏ်တော် ၅-ချက် | ၅၅ |
| ၃။ | အရှင်လတ်လတ် မြေမျိုသူ ၅-ယောက် | ၅၆ |
| ၄။ | အဖသတ်မင်း ၅-မျိုး | ၅၆ |
| ၅။ | အစားကြီးသူ ၅-ယောက် | ၅၆ |
| ၆။ | အနောတတ္တအိုင်၏ အရံတောင် ၅-လုံး | ၅၇ |


www.burmeseclassic.com

www.burmeseclassic.com

# ( ဖ ) အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၇။ | အနော့ခိသ ပုဂ္ဂိုလ် ၅-ယောက် | .... | .... | ၅၇ |
| ၈။ | အဘိညာဏ် ၅-ပါး | .... | .... | ၅၇ |
| ၉။ | အထက်ပိုင်း သံယောဇဉ် ၅-မျိုး | .... | .... | ၅၈ |
| ၁၀။ | အနာဂါမ်ပုဂ္ဂိုလ် ၅-မျိုး | .... | .... | ၅၈ |
| ၁၁။ | အသက်ကြီးပြီး အချိန်မစီးသူ ၅-ယောက် | .... | .... | ၅၈ |
| ၁၂။ | အာရုံ ၅-ပါး | .... | .... | ၅၉ |
| ၁၃။ | အောက်ပိုင်းသံယောဇဉ် ၅-ပါး | .... | .... | ၅၉ |
| ၁၄။ | အိမ်ရှင်ကျင့်ဝတ် ၅-ပါး လက်ာ | .... | .... | ၅၉ |
| ၁၅။ | အိမ်ဖေါ်ကျင့်ဝတ် ၅-ပါး (လက်ာ) | .... | .... | ၅၉ |
| ၁၆။ | ဣန္ဒြေ ၅-ပါး | .... | .... | ၆၀ |
| ၁၇။ | ဥပါသကာများမလုပ်အပ်သည့် ၅-မျိုး | .... | .... | ၆၀ |
| ၁၈။ | ဥပါသကာ၏ ဂုဏ်အင်္ဂါ ၅-ပါး | .... | .... | ၆၀ |
| ၁၉။ | အရှင်အာနန္ဒာရသော တေဒင် ၅-ပါး | .... | .... | ၆၀ |
| ၂၀။ | ကထိန်အကျိုး ၅-ပါး | .... | .... | ၆၁ |
| ၂၁။ | ကထာ ၅-မျိုး | .... | .... | ၆၁ |
| ၂၂။ | ကာလဒါန ၅-မျိုး | .... | .... | ၆၁ |
| ၂၃။ | ကောဋ္ဌာဟလ ၅-မျိုး | .... | .... | ၆၂ |
| ၂၄။ | ကျီးကန်းတို့၏ ကျင့်ဝတ် ၅-ပါး | .... | .... | ၆၂ |
| ၂၅။ | ကြာမျိုး ၅-ပါး | .... | .... | ၆၂ |
| ၂၆။ | ကျောင်းအင်္ဂါ ၅-ပါး | .... | .... | ၆၃ |
| ၂၇။ | ကျောင်းထိုင်ဘုန်းကြီးများမကျင့်အပ်သော အင်္ဂါ ၅-ပါး | | .... | ၆၃ |
| ၂၈။ | ကျောင်းထိုင်ဘုန်းကြီး၏ ပြည့်စုံရမည့် အင်္ဂါ ၅-ပါး | | .... | ၆၃ |
| ၂၉။ | ခန္ဓာ ၅-ပါး | .... | .... | ၆၄ |
| ၃၀။ | ငါးပါးသီလ ၅-မျိုး | .... | .... | ၆၄ |
| ၃၁။ | ငါးမည်ရပြည်ရွှေဘို ၅-မြို့ | .... | .... | ၆၄ |
| ၃၂။ | စန္ဒကိန္နရီကျိန်ဆဲခြင်း ၅-မျိုး | .... | .... | ၆၄ |
| ၃၃။ | စက္ခု ၅-ပါး | .... | .... | ၆၅ |
| ၃၄။ | စွန့်ခြင်းကြီး ၅-ပါး | .... | .... | ၆၅ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | ဆရာ ၅-မျိုး | ၆၅ |
| ၃၆။ | ဆရာကျင့်ဝတ် ၅-ပါး | ၆၆ |
| ၃၇။ | ဥဒယျဓမ္မတရား ၅-ပါး | ၆၆ |
| ၃၈။ | ဌာန် ၅-ပါး | ၆၆ |
| ၃၉။ | တပည့်ကျင့်ဝတ် ၅-ပါး | ၆၇ |
| ၄၀။ | တရားနာခြင်းအကျိုး ၅-ပါး | ၆၇ |
| ၄၁။ | တောထွက်ရဟန်းတို့ ရနိုင်ခဲခြင်း ၅-မျိုး | ၆၇ |
| ၄၂။ | ထိခြင်း ၅-ပါး | ၆၇ |
| ၄၃။ | ဒုလ္လဘတရား ၅-ပါး | ၆၈ |
| ၄၄။ | တူရိယာ ၅-ပါး | ၆၈ |
| ၄၅။ | ဒါယကာကျင့်ဝတ် ၅-ပါး | ၆၈ |
| ၄၆။ | နတ် စုတေခါနီး နိမိတ် ၅-မျိုး | ၆၈ |
| ၄၇။ | နိကာယ် ၅-ရပ် | ၆၉ |
| ၄၈။ | နံ့သာ ၅-ပါး | ၆၉ |
| ၄၉။ | နို့အရသာ ၅-ပါး | ၆၉ |
| ၅၀။ | နေ့သင်ပြင်ရန် ခက်သည့် ၅-မျိုး | ၆၉ |
| ၅၁။ | နာမ်ရုပ် ခန္ဓာ၌ သံဝေဂယူရန် ၅-ပါး | ၇၀ |
| ၅၂။ | ပဋ္ဌဝဂ္ဂိ ၅-ပါး | ၇၀ |
| ၅၃။ | ပဋ္ဌာနန္တရိက် ၅-ပါး | ၇၀ |
| ၅၄။ | ပသာဒရုပ် ၅-ပါး | ၇၁ |
| ၅၅။ | ပဋ္ဌ ၅-ပါး | ၇၁ |
| ၅၆။ | ပီတိ ၅-ဖြာ | ၇၁ |
| ၅၇။ | ပေးလှူခြင်း၏ အကျိုး ၅-ပါး | ၇၁ |
| ၅၈။ | ဖြေးဖြေးပြုအပ်သော အရာ ၅-မျိုး | ၇၂ |
| ၅၉။ | ဗလ ၅-တန် | ၇၂ |
| ၆၀။ | ဗီဇ ၅-မျိုး | ၇၂ |
| ၆၁။ | ဗျသနတရား ၅-ပါး | ၇၃ |
| ၆၂။ | ဗိုလ် ၅-ပါး | ၇၃ |


www.burmeseclassic.com

www.burmeseclassic.com



# အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၃။ | ဘဒ္ဒ ကမ္ဘာမှ ဘုရား ၅-ဆူ | ၇၃ |
| ၆၄။ | ဘုရားဟော ၅-မျိုး | ၇၃ |
| ၆၅။ | ဘုရားအလောင်း၏ ကြည့်ခြင်း ၅-ပါး | ၇၄ |
| ၆၆။ | ဘောဇဉ် ၅-ပါး | ၇၄ |
| ၆၇။ | မစ္ဆရိယတရား ၅-ပါး | ၇၄ |
| ၆၈။ | မလှူအပ်ခြင်း ၅-မျိုး | ၇၄ |
| ၆၉။ | မယားကျင့်ဝတ် ၅-ပါး | ၇၅ |
| ၇၀။ | မသိခြင်း ၅-မျိုး | ၇၅ |
| ၇၁။ | မာရ် ၅-ပါး | ၇၅ |
| ၇၂။ | မိန်းမများ၏ အာဝေနိက ဒုက္ခ ၅-ပါး | ၇၅ |
| ၇၃။ | မိန်းမများ၏ ကောင်းခြင်း ၅-ဖြာ | ၇၆ |
| ၇၄။ | မိဘကျင့်ဝတ် ၅-ပါး | ၇၆ |
| ၇၅။ | မေရယ ၅-မျိုး | ၇၆ |
| ၇၆။ | မင်းမြောက်တန်ဆာ ၅-ပါး | ၇၇ |
| ၇၇။ | မင်းဆက်ငါးသွယ် ခင်ဘိုမယ် မင်း ၅-ပါး | ၇၇ |
| ၇၈။ | မြစ်ကြီး ၅-သွယ် | ၇၇ |
| ၇၉။ | မိတ်ဆွေကျင့်ဝတ် ၅-ပါး | ၇၈ |
| ၈၀။ | ယုတ်မာသော ရဟန်းအင်္ဂါ ၅-ပါး | ၇၈ |
| ၈၁။ | ရဟန်းဖြစ်ကြောင်း ၅-ပါး | ၇၈ |
| ၈၂။ | ရန်သူမျိုး ၅-ပါး | ၇၈ |
| ၈၃။ | ရဟန္တာ ၅-မျိုး | ၇၉ |
| ၈၄။ | ရာဇဂြိုဟ်မြို့၏ အရံတောင် ၅-လုံး | ၇၉ |
| ၈၅။ | ရုပ်အခေါ် ၅-မျိုး | ၇၉ |
| ၈၆။ | လားရာဂတိ ၅-ပါး | ၈၀ |
| ၈၇။ | လင်ကျင့်ဝတ် ၅-ပါး | ၈၀ |
| ၈၈။ | ဝိနည်း ၅-ကျမ်း | ၈၀ |
| ၈၉။ | (တနည်း) ဝိနည်း ၅-ကျမ်း | ၈၁ |
| ၉၀။ | ဝိမုတ္တိတရား ၅-ပါး | ၈၁ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉၁။ | ဝေဒနာ ၅-ပါး | ၈၁ |
| ၉၂။ | သိခြင်း ၅-မျိုး | ၈၁ |
| ၉၃။ | သည်းခံခြင်း အကျိုး ၅-ပါး | ၈၂ |
| ၉၄။ | သည်းမခံခြင်း အပြစ် ၅-ပါး | ၈၂ |
| ၉၅။ | သီချင်းအသံဖြင့် တရားဟောသော ရဟန်းအပြစ် ၅-ပါး | ၈၂ |
| ၉၆။ | သုဒ္ဓါဝါသ ၅-ဘုံ | ၈၂ |
| ၉၇။ | သုရာ ၅-မျိုး | ၈၃ |
| ၉၈။ | သားသမီးကျင့်ဝတ် ၅-ပါး | ၈၃ |
| ၉၉။ | သင်းချိုင်း အပြစ် ၅-ပါး | ၈၃ |
| ၁၀၀။ | ဟိန္ဒူနတ်ကြီး ၅-ပါး | ၈၃ |
| ၁၀၁။ | သမားတော် ဂုဏ်အင်္ဂါ ၅-ပါး | ၈၄ |
| ၁၀၂။ | နဂါးဒုက္ခ ၅-မျိုး | ၈၄ |
| ၁၀၃။ | မီးလှုံခြင်း၏ အပြစ် ၅-ပါး | ၈၄ |
| ၁၀၄။ | မိန်းမတို့၏ လော်လည်ခြင်း ၅-ပါး | ၈၅ |
| ၁၀၅။ | မိန်းမတို့၏ အပြစ် ၅-ပါး | ၈၅ |
| ၁၀၆။ | (တနည်း) မိန်းမတို့၏ အပြစ် ၅-ပါး | ၈၅ |
| ၁၀၇။ | မိန်းမတို့၏ အား ၅-မျိုး | ၈၅ |
| ၁၀၈။ | ယာဂုအကျိုး ၅-ပါး | ၈၆ |
| ၁၀၉။ | နိပါတ်တော်လာ သူဌေးကြီး ၅-ဦး | ၈၆ |
| ၁၁၀။ | ပဏ္ဍုက် ၅ မျိုး | ၈၆ |
| ၁၁၁။ | မတိုင်ပင်အပ်သူ ၅-ယောက် | ၈၇ |
| ၁၁၂။ | မိန်းမမြတ်တို့၏အကျင့် ၅-ပါး | ၈၇ |
| ၁၁၃။ | ဝိဇ္ဇာ ၅-မျိုး | ၈၇ |


## ၆-ပါးသော တရားများ


| | | |
| --- | --- | --- |
| ၁။ | အမွေခံထိုက်သော သား ၆-ယောက် | ၈၈ |
| ၂။ | အမွေ မခံထိုက်သော သား ၆-ယောက် | ၈၈ |
| ၃။ | အဇ္ဈတ္တိကာယတန ၆-ပါး | ၈၈ |
| ၄။ | အကျိုးစီးပွားမဲ့စေသော တရား ၆-ပါး | ၈၉ |


www.burmeseclassic.com

www.burmeseclassic.com

## (ယ) အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | အရပ် ၆-ပါး | ၈၉ |
| ၆။ | အရက်သောက်ခြင်း၏ အပြစ် ၆-ပါး | ၈၉ |
| ၇။ | အရသာ ၆-ပါး | ၉၀ |
| ၈။ | အာရုံ ၆-ပါး | ၉၀ |
| ၉။ | ဣန္ဒြေ ၆-ပါး | ၉၀ |
| ၁၀။ | ကမ္ဘာ ၆-မျိုး | ၉၀ |
| ၁၁။ | ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရ ပုဂ္ဂိုလ် ၆-မျိုး | ၉၁ |
| ၁၂။ | ခြောက်ပြစ်ကင်း သဲလဲစင် ၆-မျိုး | ၉၁ |
| ၁၃။ | စရိုက် ၆-ပါး | ၉၁ |
| ၁၄။ | ဆဗ္ဗဂ္ဂီ ရဟန်းဆိုး ၆-ယောက် | ၉၂ |
| ၁၅။ | ညဉ့်နက် မိုးချုပ်လည်ပတ်ခြင်း၏ အပြစ် ၆-ပါး | ၉၂ |
| ၁၆။ | တရားဂုဏ်တော် ၆-ပါး | ၉၂ |
| ၁၇။ | တဏှာ ၆-ပါး | ၉၃ |
| ၁၈။ | တိတ္ထိဂိုဏ်းဆရာကြီး ၆-ယောက် | ၉၃ |
| ၁၉။ | ဒွါရ ၆-ပါး | ၉၃ |
| ၂၀။ | နာယကဂုဏ် ၆-ပါး | ၉၄ |
| ၂၁။ | နာယကမမည်သူ (အနာယကဂုဏ်) ၆-ပါး | ၉၄ |
| ၂၂။ | နီဝရဏတရား ၆-ပါး | ၉၄ |
| ၂၃။ | နတ်ပြည် ၆-ထပ် | ၉၅ |
| ၂၄။ | ပကိဏ်း စေတသိက် ၆-ပါး | ၉၆ |
| ၂၅။ | ပျင်းရိခြင်း၏ အပြစ် ၆-ပါး | ၉၆ |
| ၂၆။ | ဖဿ ၆-ပါး | ၉၆ |
| ၂၇။ | ဗာဟိရာယတန ၆-ပါး | ၉၆ |
| ၂၈။ | ဘုန်းတော် ၆-ပါး | ၉၇ |
| ၂၉။ | မရှက်အပ်သူ ၆-ယောက် | ၉၇ |
| ၃၀။ | ရဟန်းကျင့်ဝတ် ၆-ပါး | ၉၇ |
| ၃၁။ | ရဟန်းများ ဆွမ်းမခံအပ်သော အရပ် ၆-ပါး | ၉၈ |
| ၃၂။ | ရာဇဂုဏ် ၆-ပါး | ၉၈ |


www.burmeseclassic.com

www.burmeseclassic.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | ရှောင်ခြည်တော် ၆-ပါး .... .... | ၉၈ |
| ၃၄။ | လောကပလ္လင် ၆-မျိုး .... .... | ၉၉ |
| ၃၅။ | လောက၌ရှိသော စကား ၆-ခွန်း .... .... | ၉၉ |
| ၃၆။ | လောင်းကစားခြင်း၏ အပြစ် ၆-ပါး .... .... | ၉၉ |
| ၃၇။ | ဝတ္ထုရှုပ် ၆-ပါး .... .... | ၁၀၀ |
| ၃၈။ | ဝါယော ၆-မျိုး .... .... | ၁၀၀ |
| ၃၉။ | ဝိတက် ၆-ပါး .... .... | ၁၀၀ |
| ၄၀။ | ဝိညာဏ် ၆-ပါး .... .... | ၁၀၁ |
| ၄၁။ | ဝေဒနာ ၆-ပါး .... .... | ၁၀၁ |
| ၄၂။ | သညာ ၆-ပါး .... .... | ၁၀၁ |
| ၄၃။ | သကဒါဂါမ် ၆-မျိုး .... .... | ၁၀၂ |
| ၄၄။ | သာကီဝင်မင်းမျိုးမှရှေးဦးစွာရဟန်းဝတ်သောမင်းသား ၆-ယောက် .... .... | ၁၀၂ |
| ၄၅။ | မပေါင်းအပ်သော မယား ၆-မျိုး .... .... | ၁၀၂ |
| | **၇-ပါးသော တရားများ** | |
| ၁။ | အဘိဓမ္မာ ၇-ကျမ်း .... .... | ၁၀၃ |
| ၂။ | အနုသယ ကိလေသာ ၇-ပါး .... .... | ၁၀၃ |
| ၃။ | အပရိဟာနိယ (သို့မဟုတ်) မဆုတ်ယုတ်ကြောင်းတရား ၇-ပါး | ၁၀၃ |
| ၄။ | အနုပဿနာ ၇-ပါး .... .... | ၁၀၄ |
| ၅။ | အဝေရောဒိကမေတ္တာ ၇-ပါး .... .... | ၁၀၄ |
| ၆။ | အသက်ရှိလျက် သေသူ ၇-ယောက် .... .... | ၁၀၄ |
| ၇။ | အဓိကရဏသမထ ၇-ပါး .... .... | ၁၀၅ |
| ၈။ | ဩဓိသ မေတ္တာ ပုဂ္ဂိုလ် ၇-ယောက် .... .... | ၁၀၅ |
| ၉။ | ကဿပဘုရားလက်ထက် ကိကီမင်းကြီး၏ သမီးတော် ၇-ပါး | ၁၀၆ |
| ၁၀။ | ကာမသုဂတိ ၇-ဘုံ .... .... | ၁၀၆ |
| ၁၁။ | ကိုယ့်အမည် ကိုယ်ဖော် သူတော် ၇-ပါး .... .... | ၁၀၆ |
| ၁၂။ | ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ ထင်ရှားသော အမျိုးသမီး ၇-ယောက် .... .... | ၁၀၇ |


www.burmeseclassic.com

www.burmeseclassic.com

(လ) အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ဆေး ၇-ဆက် | ၁၀၇ |
| ၁၄။ | တရားသူကြီး မမည်သူ ၇-ယောက် | ၁၀၇ |
| ၁၅။ | ဒိဋ္ဌဓမ္မအကျိုးပေးသူ ၇-ယောက် | ၁၀၈ |
| ၁၆။ | တူရိယာ သံစဉ် ၇-ပါး | ၁၀၈ |
| ၁၇။ | ဖွားဖက်တော် ၇-ယောက် | ၁၀၉ |
| ၁၈။ | ဗောဇ္ဈင် ၇-ပါး | ၁၀၉ |
| ၁၉။ | ဘုရားအလောင်းတော်၏ (၇) နေ့ ဖြစ်စဉ် | ၁၀၉ |
| ၂၀။ | ဘုရားကိုယ်တော်မြတ်၏ (၇) နေ့ ဖြစ်စဉ်လက်ာ.... | ၁၁၀ |
| ၂၁။ | မယားခိုး အပြား ၇-ပါး | ၁၁၀ |
| ၂၂။ | မယား အပြား ၇-ပါး | ၁၁၀ |
| ၂၃။ | မေထုန်ငယ် ၇-ပါး | ၁၁၁ |
| ၂၄။ | မြင်းမိုရ်တောင်၏ တောင်စဉ် ၇-ထပ် | ၁၁၂ |
| ၂၅။ | မျိုး ၇-ဆက် | ၁၁၂ |
| ၂၆။ | ရဟန်းတို့၏ အာပတ် ၇-ပါး | ၁၁၂ |
| ၂၇။ | လောက၌ အသက်မရှည်သူ ၇-ယောက် | ၁၁၃ |
| ၂၈။ | ဝိသုဒ္ဓိ ၇-ပါး | ၁၁၃ |
| ၂၉။ | ဝိနည်း သိက္ခာပုဒ် ပညတ်တော်မူသော မြို့ ၇-မြို့ | ၁၁၄ |
| ၃၀။ | သမ္မစိတ္တသာဓရဏ စေတသိက် ၇-ပါး | ၁၁၄ |
| ၃၁။ | သတ္တဋ္ဌာန သတ္တာဟ ၇-ဌာန | ၁၁၄ |
| ၃၂။ | သီရိကျက်သရေ ၇-ပါး | ၁၁၅ |
| ၃၃။ | အိုင်ကြီး ၇-အိုင် | ၁၁၅ |
| ၃၄။ | သူတော်ကောင်း တရား ၇-ပါး | ၁၁၅ |
| ၃၅။ | သူတော်ကောင်းဥစ္စာ ၇-ပါး | ၁၁၅ |
| ၃၆။ | သံဃဒါန ၇-မျိုး | ၁၁၆ |
| ၃၇။ | သင်္ကြန်စာ၌ပါသော ဖြဟ္မာမင်းဦးခေါင်းပိုက် နတ်သမီး ၇-ပါး | ၁၁၆ |
| ၃၈။ | ဝိညာဏဋ္ဌိတိ ၇-ပါး | ၁၁၆ |
| ၃၉။ | စပါးမျိုး ၇-ပါး | ၁၁၇ |
| ၄၀။ | ရဟန်းများ ဝါမကပ်အပ်သော အရပ် ၇-နေရာ .... | ၁၁၇ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဂ-ပါးသော တရားများ


| | | |
|---|---|---|
| ၁။ | အရိယာပုဂ္ဂိုလ် ဂ-ယောက် .... .... | ၁၁၈ |
| ၂။ | အရှင်အာနန္ဒာ ရသော ဆု ဂ-ပါး .... .... | ၁၁၈ |
| ၃။ | အပြစ်ကြီး ဂ-ပါး .... .... | ၁၁၉ |
| ၄။ | အနာဖြစ်ကြောင်း ဂ-ဂါး .... .... | ၁၁၉ |
| ၅။ | အာဇီဝဋ္ဌမကသီလ ဂ-ပါး .... .... | ၁၂၀ |
| ၆။ | အောင်ခြင်း ဂ-ပါး .... .... | ၁၂၀ |
| ၇။ | ဣသိရိယ ဘုန်းတော် ဂ-ပါး .... .... | ၁၂၁ |
| ၈။ | ဥမ္မတ္တက အရူး ဂ-မျိုး .... .... | ၁၂၁ |
| ၉။ | ကုလဒူသက ဂ-ပါး .... .... | ၁၂၁ |
| ၁၀။ | ခိုးသူ ပျက်စီးကြောင်း အင်္ဂါ ဂ-ပါး .... .... | ၁၂၂ |
| ၁၁။ | ဂရုဓမ်တရား ဂ-ပါး .... .... | ၁၂၂ |
| ၁၂။ | ငြိုဟ်ကြီး ဂ-လုံး .... .... | ၁၂၃ |
| ၁၃။ | ငရဲကြီး ဂ-ထပ် .... .... | ၁၂၃ |
| ၁၄။ | စီးပွါးဥစ္စာ ပျက်ခြင်း၏ အကြောင်း ဂ-ပါး .... .... | ၁၂၄ |
| ၁၅။ | ဈာန် (ဂ) ပါး (သို့မဟုတ်) သမာပတ် ဂ-ပါး .... .... | ၁၂၄ |
| ၁၆။ | ဒုက္ခ ဂ-ပါး .... .... | ၁၂၅ |
| ၁၇။ | ပရိက္ခရာ ဂ-ပါး .... .... | ၁၂၅ |
| ၁၈။ | (တနည်း) ပရိက္ခရာ ဂ-ပါး .... .... | ၁၂၅ |
| ၁၉။ | မဂ္ဂင် ဂ-ပါး .... .... | ၁၂၆ |
| ၂၀။ | မိစ္ဆာဒိဋ္ဌိ ဂ-ပါး .... .... | ၁၂၆ |
| ၂၁။ | မကြည်ညိုအပ်သော ရဟန်းအင်္ဂါ ဂ-ပါး .... .... | ၁၂၆ |
| ၂၂။ | ရာဇထီးဖြူ ဂ-စင်း .... .... | ၁၂၇ |
| ၂၃။ | ရာဇပလ္လင် ဂ-ခန်း .... .... | ၁၂၇ |
| ၂၄။ | ရပ်ပြစ် ဂ-ပါး .... .... | ၁၂၇ |
| ၂၅။ | ရှစ်ပါးသီလ ဂ-ပါး .... .... | ၁၂၈ |
| ၂၆။ | လောကဓံတရား ဂ-ပါး .... .... | ၁၂၈ |
| ၂၇။ | ဝိဇ္ဇာဉာဏ် ဂ-ပါး .... .... | ၁၂၉ |


www.burmeseclassic.com

www.burmeseclassic.com



## အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | ဝိသာခါကျောင်းအမရရှိသော ဆု ၈-ပါး | ၁၂၉ |
| ၂၉။ | မြတ်စွာဘုရား၏ အသံတော် အင်္ဂါ ၈-ပါး | ၁၃၀ |
| ၃၀။ | ရသေ့ ၈-မျိုး | ၁၃၀ |
| ၃၁။ | ရောဂါဖြစ်ကြောင်း ၈-မျိုး | ၁၃၀ |
| ၃၂။ | သံအမတ်ခန့်ထိုက်သော အင်္ဂါ ၈-မျိုး | ၁၃၁ |
| ၃၃။ | သမီးပေးခြင်း မင်္ဂလာ ၈-မျိုး | ၁၃၂ |
| ၃၄။ | သိမ်နိမိတ် ၈-မျိုး | ၁၃၂ |
| | **၉-ပါးသော တရားများ** | |
| ၁။ | ကိုးပါး သီလ ၉-ပါး | ၁၃၃ |
| ၂။ | နဝရတ် ၉-ပါး | ၁၃၃ |
| ၃။ | ဘုရားဂုဏ်တော် ၉-ပါး | ၁၃၄ |
| ၄။ | ဘုရားဟော အင်္ဂါ ၉-တန် | ၁၃၄ |
| ၅။ | မိန်းမတို့ ပျက်စီးကြောင်း အင်္ဂါ ၉-ပါး | ၁၃၅ |
| ၆။ | ရဟန်းတို့ မကပ်ရောက်သင့်သော ဒါယကာအင်္ဂါ ၉-မျိုး | ၁၃၅ |
| ၇။ | ရန်ငြိုးဖွဲ့ခြင်း အာဃာတ ၉-မျိုး | ၁၃၆ |
| ၈။ | လူ့မလေး ခွဲ့းမခန့် ၉-မျိုး | ၁၃၆ |
| ၉။ | လောကုတ္တရာ တရား ၉-ပါး | ၁၃၇ |
| ၁၀။ | သံဃာ့ဂုဏ်တော် ၉-ပါး | ၁၃၇ |
| ၁၁။ | သတ္တာဝါသ ဘုံကိုးဝ | ၁၃၈ |
| ၁၂။ | အသက်ရှကျော် နေရသော အရိယာ ၉-ယောက် | ၁၃၈ |
| | **၁၀-ပါးသော တရားများ** | |
| ၁။ | အကျိုးထူးတရား ၁၀-ပါး | ၁၃၉ |
| ၂။ | အသံ ၁၀-ပါး | ၁၃၉ |
| ၃။ | အသုဘ ၁၀-ပါး | ၁၃၉ |
| ၄။ | အနုဿတိ ၁၀-ပါး | ၁၄၀ |
| ၅။ | အန္တရာယ် ၁၀-ပါး | ၁၄၁ |
| ၆။ | စေတဒဂ် ရသော ဥပါသကာ ၁၀-ယောက် | ၁၄၁ |
| ၇။ | စေတဒဂ်ရသော ဥပါသိကာ မိန်းမ ၁၀-ယောက် | ၁၄၂ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | ကသိုဏ်း ၁၀-ပါး | ၁၄၃ |
| ၉။ | ကိလေသာ ၁၀-ပါး | ၁၄၃ |
| ၁၀။ | ကျီးကန်း၏ မသူတော်တရား ၁၀-ပါး | ၁၃၄ |
| ၁၁။ | ခင်ပွန်းကြီး ၁၀-ပါး | ၁၄၄ |
| ၁၂။ | စကားကြီး ၁၀-ခွန်း | ၁၄၄ |
| ၁၃။ | ဆင် ၁၀-မျိုး | ၁၄၅ |
| ၁၄။ | ဇာတ်ကြီး ၁၀-ဘွဲ့ | ၁၄၅ |
| ၁၅။ | ဒုစရိုက် (သို့မဟုတ်) အကုသိုလ်ကမ္မပထတရား ၁၀-ပါး | ၁၄၆ |
| ၁၆။ | နေ့ခင်းတရားကြီး (သို့မဟုတ်) ကုက္ကုစ္စတရား ၁၀-ပါး | ၁၄၆ |
| ၁၇။ | ပါရမီ ၁၀-ပါး | ၁၄၇ |
| ၁၈။ | ပုညကြိယာဝတ္ထု ၁၀-ပါး | ၁၄၈ |
| ၁၉။ | မကျူးလွန်အပ်သော မိန်းမ ၁၀-မျိုး | ၁၄၈ |
| ၂၀။ | မကျူးလွန်အပ်သော မယား ၁၀-မျိုး | ၁၄၉ |
| ၂၁။ | မာရ်စစ်သည် ၁၀-ပါး | ၁၄၉ |
| ၂၂။ | မင်းကျင့်တရား ၁၀-ပါး | ၁၅၀ |
| ၂၃။ | မြတ်စွာဘုရား၏ ဉာဏဒသဗလ ၁၀-ပါး | ၁၅၀ |
| ၂၄။ | ရဟန်းများမစားအပ်သော အသားကြီး ၁၀-မျိုး | ၁၅၁ |
| ၂၅။ | လူ့အလိုမလိုက်နိုင်သောခေတ်ကြီး ၁၀-ပါး | ၁၅၁ |
| ၂၆။ | လောကုတ္တရာတရား ၁၀-ပါး | ၁၅၂ |
| ၂၇။ | ဝိပဿနာဉာဏ် ၁၀-ပါး | ၁၅၂ |
| ၂၈။ | ဝိပဿနာညစ်ညူးကြောင်း ၁၀-ပါး | ၁၅၃ |
| ၂၉။ | သာမဏေ၏ လိင် ၁၀-ပါး | ၁၅၃ |
| ၃၀။ | သာမဏေ၏ ဒဏ် ၁၀-ပါး | ၁၅၄ |
| ၃၁။ | သာမဏေ၏ ၁၀-ပါးသီလ | ၁၅၄ |
| ၃၂။ | သုစရိုက် ၁၀-ပါး | ၁၅၅ |
| ၃၃။ | သံဃာကွဲပြားမှု ၁၀-ပါး | ၁၅၆ |
| ၃၄။ | သံဃာညီညွတ်ခြင်း ၁၀-ပါး | ၁၅၆ |
| ၃၅။ | မလှူအပ်သော အလှူ ၁၀-မျိုး | ၁၅၇ |

www.burmeseclassic.com

www.burmeseclassic.com



## အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | စကားအရာ အင်္ဂါ ၁၀-ပါး | ၁၅၇ |
| ၃၇။ | ထင်ရှားမရှိသော အသဘာဝရုပ် ၁၀-ပါး | ၁၅၈ |
| | **၁၁-ပါးသော တရားများ** | |
| ၁။ | မီး ၁၁-ပါး | ၁၅၉ |
| ၂။ | ကာမ ၁၁-ဘုံ | ၁၅၉ |
| ၃။ | ဆဲရေးတတ်သောရဟန်း၏ပျက်စီးခြင်း ၁၁-မျိုး | ၁၆၀ |
| ၄။ | ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ၁၁-ပါး | ၁၆၀ |
| ၅။ | ရုပ် ၁၁-မျိုး | ၁၆၁ |
| ၆။ | ကုန်းဘောင်မင်း ၁၁-ဆက် | ၁၆၁ |
| ၇။ | သိမ်ပျက် ၁၁-ပါး | ၁၆၃ |
| | **၁၂-ပါးသော တရားများ** | |
| ၁။ | ဆယ့်နှစ်လ ၁၂-လရာသီ | ၁၆၄ |
| ၂။ | အရှက်တက် လက်ာ ၁၂-ပါး | ၁၆၄ |
| ၃။ | နေထွက်ချိန် လက်ာ ၁၂-ပါး | ၁၆၅ |
| ၄။ | ကိုယ်စောင့်နတ် ၁၂-ပါး | ၁၆၆ |
| ၅။ | လောကီမင်္ဂလာ ၁၂-ပါး | ၁၆၆ |
| ၆။ | အာပေါ ၁၂-ပါး | ၁၆၇ |
| ၇။ | ပုဂ္ဂိုလ် ၁၂-ယောက် | ၁၆၇ |
| ၈။ | ဝိပါက်တော် ၁၂-ပါး | ၁၆၈ |
| | **၁၃-ပါးသော တရားများ** | |
| ၁။ | ခုတင် ၁၃-ပါး | ၁၆၉ |
| ၂။ | ပရိတ်အကျိုး ၁၃-ပါး | ၁၆၉ |
| ၃။ | စက်ကြီး ၁၃-ပါး | ၁၇၀ |
| ၄။ | သံဃာဒိသေသ် ၁၃-ပါး | ၁၇၀ |
| ၅။ | တေဒင်္ဂရသော ရဟန်းမိန်းမ ၁၁-ပါး | ၁၇၁ |
| ၆။ | ရဟန်းမခံထိုက်သူ ၁၃-ယောက် | ၁၇၁ |
| | **၁၄-ပါးသော တရားများ** | |
| ၁။ | အလှူခံ တကျိပ်လေး ၁၄-ယောက် | ၁၇၃ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | ပါပဇာတိစေတသိက် ၁၄-ပါး .... .... | ၁၇၄ |
| ၃။ | ပဋ္ဌသီခ နတ်သားအ် နောက်ပိုးသီချင်း ၁၄-ပုဒ် .... .... | ၁၇၄ |
| | **၁၅–ပါးသော တရားများ** | |
| ၁။ | စရဏတရား ၁၅-ပါး .... .... | ၁၇၇ |
| | **၁၆–ပါးသော တရားများ** | |
| ၁။ | ကောသလ အိပ်မက် ၁၆-ချက် လက်ာ .... .... | ၁၇၇ |
| ၂။ | ယုံမှားမှု ကင်္ခါ ၁၆-ပါး .... .... | ၁၇၉ |
| ၃။ | မိတ်ဆွေအတု ၁၆-ယောက် .... .... | ၁၈၀ |
| ၄။ | ကံအပြား ၁၆-ပါး .... .... | ၁၈၀ |
| ၅။ | ရုပ်ခန္ဓာရှိသော ရှုပ်ပြဟ္မာ ၁၆-ဘုံ .... .... | ၁၈၂ |
| ၆။ | ဥပဒ္ဒဝေါ ၁၆-ပါး .... .... | ၁၈၃ |
| ၇။ | မင်ဖိုလ်မရနိုင်သော ပုဂ္ဂိုလ် ၁၆-ယောက် .... .... | ၁၈၄ |
| | **၁၈–ပါးသော တရားများ** | |
| ၁။ | အဌာရသ ပညာ ၁၈-ရပ် .... .... | ၁၈၅ |
| ၂။ | မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈-ပါး.... .... | ၁၈၅ |
| ၃။ | ထင်ရှားရှိသော ဇာတိရုပ် ၁၈-ပါး .... .... | ၁၈၆ |
| | **၂၀–ပါးသော တရားများ** | |
| ၁။ | ပထဝီ အမာခဲတ် ၂၀-ပါး .... .... | ၁၈၇ |
| ၂။ | ကလျာဏဇာတိစေတသိက် ၂၀-ပါး .... .... | ၁၈၈ |
| ၃။ | ပြဟ္မာ့ဘုံ -၂၀ .... .... | ၁၈၉ |
| ၄။ | ဝါပြတ်သော်လည်း ရဟန်း၌ အာပတ်မသင့်ခြင်း ၂၀-ပါး .... | ၁၈၉ |
| | **၂၁–ပါးသော တရားများ** | |
| ၁။ | ရဟန်းများ မလုပ်အပ်သော အနေသန ၂၁-ပါး .... .... | ၁၉၀ |
| ၂။ | (တနည်း) အနေသန ၂၁-ပါး .... .... | ၁၉၁ |
| | **၂၄–ပါးသော တရားများ** | |
| ၁။ | နှစ်ဆယ့်လေးပစ္စည်း ၂၄-ပါး .... .... | ၁၉၂ |
| | **၂၅–ပါးသော တရားများ** | |
| ၁။ | အဒိန္နာဒါနသိက္ခာပုဒ်မှ ခိုးခြင်း ၂၅-ပါး .... .... | ၁၉၄ |

www.burmeseclassic.com

www.burmeseclassic.com



## အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂။ | နှစ်ဆယ့်ငါးပါးသော ဘေး ၂၅-ပါး | .... | .... | ၁၉၅ |
| ၃။ | ယုတ်မာသော မယားအင်္ဂါ ၂၅-ပါး | .... | .... | ၁၉၆ |
| | ၂၈-ပါးသော တရားများ | | | |
| ၁။ | နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ ဘွဲ့တော်များ ဘုရား ၂၈-ဆူ | | .... | ၁၉၈ |
| ၂။ | ရှပ်တရားပေါင်း ၂၈-ပါး | .... | .... | ၁၉၈ |
| | ၃၀-ပါးသော တရားများ | | | |
| ၁။ | ရဟန်းသိက္ခာပုဒ် နိဿဂ္ဂိယပါစိတ် ၃၀-ပါး | .... | .... | ၁၉၈ |
| ၂။ | ပါရမီဆယ်ပါး အပြား ၃၀-ပါး | .... | .... | ၂၀၁ |
| | ၃၁-ပါးသော တရားများ | | | |
| ၁။ | သတ္တဝါတို့ နေထိုင်ရာ ဘုံ-၃၁ | .... | .... | ၂၀၁ |
| | ၃၂-ပါးသော တရားများ | | | |
| ၁။ | သုံးဆယ့်နှစ်ကောဋ္ဌာသ ၃၂-ပါး | .... | .... | ၂၀၂ |
| ၂။ | ယောကျ်ားမြတ် လက္ခဏာ ၃၂-ပါး | .... | .... | ၂၀၂ |
| ၃။ | သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ ၃၂-ပါး | .... | .... | ၂၀၄ |
| ၄။ | ရှင်၊ ရဟန်းမပြုထိုက်သူ ၃၂-ယောက် | .... | .... | ၂၀၅ |
| | ၃၇-ပါးသော တရားများ | | | |
| ၁။ | အာဠာနာဋိယသုတ်လာ နတ်စစ်သူကြီး ၃၇ ပါး | .... | .... | ၂၀၇ |
| ၂။ | ဗောဓိပက္ခိယ တရား ၃၇-ပါး | .... | .... | ၂၀၈ |
| | ၃၈-ပါးသော တရားများ | | | |
| ၁။ | မင်္ဂလာ တရား ၃၈-ပါး | .... | .... | ၂၀၉ |
| | ၄၀-ပါးသော တရားများ | | | |
| ၁။ | မိန်းမ မာယာ-၄၀ | .... | .... | ၂၁၁ |
| ၂။ | သမထ- ၄၀ | .... | .... | ၂၁၂ |
| ၃။ | ပုညကိရိယ ဝတ္ထု အပြားအားဖြင့် -၄၀ | .... | .... | ၂၁၃ |
| ၄။ | ဝိပဿနာ ခေါ် (တော) ၄၀ | .... | .... | ၂၁၃ |
| | ၄၁-ပါးသော တရားများ | | | |
| ၁။ | တေဇင် ရသော ရဟန္တာ ၄၁-ပါး | .... | .... | ၂၁၅ |
| | ၄၂-ပါးသော တရားများ | | | |
| ၁။ | မဟာဘုတ် အကျယ် ၄၂-ပါး | .... | .... | ၂၁၉ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၅၂—ပါးသော တရားများ | |
| ၁။ | နိကာယ်ငါးရပ်မှ ပါဠိတော်ကျမ်းပေါင်း ၅၂-ကျမ်း .... | ၂၂၀ |
| ၂။ | စေတသိက်ပေါင်း ၅၂-ပါး .... .... | ၂၂၁ |
| | ၇၁—ပါးသော တရားများ | |
| ၁။ | တေဘူမ္မက သင်္ခါရတရား ၇၁-ပါး .... .... | ၂၂၂ |
| | ၇၄—ပါးသော တရားများ | |
| ၁။ | တေဒင် ရသော ပုဂ္ဂိုလ်ပေါင်း ၇၄-ယောက် .... .... | ၂၂၂ |
| | ၇၅-ပါးသော တရားများ | |
| ၁။ | ရဟန်းသာမဏေများ ကျင့်သုံးရန် သေခိယသိက္ခာပုဒ် ၇၅-ပါး | ၂၂၃ |
| | ၈၀-ပါးသော တရားများ | |
| ၁။ | မဟာသာဝက ၈၀-ပါး .... .... | ၂၂၉ |
| ၂။ | ယောကျ်ားမြတ် လက္ခဏာတော်ငယ် ၈၀-ပါး .... .... | ၂၃၀ |
| ၃။ | လေမျိုး ၈၀-ပါး .... .... | ၂၃၄ |
| ၄။ | ပိုးမျိုး ၈၀-ပါး .... .... | ၂၃၇ |
| | ၈၂—ပါးသော တရားများ | |
| ၁။ | ပရမတ္ထတရား အပြား ၈၂-ပါး .... .... | ၂၄၀ |
| | ၉၂-ပါးသော တရားများ | |
| ၁။ | သုဒ္ဓပါစိတ် ၉၂-ပါး .... .... | ၂၄၁ |
| | ၉၆-ပါးသော တရားများ | |
| ၁။ | အနာမျိုး ၉၆-ပါး .... .... | ၂၄၈ |
| | ၁၀၁-ပါးသော တရားများ | |
| ၁။ | လူမျိုး ၁၀၁-ပါး .... .... | ၂၅၃ |
| | ၁၀၈-ပါးသော တရားများ | |
| ၁။ | တဏှာအပြား ၁၀၈-ပါး .... .... | ၂၅၃ |
| | ၁၃၆—ပါးသော တရားများ | |
| ၁။ | အလောင်းတော်၏ ဖြစ်တော်ပေါင်း ၁၃၆-၁၃၀ .... .... | ၂၅၄ |
| | ၂၂၇—ပါးသော တရားများ | |
| ၁။ | ရဟန်းသိက္ခာပုဒ် ၂၂၇-ပါး .... .... | ၂၅၅ |
| | ၅၂၈—ပါးသော တရားများ | |
| ၁။ | ငါးရာနှစ်ဆယ် ရှစ်သွယ်သော မေတ္တာ ၅၂၈-ပါး.... .... | ၂၅၁ |

www.burmeseclassic.com

www.burmeseclassic.com



## အထွေထွေ ဗဟုသုတ မာတိကာကျမ်း

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


### ၁၅၀၀–ပါးသော တရားများ

၁။ တထောင့်ငါးရာ ကိလေသာ တရား ၁၅၀၀-ပါး .... .... ၂၅၆

### ငါးရာ့ငါးဆယ် ဇာတ်တော် ကောက်နုတ်ချက်

၁။ သတ္တဝါသည် ပျက်စီးချိန်တန်သည့်အခါ မိမိဘေးအန္တရာယ် ကိုပင် မမြင်တော့ကြောင်း ဒေသနာတော် .... .... ၂၅၇

၂။ လူမိုက်သည် သားမယားကို သတ်၍ လှူသော်လည်း စားသူ၌ အပြစ်မရှိကြောင်း ဒေသနာတော် .... .... ၂၅၈

၃။ မကောင်းမှုပြုမိသော်လည်း စေတနာ မပါက မိမိ၌ အပြစ် မရှိကြောင်း ဒေသနာတော် .... .... ၂၅၉

၄။ ဒေဝဒတ်သည် မြေမျိုနေစဉ် ဘုရားကို ပြစ်မှားမိသမျှ နောက်ဆုံး ရှိခိုးသွားသော ဒေသနာတော် .... .... ၂၅၉

၅။ မစင်ပိုးသည် ဆင်ပြောင်ကြီးကို အန်တုသဖြင့် အသေဆိုးနှင့် သေရခြင်း ဒေသနာတော် .... .... ၂၆၀

၆။ ကျီး၌ အဆီမရှိကြောင်းကို အလောင်းတော် ကျီးမင်း လျှောက်ထားသော ဒေသနာတော် .... .... ၂၆၁

၇။ ကျီးနှင့် ခင်ပုပ်ငှက် (ဇီးကွက်) ကမ္ဘာရန် ဖြစ်ခြင်း၏ အစ ဒေသနာတော် .... .... ၂၆၁

၈။ အူမတောင့်မှ သီလစောင့်နိုင်မည် ဟူသော ဒေသနာတော် .... ၂၆၂

၉။ သူများ မကောင်းကြံ ကိုယ်ဘေးဒဏ်ထိ ဟူသောဒေသနာတော် ၂၆၃

၁၀။ မချီးမြှောက်သင့်သူကို ချီးမြှောက်မိသဖြင့် သေဘေးနှင့် ကြုံတွေ့ရသော ဒေသနာတော် .... .... ၂၆၄

၁၁။ လူမိုက်အား တရားဟောမိသဖြင့် ဘေးတွေ့ရသော ဒေသနာတော် .... .... ၂၆၅

(၅၅၀-ဇာတ်တော်မှ ဖြစ်သည်။)

### ဓမ္မပဒပါဠိတော် ကောက်နုတ်ချက်

၁။ တရားဒါနသည်သာ အမြတ်ဆုံးဟု ဟောတော်မူသော ဒေသနာတော် .... .... ၂၆၇

၂။ ရန်ကိုရန်ချင်း မတုံ့မူသင့်ကြောင်း ဒေသနာတော် .... ၂၆၇


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | မကောင်းမှုပြုသူသည် ပစ္စုပ္ပန်နှင့် တမလွန် ဘဝပါ စိုးရိမ်ရသော ဒေသနာတော် .... .... | ၂၆၈ |
| ၄။ | စိတ်ကြောင့်ဖြစ်သော မကောင်းမှုကို စိတ်ကောင်းနှင့်ဆေးကစင်ကြယ်ကြောင်း ဒေသနာတော် .... .... | ၂၆၉ |
| ၅။ | သူတပါးအပြစ်ကို မရှုပဲ မိမိအပြစ်ကိုသာ ရှုသင့်ကြောင်း ဒေသနာတော် .... .... | ၂၆၉ |
| ၆။ | လူမိုက်သည် သံသရာ၌ ရှည်မည်ဖြစ်ကြောင်း ဒေသနာတော် | ၂၇၀ |
| ၇။ | ယောက်မသည် ဟင်းအိုး၌ မွေ့စေကာမူ ဟင်း၏အရသာကို မသိနိုင်ကြောင်း ဒေသနာတော် .... .... | ၂၇၁ |
| ၈။ | လူမိုက်သည် အကျိုးမပေးသေးသော အကုသိုလ်ကို ပျား အရသာကဲ့သို့ ထင်မှတ်ကြောင်း ဒေသနာတော် .... | ၂၇၁ |
| ၉။ | ချီးမွမ်းသည်ဖြစ်စေ ကဲ့ရဲ့သည်ဖြစ်စေ ပညာရှိသည် မတုန်လှုပ်ကြောင်း ဒေသနာတော် .... .... | ၂၇၂ |
| ၁၀။ | သူတပါးကို နိုင်အောင်ကျင့်မည့် အစား မိမိကိုယ်ကို နိုင်အောင်ကျင့်က မြတ်၏ ဟူသော ဒေသနာတော် .... | ၂၇၂ |
| ၁၁။ | စိတ်နိုင်မှ နိဗ္ဗာန်သို့ ရောက်နိုင်မည့် ဒေသနာတော် .... | ၂၇၃ |
| ၁၂။ | ကြီးသူကို ရှိခိုးသူသည် ဆုလေးပါးနှင့် ပြည့်စုံကြောင်း ဒေသနာတော် .... .... | ၂၇၄ |
| ၁၃။ | ခန္ဓာငါးပါး မရှုမမြင်ပဲ အသက်တရာ နေရသော်လည်း မမြတ်ကြောင်း ဒေသနာတော် .... .... | ၂၇၅ |
| ၁၄။ | သေစေလိုသော စေတနာမရှိက ပြုသူ၌ အပြစ်မရှိကြောင်း ဒေသနာတော် .... .... | ၂၇၅ |
| ၁၅။ | မပြစ်မှားထိုက်သော ရဟန္တာကို ပြစ်မှားသဖြင့် မိမိအပြစ် မိမိပင် ခံရကြောင်း ဒေသနာတော် .... .... | ၂၇၆ |
| ၁၆။ | မည်သည့်အရပ်တွင် ပုန်းအောင်း၍ နေစေကာမူ သေခြင်းမှ မလွတ်နိုင်သော ဒေသနာတော် .... .... | ၂၇၇ |
| ၁၇။ | သေမင်းသည် သတ္တဝါတို့၏အသက်ကို အိုခြင်း,သေခြင်းဖြင့် မောင်းနှင်ကုန်၏ ဟူသော ဒေသနာတော် .... .... | ၂၇၈ |

www.burmeseclassic.com

www.burmeseclassic.com

( ဦ )　　အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | မိမိကိုယ်ကို ရှေးဦးစွာ ဆုံးမပြီးမှ သူတပါးအား ဆုံးမသင့်ကြောင်း ဒေသနာတော် .... .... | ၂၇၉ |
| ၁၉။ | သူတပါးကို ဆုံးမရလွယ်သလောက် မိမိကိုယ်ကို ဆုံးမသည့်အခါ မလွယ်ကြောင်း ဒေသနာတော် .... .... | ၂၇၉ |
| ၂၀။ | မိမိ ကိုယ်ကိုသာလျှင် အားကိုးရာ အမှန် ဖြစ်ကြောင်း ဒေသနာတော် .... .... | ၂၈၀ |
| ၂၁။ | အသက်ကြီးလျက် အကြားအမြင်မရှိသူသည် (လူ) ကြီးသည်နှင့် မတူကြောင်း ဒေသနာတော် .... .... | ၂၈၁ |
| ၂၂။ | ရဟန်းတို့သည် ညီညွတ်ခြင်းနှင့် ခြိုးခြံစွာ ကျင့်ခြင်းသည် ချမ်းသာ၏ ဟူသော ဒေသနာတော် .... .... | ၂၈၁ |
| ၂၃။ | နိုင်လျှင်ရန်များ ရှုံးလျှင်ဆင်းရဲ အနိုင်အရှုံးကို အလိုမရှိသူသည် စိတ်ချမ်းသာ၏ ဟူသော ဒေသနာတော် .... .... | ၂၈၂ |
| ၂၄။ | ရာဂမီးလောက် ပူသောမီးသည် မရှိပြီဟူသော ဒေသနာတော် | ၂၈၃ |
| ၂၅။ | အနာ ကင်းခြင်းသည် ကြီးစွာသော လာဘ်တပါးဟု ဟောသော ဒေသနာတော် .... .... | ၂၈၃ |
| ၂၆။ | သံချေးသည် သံကိုဖင်ပြန်၍ စားသည်ဟူသော ဒေသနာတော် | ၂၈၄ |
| ၂၇။ | မမြဲသောသင်္ခါရတရားကိုရှုမြင်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းဒေသနာတော် .... .... | ၂၈၄ |
| ၂၈။ | ဆင်းရဲသော သင်္ခါရတရားကို ရှုမြင်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်သော ဒေသနာတော် .... .... | ၂၈၅ |
| ၂၉။ | အစိုးမရသော သင်္ခါရတရားကို ရှုမြင် သူသည် နိဗ္ဗာန်သို့ ရောက်နိုင်သော ဒေသနာတော် .... .... | ၂၈၅ |
| ၃၀။ | နှိပ်စက်အပ်သော သေမင်းကို တားဆီးနိုင်သူ မရှိကြောင်း ဒေသနာတော် .... .... | ၂၈၆ |
| ၃၁။ | ယုတ်မာသော အကျင့်ကို ကျင့်သော ရဟန်းများသည် အပါယ်သို့ရောက်မည်ဖြစ်ကြောင်း ဒေသနာတော် .... | ၂၈၆ |
| ၃၂။ | ကိုယ်နှုတ်နှလုံး မစောင့်စည်းပဲ ဒါယကာလှူသော ဆွမ်းကို စားသော ရဟန်းသည် သံတွေခဲကို မျိုရသည်က မြတ်၏ ဟူသော ဒေသနာတော် .... .... | ၂၈၇ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ (ဃ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | သူတပါးမယားမှီဝဲသူသည် အပါယ်သို့ လားရကြောင်း ဒေသနာတော် .... .... | ၂၈၈ |
| ၃၄။ | မြတ်သောအလှူခံပုဂ္ဂိုလ်ကိုရွေးချယ်၍လှူဒါန်းသင့်ကြောင်း ဒေသနာတော် .... .... | ၂၈၈ |
| ၃၅။ | သံဃိကဝတ္ထုပစ္စည်းကိုစားမိ၍ ပြိတ္တာဖြစ်ရသော ကျီးကန်း ဒေသနာတော် .... .... | ၂၈၉ |
| ၃၆။ | ဘုရားကိုသာ ရှိခိုး၍ မနေပဲ တရားကိုသာလျှင် ကျင့်အပ်သော ဒေသနာတော် .... .... | ၂၉၀ |
| ၃၇။ | ဘုရားအနေကဇာတင် ဒေသနာတော် .... .... | ၂၉၁ |
| ၃၈။ | အမျက်ဒေါသကို ပယ်သတ်ခြင်းဖြင့် ချမ်းသာစွာ နေရကြောင်းဒေသနာတော် .... .... | ၂၉၂ |
| | (ဓမ္မပဒ ပါဠိတော်ကျမ်းမှ ဂါထာတော်များ ဖြစ်သည်) | |
| | **လောကနီတိကျမ်း ၁—ပဏ္ဍိတကဏ္ဍ** | |
| ၁။ | ပျင်းရိသူ၌ အတတ်ပညာ မရှိနိုင်ကြောင်း ပါဠိအနက် | ၂၉၄ |
| ၂။ | အတတ် ပညာနှင့် တူသော ဥစ္စာသည် မရှိကြောင်း ပါဠိ အနက် .... .... | ၂၉၄ |
| ၃။ | အတတ်ပညာကို ဖြေးဖြေးသင်အပ်ကြောင်း ပါဠိအနက်.... | ၂၉၄ |
| ၄။ | အဋ္ဌာရသ (၁၈) ရပ်သောပညာအကြောင်း ပါဠိအနက်.... | ၂၉၅ |
| ၅။ | ပညာရှိတို့သည်မမေးမူကား မပြောဆိုကြောင်းပါဠိအနက် | ၂၉၅ |
| ၆။ | ရေအတိမ်အနက်ကိုကြာရိုးကို ကြည့်သဖြင့်သိအပ်ကြောင်း ပါဠိအနက် .... .... | ၂၉၆ |
| ၇။ | အတတ်နှင့်တူသော မိတ်ဆွေ မရှိကြောင်း ပါဠိအနက်.... | ၂၉၆ |
| ၈။ | ကျီးကန်းတို့ အလယ်၌ ဟင်္သာသည် မတင့်တယ် ကြောင်း ပါဠိအနက် .... .... | ၂၉၆ |
| ၉။ | အရှူးနှင့်တူသူ ၄-ယောက် ပါဠိအနက် .... .... | ၂၉၇ |
| ၁၀။ | သူယုတ်မာ နှင့် တူသော လက္ခဏာသုံးပါး ပါဠိအနက် | ၂၉၇ |
| ၁၁။ | မရောင့်ရဲသူ ၄-ယောက် ပါဠိအနက် .... .... | ၂၉၇ |
| ၁၂။ | ယောကျ်ားများကို အထင် မသေးသင့်ကြောင်း ပါဠိအနက် | ၂၉၇ |


www.burmeseclassic.com

www.burmeseclassic.com

# ( ဩ ) အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စဉ်မျက်နှာ |
|---|---|---|
| ၁၃။ | အမိယုတ် အဖယုတ်မှ မွေးသော သားသည် အမူအရာ မကောင်းကြောင်း ပါဠိအနက် .... .... | ၂၉၈ |
| ၁၄။ | အမိမြတ် အဖမြတ်မှ မွေးသော သားသည် အမူအရာ ကောင်းကြောင်း ပါဠိအနက် .... .... | ၂၉၈ |
| ၁၅။ | သူယုတ်မာ၏မကောင်းသော အကျင့်အကြောင်းပါဠိအနက် | ၂၉၈ |
| ၁၆။ | အုန်းသီးလောက်ကြီးသော မိမိအပြစ်ကို မမြင်၊နှမ်းစေ့ခန့် ရှိသော သူတပါးအပြစ်ကို မြင်သော ပါဠိအနက် .... | ၂၉၉ |
| ၁၇။ | ဥဩငှက်၏အဆင်းသည် အသံသာဖြစ်ကြောင်းပါဠိအနက် | ၂၉၉ |
| ၁၈။ | မိန်းမတို့၏ ဥစ္စာကား အဆင်းသာဖြစ်ကြောင်းပါဠိအနက် | ၂၉၉ |
| ၁၉။ | ထမင်းကို အစာမကြေမီ မချီးမွမ်းအပ်ကြောင်း ပါဠိအနက် .... | ၃၀၀ |
| ၂၀။ | နှစ်လင် သုံးလင်ပြောင်းပြီးသော မိန်းမသည် မာယာများ တတ်ကြောင်း ပါဠိ အနက် .... .... | ၃၀၀ |
| ၂၁။ | သူယုတ်မာကို ပုတ်ခတ် ဆုံးမခြင်းဖြင့် ယဉ်ကျေးမည် ဖြစ်ကြောင်း ပါဠိအနက် .... .... | ၃၀၀ |
| ၂၂။ | သားတရာပင် မွေးဖွားသော်လည်း စွန့်ပစ်ထိုက်သော မိန်းမ အကြောင်း ပါဠိအနက် .... .... | ၃၀၀ |
| ၂၃။ | ဆင်းရဲသော အမျိုး၌ ဖြစ်စေကာမူ ထိမ်းမြားသင့်သော မိန်းမပျိုအကြောင်း ပါဠိအနက် .... .... | ၃၀၁ |
| ၂၄။ | အရွယ်လွန်ပြီးသော ယောကျ်ားသည် မိန်းမငယ်ကို ယူသဖြင့် ပျက်စီးတတ်ကြောင်း ပါဠိအနက် .... .... | ၃၀၁ |
| ၂၅။ | ရဟန်းသည် မရောင့်ရဲမှု ပျက်စီးတတ်ကြောင်းပါဠိအနက် | ၃၀၂ |
| ၂၆။ | ငှက်တို့၏ အားသည် ကောင်းကင်၌သာ ရှိကြောင်း ပါဠိအနက် .... .... | ၃၀၂ |
| ၂၇။ | နာယကဂုဏ် ၆-ပါး ပါဠိအနက် .... .... | ၃၀၂ |
| ၂၈။ | တကြိမ်တည်းသာလျှင် စကားဆိုတတ်သူများ ပါဠိအနက် .... | ၃၀၃ |
| ၂၉။ | လောက၌ မကောင်းသောသူ ၄-ယောက် ပါဠိအနက် .... | ၃၀၃ |
| ၃၀။ | မင်းများပြုအပ်သော အမှုကိစ္စ ၄-မျိုး ပါဠိအနက် — | ၃၀၃ |
| ၃၁။ | သားသမီးမကောင်း မိဘခေါင်း ပါဠိအနက် .... .... | ၃၀၄ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃၂။ ပညာရှိသည် မရောက်သေးသော ဘေးကို မြင်သည်ရှိသော် အဝေးကပင် ရှောင်တတ်ကြောင်း ပါဠိအနက် .... .... ၃၀၄
၃၃။ ကွမ်း၏ အရိုးနှင့် အဖျားသည် မစားကောင်း၊အရွက်ကိုသာ စားကောင်းကြောင်း ပါဠိအနက် .... .... ၃၀၄
၃၄။ သူယုတ်မာသည် အစပထမသာ ကောင်း၍ ကြာလျှင် မကောင်းသော ပါဠိအနက် .... .... ၃၀၅

(စတုရင်္ဂဗလအမတ်ကြီး ပြုစုသော လောကနီတိကျမ်းမှ ဖြစ်သည်။)


## အထွေထွေ ကဏ္ဍ


၁။ ငါးပါးသီလ ခံယူခြင်းအကြောင်း သိကောင်းစရာ .... ၃၀၅
၂။ အကောင်းဆုံး ဘုရားရှိခိုးဂုဏ်တော်ကွန်ချာ .... .... ၃၀၈
၃။ သောတာပန် ပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ.... .... ၃၁၃
၄။ သကဒါဂါမိ ပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ.... .... ၃၁၄
၅။ အနာဂါမိ ပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ .... .... ၃၁၄
၆။ ရဟန္တာ ပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ .... .... ၃၁၅
၇။ ရဟန်းတော်များ ဝါဆိုသည့်အခါ၌ ရွတ်ဆိုရသော ပါဠိအနက် ၃၁၅
၈။ ရဟန်းတော်များ ဝါတွင်း၌ ဝါပန်သည့်အခါ ရွတ်ဆိုရသော ပါဠိအနက် .... .... ၃၁၅
၉။ ဝါပန်ပြီးပါက သတိပြုစရာများ .... .... ၃၁၆
၁၀။ ဝါတွင်းအခါ လ,ဝက်၌ ဥပုသ်ပြုရသော ပါဠိအနက် .... ၃၁၆
၁၁။ ဓေသနာ ကြားခြင်း (သို့မဟုတ်) အာပတ် ဖြေခြင်း ပါဠိအနက် .... .... ၃၁၇
၁၂။ ဝါကျွတ်သည့်အခါ ပဝါရဏာပြုရာ၌ ဆိုသော ပါဠိအနက် .... ၃၁၈


www.burmeseclassic.com

www.burmeseclassic.com



# အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ရဟန်းများ လူထွက်သည့်အခါ၌ ဆိုရသော ပါဠိအနက် .... | ၃၁၉ |
| ၁၄။ | ရဟန်းသည် ဆွမ်းလောင်းသော မိန်းမ၏ မျက်နှာကို မကြည့်အပ်ကြောင်း ပါဠိအနက် .... .... | ၃၁၉ |
| ၁၅။ | ရဟန်းများ မနုတ်ပယ်သင့်သော လောမများကို ပြသော ပါဠိအနက် .... .... | ၃၁၉ |
| ၁၆။ | ရဟန်းများသည် ခိုးသူတို့၏ အကျိုးမဲ့ကို မပြုသင့်ကြောင်း ပါဠိအနက် .... .... | ၃၂၀ |
| ၁၇။ | ရဟန်းများသည် မင်းများ၏ ကစားကွင်းစသည်၌ မကြည့်အပ်ကြောင်း ပါဠိအနက် .... .... | ၃၂၀ |
| ၁၈။ | ရဟန်းများသည် ကျန်းမာလျက်ရှိက မြို့ရွာအတွင်း၌ ဖိနပ် မစီးသင့်ကြောင်း ပါဠိအနက် .... .... | ၃၂၁ |
| ၁၉။ | ရဟန်းတော်များသည် ကျန်းမာလျက် ရှိက မြို့ရွာအတွင်း၌ ထီးမဆောင်းသင့်ကြောင်းပါဠိအနက် .... .... | ၃၂၁ |
| ၂၀။ | ပြုလုပ်မှုကိစ္စဟူသမျှကိုနေ့ရက်မရွေ့ပဲ ပြုလုပ်သင့်ကြောင်း ပါဠိအနက် .... .... | ၃၂၁ |
| ၂၁။ | မျက်စိသည် အဆင်းနှင့်တွေ့ပါက ရာဂစိတ်ဖြစ်နိုင်ကြောင်း ပါဠိအနက် .... .... | ၃၂၂ |
| ၂၂။ | ခန္ဓာဝန်ကို ထမ်းဆောင်၍ နေရခြင်းသည် အလွန်ပင်ပန်း ကြောင်း ပါဠိအနက် .... .... | ၃၂၃ |
| ၂၃။ | အချိန်ကာလကို မဖြုန်းပဲ ရုပ်နာမ် ဖြစ်ပျက်မှု ကိုသာ ရှုသင့်ကြောင်း ပါဠိအနက် .... .... | ၃၂၃ |
| ၂၄။ | စေတနာကို ကံဟူ၍ ဟောတော်မူခြင်း ပါဠိအနက် .... | ၃၂၄ |
| ၂၅။ | မာန်လည်ဆရာတော်ဘုရား၏ ထင်ရှားသော လက်ရွေးစင် လင်္ကာများ .... .... | ၃၂၄ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆။ | အနန္တသူရိယအမတ်ကြီး၏ အမျက်ဖြေ လင်္ကာ .... | ၃၂၈ |
| ၂၇။ | အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောတရားကျင့်ရာအရပ် (လင်္ကာ) | ၃၂၈ |
| ၂၈။ | လူဖြစ်စေသောမှု သံဃာစာရင်း၌ ပါဝင်သော ပုဂ္ဂိုလ်များ၏ ဒေသနာတော် .... .... | ၃၂၈ |
| ၂၉။ | သောတာပန်သည် အကုသိုလ်ကို ပြုစေကာမူ အပါယ် မရောက်သော ဒေသနာတော် .... .... | ၃၃၀ |
| ၃၀။ | ရဟန္တာသည် ကံဟောင်း ကုန်ပြီး၍ ကံသစ် မဖြစ်တော့သော ဒေသနာတော် .... .... | ၃၃၀ |
| ၃၁။ | အညမည မိတ်ဆွေအချင်းချင်း ဆင်းရဲမှုကို မလိုလားသင့်ကြောင်း ဒေသနာတော် .... .... | ၃၃၁ |
| ၃၂။ | အရှေ့ဘက် အရပ်၌ရှိသော ဂန္ဓဗ္ဗနတ်တို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၂ |
| ၃၃။ | တောင်ဘက် အရပ်၌ရှိသော ကုမ္ဘဏ်နတ်တို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၂ |
| ၃၄။ | အနောက်ဘက် အရပ်၌ရှိသော နတ်နဂါးတို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၂ |
| ၃၅။ | မြောက်ဘက် အရပ်၌ရှိသော နတ်ဘီလူးတို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၃ |
| ၃၆။ | လောကပါလ နတ်မင်းကြီး လေးပါးအား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၃ |
| ၃၇။ | ကောင်းကင်၌ တည်ရှိသော နတ်မင်းကြီးတို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၄ |
| ၃၈။ | သာသနာတော်၌တည်ရှိကုန်သော နတ်မင်းကြီးများအား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း .... .... | ၃၃၄ |

www.burmeseclassic.com

www.burmeseclassic.com



## အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉။ | ခပ်သိမ်းသော ဘေးအပေါင်း ကင်းကြ ပါစေကြောင်း ဆုတောင်း ဂါထာ .... .... | ၃၃၅ |
| ၄၀။ | ရတနာသုံးပါး၏ အာနုဘော်ကြောင့် ဘေးရန်အပေါင်း ကင်းကြပါစေကြောင်း ဆုတောင်းဂါထာ .... .... | ၃၃၅ |
| ၄၁။ | ဒုက္ခ, ဘယ, သောကမှ ကင်းဝေးကြ ပါစေကြောင်း ဆုတောင်း ဂါထာ .... .... | ၃၃၆ |
| ၄၂။ | ကောင်းမှုပေးဝေသည်ကိုဝမ်းမြောက် ရွှင်လန်းစွာ ခံယူကြ ပါမည့်အကြောင်း ဂါထာ .... .... | ၃၃၇ |
| ၄၃။ | ကောင်းမှု ပေးဝေပြီး၍ မိမိတို့ လိုရာအရပ်သို့ ပြန်ကြွနိုင်ပါ ကြောင်း သတိပေးနှိုးဆော် ဂါထာ .... .... | ၃၃၈ |
| ၄၄။ | ရတနာသုံးပါးကိုအာရုံပြုရသောစေတနာကြောင့် နတ်မင်း များမ စောင့်ရှောက်၍ ကျန်းမာစေကြောင်း ဂါထာ .... | ၃၃၈ |
| ၄၅။ | မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးငှါ ပါရမီဖြည့် ကျင့်တော်မူသော ဂါထာ .... .... | ၃၃၉ |
| ၄၆။ | မြတ်စွာဘုရားသည် အပရာဇိတပလ္လင်ကို အောင်တော်မူသကဲ့သို့ သတ္တဝါတို့သည်လည်း အောင်ပါစေကြောင်းဂါထာ .... | ၃၄၀ |
| ၄၇။ | ပါဠိအကြောင်း သိကောင်းစရာ .... .... | ၃၄၁ |
| ၄၈။ | ဘုရားအလောင်း ပုဏ္ဏား ရွတ်ဆိုသော ပထဝီဇယမန္တန် ဂါထာ ပါဠိအနက် .... .... | ၃၄၆ |
| ၄၉။ | အမှားကို ဝန်ချ ကန်တော့သည့်အခါ၌ ပေးသောဆု .... | ၃၅၂ |
| ၅၀။ | ငယ်ရွယ်သူများမှ မိမိကိုကန်တော့သည့်အခါ၌ ပေးသောဆု.... | ၃၅၂ |
| ၅၁။ | အလှူရှင်အများ စုပေါင်းလှူဒါန်းသည့်အခါ၌ ပေးသောဆု .... | ၃၅၂ |
| ၅၂။ | အလှူရှင်လင်မယားနှစ်ဦးမှ လှူဒါန်းသည့်အခါ၌ ပေးသောဆု | ၃၅၃ |


www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | (တနည်း)အလှူရှင် လင်မယားနှစ်ဦးမှ လှူဒါန်းသည့်အခါ၌ ပေးသောဆု .... .... | ၃၅၃ |
| ၅၄။ | အလှူရှင်တဦးတည်းမှ လှူဒါန်းသည့်အခါ၌ ပေးသောဆု .... | ၃၅၃ |
| ၅၅။ | နိဗ္ဗာန်ဆော် စာတမ်း .... .... | ၃၅၄ |
| ၅၆။ | နိဗ္ဗာန်ဆော် အကြောင်း .... .... | ၃၅၄ |
| ၅၇။ | ဝတ်လှည့် ဝတ်တက်ခြင်းအကြောင်း .... .... | ၃၅၅ |
| ၅၈။ | နိဂုံး သံဝေဂ ယူစရာ ဂါထာ .... .... | ၃၅၈ |
| ၅၉။ | အလှူရေစက်ချ ပါဠိအနက် .... .... | ၃၅၉ |
| ၆၀။ | မြန်မာ့ရိုးရာ အကောင်းဆုံး သွားတိုက်ဆေး .... .... | ၃၆၀ |
| ၆၁။ | ရဟန်းများ မခံယူအပ်သော ပစ္စည်းများ .... .... | ၃၆၂ |
| ၆၂။ | ရဟန်းများ မကိုင်တွယ်အပ်သော ပစ္စည်းများ .... .... | ၃၆၂ |
| ၆၃။ | ရဟန်းများမှဒါယကာများသို့ မပြုအပ်သောအကျင့် .... | ၃၆၃ |
| ၆၄။ | ရဟန်းများသည် မသိုမှီး မသိမ်းဆည်းအပ်ခြင်း .... .... | ၃၆၃ |
| ၆၅။ | ရဟန်းများသည် ချွန်မင်ဖိုလ်ရကြောင်းကို မပြောရ .... | ၃၆၃ |
| ၆၆။ | ဒုတိယ ပါရာဇိက အဒိန္နာဒါနသိက္ခာပုဒ် အကျယ် .... | ၃၆၄ |
| ၆၇။ | ငါးပါးသီလအကျယ်ကို ပြဆိုခြင်း .... .... | ၃၆၆ |
| ၆၈။ | မှတ်သားထိုက်စရာ လင်္ကာများ .... .... | ၃၇၀ |
| ၆၉။ | အမှားဖြင့်ဆိုက အကျိုးမရ .... .... | ၃၇၂ |
| ၇၀။ | ဗျည်းအက္ခရာအကြောင်း သိဖို့ကောင်း .... .... | ၃၇၃ |
| ၇၁။ | အိပ်ရေးဝလျှင် ကျန်းမာရှင် .... .... | ၃၇၈ |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာချုပ်

| အမှတ်စဉ် | မာတိကာချုပ် | အပါးဦးရေ |
|---|---|---|
| ၁။ | ၁-ပါးသော တရားများ .... .... | ၃၆-ပါး |
| ၂။ | ၂-ပါးသော တရားများ .... .... | ၄၈-ပါး |
| ၃။ | ၃-ပါးသော တရားများ .... .... | ၈၄-ပါး |
| ၄။ | ၄-ပါးသော တရားများ .... .... | ၉၈-ပါး |
| ၅။ | ၅-ပါးသော တရားများ .... .... | ၁၁၃-ပါး |
| ၆။ | ၆-ပါးသော တရားများ .... .... | ၄၅-ပါး |
| ၇။ | ၇-ပါးသော တရားများ .... .... | ၄၀-ပါး |
| ၈။ | ၈-ပါးသော တရားများ .... .... | ၃၄-ပါး |
| ၉။ | ၉-ပါးသော တရားများ .... .... | ၁၂-ပါး |
| ၁၀။ | ၁၀-ပါးသော တရားများ .... .... | ၃၇-ပါး |
| ၁၁။ | ၁၁-ပါးသော တရားများ .... .... | ၇-ပါး |
| ၁၂။ | ၁၂-ပါးသော တရားများ .... .... | ၈-ပါး |
| ၁၃။ | ၁၃-ပါးသော တရားများ .... .... | ၆-ပါး |
| ၁၄။ | ၁၄-ပါးသော တရားများ .... .... | ၃-ပါး |
| ၁၅။ | ၁၅-ပါးသော တရားများ .... .... | ၁-ပါး |
| ၁၆။ | ၁၆-ပါးသော တရားများ .... .... | ၇-ပါး |
| ၁၇။ | ၁၈-ပါးသော တရားများ .... .... | ၃-ပါး |
| ၁၈။ | ၂၀-ပါးသော တရားများ .... .... | ၄-ပါး |
| ၁၉။ | ၂၁-ပါးသော တရားများ .... .... | ၂-ပါး |
| ၂၀။ | ၂၄-ပါးသော တရားများ .... .... | ၁-ပါး |
| ၂၁။ | ၂၅-ပါးသော တရားများ .... .... | ၃-ပါး |

www.burmeseclassic.com

## မာတိကာ (ကေ)


| အမှတ်စဉ် | မာတိကာချုပ် | အပါးဦးရေ |
|---|---|---|
| ၂၂။ | ၂၈-ပါးသော တရားများ .... .... | ၂-ပါး |
| ၂၃။ | ၃၀-ပါးသော တရားများ .... .... | ၂-ပါး |
| ၂၄။ | ၃၁-ပါးသော တရားများ .... .... | ၁-ပါး |
| ၂၅။ | ၃၂-ပါးသော တရားများ .... .... | ၄-ပါး |
| ၂၆။ | ၃၇-ပါးသော တရားများ .... .... | ၂-ပါး |
| ၂၇။ | ၃၈-ပါးသော တရားများ .... .... | ၁-ပါး |
| ၂၈။ | ၄၀-ပါးသော တရားများ .... .... | ၄-ပါး |
| ၂၉။ | ၄၁-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၀။ | ၄၂-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၁။ | ၅၃-ပါးသော တရားများ .... .... | ၂-ပါး |
| ၃၂။ | ၇၁-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၃။ | ၇၄-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၄။ | ၇၅-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၅။ | ၈၀-ပါးသော တရားများ .... .... | ၄-ပါး |
| ၃၆။ | ၈၂-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၇။ | ၉၂-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၈။ | ၉၆-ပါးသော တရားများ .... .... | ၁-ပါး |
| ၃၉။ | ၁၀၁-ပါးသော တရားများ .... .... | ၁-ပါး |
| ၄၀။ | ၁၀၈-ပါးသော တရားများ .... .... | ၁-ပါး |
| ၄၁။ | ၁၃၆-ပါးသော တရားများ .... .... | ၁-ပါး |
| ၄၂။ | ၂၂၇-ပါးသော တရားများ .... .... | ၁-ပါး |
| ၄၃။ | ၅၂၈-ပါးသော တရားများ .... .... | ၁-ပါး |
| ၄၄။ | ၁၅၀၀-ပါးသော တရားများ .... .... | ၁-ပါး |
| | ပေါင်း .... | ၆၂၈-ပါး |


www.burmeseclassic.com

www.burmeseclassic.com

## ( ကဲ ) အထွေထွေ ဗဟုသုတ မာတိကာကျမ်း


| အမှတ်စဉ် | မာတိကာချုပ် | | | အပါဒ်ဦးရေ |
|---|---|---|---|---|
| ၁။ | ၅၅၀-ဇာတ်တော်မှ ဒေသနာတော် | .... | .... | ၁၁-ပါဒ် |
| ၂။ | ဓမ္မပဒ ပါဠိတော်မှ ဒေသနာတော် | .... | .... | ၃၈-ပါဒ် |
| ၃။ | လောကနီတိကျမ်းမှ ဂါထာ | .... | .... | ၃၄-ပါဒ် |
| ၄။ | အထွေထွေ ကဏ္ဍမှ | .... | .... | ၇၁-ပါဒ် |
| | ဒေသနာတော်ပေါင်း | | .... | ၁၅၄-ပါဒ် |

| | | | |
|---|---|---|---|
| ( က ) | တရားပေါင်း | .... .... | ၆၂၈-ပါဒ် |
| ( ခ ) | ဒေသနာပေါင်း | .... .... | ၁၅၄-ပါဒ် |
| | စုစုပေါင်း | .... | ၇၈၂-ပါဒ် |


ဤကား နိဂုံတံ။

(၆-၁၀-၇၅) နေ့ ပြီးဆုံးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မူလဘာသာဆိုင်ရာ

# အထွေထွေဗဟုသုတမာတိကာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁ - ပါးသော တရားများ

၁။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ အရပ်သည် (နိဗ္ဗာန်တရား) ၁-ပါးသာရှိ၏။
(ကေက အင်္ဂုတ္တိုရ်)

၂။ သာရကမ္ဘာ၌ (ဘုရား) ၁-ဆူသာလျှင် ပွင့်တော်မူ၏။
(ကေက အင်္ဂုတ္တိုရ်)

၃။ တလောကထဲ၌ စကြာမင်း ၂-ပါး မရှိကောင်း၊ ၁-ပါးသာလျှင် ဖြစ်တော်မူ၏။
(ကေက အင်္ဂုတ္တိုရ်)

၄။ ဧကော ဓမ္မော- တရားသည် အဓိက, တရားသည် ပဓာန, တရားသည် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်မှု ၁-ခု တည်းသာ ဖြစ်၏။
(ကေက အင်္ဂုတ္တိုရ်)

၅။ ကေဝေါကာရ- ရုပ်ခန္ဓာ ၁-ပါးသာရှိသော အသညသတ် ဗြဟ္မာဘုံ သက်တမ်း ကမ္ဘာ ၅၀၀ ရှိ၏။
(ကေက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com

(၂) - အထွေထွေဗဟုသုတ မာတိကာကျမ်း

၆။ စိတ်-စိတ်သည် လျင်မြန်စွာ ပြောင်းလဲတတ်၏၊ စိတ်လောက်လျင်မြန်သော အရာသည် နောက်တခု မရှိပြီ။
(ဧကက အင်္ဂုတ္တိုရ်)

၇။ ရဟန်း၀ါ ရင့်ကျက်သော ရဟန်းတို့တွင် အညာသိကောဏ္ဍည ၁-ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၈။ ကြီးသောပညာနှင့်ပြည့်စုံသော တပည့်ရဟန်းတို့တွင် ရှင်သာရိပုတ္တရာ ၁-ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၉။ တန်ခိုးကြီးခြင်းနှင့်ပြည့်စုံသော တပည့်ရဟန်းတို့တွင် ရှင်မောဂ္ဂလာန် ၁-ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၁၀။ ဓုတင်(၁၃)ပါးနှင့်ပြည့်စုံသောတပည့်ရဟန်းတို့တွင် ရှင်မဟာကဿပ ၁-ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၁၁။ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့်ပြည့်စုံသော တပည့်ရဟန်းတို့တွင် ရှင်အနုရုဒ္ဓါ ၁-ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၁၂။ ကိုယ်မျှားစွာ ဖန်ဆင်းတတ်သော တပည့်ရဟန်းတို့တွင် ရှင်စူဠပန္ထက ၁ ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၁၃။ လာဘ်လာဘများသော တပည့်ရဟန်းတို့တွင် ရှင်သီဝလိ ၁ ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

၁၄။ သဒ္ဓါတရား ချစ်ခင်မှုနှင့်ပြည့်စုံသော တပည့်ရဟန်းတို့တွင် ရှင်ဝက္ကလိ ၁-ပါးသာလျှင် ရှိတော်မူ၏။
(ဧကက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



၁၅။ လျှင်စွာမင်ဖိုလ် အသိဉာဏ်ရသော တပည့်ရဟန်းတို့တွင် ဗာဟိယဒါရုစီရိယ ၁-ပါးသာလျှင် ရှိတော်မူ၏။

(ကေက အင်္ဂုတ္တိုရ်)

၁၆။ အနာရောဂါကင်းသော တပည့်ရဟန်းတို့တွင် ရှင်ဗာကုလ ၁-ပါးသာလျှင် ရှိတော်မူ၏။

(ကေက အင်္ဂုတ္တိုရ်)

၁၇။ ဝိနည်းကို ဆောင်နိုင်သော တပည့်ရဟန်းတို့တွင် ရှင်ဥပါလိ ၁-ပါးသာလျှင် ရှိတော်မူ၏။

(ကေက အင်္ဂုတ္တိုရ်)

၁၈။ ခုနစ်နှစ်သမီးအရွယ်နှင့် ရဟန္တာမဖြစ်သော သူတို့တွင် ကေုပေါသထ ၁-ပါးသာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၁၉။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံသော တပည့် ရဟန်းမိန်းမတို့တွင် ခေမာထေရီ ၁-ပါးသာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၀။ တန်ခိုးကြီးခြင်းနှင့် ပြည့်စုံသော တပည့်ရဟန်းမိန်းမတို့တွင် ဥပ္ပလဝဏ်ထေရီ ၁-ပါးသာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၁။ ဝိနည်းကိုဆောင်နိုင်သော တပည့်ရဟန်းမိန်းမတို့တွင် ပဋာစာရီထေရီ ၁-ပါးသာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၂။ တရားဟောရာ၌ တတ်စွမ်းသော တပည့်ရဟန်းမိန်းမတို့တွင် ဓမ္မဒိန္နာထေရီ ၁-ပါးသာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



၂၃။ လှူဒါန်းမှု၌ မွေ့လျော်သော သူတို့တွင် သုဒတ္တ(ခေါ်) အနာထပိဏ် သူဌေး ၁-ဦးသာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၄။ ရှေးဦးစွာ သရဏဂုံတည်သော ဥပါသိကာမတို့တွင် သေနိယသူဌေး သမီး သုဇာတာ တယောက်သာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၅။ အလှူဖြင့်မွေ့လျော်သော ဥပါသိကာမ တို့တွင် ကျောင်းအမ ဝိသာခါ တယောက်သာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၆။ အကြားအမြင်များသော ဥပါသိကာမ တို့တွင် ခုဇ္ဇုတ္တရာ တယောက် သာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၇။ မေတ္တာစိတ် ပွါးများလေ့ ရှိသော ဥပါသိကာမတို့တွင် သာမာဝတီ တယောက်သာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၈။ သူနာကို လုပ်ကျွေး ပြုစုတတ်သော ဥပါသိကာမတို့တွင် သုပ္ပိယ တယောက်သာလျှင် ရှိ၏။

(ကေက အင်္ဂုတ္တိုရ်)

၂၉။ မိန်းမ၏ အဆင်းလောက် ယောကျ်ား၏ စိတ်ကို ဆွဲဆောင်နိုင်သော အခြား အဆင်းတခုသည် မရှိပြီ။

(ကေက အင်္ဂုတ္တိုရ်)

၃၀။ မိန်းမ၏ အသံလောက် ယောကျ်ား၏ စိတ်ကို ဆွဲဆောင်နိုင်သော အခြား အသံတခုသည် မရှိပြီ။

(ကေက အင်္ဂုတ္တိုရ်)

၃၁။ မိန်းမ၏ အနံ့လောက်ယောကျ်ား၏စိတ်ကို ဆွဲဆောင်နိုသော အခြား အနံ့တခုသည် မရှိပြီ။

(ကေက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



၃၂။ မိန်းမ၏ အရသာလောက် ယောကျ်ား၏စိတ်ကို ဆွဲဆောင် နိုင်သော အခြား အရသာ တခုသည် မရှိပြီ။
(ကေက အင်္ဂုတ္တိုရ်)

၃၃။ မိန်းမ၏ အတွေ့လောက် ယောကျ်ား၏ စိတ်ကို ဆွဲဆောင်နိုင်သော အခြား အတွေ့ တခုသည် မရှိပြီ။
(ကေက အင်္ဂုတ္တိုရ်)

ထို့အတူ မိန်းမ၏ စိတ်ကို ဆွဲဆောင်နိုင်သော ယောကျ်ား၏အဆင်း စသော ၅-ပါးလည်း ဤအတိုင်းပင်တည်း။
(ကေက အင်္ဂုတ္တိုရ်)

**သညာ ၁-ပါး**

၃၄။ သညာ ၁-ပါး၊ စားအပ်သောအစာ၌ စက်ဆုပ်ဖွယ် အဖြစ်ကို ဆင်ခြင် မှတ်သော အမှတ်သညာ။

**ဝတ္ထာန် ၁-ပါး**

၃၅။ ဝဝတ္ထာန် ၁-ပါး၊ မိမိကိုယ်၌ရှိသော ဓာတ် ၄-ပါးကို မှတ်ခြင်းဖြင့် ရှုဆင်ခြင်၍ ဆုံးဖြတ်ခြင်း။

**အသိခေက်ဂါထာ ၁-ခု**

၃၆။ မေတ္တာသတ္တော အနန္တော* မေတ္တာသတ္တော၊ မေတ္တာစိတ်ထားအပ် သော (ညွတ်အပ်သော) သတ္တဝါသည်။ အနန္တော၊ မည်၍မည်မျှဟူ၍ ရေတွက်၍ မရနိုင်ပါတတား။

၁-ပါးသော တရားကား နိဋ္ဌိတံ။

---

* မေတ္တာသတ္တေါ အနန္တော-ဟုလည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၂-ပါးသော တရားများ

**၁ အကျိုးတရား (၂)ပါး**

၁။ အတ္တဟိတ- မိမိအကျိုးရှိမှုကို ပြုလုပ်ခြင်း။

၂။ ပရဟိတ - သူတပါးအကျိုးရှိမှုကို ပြုလုပ်ခြင်း။

**၂ အနိယတ ရဟန်းသိက္ခာပုဒ်(၂)ပါး**

၁။ ရဟန်းသည် မိန်းမနှင့် အကာအကွယ်ရှိသော အမျှား မမြင်သော နေရာ၌ ၂-ယောက်တည်း အတူမနေရ။

၂။ ရဟန်းသည် မိန်းမနှင့် အကာအကွယ်မရှိသော အမျှားမကြားရသော နေရာ၌ အတူမနေရ။

(ဝိနည်းတော် ၂၂၇-မှ)

**၃ အပွမည်သ စေတသိက်(၂)ပါး**

၁။ ကရုဏာ-ဆင်းရဲသူများကို မြင်က သနားခြင်း။

၂။ မုဒိတာ - ချမ်းသာမှု ရသူများကို မြင်ပါက ဝမ်းမြောက်ခြင်း။

**၄ အစိုးမရသော တရား(၂)ပါး**

၁။ မိုးသီး- မိုးသီးသည် ရွာမလိုလို့နှင့် မရွာဘဲ ဖြစ်တတ်၏၊ မရွာဘူးလိုလို နှင့်လည်း ရွာတတ်၏၊ သူ့သဘောကို မည်သူမှ အစိုးမရ။

၂။ နွားသိုး- နွားသိုးသည် စိတ်ကောင်းရှိသည် မရှိသည်ဟု မသိ၊ သူဝေ့ လိုသည့်အခါ၊ သခင်ကိုပင် ပြန်ဝှေ့၏၊ သူ့သဘောကို အစိုးမရ။

**၅ အုပ်စု (၂)မျိုး**

၁။ ဝဂ္ဂ- မညီညွတ်သော အုပ်စု။

၂။ သမဂ္ဂ- ညီညွတ်သော အုပ်စု။

www.burmeseclassic.com

www.burmeseclassic.com



၆ ကုသိုလ် (၂) မျိုး

၁။ လောကီကုသိုလ်- ဒါန, သီလ စသော ဘာသာရေးဆိုင်ရာ ပြုလုပ်မှု ကုသိုလ်။

၂။ လောကုတ္တရာကုသိုလ်-လောကမှ ထွက်မြောက်ရန် ဝိပဿနာပြုကျင့်မှု ကုသိုလ်။

၇ ကျေးဇူးရှိသော တရား (၂) ပါး

၁။ သတိ-အောက်မေ့မှုတရား။

၂။ သမ္ပဇဉ်-ဆင်ခြင်ဉာဏ်ရှိမှုတရား။

၈ ကျေးဇူးဆပ်၍ မကုန်နိုင်သူ (၂) ပါး

၁။ မွေးသည့်မိခင်။

၂။ ကျွေးသည့်ဖခင်။

(အင်္ဂုတ္တိုရ်)

၉ ခုနစ်နှစ်အရွယ် ရဟန်းအမွေရသော သာမဏေ (၂) ပါး

၁။ သုမနသာမဏေ။

၂။ သောပါကသာမဏေ။

၁၀ ချမ်းသာခြင်း (၂) မျိုး

၁။ ကာယသုခ-ကိုယ်၏ ချမ်းသာခြင်း။

၂။ စိတ္တသုခ-စိတ်၏ချမ်းသာခြင်း။

၁၁ ဆင်ခြင်အပ်သော အရာ (၂) ပါး

၁။ ချီးမွမ်းလဲ မစောနဲ့။

၂။ အပြစ်တင်လဲ မလော်နဲ့။

၁၂ ဆင်းရဲခြင်း (၂) မျိုး

၁။ ကာယိကဒုက္ခ-ကိုယ်၏ ဆင်းရဲခြင်း။

၂။ စေတသိကဒုက္ခ-စိတ်၏ ဆင်းရဲခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၃ ဒါန (၂) မျိုး

၁။ ဇီဝိတဒါန-အပြစ်ရှိသူကို အသက်ဘေးမှ ချမ်းသာပေးခြင်း။

၂။ အဘယဒါန-အပြစ်ရှိသူကို အပြစ်ဒဏ်ဘေးမှ ချမ်းသာပေးခြင်း။

၁၄ ဓုရ (၂) ပါး

၁။ ဂန္ထဓုရ-စာပေပရိယတ္တိ သင်အံ့ပို့ချခြင်း။

၂။ ဝိပဿနာဓုရ-ဝိပဿနာကျင့်ကြံအားထုတ် ပွားများခြင်း။

၁၅ နိဗ္ဗာန်ပရိယာယ် (၂) ပါး

၁။ သဥပါဒိသေသနိဗ္ဗာန်-ခန္ဓာရှိစဉ် ရအပ်သော နိဗ္ဗာန်၊ ရဟန္တာအဖြစ်ကို ဆို၏။

၂။ အနုပါဒိသေသနိဗ္ဗာန်-ခန္ဓာချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်ပြုသဖြင့် ရသော နိဗ္ဗာန်ကို ဆို၏။

၁၆ ပညာ (၂) မျိုး

၁။ လောကီပညာ-ဝိဇ္ဇာ, သိပ္ပံ ပညာသင်ကြားတတ်မြောက်မှု။

၂။ လောကုတ္တရာပညာ-လောကမှထွက်မြောက်ရန် ကျင့်ရမည်ဖြစ်သော ဝိပဿနာပညာ။

၁၇ ပညာရှိ (၂) မျိုး

၁။ မိမိ၌ရှိသောအပြစ်ကို အပြစ်ဟု ရှုသောသူ။

၂။ အမှားကို ဝန်ချတောင်းပန်သည်ကို တရားသဘောအရ လက်ခံသူ။

၁၈ ပယ်အပ်သော တရား (၂) ပါး

၁။ အဝိဇ္ဇာ-သစ္စာလေးပါး မသိခြင်းတရား။

၂။ တဏှာ-တွယ်တာတပ်မက်ခြင်းတရား။

၁၉ ပွားများအပ်သော တရား (၂) ပါး

၁။ သမထ-စိတ်၏တည်ငြိမ်မှုရရှိခြင်း၊ စျာန်တရားကို ဆို၏။

၂။ ဝိပဿနာ-အနိစ္စ,ဒုက္ခ, အနတ္တ လက္ခဏာသုံးပါးကို အထူးဆင်ခြင်မှု။

www.burmeseclassic.com

www.burmeseclassic.com



**၂၀ ပိုင်းခြား၍ သိအပ်သော တရား (၂) ပါး**

၁။ ရုပ်- ထင်ရှားရှိသော ခန္ဓာကိုယ်။

၂။ နာမ်- အာရုံကို သိခြင်းသဘောတရား။

**၂၁ ဘာဝရုပ် (၂) ပါး**

၁။ ဣတ္ထိဘာဝရုပ်- မိန်းမ၏အသွင် ပုံသဏ္ဍာန်။

၂။ ပုမ္ဘာဝရုပ်-ယောကျာ်း၏အသွင် ပုံသဏ္ဍာန်။

**၂၂ မသင့်သော အယူ (၂) မျိုး**

၁။ သဿတ ဒိဋ္ဌိ-မရှိသည်ကို ရှိသည်ဟူ၍ ထင်မှတ်ခြင်း။

၂။ ဥစ္ဆေဒဒိဋ္ဌိ-ရှိသည်ကို မရှိဟူ၍ ထင်မှတ်ခြင်း။

**၂၃ မြတ်စွာဘုရား၏ အရံ ရဟန္တာ (၂) ပါး**

၁။ ရှင်သာရိပုတ္တရာထေရ်-လက်ျာရံ။

၂။ ရှင်မောဂ္ဂလာန်ထေရ်-လက်ဝဲရံ။

(အင်္ဂုတ္တိုရ်)

**၂၄ မြတ်စွာဘုရား၏ အရံ ရဟန္တာမ (၂)ပါး**

၁။ ခေမာထေရီ- လက်ျာရံ။

၂။ ဥပ္ပလဝဏ်ထေရီ-လက်ဝဲရံ။

(အင်္ဂုတ္တိုရ်)

**၂၅ ရဟန်းတော်များ ဝါကပ်ခြင်း (၂) မျိုး**

၁။ ပုရိမဝါ-ဝါဆိုလပြည့်ကျော်(၁)ရက် ဝါကပ်၍ သီတင်းကျွတ်လပြည့်နေ့ ဝါကျွတ်၏။

၂။ ပစ္ဆိမဝါ-ဝါခေါင်လပြည့်ကျော်(၁)ရက် ဝါကပ်၍ တန်ဆောင်မုန်းလပြည့်နေ့ ဝါကျွတ်၏။

**၂၆ ရနိုင်ခဲသော ပုဂ္ဂိုလ် (၂) ယောက်**

၁။ ရှေးဦးစွာ ကျေးဇူးပြုတတ်သောသူ ရနိုင်ခဲ၏။

၂။ ကျေးဇူးကို သိ၍ တုံ့ပြန်တတ်သောသူ ရနိုင်ခဲ၏။

**၂၇ ရှေးဦးစွာ သရဏဂုံတည်သူ(၂) ယောက်**

၁။ တပုဿ။

၂။ ဘလ္လိက—ကုန်သည်ညီနောင်။

www.burmeseclassic.com

www.burmeseclassic.com



၂၈ လူမိုက်(၂)မျိုး

၁။ မိမိ၌ ရှိသောအပြစ်ကို အပြစ်ဟု မရှုသူ။

၂။ အမှားကို ဝန်ချတောင်းပန်သည်ကို တရားသဘောအရ လက်မခံသူ။

၂၉ လောကပါလတရား (၂) ပါး

၁။ ဟိရီ- မကောင်းမှု ပြုလုပ်ခြင်းမှ ရှက်ခြင်း။

၂။ ဩတ္တပ္ပ-မကောင်းမှု ပြုလုပ်ခြင်းမှ ကြောက်ခြင်း။

၃၀ သမ္ပတ္တိ(၂)မျိုး

၁။ ဘောဂသမ္ပတ္တိ- ဥစ္စာစည်းစိမ် ပေါများပြည့်စုံခြင်း။

၂။ ပရိဝါရသမ္ပတ္တိ- အခြွေအရံ ပရိသတ် များပြားပြည့်စုံခြင်း။

၃၁ သရဏဂုံပျက်ခြင်း (၂) မျိုး

၁။ သာဝဇ္ဇဘေဒ- ဘာသာအယူပြောင်းသွား၍ သရဏဂုံပျက်ခြင်းဖြစ်၏။

၂။ အနဝဇ္ဇ သုခ ဝိပါကဘေဒ- သေဆုံးခြင်းကြောင့် နတ်ရွာ သုဂတိသို့ လာ၍ သရဏဂုံပျက်ခြင်း ဖြစ်၏။

၃၂ သမာဓိ (၂)ပါး

၁။ ဥပစာရသမာဓိ- အနီးအပါး၌ တည်ကြည်မှု ရရှိခြင်း။

၂။ အပ္ပနာသမာဓိ- အပ္ပနာဈာန်၌ဖြစ်သော တည်ကြည်မှုရရှိခြင်း။

၃၃ သဒ္ဓါတရား၌ စံထားအပ်သော ဥပါသကာ (၂)ယောက်

၁။ စိတ္တသူကြွယ်။

၂။ ဟတ္ထက (ခေါ်) အာဠဝက မင်းသား။

၃၄ သဒ္ဓါတရား၌ စံထားအပ်သော ဥပါသိကာမ (၂)ယောက်

၁။ ခုဇ္ဇုတ္တရာ ဥပါသိကာမ။

၂။ နန္ဒမာတာ ဥပါသိကာမ (ဝေဠုကဏ္ဍကီရွာသူ နန္ဒမိခင်)။

၃၅ သာဝက (၂) မျိုး

၁။ ပုထုဇဉ်သာဝက-ဘုရားအဆုံးအမ၌ တည်သော သာမန်ပုဂ္ဂိုလ်များ။

၂။ အရိယသာဝက-အရိယာဂိုဏ်းဝင် ပုဂ္ဂိုလ်များ။

၃၆ သာသနာ ပျက်စီးခြင်း တရား(၂) ပါး

၁။ မကောင်းသဖြင့် ရအပ်သော မှားသော ပုဒ်ဗျည်း အက္ခရာ။

၂။ မကောင်းသဖြင့် သိအပ်သော မှားသောအနက် အဓိပ္ပါယ်။

www.burmeseclassic.com

www.burmeseclassic.com



**၃၇ သီလ(၂) ပါး**

၁။ စာရိတ္တသီလ-မိမိဆိုင်ရာ သီလဖြစ်သော ကိုယ်ကျင့်တရား ထိန်းသိမ်းခြင်း။

၂။ ဝါရိတ္တသီလ-ကျင့်ပြီးသော သီလကို မပျက်အောင် ကိုယ်တွေ့ကြုံပါက ရှောင်နိုင်ရခြင်း။

**၃၈ သစ္စာ (၂) ပါး**

၁။ သမ္မုတိသစ္စာ-လူ, နတ်, ဗြဟ္မာ, ရေ, မြေ,တော,တောင်, သမုဒ္ဒရာဟု ပညတ်မှန်ကန်ခြင်း။

၂။ ပရမတ္ထသစ္စာ- နိဗ္ဗာန်ဟု ပညတ်မှန်ကန်ခြင်း။

**၃၉ သုတ္တံ (၂) မျိုး**

၁။ သဘာဝသုတ္တံ-မြတ်စွာဘုရားလက်ထက်၌ မျက်မှောက် ဖြစ်ပျက်ပုံကို ဟောကြားမှုများကို ဆို၏။

၂။ အဘာဝသုတ္တံ-မျက်မှောက်မရှိ အတိတ်ကိုဆောင်၍ ဟောကြားမှု။ (၅၅၀-ဇာတ်များ)

**၄၀ သန္တာန် (၂) ပါး**

၁။ အဇ္ဈတ္တသန္တာန်-မိမိကိုယ်အတွင်း၌ရှိသော ပုံသန္တာန်။

၂။ ဗာဟိရသန္တာန်-အပြင်အပ၌ရှိသော ပုံသန္တာန်။

**၄၁ မယားနှင့်လင် အပြစ်မတင်အပ်သော တရား (၂) ပါး**

၁။ မယားနှင့်လင်၊ အပြစ်တင်၊ နေ့စဉ်မလှဲ ရန်ဖြစ်မြဲ။

၂။ လင်နှင့်မယား၊ မေတ္တာပွား၊ ကြီးမားလွန်ကဲ ချမ်းသာမြဲ။

**၄၂ တပည့်ဆရာ အပြစ်မရှာသင့်သော တရား (၂) ပါး**

၁။ တပည့်ဆရာ၊ အပြစ်ရှာ၊ ဘယ်ခါမလှဲ တွေ့စမြဲ။

၂။ ဆရာတပည့်၊ ကျေးဇူးသိ၊ ကြီးဘိလွန်ကဲ ချမ်းသာမြဲ။

**၄၃ ရှေးဦးဆရာ မည်ထိုက်သူ(၂)ဦး**

၁။ အမိ နှင့်

၂။ အဖ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ, ဖေဖေ, မံမံ, ချိချို, ကိုကို, မမ, ဖိုးဖိုး, ဖွားဖွား စသည်အားဖြင့် ကလေးငယ်အား လိမ်မာသည့် စကားဖြစ်စေ၊ မလိမ်မာသည့် စကားဖြစ်စေ၊ တတ်သိနားလည်အောင် ရှေးဦးစွာ သင်ပေးသူမှာ အမိနှင့် အဖသာဖြစ်ပေသည်၊ (သို့ကြောင့်) "ရှေးဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိ နှင့်ဖ" ဟူ၍ စာဆိုရှိခဲ့ပေသည်။

**မှတ်ချက်။** ။ပုဗ္ဗ-သဒ္ဒါသည် ရှေးဦးစွာဟု ဟော၏၊ အာစရိယ-သဒ္ဒါသည် ဆရာဟု ဟော၏။

**၄၄ စွပ်စွဲတတ်ကြောင်း (၂) မျိုး**

၁။ မရှိ ခိုးနိုး။

၂။ မလှ စုံးမျိုး။

**၄၅ ပုထုဇဉ် (၂) မျိုး**

၁။ ကလျာဏပုထုဇဉ်- ကံ-ကံ၏အကျိုးကို ယုံကြည်သူ။

၂။ ဗာလပုထုဇဉ်-ကံ-ကံ၏ အကျိုးကိုမယုံကြည်သူ။

**၄၆ ပြင်မရသော အရာ (၂) မျိုး**

၁။ အတိတ်ကံ နှင့်

၂။ ဝမ်းတွင်းပါဗီဇ-ပြင်မရ။

**၄၇ မြန်မာပြည်သို့ သာသနာယူဆောင်လာသောမထေရ် (၂) ပါး**

၁။ အရှင်ဥတ္တရ မထေရ်။

၂။ အရှင်သောဏ မထေရ်။

**၄၈ သိမ် (၂) မျိုး**

၁။ ဗဒ္ဓသိမ်-ဥ ဘ်ကမ္မဝါစာတို့ဖြင့်၊ ဖွဲ့စည်းအပ်သောသိမ်။

၂။ အဗဒ္ဓသိမ်- သူ့အလိုအလျောက်ဖြစ်သောသိမ်

၂-ပါးသော တရားကား၊ နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၃ - ပါးသော တရားများ

၁. **အရိယသာဝက (၃) မျိုး**

၁။ အဂ္ဂသာဝက-မြတ်သော ရဟန္တာ၊ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်။

၂။ မဟာသာဝက-မဟာကဿပ စသော အသီတိမဟာသာဝက (၈၀)။

၃။ ပကတိသာဝက-သာမန် ရဟန္တာများ။

၂ **အကုသိုလ် မူလကရား (၃) ပါး**

၁။ လောဘ-လိုချင်တပ်မက်ခြင်း။

၂။ ဒေါသ-စိတ်ဆိုးသဖြင့် အပြစ်ရှိခြင်း။

၃။ မောဟ-အမြင်မှန် မရသဖြင့် အမှန်ကို မသိခြင်း။

၃ **အလဇ္ဇီရဟန်း၏ အင်္ဂါ (၃) ရပ်**

၁။ သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ-စေတနာဖြင့် သိလျက် အပြစ်ကို ကျူးလွန်ခြင်း။

၂။ အာပတ္တိံ ပရိဂူဟတိ-ကျူးလွန်ပြီးသောအပြစ်ကို ထိန်ချန်ထားခြင်း။

၃။ အဂတိ ဂမနဉ္စ ဂစ္ဆတိ-ဘက်မလိုက်သင့်သည်ကို ဘက်လိုက်ခြင်း။
ရဟန်းတို့သည် ဤ ၃-ပါးကို မပြုကျင့်အပ်ပေ။

၄ **အဖွဲ့ပျက်ပြယ်ခြင်း အကြောင်း (၃) ပါး**

၁။ ဗဟုနေတ္တာရ-နည်းညွှန်လမ်းပြအကြီးအမှူးလုပ်လိုသူ ပေါများခြင်း။

၂။ သဗ္ဗပဏ္ဍိတမာနီ-မိမိကိုယ်ကို ပညာရှိဟု ဘဝင်မြင့်သူ များခြင်း။

၃။ ဗဟုမဟိစ္ဆာ-ရာထူး မက်မောသူ များခြင်း။

၅ **အပေါင်းအသင်း (၃) မျိုး**

၁။ ယုတ်ညံ့သူကို ပေါင်းလျှင် မိမိမှာ ယုတ်ညံ့သူ ဖြစ်ရ၏။

၂။ တန်းတူသူကို ပေါင်းလျှင် မိမိမှာ မဆုတ်ယုတ်ရ၏။

၃။ အဆင့်အတန်းမြင့်သူကိုပေါင်းလျှင် လျှင်မြန်စွာမြင့်မားတိုးတက်ရ၏။
(အင်္ဂုတ္တိုရ် ၁-ခုသဝိတမ္ဗသုတ် -၁၂၃)

www.burmeseclassic.com

www.burmeseclassic.com



၆ ဣန္ဒြေ (၃)ပါး

၁။ စက္ခုန္ဒြေ- မျက်စိတည်ငြိမ်မှု။

၂။ သောတိန္ဒြေ- နားတည်ငြိမ်မှု။

၃။ မနိန္ဒြေ- စိတ်တည်ငြိမ်မှု။ (သာမညဖလသုတ်)

၇ ဥပုသ် (၃) ပါး

၁။ နိဂဏ္ဌဥပုသ်-ဥပုသ်သီလဆောက်တည်ရာ၌ အကုသိုလ်ကိုအရပ်ပိုင်းခြား၍ ပြုခြင်း။

၂။ ဂေါပါလဥပုသ်-ဥပုသ်သီလဆောက်တည်ရာ၌ ဒါန,သီလနှင့်စပ်သောစကားကို မပြောမူ၍ စီးပွားရေး လူမှုရေး စကား ပြောဆိုခြင်း (မမြတ်။)

၃။ အရိယာဥပုသ်-ဥပုသ်သီလ ဆောက်တည်ရာ၌ ဒါန,သီလ,ဘာဝနာနှင့်စပ်သော စကားကို ပြောဆိုခြင်း (မြတ်၏။)

(တိက အင်္ဂုတ္တိုရ်၊ ၂-မဟာဝဂ်)

၈ ဥတု (၃)ပါး

၁။ ဂိမှန္တဥတု-တပေါင်းလပြည့်နေ့မှ ဝါဆိုလပြည့်နေ့အထိ နွေဥတု။

၂။ ဝဿန္တဥတု - ဝါဆိုလပြည့်နေ့မှ တန်ဆောင်မုန်း လပြည့် နေ့အထိ မိုးဥတု။

၃။ ဟေမန္တဥတု- တန်ဆောင်မုန်း လပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ ဆောင်းဥတု။

၉ ကာလ (၃) ပါး

၁။ အတိတ်ကာလ- လွန်ခဲ့သော ကာလ။

၂။ အနာဂတ်ကာလ-နောက်ဖြစ်ပေါ်လာမည့် ကာလ။

၃။ ပစ္စုပ္ပန်ကာလ- ယခု ဖြစ်ဆဲ ကာလ။

www.burmeseclassic.com

www.burmeseclassic.com



**၁၀ ကာယကံ (၃) ပါး**

၁။ ပါဏာတိပါတ -သူ့အသက်ကို လျှင်စွာသတ်ခြင်း။
၂။ အဒိန္နာဒါန - အရှင်မပေးသည့် သူ၏ဥစ္စာကို ယူခြင်း။
၃။ ကာမေသုမိစ္ဆာစာရ - ကိလေသာ ကာမကိစ္စကို မှားသောအားဖြင့် ကျင့်ခြင်း။

**၁၁ ကိလေသာ (၃) ပါး**

၁။ ဝီတိက္ကမကိလေသာ - ကျူးလွန်သော ကိလေသာ၊ ၎င်းကို သီလ ကျင့်သုံး၍ ပယ်ရမည်။
၂။ ပရိယုဋ္ဌာနကိလေသာ - ထကြွသော ကိလေသာ၊ ၎င်းကို သမထပွား များ၍ ပယ်ရမည်။
၃။ အနုသယကိလေသာ - အစဉ် ကိန်းအောင်း နေသော ကိလေသာ၊ ၎င်းကို ဝိပဿနာ မဂ်ဉာဏ်ဖြင့် ပယ်ရမည်။

**၁၂ ကုသိုလ်တရား(၃) ပါး**

၁။ ဒါန - လှူဒါန်းပေးကမ်းခြင်း။
၂။ သီလ - ကိုယ်ကျင့်ကောင်းရန် ဆောက်တည်ခြင်း။
၃။ ဘာဝနာ - သမထ,ဝိပဿနာ ပွားများခြင်း။

**၁၃ တနည်း ကုသိုလ်တရား (၃) ပါး**

၁။ အလောဘ - တပ်မက်မှုမရှိခြင်း - ဒါနမှုပြုခြင်း။
၂။ အဒေါသ - အပြစ်မရှိခြင်း - သတ္တဝါများအား သနားချစ်ခင်ခြင်း။
၃။ အမောဟ - တွေဝေမှု မရှိခြင်း - ပညာဉာဏ်။

**၁၄ ကံ (၃) ပါး**

၁။ ကာယကံ - ကိုယ်ဖြင့် ပြုလုပ်မှု။
၂။ ဝစီကံ - နှုတ်ဖြင့် ပြောဆိုမှု။
၃။ မနောကံ - စိတ်ဖြင့်ကြံစည်မှု။

www.burmeseclassic.com

www.burmeseclassic.com



၁၅ ကပ် (၃) ပါး

၁။ ဒုဗ္ဘိက္ခန္တရကပ်- အစာရေစာ ငတ်မွတ်ခေါင်းပါး၍ ပျက်စီးခြင်း။

၂။ သတ္ထန္တရကပ်-ဓား,လှံ,သေနတ်လက်နက်တို့ဖြင့်ထိုးခုတ်၍ပျက်စီးခြင်း။

၃။ ရောဂန္တရကပ်-အနာရောဂါ ကပ်ရောက်၍ ပျက်စီးခြင်း။

၁၆ စက္က (၃)ပါး

၁။ ဥပါဒ်-ခဏ္ဍခါးပါး ဖြစ်ခြင်း။

၂။ ဌီ- ခဏ္ဍခါးပါး တည်ခြင်း။

၃။ ဘင်- ခဏ္ဍခါးပါး ချုပ်ပျက်ခြင်း။

၁၇ စေတနာ (၃) တန်

၁။ ပုဗ္ဗစေတနာ- ရှေးဦးစွာလှူလိုသော ကုသိုလ်စိတ် ဖြစ်ပေါ်ခြင်း။

၂။ မုဥ္စစေတနာ- လှူချင်စိတ် ဖြစ်ပေါ်ခြင်းကြောင့် မပျက် မကွက် လှူဒါန်းခြင်း။

၃။ ပရစေတနာ* လှူဒါန်းပြီး၍ ဝမ်းမြောက်ရွှင်လန်းစွာဖြင့် နောက်ထပ် လှူချင်စိတ် ရှိခြင်း။

၁၈ ဇော (၃) တန်

၁။ ကုသိုလ်ဇော- ကောင်းမှု၏ လျင်မြန်သော စိတ်အဟုန်။

၂။ အကုသိုလ်ဇော- မကောင်းမှု၏ လျင်မြန်သော စိတ်အဟုန်။

၃။ ကြိယာဇော-ကောင်းမှု,မကောင်းမှုမရှိမူ၍လျင်မြန်သောစိတ်အဟုန်။

၁၉ ဈာပန (၃) မျိုး

၁။ အဂ္ဂိဈာပန- မီးရှို့၍ သင်္ဂြိုဟ်ခြင်း။

၂။ ဘူမိဈာပန- မြေမြှုပ်၍ သင်္ဂြိုဟ်ခြင်း။

၃။ ဥဒကဈာပန- ရေမျှော၍ သင်္ဂြိုဟ်ခြင်း။

---

* အင်္ဂုတ္တိုရ်-အပရစေတနာဟူ၍ မူကွဲလည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



**၂၀ တဏှာ (၃) ပါး**

၁။ ကာမတဏှာ-ကာမဂုဏ်ကို နှစ်သက်ခြင်း။

၂။ ဘဝတဏှာ-ဘဝအဖြစ်ကို နှစ်သက်ခြင်း-သဿတဒိဋ္ဌိ။

၃။ ဝိဘဝတဏှာ-ဘဝမရှိမှုကို နှစ်သက်ခြင်း-ဥစ္ဆေဒဒိဋ္ဌိ။

**၂၁ ထိမ်းမြားမင်္ဂလာ (၃) မျိုး**

၁။ အာဝါဟမင်္ဂလာ-သတို့သားအိမ်၌ ထိမ်းမြားမင်္ဂလာပြုခြင်း။

၂။ ဝိဝါဟမင်္ဂလာ-သတို့သမီးအိမ်၌ ထိမ်းမြားမင်္ဂလာပြုခြင်း။

၃။ စရမင်္ဂလာ-ထင်ရှားသော အဆောက်အဦး၌ထိမ်းမြားမင်္ဂလာပြုခြင်း။

**၂၂ နိမိတ် (၃) ပါး**

၁။ ပရိကမ္မနိမိတ္တ-အခြေခံ အကြောင်းတရား။

၂။ ဥဂ္ဂဟနိမိတ္တ- ယူခြင်း အကြောင်းတရား။

၃။ ပဋိဘာဂနိမိတ္တ- တုမျှသော အကြောင်းတရား။

**၂၃ နိဗ္ဗာန် (၃) မျိုး**

၁။ သုညတနိဗ္ဗာန်-ရာဂ,ဒေါသ,မောဟနှင့်တကွ ရုပ်နာမ်ငြိမ်းခြင်း။

၂။ အနိမိတ္တနိဗ္ဗာန်- ပုံသဏ္ဌာန် နိမိတ်မရှိသဖြင့် ငြိမ်းခြင်း။

၃။ အပ္ပဏိဟိတနိဗ္ဗာန်- ပူပူဆာဆာ တောင့်တအပ်သော တဏှာမရှိသဖြင့် ငြိမ်းခြင်း။

**၂၄ နတ် (၃) မျိုး**

၁။ ဝိသုဒ္ဓိနတ်- မြတ်စွာဘုရားကိုဆို၏ စင်ကြယ်ခြင်း။

၂။ သမ္မုတိနတ်- ပြည်ပိုင်ဘုရင်အဖြစ် သမုတ်ထားခြင်းကို ဆို၏။

၃။ ဥပပတ္တိနတ်- ကံ၏အစွမ်းအားဖြင့် အလိုလိုဖြစ်ပေါ်သောနတ်။

**၂၅ နောင်ပြင်ရန်ခက်သည် (၃) မျိုး**

၁။ အိမ်ထောင်မှု- အမျိုးကောင်း သားသမီးများသည် အိမ်ထောင်ဘက် ပြုပြီးပါက နောင်ပြင်ဖို့ရန် ခက်၏။

၂။ ဘုရားတည်-ဘုရားတည်ပြီးပါက နောင်ပြင်ဖို့ရန် ခက်၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဆေးမင်ရည်စုတ်ထိုး၊ ဆေးမင်ရည်စုတ်ထိုးပြီးပါက နှောင်ပြင်ဖို့ရန်ခက်၏။

၂၆ ပဟာန် (၃) ပါး

၁။ တဒင်္ဂပဟာန်- ကိလေသာကို သီလစသော ကုသိုလ်ကိစ္စဖြင့် ခေတ္တပယ်ခြင်း။

၂။ ဝိက္ခမ္ဘနပဟာန်-ကိလေသာကို သမာဓိပွားသဖြင့် ပယ်ခြင်း။

၃။ သမုစ္ဆေဒပဟာန် - ကိလေသာကို ဝိပဿနာဉာဏ်ဖြင့် အကြွင်းမရှိပယ်ခြင်း။

၂၇ ပညာ၏တန်ဖိုး (၃) မျိုး

၁။ ပညာသည် လူခိုးလို့လည်း မရနိုင်။

၂။ ပညာသည် မည်၍ မည်မျှ ဟူ၍ တန်ဖိုးလည်း မဖြတ်နိုင်။

၃။ ပညာသည် ပေး၍လည်း မကုန် သုံး၍လည်း မကုန်နိုင်။

၂၈ ပရိတ်ရွတ်သူ၏ ပြည့်စုံမှု အင်္ဂါ (၃) ရပ်

၁။ ပုဒ်-ပါဠိ-အက္ခရာ မချွတ်ယွင်း မပျက်စီး၍ မှန်ကန်စွာရွတ်နိုင်ရခြင်း။

၂။ ပါဠိ-အနက်-အဓိပ္ပါယ်သဘာဝကို ပေါ်လွင် သိမြင်နိုင်ရခြင်း။

၃။ သတ္တဝါအပေါင်းတို့အပေါ်၌ချစ်ခင်သနား၍မေတ္တာစိတ်ညွတ်ရခြင်း။

မှတ်ချက်။ ။အမှတ် ၃-၌ (လာဘ်လာဘ၌ ငဲ့ကွက်ခြင်း မရှိရဟုလည်း မူကွဲရှိပါ၏)။

၂၉ ပရိတ်ရွတ်သူ၏ မပြည့်စုံမှုအင်္ဂါ (၃) ရပ်

၁။ ပုဒ်-ပါဠိ-အက္ခရာ-မှန်ကန်အောင် မရွတ်ဆိုနိုင်ခြင်း။

၂။ ပါဠိ-အနက်-အဓိပ္ပါယ်သဘာဝကို မသိမမြင်နိုင်ခြင်း။

၃။ သတ္တဝါအပေါင်းတို့အပေါ်၌ချစ်ခင်သနား မေတ္တာစိတ်မညွတ်ခြင်း၊ အကျိုးမရှိ။

(ပါထေယျအဋ္ဌကထာ)

www.burmeseclassic.com

www.burmeseclassic.com



## ၃၀ ပရိတ်အကျိုး မရသူ (၃) ယောက်

၁။ ပဉ္စာနန္တရိယ-ကံကြီးငါးပါးထိုက်သူ တယောက်။
၂။ မှားသောအယူရှိသူ တယောက်။
၃။ ပရိတ်တရားတော်၌ ယုံကြည်မှုမရှိသူ တယောက်။

## ၃၁ ပရိတ်အကျိုးရသူ (၃) ယောက်

၁။ ပဉ္စာနန္တရိယ-ကံကြီးငါးပါးမှ ကင်းလွတ်သူ။
၂။ မှန်သောအယူရှိသူ။
၃။ ပရိတ်တရားတော်၌ အကြွင်းမဲ့ယုံကြည်သူ။

## ၃၂ ပိဋက (၃) ပုံ

၁။ သုတ်-အနက်အဓိပ္ပါယ်သဘောကို ထင်ရှားစွာ ဖော်ပြခြင်း။
၂။ ဝိနည်း-သက်ဆိုင်ရာ ရဟန်းတော်များ၏ ကိုယ်ကျင့်သီလတရား။
၃။ အဘိဓမ္မာ-လွန်ကဲသော အထူးတရား။

## ၃၃ ဗုဒ္ဓခေတ် (၃) ခေတ်

၁။ ဇာတိခေတ်-ဘုရားအလောင်းတော် သန္ဓေတည်နေစဉ်အခါကို ဆို၏။
၂။ အာဏာခေတ်-ဘုရားအဖြစ်ရပြီး ဟောတော်မူသော ဒေသနာတော်အချို့၏ တန်ခိုးပြန့်နှံ့ခြင်း။
၃။ ဝိသယခေတ်-မြတ်စွာဘုရားဉာဏ်တော်ဖြင့် ဟောကြားခဲ့သော တရားများကို အာရုံပြုခြင်း။

## ၃၄ ဗုဒ္ဓဗောဓိ (၃) မျိုး

၁။ ပထမဗောဓိ-၌ ၁၅-ဝါ ပိုင်းခြားထားတော်မူ၏။
၂။ မဇ္ဈိမဗောဓိ-၌ ၁၅-ဝါ ပိုင်းခြားထားတော်မူ၏။
၃။ ပစ္ဆိမဗောဓိ-၌ ၁၅-ဝါပိုင်းခြားထားတော်မူ၏-ပေါင်း၄၅-ဝါကိုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



### ၃၅ ဘာဝနာ (၃) ပါး

၁။ ပရိကမ္မဘာဝနာ-အခြေခံ ပွားများခြင်း။
၂။ ဥပစာရ ဘာဝနာ-အနီးအပါး၌ ပွားများခြင်း။
၃။ အပ္ပနာဘာဝနာ-အကြံအစည်ဖြင့် ပွားများခြင်း။

### ၃၆ တနည်း ဘာဝနာ (၃) ပါး

၁။ မေတ္တာဘာဝနာ-သတ္တဝါတို့အပေါ် မေတ္တာစိတ်ထား၍ ထပ်ကာထပ်ကာ ပွားများခြင်း။
၂။ သမထဘာဝနာ-စိတ်တည်ငြိမ်မှု ရစေရန် ထပ်ကာထပ်ကာ ပွားများခြင်း။
၃။ ဝိပဿနာဘာဝနာ-အနိစ္စ အစရှိသော အခြင်းအရာကို ပညာဖြင့် ထပ်ကာထပ်ကာ ပွားများခြင်း ရှုခြင်း။

### ၃၇ ဘုရား (၃) မျိုး

၁။ ပညာဓိကဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်တော်မူပါမှ ဘုရားအဖြစ်သို့ ရတော်မူ၏။
၂။ သဒ္ဓါဓိကဘုရားသည် ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်းပါရမီတော်ဖြည့်ကျင့်တော်မူပါမှ ဘုရားအဖြစ်သို့ ရတော်မူ၏။
၃။ ဝီရိယာဓိကဘုရားသည် တဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်းပါရမီတော်ဖြည့်ကျင့်တော်မူပါမှ ဘုရားအဖြစ်သို့ ရရှိတော်မူ၏။

(အဘိဓမ္မာ ကထာဝတ္ထုကျမ်း)

### ၃၈ ဘုရားအလောင်းတော်၏ အကျင့် (၃) ပါး

၁။ လောကတ္ထစရိယာ-လောကသတ္တဝါတို့၏ အကျိုးငှါ ကျင့်ခြင်း။
၂။ ဉာတတ္ထစရိယာ-ဆွေတော်မျိုးတော်တို့၏ အကျိုးငှါ ကျင့်ခြင်း။
၃။ ဗုဒ္ဓတ္ထစရိယာ-သဗ္ဗညုတဉာဏ်တော်အလို့ငှါ ကျင့်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**၃၉ မကောင်းသောတရား (၃) ပါး**

၁။ အဓမ္မရာဂ- မတရားသဖြင့် သောင်းကျန်းစော်ကားမှု။

၂။ ဝိသမလောဘ- မမျှမတ လိုလားနှစ်သက်မှု။

၃။ မိစ္ဆာဓမ္မ- မှားသောအားဖြင့် ကျင့်ကြံမှု။

**၄၀ မနောကံ (၃) ပါး**

၁။ အဘိဇ္ဈာ- လွန်ကဲစွာ အလိုရှိခြင်း။

၂။ ဗျာပါဒ- ပျက်စီးစေရန် ကြိမ်ဆဲခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ- အယူမှားခြင်း။

**၄၁ မထေရ် (၃) မျိုး**

၁။ အနုထေရ်- ၁-ဝါမှ ၁၀-ဝါရှိသော ထေရ်ငယ်။

၂။ မဇ္ဈိမထေရ်- ၁၀ ဝါမှ ၂၀-ဝါရှိသော ထေရ်လတ်။

၃။ မဟာထေရ်- ၂၀-ဝါမှ အထက်ဝါရှိသော ထေရ်ကြီး။

**၄၂ မစည်ကားအပ်သော အရပ် (၃) မျိုး**

၁။ ဝိနိစ္ဆယသာလာ- အမှုစစ်ဆေးရာ တရားရုံးကို ဆို၏။

၂။ ဗန္ဓနာဂါရ- အချုပ်နှင့် ထောင်ကို ဆို၏။

၃။ သုသာန- သုသာန် သင်းချိုင်းကို ဆို၏။

**၄၃ မာရ်နတ်၏ သမီး (၃) ယောက်**

၁။ တဏှာ။

၂။ အာရတီ။

၃။ ရာဂါ။

မြတ်စွာဘုရားအား အာရုံငါးပါးဖြင့် ဖြားယောင်းသော နတ်သမီးများ။

**၄၄ မီး (၃) ပါး**

၁။ ရာဂမီး- ကိလေသာ တောက်လောင်မှု။

၂။ ဒေါသမီး- အမျက်ဒေါသ တောက်လောင်မှု။

၃။ မောဟမီး- အမြင်မှန် မရသဖြင့် တောက်လောင်မှု။

www.burmeseclassic.com

www.burmeseclassic.com



**၄၅ မင်္ဂလာ (၃) ပါး**

၁။ ဒိဋ္ဌမင်္ဂလာ- ကောင်းစွာ မြင်တွေ့ခြင်း။
၂။ သုတမင်္ဂလာ- ကောင်းစွာ ကြားရခြင်း။
၃။ မုတမင်္ဂလာ- ကောင်းစွာ တွေ့ထိခြင်း။

**၄၆ မဂ် (၃) ပါး**

၁။ မုခမဂ်- ပါးစပ်ပေါက်။
၂။ ဝစ္စမဂ်- ကျင်ကြီးပေါက်။
၃။ ပဿာဝမဂ်- ကျင်ငယ်ပေါက်။

**၄၇ ရတနာ (၃) ပါး**

၁။ ဘုရား ရတနာ- ဘုရား၌ နှစ်သက်ခြင်း။
၂။ တရား ရတနာ- တရား၌ နှစ်သက်ခြင်း။
၃။ သံဃာ ရတနာ- သံဃာ၌ နှစ်သက်ခြင်း။

**၄၈ ရဟန်းတော်များ ဝါတွင်း၌ ဝါပန်ခြင်းအကြောင်း (၃) မျိုး**

၁။ ဒါနဋ္ဌ ဒါတို - လှူဒါန်းလို၍ ပင့်ဖိတ်သည့် အခါ ကြွရခြင်း။ (ဝါပန်ရခြင်း)
၂။ ဓမ္မဋ္ဌ သောတို - တရား နာလို၍ ပင့်ဖိတ်သည့်အခါ ကြွရခြင်း။ (ဝါပန်ရခြင်း)
၃။ ဘိက္ခုစ ပဿိတုံ- ရဟန်းများမှ ဖူးမျှော်လို၍ ပင့်ဖိတ်သည့်အခါ ကြွရခြင်း။ (ဝါပန်ရခြင်း)

**၄၉ ရဟန်းများ မစားအပ်သော အသား (၃) မျိုး**

၁။ မြင်သား - မိမိမြင်ရာအရပ်၌ သတ်သောအသားကို မစားရခြင်း။
၂။ ကြားသား- မိမိအသံကြားရာအရပ်၌ သတ်သောအသားကို မစားရခြင်း။
၃။ ယုံမှားသား-မိမိအတွက်ရည်၍သတ်သောအသားဟုယုံမှားရှိက မစားရခြင်း။ မဇ္ဈိမပဏ္ဏာသ-ဇီဝကသုတ်။

www.burmeseclassic.com

www.burmeseclassic.com



## ၅၀ လက္ခဏာ (၃) ပါး

၁။ အနိစ္စလက္ခဏာ- မမြဲသည်ကို ရှုမှတ်ခြင်း။

၂။ ဒုက္ခလက္ခဏာ-ဆင်းရဲသည်ကို ရှုမှတ်ခြင်း။

၃။ အနတ္တလက္ခဏာ-အစိုးမရသည်ကို ရှုမှတ်ခြင်း။

## ၅၁ လောက (၃) ပါး

၁။ သတ္တလောက- အာရုံငါးပါး၌ တပ်မက်သော သတ္တဝါအပေါင်းကို ဆို၏။

၂။ သင်္ခါရလောက- သတ္တဝါအပေါင်းသည် ပြုပြင်စီမံခြင်းဖြင့် ဖြစ်ပျက်မှု ရှိခြင်းကို ဆို၏။

၃။ ဩကာသလောက- သတ္တဝါအပေါင်းတို့၏ နေထိုင်ရာ (၃၁)ဘုံသော ဌာနကို ဆို၏။

## ၅၂ လောကလူမိုက်ကြီး (၃)ယောက်

၁။ အများက မလိုလားမှု၌ ကိုယ်ကျိုးကိုယ်စီးပွါးကို စွန့်လွှတ်ကာလူကြီး အဖြစ် ရယူရန် အတင်း အဓမ္မ ဝင်လုသူ။

၂။ လက်ရှိ စီးပွါးရေးလုပ်ငန်းကို စွန့်လွှတ်၍ လောင်းကစားမှုမှ အစ မကောင်းမှု ဒုစရိုက်များကို ပြုလုပ်သူ။

၃။ သူတပါး ချေးငှါးသောကြွေးကို ကြားမှအာမခံသူ (ကြွေးချေးသူက မိမိထံမှတဆင့် ကြွေးချေးသူထံသို့ ကြွေးတောင်းခိုင်း ကြွေးယူသူ ကလည်း မပေး၊ တောင်းပါများတော့ ကြွေးယူသူကလည်း ခဏ ခဏ အတောင်းခံရသဖြင့် မိမိကို မုန်း၊ကြွေးပေးသူကလည်း ကြွေး မရ၍ အာမခံသူ မိမိကိုမုန်း၊ ၂-ဖက်စလုံး မသက်သာသောလူမိုက်ပါ တကား။

www.burmeseclassic.com

www.burmeseclassic.com



**၅၃ ဝိပဿနာ (၃) ပါး**

၁။ အနိစ္စဝိပဿနာ မမြဲသည်ကို အထူးရှုမှတ်၍ ပညာဖြင့် ဆင်ခြင်ခြင်း။
၂။ ဒုက္ခဝိပဿနာ-ဆင်းရဲသည်ကို အထူးရှုမှတ်၍ ပညာဖြင့် ဆင်ခြင်ခြင်း။
၃။ အနတ္တဝိပဿနာ- အစိုးမရသည်ကို အထူးရှုမှတ်၍ ပညာဖြင့်ဆင်ခြင်ခြင်း။

**၅၄ ဝိဇ္ဇာဉာဏ် (၃) ပါး**

၁။ ပုဗ္ဗေနိဝါသဉာဏ်- ရှေးဘဝမှ နေခဲ့သော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သောဉာဏ်။
၂။ ဒိဗ္ဗစက္ခုဉာဏ်- နတ်တို့၏ မျက်စိကဲ့သို့ အပိတ်အပင် အတားအဆီးမရှိ မြင်နိုင်သော ဉာဏ်။
၃။ အာသဝက္ခယဉာဏ်- အာသဝေါတရား လေးပါးကို ကုန်စင်အောင် ပြုတတ်သော အရဟတ္တမဂ်ဉာဏ်။

**၅၅ ဝိပ္ပလ္လာသ (၃) ပါး**

၁။ သညာဝိပ္ပလ္လာသ- တရား၌ အမှတ်မှားခြင်း။
၂။ ဒိဋ္ဌိဝိပ္ပလ္လာသ- တရား၌ အမြင်မှားခြင်း။
၃။ စိတ္တဝိပ္ပလ္လာသ- တရား၌ အသိမှားခြင်း။

**၅၆ ဝိရတီစေတသိက် (၃) ပါး**

၁။ သမ္မာဝါစာ- ကောင်းသောစကားကို ပြောဆိုခြင်း။
၂။ သမ္မာကမ္မန္တ- ကောင်းသောအလုပ်ကို ပြုလုပ်ခြင်း။
၃။ သမ္မာအာဇီဝ- ကောင်းသော အသက်မွေးမှု ရှိခြင်း။

**၅၇ ဝေဒနာ (၃) ပါး**

၁။ သုခဝေဒနာ - ချမ်းသာမှုကို ခံစားခြင်း။
၂။ ဒုက္ခဝေဒနာ - ဆင်းရဲမှုကို ခံစားခြင်း။
၃။ ဥပေက္ခာဝေဒနာ- ဆင်းရဲမှု ချမ်းသာမှု မရှိမူ၍ ခံစားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅၈ ဝဋ် (၃) ပါး

၁။ ကိလေသာဝဋ် - သတ္တဝါဖြစ်ခြင်းကြောင့် ကိလေသာ ဖြစ်ပေါ်၏။ (ကိလေသာဝဋ်)

၂။ ကမ္မဝဋ် - ကိလေသာ ဖြစ်ပေါ်ခြင်းကြောင့် ကာမဂုဏ်အမှုကို ပြုလုပ်၏။ (ကမ္မဝဋ်)

၃။ ဝိပါကဝဋ် - ကာမဂုဏ်မှု ပြုကျင့်မှုကြောင့် နာမ်ရုပ် သတ္တဝါကောင် ဖြစ်ပေါ်ခြင်း။ (ဝိပါကဝဋ်)

သတ္တဝါတို့သည် ထိုဝဋ်သုံးပါးဖြင့် သံသရာ၌ သည်း၍နေကြ၏။

၅၉ ဝတ္တရား (၃) ပါး

၁။ လောကဝတ် - လူမှုရေးအရ ပြုလုပ်ခြင်း။

၂။ ဓမ္မဝတ် - တရားသဘောအရ ပြုလုပ်ခြင်း။

၃။ ရာဇာဝတ် - မင်းအမိန့်အရ ပြုလုပ်ခြင်း။

၆၀ သင်္ဂါရ (၃) ပါး

၁။ ပုညာဘိသင်္ခါရ - ကာမကုသိုလ်ပြုပြင်စီမံမှု။

၂။ အပုညာဘိသင်္ခါရ - အကုသိုလ် ပြုပြင်စီမံမှု။

၃။ အာနေဉ္ဇာဘိသင်္ခါရ - ရူပ,အရူပကုသိုလ် ပြုပြင်စီမံမှု။

၆၁ သတ္တိ (၃) ပါး

၁။ သတ္တိ - လက်ရုံးရည်ရှိခြင်း။

၂။ ဗျတ္တိ - နှလုံးရည်ရှိခြင်း။

၃။ သမ္ပတ္တိ- ပြည့်စုံမှုရှိခြင်း။

၆၂ တနည်း သတ္တိ (၃) ပါး

၁။ ကာယသတ္တိ - ကိုယ်၏ စွမ်းရည်။

၂။ ဉာဏသတ္တိ - ဉာဏ်၏စွမ်းရည်။

၃။ စာဂသတ္တိ - ပေးကမ်းစွန့်ကြဲမှု စွမ်းရည်။

၆၃ သတိပြုအပ်သော ဒါန (၃) ပါး

၁။ ဟီနဒါန - ယုတ်ညံ့သော ပေးကမ်းမှု အလှူ။

၂။ မဇ္ဈိမဒါန - အလယ်အလတ် ပေးကမ်းမှု အလှူ။

၃။ ပဏီတဒါန- မြင့်မြတ်သော ပေးကမ်းမှု အလှူ။

www.burmeseclassic.com

www.burmeseclassic.com



**၆၄ သမ္မာဒိဋ္ဌိ (၃) မျိုး**

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ - ကံ, ကံ၏ အကျိုးကို ယုံကြည်ခြင်း အယူမှန်။

၂။ ဝိပဿနာသမ္မာဒိဋ္ဌိ - ရုပ် နာမ် ဓမ္မတို့၌ လက္ခဏာတင်၍ သိနိုင်သော အယူမှန်။

၃။ မဂ္ဂဖလသမ္မာဒိဋ္ဌိ - မဂ်ဖိုလ် အဆင့်သို့ ရောက်အောင် မြင်နိုင်သော အယူမှန်။

**၆၅ သမားတော်ဂုဏ် (၃) ပါး**

၁။ ပဏ္ဍိတဂုဏ် - ရာသီဥတုနှင့် ဆေးဝါးကို ပိုင်နိုင်စွာ သိရခြင်း။

၂။ ဒက္ခဂုဏ် - အနာနှင့်ဆေး သင့်အောင် ပေးနိုင်ရခြင်း။

၃။ အနာလယဂုဏ် - မိမိကျန်းမာပါက ဆရာပင့်သူနှင့် အတူ နေ့ညမရွေး လိုက်နိုင်ရခြင်း။

**၆၆ သရဏဂုံ (၃) ပါး**

၁။ ဗုဒ္ဓံ သရဏံ - သိစရာရှိသမျှ အကြွင်းမရှိ သိတော်မူသော သဗ္ဗညုတ ဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရားအား ဆည်းကပ်ကိုးကွယ်ခြင်း။

၂။ ဓမ္မံ သရဏံ - သမ္မာဒိဋ္ဌိ အစရှိသည့် မဂ္ဂင် ၈-ပါးအား ဆည်းကပ် ကိုးကွယ်ကျင့်သုံးခြင်း။

၃။ သံဃံ သရဏံ - အရိယာဂိုဏ်းဝင် သံဃာတော် ၈-ပါးအား ဆည်းကပ် ကိုးကွယ်ခြင်း။

**၆၇ သတ္တဝါ (၃) မျိုး**

၁။ ဝေနေယျသတ္တဝါ - သာသနာနှင့် ကြုံတွေ့ပါက ကျွတ်ထိုက်သော သတ္တဝါ။

၂။ သုခိတသတ္တဝါ - ချမ်းသာမှုရသော သတ္တဝါ။

၃။ ဒုက္ခိတသတ္တဝါ - ဆင်းရဲမှု ခံစားရသော သတ္တဝါ။

**၆၈ သာသနာတော် (၃) ရပ်**

၁။ ပရိယတ္တိသာသနာတော်- စာပေပရိယတ္တိ သင်အံပို့ချခြင်း။

၂။ ပဋိပတ္တိ သာသနာတော်- စာပေပရိယတ္တိ၏သိမှုဖြင့် သမထ,ဝိပဿနာ ပွားများအားထုတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပဋိဝေဓသာသနာတော်- ဝိပဿနာအကျင့် ပြီးမြောက်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အကျိုးခံစားရခြင်း။

၆၉ သိက္ခာ (၃) ပါး

၁။ သီလသိက္ခာ - ကျင့်သင့်ကျင့်ထိုက်သော ကိုယ်ကျင့်တရား။

၂။ သမာဓိသိက္ခာ - ကျင့်သင့်ကျင့်ထိုက်သော စိတ်တည်ငြိမ်မှု တရား။

၃။ ပညာသိက္ခာ - ကျင့်သင့်ကျင့်ထိုက်သော နိဗ္ဗာန်ရောက်မှု တရား။

၇၀ သုဂတိဘုံ (၃) ပါး

၁။ လူ့ဘုံ - လူ့ပြည်လောက။

၂။ နတ်ဘုံ - နတ်ပြည် ၆–ထပ်။

၃။ ဗြဟ္မာဘုံ - ၂၀။

၇၁ သူယုတ်လက္ခဏာ (၃) မျိုး

၁။ အနဝှါယံ ဂမယန္တော - သူ မခေါ်ပဲလျက် သူ့အိမ်သို့ သွားဖန်များသောသူ။

၂။ အပုစ္ဆာ ဗဟုဘာသကော - သူ မမေးပဲလျက် များစွာ ပြောလေ့ရှိသောသူ။

၃။ အတ္တဂုဏံ ပကာသန္တော -မိမိ၏ဂုဏ်ကျေးဇူးကို ပလွှားတတ်သောသူ။

၇၂ သေနက်ဗျူဟာ (၃) မျိုး

၁။ သကဋဗျူဟာ - စစ်ငင်၍ ထိုးခြင်း။

၂။ စက္ကဗျူဟာ - ဝိုင်းပတ်၍ ထိုးခြင်း။

၃။ ပဒုမဗျူဟာ - အထပ်ထပ် ရံ၍ထိုးခြင်း။

(၅၅၀-ဝနကိသူတရ ဇာတ်)

၇၃ သောတာပန် (၃) မျိုး

၁။ ကောဗိဇီ - တဘဝဖြင့် နိဗ္ဗာန်ကူးဝင်ခြင်း။

၂။ ကောလံကောလ- နှစ်ဘဝမှ ခြောက်ဘဝ၌ နိဗ္ဗာန်ကူးဝင်ခြင်း။

၃။ သတ္တက္ခတ္တုပရမ - ခုနစ်ဘဝ၌ နိဗ္ဗာန်ကူးဝင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**၇၄ သားအမိချင်း မကယ်နိုင်သောတရား (၃) ပါး**

၁။ အိုဘေး။

၂။ နာဘေး။

၃။ သေဘေး။

ထိုဘေးသုံးပါး ကြုံတွေ့ပါက သားကလည်း အမိကို မကယ်နိုင်, အမိကလည်း သားကို မကယ်နိုင်။

(တိက အင်္ဂုတ္တိုရ်)

**၇၅ သုတ် (၃) ကျမ်း**

၁။ သုတ်သီလက္ခန္ဓကျမ်း။

၂။ သုတ်ပါထိကကျမ်း။ (သုတ်ပါထေယျ)

၃။ သုတ်မဟာဝါကျမ်း။

**၇၆ ဟိတ် (၃) ပါး**

၁။ အလောဘဟိတ် - အလို မကြီးသူ။

၂။ အဒေါသ ဟိတ် - အမျက်မကြီးသူ။

၃။ အမောဟဟိတ် - အမြင်မှန်ရှိသူ။

**၇၇ သား (၃) မျိုး**

၁။ အဝဇာတသား - မိဘတို့၏ ကျင့်စဉ်အတိုင်း မကျင့်သောသား။

၂။ အနုဇာတသား - မိဘတို့၏ ကျင့်စဉ်အတိုင်း ကျင့်သောသား။

၃။ အတိဇာတသား - မိဘတို့၏ ကျင့်စဉ်ကိုလွန်ကဲ၍ ကျင့်သောသား။

**၇၈ ရဟန်းတို့ မမေ့အပ်သော အရာ (၃) မျိုး**

၁။ ရဟန်းဖြစ်ရာနေရပ်နှင့်သိမ် အချိန်ကာလ။

၂။ သောတာပန်ဖြစ်ရာ နေရပ် အချိန်ကာလ။

၃။ ရဟန္တာဖြစ်ရာ နေရပ် အချိန်ကာလ။

**၇၉ မရှက်ခြင်း (၃) မျိုး**

၁။ ကြိုက် - မရှက်။

၂။ ဝိုက် - မရှက်။

၃။ တော် - မရှက်။

www.burmeseclassic.com

www.burmeseclassic.com



**၈၀ ဖွားမြင်စ စကားပြောသောဘုရားအလောင်းတော်၏ (၃) ဘဝ**

၁။ မဟောသဓာဘဝ-မိခင်ကျွန်ုပ်ထံမှနတ်ဆေးမြစ်ကို ယူပါဟု လက်၌ကိုင်လျက် ဖွားမြင်စ စကားပြော၏။

၂။ ဝေဿန္တရာဘဝ- မိခင်လူမည် ကျွန်ုပ်ကိုဝတ္ထုငွေပေးပါဟု ဖွားမြင်စ စကားပြော၏။

၃။ သိဒ္ဓတ္ထဘဝ-အဂ္ဂေါဟမသ္မိ၊ လောက၌ ငါအမြတ်ဆုံးဟု ဖွားမြင်စ စကား ပြော၏။

(ဗုဒ္ဓဝင်)

**၈၁ မဟာလတာတန်းဆာဝတ်ဆင်နိုင်သူအမျိုးသမီး (၃) ယောက်**

၁။ ဗန္ဓုလစစ်သူကြီးကတော် - မာလိကာ။

၂။ ဘုရားကျောင်းဒါယိကာမကြီး- ဝိသာခါ။

၃။ ဗာရာဏသီသူဌေးသမီး - သုမန။

(နိပါတ်တော် မဟာဝင်)

**၈၂ သိမ်ပျက်ခြင်း (၃) ပါး**

၁။ နိမိတ္တ၊ အသမ္ပတ္တိ - နိမိတ် မပြည့်စုံခြင်း။

၂။ ပရိသာ၊အသမ္ပတ္တိ - ရဟန်းပရိသတ် မပြည့်စုံခြင်း။

၃။ ကမ္မဝါစာ၊အသမ္ပတ္တိ - ကမ္မဝါစာ၌ မပြည့်စုံခြင်း။

(ဝိနည်းတော်)

**၈၃ သိမ်၏ ပြည့်စုံခြင်းအင်္ဂါ (၃) ပါး**

၁။ နိမိတ္တာသမ္ပတ္တိ - နိမိတ်ဖြင့် ပြည့်စုံခြင်း။

၂။ ပရိသာသမ္ပတ္တိ - ပရိသတ်ဖြင့် ပြည့်စုံခြင်း။

၃။ ကမ္မဝါစာသမ္ပတ္တိ - ကမ္မဝါစာ၌ ပြည့်စုံပီသခြင်း။

(ဝိနည်းတော်)

**၈၄ ရဟန်းများဝါကပ်လိုက၊ ခွင့်ပြုသော (၃) နေရာ**

၁။ နွားကျောင်းသားများ စုဝေးရာနေရာ။

၂။ လှည်းအပေါ်၌ဖြစ်သောနေရာ။

၃။ လှေအပေါ်၌ဖြစ်သောနေရာ။

(ဝိနည်းတော်)

www.burmeseclassic.com

www.burmeseclassic.com

# ၄-ပါးသော တရားများ

## ၁ အရိယသစ္စာတရား (၄) ပါး

၁။ ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်။ (ရုပ် နာမ် ခန္ဓာ)

၂။ သမုဒယသစ္စာ- တွယ်တာတပ်မက်ခြင်းအမှန်။ (ကာမ ကိလေသာ)

၃။ နိရောဓသစ္စာ - ဒုက္ခငြိမ်းရာအမှန်။ (နိဗ္ဗာန်)

၄။ မဂ္ဂသစ္စာ - နိဗ္ဗာန်ရောက်ရန် ကျင့်လမ်းအမှန်။ (မဂ္ဂင်ရှစ်ပါး)

## ၂ အစိန္တေယျတရား (၄) ပါး

၁။ ဘုရားရှင်တို့၏ ဘုရားအရာသည် မကြံစည်အပ်သောအရာ ဖြစ်၏။

၂။ ဈာန်ရသောပုဂ္ဂိုလ်တို့၏ ဈာန်အရာသည် မကြံစည်အပ်သောအရာ ဖြစ်၏။

၃။ ကံ၏အကျိုးပေးခြင်းသည် မကြံစည်အပ်သောအရာ ဖြစ်၏။

၄။ ဤကမ္ဘာလောကကြီးသည်အဘယ်သူ ဖန်တီးထားသနည်း၊သတ္တဝါတို့သည် အဘယ်သူဖန်တီးထားသနည်း၊ရေ,မြေ,တော,တောင်,သမုဒ္ဒရာသည် အဘယ်သူဖန်တီးထားသနည်း(ဟု)ကြံစည်စိတ်ကူး၍ နေသောသူသည် စိတ်ပင်ပန်းရုံ ရူးသွပ်ရုံသာ ရှိတော့အံ့နည်း။
(စတုက္က အင်္ဂုတ္တိုရ် ၃-အပဏ္ဏကဝဂ်၊ ၇-အစိန္တေယျသုတ်)

## ၃ အဂတိတရား (၄) ပါး

၁။ ဆန္ဒာဂတိ-ချစ်သည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်သည်ကို ပြုလုပ်မိခြင်း။

၂။ ဒေါသာဂတိ-စိတ်ဆိုးသည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်ပြီး မပြုသင့်သည်ကို ပြုလုပ်မိခြင်း။

၃။ ဘယာဂတိ-ကြောက်ရွံ့သည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်ပြီး မပြုသင့်သည်ကို ပြုလုပ်မိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ မောဟာဂတိ- တွေဝေသည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်ပြီး မပြုသင့်သည်ကို ပြုလုပ်မိခြင်း။

(စတုက္က အင်္ဂုတ္တိုရ်)

၄ အပါယ် (၄) ပါး

၁။ ငရဲ - ချမ်းသာမှု အလျဉ်းမရှိသော အရပ်။
၂။ တိရစ္ဆာန်- မင်ဖိုလ်ကို ဖီလာပြု၍ မိုးကို ကျောပေးသော သတ္တဝါ။
၃။ ပြိတ္တာ - ကိုယ်လက်အင်္ဂါ မမျှတသော သတ္တဝါ။
၄။ အသုရကာယ်-မရဲရင့်သော ပြိတ္တာ သတ္တဝါတမျိုး။

၅ အဓိပတိတရား (၄) ပါး

၁။ ဆန္ဒာဓိပတိ - အလိုဆန္ဒ အကြီးအမှူး။
၂။ ဝီရိယာဓိပတိ - ဝီရိယ အကြီးအမှူး။
၃။ စိတ္တာဓိပတိ - စိတ်အကြီးအမှူး။
၄။ ဝိမံသာဓိပတိ - ပညာ အကြီးအမှူး။

၆ အမိုက်မှောင် အင်္ဂါ (၄) ပါး

၁။ လက္ခယ်နေ့။
၂။ သန်းခေါင်ယာမ်။
၃။ မိုးမှောင်ကျ။
၄။ တောအုပ်အတွင်း။

၇ အာသဝေါတရား (၄) ပါး

၁။ ကာမာသဝ- ကာမ၌ ယိုစီးခြင်း။
၂။ ဘဝါသဝ - ဘဝ၌ ယိုစီးခြင်း။
၃။ ဒိဋ္ဌာသဝ - အယူ၌ ယိုစီးခြင်း။
၄။ အဝိဇ္ဇာသဝ- မသိမှု၌ ယိုစီးခြင်း။

(သင်္ဂြိုဟ်ကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



### ၈ အရူပဗြဟ္မာ (၄) ဘုံ

၁။ အာကာသာနဉ္စာယတန-ရုပ်မရှိသောဗြဟ္မာဘုံ။ (ကောင်းကင်ပညတ်)
၂။ ဝိညာဏဉ္စာယတန -ရုပ်မရှိသော ဗြဟ္မာဘုံ။
၃။ အာကိဉ္စညာယတန -ရုပ်မရှိသော ဗြဟ္မာဘုံ။
၄။ နေဝသညာနာသညာယတန-ရုပ်မရှိသော ဗြဟ္မာဘုံ။

### ၉ အိုးသည့်တိုင်အောင်ကောင်းသောတရား (၄)ပါး

၁။ ကိုယ်ကျင့်သီလလည်း အိုသည့်တိုင်အောင် ကောင်း၏။
၂။ ယုံကြည်မှု သဒ္ဓါတရား မိမိသန္တာန်၌တည်လျှင် အိုသည့်တိုင်အောင် ကောင်း၏။
၃။ ပညာသည် လူတို့၏ရတနာဖြစ်၍ အိုသည့်တိုင်အောင် ကောင်း၏။
၄။ ကုသိုလ်ကောင်းမှုကို ခိုးသူတို့သည် မခိုးယူနိုင်၍ အိုသည့်တိုင်အောင် ကောင်း၏။

(သဂါထာဝဂ္ဂသံယုတ် ၆-ဇရာဝဂ်၊ ၁-ဇရာသုတ်)

### ၁၀ အိုးလေးမျိုးတရား (၄) ပါး

၁။ အတွင်း၌ အချည်းနှီးဖြစ်လျက် ပိတ်ထားသော အိုး။
၂။ အတွင်း၌ ပြည့်လျက် ဖွင့်ထားသော အိုး။
၃။ အတွင်း၌ အချည်းနှီးဖြစ်လျက် ဖွင့်လည်း ဖွင့်ထားသော အိုး။
၄။ အတွင်း၌ ပြည့်လည်းပြည့် ပိတ်လည်း ပိတ်ထားသော အိုး။

(ပုဂ္ဂလပညတ်နှင့် စတုက္ကအင်္ဂုတ္တိုရ်)

### ၁၁ ဣဒ္ဓိပါဒ်တရား (၄) ပါး

၁။ ဆန္ဒိဒ္ဓိပါဒ် - အလိုဆန္ဒ ပြည့်မြောက်ခြင်း။
၂။ ဝီရိယိဒ္ဓိပါဒ် - အားထုတ်မှု ပြီးမြောက်ခြင်း။
၃။ စိတ္တိဒ္ဓိပါဒ် - စိတ်ကိစ္စ ပြီးမြောက်ခြင်း။
၄။ ဝီမံသိဒ္ဓိပါဒ် - အမှန်သိမှု၌ ပြီးမြောက်ခြင်း။

(သဂြိုဟ်)

www.burmeseclassic.com

www.burmeseclassic.com



**၁၂ ဣရိယာပထ (၄) ပါး**

၁။ တိဋ္ဌ - ထခြင်း။
၂။ စရ - သွားခြင်း။
၃။ နိသိန္န - ထိုင်ခြင်း။
၄။ သယာန- လျောင်းခြင်း အိပ်ခြင်း။

**၁၃ ဥပါဒါန်တရား (၄) ပါး**

၁။ ကာမုပါဒါန် - ကိလေသာကာမကို စွဲလမ်းခြင်း။
၂။ ဒိဋ္ဌုပါဒါန် - အယူမှားကို စွဲလမ်းခြင်း။
၃။ သီလဗ္ဗတုပါဒါန်- မိရိုးဖလာအယူကို စွဲလမ်းခြင်း။
၄။ အတ္တဝါဒုပါဒါန်- မိမိကိုယ်၌ စွဲလမ်းခြင်း။

(သင်္ဂြိုဟ်)

**၁၄ ဩဃ (၄) ဖြာ**

၁။ ကာမောဃ - ကာမရေယဉ်ကျော၌ မျောပါခြင်း။
၂။ ဘဝေါဃ - ဘဝရေယဉ်ကျော၌ မျောပါခြင်း။
၃။ ဒိဋ္ဌောဃ - အယူရေယဉ်ကျော၌ မျောပါခြင်း။
၄။ အဝိဇ္ဇောဃ - မသိမှုရေယဉ်ကျော၌ မျောပါခြင်း။

(သင်္ဂြိုဟ်)

**၁၅ ကရိုဏ်း (၄) ပါး**

၁။ လျှာနှင့်ထိ၍ ရွတ်ခြင်း။
၂။ လျှာနှင့် စင်းငယ်ထိ၍ ရွတ်ခြင်း။
၃။ နှုတ်ခမ်းပိတ်၍ ရွတ်ခြင်း။
၄။ နှုတ်ခမ်းဖွင့်၍ ရွတ်ခြင်း။

**၁၆ ကမ္ဘာကပ် (၄) မျိုး**

၁။ အာယုကပ်-၁၀-နှစ်တမ်း, ၁၀၀-နှစ်တမ်း စသည်အားဖြင့် အသင်္ချေယျ သို့တိုင်အောင် အဆင့်ဆင့်တက်၍ အသင်္ချေယျမှ အဆင့်ဆင့်ပြန်ဆင်းသော ၁၀-နှစ်တမ်း,၁၀၀-နှစ်တမ်း စသည့် တကန့်တကန့်ကို အာယုကပ် တကပ်ဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ အန္တရကပ် - ၁၀-နှစ်တမ်းမှသည် အသင်္ချေယျသို့ တက်၍ ထိုမှတဖန် ပြန်ဆင်း၍ ၁၀-နှစ်တမ်းသို့ ပြန်ရောက်သည်ကို အန္တရကပ်ဟုခေါ်၏။

၃။ အသင်္ချေယျကပ်-အန္တရကပ်(၆၄)ကြိမ်ပြည့်မြောက်ပါက အသင်္ချေယျ တကပ် ဖြစ်၏။

၄။ မဟာကပ် - အသင်္ချေယျလေးကပ် ပြည့်သည်ကို မဟာကပ် တကပ်ဟု ခေါ်၏။ (သို့မဟုတ်) တကမ္ဘာဟုလည်း ခေါ်၏။

## ၁၇ ကျွန် (၄) မျိုး

၁။ အန္တောဇာတ - အိမ်၌ ပေါက်ဖွားသော ကျွန်။

၂။ ဓနက္ကီတ - ငွေဖြင့် ဝယ်ထားသော ကျွန်။

၃။ သယံဒါသုပဂတ - အခကြေးငွေစားသော ကျွန်။

၄။ ကရမရ - စစ်မြေမှ ရ၍လာသော ကျွန်။
(ဝိဓူရဇာတ်မှ လာသည်)

## ၁၈ ကျွန်းကြီး(၄) ကျွန်း

၁။ အရှေ့ပုဗ္ဗဝိဒေဟကျွန်း- ကျွန်းဦး ကုက္ကိုပင်၊ ကျွန်းသား ကျွန်းသူများ၏ မျက်နှာ ဝ, တခြမ်းပဲ့၊ အသက်တမ်း ၇၀၀။

၂။ အနောက် ဂေါယာနကျွန်း- ကျွန်းဦး ထိန်ပင်၊ ကျွန်းသား ကျွန်းသူ များ၏ မျက်နှာ အဝိုင်း၊ အသက်တမ်း ၅၀၀။

၃။ မြောက် ဥတ္တရကုရုကျွန်း- ကျွန်းဦး ပဒေသာပင်၊ ကျွန်းသားကျွန်းသူ များ၏ မျက်နှာ လေးထောင့်၊ အသက်တမ်း ၁၀၀၀။

၄။ တောင် ဇမ္ဗူဒီပကျွန်း - ကျွန်းဦးသပြေပင်၊ကျွန်းသား ကျွန်းသူများ ၏ မျက်နှာ သုံးထောင့်၊ အသက်တမ်း အမြဲမရှိ။

## ၁၉ ကြွက် (၄) မျိုး

၁။ တွင်းတူးလျက် မအောင်းသော ကြွက်။

၂။ အောင်းလျက် တွင်းမတူးသော ကြွက်။

၃။ တွင်းလည်းတူး အောင်းလည်းအောင်းသော ကြွက်။

၄။ တွင်းလည်းမတူး အောင်းလည်းမအောင်းသော ကြွက်။
(ပုဂ္ဂလပညတ်နှင့် စတုက္က အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



၂၀ ဂမ္ဘီရ (၄) ပါး

၁။ ဓမ္မဂမ္ဘီရ -အကြောင်း၏ နက်နဲခြင်း။
၂။ အတ္ထဂမ္ဘီရ -အကျိုး၏ နက်နဲခြင်း။
၃။ ဒေသနာဂမ္ဘီရ-ပညတ်တင်ထား ဟောကြားပုံ၏ နက်နဲခြင်း။
၄။ ပဋိဝေဓဂမ္ဘီရ -ထိုးထွင်း သိမြင်သော အသိဉာဏ်၏ နက်နဲခြင်း။

၂၁ ဂေါစရရုပ် (၄) ပါး*

၁။ ရူပ - အဆင်း။
၂။ သဒ္ဒ - အသံ။
၃။ ဂန္ဓ - အနံ့။
၄။ ရသ - အရသာ။

၂၂ စတုမဓု (၄) ပါး

၁။ သကာ။
၂။ ပျားရည်။
၃။ ထောပတ်။
၄။ အုန်းဆီ။ (နှမ်းဆီဟူ၍ မူကွဲရှိသည်)

၂၃ စတုဝေါကာရ နာမ်ခန္ဓာ လေးပါးရှိသော အရူပဘုံ (၄) ပါး

၁။ အာကာသာနဉ္စာယတနဘုံ- အသက်တမ်းအားဖြင့် ကမ္ဘာနှစ်သောင်း ရှည်၏။
၂။ ဝိညာဏဉ္စာယတနဘုံ - အသက်တမ်းအားဖြင့် ကမ္ဘာ လေးသောင်း ရှည်၏။
၃။ အာကိဉ္စညာယတနဘုံ- အသက်တမ်းအားဖြင့် ကမ္ဘာ ခြောက်သောင်း ရှည်၏။
၄။ နေဝသညာနာသညာယတနဘုံ - အသက်တမ်း အားဖြင့် ကမ္ဘာရှစ်သောင်းလေးထောင် ရှည်၏။

(သဂြိုဟ်)၊

*ဂေါစရရုပ် ၇-ပါးဟု သဂြိုဟ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄ စကားကောင်း (၄) မျိုး

၁။ သုဘာသိတ - ကောင်းသောစကား။
၂။ ဓမ္မ - တရားသော စကား။
၃။ ပိယ - ချစ်ဖွယ်သော စကား။
၄။ သစ္စ - မှန်ကန်သော စကား။

(သဂါထာဝဂ္ဂ ဝင်္ဂီသသံယုတ် သုဘာသိတသုတ်)

## ၂၅ စေတီထိုက်သူပုဂ္ဂိုလ် (၄) ယောက်

၁။ မြတ်စွာဘုရား။
၂။ ပစ္စေကဗုဒ္ဓ - ဘုရားငယ်။
၃။ ရဟန္တာ။
၄။ စကြာမင်း။

(စတုက္က အင်္ဂုတ္တိုရ် ၅-အာပဏ္ဏကဝဂ်၊ ၅-ထူပါရဟသုတ်)

## ၂၆ ဆင်းရဲခြင်း (၄) မျိုး

၁။ ဇာတိပိ ဒုက္ခာ - ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။
၂။ ဇရာပိ ဒုက္ခာ - အိုရခြင်းသည် ဆင်းရဲ၏။
၃။ ဗျာဓိပိ ဒုက္ခော - နာရခြင်းသည် ဆင်းရဲ၏။
၄။ မရဏံပိ ဒုက္ခံ - သေရခြင်းသည် ဆင်းရဲ၏။

(ဗိနည်းမဟာဝါ ဓမ္မစကြာမှ)

## ၂၇ ဓာတ်တော်လာမြွေသမား (၄) ယောက်

၁။ အင်္ဂဝိဇ္ဇာဝေဓိ - မျက်စိတမှိတ်၌ အချက်ပေါင်းများစွာ ပစ်နိုင်၏။
၂။ ဝါလဝေဓိ - သားမွေးမျှင်ကို ဖောက်ထွင်းအောင် ပစ်နိုင်၏။
၃။ သရဝေဓိ - ရှေ့မှသွားသောမြှားကို နောက်မြှားဖြင့် မှန်အောင် ပစ်နိုင်၏။
၄။ သဒ္ဒဝေဓိ - အသံကြားရာသို့ ပစ်က လိုရာကို ထိနိုင်၏။

(ဗိနည်းပကာသနီ)

www.burmeseclassic.com

www.burmeseclassic.com



**၂၈ ဓာတ်ဇော (၄) ပါး**

၁။ သန္တပ္ပနတေဇော - အပူဖျား။
၂။ ဒဟာတေဇော - အပြင်းဖျား။
၃။ ပါစကတေဇော - ဝမ်းတွင်းမီး။
၄။ ဇိရဏတေဇော - အိုမင်းရင့်ရော်စေခြင်း။

**၂၉ နတ်စုတေခြင်း (၄) မျိုး**

၁။ အာယုက္ခယ - သက်တမ်းကုန်၍ စုတေခြင်း။
၂။ ကမ္မက္ခယ - ကံအစွမ်းကုန်၍ စုတေခြင်း။
၃။ အာဟာရက္ခယ - အဆာလွန်၍ စုတေခြင်း။
၄။ ကောပ - အမျက်ထွက်၍ စုတေခြင်း။

**၃၀ နွားဇွေ၍ စုတေသော အရိယာ (၄) ပါး**

၁။ ဗာဟိယဒါရုစီရိယ- ရဟန္တာ။
၂။ ပုက္ကုသာတိမင်း - အနာဂါမ်။
၃။ တမ္ဗဒါဌိက - ခိုးသူသတ်ယောက်ျား သောတာပန်။
၄။ သုပ္ပဗုဒ္ဓ - လူနူ သောတာပန်။

(ဓမ္မပဒ)

**၃၁ ပရမတ္ထတရား (၄) ပါး**

၁။ စိတ် စိတ်တခုယုတ်ကိုးဆယ် (၈၉) ပါးကိုဆို၏၊ အကျယ် ၁၂၁-ပါး။
၂။ စေတသိက်- (သည်) ၅၂-ပါးရှိ၏။
၃။ ရုပ်- ဇာတိရုပ် ၁၈-ပါး,အဇာတိရုပ် ၁၀-ပါး၊ ပေါင်း ၂၈-ပါး။
၄။ နိဗ္ဗာန်။

(သင်္ဂြိုဟ်)

**၃၂ ပဋိသမ္ဘိဒါ (၄) ပါး**

၁။ အတ္ထပဋိသမ္ဘိဒါ - အနက်သဘောကို သိခြင်း။
၂။ ဓမ္မပဋိသမ္ဘိဒါ - တရားသဘောကို သိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ နိရုတ္တိပဋိသမ္ဘိဒါ-ယုတ်တိယုတ်တာနှင့်တကွဘာသာစကားကိုသိခြင်း။
၄။ ပဋိဘာနပဋိသမ္ဘိဒါ-ဝေဖန်ပိုင်းခြား၍ သိခြင်း။

**၃၃ ပဋိသန္ဓေ (၄) မျိုး**

၁။ အပါယ်ပဋိသန္ဓေ - အပါယ်လေးဘုံ၌ ရောက်၍တည်ခြင်း။
၂။ ကာမသုဂတိပဋိသန္ဓေ - ကာမ(၁၁)ဘုံ၌ ရောက်၍တည်ခြင်း။
၃။ ရူပါဝစရပဋိသန္ဓေ-ရုပ်နာမ်ရှိသောဗြဟ္မာ ၁၆-ဘုံ၌ရောက်၍တည်ခြင်း။
၄။ အရူပါဝစရပဋိသန္ဓေ - ရုပ်မရှိ နာမ်ရှိသော ဗြဟ္မာလေးဘုံ၌ ရောက်၍ တည်ခြင်း။

**၃၄ ပရိသတ် (၄) ပါး**

၁။ ရဟန်းယောကျ်ား။
၂။ ရဟန်းမိန်းမ။
၃။ လူယောကျ်ား။
၄။ လူမိန်းမ။

**၃၅ ပညာရှိ ကဝိ (၄) ပါး**

၁။ စိန္တာကဝိ - အနုသန္ဓေ ဆက်စပ်၍ ကြံစည်တတ်ခြင်း။
၂။ သုတကဝိ - ကြားကာမျှဖြင့် ကြံသောစကားကို သိခြင်း။
၃။ အတ္ထကဝိ - အနက်သဘောကို သိခြင်း။
၄။ ပဋိဘာနကဝိ-တခုကို မြင်ပါက နောက်တခုကို လုပ်တတ်ခြင်း။

**၃၆ ပါဋိဒေသနီယ ရဟန်းသိက္ခာပုဒ် (၄)ပါး**

၁။ ရဟန်းသည် ရဟန်းမိန်းမလက်မှ ဆွမ်းကို ခံယူစားသောက်ခြင်းမပြုရဟု ပညတ်ခြင်း။
၂။ ဆဗ္ဗဂ္ဂီရဟန်းများ ဆွမ်းစားနေစဉ် ဆွမ်းစီမံသူကို မတားမြစ်ရဟု ပညတ်ခြင်း။
၃။ ရဟန်းအမျုစ အတိုင်းအရှည် မသိပဲ ဆွမ်းတောဇဉ် မခံယူရဟု ပညတ်ခြင်း။
၄။ ရဟန်းတို့သည် အမျိုးသမီးများ ဖျက်ဆီးသော လူဆိုးများနေသော နေရာကို သိက ကြိုတင်၍ ပြောရမည်ဟု ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ၃၇ ပုဂ္ဂိုလ် (၄) မျိုး

၁။ ပိဋကသာတတ်လျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်။
၂။ ပိဋကမတတ်ပဲနှင့် အမှန်တရားကို သိသော ပုဂ္ဂိုလ်။
၃။ ပိဋကလည်းတတ် အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်။
၄။ ပိဋကလည်းမတတ် အမှန်တရားလည်း မသိသော ပုဂ္ဂိုလ်။

(ပုဂ္ဂလပညတ်နှင့် စတုက္က အင်္ဂုတ္တိုရ်)

## ၃၈ တနည်း ပုဂ္ဂိုလ် (၄) မျိုး

၁။ ကြည်ညိုဖွယ်ရှိလျက် အမှန်တရားကို မသိသောပုဂ္ဂိုလ်။
၂။ ကြည်ညိုဖွယ်မရှိပဲ အမှန်တရားကို သိသောပုဂ္ဂိုလ်။
၃။ ကြည်ညိုဖွယ်လည်း မရှိ အမှန်တရားလည်း မသိသော ပုဂ္ဂိုလ်။
၄။ ကြည်ညိုဖွယ်လည်းရှိ အမှန်တရားကိုလည်း သိသောပုဂ္ဂိုလ်။

(ပုဂ္ဂလပညတ်နှင့် စတုက္က အင်္ဂုတ္တိုရ်)

## ၃၉ ဖွားဖက်တော် ရွှေအိုးကြီး (၄) လုံး

၁။ သင်္ခရွှေအိုး -တဂါဝုတ် ကြီးကျယ်၏။
၂။ ဧလရွှေအိုး -နှစ်ဂါဝုတ် ကြီးကျယ်၏။
၃။ ဥပ္ပလရွှေအိုး -သုံးဂါဝုတ် ကြီးကျယ်၏။
၄။ ပုဏ္ဍရိကရွှေအိုး -လေးဂါဝုတ် ကြီးကျယ်၏။

(ဇိနတ္ထပကာသနီကျမ်း)

## ၄၀ ဖိုလ် (၄) ပါး

၁။ သောတာပတ္တိဖိုလ်။
၂။ သကဒါဂါမိဖိုလ်။
၃။ အနာဂါမိဖိုလ်။
၄။ အရဟတ္တဖိုလ်။

(သဂြိုဟ်)

www.burmeseclassic.com

www.burmeseclassic.com



၄၁ ဗေဒင် (၄) ပုံ

၁။ ဣရုဗေဒင်ကျမ်း -နေကြတ်လကြတ်အခါကို ဟောသောကျမ်း။
၂။ ယဇုဗေဒင်ကျမ်း -ဂြိုဟ်နတ်ပူဇော်နည်းကို ဟောသောကျမ်း။
၃။ သာမဗေဒင်ကျမ်း-နေ,လ,နက္ခတ်တို့၏သွားလမ်းကိုဟောသောကျမ်း။
၄။ အာထဗ္ဗဏဗေဒင်ကျမ်း-ပြုစားသောနည်းကို ဟောသောကျမ်း။

၄၂ ဗြဟ္မစိုရ်ရတရား (၄) ပါး၊ (အပ္ပမညာလည်း ခေါ်၏။)

၁။ မေတ္တာ -သတ္တဝါတို့အား အာရုံပြု၍ ချစ်ခင်ခြင်း။
၂။ ကရုဏာ -သတ္တဝါတို့အား အာရုံပြု၍ သနားခြင်း။
၃။ မုဒိတာ -ချမ်းသာမှုရသူတို့အား မြင်တွေ့က ဝမ်းမြောက်ခြင်း။
၄။ ဥပေက္ခာ -ချမ်းသာမှု ဆင်းရဲမှုတို့၌ ဥပေက္ခာရှုခြင်း။
(သဂြိုဟ်)

၄၃ ဘုရားအလောင်း၏ စတုရင်္ဂဝီရိယ (၄) ပါး

၁။ အသားပဲကြွေကြွေ။
၂။ အရေပဲစုတ်စုတ်။
၃။ အကြောပဲပြတ်ပြတ်။
၄။ အသွေးပဲ ခန်းခန်း - ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထဟု မိဋ္ဌာန်ခြင်း။

၄၄ ဘုံ (၄) မျိုး

၁။ အပါယ်ဘုံ- ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်။
၂။ ကာမသုဂတိဘုံ - လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်။
၃။ ရူပဘုံ - ရူပဗြဟ္မာ ၁၆-ဘုံ။
၄။ အရူပဘုံ-အရူပဗြဟ္မာ ၄-ဘုံ။
(သဂြိုဟ်)

၄၅ မဟာဘုတ် (၄) ပါး

၁။ ပထဝီ - မြေဓာတ်။
၂။ အာပေါ - ရေဓာတ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဝါယော - လေဓာတ်။
၄။ တေဇော - မီးဓာတ်။

(သင်္ဂြိုဟ်)

၄၆ မရောင့်ရဲသူ (၄) မျိုး

၁။ မင်းသည် ဥစ္စာ၌ မရောင့်ရဲခြင်း။
၂။ ပညာရှိသည် စကားကောင်း၌ မရောင့်ရဲခြင်း။
၃။ မျက်စိသည် ချစ်သောသူကို မြင်ခြင်း၌ မရောင့်ရဲခြင်း။
၄။ သမုဒ္ဒရာသည် ရေ၌ မရောင့်ရဲခြင်း။

(လောကနီတိကျမ်း)

၄၇ မဂ် (၄) ပါး

၁။ သောတာပတ္တိမဂ်။
၂။ သကဒါဂါမိမဂ်။
၃။ အနာဂါမိမဂ်။
၄။ အရဟတ္တမဂ်။

(သင်္ဂြိုဟ်)

၄၈ မေတ္တာတရား (၄) ပါး (သို့) အဝေရာဒိကမေတ္တာ

၁။ အဝေရာ ဟောန္တု -ရန်မရှိကြသည် ဖြစ်ပါစေသတည်း။
၂။ အဗျာပဇ္ဇာ ဟောန္တု -စိုးရိမ်မှုမရှိကြသည် ဖြစ်ပါစေသတည်း။
၃။ အနီဃာ ဟောန္တု -ဆင်းရဲခြင်း မရှိကြသည် ဖြစ်ပါစေသတည်း။
၄။ သုခီ အတ္တာနံ ပရိဟရန္တု- မိမိကိုယ်ကို ချမ်းသာမှုရအောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

၄၉ မျက်မှောက်ခေတ် စစ်အင်္ဂါ (၄) ပါး

၁။ လေတပ်။
၂။ ရေတပ်။
၃။ ကုန်းတပ်။
၄။ ယန္တရားတပ်။

www.burmeseclassic.com

www.burmeseclassic.com



## ၅၀ မြတ်စွာဘုရား၏စေတီ (၄) ရပ်

၁။ ဓာတုစေတီ - ဘုရားရှင်၏ ဓာတ်တော် မွေတော်များ။

၂။ ဓမ္မစေတီ - ပိဋကတ်သုံးပုံကျမ်းများ။

၃။ ပရိဘောဂစေတီ-ဗုဒ္ဓ၏အဆောက်အဦနှင့်အသုံးအဆောင်ပစ္စည်းများ။

၄။ ဥဒ္ဒိဿစေတီ - ရည်မှန်း၍ ဘုရားဓာတ်ပုံ ကားချပ် ဆင်းတုတော် စေတီများ။

## ၅၁ မိတ်ဆွေ အတု (၄) ယောက်

၁။ အညဒတ္ထုဟရ - အခါခပ်သိမ်း မိမိထံမှ ပစ္စည်းဥစ္စာကိုသာ ယူဆောင်လေ့ရှိသော မိတ်ဆွေတု။

၂။ ဝစီပရမ- နှုတ်ဖြင့်သာ အကျိုးစီးပွါးကို လိုယောင်ပြုလျက် တစုံတခုကို ပေးအံ့သကဲ့သို့ ခိုင်းကူ ပြုလုပ်သကဲ့သို့ ပြောဆိုပြီးလျှင် တစုံတရာ လက်မပါသော မိတ်ဆွေတု။

၃။ အနုပိယဘာဏီ- ရှေ့တွင်သာ ချစ်ယောင်ပြုလျက် ချစ်ဖွယ်သောစကားကို ဆိုပြီးလျှင် မျက်ကွယ်ရာ၌ရန်သူသဖွယ် ပြောဆိုပြုလုပ်တတ်သော မိတ်ဆွေတု။

၄။ အပါယသဟာယ - ဥစ္စာစီးပွါး ပျက်ပြားဆုတ်ယုတ်တတ်သော အမှုမျိုးတို့၌သာလျှင် အပေါင်းအဖော်ပြုလုပ်တတ်သော မိတ်ဆွေအတု။

(သုတ်ပါထေယျပါဠိတော် သိင်္ဂါလောဝါဒသုတ်)

## ၅၂ မိုး (၄) မျိုး

၁။ ချုန်းသာချုန်း၍ မရွာသော မိုး။

၂။ ရွာရုံသာရွာ၍ မချုန်းသော မိုး။

၃။ ချုန်းလည်းချုန်း ရွာလည်းရွာသော မိုး။

၄။ ချုန်းလည်းမချုန်း ရွာလည်းမရွာသော မိုး။

(ပုဂ္ဂလပညတ်နှင့် စတုက္က အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



## ၅၃ ယောက်ျားမြတ်အင်္ဂါ (၄) ပါး

၁။ သူတပါး၏ဂုဏ်မဲ့စကား မကောင်းကြောင်းကို မေးသော်လည်းထင်ရှားစွာပြု၍ မပြော၊ မမေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

၂။ သူတပါး၏ ဂုဏ်ရှိစကား ကောင်းကြောင်းကို မမေးသော်လည်း ထင်ရှားစွာပြု၍ ပြော၏၊ မေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

၃။ မိမိ၏ဂုဏ်မဲ့စကား မကောင်းကြောင်းကို မမေးသော်လည်း ထင်ရှားအောင်ပြု၍ ပြော၏၊ မေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

၄။ မိမိ၏ဂုဏ်ရှိစကား ကောင်းကြောင်းကို မေးသော်လည်း ထင်ရှားအောင်ပြု၍ မပြော၊ မမေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

(စတုက္က အင်္ဂုတ္တိုရ်၊ ၃-အပဏ္ဏကဝဂ်၊ ၃-သပ္ပုရိသသုတ်)

## ၅၄ ယောက်ျားယုတ်အင်္ဂါ (၄) ပါး

၁။ သူတပါး၏ ဂုဏ်မဲ့စကား မကောင်းကြောင်းကို မမေးသော်လည်း ထင်ရှားအောင်ပြု၍ ပြော၏၊ မေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

၂။ သူတပါး၏ ဂုဏ်ရှိစကားကောင်းကြောင်းကိုမေးသော်လည်းထင်ရှားအောင်ပြု၍ မပြော၊ မမေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

၃။ မိမိ၏ ဂုဏ်ရှိစကား ကောင်းကြောင်းကို မမေးသော်လည်း ထင်ရှားအောင်ပြု၍ ပြော၏၊ မေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

၄။ မိမိ၏ ဂုဏ်မဲ့စကား မကောင်းကြောင်းကို မေးသော်လည်း ထင်ရှားအောင်ပြု၍ မပြော၊ မမေးလျှင်ကား အထူးဆိုဖွယ်ရာ မရှိ။

(စတုက္က အင်္ဂုတ္တိုရ်၊ ၃-အပဏ္ဏကဝဂ်၊ ၃-သပ္ပုရိသသုတ်)

## ၅၅ ယောဂ (၄) ပါး

၁။ ကာမယောဂ - ကိလေသာကာမ၌ ကပ်ငြိခြင်း။

၂။ ဘဝယောဂ - ဘဝ၌ ကပ်ငြိခြင်း။

၃။ ဒိဋ္ဌိယောဂ - အယူ၌ ကပ်ငြိခြင်း။

၄။ အဝိဇ္ဇာယောဂ- မသိမှု၌ ကပ်ငြိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**၃၆ ရဟန်းဥစ္စာ (၄) မျိုး**

၁။ သင်္ကန်း။

၂။ ဆွမ်း။

၃။ ကျောင်း။

၄။ ဆေး။

**၃၇ ရဟန်း ပါရာဇိကကျ (၄) ပါး**

၁။ မေထုနဓမ္မပါရာဇိက - မေထုန်အမှုပြုကျင့်သဖြင့် ရဟန်းအဖြစ်မှ လူအဖြစ်သို့ ရောက်ခြင်း။

၂။ အဒိန္နာဒါနပါရာဇိက - အရှင်မပေးသည့် ဥစ္စာကို ယူသဖြင့် ရဟန်းအဖြစ်မှ လူအဖြစ်သို့ ရောက်ခြင်း။

၃။ မနုဿဝိဂ္ဂဟပါရာဇိက- လူ့,လူဇာတ်ရှိသူကို သတ်ခြင်းကြောင့် ရဟန်းအဖြစ်မှ လူ အဖြစ်သို့ ရောက်ခြင်း။

၄။ ဥတ္တရိမနုဿဓမ္မပါရာဇိက - ဈာန် မဂ် ဖိုလ် မရပဲ ရသည်ဟု ဝါကြွားခြင်းကြောင့် ရဟန်းအဖြစ်မှ လူအဖြစ်သို့ ရောက်ခြင်း။

(ဝိနည်းတော်)

**၃၈ ရဟန်း၏ ပစ္စဝေက္ခဏာ (၄) ပါး**

၁။ သင်္ကန်းသည် မှက်, ခြင်, ယင်, အပူ, အအေး မျှတရုံသာ သုံးဆောင်ပါ၏ဟု ဆင်ခြင်ရခြင်း။

၂။ ဆွမ်းသည် အားရှိစေခြင်းငှါ လှပစေခြင်းငှါ မဟုတ်မူ၍ ကုသိုလ်တရားပွားများနိုင်ရုံသာ သုံးဆောင်ပါ၏ဟု ဆင်ခြင်ရ၏။

၃။ ကျောင်းသည် မှက်,ခြင်, ယင်, အပူ, အအေး ရာသီဥတု မျှတရုံသာ သုံးဆောင်ပါ၏ဟုသာ ဆင်ခြင်ရာ၏။

၄။ ဆေးသည် အသက်၏အရံအတား အနာပျောက်ကင်းရုံသာသုံးဆောင်ပါ၏ဟု ဆင်ခြင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



**၅၉ ရဟန်း၏ အညစ်အကြေး (၄) ပါး**

၁။ မေထုန်မှီဝဲခြင်း။
၂။ သေရည် သေရက် သောက်စားခြင်း။
၃။ ရွှေ ငွေ အလှူခံခြင်း။
၄။ မိစ္ဆာဇီဝ-မှားသော အကျင့်ဖြင့် အသက်မွေးခြင်း။

(စတုက္က အင်္ဂုတ္တိုရ် ဥပက္ကိလေသသုတ်)

**၆၀ ရဟန်းသီလ (၄) ပါး**

၁။ ပါတိမောက္ခသံဝရသီလ- ၂၂၇-သွယ်သော သိက္ခာပုဒ်ကို ဆို၏။
၂။ ဣန္ဒြိယသံဝရသီလ -မျက်စိစသော ခြောက်ပါးသော ဣန္ဒြေကို ဆို၏။
၃။ အာဇီဝပါရိသုဒ္ဓိသီလ - အသက်မွေးမှု မှန်ကန်မှုကို ဆို၏။
၄။ ပစ္စယသန္နိဿိတသီလ - ပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာ ဆင်ခြင်ရသည်ကို ဆို၏။

(သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းမှ)

**၆၁ ရဟန်းတို့၏ တဏှာလေ့ဘ (၄) မျိုး**

၁။ သင်္ကန်းဟူသောအကြောင်းကြောင့်လည်းတဏှာလေ့ဘဖြစ်ပေါ်၏။
၂။ ဆွမ်းဟူသောအကြောင်းကြောင့်လည်း တဏှာလေ့ဘဖြစ်ပေါ်၏။
၃။ ကျောင်း အိပ်ရာ နေရာ ဟူသော အကြောင်းကြောင့်လည်း တဏှာလေ့ဘ ဖြစ်ပေါ်၏။
၄။ အလီလီသောဆေးဟူသော အကြောင်းကြောင့်လည်း တဏှာလေ့ဘ ဖြစ်ပေါ်၏။

(စတုက္ကအင်္ဂုတ္တိုရ်)

**၆၂ ရခဲသောတရား (၄) မျိုး**

၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ရခဲ၏။
၂။ အကျင့်သီလနှင့် ပြည့်စုံခြင်းသည် ရခဲ၏။
၃။ စွန့်ကြဲမှုနှင့် ပြည့်စုံခြင်းသည် ရခဲ၏။
၄။ ပညာနှင့် ပြည့်စုံခြင်းသည် ရခဲ၏။

(စတုက္က အင်္ဂုတ္တိုရ်၊ ဒုတိယပဏ္ဏာသကနှင့် ပတ္တကမ္မဝဂ်၊ ၁-ပတ္တကမ္မသုတ်)

www.burmeseclassic.com

www.burmeseclassic.com



၆၃ ရှေးခေတ် စစ်အင်္ဂါ (၄) ပါး

၁။ ဆင်တပ်။
၂။ မြင်းတပ်။
၃။ ရထားတပ်။
၄။ ခြေလျင်တပ်။

၆၄ ရှင် (၄) ပါး

၁။ ရှင်ဥပဂုတ်သည်- တောင်သမုဒ္ဒရာ၌ စံနေတော်မူ၏။
၂။ အရှင်သာရဒတ္တသည်- မြောက်သမုဒ္ဒရာ၌ စံနေတော်မူ၏။
၃။ အရှင်သက္ကောသာရသည်- အရှေ့သမုဒ္ဒရာ၌ စံနေတော်မူ၏။
၄။ အရှင်မေဓရသည်- အနောက်သမုဒ္ဒရာ၌ စံနေတော်မူ၏။

(မှတ်ခွဲရှိသည်)

၆၅ ရုပ်လက္ခဏာ (၄) ပါး

၁။ ဥပစယ - ရုပ်တို့၏ ဖြစ်ပေါ်ခြင်း။
၂။ သန္တတိ - ရုပ်တို့၏ ဖြစ်စဉ်။
၃။ ဇရတာ - ရုပ်တို့၏ အိုမင်းရင့်ရော်ခြင်း။
၄။ အနိစ္စတာ - ရုပ်တို့၏ မမြဲချုပ်ပျက်ခြင်း။

(သင်္ဂြိုဟ်)

၆၆ ရုပ်ဖြစ်ကြောင်းတရား (၄) ပါး

၁။ ကံ - ရှေးကပြုခဲ့သော ကုသိုလ်, အကုသိုလ်အကျိုးများ။
၂။ စိတ် - စိတ်နှင့် စေတသိက် (၅၂) ပါးကို ဆို၏။
၃။ ဥတု - ဥဏှ, သီတ အပူဓာတ်,အအေးဓာတ်ကို ဆို၏။
၄။ အာဟာရ - စားသောက်သော အစားအစာဓာတ်ကို ဆို၏။

(သင်္ဂြိုဟ်)

၆၇ လူတို့၏ ဥစ္စာ (၄) မျိုး

၁။ ဇင်္ဂမဥစ္စာ - ပေါ့သောဥစ္စာ ရွှေ,ငွေ, ကျောက်သံ, ပတ္တမြား။
၂။ နိဒါနဥစ္စာ - လေးသောလယ်ယာမြေအိမ်တိုက်တာ အဆောက်အအုံ။

www.burmeseclassic.com

www.burmeseclassic.com



၃။ အင်္ဂသမဉ္စတ္တာ - အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှု။
၄။ အနုဂါမိကဉ္စတ္တာ-ဒါန၊ သီလစသောကုသိုလ်မှုပြုခြင်းမှရသောအကျိုး။

၆၈ လူသူလေးပါး ကြားလို့မှမတော်ခဲ့ (၄) မျိုး

၁။ ရဟန်း။
၂။ ပုဏ္ဏား။
၃။ မင်း။
၄။ သူဆင်းရဲ။

(အမှာ) တိုးတိုးပြောပါကွာ - မင်းစကားကြီးက လူ သူလေးပါး ကြားလို့မှ မတော်- ဟူသောဟန်တားသည့် စကားမျိုး၌ ရေတွက်၍ ပြသော (၄) ပါးဖြစ်သည်။

၆၉ လူသေခြင်း (၄) မျိုး

၁။ အာယုက္ခယ - သက်တမ်းကုန်၍ သေခြင်း။
၂။ ကမ္မက္ခယ - ကံအစွမ်းကုန်၍ သေခြင်း။
၃။ ဥဘယက္ခယ - သက်တမ်း၊ ကံကုန် နှစ်ပါးစုံကုန်၍ သေခြင်း။
၄။ ဥပစ္ဆေဒက - လောလောလတ်လတ် ကံတပါးဖြတ်၍ မသေသင့်ပဲနှင့် သေခြင်း။

၇၀ လူအဖြစ်နှင့် နတ်ပြည်ရောက်သူ (၄) ယောက်

၁။ မန္ဓာတု စကြာမင်း။
၂။ နေမိမင်း။
၃။ သာဓိနခေါ် မမ္မသုန္တမင်း။
၄။ ဂုတ္တိလ စောင်းသမား။

၇၁ လူအမျိုး (၄) ပါး

၁။ ခတ္တိယ - မင်းမျိုး။
၂။ ဗြာဟ္မဏ- ပုဏ္ဏားမျိုး။
၃။ ဝဿ - ကုန်သည်မျိုး။
၄။ သုဒ္ဒ - ဆင်းရဲသားအမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၇၂ လူ (၄) မျိုး

၁။ ပြောသော ပြော၏၊ ပြောသည့်အတိုင်း မလုပ်သူ။
၂။ လုပ်ကား လုပ်၏၊ ပြောကား မပြောသူ။
၃။ ပြောလည်း ပြော၏၊ လုပ်လည်း လုပ်သောသူ။
၄။ ပြောလည်း မပြော၊ လုပ်လည်း မလုပ်သူ။

၇၃ လျှင်စွာ မသွားသင့်သူ (၄) ယောက်

၁။ ရဟန်း။
၂။ မင်းမြှောက်တန်ဆာ ငါးပါး ဝတ်ဆင်ထားသော ရှင်ဘုရင်။
၃။ ကကြိုးစုံ တပ်ဆင်ထားသော မင်းစီးဆင်။
၄။ မိန်းမပျို။

၇၄ ဝစီကံ (၄) ပါး

၁။ မုသာဝါဒ - မမှန်သည်ကို သိလျက်နှင့် မှန်၏ဟု ပြောဆိုခြင်း။
၂။ ပိသုဏဝါစာ - ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်း။
၃။ ဖရုသဝါစာ - ကြမ်းတမ်းသော စကားဖြင့် ဆဲရေးတိုင်းထွာခြင်း။
၄။ သမ္ဖပ္ပလာပ - အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း။
(သဂြိုဟ်)

၇၅ ဝိပတ္တိတရား (၄) ပါး

၁။ သီလဝိပတ္တိ - သီလပျက်ခြင်း။
၂။ ဒိဋ္ဌိဝိပတ္တိ - အယူပျက်ခြင်း။
၃။ အာစာရဝိပတ္တိ- အကျင့်ပျက်ခြင်း။
၄။ အာဇီဝဝိပတ္တိ - အသက်မွေးမှုပျက်ခြင်း။

၇၆ ဝိပ္ပတ္တိတရား (၄) ပါး

၁။ ဂတိဝိပ္ပတ္တိ - လားရာဂတိဖောက်ပြန်ပျက်စီး၍ အပါယ်ရောက်ရခြင်း။
၂။ ဥပဓိဝိပ္ပတ္တိ - ရုပ်ရည်အဆင်း မလှမပ ဖောက်ပြန်ပျက်စီးခြင်း။
၃။ ကာလဝိပ္ပတ္တိ- မကောင်းသော ကာလဟုဆိုအပ်သောမင်းဆိုးမင်းညစ် မသာမာသူတို့ လက်ထက်၌ လူဖြစ်ရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ ပယောဂဝိပ္ပတ္တိ - မှားယွင်းသော အကျင့် အားထုတ်၍ ဖောက်ပြန် ပျက်စီးခြင်း။

**၇၇ သင်္ဂဟတရား (၄) ပါး**

၁။ ဒါန - လှူဒါန်းပေးကမ်းခြင်း။
၂။ ပိယဝါစာ - (ပေယျဝဇ္ဇ) ချစ်ဖွယ်သော စကားကို ပြောဆိုခြင်း။
၃။ အတ္ထစရိယ - နှစ်ဖက်အကျိုးကိုကြည့်၍ ပြုကျင့်ခြင်း။
၄။ သမာနတ္တတာ- ကိုယ်နှင့်အတူထား၍ မျှတစွာ ဆောင်ရွက်ခြင်း။

(စတုက္က အင်္ဂုတ္တိုရ်၊ ၆-အဆိညာဝဂ်၊ ၃-သင်္ဂဟဝတ္ထုသုတ်)

**၇၈ သမ္ပဒါတရား (၄) ပါး**

၁။ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လ ရှိရခြင်း။
၂။ အာရက္ခသမ္ပဒါ - မိမိဥစ္စာကို စောင့်ရှောက်တတ်ရခြင်း။
၃။ ကလျာဏမိတ္တသမ္ပဒါ- အဆွေခင်ပွန်းကောင်း ရှိရခြင်း။
၄။ သမဇီဝိတသမ္ပဒါ - ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် အသက်မွေးမှု ရခြင်း။

**၇၉ သတိပဋ္ဌာန်တရား (၄) ပါး**

၁။ ကာယာနုပဿနာသတိပဋ္ဌာန်-ကိုယ်ကာယ၌ လွန်လွန်ကဲကဲ စွဲမြဲစွာ တည်သော သတိအထူး။
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်-ခံစားမှုဝေဒနာ၌ လွန်လွန်ကဲကဲ စွဲမြဲစွာ တည်သော သတိအထူး။
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် - စိတ်၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည်သော သတိအထူး။
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် - တရား၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည် သော သတိအထူး။

(သင်္ဂြိုဟ်)

**၈၀ သမ္မပ္ပဓာန်တရား (၄) ပါး**

၁။ ရှေးကပြုခဲ့ဘူးသော အကုသိုလ်တရားများကို မပွါးအောင် တားဆီး ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ မပြုရသေးသော အကုသိုလ်တရားကို မပြုလုပ်မိအောင် သတိပြု၍ ရှောင်ကြဉ်ခြင်း။
၃။ ပြုပြီးသော ကုသိုလ်တရားကို ပွါးများအောင် ပြုလုပ်ခြင်း။
၄။ မပြုရသေးသော ကုသိုလ်တရားကို ပြုနိုင်အောင် အားထုတ်ခြင်း။

(သင်္ဂြိုဟ်)

**၈၁ သန္ဓေ (၄) မျိုး**

၁။ ဩပပါတိက - အလိုလိုဖြစ်ပေါ်ခြင်း။ (နတ်)
၂။ သံသေဒဇ - အရေဝတ္ထုတခုခုကိုအမှီပြု၍ဖြစ်ပေါ်ခြင်း။ (သန္ဓေသူ)
၃။ အဏ္ဍဇ - ဥမှ ဖြစ်ပေါ် ပေါက်ဖွားခြင်း။
၄။ ဇလာဗုဇ - ကိုယ်ဝန်ဆောင်၍ ဖြစ်ပေါ် မွေးဖွားခြင်း။

**၈၂ သရဏဂုံ အပြား (၄) ပါး**

၁။ နေယျာဒေမိ - မိမိကိုယ်ကို အပ်နှင်းခြင်း။
၂။ တာဏံ လေဏံ - မှီခိုရာ လှဲလျောင်းရာ ဖြစ်ခြင်း။
၃။ သိဿအန္တေဝါသိက- တပည့်သားအဖြစ် ခံယူခြင်း။
၄။ ဂစ္ဆာမိ - ရှိသေလေးစားစွာ ဆည်းကပ်ကိုးကွယ်ခြင်း။

**၈၃ သရက် (၄) မျိုး**

၁။ စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီး။
၂။ မှည့်လျက် စိမ်းရောင်ရှိသော သရက်သီး။
၃။ စိမ်းလျက် စိမ်းရောင်ရှိသော သရက်သီး။
၄။ မှည့်လျက် မှည့်ရောင်ရှိသော သရက်သီး။

(ပုဂ္ဂလပညတ်နှင့် စတုက္က အင်္ဂုတ္တိုရ်)

**၈၄ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ တင်းခြင်း (၄) မျိုး**

၁။ သိကြား၏ ကံကုန်၍ ပဏ္ဍုကမ္ဗလာ ပူခြင်း တင်းခြင်း။
၂။ သိကြား၏ သက်တမ်းကုန်၍ ပဏ္ဍုကမ္ဗလာ ပူခြင်း တင်းခြင်း။
၃။ သိကြားအဖြစ် ဆုတောင်းသော ပုဂ္ဂိုလ်များ ပေါ်ပေါက်၍ ပဏ္ဍုကမ္ဗလာ ပူခြင်း တင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဘုန်းရှိသောပုဂ္ဂိုလ်တို့၏ အကျင့်သီလကြောင့် ပဏ္ဍုကမ္ဗလာ မနေသာ၍ ပူခြင်း တင်းခြင်း။

(၅၅၀- ဇာတ်)

### ၈၅ သိကြားမင်း၏ သမီး (၄) ပါး

၁။ အာသာ နတ်သမီး။
၂။ သဒ္ဓါ နတ်သမီး။
၃။ သိရီ နတ်သမီး။
၄။ ဟိရီ နတ်သမီး။

### ၈၆ သေ (၄) ပါး

၁။ အရှင်မဟာကဿပ - ဝေဘာရတောင်၌ ပရိနိဗ္ဗာန်စံတော်မူ၏။
၂။ အရှင်မဟာသုဘာရ - ဥတ္တမတောင်၌ ပရိနိဗ္ဗာန်စံတော်မူ၏။
၃။ အရှင်ဥပက္ခာရ - မကုဋ္ဌတောင်၌ ပရိနိဗ္ဗာန်စံတော်မူ၏။
၄။ အရှင်ဓမ္မသာရ - မကုဋ္ဌတောင်၌ ပရိနိဗ္ဗာန်စံတော်မူ၏။

(မှုကွဲရှိသည်)]

### ၈၇ သေးငယ်သည်ဟု မထီမဲ့မြင် မပြုအပ်သော အရာ (၄) ပါး

၁။ ရဟန်းငယ်ဟု မထီမဲ့မြင် မပြုအပ်။
၂။ မင်းသားငယ်ဟု မထီမဲ့မြင် မပြုအပ်။
၃။ မြွေငယ်ဟု မထီမဲ့မြင် မပြုအပ်။
၄။ မီးပွားငယ်ဟု မထီမဲ့မြင် မပြုအပ်။

### ၈၈ ဆက်စပ်လို့မရသော အရာ (၄) မျိုး

၁။ ကောင်းကင်နှင့် မြေကြီးသည် ဆက်စပ်လို့မရ။
၂။ သမုဒ္ဒရာ ဤမှာဘက်ကမ်းနှင့် ထိုမှာဘက်ကမ်းတို့သည် ဆက်စပ်လို့မရ။
၃။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်သည် ဆက်စပ်လို့မရ။
၄။ သူတော်ကောင်းတရားနှင့် မသူတော်တရားသည် ဆက်စပ်လို့မရ။

(စတုက္က အင်္ဂုတ္တိုရ် သုံးဝိရူရသုတ်)

www.burmeseclassic.com

www.burmeseclassic.com



၇၉ ဇမ္ဗူဒိပ်တကျွန်းလုံးကြားနိုင်သော အသံကြီး (၄) မျိုး

၁။ ပုဏ္ဏကဘီလူး ကြွေအန်နိုင်သောအခါတွင် နိုင်ပြီဟု ကြွေးကြော်သော အသံ။

၂။ ကဿပဘုရားရှင်သာသနာတော်ကွယ်ပြီးနောက် မာတလိနတ်သားကို ခွေးယောင် ဆောင်၍ သိကြားမင်းက မုဆိုးယောင် ဆောင်ကာ မတရားသူတို့ကို စားလို၍ ဟောင်သောအသံ။

၃။ ပဘာဝတီ မင်းသမီးကို ရလို၍ (၇) ပြည်ထောင်သောမင်းတို့ စစ်ချီလာရာတွင် ပဘာဝတီ မင်းသမီးကို ဆင်ပေါ်တင်၍ အလောင်းတော် ကုသမင်းသည် ခြင်္သေ့မင်းကဲ့သို့ ငါကုသမင်းကြီးဟု ကြိမ်းဝါးသော အသံ။

၄။ အာဠဝကဘီလူး ဘုံဗိမာန်တွင် ဘုရားရှင်နေထိုင်သည်ဟု ကြား၍ အာဠဝကဘီလူးက ဒေါသထွက်ပြီး ကြိမ်းဝါးသော အသံ။

(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ)

၈၀ မကောင်းမှုတွင် အကြီးဆုံး (၄) မျိုး

၁။ မုသားစကားကို အစဦးဆုံး ပြောဆိုသော စေတီယမင်း။

၂။ ဂေါတမဘုရားရှင်လက်ထက် အဂ္ဂသာဝကနှစ်ပါးအား ပြစ်မှားသော ကောကာလိက ရဟန်း။

၃။ မဟာကပိဇာတ်၌ ကျေးဇူးရှင်ဘုရားလောင်းမျောက်မင်းကို ကျောက်ခဲနှင့် ထုသတ်သော ဒေဝဒတ်အလောင်း ပုဏ္ဏားမုဆိုး။

၄။ ဒေဝဒတ်ကဲ့သို့ ကျေးဇူး မသိတတ်သူ။

(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ)

၈၁ ရဟန်းတို့ လူထွက်ကြောင်း (၄) မျိုး

၁။ ကောဓူပါယာသ - ဆိုဆုံးမသည်ကို မခံယူလိုသောကြောင့်ရင်း။

၂။ ဩဒရိကတ္တ-စားသောက်ချင်တိုင်း မစားသောက်ရသောကြောင့်ရင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကာမဂုဏ - သူတပါးတို့ ကာမဂုဏ်ငါးပါးနှင့်တင့်တယ်စွာနေသည်ကို မြင်ပြီး ထို့အတူ နေလိုသောကြောင့်ရင်း။

၄။ မာတုဂါမ - မာတုဂါမတို့ မလုံမခြုံ ဝတ်ထားခြင်းကို မြင်ပြီး ရာဂ သောင်းကျန်းခြင်းကြောင့်ရင်း။

(မဇ္ဈိမပဏ္ဏာသပါဠိ)

**၉၂ လူတို့ကျင့်အပ်သော တရားကောင်း (၄) ပါး**

၁။ သူပြုဘူးသောကျေးဇူးကို ပြန်ပြုခြင်း။

၂။ စိုပြီးသောလက်ကို မခြောက်စေခြင်း၊ (ဝါ-မိတ်မပျက်စေခြင်း။)

၃။ မိတ်ဆွေများကို မပြစ်မှားခြင်း။

၄။ မိန်းမကို အကြောင်းပြု၍ အကုသိုလ်အမှုများကို မပြုခြင်း။

(သာစုနရဓမ္မကဏ္ဍ)

**၉၃ အိပ်မက်ခြင်း၏ အကြောင်း (၄) ပါး**

၁။ ဓာတုက္ခောဘ - သည်းခြေ စသည်တို့ တုန်လှုပ် ချောက်ချားခြင်း ကြောင့် မက်ခြင်း။

၂။ အနုဘူတပုဗ္ဗ - ရှေး၌ ခံစားဘူးသော အာရုံကြောင့် မက်ခြင်း။

၃။ ဒေဝတောပသံဟာရ - နတ်တို့ အာနုဘော် အစွမ်းဖြင့် ကောင်းကျိုး, မကောင်းကျိုး သိစေလို၍ မက်ခြင်း။

၄။ ပုဗ္ဗနိမိတ္တ-ကုသိုလ်ကံ,အကုသိုလ်ကံအစွမ်းဖြင့် ကောင်းကျိုး,မကောင်း ကျိုးကို ကြိုတင်သိရှိစေသောကြောင့် မက်ခြင်း။

(စတုက္က အင်္ဂုတ္တိုရ်)

**၉၄ ပုဂ္ဂိုလ်ကြည်ညိုခြင်း (၄) ပါး**

၁။ ရူပပ္ပမာဏ - ရုပ်အဆင်းအင်္ဂါ လှပခန့်ညားခြင်းကိုစွဲ၍ ကြည်ညိုခြင်း။

၂။ ဃောသပ္ပမာဏ - ချီးမွမ်းသံကိုကြား၍ ကြည်ညိုခြင်း။

၃။ လူခပ္ပမာဏ - ခေါင်းပါးသော အကျင့်ကို ကျင့်ခြင်းကြောင့် ကြည်ညိုခြင်း။

၄။ ဓမ္မပ္ပမာဏ - သီလ,သမာဓိ,ပညာရှိမှုကိုစွဲ၍ ကြည်ညိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



### ၉၅ ဥစ္စာပျက်ခြင်းအကြောင်း (၄) ပါး

၁။ ပျောက်သည့်ဥစ္စာကို ပြန်မရှာခြင်း။
၂။ ဆွေးမြေ့မည့်ပစ္စည်းကို မပြုမပြင်ခြင်း။
၃။ အစားအသောက်၌ စည်းကမ်းမရှိခြင်း။
၄။ အကျင့်မကောင်းသူကို ဥစ္စာအပ်ခြင်း။

### ၉၆ စိုးရိမ်ပူပန်မှုကြီးသော သတ္တဝါ (၄) မျိုး

၁။ ကြိုးကြာငှက်သည် မြေကြီးတုန်လှုပ်မည်ကို စိုးရိမ်သဖြင့် ခြေဖေါ်၍ နင်းခြင်း။
၂။ မျောက်သည် မြေကြီးပျောက်မည်ကို စိုးရိမ်၍ တညသုံးခါဆင်း၍ စမ်းခြင်း။
၃။ တီသည် မြေကြီးကုန်မည်ကို စိုးရိမ်၍ စားပြီးမြေကို ပြန်ထွေးအန်ခြင်း။
၄။ တစ်တီတူးငှက်သည် မိုးပြိုမည်ကို စိုးရိမ်၍ ခြေနှစ်ချောင်းထောင်၍ ပက်လက်အိပ်ခြင်း။

### ၉၇ ဒိဋ္ဌဓမ္မအကျိုးပေးသောအင်္ဂါ (၄) ပါး

၁။ အလှူခံပုဂ္ဂိုလ်သည် ဘုရား,ရဟန္တာ,ပစ္စေကဗုဒ္ဓါနှင့် အနာဂါမ်ပုဂ္ဂိုလ်များဖြစ်ခြင်း။
၂။ နိရောဓသမာပတ်မှ ထ ခိုက်ကြုံခြင်း။
၃။ စင်ကြယ်သော လှူဖွယ်ဝတ္ထုဖြစ်ခြင်း။
၄။ လှူဆဲ၌ ပီတိ သောမနဿဖြင့် ယှဉ်သော စေတနာဖြစ်ပေါ်၍နေခြင်း။

### ၉၈ မိန်းမ (၄) မျိုး

၁။ ပဒုမိနီ - မြင့်မြတ်သော အမျိုးသမီး၊ ဥက္ကဋ္ဌ။
၂။ သိခရိဏီ - မြတ်သော အမျိုးသမီး၊ ပဏီတ။
၃။ စိတ္တရနီ - မယုတ်မည့်သော အမျိုးသမီး၊ မဇ္ဈိမ။
၄။ ဟတ္ထိနီ - ယုတ်ညံ့သော အမျိုးသမီး၊ ဟီန။

၄-ပါးစသော တရားကြောင်း နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၅-ပါးသော တရားများ

**၁ အနန္တဂုဏ် (၅) ပါး**

၁။ ဗုဒ္ဓဂုဏော အနန္တော - မြတ်စွာဘုရား၏ ဂုဏ် ကျေးဇူးတော်သည် နှိုင်းစရာမရှိ။

၂။ ဓမ္မဂုဏော အနန္တော - တရားတော်၏ ဂုဏ် ကျေးဇူးတော်သည် နှိုင်းစရာ မရှိ။

၃။ သံဃဂုဏော အနန္တော- သံဃာတော်၏ ဂုဏ် ကျေးဇူးတော်သည် နှိုင်းစရာ မရှိ။

၄။ မာတာပိတုဂုဏော အနန္တော - မိဘ၏ ဂုဏ် ကျေးဇူးတော်သည် နှိုင်းစရာ မရှိ။

၅။ အာစရိယဂုဏော အနန္တော-ဆရာသမား၏ ဂုဏ် ကျေးဇူးတော်သည် နှိုင်းစရာ မရှိ။

**၂ အရဟံဂုဏ်တော် (၅) ချက်**

၁။ အာရကတ္တာ - ကိလေသာတို့မှ ဝေးတော်မူသောကြောင့် အရဟာ မည်၏။

၂။ ပစ္စယာဒီနံ အရဟတ္တာပိ - လူသုံးပါးတို့၏ ပစ္စည်းလေးပါး စသော ပူဇော်အထူးကို ခံထိုက်သည်၏အဖြစ်ကြောင့် အရဟာ မည်၏။

၃။ နတ္ထိ ရဟော တေဿတိ- ဆိတ်ကွယ်ရာ အရပ်၌ မကောင်းမှုပြုခြင်း သည် မရှိသောကြောင့် အရဟာ မည်၏။

၄။ အရီနံ ဟတတ္တာပိ - ကိလေကာ တည်းဟူသော ရန်သူကို သတ်အပ် သည်၏အဖြစ်ကြောင့် အရဟာ မည်၏။

၅။ အရာနံ ဟတတ္တာပိ - သံသရာစက်တို့၏ အကန့်တို့ကို ဖျက်ဆီးအပ် သည်၏ အဖြစ်ကြောင့် အရဟာ မည်၏။

(မှုကွဲရှိ၏)

www.burmeseclassic.com

www.burmeseclassic.com



၃ **အရှင်လတ်လတ် မြေမျိုသူ (၅) ယောက်**

၁။ သုပ္ပဗုဒ္ဓမင်း-ဘုရားဆွမ်းခံကြွရာလမ်း၌ မဖယ်ပေး၍ ကပိလဝတ်ပြည်၌ မြေမျိုခြင်း။

၂။ သုပ္ပဗုဒ္ဓမင်း၏သား ဒေဝဒတ်-ဘုရားကို အမျိုးမျိုးပြစ်မှား၍ သာဝတ္ထိပြည် ရေကန်၏အနီး၌ မြေမျိုခြင်း။

၃။ စိဉ္စမာဏဝိကာ-ဘုရားကို ကိုယ်ဝန်ဖြင့် စွပ်စွဲ၍ ဇေတဝန်ကျောင်းတော်အနီး၌ မြေမျိုခြင်း။

၄။ နန္ဒသတို့သား - ဥပ္ပလဝဏ် ရဟန္တာမကို တောကျောင်း၌ မေထုန်မှုပြုကျင့်၍ မြေမျိုခြင်း။

၅။ နန္ဒကဘီလူး - ရှင်သာရိပုတ္တရာမထေရ်ကို ဂိဏ္ဍကုဋ္ဋိတောင်၌ တရားထိုင်နေစဉ် ဦးခေါင်းကို ပုတ်၍ မြေမျိုခြင်း။

၄ **အဖသတ်မင်း (၅) မျိုး**

၁။ အဇာတသတ်မင်း။

၂။ ၎င်းမင်း၏သား - ဥဒယဘဒ္ဒမင်း။

၃။ ၎င်းမင်း၏သား - အနုရုဒ္ဓါမင်း။

၄။ ၎င်းမင်း၏သား - မုဏ္ဍမင်း။

၅။ ၎င်းမင်း၏သား - နာဂဒါသမင်း။ (၎င်းမင်း၏ လက်ထက်၌ အဆုံးသတ်သည်။)

၅ **အစားကြီးသူ (၅) ယောက်**

၁။ အာဟာရဟတ္ထက - မထနိုင်သဖြင့် လက်ကိုဆွဲလှဲပါဦးဟု စားသောသူ တယောက်။

၂။ အလံသာဋက - ကျွတ်သွားသည့် ပုဆိုးကို ပြန်၍မကောက်နိုင်အောင် စားသောသူ တယောက်။

၃။ တတ္ထဝဋ္ဋက - မထနိုင်သဖြင့် တပြောင်း တပြန် လှိမ့်၍ နေရအောင် စားသောသူ တယောက်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကာကမာသက- ခံတွင်းထဲသို့ ကျိုးနှိုက်၍စားနိုင်အောင် စားသောသူ တယောက်။

၅။ ဘုတ္တဝမိဒက - စားပြီးသမျှ အံထွက်အောင် စားသောသူတယောက်။

(ဓမ္မပဒ)

၆ အနေ့ာတတ္တအိုင်၏ အရံတောင် (၅) လုံး

၁။ သုဒဿနတောင်။

၂။ စိတ္တရတောင်။

၃။ ကာဠာကူဋတောင်။

၄။ ဂန္ဓမာဒနတောင်။

၅။ ကေလာသတောင်။

၇ အနေ့ာဓိသပုဂ္ဂိုလ် (၅) ယောက်

၁။ သဗ္ဗေ သတ္တာ - အာရုံငါးပါး၌ တပ်မက်သော သတ္တဝါ။

၂။ သဗ္ဗေ ပါဏာ - ထွက်သက်ဝင်သက်ရှိသော သတ္တဝါ။

၃။ သဗ္ဗေ ဘူတာ - ကံကိလေသာတို့မှ ဖြစ်ကုန်သော သတ္တဝါ။

၄။ သဗ္ဗေ ပုဂ္ဂလာ - ငရဲနှင့် နိဗ္ဗာန်သို့ သွားတတ်သော ပုဂ္ဂိုလ်။

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ - ခန္ဓာအတ္တဘောရှိသောသတ္တဝါ။

၈ အဘိညာဏ် (၅) ပါး

၁။ ဣဒ္ဓိဝိဓအဘိညာဏ် - တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သောဉာဏ်။

၂။ ဒိဗ္ဗသောတအဘိညာဏ် - နတ်တို့နားကဲ့သို့ ကြားနိုင်သော ဉာဏ်။

၃။ ပရစိတ္တဝိဇာနန အဘိညာဏ် - သူတပါးစိတ်ကို ပိုင်းခြား၍သိနိုင်သော ဉာဏ်။

၄။ ပုဗ္ဗေနိဝါသအဘိညာဏ် -ရှေးရှေးသောဘဝက ဖြစ်စဉ်ကို သိနိုင်သော ဉာဏ်။

၅။ ဒိဗ္ဗစက္ခုအဘိညာဏ် - နတ်တို့၏မျက်စိကဲ့သို့ မြင်နိုင်သော ဉာဏ်။

(သင်္ဂြိုဟ်)

www.burmeseclassic.com

www.burmeseclassic.com



## ၉ အထက်ပိုင်း သံယောဇဉ် (၅) မျိုး

၁။ ရူပရာဂ - ရူပဘုံ၌ တပ်မက်မှု။

၂။ အရူပရာဂ - အရူပဘုံ၌ တပ်မက်မှု။

၃။ မာန - အထင်ကြီးမှု။

၄။ ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်မှု။

၅။ အဝိဇ္ဇာ - မသိမှု။

## ၁၀ အနာဂါမ်ပုဂ္ဂိုလ် (၅) မျိုး

၁။ သုဒ္ဓါဝါသ ငါးဘုံတွင် မိမိရောက်ရာဘုံ၏ အသက် အပိုင်း အခြား ရွှေထက်ဝက်တွင် ရဟန္တာဖြစ်သော အနာဂါမ်။

၂။ သုဒ္ဓါဝါသ ငါးဘုံတွင် မိမိရောက်ရာဘုံ၏ အသက်ထက်ဝက်ကို လွန်ပြီးမှ ရဟန္တာဖြစ်သော အနာဂါမ်။

၃။ ဆင်းဆင်းရဲရဲ အလွန်လုံ့လမပြုဘဲ ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် ပြုသော အနာဂါမ်။

၄။ ဆင်းဆင်းရဲရဲ ငြိုငြင်ပင်ပန်းစွာ အလွန် လုံ့လပြုပြီးမှ ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။

၅။ သုဒ္ဓဝါသ ငါးဘုံတို့တွင် အောက်အောက်သောဘုံတို့၌အရဟတ္တမဂ်ကို မရမူ၍အထက်ဆုံးအကနိဋ္ဌဘုံသို့ရောက်မှရဟန္တာဖြစ်သောအနာဂါမ်။

## ၁၁ အသက်ကြီးပြီး အချိန်မစီးသူ (၅)ယောက်

၁။ မပြောသင့်သောအခါ၌ ပြောတတ်သောသူ တယောက်။

၂။ မဟုတ်မမှန်သည်ကိုသာ ပြောတတ်သောသူ တယောက်။

၃။ အကျိုးနှင့် မစပ်သည်ကိုသာ ပြောတတ်သောသူ တယောက်။

၄။ အဆုံးအမနှင့် မစပ်သည်ကိုသာ ပြောတတ်သောသူ တယောက်။

၅။ တရားနှင့် မစပ်သည်ကိုသာ ပြောတတ်သောသူ တယောက်။

(စတုက္က အင်္ဂုတ္တိုရ်၊ ဥရုဝေဠ ဒုတိယသုတ်)

www.burmeseclassic.com

www.burmeseclassic.com



**၁၂ အာရုံ (၅) ပါး**

၁။ ရူပါရုံ - အဆင်း၏ အာရုံ။
၂။ သဒ္ဒါရုံ - အသံ၏ အာရုံ။
၃။ ဂန္ဓာရုံ - အနံ့၏ အာရုံ။
၄။ ရသာရုံ - အရသာ၏ အာရုံ။
၅။ ဖောဋ္ဌဗ္ဗာရုံ - အတွေ့၏ အာရုံ။

**၁၃ အောက်ပိုင်းသံယောဇဉ် (၅) ပါး**

၁။ သက္ကာယဒိဋ္ဌိ - အယူမှားမှု။
၂။ ဝိစိကိစ္ဆာ - မဆုံးဖြတ်နိုင်မှု။
၃။ သီလဗ္ဗတပရာမာသ- သီလအကျင့်ကို အမှားသုံးသပ်မှု။
၄။ ကာမစ္ဆန္ဒ - ကာမကို လိုလားမှု။
၅။ ဗျာပါဒ - သူတပါးအကျိုးမဲ့ကို ကျိန်ဆဲမှု။

**၁၄ အိမ်ရှင်ကျင့်ဝတ် (၅) ပါး (လက်ာ)**

၁။ ဝတ္ထာကျွေးမွေး။
၂။ ပြုရေးစီရင်။
၃။ နာလျှင် ကုစေ။
၄။ ငွေဝေရသာ။
၅။ အခါကိုလွှတ်၊ အိမ်ရှင်ဝတ်၊ မချွတ် ငါးခုသာ။

(သိင်္ဂါလသုတ်)

**၁၅ အိမ်ဖော်ကျင့်ဝတ် (၅) ပါး (လက်ာ)**

၁။ အိပ်သော် နောက်ကျ။
၂။ ထသော်ကား ရှေ့။
၃။ ပေးမှ ယူအပ်။
၄။ စေ့စပ် ဆောင်ရွက်။
၅။ ကျေးဇူးမြွတ်-ငါးချက် ဖော်ကျင့်ရာ။

(သိင်္ဂါလသုတ်)

www.burmeseclassic.com

www.burmeseclassic.com



**၁၆ ဣန္ဒြေ (၅) ပါး**

၁။ သဒ္ဓိန္ဒြေ - မှန်သော တရားကို ယုံကြည်ခြင်း။
၂။ သတိန္ဒြေ - အမှတ်သတိ ရှိခြင်း။
၃။ ဝီရိယိန္ဒြေ - လွတ်မြောက်မှု ကြိုးစားခြင်း။
၄။ သမာဓိန္ဒြေ - တည်ငြိမ်မှု ရှိခြင်း။
၅။ ပညိန္ဒြေ - သိမှုမှန်ကန်ခြင်း။

(သင်္ဂြိုဟ်)

**၁၇ ဥပါသကာများ မလုပ်အပ်သည့် (၅) မျိုး**

၁။ လက်နက် ကုန်သွယ်ရောင်းဝယ်ခြင်း။
၂။ လူသတ္တဝါကို ကုန်သွယ်ရောင်းဝယ်ခြင်း။
၃။ အသားကို ကုန်သွယ်ရောင်းဝယ်ခြင်း။
၄။ သေအရက်ကို ကုန်သွယ်ရောင်းဝယ်ခြင်း။
၅။ အဆိပ်ကို ကုန်သွယ်ရောင်းဝယ်ခြင်း။

(ပဉ္စက အင်္ဂုတ္တိုရ်၊ ဥပါသကဝဂ်၊ ၇-ဝါဏိဇ္ဇသုတ်)

**၁၈ ဥပါသကာ၏ ဂုဏ်အင်္ဂါ (၅) ပါး**

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။
၂။ အရှင်မပေးသော ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏။
၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။
၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။
၅။ သေအရက်သောက်စားခြင်းမှ ရှောင်ကြဉ်၏။

(ပဉ္စကအင်္ဂုတ္တိုရ် မဟာနာမသုတ်)

**၁၉ အရှင်အာနန္ဒာ ခရသော တေဇင် (၅) ပါး**

၁။ အကြားအမြင် ရှိခြင်း။
၂။ သတိကောင်းခြင်း။
၃။ ဉာဏ်ကောင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ လုံ့လဝီရိယ ရှိခြင်း။
၅။ အလုပ်အကျွေး ကောင်းခြင်း။

၂၀ ကထိန်အကျိုး (၅) ပါး

၁။ အနာမန္တစာရ - အတူနေသူကို မပန်ကြားဘဲ ဆွမ်းစားကြွနိုင်ခြင်း။
၂။ အသမာဒါနစာရ- အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကိုမယူဘဲ ကြွနိုင်ခြင်း။
၃။ ယာဝဒတ္ထစီဝရ - အလိုရှိသမျှ သင်္ကန်းကိုဆောင်ထားနိုင်ခြင်း။
၄။ ဂဏဘောဇန - ဆွမ်းစားပင့်သူ၏ မအပ်သော ဆွမ်းကို စားနိုင်ခြင်း။
၅။ ယောစတတ္ထစီဝရုပ္ပါဒ - ကထိန်မှ ရသောပစ္စည်းများကို ဝေစုခံထိုက်ခြင်း။

၂၁ ကထာ (၅) မျိုး

၁။ ဒါနကထာ - ဒါနနှင့်စပ်သော တရားကို ဟောကြားခြင်း။
၂။ သီလကထာ - အကျင့်သီလနှင့်စပ်သောတရားကို ဟောကြားခြင်း။
၃။ သဂ္ဂကထာ - နတ်ပြည်နှင့် စပ်သောတရားကို ဟောကြားခြင်း။
၄။ ကာမာနံ အာဒီနဝကထာ - ကာမဂုဏ်အပြစ်ကိုပြ၍ဟောကြားခြင်း။
၅။ နိက္ခမအာနိသံသကထာ - တောထွက်ခြင်း၏ အကျိုးကို ပြ၍ ဟောကြားခြင်း။

(ဝိနည်းတော်အလာ)

၂၂ ကာလဒါန (၅) မျိုး

၁။ အာဂန္တုကဒါန- ဧည့်သည်များအား ကျွေးမွေးလှူဒါန်းခြင်း။
၂။ ဂမိကဒါန - ခရီးသွားများကို ကျွေးမွေးလှူဒါန်းခြင်း။
၃။ ဂိလာနဒါန - နာမကျန်း၍ရောဂါ ကပ်ရောက်သူများကို လှူဒါန်းခြင်း။
၄။ ဒုဗ္ဘိက္ခဒါန - ဆင်းရဲသူများကိုမြင်သဖြင့် ပေးကမ်းလှူဒါန်းခြင်း။
၅။ သီလဝန္တနဝဖလဒါန- မြတ်သောအလှူခံပုဂ္ဂိုလ်အား သီးဦး စားဦးကို လှူဒါန်းခြင်း။

(ပဉ္စက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



## ၂၃ ကောဋ္ဌာဟာလ (၅) မျိုး

၁။ ကပ္ပကောဋ္ဌာဟာလ-အနှစ်တသိန်းမှစ၍ကမ္ဘာပျက်တော့မည်ဟု နတ်တို့ ကြွေးကြော်ခြင်း။

၂။ ဗုဒ္ဓကောဋ္ဌာဟာလ- အနှစ်တထောင်မှစ၍ ဘုရားပွင့်တော့မည်ဟု နတ်လူတို့ ကြွေးကြော်ခြင်း။

၃။ စက္ကဝတ္တိကောဋ္ဌာဟာလ-အနှစ်တရာမှစ၍ စကြာမင်း ပေါ်လိမ့်မည်ဟု လူတို့ ကြွေးကြော်ခြင်း။

၄။ မင်္ဂလကောဋ္ဌာဟာလ - တဆယ့်နှစ်နှစ်မှစ၍ မင်္ဂလာတရား ပေါ်မည်ဟု နတ်လူတို့ ကြွေးကြော်ခြင်း။

၅။ မောနေယျကောဋ္ဌာဟာလ-ခုနစ်နှစ်မှစ၍ မောနေယျကျင့်မည့် ပုဂ္ဂိုလ် ပေါ်လိမ့်မည်ဟု လူတို့ ကြွေးကြော်ခြင်း။

## ၂၄ ကျီးကန်းတို့၏ ကျင့်ဝတ် (၅) ပါး

၁။ မေထုန်ကို လျှို့ဝှက်စွာကျင့်ခြင်း။

၂။ ရန်သူကို အခါမလပ် ကြည့်ရှုတတ်ခြင်း။

၃။ အစာတွေ့လျှင် အဖော်ကိုခေါ်ခြင်း။

၄။ အစာနှင့် ရန်သူကို တပြိုင်နက်ကြည့်တတ်ခြင်း။

၅။ တကောင်ထိလျှင် ဝိုင်းအုံတတ်ခြင်း။

## ၂၅ ကြာမျိုး (၅) ပါး

၁။ ကြာဖြူ။

၂။ ကြာနီ။

၃။ ကြာညို။

၄။ ကြာတံဆိပ်။

၅။ ကြာခေါင်းလောင်း။ (ပဒုမ္မာကြာကို ဆို၏။)

www.burmeseclassic.com

www.burmeseclassic.com



၂၆ ကျောင်းအင်္ဂါ (၅) ပါး

၁။ ရွာနှင့် မနီးလွန်း မဝေးလွန်းဖြစ်ရမည်။

၂။ သွားလာမှု လွယ်ကူစေရမည်။

၃။ နေ့အခါ လူမပြွမ်း ညဥ့်အခါ တိတ်ဆိတ်ရမည်။

၄။ ဆူဆူညံညံမရှိ ဖြစ်ရမည်။

၅။ မှက်,ခြင်,ယင်,လေ,နေပူ, မြွေ,ကင်း,သန်း တွေ့ထိမှု နည်းရမည်။

(အင်္ဂုတ္တိုရ်)

၂၇ ကျောင်းထိုင်ဘုန်းကြီးများ မကျင့်သုံးအပ်သော အင်္ဂါ (၅) ပါး

၁။ ညဏ်ဖြင့် မစိစစ်မူ၍ မချီးမွမ်းထိုက်သူကို ချီးမွမ်းပြောဆိုခြင်း။

၂။ ညဏ်ဖြင့် မစိစစ်မူ၍ ချီးမွမ်းထိုက်သူကို ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်း။

၃။ ကျောင်း၌ ဝန်တို၏၊ ကျောင်း၌ မက်မော၏။

၄။ ဒါယကာ၌ ဝန်တို၏၊ ဒါယကာ၌ မက်မော၏။

၅။ သဒ္ဓါတရားဖြင့် လှူသောဝတ္ထုကို ဖျက်ဆီး၏၊ (ရောင်းစား၏။)

(ပဉ္စကအင်္ဂုတ္တိုရ် ၄-အာဝါသိကဝဂ်၊ ၇-ဒုတိယအနာရဟာသုတ်),

၂၈ ကျောင်းထိုင်ဘုန်းကြီး၏ ပြည့်စုံရမည့် အင်္ဂါ (၅) ပါး

လက်ာ။ ။ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ ရုပ်နာမ်ပိုင်ပိုင်၊ ခွဲခြားနိုင်၊ ကျောင်းထိုင်အင်္ဂါ ငါးပါးတည်း။

၁။ ရဟန်းသိက္ခာ ၁၀-ဝါပြည့်မြောက်ရမည်။

၂။ ဘိက္ခုဝိဘင်း,ဘိက္ခုနီဝိဘင်း နှစ်ကျမ်းကို တတ်သိရမည်။

၃။ မဟာဝါခန္ဓက,စူဠဝါခန္ဓက နှစ်ကျမ်းကို တတ်သိရမည်။

၄။ ကံကြီးကံငယ်ပြုထုံး နားလည်ရမည်။

၅။ ရုပ်နှင့်နာမ်ကို ပိုင်နိုင်စွာ ခွဲခြားဟောကြားနိုင်ရမည်။

(ဝိနည်းတော်လာ)

www.burmeseclassic.com

www.burmeseclassic.com



## ၂၉ ခန္ဓာ (၅) ပါး

၁။ ရူပက္ခန္ဓာ - ဖောက်ပြန်ပျက်စီးမသိတတ်သည့် သဘော။

၂။ ဝေဒနာက္ခန္ဓာ - ကောင်း,မကောင်း ခံစားတတ်သည့် သဘော။

၃။ သညာက္ခန္ဓာ - မှတ်သားတတ်သည့် သဘော။

၄။ သင်္ခါရက္ခန္ဓာ - ပြုပြင်စီမံ တိုက်တွန်းတတ်သည့်သဘော။

၅။ ဝိညာဏက္ခန္ဓာ- ကြံစည်တွေးတော စဉ်းစားတတ်သည့် သဘော။

## ၃၀ ငါးပါးသီလ (၅) မျိုး

၁။ ပါဏာတိပါတ - သူ့အသက်ကို လျှင်စွာ သတ်ခြင်း။

၂။ အဒိန္နာဒါန - အရှင်မပေးသည့်ဥစ္စာကို ယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ - ကိလေသာ ကာမတို့၌ မှားသော အားဖြင့် ကျင့်ခြင်း။

၄။ မုသာဝါဒ - မဟုတ်မမှန်သောစကား ပြောဆိုခြင်း။

၅။ သုရာမေရယ - သုရာ (၅) ပါး,မေရယ (၅) ပါး ဆယ်ပါး အရက်ကို သောက်ခြင်း။

(ပဋ္ဌကအင်္ဂုတ္တိုရ် ၃-ဥပါသကဝဂ်၊ ၁-သာရဇ္ဇသုတ်)

## ၃၁ ငါးမည်ရ ပြည်ရွှေဘို (၅) မြို့

၁။ ရန်ကြီးအောင်မြို့။

၂။ ကုန်းဘောင်မြို့။

၃။ ရတနာသိင်္ခမြို့။

၄။ မုဆိုးဘိုမြို့။

၅။ ရွှေဘိုမြို့။

## ၃၂ စန္ဒကိန္နရီ ကျိန်ဆဲခြင်း (၅) မျိုး

၁။ ငါ့လင်ကိုမတရားသက်သက်လေးနှင့်ပစ်သတ်တဲ့ ဟဲ့သီလချောင်ကြီး။

၂။ ကျွန်ုပ် ပူပန်ရသလို သင်၏ မိခင်လည်း ပူပန်ရပါစေ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကျွန်ုပ် ငိုကြွေးရသလို သင်၏ မိဖုရားကြီးလည်း ငိုကြွေးရပါစေ။
၄။ အကယ်၍ ကျွန်ုပ်မောင်တော် သေလို့ မမြင်ရသလို သင့်သားကိုလည်း သင် မမြင်ရပါစေနှင့်။
၅။ ကျွန်ုပ်တို့ ဇနီးမောင်နှံကွဲသလို သင့် မိဖုရားနှင့် သင်လည်း ကွဲပါစေ။

(၅၅၀-စန္ဒကိန္နရီဇာတ်)

## ၃၃ စက္ခု (၅) ပါး

၁။ ဒိဗ္ဗစက္ခု - ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်,အာသယာနုသယဉာဏ်တော် ဤဉာဏ်တော် နှစ်ပါးသည် ဗုဒ္ဓစက္ခု မည်၏။
၂။ သမန္တစက္ခု - သဗ္ဗညုတဉာဏ်တော်သည် သမန္တစက္ခု မည်၏။
၃။ ပညာစက္ခု - ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် အစရှိသော များစွာသော ဉာဏ်တော်တို့သည် ပညာစက္ခု မည်၏။
၄။ ဓမ္မစက္ခု - အောက်မဂ်ဉာဏ် သုံးပါးသည် ဓမ္မစက္ခု မည်၏။
၅။ ဒိဗ္ဗစက္ခု - "ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တ မာနုသကေန" ဟူ လာသော ဉာဏ်တော်သည် ဒိဗ္ဗစက္ခု မည်၏။

## ၃၄ စွန့်ခြင်းကြီး (၅) ပါး

၁။ ဓနပရိစာဂ - ဥစ္စာကို စွန့်ကြဲ၍ ပေးကမ်းလှူဒါန်းခြင်း။
၂။ ပုတ္တပရိစာဂ - သား သမီးကို စွန့်ကြဲ၍ပေးကမ်းလှူဒါန်းခြင်း။
၃။ ဘရိယပရိစာဂ - မယားကိုစွန့်ကြဲ၍ ပေးကမ်းလှူဒါန်းခြင်း။
၄။ အင်္ဂပရိစာဂ - ကိုယ်လက်အင်္ဂါကို စွန့်လွှတ်လှူဒါန်းခြင်း။
၅။ ဇီဝိတပရိစာဂ - အသက်ကို စွန့်လွှတ်လှူဒါန်းခြင်း။

## ၃၅ ဆရာ (၅) မျိုး

၁။ ပဗ္ဗဇ္ဇာစရိယ - ရှင်ပြုပေးသော ဆရာ။
၂။ ကမ္မဝါစာစရိယ - ရဟန်းခံပေးသော ဆရာ။ (ဥပသမ္ပဒါစရိယ)
၃။ ဥပနိဿယာစရိယ - နည်းမှီရာ နိဿယည်း ဆရာ။ (နိဿယာစရိယ)

www.burmeseclassic.com

www.burmeseclassic.com



၄။ အာစရိယ - စာပေပို့ချသော ဆရာ။ (ဥဒ္ဒေသာစရိယ)
၅။ ဥပဇ္ဈာယ် - ဆုံးမဩဝါဒပေးသော ဆရာ။ ဝိနည်းတော်လာ (ဩဝါဒါစရိယ)

(ပဉ္စကအင်္ဂုတ္တိုရ် ကကုဓသုတ်)

## ၃၆ ဆရာကျင့်ဝတ် (၅) ပါး

၁။ အတတ်လည်း သင်၊
၂။ ပွဲပြင် ဆုံးမ၊
၃။ သိပ္ပ မချန်၊
၄။ ဘေးရန် ဆီးကာ၊
၅။ သင့်ရာ အပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ ဝတ်ငါးဖြာ။

(သိင်္ဂါလသုတ်)

## ၃၇ ဥဒေ ယျဓံ တရား (၅) ပါး

၁။ သင်္ခါရ,ဆိုသည်မှာ - နာမ်စေတသိက်သ (၅၃) ပါးနှင့် နိပ္ဖန္နရုပ် (၁၈) ပါးအပေါင်းကို သင်္ခါရ တရား (၇၁) ပါးဟု ခေါ်၏။
၂။ ဝိကာရ,ဆိုသည်မှာ - ကာယဝိညတ်ရုပ်,ဝစီဝိညတ်ရုပ်,လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ် ဤ (၅) ပါးကို ဝိကာရဟု ခေါ်၏။
၃။ လက္ခဏာ ဆိုသည်မှာ - ဥပစယ,သန္တတိ, ဇရတာ, အနိစ္စတာ ဤရုပ် (၄) ဖြာကို လက္ခဏာဟု ခေါ်၏။
၄။ နိဗ္ဗာန် - ကိလေသာချုပ်ငြိမ်းရာကို ခေါ်၏။
၅။ ပညတ် - လူ, နတ်, ဗြဟ္မာ, သတ္တဝါ, ရေ, မြေ, တော, တောင် ပညတ်မှန်သမျှကို ခေါ်၏။

## ၃၈ ဌာန် (၅) ပါး

၁။ ကဏ္ဌဌာန် - လည်ချောင်း၌ ဖြစ်ပေါ်သော အသံ။
၂။ တာလုဌာန် - အာစောက်၌ ဖြစ်ပေါ်သော အသံ။
၃။ မုဒ္ဓဌာန် - လျှာထိပ်၌ ဖြစ်ပေါ်သော အသံ။
၄။ ဒန္တဌာန် - သွား၌ ဖြစ်ပေါ်သော အသံ။
၅။ ဩဋ္ဌဌာန် - နှုတ်ခမ်း၌ ဖြစ်ပေါ်သော အသံ။

www.burmeseclassic.com

www.burmeseclassic.com



**၃၉ တပည့်ကျင့်ဝတ် (၅) ပါး**

၁။ ညီညာထကြွ၊
၂။ ဆုံးမနာယူ၊
၃။ လာမူကြိုဆီး၊
၄။ ထံနီး လုပ်ကျွေး၊
၅။ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။

(သိင်္ဂါလသုတ်)

**၄၀ တရားနာခြင်း အကျိုး (၅) ပါး**

၁။ မကြားဘူးသည်များကို ကြားနာရခြင်း။
၂။ ကြားဘူးသည်များကို ရှင်းလင်းစွာ နားလည်ခြင်း။
၃။ ယုံမှားသံသယ ကင်းရှင်းခြင်း။
၄။ အယူမှန်ကို ရခြင်း။
၅။ သဒ္ဓါ,ပညာ တိုးပွားရှ်၍ စိတ်ကြည်လင်ခြင်း။

(ပဥ္စက အင်္ဂုတ္တိုရ်)

**၄၁ တောထွက်ရဟန်းတို့ ရနိုင်ခဲခြင်း (၅) မျိုး**

၁။ ဒုလ္လဘော နိပုဏော - နူးညံ့ သိမ်မွေ့အောင် ပြုနိုင်ခက်ခြင်း။
၂။ ဒုလ္လဘော အာကပ္ပသမ္ပန္နော - ရဟန်းတို့အသွင် ဝတ်ရုံ စားသောက်ပုံ ပြုနိုင်ခက်ခြင်း။
၃။ ဒုလ္လဘော ဗဟုဿုတော - ပိဋကစာပေအကြားအမြင် ရနိုင်ခက်ခြင်း။
၄။ ဒုလ္လဘော ဓမ္မကထိကော- တရားဟော ဓမ္မကထိကဖြစ်ရန်ခက်ခြင်း။
၅။ ဒုလ္လဘော ဝိနယဓရော - ဝိနည်းဓိုရ် ဆရာကြီးဖြစ်ရန် ခက်ခြင်း။

(ပဥ္စက အင်္ဂုတ္တိုရ်)

**၄၂ ထိခြင်း(၅) ပါး**

ထိခြင်း ငါးပါးဟူသည်ကား ရှိခိုးကန်တော့သည့်အခါ၌ ပြုလုပ်မှု၊
ကြမ်းခင်းနှင့် နဖူးထိခြင်း၊
ကြမ်းခင်းနှင့် တတောင်ဆစ် (၂) ဖက် ထိခြင်း၊
ကြမ်းခင်းနှင့် ဒူး (၂) ဖက်ထိခြင်း။ (ထိုထိခြင်း ငါးပါးပေါင် ဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



## ၄၃ ဒုလ္လဘတရား (၅) ပါး

၁။ ဗုဒ္ဓုပ္ပါဒေါဒုလ္လဘော - လောက၌ ဘုရားအဖြစ် ရရန်ခဲယဉ်း၏။
၂။ မနုဿတ္တဘာဝေါဒုလ္လဘော- လူအဖြစ် ရရန်ခဲယဉ်း၏။
၃။ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ-သဒ္ဓါတရား၌ယုံကြည်မှုနှင့်ပြည့်စုံရန်ခဲယဉ်း၏။
၄။ ပဗ္ဗဇိတဘာဝေါဒုလ္လဘော- ရဟန်းသာမဏေဖြစ်ရန် ခဲယဉ်း၏။
၅။ သဒ္ဓမ္မဿဝနံဒုလ္လဘံ-သစ္စာလေးပါးတရား နာကြားရဘို့ရန်ခဲယဉ်း၏။

## ၄၄ တူရိယာ (၅) ပါး

၁။ ကြေး။
၂။ ကြိုး။
၃။ သရေ။
၄။ လေ။
၅။ လက်ခုပ်။

## ၄၅ ဒါယကာ ကျင့်ဝတ် (၅) ပါး

၁။ မေတ္တာစိတ်သက်၊
၂။ ဆောင်ရွက် ချစ်ခင်၊
၃။ ခင်မင် နှုတ်ချို၊
၄။ လိုလျှင် ဖိတ်ထား၊
၅။ တတ်အား လှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ။

(သိင်္ဂါလသုတ်)

## ၄၆ နှုတ်စုံတော ငါးနိမိတ် (၅) မျိုး

၁။ နတ်ဝတ်တန်ဆာ ညှိုးနွမ်းခြင်း။
၂။ ပန်ဆင်ထားသော ပန်းများ ညှိုးနွမ်းခြင်း။
၃။ ရှုပ်ရေအဆင်း မလှမပဖြစ်ခြင်း။
၄။ မျက်တောင်ခပ်ခြင်း။
၅။ လက်ကတီးကြားမှ ချွေးထွက်ခြင်း။

(ဇာတိဝုတ်ပါဠိတော်၄-စတုတ္ထဝဂ်၊ ၄-ပဉ္စပုဗ္ဗနိမိတ်သုတ်)

www.burmeseclassic.com

www.burmeseclassic.com



### ၄၇ နိကာယ် (၅) ရပ်

၁။ ဒီဃနိကာယ် - ရှည်သော သုတ်တို့၏ အပေါင်းအစုကျမ်း။

၂။ မဇ္ဈိမနိကာယ် - အလယ်အလတ်သုတ်တို့၏ အပေါင်းအစုကျမ်း။

၃။ သံယုတ္တနိကာယ် - အကြောင်းတူရာ ယှဉ်စပ်၍ ဟောသောကျမ်း။

၄။ အင်္ဂုတ္တရနိကာယ် - အင်္ဂါတပါးထက် လွန်၍ လွန်၍ ဟောထားသော ကျမ်း။

၅။ ခုဒ္ဒကနိကာယ် - သီးခြား သုတ်ငယ်သုတ်တို့၏ အပေါင်းကျမ်း။

### ၄၈ နံ့သာ (၅) ပါး

၁။ နံ့သာနီ။

၂။ နံ့သာဖြူ။

၃။ ကရမက်။

၄။ အကျော်။

၅။ စမ္ပာ။

### ၄၉ နို့အရသာ (၅) ပါး

၁။ နို့စိမ်း နို့ကျက် အရသာ။

၂။ မိန်ချဉ် အရသာ။

၃။ မိန်ခဲ အရသာ။

၄။ ဆီဦး အရသာ။

၅။ ထောပတ် အရသာ။

### ၅၀ နောင်ပြင်ရန်ခက်သည့် (၅) မျိုး

သင်္ကေတ။ ။အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ကျောင်းဒိုင်ပင့် မြတ်သံဃာ၊ စာချုပ်ရန် ခက်သည့်အမျိုး။

၁။ အိမ်ထောင်မှု - အမျိုးကောင်း သားသမီးများသည် အိမ်ထောင်ပြုပြီး ပါက ပြန်ပြင်ရန် ခက်၏။

၂။ ဘုရားတည် - ဘုရားတည်ပြီးပါက ပြန်ပြင်ရန် ခက်၏။

၃။ ဆေးမင်ရည်စုတ်ထိုး - ဆေးမင်စုတ်ထိုးပြီးပါက ပြန်ပြင်ရန် ခက်၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကျောင်းထိုင်ပင့်မြတ်သံဃာ-မိမိငွေကြေးတတ်နိုင်၍ ကျောင်းဆောက်ပြီး ဘုန်းကြီးရှာ ကျောင်းအပ်လှူ၊ နောင်အခါ မိမိနှင့် သဘောချင်းမတိုက်ဆိုင်၍ ဘုန်းကြီးကိုကျောင်းပေါ်မှနှင်ချ၊ဘုန်းကြီးက မသွား၊ မိမိသာ အပါယ်သွား၏။

၅။ စာချုပ်ရန်ခက်သည့်အမျိုး - စာချုပ်ချုပ်ပြီး၍ လက်မှတ်ထိုးပြီးပါက ပြန်ပြင်၍မရပြီ။

## ၅၁ နာမ် ရုပ် ခန္ဓာ၌ သံဝေဂယူရန် (၅) ပါး

၁။ မသေခင်လှ၊ သေလျှင်ပွ၊ ဆိုးစွ နာမ်ရုပ်ပါတကား။

၂။ မသေခင်ကောင်း၊ သေလျှင်ဖောင်း၊ မကောင်း နာမ်ရုပ်ပါတကား။

၃။ မသေခင်ဟန်၊ သေလျှင်နံ၊ ဖောက်ပြန် နာမ်ရုပ်ပါတကား။

၄။ မသေခင်ဟုတ်၊ သေလျှင်ပုပ်၊ စက်ဆုပ် နာမ်ရုပ်ပါတကား။

၅။ မသေခင်ချစ်၊ သေလျှင်ပစ်၊ ဆိုးညစ် နာမ်ရုပ်ပါတကား။

## ၅၂ ပဥ္စဝဂ္ဂီ (၅) ပါး

၁။ ကောဏ္ဍည။

၂။ ဝပ္ပ။

၃။ ဘဒ္ဒိယ။

၄။ မဟာနာမ်။

၅။ အဿဇိ။

## ၅၃ ပဥ္စာနန္တရိယကံ (၅) ပါး

၁။ ဗုဒ္ဓလောဟိတုပ္ပါဒက - မြတ်စွာ ဘုရားကို သွေးစိမ်း ထွက်အောင် ပြုလုပ်ခြင်း။

၂။ သံဃဘေဒက - သံဃာကို သင်းခွဲခြင်း။

၃။ အရဟန္တဃာတက - ရဟန္တာကိုသတ်ခြင်း။

၄။ မာတုဃာတက - အမိကို သတ်ခြင်း။

၅။ ပိတုဃာတက - အဖကို သတ်ခြင်း။

အမိနှင့်အဖကို တပေါင်းတည်းထား၍ ဗိက္ခုနီမကို မထေနံကျင့်ခြင်းဟု မှတ်ရှိ၏။
(ပဥ္စက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



## ၅၄ ပသာဒရုပ်(၅) ပါး

၁။ စက္ခု - မျက်စိအကြည်ဓာတ်။
၂။ သောတ- နားအကြည်ဓာတ်။
၃။ ဃာန - နှာခေါင်းအကြည်ဓာတ်။
၄။ ဇိဝှါ - လျှာအကြည်ဓာတ်။
၅။ ကာယ - ကိုယ်အကြည်ဓာတ်။

## ၅၅ ပဥ္စ (၅) ပါး

ပဥ္စငါးပါးဟူသည်ကား ဆေးဖော်စပ်ရာ၌ သုံးစွဲသော စကား ဖြစ်၏။
၁။ အပင်ရှိ အမြစ်အားလုံး။
၂။ အပင်ရှိ ပင်စည် အရိုးအားလုံး။
၃။ အပင်ရှိ အရွက်အားလုံး။
၄။ အပင်ရှိ အပွင့်အားလုံး။
၅။ အပင်ရှိ အသီးအားလုံး။
ထိုငါးပါးပေါင်းစု၍ ဆေးဖော်စပ်ခြင်းကို ပဥ္စငါးပါးဟု ခေါ်ပါသည်။

## ၅၆ ပီတိ (၅) မြာ

၁။ ခုဒ္ဒကာပီတိ - မွေးညှင်းများကို ရှင်၍ ဖြစ်ပေါ်ခြင်း။
၂။ ခဏိကာပီတိ - လျှပ်စစ်ပြက်သကဲ့သို့ တခဏ ဖြစ်ပေါ်ခြင်း။
၃။ ဩက္ကန္တိကာပီတိ - လှိုင်းတံပိုး ကြသကဲ့သို့ ဖြစ်ပေါ်ခြင်း။
၄။ ဥဗ္ဗေဂါပီတိ - ဝါဂွမ်းစိုင်ကို လေမှုတ်သကဲ့သို့ ဖြစ်ပေါ်သည်။
၅။ ဖရဏာပီတိ - ဝါဂွမ်းကို ဆီထိသကဲ့သို့ စိမ့်၍ ဖြစ်ပေါ်သည်။
(ပဋ္ဌိသန္တိဒါမ်က်)

## ၅၇ ပေးလှူခြင်း၏ အကျိုး (၅) ပါး

၁။ ပေးလှူသောသူသည် လူအများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရ၏။
၂။ ပေးလှူသောသူကို သူတော်ကောင်းများ ချဉ်းကပ်၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပေးလှူသောသူသည် ကောင်းသောဂုဏ်သတင်း ကျော်စောခြင်းရှိ၏။
၄။ ပေးလှူသောသူသည် မည်သည့် ပရိသတ်သို့မဆို ဝင်ရောက်လျှင် ရဲဝံ့ ရွှင်ပျစွာ ဝင်ရောက်၏။
၅။ ပေးလှူသောသူသည် သေလွန်သော်အခါ နတ်ရွာသုဂတိသို့လားရ၏။

(ပဥ္စကအင်္ဂုတ္တိုရ် ၄-သုမနဝဂ်၊ ၄-သီဟသေနာပတိသုတ်)

## ၅၇ ဖြေးဖြေးပြုအပ်သော အရာ (၅) မျိုး

၁။ ပညာရှာမှီးခြင်းသည် ဖြေးဖြေးပြုအပ်၏။
၂။ ဥစ္စာရှာခြင်းသည် ဖြေးဖြေးပြုအပ်၏။
၃။ တောင်ကိုတက်ခြင်းသည် ဖြေးဖြေးပြုအပ်၏။
၄။ ကာမဂုဏ်ခံစားခြင်းသည် ဖြေးဖြေးပြုအပ်၏။
၅။ အမျက်ထွက်ခြင်းသည် ဖြေးဖြေးပြုအပ်၏။

(လောကနီတိကျမ်းလာ)

## ၅၉ ဗလ (၅) တန်

၁။ ကာယဗလ - ကိုယ်၏စွမ်းအား။
၂။ ဉာဏဗလ - ဉာဏ်၏စွမ်းအား။
၃။ စာရိတ္တဗလ - ထူးသောအကျင့်၏ စွမ်းအား။
၄။ မိတ္တဗလ - မိတ်ကောင်းရှိခြင်း၏ စွမ်းအား။
၅။ ဘောဂဗလ - ဥစ္စာပေါများခြင်း၏ စွမ်းအား။

## ၆၀ ဗီဇ (၅) မျိုး

၁။ မူလဗီဇ - အမြစ်မျိုး။
၂။ ခန္ဓဗီဇ - အပင်မျိုး။
၃။ ဖလုဗီဇ - အဆစ်မျိုး။
၄။ အဂ္ဂဗီဇ - အညွန့်မျိုး။
၅။ ဗီဇ ဗီဇ - အစေ့မျိုး။

(မူလပဏ္ဏာသ)

www.burmeseclassic.com

www.burmeseclassic.com



## ၆၁ ဗျသန တရား (၅) ပါး

၁။ ဉာတိဗျသန - ဆွေမျိုးဉာတိတို့ သေကျေပျက်စီးခြင်း။
၂။ ဘောဂဗျသန- ရာဇထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာ လျော့ကျ ပျက်စီးခြင်း။
၃။ ရောဂဗျသန - အနာရောဂါ နှိပ်စက်ပျက်စီးခြင်း။
၄။ သီလဗျသန - အကျင့်သီလ ပျက်စီးခြင်း။
၅။ ဒိဋ္ဌိဗျသန - အယူဝါဒ လွဲမှား ပျက်စီးခြင်း။

(ပဥ္စက အင်္ဂုတ္တိုရ်၊ နိဒါနဝဂ္ဂသံယုတ်)

## ၆၂ ဗိုလ် (၅) ပါး

၁။ သဒ္ဓါဗိုလ် - ယုံကြည်မှု၏ စွမ်းအားရှိခြင်း။
၂။ သတိဗိုလ် - သတိစွမ်းအား ရှိခြင်း။
၃။ ဝီရိယဗိုလ် - လုံ့လစွမ်းအားရှိခြင်း။
၄။ သမာဓိဗိုလ် - တည်ငြိမ်မှုစွမ်းအား ရှိခြင်း။
၅။ ပညာဗိုလ် - ပညာဉာဏ်စွမ်းအား ရှိခြင်း။

(သဂြိုဟ်)

## ၆၃ ဘဒ္ဒကမ္ဘာမှ ဘုရား (၅) ဆူ

၁။ ကကုသန်။
၂။ ကောဏာဂုံ။
၃။ ကဿပ။
၄။ ဂေါတမ။
၅။ အရိမေတ္တေယျ။

## ၆၄ ဘုရားဟော (၅) မျိုး

၁။ ရှေးက ရှိပြီးသည့်တရားကို မြတ်စွာဘုရားမှ လက်ခံခြင်း။
၂။ ဘုရားကိုယ်တော်တိုင် ဟောကြားခြင်း။
၃။ ရဟန္တာယောကျ်ား ဟောကြားခြင်း။
၄။ ရဟန္တာမိန်းမ ဟောကြားခြင်း။
၅။ နတ်,သိကြား,ပြဟ္မာမှမေးလျှောက်၍မြတ်စွာဘုရားဟောကြားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ၆၅ ဘုရားအလောင်း၏ ကြည့်ခြင်း (၅) ပါး

၁။ ကာလ - သက်တမ်းကာလကို ကြည့်ခြင်း။
၂။ ဒီပ - ကျွန်းလေးကျွန်း၌ သင့်လျော်သော ကျွန်းကို ကြည့်ခြင်း။
၃။ ဒေသ - အရပ်ဒေသကို ကြည့်ခြင်း။
၄။ ကုလ - အမျိုးအနွယ်ကို ကြည့်ခြင်း။
၅။ မာတု အာယု ပရိစ္ဆေဒ-မိခင်၏အသက် အပိုင်းအခြားကိုကြည့်ခြင်း။

## ၆၆ ဆောဇဉ် (၅) ပါး

၁။ ထမင်း။
၂။ မုယောဖြင့် လုပ်သောမုန့်။
၃။ မုန့်လုံး။
၄။ ငါး။
၅။ အမဲ။

## ၆၇ မစ္ဆရိယတရား (၅) ပါး

၁။ အာဝါသ - အရိပ်အာဝါသနှင့် အဆောက်အအုံ၌ဝန်တိုခြင်း။
၂။ ကုလ - အမျိုးဂုဏ်၌ မာန်တက်၍ ဝန်တိုခြင်း။
၃။ လာဘ - လာဘ်လာဘ၌ မမျှတလို၍ ဝန်တိုခြင်း။
၄။ ဝဏ္ဏ - အဆင်းမာန်တက်၍ ဝန်တိုခြင်း။
၅။ ဓမ္မ - မိမိသိသော တရား၌သူတပါးသိရန်မလိုသဖြင့်ဝန်တိုခြင်း။

## ၆၈ မလှူအပ်ခြင်း (၅) မျိုး

၁။ မဇ္ဇဒါန - မူးယစ်စေတတ်သော အလှူ။
၂။ သမဇ္ဇဒါန - ဇာတ်ရုပ်သေး အငြိမ့်အလှူ။
၃။ ဣတ္ထိဒါန - မိန်းမအလှူ။
၄။ ဥသဘဒါန - နွားမများအလယ်၌ နွားထီးလွှတ်ခြင်း အလှူ။
၅။ စိတ္တကမ္မဒါန - စိတ် တက်ကြွစေတတ်သော စာနှင့် ဓာတ်ပုံကားချပ် အလှူ။

www.burmeseclassic.com

www.burmeseclassic.com



**၆၉ မယားကျင့်ဝတ် (၅) ပါး**

၁။ အိမ်တွင်းမှုလုပ်၊
၂။ သိမ်းထုပ်သေချာ၊
၃။ မိတ္တာကြည်ရှောင်၊
၄။ လျော်အောင်ဖြန့်ချီ၊
၅။ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

(သိင်္ဂါလသုတ်)

**၇၀ မသိခြင်း (၅) မျိုး**

၁။ မိမိမည်သည့်ဘဝမှကူးလာသည်ဟူ၍ မသိခြင်း။
၂။ မည်သည့်အရွယ်ရှိအောင် နေရမည်ဟူ၍ မသိခြင်း။
၃။ မည်သည့်အနာဖြင့် သေရမည်ဟူ၍ မသိခြင်း။
၄။ မည်သည့်အရပ်၌ သေရမည်ဟူ၍ မသိခြင်း။
၅။ မည်သည့်ဘဝသို့ ကူးပြောင်းရမည်ဟူ၍ မသိခြင်း။

(ဓမ္မပဒ-လာ)

**၇၁ မာရ် (၅) ပါး**

၁။ ဒေဝပုတ္တမာရ် - မာရ်နတ်ကို အောင်နိုင်ခြင်း။
၂။ မစ္စုမာရ် - သေခြင်းတရားကို အောင်နိုင်ခြင်း။
၃။ ခန္ဓမာရ် - ခန္ဓာငါးပါးကို အောင်နိုင်ခြင်း။
၄။ ကိလေသမာရ် - ကိလေသာကို အောင်နိုင်ခြင်း။
၅။ အဘိသင်္ခါရမာရ် - ပြုပြင်မှု အဝဝကို အောင်နိုင်ခြင်း။

**၇၂ မိန်းမများ၏ အာဝေဏိက ဒုက္ခ (၅) ပါး**

၁။ တလ တကြိမ် ဖြစ်ပေါ်သော ဓမ္မတာကို သိမ်းဆည်းရခြင်း။
၂။ လင်ခေါ်ရာနောက်သို့ လိုက်ရခြင်း။
၃။ လင်၏ ခြေရင်း အလုပ်အကျွေး ပြုရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကိုယ်ဝန် ဆောင်ရခြင်း။

၅။ သားဖွားရခြင်း။

(အာဝေနိက ဒုက္ခသုတ် သဠာယတနဝဂ္ဂ သံယုတ်)

၇၃ မိန်းမများ၏ ကောင်းခြင်း (၅) ဖြာ

၁။ အသား၏ ကောင်းခြင်း။ (လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်း)

၂။ အရေ၏ ကောင်းခြင်း။

၃။ အကြော၏ ကောင်းခြင်း။ (လက်သည်း ခြေသည်းကို ဆို၏) ထိုသို့ ဆံပင်ဟူ၍လည်း မှုကဲ့ရှိ၏။

၄။ အရိုး၏ ကောင်းခြင်း။ (သွားကို ဆို၏)

၅။ အရွယ်၏ ကောင်းခြင်း။ (အသက်ကြီးပေသည့် အရွယ်မကျခြင်း)

(ဓမ္မပဒနှင့် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ)

၇၄ မိဘကျင့်ဝတ် (၅) ပါး

၁။ မကောင်းမြစ်တား၊

၂။ ကောင်းရာညွှန်လတ်၊

၃။ အတတ်သင်စေ၊

၄။ ပေးဝေနှီးရင်း၊

၅။ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မိတ္တီတာ။

(သိင်္ဂါလသုတ်)

၇၅ မေရယ (၅) မျိုး

၁။ ပုပ္ဖမေရယ - သစ်ပွင့်ဖြင့် ပြုလုပ်အပ်သော အရက်။

၂။ ဖလမေရယ - သစ်သီးဖြင့် ပြုလုပ်အပ်သော အရက်။

၃။ မဓုကမေရယ - မုဒရက်သီးဖြင့် ပြုအပ်သော အရက်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဂုဋ္ဌမေရယ - တင်လဲဖြင့် ပြုအပ်သော အရက်။
၅။ သမ္ဘာရမေရယ - အထူးထူးသော အဆောက်အဦးတို့ဖြင့် ပြုအပ်သော အရက်။

(မဟာဝဂ္ဂ သံယုတ် ပါဠိ)

## ၇၆ မင်းမြောက်တန်ဆာ (၅) ပါး

၁။ ထီးဖြူ။
၂။ မကိုဋ်။
၃။ သန်လျက်။
၄။ ကျောက်စီ ခြေနင်း။
၅။ စာမရီယပ်။

(ပါရာဇိကကဏ် အဋ္ဌကထာ)

## ၇၇ မင်းဆက် (၅) သွယ် ခင်တို့မယ်

၁။ အင်းဝ ပထမ မင်းခေါင်မင်း။
၂။ ရင်းကြီးသား သီဟသူမင်း။
၃။ မင်းလှငယ် (စောမင်းလှ မိဖုရားကြီးသား။)
၄။ ကလေးကျေးတောင်ညိုမြို့စား။
၅။ မိုးညှင်းမင်းတရား။

## ၇၈ မြစ်ကြီး (၅) သွယ်

၁။ ဂင်္ဂါမြစ်။
၂။ ယမုနာမြစ်။
၃။ အစိရဝတီမြစ်။
၄။ မဟီမြစ်။
၅။ သရဘူမြစ်။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ)

www.burmeseclassic.com

www.burmeseclassic.com



၇၉ မိတ်ဆွေကျင့်ဝတ် (၅) ပါး

၁။ ပေးကမ်းချီးမြှင့်၊
၂။ ကိုယ်နှင့်ယှဉ်ထား၊
၃။ စီးပွားဆောင်ရွက်။
၄။ နှုတ်မြွက်ချိုသာ။
၅။ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ပြုလေမိတ်သဟာ။
(သိင်္ဂါလသုတ်)

၈၀ ယုတ်မာသော ရဟန်းအင်္ဂါ (၅) ပါး

၁။ ပြည့်တန်ဆာမအိမ်တွင် ကျက်စားလေ့ရှိ၏။
၂။ မုဆိုးမအိမ်လျှင် ကျက်စားလေ့ ရှိ၏။
၃။ အပျိုကြီးအိမ်လျှင် ကျက်စားလေ့ ရှိ၏။
၄။ ပဏ္ဍုက်အိမ်လျှင် ကျက်စားလေ့ ရှိ၏။
၅။ ရဟန်းမိန်းမ, သီလရှင်ကျောင်းဇရပ်လျှင် ကျက်စားလေ့ ရှိ၏။
(ပဉ္စကအင်္ဂုတ္တိုရ် ဖာသုဝိဟာရဝဂ်၊ ၂-ဥဿင်္ကိတသုတ်)

၈၁ ရဟန်းဖြစ်ကြောင်း (၅) ပါး

၁။ ဝတ္ထုသမ္ပတ္တိ - ပဥ္စင်းလောင်း၏ အင်္ဂါပရိက္ခရာပြည့်စုံမှုရှိရခြင်း။
၂။ ဥတ္တိသမ္ပတ္တိ - ဥတ်၏ပြည့်စုံပြီးသမှုနှင့် သိမ္မ ပြည့်စုံရခြင်း။
၃။ *ကမ္မဝါစာသမ္ပတ္တိ - ကမ္မဝါစာ၏ ပြည့်စုံပြီးသမှု ရှိရခြင်း။
၄။ သီမာသမ္ပတ္တိ - သိမ်၏ ဝိပတ္တိကင်းစင် သမ္ပတ္တိဝင်၍ အပြစ်ကင်းစင်မှုရှိရခြင်း။
၅။ ပရိသာသမ္ပတ္တိ - ရဟန်းပရိသတ် ပြည့်စုံလုံလောက် စင်ကြယ်မှုရှိရခြင်း။

၈၂ ရန်သူမျိုး (၅) ပါး

၁။ ရေ။
၂။ မီး။
၃။ မင်းဆိုး။

* အနုသာဝန-ဟု- မှတ်ရှိ

www.burmeseclassic.com



၄။ သူခိုး။
၅။ မချစ်-မခင်သူ။

(ထေရီဂါထာပါဠိ)

၁၃ ရဟန္တာ (၅) မျိုး

၁။ ပါရမိပ္ပတ္တရဟန္တာ - ပါရမီဉာဏ် အထွတ်အထိပ် ရောက်ခြင်း။
၂။ ပဋိသမ္ဘိဒါပတ္တရဟန္တာ - ထူးထွေကွဲပြား ပိုင်းခြားဝေဖန်ခြင်း။
၃။ ဆဠဘိညရဟန္တာ - အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံခြင်း။
၄။ တေဝိဇ္ဇရဟန္တာ - ဝိဇ္ဇာသုံးပါး သိရှိပြည့်စုံခြင်း။
၅။ သုက္ခဝိပဿကရဟန္တာ - ဝိပဿနာကို ဖြစ်စေခြင်း။ (မှုကွဲရှိ၏)

၁၄ ရာဇဂြိုဟ်မြို့၏ အရံတောင် (၅) လုံး

၁။ ဂိဇ္ဈကုဋ်တောင်။
၂။ ပဏ္ဍဝတောင်။
၃။ ဣသိဂိလိတောင်။
၄။ ဝေပုလ္လတောင်။
၅။ ဝေဘာရတောင်။ (မှုကွဲရှိ၏) ဥပရိပဏ္ဏာသ-ဣသိဂိလိသုတ်။

၁၅ ရုပ်အခေါ် (၅) မျိုး

၁။ သဘာဝရုပ် - မိမိဥစ္စာဖြစ်သောဘာဝ လက္ခဏာရှိ၏။
၂။ သလက္ခဏရုပ် - အနိစ္စ,ဒုက္ခ,အနတ္တ စသော လက္ခဏာရှိ၏။
၃။ နိပ္ဖန္နရုပ် - ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရားတို့သည် ဖြစ်တတ်သော သဘောရှိ၏။
၄။ ရူပရုပ် - ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိ၏။
၅။ သမ္မသနရုပ် - လက္ခဏာသုံးပါးတင်၍ သုံးသပ်အပ်သောသဘော ရှိ၏။

(သင်္ဂြိုဟ်)

www.burmeseclassic.com

www.burmeseclassic.com



၈၆ သွားရာ ဂတိ (၅) ပါး

၁။ နိရယဂတိ - သေလွန်သောအခါ ငရဲဘုံသို့ ရောက်ခြင်း။

၂။ ပေတဂတိ - သေလွန်သောအခါ ပြိတ္တာဘုံသို့ ရောက်ခြင်း။

၃။ တိရစ္ဆာနဂတိ - သေလွန်သောအခါ တိရစ္ဆာန်ဘုံသို့ရောက်ခြင်း။

၄။ မနုဿဂတိ - သေလွန်သောအခါ လူ့ပြည်လူ့ဘုံသို့ ရောက်ခြင်း။

၅။ ဒေဝဂတိ - သေလွန်သောအခါ နတ်ပြည်ဗြဟ္မာဘုံသို့ရောက်ခြင်း။

(သင်္ဂြိုဟ်)

၈၇ လင်ကျင့်ဝတ် (၅) ပါး

၁။ မထေမဲ့မြင်ကင်း၊

၂။ အပ်နှင်း ဥစ္စာ၊

၃။ မိစ္ဆာမမှား၊

၄။ ဝတ်စားဆင်ယင်၊

၅။ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

(သိင်္ဂါလသုတ်)

၈၈ ဝိနည်း (၅)ကျမ်း

၁။ ဘိက္ခုဝိဘင်း - ရဟန်းများကို ဝေဖန်၍ ဟောသောကျမ်း။

၂။ ဘိက္ခုနီဝိဘင်း- ရဟန်းမိန်းမများကို ဝေဖန်၍ ဟောသောကျမ်း။

၃။ မဟာဝါခန္ဓက- ကြီးသော ရှည်သော သုတ်များပေါင်းစု၍ ဟောထားသောကျမ်း။

၄။ စူဠဝါခန္ဓက - ငယ်သော တိုသော သုတ်များပေါင်းစု၍ဟောထားသောကျမ်း။

၅။ ပရိဝါ - ကျန်ခဲ့သော အကြွင်း အကျန်များကို ပေါင်းစု၍ ဟောထားသောကျမ်း။

(ပထမသံဂါယနာတင်သောအစဉ်အားဖြင့် ခေါ်ဝေါ်သော ကျမ်းအမည်ဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



**၇၉ တနည်း ဝိနည်း (၅) ကျမ်း**

၁။ ပါရာဇိကဏ် - သာသနာတော်မှ ရွေ့လျောခြင်းကိုဟောသောကျမ်း။
၂။ ပါစိတ် - အပြစ်နှင့်ဆိုင်ရာ အာပတ်များကို ဟောသောကျမ်း။
၃။ မဟာဝါ - ကြီးကျယ်သော အဆုံးအမကျမ်း။
၄။ စူဠဝါ - သေးငယ်သော အဆုံးအမကျမ်း။
၅။ ပရိဝါ - ကျန်ခဲ့သော အခြံအရံ အဆုံးအမကျမ်း။
(ကျမ်းအားဖြင့် ခေါ်ခြင်းသာ ဖြစ်၏။)

**၈၀ ဝိမုတ္တိတရား (၅) ပါး**

၁။ တဒင်္ဂဝိမုတ္တိ - ကိလေသာမှ ဒါန,သီလအစွမ်းဖြင့်လွတ်မြောက်မှု။ (အနုပဿနာ ခုနစ်ပါး)
၂။ ဝိက္ခမ္ဘနဝိမုတ္တိ - ကိလေသာမှ သမထအစွမ်းဖြင့် လွတ်မြောက်မှု။ (သမာပတ် ရှစ်ပါး)
၃။ သမုစ္ဆေဒဝိမုတ္တိ - ကိလေသာမှ ဝိပဿနာဉာဏ်ဖြင့် အပြီးအပိုင် လွတ်မြောက်မှု။ (မဂ်လေးပါး)
၄။ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ - ကိလေသာ ငြိမ်းအေးမှု။ (ဖိုလ်လေးပါး)
၅။ နိဿရဏဝိမုတ္တိ - ကိလေသာမှ ထွက်မြောက်ရာ နိဗ္ဗာန်။ (မောရသုတ်)

**၈၁ ဝေဒနာ (၅) ပါး**

၁။ သုခဝေဒနာ - ချမ်းသာမှုနှင့် တကွဖြစ်သော ခံစားမှု။
၂။ ဒုက္ခဝေဒနာ - ဆင်းရဲမှုနှင့် တကွဖြစ်သော ခံစားမှု။
၃။ ဥပေက္ခာဝေဒနာ - ချမ်းသာ ဆင်းရဲမှု မရှိမှု၍ ခံစားမှု။
၄။ သောမနဿဝေဒနာ - ရွှင်ခြင်းနှင့် တကွဖြစ်သော ခံစားမှု။
၅။ ဒေါမနဿဝေဒနာ - မရွှင်ခြင်းနှင့် တကွဖြစ်သော ခံစားမှု။

**၈၂ သိခြင်း (၅) မျိုး**

၁။ ဝိဇာနန - ဝိညာဏ်သိ အများသိသော အသိမျိုး။
၂။ သဥ္ဇာနန - အမှတ်အသားဖြင့် သိသော အသိမျိုး။
၃။ ပဇာနန - ပညာဖြင့် သိသော အသိမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၄။ အဘိဇာနန - အဘိညာဉ်တန်ခိုးဖြင့်သိသော အသိမျိုး။
၅။ ပရိဇာနန - ပရိညာဉ်ဆိုက်အောင် သိသော ဉာဏ်အသိမျိုး။

၉၃ **သည်းခံခြင်း အကျိုး (၅) ပါး**

၁။ ဗဟုဇနမနာပ - လူအများ ချစ်ခင်ခြင်း။
၂။ နဝေရဗဟုလ - ရန်မများခြင်း။
၃။ နဝဇ္ဇဗဟုလ - အပြစ်မရှိခြင်း။
၄။ အသံမူဠှကာလကိတ - မတွေ မဝေ သေရခြင်း။
၅။ သုဂတိသဂ္ဂလောက - နတ်ရွာသုဂတိသို့ လားရခြင်း။

၉၄ **သည်းမခံခြင်း အပြစ် (၅) ပါး**

၁။ သူတော်ကောင်းများ ကဲ့ရဲ့၏။
၂။ လူမုန်းများ၏။
၃။ နတ်တို့မနှစ်သက်။
၄။ တွေဝေလျက် သေ၏။
၅။ သေလျှင် အပါယ်သို့ လားရ၏။

၉၅ **သီချင်းအသံဖြင့် တရားဟောသော ရဟန်းအပြစ် (၅) ပါး**

၁။ မိမိကိုယ်တိုင်လည်း ထိုအသံကို စွဲမက်၏။
၂။ သူတပါးကိုလည်း ထိုအသံ၌ စွဲမက်စေကုန်၏။
၃။ ရဟန်းတို့လည်း သီချင်းဆိုကုန်၏ဟု လူဒါယကာတို့ ကဲ့ရဲ့ကုန်၏။
၄။ အသံပြုပြင်ရခြင်းကြောင့် ရဟန်းသမာဓိ ပျက်၏။
၅။ နောင်လာ နောက်သားများ ယင်းအတုကိုလိုက်ခြင်း ပြု၏။
(ပဉ္စကအင်္ဂုတ္တိုရ်၊ ၁-ကိမိလဝဂ်၊ ၉-ဂီတဿရသုတ်)

၉၆ **သုဒ္ဓါဝါသ (၅) ဘုံ**

၁။ အဝိဟာဘုံ။
၂။ အတပ္ပါဘုံ။
၃။ သုဒဿာဘုံ။
၄။ သုဒဿီဘုံ။
၅။ အကနိဋ္ဌာဘုံ။ (ထိုငါးဘုံကို လောကုတ္တရာဘုံဟူ၍လည်း ခေါ်၏။)

www.burmeseclassic.com

www.burmeseclassic.com



## ၉၇ သုရာ (၅) မျိုး

၁။ ပိဋ္ဌသုရာ - မုန့်ညက်စိမ်းဖြင့် ပြုအပ်သော သုရာ။
၂။ ပူပသုရာ - မုန့်ညက်ရေဖြင့် ပြုအပ်သော သုရာ။
၃။ ဩဒနသုရာ - ထမင်းဖြင့် ပြုအပ်သော သုရာ။
၄။ ကိဏ္ဏပက္ခိတ္တသုရာ - သစ်မျိုးစေ့ကို ခပ်လောင်း၍ ပြုအပ်သောသုရာ။
၅။ သမ္ဘာရသံယုတ္တသုရာ-သစ်မြစ်သစ်သီးတို့ဖြင့်ယှဉ်၍ပြုအပ်သောသုရာ။
(မဟာဝဂ္ဂ သံယုတ် ပါဠိ)

## ၉၈ သားသမီး ကျင့်ဝတ် (၅) ပါး

၁။ ကျွေးမွေးမပျက်၊
၂။ ဆောင်ရွက်စီမံ၊
၃။ မွေခံထိုက်စေ၊
၄။ လူမျိုဝေ၍၊
၅။ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ် သားတို့တာ။
(သိင်္ဂါလသုတ်)

## ၉၉ သင်းချိုင်းအပြစ် (၅) ပါး

၁။ မစင်မကြယ် ရှိ၏။
၂။ မကောင်းသော အနံ့ ရှိ၏။
၃။ ဘေးတျမ်းရှိ၏။
၄။ သရဲသဘက်တို့ နေရာဖြစ်၏။
၅။ များစွာသော လူအပေါင်းတို့ ငိုကြွေးရာ အရပ်ဖြစ်၏။
(ပဉ္စက အင်္ဂုတ္တိုရ်)

## ၁၀၀ ဟိန္ဒူနတ်ကြီး (၅) ပါး

၁။ သူရဿတီ နတ်။
၂။ စန္ဒီ နတ်။
၃။ ပရမီသွာ နတ်။
၄။ မဟာပိန္နဲ နတ်။
၅။ ဗိဿကြိုး နတ်။

www.burmeseclassic.com

www.burmeseclassic.com



**၁၀၁ သမားတော်ဂုဏ်အင်္ဂါ (၅) ပါး**

၁။ ဝေဒပဏ္ဍိတ - ရာသီ,နက္ခတ်,ဗေဒင်,ယတြာ တတ်ကျွမ်းရခြင်း။
၂။ ဘိသက္ကဆေက - ဆေးပေးဆေးကုသမှု၌ ကျွမ်းကျင်ရခြင်း။
၃။ နာနာသတ္တဒက္ခ - ဆေးကျမ်းကောင်း အရပ်ရပ်တို့ကို ဇာတ်သိလိမ်မာ ရခြင်း။
၄။ ဥပမိသမ္ပတ္တိ - ကြည်ညိုအားထားဖွယ် တင့်တယ်သော ရုပ်ဆင်းနှင့် ပြည့်စုံခြင်း။
၅။ ဗြဟ္မစာရီ - ဗြဟ္မစိုရ်တရား လက်ကိုင်ထား၍ ကံငါးပါးလုံခြုံသူ ဖြစ်ရခြင်း။

**၁၀၂ နဂါးဒုက္ခ (၅) မျိုး**

၁။ နဂါးချင်း မေထုန်မှီဝဲသောအခါ။
၂။ စိတ်ချလက်ချ အိပ်ပျော်သောအခါ။
၃။ ပဋိသန္ဓေ နေစဉ်အခါ။
၄။ အရေဟောင်းကို စွန့်သောအခါ။
၅။ စုတိစိတ် ကျသောအခါ။

(ဤအချိန်အခါ (၅) မျိုးတွင် တမျိုးမျိုးနှင့် ကြုံတွေ့လာသော အခါ၌ မူရင်း ဇာတိ နဂါးခန္ဓာကိုယ်သာ ဖြစ်လာတတ်၏။)

**၁၀၃ မီးလှုံခြင်း၏ အပြစ် (၅) ပါး**

၁။ အစက္ခုဿ - မျက်စိအားနည်းတတ်ခြင်း။
၂။ ဒုဗ္ဗဏ္ဏကရဏ - ပြာ, အိုးမဲ စသည်တို့ ပေကျံတတ်ခြင်း။
၃။ ဒုဗ္ဗလကရဏ - အင်အား နည်းပါးတတ်ခြင်း။
၄။ သင်္ဂဏိကာပဝဍ္ဎန - အပေါင်းအသင်း၌ မွေ့လျော်တတ်ခြင်း။
၅။ တိရစ္ဆာနကထာ ပဝတ္တန - တိရစ္ဆာန်နှင့် စပ်သော စကားကို ပြောဆို တတ်ခြင်း။

(အင်္ဂုတ္တိုရ် ပဉ္စက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



**၁၀၄ မိန်းမတို့၏ လေ်လည်ခြင်း (၅) ပါး**

၁။ အာဟာရလောလတာ -အစားအသောက်၌ လျှပ်ပေါ် လေ်လည်ခြင်း။

၂။ အလင်္ကာရလောလတာ -အဝတ်တန်ဆာ၌လျှပ်ပေါ်လေ်လည်ခြင်း။

၃။ ပရပုရိသလောလတာ -ယောကျ်ားတပါး၌ (အနည်းဆုံး စိတ်ဖြင့်ပင်) နှစ်သက်တတ်ခြင်းဟူသော လျှပ်ပေါ် လေ်လည်ခြင်း။

၄။ ဓနလောလတာ -ပစ္စည်းဥစ္စာ၌ လျှပ်ပေါ်လေ်လည်ခြင်း။

၅။ ပါဒလောလတာ -ဟိုဟို ဒီဒီ သွားလာမှု၌ လျှပ်ပေါ်လေ်လည်ခြင်း။

(သုတ္တပါဠိ)

**၁၀၅ မိန်းမတို့၏ အပြစ် (၅) ပါး**

၁။ အသုစိ -မစင်ကြယ်ခြင်း။

၂။ ဒုဂ္ဂန္ဓ -မကောင်းသော အနံ့ရှိခြင်း။

၃။ သဘီရု -အအိပ်ကြီးခြင်း။

၄။ သပ္ပဋိဘယ -ကြောက်လန့်ခြင်း။

၅။ မိတ္တဒုဗ္ဘိ -မိတ်ပျက်လွယ်တတ်ခြင်း။

**၁၀၆ တနည်း မိန်းမတို့ အပြစ် (၅) ပါး**

၁။ ကောဓန -အမျက်ထွက်ခြင်း။

၂။ ဥပနာဟ -ရန်ငြိုးဖွဲ့တတ်ခြင်း။

၃။ ဃောရဝိသ -ရာဂစိတ်ပြင်းထန်ခြင်း။

၄။ ဒုဇိဝှ -ပိသုဏာဝါစာကို ပြောခြင်း။

၅။ မိတ္တဒုဗ္ဘိ -မိတ်ပျက်လွယ်တတ်ခြင်း။

(ကဏှသုတ် (ပ-ဒု) ပဏ္ဏာသ အင်္ဂုတ္တိုရ်ပါဠိ)

**၁၀၇ မိန်းမတို့ အား (၅) မျိုး**

၁။ ရူပဗလ -အဆင်းအင်္ဂါလှပချောမွေ့ခြင်း။

၂။ ဘောဂဗလ -ပစ္စည်းဥစ္စာနှင့် ပြည့်စုံခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဉာတိဗလ - ဆွေမျိုးနှင့် ပြည့်စုံခြင်း။
၄။ ပုတ္တဗလ - သားသမီးနှင့်ပြည့်စုံခြင်း။
၅။ သီလဗလ - သီလနှင့် ပြည့်စုံခြင်း။

(သဠာယတန သံယုတ်ပါဠိတော် ဝိသာရဒသုတ်)

**၁၀၇ ယာဂု အကျိုး (၅) ပါး**

၁။ ဆာလောင်ခြင်းကို ပယ်ခြင်း။
၂။ မွတ်သိပ်ခြင်းကို ပယ်ခြင်း။
၃။ လေကို အောက်သို့ စုန်စေခြင်း။
၄။ ဆီးအိမ်ကို စင်ကြယ်စေခြင်း။
၅။ အစာကို ကျေညက်စေခြင်း။

(ပဉ္စက အင်္ဂုတ္တိုရ်)

**၁၀၈ နိပါတ်တော်လာ သူဌေးကြီး (၅) ဦး**

၁။ ဇောတိက - အိမ်ပရိဝုဏ်မှ ရွှေဖြစ်သောသူ။
၂။ ဇဋိလ - ဆံပင်ကောက်၍ ရွှေတောင်ပေါက်သောသူ။
၃။ ကာကဝဏ္ဏ - ရွှေကျီးရုပ် ဖြစ်သောသူ။
၄။ မေဏ္ဍက - ရွှေဆိတ်ရုပ် ဖြစ်ပေါ်သောသူ။
၅။ ပုဏ္ဏ - ထယ်စာခဲမှ ရွှေဖြစ်သောသူ။

**၁၀၉ ပဏ္ဍုက် (၅) မျိုး**

၁။ အာသိတ္တပဏ္ဍုက် - သူတပါး၏အင်္ဂါကို ခံတွင်းဖြင့် စုတ်မှ ရာဂငြိမ်းခြင်း။
၂။ ဥဿုယပဏ္ဍုက် - သူတပါးတို့ မေထုန် ကျင့်သည်ကို ကြည့်ရှုရကာမှ ရာဂငြိမ်းခြင်း။
၃။ ဩပက္ကမိကပဏ္ဍုက်- လုံ့လပြု၍ မိမိ၏ဝှေးစေ့ကို ထုတ်ပစ်တတ်ခြင်း။
၄။ ပက္ခပဏ္ဍုက် - လဆန်း လဆုတ်၌ ယောကျ်ားအင်္ဂါ၊ မိန်းမ အင်္ဂါပြောင်းလဲ၍ ဖြစ်ခြင်း။
၅။ နပုံသကပဏ္ဍုက် - ပဋိသန္ဓေမှအစပြု၍ယောကျ်ားအင်္ဂါ မိန်းမအင်္ဂါ ပြည့်စုံစွာ မပါခြင်း။

www.burmeseclassic.com

www.burmeseclassic.com



### ၁၁၁ မတိုင်ပင်အပ်သူ (၅) ယောက်

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓိစရိတ္တ | - မိန်းမအလွန်အကျူးလိုက်စားသူ။ |
| ၂။ | သုရာစရိတ္တ | - အရက်အလွန်အကျွံသောက်စားသူ။ |
| ၃။ | မဟိစ္ဆ | - အလိုရမ္မက်အားကြီးသူ။ |
| ၄။ | ကောဓဗဟုလ | - အမျက်ဒေါသအားကြီးသူ။ |
| ၅။ | အဇ္ဈတ္တ | - မလိမ်မာမိုက်မဲသူ။ |

### ၁၁၂ မိန်းမမြတ်တို့၏ အကျင့် (၅) ပါး

၁။ လင်မထမီ၊ ရှေးဦးစွာထခြင်း။

၂။ လင်အိပ်ရာဝင်ပြီးမှ အိပ်ခြင်း။

၃။ မည်သည့်အမှုကို လုပ်ဆောင်ရမည်နည်းဟု လင်၏စိတ်ရင်မှုကို စောင့်၍ လုပ်ခြင်း။

၄။ ရှေးဦးစွာ ပြုံး၍ ချစ်ဖွယ်သော စကားကို ပြောဆိုခြင်း။

၅။ နှစ်သက်ဖွယ်အကျင့် အမြဲရှိခြင်း။

### ၁၁၃ ဝိဇ္ဇာ (၅) မျိုး

| | | |
|---|---|---|
| ၁။ | ဝေဒဝိဇ္ဇာ | - ဗေဒင်လေးပုံကို အပြီးတိုင်တတ်မြောက်သူ။ |
| ၂။ | မန္တဝိဇ္ဇာ | - ဂါထာ မန္တန်စသည်တို့ကို အပြီးတိုင်တတ်မြောက်သူ။ |
| ၃။ | ဂန္ဓာရီဝိဇ္ဇာ | - ဆေးကျမ်း ခေတ်ကျမ်းတို့ကို အပြီးတိုင်တတ်မြောက်သူ။ |
| ၄။ | လောကီမယဝိဇ္ဇာ | - ဈာန်ကသိုဏ်းကိုလေ့လာပြီးမြောက်၍ လောကီဈာန်ရသူ။ |
| ၅။ | အရိယဝိဇ္ဇာ | - သစ္စာလေးပါးတရားကို သိရ၍ ဘုရားရဟန္တာဖြစ်သူ။ |

၅-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၆-ပါးသော တရားများ

၁ အမွေခံထိုက်သော သား (၆) ယောက်

၁။ ဩရသ - ရင်၌ဖြစ်သော သား။
၂။ ခေတ္တဇ - ကျွန်မနှင့် သင့်ရာမှ မွေးသောသား။
၃။ ဟေတ္ထိမ - အပြောင်မယား သား။ (မယားငယ်ကို ဆိုသည်။)
၄။ ပုဗ္ဗက - လင်ပါ မယားပါ သားသမီးများ။
၅။ ကိတ္တိမ - အမွေခံသားအဖြစ် အထင်အရှား မွေးစားသောသား။
၆။ အပတိဋ္ဌ - ကောက်၍ မွေးသောသား၊ (ဇီဝကကဲ့သို့)သားမျိုး။

(အနွယ်သင်္ခေပ ဓမ္မသတ်ကျမ်း၊ ပုဒ်မ-၁၅၀)

၂ အမွေ မခံထိုက်သော သား (၆) ယောက်

၁။ ဒိန္နက သား - သူတပါးမှ ပေး၍ရသော သားမျိုး။
၂။ သဟောဍ္ဍသား - ဝယ်၍ရသော သားမျိုး။
၃။ ပုနာနုဗ္ဗ သား - မိမိမယား သူတပါးနှင့် ပျော်ပါး၍ရသောသား။
၄။ ကီဋ္ဋိတ သား - ကစား မြူးတူးရာမှရသောသား၊ (ပြည့်တန်ဆာကို ဆိုး၏။)
၅။ သန္နိတ္တသား - မိဘစကား နားမထောင် ရန်သူကဲ့သို့ ပြုကျင့်သော ခွေးလိုသား။
၆။ ဆာတဘတ္တ သား-ထမင်းငတ်သည့်အခါမှ မှီခိုလာသည့်သားမျိုး။

(အနွယ်သင်္ခေပ ဓမ္မသတ်ကျမ်း၊ ပုဒ်မ-၁၅၀)

၃ အဇ္ဈတ္တိကာယတန (၆) ပါး

၁။ စက္ခာယတန - မျက်စိအတွင်း တည်ရာ။
၂။ သောတာယတန - နားအတွင်း တည်ရာ။
၃။ ဃာနာယတန - နှာခေါင်းအတွင်း တည်ရာ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဇိဝှါယတန - လျှာအတွင်း တည်ရာ။
၅။ ကာယာယတန - ကိုယ်အတွင်း တည်ရာ။
၆။ မနာယတန - စိတ်၌ တည်ရာ။

(သင်္ဂြိုဟ်ကျမ်းမှလာ)

၄ **အကျိုးစီးပွါးမဲ့စေသော တရား (၆) ပါး**

၁။ နေမြင့်အောင် အိပ်ခြင်းသည်လည်း တပါး။
၂။ ပျင်းရိခြင်းသည်လည်း တပါး။
၃။ ကြမ်းကြုတ်ခြင်းသည်လည်း တပါး။
၄။ အဖော်မပါခရီးရှည်တယောက်တည်း သွားခြင်းသည်လည်း တပါး။
၅။ အရှည်သဖြင့် အရက်သေစာ သောက်စားခြင်းသည်လည်း တပါး။
၆။ သူတပါး မယားကို မှီဝဲခြင်းသည်လည်း တပါး။

(ဓမ္မပဒမှလာ)

၅ **အရပ် (၆) ပါး**

၁။ အရှေ့အရပ် - အမိ-အဖ။
၂။ တောင်အရပ် - ဆရာသမား။
၃။ အနောက်အရပ်- သားမယား။
၄။ မြောက်အရပ် - မိတ်ဆွေ။
၅။ အထက်အရပ် - သမဏဗြာဟ္မဏ။
၆။ အောက်အရပ် - ကျေးကျွန်။

(သိင်္ဂါလောဝါဒသုတ်)

၆ **အရက်သောက်ခြင်း၏ အပြစ် (၆) ပါး**

၁။ မျက်မှောက်ဘဝ၌ပင် ပစ္စည်းဥစ္စာ ဆုတ်ယုတ် ပျက်ပြားခြင်း။
၂။ ခိုက်ရန်ဒေါသ ဖြစ်ပွါးတတ်ခြင်း။
၃။ ရောဂါအမျိုးမျိုးတို့ ကပ်ရောက်တတ်ခြင်း။
၄။ ဂုဏ်သတင်း အကျော်စောမဲ့ ဖြစ်ရခြင်း။
၅။ အရှက်ကင်းမဲ့စွာ မိမိကိုယ်ကို လုံခြုံအောင် မဖုံးလွှမ်းနိုင်ခြင်း။
၆။ အသိဉာဏ်ချို့ယွင်းပျက်ပြားခြင်း။

(သိင်္ဂါလောဝါဒသုတ်)

www.burmeseclassic.com

www.burmeseclassic.com



၇ အရသာ (၆) ပါး

၁။ အစပ် အရသာ။
၂။ အငန် အရသာ။
၃။ အဖန် အရသာ။
၄။ အခါး အရသာ။
၅။ အချို အရသာ။
၆။ အဆိမ့် အရသာ။ သို့မဟုတ် အချဉ်။

၈ အာရုံ (၆) ပါး

၁။ ရူပါရုံ - အဆင်းအာရုံ။
၂။ သဒ္ဒါရုံ - အသံအာရုံ။
၃။ ဂန္ဓာရုံ - အနံ့အာရုံ။
၄။ ရသာရုံ - အရသာ အာရုံ။
၅။ ဖောဋ္ဌဗ္ဗာရုံ - အတွေ့အာရုံ။
၆။ ဓမ္မာရုံ - တရားသဘောအာရုံ။

၉ ဣန္ဒြေ (၆) ပါး

၁။ စက္ခုန္ဒြေ - မျက်စိ ဣန္ဒြေ။
၂။ သောတိန္ဒြေ - နားဣန္ဒြေ။
၃။ ဃာနိန္ဒြေ - နှာခေါင်း ဣန္ဒြေ။
၄။ ဇိဝှိန္ဒြေ - လျှာ ဣန္ဒြေ။
၅။ ကာယိန္ဒြေ - ကိုယ် ဣန္ဒြေ။
၆။ မနိန္ဒြေ - စိတ် ဣန္ဒြေ။

၁၀ ကမ္ဘာ (၆) မျိုး

၁။ သာရကမ္ဘာ - ဘုရားတဆူ ပွင့်သောကမ္ဘာ။
၂။ မဏ္ဍကမ္ဘာ - ဘုရားနှစ်ဆူ ပွင့်သောကမ္ဘာ။
၃။ ဝရကမ္ဘာ - ဘုရားသုံးဆူ ပွင့်သောကမ္ဘာ။
၄။ သာရမဏ္ဍကမ္ဘာ- ဘုရားလေးဆူ ပွင့်သော ကမ္ဘာ။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဘဒ္ဒကမ္ဘာ - ဘုရားငါးဆူ ပွင့်သောကမ္ဘာ။
၆။ သုညကမ္ဘာ - ဘုရားမပွင့်သော ကမ္ဘာ။ (ဗုဒ္ဓဝံသပါဠိ)

**၁၁ ခန္ဓာငါးပါးရှိသော ပဥ္စဝေါကာရ ပုဂ္ဂိုလ် (၆) မျိုး**

၁။ ငရဲသားသတ္တဝါ - ခန္ဓာငါးပါး ရှိ၏။
၂။ တိရစ္ဆာန်သတ္တဝါ - ခန္ဓာငါးပါး ရှိ၏။
၃။ ပြိတ္တာသတ္တဝါ - ခန္ဓာငါးပါး ရှိ၏။
၄။ လူပုဂ္ဂိုလ် - ခန္ဓာငါးပါး ရှိ၏။
၅။ နတ်ပုဂ္ဂိုလ် - ခန္ဓာငါးပါး ရှိ၏။
၆။ ဗြဟ္မာဘုံ (၁၅) ဘုံ - ခန္ဓာငါးပါး ရှိ၏။

**မှတ်ချက်။** ။ထို ၆—မျိုးတွင် အသူရကာယ် တမျိုးပါထည့်၍ ရေတွက်သော် ပဥ္စဝေါကာရ ပုဂ္ဂိုလ် (၇) မျိုးဖြစ်၏။

**၁၂ ခြောက်ပြစ်ကင်း သဲလဲစင် (၆) မျိုး**

၁။ အရပ် မနိမ့်လွန်းခြင်း။
၂။ အရပ် မမြင့်လွန်းခြင်း။
၃။ ခန္ဓာကိုယ် မပိန်လွန်းခြင်း။
၄။ ခန္ဓာကိုယ် မဝလွန်းခြင်း။
၅။ အသား မဖြူလွန်းခြင်း။
၆။ အသား မမဲလွန်းခြင်း။

(မဟာဝဂ္ဂ သံယုတ် အဋ္ဌကထာ)

**၁၃ စရိုက် (၆) ပါး**

၁။ ရာဂစရိုက်-ရာဂအားကြီး၍ကာမဂုဏ်ကိုမရှက်မကြောက်လိုက်စားသူ။
၂။ ဒေါသစရိုက် - အမျက်ဒေါသ အားကြီး၍ ဘာလုပ်မိမှန်း မသိသူ။
၃။ မောဟစရိုက် - တွေဝေ၍ ဘာကိုမှ မလုပ်တတ်သူ။
၄။ သဒ္ဓါစရိုက် - ယုံကြည်မှု လွန်ကဲ၍ အတ္တစွဲဖြစ်သူ။
၅။ ဗုဒ္ဓိစရိုက် - သူတပါးပြောတိုင်း မယုံ၊ မိမိ၏အသိဉာဏ်ဖြင့်ဆင်ခြင်တတ်သူ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဝိတက္ကစရိုက် - အကြံအစည်များပြီး ခရီးမရောက်သူ။
(သဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းမှလာ)

၁၄ ဆဗ္ဗဂ္ဂီ ရဟန်းဆိုး (၆) ယောက်

၁။ အဿဇိရဟန်း
၂။ ပုနဗ္ဗသုကရဟန်း } ကိဋ္ဌာဂိရိ ဇနပုဒ်၌ နေကြသည်။
၃။ မေတ္တိယရဟန်း
၄။ ဘုမ္မဇကရဟန်း } ရာဇဂြိုဟ်မြို့၌ နေကြသည်။
၅။ ပဏ္ဍုကရဟန်း
၆။ လောဟိတကရဟန်း } သာဝတ္ထိပြည်၌ နေကြသည်။

(ဝိနည်းတော်မှ လာသည်)

၁၅ ညဥ့်နက် မိုးချုပ် လည်ပတ်ခြင်း၏ အပြစ် (၆) ပါး

၁။ မိမိကိုယ်ကို ဘေးအန္တရာယ်မှ လုံခြုံမှု မရှိခြင်း။
၂။ မိမိ၏ သားသမီး သားမယားများကိုလည်း ဘေးအန္တရာယ်မှ လုံခြုံမှု မရှိခြင်း။
၃။ မိမိ၏ စီးပွါးဥစ္စာတို့ကိုလည်း ဘေးအန္တရာယ်မှ လုံခြုံမှုမရှိခြင်း။
၄။ အရပ်ထဲ၌ခိုးမှုလုယက်မှုဖြစ်ပါကလည်းမိမိအပေါ်၌သံသယဖြစ်ခြင်း။
၅။ သူတပါး ကျူးလွန်သောအမှု မိမိအပေါ်သို့ ကျရောက်စတတ်ခြင်း။
၆။ အမျိုးမျိုးသော ဘေးအန္တရာယ်တခုခုနှင့်မကြာမီကြုံတွေ့ခြင်း။

(သိင်္ဂါလောဝါဒသုတ်)

၁၆ တရားဂုဏ်တော် (၆) ပါး

၁။ သွာက္ခာတဂုဏ် - တရားတော်သည် အစ, အလယ်, အဆုံးသုံးပါး သောကောင်းခြင်းနှင့် ပြည့်စုံ၏။
၂။ သန္ဒိဋ္ဌိကဂုဏ် - အရိယာရှစ်ရပ် ပုဂ္ဂိုလ်မြတ်တို့သာ သိအပ်၏။
၃။ အကာလိကဂုဏ် - မဂ်၏ အခြားမဲ့၌ဖိုလ်လေးပါးအကျိုးကို အခါ မလင့်ပေးတတ်၏။
၄။ ဧဟိပဿိကဂုဏ် - လာလှည့် ရှုလှည့်ဟု အစီအရင်ကို ခံထိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဩပနေယျိကဂုဏ်- ပုဆိုးဥသျှောင်မီးစွဲလောင်စေကာမူမငြိမ်းသတ်ပဲ မိမိစိတ်၌ ကပ်၍ ဆောင်ထိုက်၏။
၆။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဂုဏ်-ပညာရှိတိဟိတ်ပုဂ္ဂိုလ်တို့သည်အသီးသီး မိမိတို့၏ စိတ်၌ သိမြင်ခံစားအပ်၏။

၁၇ တဏှာ (၆) ပါး

၁။ ရူပတဏှာ - အဆင်းကို တပ်မက်ခြင်း။
၂။ သဒ္ဒတဏှာ - အသံကို တပ်မက်ခြင်း။
၃။ ဂန္ဓတဏှာ - အနံ့ကို တပ်မက်ခြင်း။
၄။ ရသတဏှာ - အရသာကို တပ်မက်ခြင်း။
၅။ ဖောဋ္ဌဗ္ဗတဏှာ - အတွေ့ကို တပ်မက်ခြင်း။
၆။ ဓမ္မတဏှာ - သဘောတရားကို တပ်မက်ခြင်း။

၁၈ တိတ္ထိဂိုဏ်းဆရာကြီး (၆) ယောက်

၁။ ပူရဏကဿပ - ကျွန်မသား ခါးဝတ်မဝတ်သူ။
၂။ မက္ခလိဂေါသာလ - ကျွန်မသား ခါးဝတ် မဝတ်သူ။
၃။ အဇိတကေသကမ္ဗလ - ကျွန်မသား ဆံပင်နှင့် ယက်သော အဝတ်ကို ဝတ်၏။
၄။ ပကုဓကစ္စာယန - မုဆိုးမသား ခါးအဝတ် ဝတ်၏။
၅။ နိဂဏ္ဌနာဋပုတ္တ - ကချေသည်၏သား ခါးအဝတ် မဝတ်။
၆။ သဥ္စယဗေလဋ္ဌပုတ္တ - ကျွန်မသား ခါးအဝတ် ဝတ်၏။

၁၉ ဒွါရ (၆) ပါး

၁။ စက္ခုဒွါရ - မျက်စိ တံခါးပေါက်။
၂။ သောတဒွါရ - နား တံခါးပေါက်။
၃။ ဃာနဒွါရ - နှာခေါင်း တံခါးပေါက်။
၄။ ဇိဝှါဒွါရ - လျှာ တံခါးပေါက်။
၅။ ကာယဒွါရ - ကိုယ် တံခါးပေါက်။
၆။ မနောဒွါရ - စိတ် တံခါးပေါက်။

(သင်္ကြိုဟ်)

www.burmeseclassic.com

www.burmeseclassic.com



## ၂၀ နာယကဂုဏ် (၆) ပါး

၁။ ခမာ - သည်းခံခြင်း။
၂။ ဇာဂရိယ - နိုးကြားခြင်း။
၃။ ဥဋ္ဌာန - ထကြွလုံ့လရှိခြင်း။
၄။ သံဝိဘာဂ - ဝေဖန်ပေးကမ်းတတ်ခြင်း။
၅။ ဒယာ - သနားခြင်း။
၆။ ဣက္ခဏာ - အမြော်အမြင် ရှိခြင်း။
(လောကနီတိကျမ်းမှလာ)

## ၂၁ နာယက မမည်သူ (၆) ယောက် (အနာယကဂုဏ်)

၁။ ဂဏန်း - လူတွေ့လျှင် လက်မထောင်တတ်သည့် လူမျိုး။
၂။ ပုတ်သင် - မည်သူကပြောပြော ခေါင်းညိတ်တတ်သည့်လူမျိုး။
၃။ ကိုင်းပင် - အားများရာ ယိမ်းသည့် လူမျိုး။ (လူ့ဆိတ်လစိ)
၄။ နွားသိုး - နွားသိုးကြိုးပြတ်နွားရှူးဆူးတိုးသကဲ့သို့အများကမြော်က်စားသဖြင့် စော်ကားတတ်သော လူမျိုး။
၅။ လိပ်မျိုး - မိမိဗိုက်အောက်သို့သာ ယက်သွင်းလေ့ရှိသော လူမျိုး။
၆။ ခွေးအ - ခွေးအ သည် မိမိအမျိုး၏ အသားကိုပင် ပြန်၍ စားသော အမျိုး။

မှတ်ချက်။ ။ခွေးအ, နေရာ၌ 'ဖွတ်မိချောင်း' ဟူ၍ မူကွဲ ရှိ၏၊ ဖွတ်သည် အကောင် ကြီးလာပါကမိချောင်းဖြစ်တတ်၏၊ လျှာပါသော သတ္တဝါဖြစ်၍ လျှာမပါသော မိချောင်း အစစ်ထက် ကြောက်စရာ ကောင်း၏၊ ထို့ကြောင့် "**ဖွတ်မိချောင်းဖြစ်ကမြစ်မချမ်းသာ**" ဟူ၍စကားဆိုရှိ၏။

လင်္ကာ။ ။ဂဏန်း, ပုတ်သင်, ကိုင်းပင်,နွားသိုး,လိပ်မျိုး,ခွေးအ,အနာယက။

## ၂၂ နိဝရဏတရား (၆) ပါး

၁။ ကာမစ္ဆန္ဒနီဝရဏ - ကိလေသာ အလိုအားဖြင့် ဈာန်ကိုတားခြင်း။
၂။ ဗျာပါဒနီဝရဏ - ကျိန်ဆဲမှုဖြင့် ဈာန်ကို တားခြင်း။
၃။ ထိနမိဒ္ဓနီဝရဏ - လေးလံထိုင်းမှိုင်းမှုဖြင့် ဈာန်ကို တားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏ - ပျံ့လွင့်မှုနှောင်တပူပန်မှုဖြင့် ဈာန်ကိုတားခြင်း။
၅။ ဝိစိကိစ္ဆာနီဝရဏ - အာရုံမဆုံးဖြတ်နိုင်မှုဖြင့် ဈာန်ကိုတားခြင်း။
၆။ အဝိဇ္ဇာနီဝရဏ - မသိမှုဖြင့် ဈာန်ကိုတားခြင်း။

(သင်္ဂြိုဟ်)

၂၃ နတ်ပြည် (၆) ထပ်

၁။ စာတုမဟာရာဇိကာနတ်ပြည် - နတ်သက်သည် နတ်တို့၏အရေအတွက်အားဖြင့် ၅၀၀၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးသန်း။

၂။ တာဝတိံသာနတ်ပြည် - နတ်သက် $\frac{၂၀၀၀}{၁၀၀၀}$ လူတို့ နှစ်အရေအတွက်အားဖြင့် ၃၆-သန်း။

၃။ ယာမာနတ်ပြည်- $\frac{၈၀၀၀}{၂၀၀၀}$ လူတို့ နှစ်အရေအတွက်အားဖြင့် ၁၄၄ သန်း။ (သို့သော်) စတုမဟာရာဇ်နတ် ၂-ရက်သည်၊ တာဝတိံသာ၌ ၁-ရက်သာ ဖြစ်၏၊ ယင်းသို့ အထက် နတ်တို့သည် ၂-ရက်လျှင် ၁-ရက်သာ အဆင့်ဆင့် နေ့တာရှည်ကြာသဖြင့်....

၄။ တုသိတာနတ်ပြည် - နတ်သက် $\frac{၃၂၀၀၀}{၄၀၀၀}$ လူတို့ နှစ်အရေအတွက်အားဖြင့် ၅၇၆-သန်း။

၅။ နိမ္မာနရတိနတ်ပြည်- နတ်သက် $\frac{၁၂၈၀၀၀}{၈၀၀၀}$ လူတို့ နှစ် အရေ အတွက် အားဖြင့် ၂၃၀၄-သန်း။

၆။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်- နတ်သက် $\frac{၅၁၂၀၀၀}{၁၆၀၀၀}$ လူတို့ နှစ်အရေအတွက် အားဖြင့် ၉၂၁၆-သန်း။

တတော စတုဂ္ဂုဏံ-ဟူသော ပုဒ်အရ နတ်ပြည်သည်တဆင့်ထက်တဆင့် ၄-ဆတက်၍ များ၏ (သို့သော်) နတ်ပြည်သည် တဆင့်ထက်တဆင့် ရက်ချင်းမတူပဲ ၂-ဆ ၂-ဆပို၍ ရှည်ကြာသဖြင့် နတ်တို့၏ နှစ်အားဖြင့် ၅၀၀, ၁၀၀၀, ၂၀၀၀, ၄၀၀၀, ၈၀၀၀, ၁၆၀၀၀ ဟူ၍ ၂-ဆသာ ကွာပြီး ပကတိ နတ်သက်အားဖြင့် ရှိကြ၏။

(သင်္ဂြိုဟ်မှလာ)

www.burmeseclassic.com

www.burmeseclassic.com



**၂၄ ပကိဏ်း စေတသိက် (၆) ပါး**

၁။ ဝိတက္က - အာရုံရှေးရှု စေလွှတ်မှု။
၂။ ဝိစာရ - အာရုံ ကြံစည်မှု။
၃။ အဓိမောက္ခ - အာရုံ ဆုံးဖြတ်ချက်ချမှု။
၄။ ဝီရိယ - လုံ့လပြုမှု။
၅။ ပီတိ - နှစ်သက်မှု။
၆။ ဆန္ဒ - အလိုရှိမှု။

**၂၅ ပျင်းရိခြင်း၏ အပြစ် (၆) ပါး**

၁။ နံနက်ကျပြန်တော့လည်း စောလှပါသေးတယ် ဟူ၍ရင်း။
၂။ ညနေကျပြန်တော့လည်း အချိန်မရှိတော့ပါ ဟူ၍ရင်း။
၃။ နေ့ခင်းကျပြန်တော့လည်း ပူလှပါသေးတယ် ဟူ၍ရင်း။
၄။ အေးပြန်တော့လည်း အေးလှပါသေးသည် ဟူ၍ရင်း။
၅။ မစားရပြန်တော့လည်း ဆာလှပါသေးတယ် ဟူ၍ရင်း။
၆။ စားပြီးပြန်တော့လည်း ဗိုက်လေးလှသေးတယ် ဟူ၍ရင်း။

(သိင်္ဂါလောဝါဒသုတ်)

**၂၆ ဖဿ (၆) ပါး**

၁။ စက္ခုသမ္ဖဿ - မျက်စိ၌ တွေ့ထိခြင်း။
၂။ သောတသမ္ဖဿ - နား၌ တွေ့ထိခြင်း။
၃။ ဃာနသမ္ဖဿ - နှာခေါင်း၌ တွေ့ထိခြင်း။
၄။ ဇိဝှါသမ္ဖဿ - လျှာ၌ တွေ့ထိခြင်း။
၅။ ကာယသမ္ဖဿ - ကိုယ်၌ တွေ့ထိခြင်း။
၆။ မနောသမ္ဖဿ - စိတ်၌ တွေ့ထိခြင်း။

(သဂြိုဟ်)

**၂၇ ဗာဟိရာယတန (၆) ပါး**

၁။ ရူပါယတန - အပ၌တည်ရာ အဆင်း။
၂။ သဒ္ဒါယတန - အပ၌ တည်ရာအသံ။
၃။ ဂန္ဓာယတန - အပ၌တည်ရာ အနံ့။

www.burmeseclassic.com

www.burmeseclassic.com



၄။ ရသာယတန - အပဉ္စ်တည်ရာ အရသာ။
၅။ ဖောဋ္ဌဗ္ဗာယတန- အပဉ္စ်တည်ရာ အတွေ့။
၆။ ဓမ္မာယတန - အပဉ္စ်တည်ရာ သဘောတရား။

၂၈ ဘုန်းတော် (၆) ပါး

၁။ ဣဿရိယဘုန်းတော် - လောကီအရာ၌ စိတ်တော်ကို အစိုးရတော်မူသော ဘုန်းတော်။
၂။ ဓမ္မဘုန်းတော် - လောကုတ္တရာအရာ၌စိတ်တော်ကိုအစိုးရတော်မူသော ဘုန်းတော်။
၃။ ယသဘုန်းတော် - အမြဲအရံ ပရိသတ်နှင့် ပြည့်စုံတော် မူသော ဘုန်းတော်။
၄။ သိရီဘုန်းတော် - ယောကျ်ားမြတ်လက္ခဏာ(၃၂)ပါးနှင့်ပြည့်စုံ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော ဘုန်းတော်။
၅။ ကာမဘုန်းတော် - စိတ်အလိုရှိတိုင်းပြီးစီး အောင်မြင်တော်မူသော ဘုန်းတော်။
၆။ ပယတ္တဘုန်းတော် - ကြီးမား မြင့်မြတ်သော လုံ့လဝီရိယနှင့် ပြည့်စုံတော်မူသော ဘုန်းတော်။

၂၉ မရှက်အပ်သူ (၆) ယောက်

၁။ ဇနီးခင်ပွန်း။
၂။ မီးဖွားသူ။
၃။ ရောဂါသည်။
၄။ သတင်သည်။
၅။ ပညာသည်။
၆။ ပြည့်တန်ဆာ။

၃၀ ရဟန်းကျင့်ဝတ် (၆) ပါး

၁။ မကောင်း မြစ်တား။
၂။ ကောင်းရာညွှန်လစ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ အသစ်ဟောကြူး။
၄။ နာဘူးထပ်မံ။
၅။ နတ်ထံတင်ရာ။
၆။ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။
(သိင်္ဂါလသုတ်)

၃၁ ရဟန်းများဆွမ်းမခံအပ်သောအရပ်များ (၆) ပါး

၁။ သူရာအရက် ရောင်းရာဌာန။
၂။ ယောကျ်ားမိန်းမ မမည်သူတို့၏အိမ်။
၃။ ရဟန်းမိန်းမနှင့် သီလရှင်ဇရပ်။
၄။ အပျိုကြီးအိမ်။
၅။ ပြည့်တန်ဆာမအိမ်။
၆။ လင်မရှိ မုဆိုးမအိမ်။

လင်္ကာ။ ။သူရာသောက်ဆုပ်၊သေတင်းကုပ်၊ပဏ္ဍုက်-ထိကျွမ။
ပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာ မုဆိုးမ။
၅ခြောက်အိမ်တွင်၊ အကျွမ်းဝင်၊ ဆွမ်းလျှင်မခံရ။
(မဇ္ဈိမပဏ္ဏာသ)

၃၂ ရာဇဂုဏ် (၆) ပါး

၁။ သန္ဓိဂုဏ် - ရန်သူတို့နှင့် သင့်တင့်အောင် စေ့စပ်နိုင်မှု။
၂။ ဝိဂ္ဂဟဂုဏ် - စစ်ထိုးခြင်း၌ အောင်နိုင်အောင် ပြုစွမ်းနိုင်မှု။
၃။ ယာနဂုဏ် - စစ်တိုက်ခိုက်မှု၌ စစ်သည် ယာဉ်ရထား အားရှိမှု။
၄။ အာသနဂုဏ် - ခံစစ်, ထိုးစစ်၌ နေရာကောင်းရအောင် ကြံနိုင်မှု။
၅။ ဒွိဓာဂုဏ်- စစ်နိုင်မှုရအောင်သူတပါးညီညွတ်မှုကိုပျက်စီးရန်လှုံ့ဆော်မှု။
၆။ အာသယဂုဏ်-ရန်သူကြောက်ရွံ့စေရန် မဟာမိတ်နိုင်ငံ ရှိမှု။

၃၃ ရောင်ခြည်တော် (၆) ပါး

၁။ နီလ - ညိုသော ရောင်ခြည်တော်။
၂။ ပီတ - ဝါဝင်းသော ရောင်ခြည်တော်။
၃။ လောဟိတ - နီသော ရောင်ခြည်တော်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဩဒါတ - ဖြူသော ရောင်ခြည်တော်။
၅။ မဉ္ဇိဋ္ဌ - စိမ်းပြာရောင် ညိုမောင်းသော ရောင်ခြည်တော်။
၆။ ပဘဿရ - ပြိုးပြိုးပြက်ပြက် တခဲနက်သော ရောင်ခြည်တော်။

**၃၄ လောကပလ္လင် (၆) မျိုး**

၁။ အပရာဇိတပလ္လင် - မာရ်နတ်သားကို အောင်နိုင်သောမြတ်စွာဘုရား ထိုင်တော်မူသော ပလ္လင်။
၂။ ကမလာသနပလ္လင် - ပြဟ္မာမင်း ထိုင်သော ပလ္လင်။
၃။ ဒိဗ္ဗာသနပလ္လင် - သိကြားမင်း ထိုက်သော ပလ္လင်။
၄။ ရာဇပလ္လင် - သမ္မုတိဘုရင်များ ထိုင်သော ပလ္လင်။
၅။ ဓမ္မာသနပလ္လင် - တရားဟော ဓမ္မကထိကများ ထိုင်သော ပလ္လင်။
၆။ အဋ္ဌကရဏပလ္လင် - တရားသူကြီးများထိုင်သော ပလ္လင်။

**၃၅ လောက၌ရှိသော (၆) ခွန်းသောစကား**

၁။ မှန်လည်း မမှန်၊ အကျိုးလည်း မရှိ၊သူတပါးမနှစ်သက်(မုသာဝါဒ)
၂။ မှန်လည်း မှန်၏၊အကျိုးလည်း မရှိ၊သူတပါးနှစ်သက်(ပိသုဏာဝါစာ)
၃။ မှန်လည်း မှန်၏၊အကျိုးလည်း မရှိ၊သူတပါးမနှစ်သက်(ဖရုသဝါစာ)
၄။ မှန်လည်း မမှန်၊ အကျိုးလည်း မရှိ၊သူတပါးနှစ်သက် (သမ္ဖပ္ပလာပ)
၅။ မှန်လည်းမှန်၏၊အကျိုးလည်းရှိ၏၊သူတပါးနှစ်သက်၏(သမ္မာဝါစာ)
၆။ မှန်လည်း မှန်၏၊အကျိုးလည်းရှိ၏၊သူတပါးမနှစ်သက်(သမ္မာဝါစာ)

(မဇ္ဈိမပဏ္ဏာသ အဘယ ရာဇကုမာရသုတ်)

**၃၆ လောင်းကစားခြင်း၏ အပြစ်(၆) ပါး**

၁။ မိမိက နိုင်ပြန်လျှင်လည်း ရန်များတတ်ခြင်း။
၂။ မိမိက ရှုံးပြန်လျှင်လည်း မိမိစီးပွါး ဉစ္စာတို့ အပေါ်၌ နှမြောတသ စိုးရိမ် ပူပန်ရခြင်း။
၃။ မျက်မှောက်ဘဝ၌ပင် ပစ္စည်းဉစ္စာ ဆုတ်ယုတ် ပျက်ပြားခြင်း။
၄။ ထိုကစားသမားတို့၏ စကားသည် ပရိသတ်အလယ်၌ လူရာမဝင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ ထိုကစားသမားတို့သည် အကြောင်းတစုံတရာပေါ်ပေါက်လာပါက မည်သူ၏ အကူအညီမှမရပဲ မိမိအပေါ်၌ ယုံကြည်မှုကင်းမဲ့ခြင်း။

၆။ ထိုကစားသမားတို့သည် သားမယားတယောက်ကိုမျှ ကောင်းမွန်စွာ လုပ်ကိုင်ကျွေးမွေးနိုင်မည့်သူတွေ မဟုတ်သည့် အတွက် သမီးပေးခြင်း သမီးယူခြင်းအမှုကိစ္စတို့၌ ရှောင်ရှားခံရတတ်ခြင်း။

(သိင်္ဂါလသုတ်)

၃၇ ဝဏ္ဏရုပ် (၆) ပါး

| | |
|---|---|
| ၁။ စက္ခု | - မျက်စိ။ |
| ၂။ သောတ | - နား။ |
| ၃။ ဃာန | - နှာခေါင်း။ |
| ၄။ ဇိဝှါ | - လျှာ။ |
| ၅။ ကာယ | - ကိုယ်။ |
| ၆။ ဟဒယ | - နှလုံး။ |

၃၈ ဝါယော (၆) မျိုး

| | |
|---|---|
| ၁။ ဥဒ္ဓင်္ဂမ | - အထက်သို့ ဆန်သောလေ။ |
| ၂။ အဓောဂမ | - အောက်သို့ စုန်သောလေ။ |
| ၃။ အဿာသ ပဿာသ | - ထွက်အောက် ဝင်သက်လေ။ |
| ၄။ အင်္ဂမင်္ဂါနုသာရီ | - အင်္ဂါကြီးငယ်ထဲမှလေ။ |
| ၅။ ကောဋ္ဌာသယ | - အူအတွင်းမှလေ။ |
| ၆။ ကုစ္ဆိဋ္ဌ | - ဝမ်းတွင်းမှလေ။ |

၃၉ စိတက် (၆) ပါး

| | |
|---|---|
| ၁။ ကာမဝိတက် | - ကာမဂုဏ်မှုကို ကြံစည်ခြင်း။ |
| ၂။ ဗျာပါဒဝိတက် | - ပျက်စီးစေရန် ကြံစည်ခြင်း။ |
| ၃။ ဝိဟိံသာဝိတက် | - ညဉ်းဆဲရန် ကြံစည်ခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com



၄။ နေက္ခမ္မပိတက် - တော၌တရားကျင့်ရန် ကြံစည်ခြင်း။
၅။ အဗျာပါဒဝိတက် - ကျိန်ဆဲမှု မရှိမူ၍ ကြံစည်ခြင်း။
၆။ အဝိဟိံသာဝိတက် - ညှဉ်းဆဲမှု မရှိမူ၍ ကြံစည်ခြင်း။

## ၄၀ ဝိညာဏ် (၆) ပါး

၁။ စက္ခုဝိညာဏ် - မျက်စိ အသိစိတ်။
၂။ သောတဝိညာဏ် - နား အသိစိတ်။
၃။ ဃာနဝိညာဏ် - နှာခေါင်း အသိစိတ်။
၄။ ဇိဝှါဝိညာဏ် - လျှာ အသိစိတ်။
၅။ ကာယဝိညာဏ် - ကိုယ်အတွေ့ အသိစိတ်။
၆။ မနောဝိညာဏ် - အာရုံအသိစိတ်။

## ၄၁ ဝေဒနာ (၆) ပါး

၁။ စက္ခုသမ္ဖဿဇာ ဝေဒနာ - မျက်စိအတွေ့ ခံစားမှု။
၂။ သောတသမ္ဖဿဇာ ဝေဒနာ - နားအကြား ခံစားမှု။
၃။ ဃာနသမ္ဖဿဇာ ဝေဒနာ - နှာခေါင်းအနံ့ ခံစားမှု။
၄။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ - လျှာအရသာ ခံစားမှု။
၅။ ကာယသမ္ဖဿဇာ ဝေဒနာ - ကိုယ်အတွေ့ ခံစားမှု။
၆။ မနောသမ္ဖဿဇာဝေဒနာ - စိတ်ကြံစည် တွေးတော ခံစားမှု။

## ၄၂ သညာ (၆) ပါး

၁။ ရူပသညာ - အဆင်းကို မှတ်မှု။
၂။ သဒ္ဒသညာ - အသံကို မှတ်မှု။
၃။ ဂန္ဓသညာ - အနံ့ကို မှတ်မှု။
၄။ ရသသညာ - အရသာကို မှတ်မှု။
၅။ ဖောဋ္ဌဗ္ဗသညာ- အတွေ့ကို မှတ်မှု။
၆။ ဓမ္မသညာ - သဘောတရားကို မှတ်မှု။

www.burmeseclassic.com

www.burmeseclassic.com



၄၃ သကဒါဂါမ် (၆) မျိုး

၁။ လူ့ပြည်၌ ဖြစ်၍ လူ့ပြည်မှ နိဗ္ဗာန်ကူးခြင်း။
၂။ နတ်ပြည်၌ ဖြစ်၍ နတ်ပြည်မှ နိဗ္ဗာန်ကူးခြင်း။
၃။ လူ့ပြည်၌ ဖြစ်၍ နတ်ပြည်မှ နိဗ္ဗာန်ကူးခြင်း။
၄။ နတ်ပြည်၌ ဖြစ်၍ လူ့ပြည်မှ နိဗ္ဗာန်ကူးခြင်း။
၅။ လူ့ပြည်၌ဖြစ်၍ နတ်ပြည်သို့ရောက်ပြီး လူ့ပြည်မှာ နိဗ္ဗာန်ကူးခြင်း။
၆။ နတ်ပြည်၌ဖြစ်၍ လူ့ပြည်သို့ရောက်ပြီး နတ်ပြည်မှာ နိဗ္ဗာန်ကူးခြင်း။

၄၄ သာကီဝင်မင်းမျိုးမှ ရှေးဦးစွာ ရဟန်းဝတ်သော မင်းသား (၆) ယောက်

၁။ အနုရုဒ္ဓါမင်းသား။
၂။ အာနန္ဒာမင်းသား။
၃။ ဘဒ္ဒိယမင်းသား။
၄။ ကိမိလမင်းသား။
၅။ ဘဂုမင်းသား။
၆။ ဒေဝဒတ်မင်းသား။

၄၅ မပေါင်းအပ်သော မယား (၆) မျိုး

၁။ ဝိဝါဒသီလိ - ငြင်းခုံတတ်သောအလေ့ရှိခြင်း။
၂။ ဉဿုဟာ - ငြူစူစောင်းမြောင်းတတ်ခြင်း။
၃။ ပဿန္တတဏှိကာ - မြင်တိုင်းကို လိုခြင်မက်မောခြင်း။
၄။ ဂတာ - သူတပါးအိမ်သို့သာ သွားလာ၍ နေတတ်ခြင်း။
၅။ အမိတာဘုဥ္ဇနာ - အခြင့်အတိုင်းမရှိအစားလွန်ကြူးခြင်း။
၆။ နိဒ္ဒါ - အအိပ်လွန်ကြူးခြင်း။

၆-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၇- ပါးသော တရားများ

## ၁ အဘိဓမ္မာ (၇) ကျမ်း

၁။ ဓမ္မသင်္ဂဏီ - တရားအပေါင်းကို ဟောသောကျမ်း။
၂။ ဝိဘင်း - ဝေဖန်ပိုင်းခြား၍ ဟောသောကျမ်း။
၃။ ဓာတုကထာ - ဓာတ် (၁၈)ပါးကိုအခြေခံ၍ဟောသောကျမ်း။
၄။ ပုဂ္ဂလပညတ် - ပုဂ္ဂိုလ်ကို ပညတ်ဟောသော ကျမ်း။
၅။ ကထာဝတ္ထု - ကထာဝတ္ထုကို ဝေဖန်ဟောသောကျမ်း။
၆။ ယမိုက် - အစုံအစုံကို ဟောသော ကျမ်း။
၇။ ပဋ္ဌာန်း - အကြောင်းနှင့် အကျိုးကို ဟောသော ကျမ်း။

## ၂ အနုသယ ကိလေသာ (၇) ပါး

၁။ ကာမရာဂါနုသယ - ကိလေသာ၌ စွဲကပ်တတ်ခြင်း။
၂။ ဘဝရာဂါနုသယ - ဘဝ၌ စွဲကပ်တတ်ခြင်း။
၃။ ပဋိဃာနုသယ - အမျက်ဒေါသ၌ စွဲကပ်တတ်ခြင်း။
၄။ မာနာနုသယ - အထင်ကြီးမှု၌စွဲကပ်တတ်ခြင်း။
၅။ ဒိဋ္ဌာနုသယ - အယူ၌ စွဲကပ်တတ်ခြင်း။
၆။ ဝိစိကိစ္ဆာနုသယ - အာရုံမဆုံးဖြတ်နိုင်မှု၌ စွဲကပ်တတ်ခြင်း။
၇။ အဝိဇ္ဇာနုသယ - မသိမှု၌ စွဲကပ်တတ်ခြင်း။

## ၃ အပရိဟာနိယ (သို့) မဆုတ်ယုတ်ကြောင်းတရား (၇) ပါး

၁။ ပညာရှိအမတ်များနှင့် အစဉ်မပြတ် တိုင်ပင်ခြင်း။
၂။ အညီအညွတ် ထကြွခြင်း။
၃။ ဒဏ်ထားခြင်း၌ ရှေးထုံးကို မပယ်ခြင်း။
၄။ ကြီးသူကို ရိုသေခြင်း။
၅။ သမီးပျိုကို မဖျက်ဆီးခြင်း။
၆။ ဗလိနတ်စာကျွေးခြင်း။
၇။ သမဏဗြာဟ္မဏကို အစဉ် ကိုးကွယ်ခြင်း။

(သတ္တကအင်္ဂုတ္တိုရ် ၃-ဝဇ္ဇိသတ္တကဝဂ် ၁-သာရန္ဒဒသုတ်)

www.burmeseclassic.com

www.burmeseclassic.com



၄ **အနုပဿနာ (၇) ပါး**

၁။ အနိစ္စာနုပဿနာ- ခန္ဓာငါးပါးတို့၌ မမြဲသည်ကိုအဖန်ဖန်ရှုမှတ်ခြင်း။

၂။ ဒုက္ခာနုပဿနာ - ခန္ဓာငါးပါးတို့၌ ဆင်းရဲသည်ကို အဖန်ဖန် ရှုမှတ်ခြင်း။

၃။ အနတ္တာနုပဿနာ- ခန္ဓာငါးပါးတို့၌ အစိုးမရသည်ကို အဖန်ဖန်ရှုမှတ်ခြင်း။

၄။ နိဗ္ဗိဒါနုပဿနာ - ခန္ဓာငါးပါးတို့၌ ငြီးငွေ့ခြင်းကို အဖန်ဖန် ရှုမှတ်ခြင်း။

၅။ ဝိရာဂါနုပဿနာ- ခန္ဓာငါးပါးတို့၌ တပ်မက်မှုကင်းခြင်းကို အဖန်ဖန်ရှုမှတ်ခြင်း။

၆။ နိရောဓာနုပဿနာ-ခန္ဓာငါးပါးတို့၌ချုပ်ငြိမ်းမှုကို အဖန်ဖန်ရှုမှတ်ခြင်း

၇။ ပဋိနိဿဂ္ဂါနုပဿနာ- ခန္ဓာ ငါးပါးတို့၌ စွန့်လွှတ်မှုကို၊ အဖန်ဖန်ရှုမှတ်ခြင်း။

၅ **အဝေရာဒိကမေတ္တာ (၇) ပါး**

၁။ အဝေရာ ဟောန္တု - ရန်မရှိကြပါစေကုန်သတည်း။

၂။ အဗျာပဇ္ဇာ ဟောန္တု - စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြပါစေကုန်သတည်း။

၃။ အနီဃာ ဟောန္တု - ဆင်းရဲခြင်း ကင်းကြပါစေကုန်သတည်း။

၄။ သုခီအတ္တာနံ ပရိဟရန္တု - မိမိကိုယ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

၅။ ဒုက္ခာ မုစ္စန္တု - ဆင်းရဲဒုက္ခမှ ကျွတ်လွတ် ကြပါစေကုန်သတည်း။

၆။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု - ရပြီး ရအပ်သော စည်းစိမ်ချမ်းသာတို့မှ မပျောက်မပျက် ကြပါစေကုန်သတည်း။

၇။ ကမ္မဿကာ - သတ္တဝါအပေါင်းတို့သည် ကံသာလျှင် မိမိဥစ္စာရှိကြကုန်၏။

၆ **အသက်ရှိလျက် သေသူ (၇) ယောက်**

၁။ ဒုက္ခိတော- သူများနည်းတူ ခြေလက်အင်္ဂါပြည့်စုံပါလျက်ဝတ်မွတ်သူ။

၂။ ဗျာဓိတော- အနာမရောဂါ မကွာနှိပ်စက် စိတ်ပျက်စရာကောင်းသူ။

www.burmeseclassic.com

www.burmeseclassic.com



၃။ မုဋ္ဌော - ကိုယ့်အကျိုး သူ့အကျိုး၌ ဆင်ခြင်ဉာဏ်မရှိသူ။
၄။ ဣဏဝါ - အခါမရွေး စိတ်ပူဆွေးရန် ကြွေးချေးငှါးများသူ။
၅။ နိဿယသေဝကော မင်းထံခစား မင်းကျွန်များ နှင့် အစေအပါး ခံငြား လခစား။
၆။ ဣတ္ထာကုတ္တက - ယောကျ်ားဖြစ်လျက် မိန်းမရှာလိုနေသူ။
၇။ အလသ - အပျင်းများလျက် စဉ်းစားကာ အချိန်ဖြုန်းသူ။

## ၇ အဓိကရဏသမထ (၇) ပါး

၁။ လေးပါးသော အဓိကရုဏ်းတို့ ငြိမ်းစေခြင်းငှါ မျက်မှောက် အဓိကရုဏ်း ငြိမ်းကြောင်းတရားကို ပေးရမည်။
၂။ ရဟန္တာပုဂ္ဂိုလ်အား သတိပေးရသော ဝိနည်းကို ပေးရမည်။
၃။ ရူးသွပ်သော ရဟန်းတို့အား သတိရခိုက် ပေးရသော ဝိနည်းကို ပေးရမည်။
၄။ ဝန်ခံသဖြင့် ပြုအပ်သော သမထကို ပြုရမည်။
၅။ ဓမ္မဝါဒီပုဂ္ဂိုလ်များသို့ လိုက်၍ ဆုံးဖြတ်ရသော သမထမ္မကိုပြုရမည်။
၆။ ယုတ်မာသော ရဟန်းအား ပြုရသော ဝိနည်းကိုပြုရမည်။
၇။ မစင်ကို မြက်ဖြင့်ဖုံးလွှမ်းသကဲ့သို့ အာပတ်ကို ဖုံးဖိထားရသောဝိနည်း ကို ပြုရမည်။

## ၈ ဩဓိသမေတ္တာ ပုဂ္ဂိုလ် (၇) ယောက်

၁။ သဗ္ဗာ ဣတ္ထိယော - ခပ်သိမ်းကုန်သော မိန်းမတို့အားရှင်း။
၂။ သဗ္ဗေ ပုရိသာ - ခပ်သိမ်းကုန်သော ယောကျ်ားတို့အားရှင်း။
၃။ သဗ္ဗေ အရိယာ - ခပ်သိမ်းကုန်သော အရိယာပုဂ္ဂိုလ်တို့အားရှင်း။
၄။ သဗ္ဗေ အနရိယာ - ခပ်သိမ်းကုန်သော ပုထုဇဉ်တို့အားရှင်း။
၅။ သဗ္ဗေ ဒေဝါ - ခပ်သိမ်းကုန်သော နတ်တို့အားရှင်း။
၆။ သဗ္ဗေ မနုဿာ - ခပ်သိမ်းကုန်သော လူတို့အားရှင်း။
၇။ သဗ္ဗေဝိနိပါတိကာ - ခပ်သိမ်းကုန်သော ဝိနိပါတိက အသူရာတို့အား ရှင်း။ (ပုဂ္ဂိုလ်အမည်ကို ရည်မှန်းခြင်း ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## ၉ ကဿပဘုရားလက်ထက် ကိကီမင်းကြီး၏ သမီးတော် (၇) ပါး

၁။ သမဏီ။
၂။ သမဏဂုတ္တာ။
၃။ ဘိက္ခုနီ။
၄။ ဘိက္ခုဒါယိကာ။
၅။ ဓမ္မာ။
၆။ သုဓမ္မာ။
၇။ သင်္ဃဒါယီ။

(ထေရီအပဒါန်)

## ၁၀ ကာမသုဂတိ (၇) ဘုံ

၁။ လူတို့၏ဘုံ။
၂။ စာတုမဟာရာဇိကနတ်ဘုံ။
၃။ တာဝတိံသာနတ်ဘုံ။
၄။ ယာမာနတ်ဘုံ။
၅။ တုသိတာနတ်ဘုံ။
၆။ နိမ္မာနရတိနတ်ဘုံ။
၇။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ၊ (ကာမဂုဏ်ချမ်းသာတည်ရှိခြင်းကိုဆိုသည်)

(သင်္ဂြိုဟ်)

## ၁၁ ကိုယ့်အမည်ကိုယ်ဖော် သူတော်(၇) ပါး

၁။ ဒီးဒုတ်။
၂။ တစ်တီတူး။
၃။ တောက်တဲ့။
၄။ ဇီးကွက်။
၅။ ဥသြ။
၆။ ရွှေပြည်စိုး။
၇။ ခွေးခေါ်ရစ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ထင်ရှားသော အမျိုးသမီး (၇) ယောက်

၁။ ခေမာမိဖုရား (ဗိမ္ဗိသာရမင်း၏ မိဖုရား။)
၂။ ဥပ္ပလဝဏ် သူဌေးသမီး။
၃။ ပဋာစာရီ သူဌေးသမီး။
၄။ ကုဏ္ဍလာကေသီ သူဌေးသမီး (မဟာမာယာဟူ၍ မှုကွဲရှိ၏။)
၅။ ကိသာဂေါတမီ သူဌေးသမီး (ပဇာပတိဂေါတမီဟူ၍ မှုကွဲရှိ၏။)
၆။ ဓမ္မဒိန္နာ- ရာဇဂြိုဟ်သူဌေး ဝိသာခ၏ မိန်းမ။
၇။ ဝိသာခါ- ပုဏ္ဏဝဍ္ဎနသူဌေး၏ မိန်းမ။

၁၃ ဆွေ (၇) ဆက်

| | | | |
|---|---|---|---|
| ၁။ ဘ | - | (အဆင့်ဆင့် အထက်သို့) | အဖ။ |
| ၂။ ဘိုး | - | ။ | အဘိုး။ |
| ၃။ ဘေး | - | ။ | အဖေ။ |
| ၄။ ဘီ | - | ။ | အဘီ။ |
| ၅။ ဘင် | - | ။ | အဘင်။ |
| ၆။ ဘောင် | - | ။ | အဘောင်။ |
| ၇။ ဘော | - | ။ | အဘော။ |

၁၄ တရားသူကြီး မမည်သူ (၇) ယောက်

၁။ အမျိုးမြတ်သူကို မနိုင်သင့်ပဲ အနိုင်ပေးခြင်း။
၂။ တံစိုးလက်ဆောင်ယူ၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း။
၃။ အမျိုးတော်စပ်သည်ဖြစ်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း။
၄။ ဘေးရန်ကို ကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း။
၅။ ရန်သူဖြစ်၍ နိုင်အံ့သူကို အရှုံးပေးခြင်း။
၆။ မှန်သည် မမှန်သည်ကို မသိ၍ အရမ်းစီရင်သောသူ။
၇။ လောဘကို လိုလား၍ အာဏာပေးပြီး ခြိမ်းခြောက်စီရင်သောသူ။

www.burmeseclassic.com

www.burmeseclassic.com



၁၅ ဒိဋ္ဌဓမ္မ အကျိုးပေးသူ (၇) ယောက်

၁။ မာလိကာ ပန်းသည်၊ မြတ်စွာဘုရားအားမုယောမုန့်လှူရသည့်အကျိုး အားကြောင့် နေ့ချင်းပင် ကောသလဘုရင်ကြီး၏ မိဖုရားကြီးဖြစ်၏။

၂။ ပုဏ္ဏကျွန်- ရာဇဂြိုဟ်သူဌေး၏ လယ်ထွန်ယောကျ်ား၊နိရောဓသမာပတ်မှ ထသောရှင်သာရိပုတ္တရာအား ဒန်ပူမျက်နှာသစ်ရေလှူရသည့်အတွက် ထယ်စာခဲမှ ရွှေဖြစ်၏။

၃။ ကောသာဋ္ဌကပုဏ္ဏား- တထည့်တည်းသောပုဆိုးကို မြတ်စွာဘုရားအား လှူဒါန်းရသောကြောင့်၊ပုဆိုးများစွာနှင့်ဆုလာဘ်များ နေ့ချင်းရ၏။

၄။ ပုဏ္ဏာကျွန်မ- အနာထပိဏ်သူဌေး၏ ကျွန်မ၊ မြတ်စွာဘုရားအား ဒေသစာရီ မလှည့်လည်ရန် လျှောက်ထားနိုင်သောကြောင့် ကျွန်စာရင်းမှ လွတ်၍ သူဌေးသမီး နေ့ချင်းဖြစ်၏။

၅။ သုမန ပန်းသည်ယောကျ်ား- မြတ်စွာဘုရားသို့ မြတ်လေးပန်း ရှစ်ဆုပ် လှူရ၍ ထိုနေ့တွင်ပင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။

၆။ သုပ္ပိယာဒါယိကာမ - ဂိလာနရဟန်းအား ပေါင်သားဆိုး ဟင်းချက် လှူ၍ နှစ်ရက်မြောက် အနာပျောက်၍ ပကတိ အသားကောင်း ပြန်ဖြစ်၏။

၇။ ဂေါပလဒေဝီ - မိမိ၏ဆံပင်အား အသပြာ ရှစ်ကျပ်နှင့် ရောင်း၍ ကစ္စည်းမထေရ်အား ဆွမ်းချက်လှူ၍ဖြင့် မင်း၏မိဖုရားကြီး ဖြစ်၏၊ ဆံပင်သည်လည်း ပကတိအတိုင်းပင် ပြန်ရှည်၏။

၁၆ တူရိယာသံစဉ် (၇) ပါး

၁။ တစ်ပေါက်သံ - မဇ္ဈိမ - ကြိုးကြာသံ။
၂။ နှစ်ပေါက်သံ - ဂန္ဓာရ - ဆိတ်မြည်သံ။
၃။ သုံးပေါက်သံ - ဥသဘ - နွားလားတွန်သံ။
၄။ လေးပေါက်သံ - ပဉ္စမ - ဥဩတွန်သံ။
၅။ ငါးပေါက်သံ - ဆဇ္ဇ - ဥဒေါင်းတွန်သံ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ခြောက်ပေါက်သံ- ဓေဝတ - မြင်းဟီသံ။
၇။ ခုနစ်ပေါက်သံ - နိသာဒ - ဆင်မြည်သံ။

**၁၇ ဖွားဘက်တော် (၇) ယောက်**

၁။ အာ - ညီတော်အာနန္ဒာ။
၂။ ဗော - ဗောဓိပင်။
၃။ ကာ - ကာဠုဒါယီအမတ်။
၄။ ယ - ယသောဓရာမင်းသမီး။ (ကြင်ယာတော်။)
၅။ ဆံ - ဆန္နအမတ်။
၆။ ရွှေ - ရွှေအိုးကြီးလေးလုံး။
၇။ ကဏ် - ကဏ္ဍကကနုတ်မြင်း။

**၁၈ ဗောဇ္ဈင် (၇) ပါး**

၁။ သတိသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်းအောက်မေ့မှု။
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်း စိစစ်မှုပညာ။
၃။ ဝီရိယသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်း အားထုတ်မှု။
၄။ ပီတိသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်း နှစ်သိမ့်မှု။
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်း ငြိမ်းချမ်းမှု။
၆။ သမာဓိသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်း တည်ကြည်မှု။
၇။ ဥပေက္ခာသမ္ဗောဇ္ဈင် - သစ္စာလေးပါးကိုသိကြောင်းလျစ်လျူရှုမှု။

**၁၉ ဘုရားအလောင်းတော်၏ (၇) နေ့ဖြစ်စဉ်**

၁။ ဝါဆိုလပြည့် **ကြာသပတေး**နေ့ မယ်တော်မာယာ ဝမ်း၌ သန္ဓေယူ၏။
၂။ မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့်**သောကြာ**နေ့ လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူ၏။
၃။ ၂၉ - နှစ် အရွယ် နတ်တို့ပြသော နိမိတ်လေးပါးကြောင့် သံဝေဂရ၍ ဝါဆိုလပြည့် **တနင်္ဂနွေ**နေ့၌ တောထွက်တော်မူ၏။
၄။ ခြောက်နှစ် ကာလပတ်လုံး တရားကျင့်၍ ကဆုန်လပြည့် **ဗုဒ္ဓဟူး**နေ့ ၌ အပရာဇိတပလ္လင်တော်ပေါ်၌ ဘုရားအဖြစ်ကို ရတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဘုရားဖြစ်၍ မိဂဒါသို့ကြွကာ ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာတရားကို ဝါဆိုလပြည့် **စနေနေ့** ၌ ဟောတော်မူ၏။

၆။ သက်တော်(၈၀)ဝါတော် (၄၅)ဝါပြည့်၍ မလ္လာမင်းတို့၏အင်ကြင်း ဥယျာဉ်တွင် ကဆုန်လပြည့် **အင်္ဂါနေ့** ၌ ပရိနိဗ္ဗာန် စံတော်မူ၏။

၇။ ပရိနိဗ္ဗာန်စံတော်မူပြီး၍ ကဆုန်လပြည့်ကျော် (၅) ရက် **တနင်္ဂနွေနေ့** ဖြစ်သော (၆)ရက်ပြည့်မြောက်သော ရက်စုံနေ့၌ အလောင်းတော်ကို တေဇောဓာတ် လောင်တော်မူ၏။ (လယ်တီမူ)

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်သော သူတို့ သေဆုံးကြပါက (ရက်စုံ) မထားပဲ (မ) ရက်၌သာ သင်္ဂြိုဟ်ကြခြင်း ဖြစ်၏။ သို့သော် (၇)ရက်မြောက် သောနေ့မှ တေဇောဓာတ်လောင်တော်မူသည်ဟု မူကွဲရှိသေး၏။ (လယ်တီမူနှင့် မကိုက်။)

(လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော (၇) နေ့ ဖြစ်တော်စဉ်)

## ၂၀ ဘုရားကိုယ်တော်မြတ်၏ (၇) နေ့ ဖြစ်စဉ်လင်္ကာ

၁။ **မ** - ကြာသပတေးနေ့၌ ပဋိသန္ဓေယူ၏။
၂။ **သိ** - သောကြာနေ့၌ ဖွားမြင်တော်မူ၏။
၃။ **ကြ** - တနင်္လာနေ့၌ တောထွက်တော်မူ၏။
၄။ **လျှင်** - ဗုဒ္ဓဟူးနေ့၌ ဘုရားစင်စစ် ဖြစ်တော်မူ၏။
၅။ **တွေး** - စနေနေ့၌ ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူ၏။
၆။ **ဆ** - အင်္ဂါနေ့၌ ပရိနိဗ္ဗာန် စံတော်မူ၏။
၇။ **ဦး** - တနင်္ဂနွေနေ့(ခြောက်ရက်၌)တေဇောဓာတ်လောင်တော်မူ၏။

ထို့ကြောင့်(မ,သိ,ကြ,လျှင်,တွေး,ဆ,ဦး) ဤလင်္ကာကို ဒုတ်ထောက် ဗေဒင်ဆရာများ အသုံးပြုကြ၏။

## ၂၁ မယားခိုးအပြား (၇) ပါး

၁။ ဟတ္ထဂ္ဂါဟ - လက်စသည်ကို ကိုင်တွယ်သုံးသပ်ခြင်း။
၂။ ဃရပတ္တ - လင်မရှိခိုက် အိမ်သို့သွားရောက်ခြင်း။
၃။ ဂုယှဋ္ဌာန - လုံခြုံသောအရပ်၌ကာမနှင့်စပ်သောစကားကိုပြောခြင်း။
၄။ သလ္လာပ - ကာမဂုဏ်အတွက် ခြောင့်ပျပြောဆိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ သေနိ - တင်းတိမ်ခြင်ထောင်အတွင်းသို့ ဝင်ရောက်ခြင်း။
၆။ ဒွါရ - တိုက်,အိမ် တံခါးအတွင်းသို့ ဝင်ရောက်ခြင်း။
၇။ သေယျ - အိပ်ယာအခန်းသို့ ဝင်ရောက်ခြင်း။

၂၂ မယားအပြား (၇) ပါး

၁။ ရန်သူနှင့်တူသော မယား - လင်ကို ပြစ်မှားသောစိတ်ဖြင့် တခြားသော ယောကျ်ားဖြင့် တပ်နှစ်သက်၏၊ လင်ကိုကျွန်ကဲ့သို့ သဘောထား၏၊ အသက်ကို အမြဲတမ်း ရန်ရှာ၏။

၂။ ခိုးသူနှင့်တူသော မယား - လင်မှ ရှာဖွေ၍ရသော ပစ္စည်းများကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ လင်မျက်ကွယ်သည်နှင့် ခိုး၏။

၃။ သခင်နှင့်တူသော မယား - အိမ်မှုလုပ်လေ့မရှိ ပျင်းရိ၏၊ အစားကြူး၏၊ ကြမ်းကြုတ်၏၊ အမျက်ထွက်တတ်၏၊ နှုတ်ကြမ်း၏၊ မကောင်းသော စကားကို အမြဲဆိုလေ့ရှိ၏။

၄။ အမိနှင့်တူသော မယား-လင်၏ ကြီးပွါးမှုကို အမြဲအလိုရှိ၏၊ အမိသည် သားကိုစောင့်ရှောက်သကဲ့သို့ လင်အပေါ်၌ စောင့်ရှောက်၏။

၅။ နှမနှင့်တူသော မယား - အကိုကို ရိုသေသကဲ့သို့၊ မိမိလင်ကို ရိုသေ၏၊ လင်၏ အလိုသို့လိုက်၍ လင်အကြိုက်ကို ပြုတတ်၏။

၆။ အဆွေခင်ပွန်းနှင့်တူသော မယား - ခရီးဝေးမှ ပြန်လာသော လင်ကို ဝမ်းမြောက် ဝမ်းသာဖြင့် ကြိုဆို၏၊ ကိုယ်ကျင့်ကောင်း၏၊ လင်ကို ကောင်းမွန်စွာ လုပ်ကျွေးတတ်၏။

၇။ ကျွန်နှင့်တူသော မယား - လင်သည် အမျက်ထွက်သည့် အခါ ရိုက်မောင်းပုတ်မောင်းပြု၍ ခြိမ်းခြောက်သော်လည်း အမျက်မထွက်သည်းခံ၏၊ ကျိုးနွံစွာ လုပ်ကျွေး၏။

(၅၅ဝ-သုဇာတဇာတ်)

၂၃ မေထုန်ယှဉ် (၇) ပါး

၁။ မိန်းမများက ကိုယ်လက်ဆံထုံး သုံးသပ်ပေးသည်ကို သာယာခြင်း။
၂။ မိန်းမတို့နှင့် ရယ်မောစကား မြူးထူးပျော်ပါးခြင်း။
၃။ မိန်းမများအား စိမ်းစိမ်းစိုက်၍ ကြည့်ခြင်း။
၄။ မိန်းမတို့၏ အသံ၌ သာယာခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ မိမိပြုခဲ့ဘူးသော မေထုန်ကိုစွဲ၍ အာရုံပြု၍ သာယာခြင်း။
၆။ သူတပါး ပြုဘူးသော မေထုန်ကိုစွဲ၍ အာရုံပြု၍သာယာခြင်း။
၇။ ဤသီလကြောင့် နတ်ရွာသုဂတိလားရပါစေသားဟုဆုတောင်းခြင်း။
(ဤမေထုန်ငယ် (၇) ပါးကို အာရုံပြုမိသော် ဥပုသ်သီလပျက်၏။)
(ဝိနည်းတော်)

၂၄ မြင်းမိုရ်တောင်၏ တောင်စဉ် (၇) ထပ်

၁။ ယုဂန္ဓရတောင်။
၂။ ဤသန္ဓရတောင်။
၃။ ကရဝိကတောင်။
၄။ သုဒဿနတောင်။
၅။ နေမိန္ဓရတောင်။
၆။ ဝိနတကတောင်။
၇။ အဿကဏ္ဏတောင်။

မှတ်ချက်။ ။ထိုတောင် ၇-ထပ်တို့၏ အကြား တခု တခု၌ အလွန် နက်ရှိုင်း၍ ထောက်တည်ရာ မရသော အကြား ခုနစ်ကို(သီဒါ) ခုနစ်တန်ဟု ခေါ်၏။

၂၅ မျိုး (၇) ဆက်

၁။ သား .... (အဆင့်ဆင့် အောက်သို့)
၂။ မြေး .... ။
၃။ မြစ် .... ။
၄။ တီ .... ။
၅။ တွတ် .... ။
၆။ ကျွတ် .... ။
၇။ ကျွတ်ဆက်။ ။

၂၆ ရဟန်းတို့၏ အာပတ် (၇) ပါး

၁။ ပါရာဇိကအာပတ်- သာသနာတော်မှ ရွေ့လျော၏။
၂။ သံဃာဒိသေသ်အာပတ်- ပရိဝတ်နေရမည်၊ မာနတ်ကျင့်ရမည်၊ ရဟန်းများ ကျေနပ်၍ အဗ္ဘာန်သွင်းမှ ရဟန်းအဖြစ်သို့ ပြန်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ ထုလ္လစ္စဥ်းအာပတ် - ရှုန့်ရင်း ကြမ်းတမ်းခြင်း အပြစ် ဖွင့်ပြော၍ ဒေသနာကြားရ၏။
၄။ ပါစိတ်အာပတ် - ကုသိုလ်စိတ်ပျက်၍ ဒေသနာ ကြားရ၏။
၅။ ပါဋိဒေသနီအာပတ် - ကုသိုလ်စိတ်ပျက်၍ ဒေသနာ ကြားရ၏။
၆။ ဒုက္ကဋ်အာပတ် - ကုသိုလ်စိတ်ပျက်၍ ဒေသနာ ကြားရ၏။
၇။ ဒုဗ္ဘာသိအာပတ် - ကုသိုလ်စိတ်ပျက်၍ ဒေသနာ ကြားရ၏။ (ဝိနည်းတော်)

၂၇ လောက၌ အသက်မရှုသူ (၇) ယောက်

၁။ သေသောသူ။
၂။ အမိဝမ်း၌ ပဋိသန္ဓေနေသူ။
၃။ ရေနစ်သူ။
၄။ မေ့မြောသူ။
၅။ ပဥ္စမဈာန် ဝင်စားသူ။
၆။ နိရောဓသမာပတ် ဝင်စားသူ။
၇။ ဗြဟ္မာ။

၂၈ ဝိသုဒ္ဓိ (၇) ပါး

၁။ သီလဝိသုဒ္ဓိ - သီလ၏ စင်ကြယ်ခြင်း။
၂။ စိတ္တဝိသုဒ္ဓိ - သမာဓိစိတ်၏ စင်ကြယ်ခြင်း။
၃။ ဒိဋ္ဌိဝိသုဒ္ဓိ - ဉာဏ်အမြင် စင်ကြယ်ခြင်း။
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ - ယုံမှားခြင်း (၁၆) ပါးကို လွန်နိုင်သောဉာဏ်၏ စင်ကြယ်ခြင်း။
၅။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ- မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း။
၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ- မဂ်တည်းဟူသော ဉာဏ်အမြင် စင်ကြယ်ခြင်း။
၇။ ဉာဏဒဿန ဝိသုဒ္ဓိ-နိဗ္ဗာန်ကိုသိမြင်နိုင်သော မဂ်ဉာဏ်၏စင်ကြယ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**၂၉ ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူသော မြို့ (၇) မြို့**

၁။ ဝေသာလီပြည်၌ - သိက္ခာပုဒ် (၁၀) ပါး ပညတ်တော်မူ၏။
၂။ ရာဇဂြိုဟ်ပြည်၌ - သိက္ခာပုဒ် (၂၁) ပါး ပညတ်တော်မူ၏။
၃။ သာဝတ္ထိပြည်၌ - သိက္ခာပုဒ် (၁၇၁) ပါး ပညတ်တော်မူ၏။
၄။ အာဠဝီပြည်၌ - သိက္ခာပုဒ် (၆) ပါး ပညတ်တော်မူ၏။
၅။ ကောသမ္ဗီပြည်၌ - သိက္ခာပုဒ် (၈) ပါး ပညတ်တော်မူ၏။
၆။ သက္ကတိုင်း၌ - သိက္ခာပုဒ် (၈) ပါး ပညတ်တော်မူ၏။
၇။ ဘဂ္ဂတိုင်း၌ - သိက္ခာပုဒ် (၃) ပါး ပညတ်တော်မူ၏။

(ဝိနည်းတော်မှ)

**၃၀ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) ပါး**

၁။ ဖဿ - တွေ့ထိခြင်း။
၂။ ဝေဒနာ - ခံစားခြင်း။
၃။ သညာ - မှတ်သားခြင်း။
၄။ စေတနာ - စေ့ဆော်ခြင်း။
၅။ ဧကဂ္ဂတာ - အာရုံ၌ တည်ငြိမ်မှု။
၆။ ဇီဝိတိန္ဒြိယ - ရုပ်နာမ်ကို လုံခြုံအောင် စောင့်ရှောက်မှု။
၇။ မနသိကာရ- နှလုံးသွင်းမှု။

**၃၁ သတ္တဋ္ဌာန သတ္တာဟ (၇) ဌာန**

၁။ ပလ္လင်္ကသတ္တာဟ - ပလ္လင်တော်၌ (၇) ရက် စံနေတော်မူ၏။
၂။ အနိမိသသတ္တာဟ - ပလ္လင်တော်အနီး၌(၇) ရက်စံနေတော်မူ၏။
၃။ စင်္ကမသတ္တာဟ - စင်္ကြံတော်၌ (၇) ရက် စံနေတော်မူ၏။
၄။ ရတနာဃရသတ္တာဟ - ရတနာအိမ်တော်၌ (၇) ရက် စံနေတော်မူ၏။
၅။ အဇပါလသတ္တာဟ - ဆိတ်ကျောင်းညောင်ပင်၌ (၇)ရက်စံနေတော်မူ၏။
၆။ မုစ္စလိန္ဒသတ္တာဟ - မုစ္စလိန္ဒာအိုင်၌ (၇) ရက် စံနေတော်မူ၏။
၇။ ရာဇာယတနသတ္တာဟ - လင်းလွန်းပင်ရင်း၌(၇)ရက်စံနေတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



**၃၂ သိဒ္ဓိကျွက်ထံရေ (၇) ပါး**

၁။ အာယုဒိဃ - အသက်ရှည်ခြင်း။
၂။ သုဘ - တင့်တယ်ခြင်း။
၃။ ကိတ္တိ - ကျော်စောခြင်း။
၄။ ဗလဒ္ဓိ - တန်ခိုးကြီးခြင်း။
၅။ ဘောဂ - စည်းစိမ်ရှိခြင်း။
၆။ ဗလန္ဒ - အစိုးရခြင်း။
၇။ ဝုဒ္ဓိ - ကြီးပွားခြင်း။

**၃၃ အိုင်ကြီး (၇) အိုင်**

၁။ ကဏ္ဏမုဏ္ဍအိုင်။
၂။ ရထကာရအိုင်။
၃။ သီဟပပါတအိုင်။
၄။ ဆဒ္ဒန္တအိုင်။
၅။ တိယဂ်လအိုင်။ (မန္ဒာကိနီ-ဟူ၍ မှုကွဲရှိ၏။)
၆။ အနဝတတအိုင်။ (အနောတတ္တအိုင်-ဟူ၍ မှုကွဲရှိ၏။)
၇။ ကုနာလအိုင်။ (ကုနာလဇာတ်တော်ကို ဤအိုင်၌ ဟောတော်မူ၏။)

**၃၄ သူတော်ကောင်းတရား (၇) ပါး**

၁။ သဒ္ဓါ - ရတနာသုံးပါးနှင့် ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်း။
၂။ သတိ - ကောင်းစွာအောက်မေ့ခြင်း
၃။ ဟိရီ - မကောင်းမှုပြုခြင်းမှ ရှက်ခြင်း။
၄။ ဩတ္တပ္ပ - မကောင်းမှု ပြုခြင်းမှ ကြောက်ခြင်း။
၅။ ဗာဟုသစ္စ - အကြားအမြင်များခြင်း။
၆။ ဝီရိယ - အားထုတ် လုံ့လပြုခြင်း။
၇။ ပညာ - ကောင်းစွာ သိမြင်ခြင်း။

**၃၅ သူတော်ကောင်း ဥစ္စာ (၇) ပါး**

၁။ သဒ္ဓါ - ရတနာသုံးပါး၌ ယုံကြည်ခြင်း။
၂။ သီလ - ကိုယ်ကျင့်တရား စောင့်ထိန်း ကျင့်သုံးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ သုတ - အကြားအမြင်ရှိခြင်း။
၄။ စာဂ - ပေးကမ်းစွန့်ကြဲခြင်း။
၅။ ပညာ - ကောင်းစွာသိမြင်ခြင်း။
၆။ ဟိရီ - မကောင်းမှုမှ ရှက်ခြင်း။
၇။ ဩတ္တပ္ပ - မကောင်းမှုမှ ကြောက်ခြင်း။

၃၆ သံဃဒါန (၇) မျိုး

၁။ ဘုရားနှင့်တကွ ဘိက္ခု, ဘိက္ခုနီ သံဃာအား လှူဒါန်းခြင်း။
၂။ ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက်ဘိက္ခု,ဘိက္ခုနီသံဃာအားလှူဒါန်းခြင်း။
၃။ ဘိက္ခု, ဘိက္ခုနီ သံဃာမှ လိုသမျှကို ပင့်၍လှူဒါန်းခြင်း။
၄။ ဘိက္ခုသံဃာ သက်သက်ကိုသာ လှူဒါန်းခြင်း။
၅။ ဘိက္ခုနီသံဃာ သက်သက်ကိုသာ လှူဒါန်းခြင်း။
၆။ ဘိက္ခုသံဃာဘက်မှ လိုသမျှ ပင့်၍လှူဒါန်းခြင်း။
၇။ ဘိက္ခုနီသံဃာဘက်မှ လိုသမျှပင့်၍ လှူဒါန်းခြင်း။

(ဥပရိပဏ္ဏာသ-ဒက္ခိဏာဝိဘင်္ဂသုတ်)

၃၇ သင်္ကြန်စာ၌ပါသော မြဟ္မာမင်း ဦးခေါင်းပိုက်နတ်သမီး (၇) ပါး

၁။ နန္ဒာ နတ်သမီး။
၂။ ကညာ နတ်သမီး။
၃။ ခံသီ နတ်သမီး။
၄။ ဂေါရဿ နတ်သမီး။
၅။ မဟောဒရကာ နတ်သမီး။
၆။ ပြောက်ကာ နတ်သမီး။
၇။ ရဿကာ နတ်သမီး။

၃၈ ဝိညာဏဋ္ဌိတိ (၇) ပါး

၁။ နာနတ္တကာယ နာနတ္တသညီ - လူ, အချို့သောနတ်, ဝိနိပါတိကများ။
၂။ နာနတ္တကာယ ဧကတ္တသညီ - အပါယ် လေးဘုံ နှင့် ပထမ ဈာန်ဘုံ ဗြဟ္မာများ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကေတ္တကာယ နာနတ္တသညီ - အာဘဿရာဗြဟ္မာများ။
၄။ ကေတ္တကာယ ကေတ္တသညီ - သုဘကိဏှာ ဗြဟ္မာများ။
၅။ ပဥ္စမီ ဝိညာဏဋ္ဌိတိ - အာကာသာနဉ္စာယတန ဗြဟ္မာများ။
၆။ ဆဋ္ဌီ ဝိညာဏဋ္ဌိတိ - ဝိညာဏဉ္စာယတန ဗြဟ္မာများ။
၇။ သတ္တမီ ဝိညာဏဋ္ဌိတိ - အာကိဉ္စညာယတန ဗြဟ္မာများ။

၇၉ စပါးမျိုး (၇) ပါး

၁။ ကောက်စပါး - ငစိန်၊ ငကျဲအစရှိသော အုပ်စုဝင်စပါးများ။
၂။ သလေးစပါး - (သို့မဟုတ်) စစ·စပါး။
၃။ မုယော စပါး - (သို့မဟုတ်) ဂျုံစပါး။
၄။ နတ်ကောက်စပါး- ရှိကားရှိ၏။ စားလေ့မရှိပါ။
၅။ ပြောင်း - ကြမ်းတမ်း၏။
၆။ လူး - ကြမ်းတမ်း၏။
၇။ ဆပ် - ကြမ်းတမ်း၏။

(ဝိနည်းတော်)

၈၀ ရဟန်းများ ဝါမကပ်အပ်သော (၇) နေရာ

၁။ သစ်ခေါင်းအတွင်း၌ ဝါမကပ်အပ်။
၂။ သစ်ပင်ခွကြား၌ ဝါမကပ်အပ်။
၃။ လွင်တီးခေါင်၌ ဝါမကပ်အပ်။
၄။ ကျောင်းအိပ်ရာနေရာမရှိပဲ ဝါမကပ်အပ်။
၅။ သူသေအလောင်းထားရာတဲ၌ ဝါမကပ်အပ်။
၆။ ထီးကို မှီခို၍ ဝါမကပ်အပ်။
၇။ အိုးစရည်းကြီးကို မှီခို၍ ဝါမကပ်အပ်။
(ဝါကပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏)

(ဝိနည်းတော်)

၇–ပါးသော တရားများ ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

# ၈-ပါးသော တရားများ

## ၁-အရိယာပုဂ္ဂိုလ် (၈) ယောက်

၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်။

၂။ သကဒါဂါမိ မဂ်ပုဂ္ဂိုလ်။

၃။ အနာဂါမိ မဂ်ပုဂ္ဂိုလ်။

၄။ အရဟတ္တမဂ် ပုဂ္ဂိုလ်။

၅။ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်။

၆။ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်။

၇။ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်

၈။ အရဟတ္တဖိုလ် ပုဂ္ဂိုလ်။

## ၂ အရှင်အာနန္ဒာ ရသော ဆု (၈) ပါး

၁။ မြတ်စွာဘုရားသာလျှင် သုံးဆောင်အပ်သော မွန်မြတ်သော ပရိက္ခရာများနှင့် မချီးမြှောက်ပါနှင့်။

၂။ မြတ်စွာဘုရားသာလျှင် သုံးဆောင်အပ်သော မွန်မြတ်သော ဆွမ်းခဲဘွယ်များနှင့် မချီးမြှောက်ပါနှင့်။

၃။ မြတ်စွာဘုရားသာလျှင် ကျိန်းစက်အပ်သော ဂန္ဓကုဋိတိုက်အတွင်း၌ အကျွန်ုပ်အား ခေါ်၍ မသိပ်ပါနှင့်။

၄။ ဆွမ်းပင့်ဖိတ်သော အိမ်သို့ ကျွန်ုပ်အား အမြဲတစေခေါ်၍မကြွပါနှင့်။ (ထိုဆုလေးပါးသည် အလိုမရှိသော ဆုလေးပါး ဖြစ်သည်။)

၅။ အကျွန်ုပ် တာဝန်ခံလိုက်သော ဆွမ်းကို ခံယူပါမည့်အကြောင်း။

၆။ ရပ်ဝေးရပ်နီးမှလာသော ဘုရားဖူးပရိသတ်များသည် ကျွန်ုပ်ထံခွင့်ပန်၍ ဘုရားဖူးရန် ခွင့်တောင်းသည့်အခါဖူးခွင့်ပြုပါမည့်အကြောင်း။

၇။ အကျွန်ုပ်သည် သုတ်လောဝိနည်းလောဟုတစုံတခုသောတရားများကို မဝေခွဲနိုင်ပါက မေးလျှောက်ရန် ခွင့်ပြုပါမည့်အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



၈။ ကျွန်ုပ်၏ကွယ်ရာ၌ ပြောထားသော တရားများကို အခါအခွင့်ရတိုင်း အကျွန်ုပ်အား တဖန်ပြန်၍ ပြောပြပါမည့်အကြောင်း။
(ထိုဆုလေးပါးသည် အလိုရှိသော ဆုလေးပါး ဖြစ်သည်။)
(၅၅၀-ဇကုဇာတ်)

၃ အပြစ်ကြီး(၈) ပါး

၁။ မြေမျိုခြင်း။
၂။ မိုးကြိုး လောင်မီး ကျခြင်း။
၃။ မီးလောင်ခြင်း။
၄။ ကိုယ်၌ ကြီးစွာသော ဒုက္ခဝေဒနာ ရောက်ခြင်း။
၅။ မျက်စိကန်းခြင်း, နားပင်းခြင်း။
၆။ ဆွံ့အခြင်း။
၇။ မင်းဘေး မင်းဒဏ် သင့်ခြင်း။
၈။ လက်နက်မိုးသီး, သဲမိုးသီး ရွာခြင်း။
(မပြစ်မှားသင့်သော ပုဂ္ဂိုလ်များကို ပြစ်မှား၍ ခံရသောအပြစ် (၈)ပါးဖြစ်၏၊ စလင်းဆရာတော်၏ ပရိတ်ကြီးနိဿယမှ လာသည်။)

၄ အနာဖြစ်ကြောင်း (၈) ပါး

၁။ လေကြောင့်ဖြစ်သော အနာ။
၂။ သည်းခြေကြောင့် ဖြစ်သော အနာ။
၃။ သလိပ်ကြောင့် ဖြစ်သော အနာ။
၄။ သန္နိပါတ်ကြောင့် ဖြစ်သော အနာ= လူစုလူဝေးမှ ကူးစက်နာ။
၅။ ဥတုဖောက်ပြန်သောကြောင့် ဖြစ်သော အနာ။
၆။ ဘောဇဉ်ကြောင့် ဖြစ်သော အနာ။
၇။ သူတပါးလုံ့လကြောင့် ဖြစ်သော အနာ။
၈။ ကံကြောင့် ဖြစ်သော အနာ။
(စလင်းဆရာတော် ပရိတ်ကြီးနိဿယမှလာသည်။)

www.burmeseclassic.com

www.burmeseclassic.com



၅ **အာဇီဝဋ္ဌမကသီလ (၈) ပါး**

၁။ ပါဏာတိပါတာ ဝေရမဏီ။

၂။ အဒိန္နာဒါနာ ဝေရမဏီ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။

၄။ မုသာဝါဒါ ဝေရမဏီ။

၅။ ပိသုဏာဝါစာ ဝေရမဏီ - ချောပစ် ကုန်းတိုက်သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

၆။ ဖရုသာဝါစာ ဝေရမဏီ - ကြမ်းတမ်း ဆဲရေးသော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

၇။ သမ္ဖပ္ပလာပါ ဝေရမဏီ - အကျိုးမရှိ သိမ်ဖျင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

၈။ မိစ္ဆာဇီဝါ ဝေရမဏီ - မှားသောအသက်မွေးခြင်းမှရှောင်ကြဉ်၏။

(မဇ္ဈိမပဏ္ဏာသ မနုရှသုတ်)

၆ **အောင်ခြင်း (၈) ပါး**

၁။ မာရ်နတ်သားကို ဒါနပါရမီ အစရှိသော အစွမ်းဖြင့် အပရာဇိတပလ္လင်ပေါ်မှ အောင်နိုင်၏။

၂။ အာဠဝကဘီလူးကို သည်းခံတော်မူခြင်းဖြင့် အာဠဝီတိုင်း၌ အောင်နိုင်၏။

၃။ နာဠာဂီရိဆင်ကို မေတ္တာဓာတ်ဖြင့် ရာဇဂြိုဟ်ပြည်၌ အောင်နိုင်၏။

၄။ အင်္ဂုလိမာလကိုတန်ခိုးတော်ဖြင့်ဇာလိယမြိုင်တောတန်း၌အောင်နိုင်၏။

၅။ စိဉ္စမာဏဝိကာကို ဖြူစင်အေးချမ်းသော စိတ်ဖြင့် ဇေတဝန်ကျောင်းတော်၌ အောင်နိုင်၏။

၆။ သစ္စကပရိဗိုဇ်ကို ပညာဆီမီးတန်ဆောင်ဖြင့် ဝေသာလီပြည်၌ အောင်နိုင်၏။

၇။ နန္ဒောပနန္ဒ နဂါးမင်းကို တန်ခိုးဖန်ဆင်းခြင်းဖြင့် မြင်းမိုရ်တောင်၌ အောင်နိုင်၏။

၈။ ဗကာဗြဟ္မာကို ဉာဏ်တော်တည်းဟူသောဆေးအစီရင်ဖြင့် ဒုတိယဈာန်အာဘဿရာဘုံ၌ အောင်နိုင်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



၇ ဗုဒ္ဓသရီယဘုန်းတော် (၈) ပါး

၁။ အဏိမာ-ကိုယ်တော်ကိုသေးငယ်အောင်ဖန်ဆင်းနိုင်သောဘုန်းတော်။

၂။ မဟိမာ - ကိုယ်တော်ကို အလိုရှိတိုင်း ကြီးအောင် ဖန်ဆင်းနိုင်သော ဘုန်းတော်။

၃။ ပတ္တိမာ - အလိုရှိရာအရပ်သို့ ခဏခြင်းကြွနိုင်သော ဘုန်းတော်။

၄။ လဃိမာ - ကိုယ်တော်ကို လျင်မြန် ပေါ့ပါးစွာ ပြုစွမ်းနိုင်သော ဘုန်းတော်။

၅။ ပါကမ္မ -အဆင်းအရောင်အမျိုးမျိုးကိုဖန်ဆင်းနိုင်သောဘုန်းတော်။

၆။ ဤသိတာ- လောကကြီးတခုလုံးကို အစိုးရတော်မူသော ဘုန်းတော်။

၇။ ဝသိတာ - ဈာန်အဘိညာဉ် ဝင်စားရာ၌ လျင်စွာ ဝင်စားနိုင်သော ဘုန်းတော်။

၈ ။ယတ္ထကာမာဝသာယိတာ-တန်ခိုးဖန်ဆင်းရာ၌ အဓိဋ္ဌာန်သောအတိုင်း ကာလဌာနကို မလွန်ကျူးစေပဲ ပြီးဆုံးတော်မူသော ဘုန်းတော်။

၈ ဥမ္မတ္တက အရူး (၈) မျိုး

၁။ ရာဂုမ္မတ္တက - ရာဂအားကြီးသော တဏှာရူး။

၂။ ကောဓုမ္မတ္တက - အမျက်ဒေါသ လွန်ကဲ၍ ဘာမှန်းမသိသော အရူး။

၃။ မောဟုမ္မတ္တက - မိုက်မဲတွေဝေသဖြင့် ရူးသော လူရာမဝင်သောအရူး။

၄။ ဒိဋ္ဌုမ္မတ္တက - အယူဖောက်ပြန် ကြဲစည်လွန်သဖြင့် ရူးသော အရူး။

၅။ ယက္ခုမ္မတ္တက - ဘီလူး သားရဲ စုန်း နတ် ဖမ်းပူးသဖြင့်ရူးသောအရူး။

၆။ ပိတ္တုမ္မတ္တက - သည်းခြေပျက်၍ ရူးသော အရူး။

၇။ သုရုမ္မတ္တက - သေရည်သေရက်အသောက်လွန်သဖြင့်ရူးသောအရူး။

၈။ ဗျသနုမ္မတ္တက - စီးပွားပျက်၍ ရူးသော အရူး။

၉ ကုသလဒ္ဓသက (၈) ပါး

၁။ ပုပ္ဖဒါန - ပန်းပေးခြင်း မပြုအပ်။

၂။ ဖလဒါန - သစ်သီးပေးခြင်း မပြုအပ်။

၃။ စုဏ္ဏဒါန - ဆပ်ပြာမှုန့်ပေးခြင်း မပြုအပ်။

၄။ မတ္တိကာဒါန - ကသယ်မှုန့် ပေါင်ဒါမှုန့်ပေးခြင်း မပြုအပ်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဒန္တကဋ္ဌဒါန - သွားတိုက် ဒန်ပူ သွားပွတ်တံ ပေးခြင်းမပြုအပ်။
၆။ ဝေဠုဒါန - သစ်ဝါးပေးခြင်း မပြုအပ်။
၇။ ဝေဇ္ဇိက - ဆေးဝါးကုသခြင်း မပြုအပ်။
၈။ ဇင်္ဃပေသနိက- လူတို့၏အစေအပါး မလုပ်ရ။ (ဝိနည်းတော်)

၁၀ ခိုးသူပျက်စီးကြောင်း အင်္ဂါ (၈)ပါး
၁။ မရိုက်နှက်သင့်သည်ကို ရိုက်နှက်ပုတ်ခတ်ခြင်း။
၂။ အကျန်မထား အကြွင်းမဲ့ယူခြင်း။
၃။ မိန်းမများကို သတ်ခြင်း။
၄။ သတို့သမီးများကို ဖျက်ဆီးခြင်း။
၅။ ရှင်ရဟန်းကို လုယက်ခြင်း။
၆။ မင်းဘဏ္ဍာတိုက်ကို ဖောက်ဖျက်လုယက်ခြင်း။
၇။ အလွန်နီးရာအရပ်၌ ခိုးမှုကို ကျူးလွန်ခြင်း။
၈။ သိုမှီးသိမ်းဆည်းမှု၌ မလိမ္မာခြင်း။
(အင္ဂုက အင်္ဂုတ္တိုရ် စောရသုတ်)

၁၁ ဂရုဓမ်တရား (၈) ပါး
၁။ ဘိက္ခုနီမသည် ရဟန်းဝါ တရာပင် ရစေကာမူ ထိုနေ့ ပဉ္စင်းဖြစ်သော ရဟန်းယောကျ်ားကို ရှိခိုးရမည် အရိုအသေပြုရမည်။
၂။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုရ။
၃။ ဘိက္ခုနီမသည် လခွဲတိုင်းဘိက္ခုသံဃာထံ၌ ဥပုသ်မေးခြင်း,အဆုံးအမ ခံခြင်းပြုရမည်။
၄။ ဘိက္ခုနီမသည် ဝါကျွတ်လတ်သော် နှစ်ဖက်သံဃာ၌ ပဝါရဏာ ပြုရမည်။
၅။ ဘိက္ခုနီမသည် သံဃာဒိသေသ် အာပတ်သို့ ရောက်လတ်သော် ပက္ခ မာနတ်ကို ကျင့်ရမည်။
၆။ နှစ်နှစ်တို့ကာလပတ်လုံး တရား (၆) ပါးတို့၌ အကျင့်ကိုကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သောသံဃာ၌ ပဉ္စင်းခံခြင်းကို ပြုရမည်။
၇။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို တစုံတခုသော အကြောင်း ကြောင့် မဆဲရေးအပ်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ဘိက္ခုနီ ရဟန်းဖြစ်သည့်နေ့မှ စ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ ပြောဆိုခြင်း မပြုအပ်။

၁၂ ဂြိုဟ်ကြီး (၈) လုံး

၁။ တနင်္ဂနွေဂြိုဟ် (အရှေ့မြောက်ထောင့်အရပ်) ဂြိုဟ်သက် (၆) နှစ်။
၂။ အင်္ဂါဂြိုဟ် (အရှေ့တောင်ထောင့် အရပ်) ဂြိုဟ်သက် (၈) နှစ်။
၃။ စနေဂြိုဟ် (အနောက်တောင်ထောင့်အရပ်) ဂြိုဟ်သက်(၁၀) နှစ်။
၄။ ရာဟုဂြိုဟ် (အနောက်မြောက်ထောင့်အရပ်) ဂြိုဟ်သက်(၁၂)နှစ်။
(ထိုလေးလုံးသည် မကောင်းသော ပါပဂြိုဟ်များ ဖြစ်၏။)
၅။ တနင်္လာဂြိုဟ် (အရှေ့အရပ်) ဂြိုဟ်သက် (၁၅) နှစ်။
၆။ ဗုဒ္ဓဟူးဂြိုဟ် (တောင်အရပ်) ဂြိုဟ်သက် (၁၇) နှစ်။
၇။ ကြာသပတေးဂြိုဟ် (အနောက်အရပ်) ဂြိုဟ်သက် (၁၉) နှစ်။
၈။ သောကြာဂြိုဟ် (မြောက်အရပ်) ဂြိုဟ်သက် (၂၁) နှစ်။
(ထိုလေးလုံးသည် ကောင်းသော သောမဂြိုဟ်များဖြစ်၏။)

၁၃ ငရဲကြီး (၈) ထပ်

| | | | | | |
|---|---|---|---|---|---|
| ၁။ | သိဉ္ဇုဝိး - ငရဲ | အသက် | ၅၀၀–လူတို့၏အသက်အားဖြင့် | | ၉-သန်း။ |
| ၂။ | ကာလသုတ်- ငရဲ | အသက် | ၂၀၀၀– | ။ | ၃၆-သန်း။ |
| | ပကတိ | အသက် | ၁၀၀၀– | | |
| ၃။ | သံဃာတ - ငရဲ | အသက် | ၈၀၀၀– | ။ | ၁၄၄-သန်း။ |
| | ပကတိ | အသက် | ၂၀၀၀– | | |
| ၄။ | ရောရုဝ - ငရဲ | အသက် | ၃၂၀၀၀– | ။ | ၅၇၆-သန်း။ |
| | ပကတိ | အသက် | ၄၀၀၀– | | |
| ၅။ | မဟာရောရုဝ-ငရဲ | အသက် | ၁၂၈၀၀၀– | ။ | ၂၃၀၄-သန်း။ |
| | ပကတိ | အသက် | ၈၀၀၀– | | |
| ၆။ | တာပန - ငရဲ | အသက် | ၅၁၂၀၀၀– | ။ | ၉၂၁၆-သန်း။ |
| | ပကတိ | အသက် | ၁၆၀၀၀– | | |
| ၇။ | မဟာတာပန - ငရဲ | အသက် | အန္တရကပ်တဝက် | ။ | အန္တရကပ်တဝက်။ |
| ၈။ | အဝီစိ - ငရဲ | အသက် | အန္တရတကပ် | ။ | အန္တရတကပ်။ |

www.burmeseclassic.com

www.burmeseclassic.com



ငရဲ၏ အသက်သည်လည်း နတ်တို့၏အသက်နှင့်အတူတူပင် ဖြစ်၏။တထပ် ထက် တထပ် ၄-ဆ တက်၏၊ (သို့သော်) ရက်အားဖြင့် ၂-ဆ ကွာ၍ ၅၀၀- ၁၀၀၀- ၂၀၀၀- ၄၀၀၀- ၈၀၀၀- ၁၆၀၀၀-ဟူ၍ပကတိအားဖြင့်အသက်ရှိကြ၏။

၁၄ စီးပွားဥစ္စာပျက်ခြင်း၏အကြောင်း (၈) ပါး

၁။ မင်းစိုးရာဇာကြောင့် စီးပွါးဥစ္စာ ပျက်ခြင်း။
၂။ ခိုးသားဓားပြနှိပ်စက်၍ စီးပွါးဥစ္စာ ပျက်ခြင်း။
၃။ မီးဘေးနှိပ်စက်၍ စီးပွါးဥစ္စာ ပျက်ခြင်း။
၄။ ရေဘေးနှိပ်စက်၍ စီးပွါးဥစ္စာ ပျက်ခြင်း။
၅။ မြှုပ်ထားသောဥစ္စာ နေရာပြောင်းရွေ့သွားခြင်းကြောင့်စီးပွါးဥစ္စာ ပျက်ခြင်း။
၆။ စီမံဆောင်ရွက်ပုံ မကောင်းသဖြင့် လုပ်ငန်းကိုင်ငန်းများ ဆုတ်ယုတ်၍ စီးပွါးဥစ္စာ ပျက်ခြင်း။
၇။ ဥစ္စာကို ထင်သလို သုံးစွဲတတ်သော အမျိုးမီးခဲများကြောင့် စီးပွါး ဥစ္စာ ပျက်ခြင်း။
၈။ မမြဲသော သခါရသဘောကြောင့် စီးပွါးဥစ္စာ ပျက်ခြင်း။

(သင္ဂဟယတနသံယုတ် ဇ-ဣလသုတ်)

၁၅ ဈာန် (၈) ပါး သို့မဟုတ် သမာပတ် (၈) ပါး

၁။ ပထမဈာန် သမာပတ်။
၂။ ဒုတိယဈာန် သမာပတ်။
၃။ တတိယဈာန် သမာပတ်။
၄။ စတုတ္ထဈာန် သမာပတ်။
(ထိုလေးပါးသည် ရူပါဝစရဈာန်ဖြစ်၏။)
၅။ အာကာသာနဉ္စာယတနဈာန် သမာပတ်။
၆။ ဝိညာဏဉ္စာယတနဈာန် သမာပတ်။
၇။ အာကိဉ္စညာယတနဈာန် သမာပတ်။
၈။ နေဝသညာနာသညာယတနဈာန် သမာပတ်။
( ထိုလေးပါးသည် အရူပါဝစရဈာန် ဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဒုက္ခ (၈) ပါး

၁။ ဇာတိပိ ဒုက္ခ - ပဋိသန္ဓေနေရခြင်း ဆင်းရဲ။
၂။ ဇရာပိ ဒုက္ခ - အိုရခြင်း ဆင်းရဲ။
၃။ ဗျာဓိပိ ဒုက္ခ - နာရခြင်း ဆင်းရဲ။
၄။ မရဏံပိ ဒုက္ခ - သေရခြင်း ဆင်းရဲ။
၅။ နိရယ ဒုက္ခ - ငရဲသို့ ကျရောက်ခြင်း ဆင်းရဲ။
၆။ ပေတ ဒုက္ခ - ပြိတ္တာအဖြစ်သို့ရောက်ခြင်း ဆင်းရဲ။
၇။ တိရစ္ဆာန ဒုက္ခ - တိရစ္ဆာန် ဖြစ်ရခြင်း ဆင်းရဲ။
၈။ အသုရကာယဒုက္ခ - အသူရကာယ် ဖြစ်ရခြင်း ဆင်းရဲ။

၁၇။ ပရိက္ခရာ (၈) ပါး

၁။ ဒုကုဋ်။
၂။ သင်္ကန်း။
၃။ သပိတ်။
၄။ ခါးပန်းကြိုး။
၅။ ပဲကွပ်။ (သင်ဓုန်းဓား)
၆။ ရေစစ်။
၇။ အပ်-အပ်ချည်။
၈။ အခင်း-သားရေနယ်။

၁၈ တနည်းပရိက္ခရာ (၈) ပါး

၁။ ဒုကုဋ်။
၂။ ကေသီ။
၃။ သင်းပိုင်။
၄။ သပိတ်။
၅။ ခါးပန်းကြိုး။
၆။ ပဲကွပ်။ (သင်ဓုန်းဓား)
၇။ ရေစစ်။
၈။ အပ်- အပ်ချည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉ မဂ္ဂင် (၈) ပါး
၁။ သမ္မာဒိဋ္ဌိ - ကောင်းစွာမြင်ခြင်း။
၂။ သမ္မာသင်္ကပ္ပ - ကောင်းစွာ ကြံစည်ခြင်း။
၃။ သမ္မာဝါစာ - ကောင်းစွာ ပြောဆိုခြင်း။
၄။ သမ္မာကမ္မန္တ - ကောင်းစွာ ပြုလုပ်ခြင်း။
၅။ သမ္မာအာဇီဝ - ကောင်းစွာ အသက်မွေးခြင်း။
၆။ သမ္မာဝါယာမ - ကောင်းစွာ အားထုတ်ခြင်း။
၇။ သမ္မာသတိ - ကောင်းစွာ အောက်မေ့ခြင်း။
၈။ သမ္မာသမာဓိ - ကောင်းစွာ တည်ကြည်ခြင်း။

၂၀ မိစ္ဆာဒိဋ္ဌိ (၈) ပါး
၁။ မိစ္ဆာဒိဋ္ဌိ - မှားသောအားဖြင့် မြင်ခြင်း။
၂။ မိစ္ဆာသင်္ကပ္ပ - မှားသောအားဖြင့် ကြံစည်ခြင်း။
၃။ မိစ္ဆာဝါစာ - မှားသောအားဖြင့် ပြောဆိုခြင်း။
၄။ မိစ္ဆာကမ္မန္တ - မှားသောအားဖြင့် ပြုလုပ်ခြင်း။
၅။ မိစ္ဆာအာဇီဝ - မှားသောအားဖြင့် အသက်မွေးခြင်း။
၆။ မိစ္ဆာဝါယာမ - မှားသောအားဖြင့် အားထုတ်ခြင်း။
၇။ မိစ္ဆာသတိ - မှားသောအားဖြင့် အောက်မေ့ခြင်း။
၈။ မိစ္ဆာသမာဓိ - မှားသောအားဖြင့် တည်ကြည်ခြင်း။

၂၁ **မကြည်ညိုအပ်သော ရဟန်း အင်္ဂါ (၈) ပါး**
၁။ လူတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏။
၂။ လူတို့အား အကျိုးမဲ့ဖြစ်စိမ့်သောငှါ အားထုတ်၏။
၃။ လူတို့အား ဆဲရေး ရေရွတ် ခြိမ်းခြောက်၏။
၄။ လူအချင်းချင်း ကွဲပြားစေ၏။
၅။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ဆို၏။
၆။ တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ဆို၏။
၇။ သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ဆို၏။
၈။ မကျက်စားသင့်သော နေရာ၌ ထိုရဟန်းကို တွေ့၏။
(အပ္ပသာဒ ပဝေဒနိယသုတ် အဋ္ဌက အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



## ၂၂ ရာဇထီးဖြူ (၈) စင်း

၁။ ကနက္ကဒဏ်ထီး။
၂။ သူရိယထီး။
၃။ ပဒုမထီး။
၄။ သမုတိထီး။
(ထိုထီးလေးစင်းသည် လက်ဝဲထီးများဖြစ်၏။) မင်းဆောင်း
၅။ ကမ္ဗုထီး။
၆။ စန္ဒထီး။
၇။ ကုမုန္ဒြထီး။
၈။ ဝိသကြုံထီး။
(ထိုထီးလေးစင်းသည် လက်ျာထီးများ ဖြစ်၏။) မိဖုရားဆောင်း

## ၂၃ ရာဇပလ္လင် (၈) ခန်း

၁။ သီဟာသနပလ္လင် - ခြင်္သေ့ရုပ်ခံသော ယမနေသား။
၂။ ဘမရာသနပလ္လင် - ပိတုံးရုပ်ခံသော ကရဝေးသား။
၃။ ပဒုမာသနပလ္လင် - ပဒုမ္မာကြာပွင့်ခံသော သရက်သား။
၄။ ဟံသာသနပလ္လင် - ဟင်္သာရုပ်ခံသော သက်န်းသား။
၅။ ဂဇာသနပလ္လင် - ဆင်ရုပ်ခံသော စကားသား။
၆။ သခ်ီသနပလ္လင် - ခရုသင်းရုပ်ခံသော တောင်ပိန္နဲသား။
၇။ မိဂါသနပလ္လင် - သမင်ရုပ်ခံသော ရေသဖန်းသား။
၈။ မယုရာသနပလ္လင် - ဥဒေါင်းရုပ်ခံသော ပေါက်သား။

## ၂၄ ရုပ်မြစ် (၈) ပါး

၁။ ငရဲ - ချမ်းသာမှု အလျဉ်းမရှိသော အရပ်။
၂။ တိရစ္ဆာန် - နိဗ္ဗာန်နှင့် ဖီလာ မိုးကိုကျော၍ပေးသောသတ္တဝါ။
၃။ ပြိတ္တာ - ကိုယ်လက်အင်္ဂါ မမျှတသော သတ္တဝါ။
၄။ အသညသတ္တ-ခန္ဓာကိုယ်တပါးသာရှိ၍အသက်နာမ်မရှိသောပြဟ္မာဘုံ။
၅။ ပစ္စန္တရာဇ် - ရတနာသုံးပါးမသိမရှိသော တောချုံအုံခြားအရပ်။
၆။ မိစ္ဆာဒိဋ္ဌိ - မှားသော အယူရှိသော လူမျိုးစု။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဝိကလိန္ဒြိယ - သစ္စာလေးပါးတရားကို နာကြားရသော်လည်း ဆွံ့အနားပင်း၍ တရားမသိသူ။
၈။ ဗုဒ္ဓသုညော တိဟေတုကော - အသိအလိမ္မာနှင့် ပြည့်စုံသော်လည်း ဘုရားပွင့်သော ကာလနှင့် လွဲ၍ လူဖြစ်ရခြင်း။

၂၅ ရှစ်ပါးသီလ (၈) ပါး

၁။ ပါဏာတိပါတာ ဝေရမဏီ။
၂။ အဒိန္နာဒါနာ ဝေရမဏီ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ-မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၄။ မုသာဝါဒါ ဝေရမဏီ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ-နေလွဲ ညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏။
၇။ နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿန, မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ ဝေရမဏီ- ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ကြည့်ရှုနားထောင်ခြင်း,ပန်းပန်ခြင်း,ပေါင်ဒါလိမ်းကျံခြင်း, ဆောင်ထားခြင်း,မွှမ်းမံချယ်သခြင်း,တန်ဆာဆင်ခြင်းတို့မှရှောင်ကြဉ်ပါ၏။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ- မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေခြင်း အိပ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂၆ လောကဓံတရား (၈) ပါး

၁။ လာဘော - လာဘ်ရသည် ဖြစ်စေ။
၂။ အလာဘော - လာဘ်မရသည် ဖြစ်စေ။
၃။ ယသော - အခြွေအရံ ရှိသည်ဖြစ်စေ။
၄။ အယသော - အခြွေအရံ မရှိသည်ဖြစ်စေ။
၅။ နိန္ဒာ - ကဲ့ရဲ့သည် ဖြစ်စေ။
၆။ ပသံသာ - ချီးမွမ်းသည် ဖြစ်စေ။

www.burmeseclassic.com

www.burmeseclassic.com



၇။ သုခံ - ချမ်းသာသည်ဖြစ်စေ။
၈။ ဒုက္ခံ - ဆင်းရဲသည် ဖြစ်စေ။
(လောကမွေသုတ် အဋ္ဌက အင်္ဂုတ္တိုရ်)

၂၇ ဝိဇ္ဇာဉာဏ် (၈) ပါး

၁။ ဝိပဿနာဉာဏ် - တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သောဉာဏ်။
၂။ မနောမယိဒ္ဓိဉာဏ် - စိတ်သွားတိုင်း ကိုယ်ပါနိုင်သောဉာဏ်။
၃။ ဒိဗ္ဗသောတဉာဏ် - နတ်တို့၏နားကဲ့သို့ ကြားနိုင်သောဉာဏ်။
၄။ ပရစိတ္တဝိဇာနနဉာဏ်- သူတပါး၏စိတ်ကိုပိုင်းခြား၍သိနိုင်သောဉာဏ်။
၅။ ပုဗ္ဗေနိဝါသဉာဏ် - ရှေးရှေးသော ဘဝပေါင်းများစွာက နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ဉာဏ်။
၆။ ဒိဗ္ဗစက္ခုဉာဏ် - နတ်တို့၏ မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်။
၇။ ဝိပဿနာဉာဏ် - ဖြစ်ပေါ်သမျှသော သင်္ခါရတရားတို့ကို လက္ခဏာသုံးပါးတင်၍ ရှုမြင်ဆင်ခြင်နိုင်သောဉာဏ်။
၈။ အာသဝက္ခယဉာဏ် - အာသဝေါတရား လေးပါးကို ကုန်စင်အောင် ပြုတတ်သော အရဟတ္တမဂ်ဉာဏ်။

၂၈ စီးသာခေါင်ကျောင်းအမ ရရှိသော ဆု (၈) ပါး

၁။ သံဃာတော်များအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းလှူဒါန်းခွင့် ရခြင်း။
၂။ အာဂန္တုရဟန်းများအား ဆွမ်းလှူဒါန်းခွင့် ရခြင်း။
၃။ ခရီးသွားရဟန်းများအား ဆွမ်းလှူဒါန်းခွင့် ရခြင်း။
၄။ နာသောရဟန်းများအား ဆေးလှူဒါန်းခွင့် ရခြင်း။
၅။ နာသောရဟန်းကိုလုပ်ကျွေးသောရဟန်းအားဆွမ်းလှူဒါန်းခွင့်ရခြင်း
၆။ နာသောရဟန်းအား ဆွမ်းလှူဒါန်းခွင့် ရခြင်း။
၇။ ယာဂု အမြဲ လှူဒါန်းခွင့် ရခြင်း။
၈။ ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်း လှူဒါန်းခွင့် ရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉ မြတ်စွာဘုရား၏ အသံတော် အင်္ဂါ (၈) ပါး

၁။ ဝိဿဋ္ဌ - သန့်ရှင်းစင်ကြယ်ခြင်း။
၂။ ဝိညေယျ - သိလွယ်ခြင်း။
၃။ မဉ္ဇု - သာယာခြင်း။
၄။ သဝနီယ - နာချင်ဘွယ် ရှိခြင်း။
၅။ ဗိန္ဒု - တလုံးတစည်းတည်း ရှိခြင်း။
၆။ အဝိသာရီ - ပရိသတ်အပြင်သို့ ပြန့်မထွက်ခြင်း။
၇။ ဂမ္ဘီရ - နက်နဲခြင်း။
၈။ နိန္နာဒီ - ပဲ့တင်ထပ်ခြင်း။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော်)

## ၃၀ ရသေ့ (၈) မျိုး

၁။ သပုတ္တဘရိယာရသေ့ - ပစ္စည်းဥစ္စာများစုဆောင်း၍သားသမီးမယား နှင့် နေသော ရသေ့။
၂။ ဥဉ္ဆာစရိယရသေ့ - ကောက်သင်းကောက်စားသော ရသေ့။
၃။ အနဂ္ဂိပက္ကိကရသေ့ - ဆန်စသည်ကို အလှူခံ၍ ချက်စားသောရသေ့။
၄။ အသာမပါကရသေ့ - ဆွမ်းအကျက်ကို ခံစားသော ရသေ့။
၅။ အသ္မမုဋ္ဌိကရသေ့-သစ်ခေါက်သစ်ခွံခွါ၍ ထောင်းထုစားသောရသေ့။
၆။ ဒန္တဝက္ကလိကရသေ့ - မိမိသွားဖြင့်သာ ကိုက်ခွါ၍စားသော ရသေ့။
၇။ ပဝတ္တဖလဘောဇနရသေ့-သစ်သီးစသည်များကိုခြွေဆွတ်၍စားသော ရသေ့။
၈။ ပဏ္ဍုပလာသိကရသေ့ - အလိုအလျောက် ကြွေကျလာသော အပွင့် အသီးတို့ကိုသာ စားသော ရသေ့။

(သဋ္ဌာယတန သံယုတ်)

## ၃၁ ရောဂါဖြစ်ကြောင်း (၈) မျိုး

၁။ ပိတ္တ - သည်းခြေ ပျက်သောကြောင့်ရင်း။
၂။ သေမှ - သလိပ်ပျက်သောကြောင့်ရင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဝါတ - လေ ပျက်သောကြောင့်ရှင်း။
၄။ သန္နိပါတ - ရှင်းသုံးပါးစုံ ပျက်သောကြောင့်ရှင်း။
၅။ ဥတု - ဥတုကြောင့်ရှင်း။
၆။ ဝိသမ - မနိုင်သောဝန်ကို ချီမခြင်းစသည်ဖြင့် မသင့်သော အစာကို စားမိခြင်းကြောင့်ရှင်း။
၇။ ဩပက္ကမိက - သူတပါးတို့ညှဥ်းဆဲသည်ကို ခံရသောကြောင့်ရှင်း။
၈။ ကမ္မဝိပါကဇ - ရှေးအကုသိုလ် ကံကြွင်းကြောင့်ရှင်း။

(တိကအင်္ဂုတ္တိုရ် အဋ္ဌကထာ)

၃၂ သံအမတ် ခန့်ထိုက်သောအင်္ဂါ (၈) ပါး

၁။ သောတ - သူတပါး ပြောသော သတင်းစကားကို အကင်းပါးစွာ သိကြားလွယ်ရခြင်း။
၂။ သာဝေတာ - ကိုယ့်အရှင် ပြောကြားလိုက်သော သတင်း စကားကို အားလုံးစေ့စုံအောင် ပြောဆိုတင်ပြနိုင်ရခြင်း။
၃။ ဥဂ္ဂဟေတာ - သတိ,ဝီရိယ ရှေ့ထား၍ ကောင်းစွာ မှတ်သား လေ့လာရခြင်း။
၄။ ဓာရေတာ - သူတပါးပြောစကားကို မှန်ကန်ခိုင်မြဲစွာ ဆောင်ထား နိုင်ရခြင်း။
၅။ ဝိညာတာ - အနက်အဓိပ္ပါယ်,အရိပ်အခြေ,လူရေလူကကိုပါးနပ်စွာ သိတတ်ရခြင်း။
၆။ ဝိညာပေတာ- သူတပါးအား ကြားသိစေလွယ်အောင် ပြောဆိုတတ် ရခြင်း။
၇။ သဟိတာ သဟိတကုသလ - အကျိုးရှိ အကျိုးမဲ့ကို ဝေဖန် နှိုင်းညှိ တတ်သိလိမ်မာရခြင်း။
၈။ န ကလဟကာရက - ငြင်းခုံခိုက်ရန် ဆန့်ကျင်ဘက် အမှုများ မပြုလုပ် မပြောဆိုရခြင်း။

(ဒုတိယ အဋ္ဌကထာ အင်္ဂုတ္တိုရ်)

www.burmeseclassic.com

www.burmeseclassic.com



## ၃၃ သမီးပေးခြင်း မင်္ဂလာ (၈) မျိုး

၁။ ဗြဟ္မာ - ရာထူး ဂုဏ်သိရ် ခနရှိန်ရှိ၍ အမျိုးမြတ်သဖြင့်သမီးပေးခြင်း။

၂။ ဒဒေယျ- လုပ်ရေးကိုင်တာဖြတ်လတ်၍သဘောကျသဖြင့်သမီးပေးခြင်း၊

၃။ ကီရိယာ- သူ၏ဥစ္စာ ယူထားမိ၍ ပြန်မဆပ်နိုင်သဖြင့် သမီးပေးခြင်း။

၄။ ပညာ-လူလိမ္မာပညာရှိအား သမီးလိမ္မာစေရန်ရည်မှန်း၍သမီးပေးခြင်း။

၅။ အသုတ- ပေးသမျှ လက်ဆောင်တွေ ယူပြီး၍ အားနာသဖြင့် သမီးပေးလိုက်ရခြင်း။

၆။ ဂန္ဓဗ္ဗာ- မိဘနှစ်ဦးနှစ်ဖက် သဘောတူ၍ ကြည်ဖြူစွာဖြင့်သမီးပေးခြင်း။

၇။ အဗ္ဗာဟိတ- နိုင်ထက်ကလူ ဇွတ်အတင်း ယူရမည်ဟု ခြိမ်းခြောက်၍ သမီးပေးရခြင်း။

၈။ သာမဿာ- လူငယ်ချင်း မှောက်မှောက် မှားမှား ဖြစ်၍ မနေသာတော့သဖြင့် သမီးပေးရခြင်း။

## ၃၄ သိမ်နိမိတ် (၈) မျိုး

၁။ တောင်နိမိတ်။

၂။ ကျောက်နိမိတ်။

၃။ တောနိမိတ်။

၄။ သစ်ပင်နိမိတ်။

၅။ လမ်းနိမိတ်။

၆။ တောင်ပို့နိမိတ်။

၇။ မြစ်နိမိတ်။

၈။ ရေနိမိတ်။

(ဝိနည်းတော်)

ဂ-ဓါး၊ စသာ တရား၊ ကော၊ နိမ္မိတ်၊

www.burmeseclassic.com

www.burmeseclassic.com

# ၉-ပါးသော အရေးများ

၁ ကိုးပါးသီလ (၉) ပါး

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ,ဂီတ,ဝါဒိတ,ဝိသုက,ဒဿန,မာလာဂန္ဓ,ဝိလေပန, ဓာရဏ,မဏ္ဍန, ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

BURMESE CLASSIC

**အနက်** ၉-မေတ္တာသဟဂတေန၊ မေတ္တာနှင့် တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗပါဏဘူတေသု၊ အလုံးစုံသော သတ္တဝါ တို့၏ အပေါ်၌။ ဖရိတွာ၊ ပြန့်နှံ့၍။ ဝိဟရဏံ၊ နေခြင်းကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၂ နဝရတ် (၉) ပါး

၁။ ပုလဲ - မြန်မာပြည်မှ ထွက်သည်။
၂။ သန္တာ - မြန်မာပြည်မှ ထွက်သည်။
၃။ နီလာ - မြန်မာပြည်မှ ထွက်သည်။
၄။ စိန် - မြန်မာပြည်မှ မထွက်။
၅။ ကြောင် - မြန်မာပြည်မှ ထွက်သည်။
၆။ ဂေါမုတ် - မြန်မာပြည်မှ ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဥသျှဖယား - မြန်မာပြည်မှ ထွက်သည်။
၈။ မြ - မြန်မာပြည်မှ မထွက်။
၉။ ပတ္တမြား - မြန်မာပြည်မှ ထွက်သည်။ (ဇိနတ္ထပကာသနီ)

**၃ ဘုရားဂုဏ်တော် (၉) ပါး**

၁။ အရဟံ - လူနတ်တို့၏ ပူဇော်အထူးကို ခံထိုက်၏။
၂။ သမ္မာသမ္ဗုဒ္ဓေါ - ဥေယျဓမ္မတရား ငါးပါးနှင့် တကွ ခပ်သိမ်းသော တရားအပေါင်းကို သိတော်မူ၏။
၃။ ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာ ဉာဏ်သုံးပါး, ဝိဇ္ဇာဉာဏ်ရှစ်ပါး, စရဏ တရား တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူ၏။
၄။ သုဂတော - ခြောက်ခွန်းသောစကားတို့၌ မုသာဝါဒစသော မကောင်းသော လေးခွန်းကိုပယ်၍ ကောင်းသော နှစ်ခွန်းသာ ဆိုတော်မူ၏။
၅။ လောကဝိဒူ - သတ္တလောက, သင်္ခါရလောက, ဩကာသလော ကတည်းဟူသော လောကသုံးပါးကို သိတော်မူ၏။
၆။ အနုတ္တရော ပုရိသဒမ္မသာရထိ - မလိမ္မာ မယဉ်ကျေးသော သူများကို လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်၏။
၇။ သတ္ထာဒေဝမနုဿာနံ - နတ်လူတို့၏ ဆရာဖြစ်တော်မူ၏။
၈။ ဗုဒ္ဓေါ - သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူ၏။
၉။ ဘဂဝါ - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။

**၄ ဘုရားဟော အင်္ဂါ (၉) တန်**

၁။ သုတ္တ -သုတ်အမည်ရသောကျမ်း။
၂။ ဂေယျ -ဂါထာစုဏ္ဏိယရော၍ ဟောသောကျမ်း။
၃။ ဝေယျာကရဏ -ဂါထာမဖက်စုဏ္ဏိယသက်သက်ဖြင့်ဟောသောကျမ်း။
၄။ ဂါထာ -ဂါထာသက်သက်ဖြင့် ဟောသောကျမ်း။
၅။ ဥဒါန -ဝမ်းမြောက် ကြည်နူးစွာ ကျူးရင့်တော် မူသော ကျမ်း။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဣတိဝုတ္တက -ဤတရားကိုဘုရားဟောသည်ဟု ညွှန်ပြသောကျမ်း။
၇။ ဇာတက - ငါးရာငါးဆယ်သော ဇာတ်ကျမ်း။
၈။ အဗ္ဘုတဓမ္မ - အံ့ဘွယ် ချီးကျူးဘွယ် ထူးကဲစွာ ဖြစ်ပေါ်အောင် ဟောသောကျမ်း။
၉။ ဝေဒလ္လ - နှစ်သက်မှု ရှိသည့်အခါတိုင်း ဟောကြားတော်မူသောကျမ်း။

(မူလပဏ္ဏာသ- အလဂဒ္ဒူပမသုတ်)

၅ မိန်းမတို့ ပျက်စီးကြောင်း အင်္ဂါ (၉) ပါး

၁။ အိမ်အလည်အပတ် များခြင်း။
၂။ လင်ကို ပစ်ထားကာ မိဘအိမ်သွား၍ များစွာနေတတ်ခြင်း။
၃။ လူစည်ကားရာ အရပ်သို့ သွားလာတတ်ခြင်း။
၄။ ပွဲလမ်းသဘင် ပျော်ရွှင်လိုက်စားမှု များခြင်း။
၅။ ယောကျ်ားများနှင့် ပူးကပ် အရောတဝင် နေတတ်ခြင်း။
၆။ အမြဲပြုဘွယ် အလုပ်အကိုင်မရှိ ပျင်းရိခြင်း။
၇။ လင်ယောကျ်ား အိုမင်း၍ ကာမမှု၌ မစွမ်းနိုင်ခြင်း။
၈။ လင်ယောကျ်ားနှင့် သုံးလေးလ ကင်းကွာ၍ နေခြင်း။
၉။ ဝတ်စားဖွယ်ရာ ဥစ္စာချို့တဲ့ခြင်း။

၆ ရဟန်းတို့ မကပ်ရောက်သင့်သော ဒါယကာ အင်္ဂါ (၉) မျိုး

၁။ မြတ်နိုးသဖြင့် ခရီးဦး မကြိုဆိုသော ဒါယကာ။
၂။ မြတ်နိုးသဖြင့် ရှိမခိုးသော ဒါယကာ။
၃။ မြတ်နိုးသဖြင့် နေရာမပေးသော ဒါယကာ။
၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို လျှို့ဝှက်ထားတတ်သော ဒါယကာ။
၅။ အလှူဝတ္ထု အများအပြားရှိပါလျက် အနည်းငယ်ကိုသာ ပေးလှူသော ဒါယကာ။
၆။ မွန်မြတ်သော လှူဖွယ်ဝတ္ထု ရှိပါလျက် ရုန့်ရင်း ကြမ်းတမ်းသော လှူဖွယ်ဝတ္ထုကို ပေးလှူသော ဒါယကာ။

www.burmeseclassic.com

www.burmeseclassic.com



၇။ မရှိမသေ ပေးလှူသော ဒါယကာ။
၈။ တရားနာယူရန် မချဉ်းကပ်သော ဒါယကာ။
၉။ ထိုရဟန်း ဟောသောတရားကိုကောင်းစွာ မနာယူသော ဒါယကာ။

(နဝက အင်္ဂုတ္တိုရ်၊ ၂-သီဟနာဒဝဂ်၊ ၇-ကုလသုတ်)

## ၇ ရန်ငြိုးဖွဲ့ခြင်း အာဃာတ (၉) မျိုး

၁။ ငါ၏ အကျိုးမဲ့ကို ပြုဘူးပြီဟု ရန်ငြိုးဖွဲ့၏။
၂။ ငါ၏ အကျိုးမဲ့ကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့၏။
၃။ ငါ၏ အကျိုးမဲ့ကို ပြုလိမ့်မည်ဟု ရန်ငြိုးဖွဲ့၏။
၄။ ငါချစ်ခင်သောသူ၏ အကျိုးမဲ့ကို ပြုဘူးပြီဟု ရန်ငြိုးဖွဲ့၏။
၅။ ငါချစ်ခင်သောသူ၏ အကျိုးမဲ့ကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့၏။
၆။ ငါချစ်ခင်သောသူ၏ အကျိုးမဲ့ကို ပြုလိမ့်မည်သု ရန်ငြိုးဖွဲ့၏။
၇။ ငါမချစ်သောသူ၏ အကျိုးကို ပြုဘူးပြီဟု ရန်ငြိုးဖွဲ့၏။
၈။ ငါမချစ်သောသူ၏ အကျိုးကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့၏။
၉။ ငါမချစ်သောသူ၏ အကျိုးကို ပြုလိမ့်မည်ဟု ရန်ငြိုးဖွဲ့၏။

(နဝက အင်္ဂုတ္တိုရ်၊ ၃-သတ္တာဝါသဝဂ်၊ ၉-အာဃာတဝတ္ထုသုတ်)

## ၈ လူမလေး ခွေးမခန့် (၉) မျိုး

၁။ ဝိဓဝါ - လင်မရှိသော မုဆိုးမ။
၂။ ဒုဗ္ဗလ - အင်အားမရှိသူ။
၃။ အမိတ္တဉာတိ - ဆွေမျိုးမိတ်သင်္ဂဟ မရှိသူ။
၄။ မဟဂ္ဃသ - အစားကြူး အစားပုတ်သူ။
၅။ ဂရုကာဗာဓ - ကြီးသော ရောဂါရှိသူ။
၆။ ဓနဟီန - ပစ္စည်းဥစ္စာ မရှိသူ။
၇။ အာစာရဟီန - အကျင့်ယုတ်သူ။
၈။ ကမ္မဟီန - အလုပ်မရှိ ပျင်းရိသူ။
၉။ ပယောဂဟီန - လုံ့လ ပယောဂချို့တဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



## ၉ လောကုတ္တရာ (၉) ပါး

၁။ သောတာပတ္တိမဂ်။
၂။ သကဒါဂါမိမဂ်။
၃။ အနာဂါမိမဂ်။
၄။ အရဟတ္တမဂ်။
၅။ သောတာပတ္တိဖိုလ်။
၆။ သကဒါဂါမိဖိုလ်။
၇။ အနာဂါမိဖိုလ်။
၈။ အရဟတ္တဖိုလ်။
၉။ နိဗ္ဗာန်။

## ၁၀ သံဃာ့ဂုဏ်တော် (၉) ပါး

၁။ သုပ္ပဋိပန္နဂုဏ် - ကောင်းမွန်စွာ ကျင့်ကြံတော်မူ၏။
၂။ ဥဇုပ္ပဋိပန္နဂုဏ် - ဖြောင့်မှန်စွာ ကျင့်ကြံတော်မူ၏။
၃။ ဉာယပ္ပဋိပန္နဂုဏ် - နိဗ္ဗာန်၏ အကျိုးငှါ ကျင့်ကြံတော်မူ၏။
၄။ သာမိစိပ္ပဋိပန္နဂုဏ် - အရိုအသေ ပြုထိုက်အောင် ကျင့်ကြံတော်မူ၏။
(အကြောင်း ဂုဏ်တော်လေးပါးဖြစ်၏။)
၅။ အာဟုနေယျဂုဏ် - အဝေးမှ ဆောင်ယူအပ်သော ပစ္စည်းအလှူကို ခံယူထိုက်၏။
၆။ ပါဟုနေယျဂုဏ် - ဧည့်သည်တို့၏ အကျိုးငှါ ရည်မှန်း၍ လှူဒါန်းသော ပစ္စည်းကို ခံယူထိုက်၏။
၇။ ဒက္ခိဏေယျဂုဏ် - သံသရာ၏ အကျိုးငှါ ရည်မှန်း၍ လှူဒါန်းသော အလှူကို ခံထိုက်၏။
၈။ အဉ္ဇလိကရဏီယဂုဏ် - လက်အုပ်ချီမိုး ရှိခိုးခြင်းငှါ ထိုက်၏။
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ် - လူ နတ် ဗြဟ္မာ အပေါင်းတို့ထက် သာလွန်မြင့်မြတ်သော ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူ၏။
(အကျိုးဂုဏ် ငါးပါးဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



၁၁ သတ္တာဝါသ ဘုံ (၉) ပ

၁။ နာနတ္တကာယ နာနတ္တသညီ - လူ့အချို့သောနတ်နှင့် ဝိနိပါတများ။
၂။ နာနတ္တကာယ ဧကတ္တသညီ - အပါယ်လေးဘုံသားနှင့် ပထမ ဈာန် ဖြဟ္မာများ။
၃။ ဧကတ္တကာယ နာနတ္တသညီ - အာဘဿရာဘုံ ဗြဟ္မာများ။
၄။ ဧကတ္တကာယ ဧကတ္တသညီ - သုဘကိဏှာဘုံ ဗြဟ္မာများ။
၅။ ပဥ္စမ သတ္တာဝါသ - အသညသတ်ဘုံ ဗြဟ္မာများ။
၆။ ဆဋ္ဌ သတ္တာဝါသ - အာကာသာနဉ္စာယတနဘုံဗြဟ္မာများ။
၇။ သတ္တမ သတ္တာဝါသ - ဝိညာဏဉ္စာယတနဘုံ ဗြဟ္မာများ။
၈။ အဋ္ဌမ သတ္တာဝါသ - အာကိဉ္စညာယတနဘုံ ဗြဟ္မာများ။
၉။ နဝမ သတ္တာဝါသ - နေဝသညာနာသညာယတနဘုံ ဗြဟ္မာ များ။

(နဝက အင်္ဂုတ္တိုရ် သတ္တာဝါသသုတ်)

၁၂ အသက်ရာကျော်နေရသော အရိယာ (၉) ယောက်

| | |
|---|---|
| ၁။ ဝိသာခါ ကျောင်းအမ | အသက် ၁၂၀ |
| ၂။ ပေါက္ခရသာတိပုဏ္ဏား | အသက် ၁၂၀ |
| ၃။ ဗြဟ္မာယုပုဏ္ဏား | အသက် ၁၂၀ |
| ၄။ သေလပုဏ္ဏား | အသက် ၁၂၀ |
| ၅။ ဗာဝရီပုဏ္ဏား | အသက် ၁၂၀ |
| ၆။ အရှင် အာနန္ဒာ | အသက် ၁၂၀ |
| ၇။ အရှင် မဟာကဿပ | အသက် ၁၂၀ |
| ၈။ အရှင် အနုရုဒ္ဓါ | အသက် ၁၅၀ |
| ၉။ အရှင် ဗာကုလ(အနာမဲ့သူ) | အသက် ၁၆၀ |

၉-ပါးသောတရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀-ပါးသော တရားများ

၁ အကျိုးထူးတဲ့ရား (၁၀) ပါး

၁။ ဝိသုဒ္ဓိ - သန့်ရှင်းစင်ကြယ်ခြင်း။
၂။ ကိတ္တိ - ကျော်စောခြင်း။
၃။ ယသော - အခြွေအရံပရိသတ်များခြင်း။
၄။ သီဃံ - လျင်မြန်ခြင်း။
၅။ ဝိဂတပိပါသံ - ဆာလောင် မွတ်သိပ်မှု ကင်းခြင်း။
၆။ အာယု - အသက်ရှည်ခြင်း။
၇။ ဝဏ္ဏော - အဆင်းလှခြင်း။
၈။ သုခံ - ချမ်းသာကြီးခြင်း။
၉။ ဗလံ - ခွန်အားကြီးခြင်း။
၁၀။ ပဋိဘာနံ - ဉာဏ်ပညာကြီးခြင်း။

၂ အသံ (၁၀) ပါး

၁။ ဒီဃ - ရှည်ရှည်ဆွဲ၍ ရွတ်ရသော အသံ။
၂။ ရဿ - တိုတို ဖြတ်၍ ရွတ်ရသော အသံ။
၃။ ဂရု - လေးလေး ရွတ်ရသော အသံ။
၄။ လဟု - ပေါ့ပေါ့ ရွတ်ရသော အသံ။
၅။ ဓနိတ - တင်းတင်း ရွတ်ရသော အသံ။
၆။ သိထိလ - လျော့လျော့ ရွတ်ရသော အသံ။
၇။ သမ္ဗန္ဓ - ပုဒ်စပ်၍ ရွတ်ရသော အသံ။
၈။ ဝဝတ္ထိတ - ပုဒ်ဖြတ်၍ ရွတ်ရသော အသံ။
၉။ ဝိမုတ္တ - ဖွင့်၍ ရွတ်ရသော အသံ။
၁၀။ နိဂ္ဂဟိတ - ပိတ်၍ ရွတ်ရသော အသံ။

၃ အသုဘ (၁၀) ပါး

၁။ ဥဒ္ဓုမာတက- ဖူးဖူးရောင်သော သူကောင် အသုဘ။
၂။ ဝိနီလက - ညိုညိုမဲမဲ အဆင်းရှိသော သူကောင် အသုဘ။
၃။ ဝိပုဗ္ဗက - ယိုစီးသော ပြည်ရှိသောသူကောင် အသုဘ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝိစ္ဆိဒ္ဒကံ - ခါးလက်နက် စသည်ဖြင့် အလယ်မှ နှစ်ပိုင်းဖြတ်အပ်သော သူကောင် အသုဘ။
၅။ ဝိက္ခာယိတကံ - ခွေးစသည်တို့ကိုက်ခဲ၍ ထားသောသူကောင်အသုဘ။
၆။ ဝိက္ခိတ္တကံ - ခွေး,ကျီး,ငှင်းတ စသည်တို့ ကိုက်ချီစားသောက် ပစ်လွှင့်ထားသော သူကောင် အသုဘ။
၇။ ဟတဝိက္ခိတ္တကံ - ရန်သူသည် ခါး,သန်လျက်ဖြင့်ပိုင်းခြားဖြတ်တောက်၍ တစစီ ပစ်ထားသော သူကောင် အသုဘ။
၈။ လောဟိတကံ- ယိုစီးသော သွေးရှိသော သူကောင် အသုဘ။
၉။ ပုဠုဝကံ - ပိုးလောက်တို့ဖြင့် ပြည့်နေသော သူကောင် အသုဘ။
၁၀။ အဋ္ဌိကံ - အရိုးစုမျှသာ ဖြစ်၍နေသော သူကောင် အသုဘ။

(သင်္ဂြိုဟ်)

၄ အနုဿတိ (၁၀) ပါး

၁။ ဗုဒ္ဓါနုဿတိ - မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၂။ ဓမ္မာနုဿတိ - တရားတော်၏ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၃။ သံဃာနုဿတိ - သံဃာတော်မြတ်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၄။ သီလာနုဿတိ - မိမိ၏ သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၅။ စာဂါနုဿတိ - မိမိ၏ စွန့်ကြဲခြင်း ဒါနဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၆။ ဒေဝတာနုဿတိ - နတ်တို့ကို သက်သေထား၍ နတ်တို့၏ သဒ္ဓါဂုဏ်နှင့် တူသော မိမိ၏ သဒ္ဓါဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၇။ ဥပသမာနုဿတိ - နိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၈။ မရဏာနုဿတိ - သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၉။ ကာယဂတာသတိ - ဆံပင်အစရှိသော (၃၂)ပါးသော ကောဋ္ဌာသကို ရွတ်ဆိုနှလုံးသွင်းခြင်း။
၁၀။ အာနာပါနဿတိ- ထွက်သက်,ဝင်သက်ကိုအာရုံပြု၍အောက်မေ့ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**၅ အန္တရာယ် (၁၀) ပါး**

၁။ ရာဇန္တရာယော - မင်းအန္တရာယ်။
၂။ စောရန္တရာယော - ခိုးသူ အန္တရာယ်။
၃။ အဂ္ဂျန္တရာယော - မီး အန္တရာယ်။
၄။ ဥဒကန္တရာယော - ရေ အန္တရာယ်။
၅။ မနုဿန္တရာယော - လူဆိုး, လူကြမ်း, လူရိုင်း အန္တရာယ်။
၆။ အမနုဿန္တရာယော - ဘီလူး, ဖုတ်, ပြိတ္တာ အန္တရာယ်။
၇။ ဝါဠန္တရာယော - ဆင်, မြင်း, သစ်, ကျား သားရဲ အန္တရာယ်။
၈။ သရီသပန္တရာယော - မြွေ, ကင်း, သန်း အန္တရာယ်။
၉။ ဇီဝိတန္တရာယော - အသက် အန္တရာယ်။
၁၀။ ဗြဟ္မစရိယန္တရာယော- သာသနာတော် အန္တရာယ်။

(စလင်းဆရာတော် ပရိတ်ကြီးနိဿယမှ လာသည်)

**၆ တေဒင် ရသော ဥပါသိကာ (၁၀) ယောက်**

၁။ *ဖွေးဦးစွာ သရဏဂုံ ကိုးကွယ်သော တပည့်တို့တွင် တပုဿ,ဘလ္လိက သည် တေဒင် ရ၏။

၂။ လှူဒါန်းခြင်း၌ မွေ့လျော်သော တပည့်တို့တွင် သုဒတ္တ (ခေါ်)အနာထပိဏ်သည် တေဒင် ရ၏။

၃။ တရား ဟောတတ်သော တပည့်တို့တွင် မစ္ဆိကာသဏ္ဍမြို့သား စိတ္တသူကြွယ်သည် တေဒင် ရ၏။

၄။ ပရိသတ်ကို ချီးမြှောက် ထောက်ပံ့ကုန်သော တပည့်တို့တွင် ဟတ္ထက အာဠဝကသည် တေဒင် ရ၏။

၅။ မြတ်သောဝတ္ထုကို ပေးလှူတတ်သော တပည့်တို့တွင် သာကီဝင်မင်း မဟာနာမ်သည် တေဒင် ရ၏။

---

* ပုဂ္ဂိုလ်နှစ်ဦးက နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



၆။ နှစ်သက်ဖွယ်ဝတ္ထုကို လှူတတ်သောတပည့်တို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် တောဒဂ် ရ၏။

၇။ သံဃာကို လုပ်ကျွေးတတ်သော တပည့်တို့တွင် ဟတ္ထိရွာသား ဥဂ္ဂတ သူကြွယ်သည် တောဒဂ် ရ၏။

၈။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန်သော တပည့်တို့တွင် သူရမ္ဗဋ္ဌသည် တောဒဂ် ရ၏။

၉။ ပုဂ္ဂိုလ်ကို ကြည်ညိုကုန်သော တပည့်တို့တွင် အဘယမင်းသား မွေးစားသော သား ဇီဝကသည် တောဒဂ် ရ၏။

၁၀။ ငါ နှင့် အကျွမ်းတဝင် စကားဆိုသော တပည့်တို့တွင် နကုလပိတာ သူကြွယ်သည် တောဒဂ် ရ၏။

## ၇ တောဒဂ်ရသော ဥပါသိကာမိန်းမ (၁၀) ယောက်

၁။ ရှေးဦးစွာ သရဏဂုံ ဆည်းကပ်သော တပည့်မတို့တွင် သေနနိဂုံးရွာ သေနိယ သူဌေးသမီး သုဇာတာသည် တောဒဂ် ရ၏။

၂။ လှူဒါန်းခြင်း၌ မွေ့လျော်သော တပည့်မတို့တွင် မိဂါရမာတာ ကျောင်းအမ ဝိသာခါသည် တောဒဂ် ရ၏။

၃။ အကြားအမြင် များကုန်သော တပည့်မတို့တွင် ခုဇ္ဇုတ္တရာသည် တောဒဂ် ရ၏။

၄။ မေတ္တာစိတ်နှင့် နေလေ့ရှိသော တပည့်မတို့တွင် သာမာဝတီသည် တောဒဂ် ရ၏။

၅။ ဈာန်၌ မွေ့လျော်ကုန်သော တပည့်မတို့တွင် နန္ဒသတို့သား၏ မိခင် ဥတ္တရာသည် တောဒဂ် ရ၏။

၆။ မွန်မြတ်သော ဝတ္ထုကို ပေးလှူကုန်သော တပည့်မတို့တွင် ကောလိယ မင်းသမီး သုပ္ပဝါသာသည် တောဒဂ် ရ၏။

၇။ သူနာကို လုပ်ကျွေးတတ်သော တပည့်မတို့တွင် သုပ္ပိယ ဥပါသိကာမ သည် တောဒဂ် ရ၏။

၈။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသော တပည့်မတို့တွင် ကာတိယာနီသည် တောဒဂ် ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၉။ ငါးနှင့်အကျွမ်းတဝင် စကားဆိုသော တပည့်မတို့တွင် နကုလမာတာ သည် ဧတဒဂ် ရ၏။
၁၀။ တဆင့်စကားဖြင့် ကြည်ညိုသော တပည့်မတို့တွင် ကာဠီ ဥပါသိကာမ သည် ဧတဒဂ် ရ၏။

## ၈ ကသိုဏ်း (၁၀) ပါး

၁။ ပထဝီကသိဏ် - မြေကသိုဏ်း။
၂။ အာပေါကသိဏ် - ရေ ကသိုဏ်း။
၃။ တေဇောကသိဏ် - မီး ကသိုဏ်း။
၄။ ဝါယောကသိဏ် - လေ ကသိုဏ်း။
၅။ နီလကသိဏ် - အညိုရောင် ကသိုဏ်း။
၆။ ပီတကသိဏ် - အရွှေရောင် ကသိုဏ်း။
၇။ လောဟိတကသိဏ် - အနီရောင် ကသိုဏ်း။
၈။ ဩဒါတကသိဏ် - အဖြူရောင် ကသိုဏ်း။
၉။ အာကာသကသိဏ် - အပေါက်ဟင်းလင်း ကသိုဏ်း။
၁၀။ အာလောကကသိဏ်- အရောင်အလင်း ကသိုဏ်း။

## ၉ ကိလေသာ (၁၀) ပါး

၁။ လောဘ - လိုချင်တပ်မက်မှု။
၂။ ဒေါသ - အမျက်ထွက်သဖြင့် အပြစ်ရှိမှု။
၃။ မောဟ - အမြင်မှန် မရမှု။
၄။ မာန - မိမိကိုယ်ကို အထင်ကြီးမှု။
၅။ ဒိဋ္ဌိ - အယူလွဲမှားမှု။
၆။ ဝိစိကိစ္ဆာ - အာရုံကို မဆုံးဖြတ်နိုင်မှု။
၇။ ထိန - မည်သည့်ကိုမျှ စိတ်မဝင်စား (ပျင်းမှု)
၈။ ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်မှု (စိတ်မငြိမ်မှု)
၉။ အဟိရိက - အကုသိုလ်လုပ်ရန် မရှက်မှု။
၁၀။ အနောတ္တပ္ပ - အကုသိုလ်လုပ်ရန် မကြောက်မှု။

www.burmeseclassic.com

www.burmeseclassic.com



**၁၀ ကျီးကန်း၏ မသူတော်တရား (၁၀) ပါး**

၁။ ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်၏။
၂။ ရဲတင်း၏။
၃။ တဏှာနှင့် ပြည့်စုံ၏။
၄။ အစားကြီး၏။
၅။ ကြမ်းကြုတ်၏။
၆။ သနားခြင်း ကရုဏာမရှိ။
၇။ အားနည်း၏။
၈။ မြည်တွန်တတ်၏။
၉။ သတိမေ့တတ်၏။
၁၀။ မစုဆောင်းတတ်။

(ဒသ အင်္ဂုတ္တိုရ်၊ ၃-အာဃာတဝဂ်၊ ၇-ကာကဝဂ်)

**၁၁ ခင်ပွန်းကြီး (၁၀) ပါး**

၁။ ဘုရား။
၂။ ရဟန္တာ။
၃။ ပစ္စေကဗုဒ္ဓါ။
၄။ အဂ္ဂသာဝက။
၅။ အမိ။
၆။ အဖ။
၇။ ဆရာ။
၈။ အသက်ကြီးသူ။
၉။ တရားပေးသူ။
၁၀။ အဝတ်အစားပေးသူ။

**၁၂ စကားကြီး (၁၀) ခွန်း**

၁။ ရေကူးညာတင် - လိုသည်ထက် ပို၍ပြောသောစကား။
၂။ ကောက်ပင်ရိတ်လှီး - တခွန်းတည်းနှင့် အပိုင်ပြောသည့် စကား။
၃။ ရေစီးဖောင်ဆန် - စကားပြောရာ၌ လက်ဝင်ပင်ပန်းသောစကား။

www.burmeseclassic.com

www.burmeseclassic.com



၄။ အိုးတန်ဆန်ခပ် - တဖက်လူနှင့် တန်သလောက် ပြောသောစကား။
၅။ ဆီပွတ်ကျည်ပွေ့ - တဖြေးဖြေး ကိုယ့်ဖက်ပါအောင် ပတ်ချွဲ နပ်ချွဲ ပြောသောစကား။
၆။ ဆင်ဝှေ့ရန်ရှောင်-ထမင်းရေပူလာ လျှာလွှဲတာဝန်ရှောင်သောစကား။
၇။ တောင်သူယာခုတ်-အခြေခံကို ပထမပြော၍ လိုရာကို နောက်မှပြောသောစကား။
၈။ ကြက်ဆုတ်ခွပ်ပစ် -မိမိအသာစီးရသည့်အခါ အပိုင်ပြောသောနည်း။
၉။ ရေစစ်ကရား -စကားအကုန် ပြောနည်း။
၁၀။ ခက်တင်မောင်းနှင်း- မတင်မကျစကား။

## ၁၃ ဆင် (၁၀) မျိုး

၁။ ကာဠာဝကဆင် - အမဲမျိုး။
၂။ ဂင်္ဂေယျဆင် - အမဲမျိုး။
၃။ ပဏ္ဍရဆင် - သာမညနီရောင်။
၄။ တမ္ဗဆင် - ကြေးနီရောင်။
၅။ ပိင်္ဂလဆင် - နီဝါရောင်။
၆။ ဂန္ဓဆင် - နံ့သာရောင်။
၇။ မင်္ဂလဆင် - ကျက်သရေရှိသောအရောင်။
၈။ ဟေမဆင် - ရွှေရောင်။
၉။ ဥပေါသထဆင် - ဝါဂွမ်းဖြူရောင်။
၁၀။ ဆဒ္ဒန္တဆင် - ဝါဂွမ်းဖြူရောင် (ကောင်းကင်ပျံနိုင်၏။) ဆဒ္ဒန္တဇာတ်။

## ၁၄ ဇာတ်ကြီး (၁၀) ဘွဲ့

၁။ တေမိယဇာတ်။
၂။ ဇနကဇာတ်။
၃။ သုဝဏ္ဏသာမဇာတ်
၄။ နေမိဇာတ်။
၅။ မဟောသဓာဇာတ်။
၆။ ဘူရိဒတ်ဇာတ်။
၇။ စန္ဒကုမာရဇာတ်။
၈။ နာရဒရသေ့ဇာတ်။
၉။ ဝိဓူရဇာတ်။
၁၀။ ဝေဿန္တရာဇာတ်။

သင်္ကေ။ ။တေ, ဇ, သု, နေ, မ, ဘူ, စံ, နာ, ဝိ, ဝေ။

www.burmeseclassic.com

www.burmeseclassic.com



**၁၅ ဒုစရိုက် (၁၀) ပါး (သို့မဟုတ်) အကုသိုလ်ကမ္မပထတရား (၁၀) ပါး**

၁။ ပါဏာတိပါတ - သူ့အသက် သတ်ခြင်း။
၂။ အဒိန္နာဒါန - အရှင်မပေးသည့်ဥစ္စာ ယူခြင်း။
၃။ ကာမေသုမိစ္ဆာစာရ- ကိလေသာတို့မှ မှားသောအားဖြင့် ကျင့်ခြင်း။
၄။ မုသာဝါဒ - မဟုတ်မမှန် ပြောဆိုခြင်း။
၅။ ပိသုဏာဝါစာ - ချောပစ်ကုန်းတိုက်ခြင်း။
၆။ ဖရုသဝါစာ - ကြမ်းတမ်းသော စကား ပြောခြင်း။
၇။ သမ္ဖပ္ပလာပ - အကျိုးမရှိ သိမ်ဖျင်းသောစကားကိုပြောခြင်း။
၈။ အဘိဇ္ဈာ - သူတပါး ချမ်းသာသည်ကို မလိုလားခြင်း။
၉။ ဗျာပါဒ - ကျိန်ဆဲခြင်း။
၁၀။ မိစ္ဆာဒိဋ္ဌိ - အယူလွဲမှားခြင်း။ (အင်္ဂုတ္တိုရ် မာတုဂါမသုတ်)

**၁၆ နောင်တ တရားကြီး (၁၀) ပါး သို့မဟုတ် ကုက္ကုစ္စ (၁၀) ပါး**

၁။ ငယ်ရွယ်စဉ်အခါကပစ္စည်းဥစ္စာမရှာခဲ့မိ၍အိုမင်းရင့်ရော် နောင်သော အခါမှ မရှိဆင်းရဲ မွဲပြာကျသောကြောင့် နောင်တကြီးစွာ ရခြင်း။

၂။ ငယ်ရွယ်စဉ်က ပညာသင်ကြားရန် အခွင့်အရေးရပါလျက် ပညာကို မသင်ကြားဘဲ ဆိုးပေတေကာ ကျောင်းပြေးလုပ်၍ နောင်ခါမှ အသက်မွေးမှု မပြည့်စုံခြင်းကြောင့် နောင်တကြီးစွာရခြင်း။

၃။ ကောက်ကျစ်စဉ်းလဲ ကုန်းချောစကားဖြင့် ရန်တိုက် ပေးခဲ့ မိသောကြောင့် သေရေးညောင်စောင်း လဲလျောင်းမိသောအခါ ငါပြုခဲ့မိတာ မှားလေခြင်းဟု နောင်တကြီးစွာရခြင်း။

၄။ သတ္တဝါများအား သနားမဖက် ရက်စက် ကြမ်းကြုတ်စွာ သတ်ခဲ့မိခြင်းကြောင့် သက်ရွယ် ကြီးရင့်လာသောအခါ ယူကြုံးမရဖြစ်ကာ နောင်တကြီးစွာ ရခြင်း။

၅။ မသွားလာအပ်သောသူ့မယားနှင့်သမီးများကိုသွားလာပေါင်းသင်း ဖျက်ဆီးမိခြင်းကြောင့် မိမိသားသမီးများရလာပါက နောင်တတဖန် ပူပန်ရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၆။ များစွာသော ပစ္စည်းဥစ္စာ ဂုဏ်အင်္ဂါနှင့်ပြည့်စုံခဲ့ပါလျက် ဒါနတည်းဟူသော လှူဒါန်းပေးကမ်းရန် သတိမရဘဲ မွဲပြာကျကာမှ ငါမလှူခဲ့မိတာ မှားလေခြင်းဟု နောင်တကြီးစွာ ရခြင်း။

၇။ မိအို့ဖအိုများကို ကျွေးနိုင်မွေးနိုင် ဥစ္စာအင်အား ရှိပါလျက် အသက်ထင်ရှားရှိစဉ်၌ကျွေးမွေးရန်သတိမရဘဲ သေလွန်သွားပါမှ ငါမကျွေးခဲ့မိတာ မှားလေခြင်းဟု နောင်တကြီးစွာ ရခြင်း။

၈။ မွေးသည့်မိခင်ဖခင် ကျေးဇူးရှင်တို့အား မထေမဲ့မြင်ပြုခဲ့ပြောခဲ့မိသောကြောင့် နောင်သောအခါမှ ရင်ထုမနာ ဖြစ်ရခြင်း။

၉။ သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသော ရဟန်းကောင်း ရဟန်းမြတ်လူပုဂ္ဂိုလ်များ ရှိပါလျက် မဆည်းကပ် မကိုးကွယ် မိခြင်းကြောင့် နောင်တကြီးစွာ ရခြင်း။

၁၀။ ငြိမ်သက်သောအကျင့်, ခြိုးခြံသောအကျင့်သည် ကောင်း၏ဟု သူတော်ကောင်းများ ဟောကြားခဲ့ပါလျက် တွေဝေသည့် အတွက် မကျင့်ကြံခဲ့မိသောကြောင့် အခါနှောင်းကာမှ နောင်တကြီးစွာ ရခြင်း။

(မဟာဇနကဇာတ်)

## ၁၇ ပါရမီ (၁၀) ပါး

၁။ ဒါနပါရမီ - သံသရာမှ လွတ်မြောက်ကြောင်း လှူဒါန်းမှု။
၂။ သီလပါရမီ-သံသရာမှလွတ်မြောက်ကြောင်းကိုယ်ကျင့်ဆောက်တည်မှု
၃။ နိက္ခမပါရမီ-သံသရာမှ လွတ်မြောက်ကြောင်းတောထွက်တရားရှာမှု။
၄။ ပညာပါရမီ-သံသရာမှလွတ်မြောက်ကြောင်း ဝိပဿနာပညာရှာမှီးမှု။
၅။ ဝီရိယပါရမီ - သံသရာမှလွတ်မြောက်ကြောင်း လုံ့လစိုက်မှု။
၆။ ခန္တီပါရမီ - သံသရာမှလွတ်မြောက်ကြောင်း အထူးသည်းခံမှု။
၇။ သစ္စပါရမီ - သံသရာမှ လွတ်မြောက်ကြောင်းမှန်စွာပြုလုပ်ပြောဆိုမှု။
၈။ အဓိဋ္ဌာနပါရမီ - သံသရာမှ လွတ်မြောက်ကြောင်း ဆောက်တည်မှု။
၉။ မေတ္တာပါရမီ - သံသရာမှ လွတ်မြောက်ကြောင်း သတ္တဝါတို့အား မေတ္တာထားမှု။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဥပေက္ခာပါရမီ - သံသရာမှ လွတ်မြောက်ကြောင်း အကောင်းအဆိုး ဟူသမျှကို လျစ်လျူရှုမှု။ (ဗုဒ္ဓဝံသ ပါဠိ)

## ၁၈ ပုည ကြိယာဝတ္ထု (၁၀) ပါး

| | | |
|---|---|---|
| ၁။ | ဒါန | - လှူဒါန်းပေးကမ်းခြင်း။ |
| ၂။ | သီလ | - ကိုယ်ကျင့်သီလ ဆောက်တည်ခြင်း။ |
| ၃။ | ဘာဝနာ | - သမထ,ဝိပဿနာ ပွားများခြင်း။ |
| ၄။ | အပစာယန | - ကြီးသူနှင့် ရှိသေထိုက်သူကို ရှိသေခြင်း။ |
| ၅။ | ဝေယျာဝစ္စ | - ကုသိုလ်ကောင်းမှု၌ ကူညီဆောင်ရွက်ခြင်း။ |
| ၆။ | ပတ္တိဒါန | - မိမိကောင်းမှုကို ပေးဝေခြင်း။ |
| ၇။ | ပတ္တာနုမောဒန | - သူတပါး ကောင်းမှုကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်း။ |
| ၈။ | ဓမ္မဿဝန | - တရားကို နာကြားခြင်း။ |
| ၉။ | ဓမ္မဒေသနာ | - မိမိသိသောတရားကိုသူတပါးအား ဟောပြခြင်း။ |
| ၁၀။ | ဒိဋ္ဌိဇုကမ္မ | - အယူဖြောင့်မှန်ခြင်း။ |

## ၁၉ မကျူးလွန်အပ်သော မိန်းမ (၁၀)မျိုး

| | | |
|---|---|---|
| ၁။ | မာတုရက္ခိတ | - အမိ စောင့်သော မိန်းမ။ |
| ၂။ | ပိတုရက္ခိတ | - အဖ စောင့်သော မိန်းမ။ |
| ၃။ | မာတာပိတုရက္ခိတ | - မိဖနှစ်ပါးစုံ စောင့်သော မိန်းမ။ |
| ၄။ | ဘာတုရက္ခိတ | - မောင်ကြီး, မောင်ငယ် စောင့်သော မိန်းမ။ |
| ၅။ | ဘဂိနိရက္ခိတ | - အမ,ညီမ စောင့်သောမိန်းမ။ |
| ၆။ | ဉာတိရက္ခိတ | - ဆွေမျိုးစောင့်သော မိန်းမ။ |
| ၇။ | ဂေါတ္တရက္ခိတ | - အမျိုးအနွယ် စောင့်သော မိန်းမ။ |
| ၈။ | ဓမ္မရက္ခိတ | - သီတင်းသုံးဖော် စောင့်သော မိန်းမ။ |
| ၉။ | သာရက္ခ | - အစောင့်အရှောက်နှင့်တကွ ပဋိသန္ဓေမှ စေ့စပ်ထားသော မိန်းမ။ |

www.burmeseclassic.com

www.burmeseclassic.com



၁၀။ သပရိဒဏ္ဍ - ဤမိန်းမကို သွားလာလျှင် ဒဏ်ခံရမည်ဟု မင်းက သတ်မှတ်ထားသော မိန်းမ။
(ဝိနည်းတော်)

## ၂၀ မကျူးလွန်အပ်သော မယား (၁၀) မျိုး

၁။ ဓနက္ကီတ - ငွေဖြင့် ဝယ်ထားသော မယား။
၂။ ဆန္ဒဝါသိနီ - နှစ်ဦးအလိုတူ၍ နေသော မယား။
၃။ ဘောဂဝါသိနီ - စည်းစိမ်ကြောင့် နေသော မယား။
၄။ ပဋဝါသိနီ - အဝတ်ပုဆိုး ပေး၍ ပေါင်းဖော်သောမယား။
၅။ ဩဒပတ္တကိနီ - ထိမ်းမြားလက်ထပ်၍ ထားသောမယား။
၆။ ဩဘဋစုမ္ဗဋ - ခေါင်းခုကိုချစေ၍ ပေါင်းဖော်သော ထင်းခွေ ရေခပ် မယား။
၇။ ဒါသီစဘရိယာစ- ကျွန်မလည်း ဖြစ်စေ, မယားလည်းဖြစ်စေ လယ်ယာ၌ ခိုင်းစေသော မယား။
၈။ ကမ္မကာရီ စ ဘရိယာ စ - အိမ်မှုလုပ်လည်း ဖြစ်စေ, မယားလည်း ဖြစ်စေ အိမ်ဖော် မယား။
၉။ ဓဇာဟဋာ - စစ်မြေမှ ဆောင်ယူလာသော မယား။
၁၀။ မုဟုတ္တိကာ - တခဏမျှ ငွေဖြင့်ဝယ်၍ထားသော ပြည့် တန်ဆာ မယား။

## ၂၁ မာရ်စစ်သည် (၁၀) ပါး

၁။ ကာမ - ကာမဂုဏ်ငါးပါး၌ တပ်နှစ်သက်မှု ရာဂ။
၂။ အရတိ - ကောင်းမှု၌ မမွေ့လျော်ခြင်း။
၃။ ခုပ္ပိပါသ - ဆာလောင်မွတ်သိပ်တတ်ခြင်း။
၄။ တဏှာ - စားသောက်ဖွယ်ကို ရှာမှီးခြင်း တပ်နှစ်သက်ခြင်း။
၅။ ထိန မိဒ္ဓ - စိတ် စေတသိက်တို့ ထိုင်းမှိုင်းခြင်း။
၆။ ဘီရု - ကြောက်လန့်ခြင်း။
၇။ ဝိစိကိစ္ဆာ - ရတနာသုံးပါး စသည်၌ ယုံမှားသံသယ ဖြစ်ခြင်း။
၈။ မက္ခ ထမ္ဘ - ကျေးဇူးမဲ့ကို ပြုတတ်ခြင်း, ခက်ထန်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၉။ လာဘသက္ကာရ သိလောကမိစ္ဆာလဒ္ဓ - မတရားသဖြင့် ရ အပ်သော လာဘ်ကျော်စောမှု အပူဇော်ခံရမှုများ။

၁၀။ အတ္တုက္ကံသန ပရဝမ္ဘန- ကိုယ့်ကိုယ်ကို မြှောက်ပင့်၍ သူတပါးကိုနှိမ့်ချ တတ်သော သဘောထား ယုတ်မာမှု။

မြတ်စွာဘုရားသည် မာရ်စစ်သည် ၁၀-ပါးကို အောင်တော်မူ၏။

(သုတ္တနိပါတ်ပါဠိတော် မဟာဝဂ် ပဓာနသုတ်)

## ၂၂ မင်းကျင့်တရား (၁၀) ပါး

၁။ သဒ္ဓါ - ရတနာသုံးပါး၌ ယုံကြည်မှု။
၂။ သီလ - ကိုယ်ကျင့်တရား တည်ဆောက်မှု။
၃။ ပရိစ္စာဂ - ပေးကမ်းစွန့်ကြဲမှု။
၄။ အဇ္ဇဝံ - ဖြောင့်မှန်မှု။
၅။ မဒ္ဒဝံ - နူးညံ့မှု။
၆။ တပံ - ဥပုသ်သီတင်း ဆောက်တည်မှု။
၇။ အက္ကောဓံ - အမျက် မထွက်မှု။
၈။ အဝိဟိံသာ- မညှဉ်းဆဲမှု။
၉။ ခန္တီ - သည်းခံမှု။
၁၀။ အဝိရောဓနံ - အများနှင့် မဆန့်ကျင်မှု။

(သုမင်္ဂလဇာတ်)

## ၂၃ မြတ်စွာဘုရား၏ ဉာဏဗလ (၁၀) ပါး

၁။ ဌာနာဋ္ဌာနဉာဏ်-အကြောင်းဟုတ်သည်မဟုတ်သည်ကိုသိသောဉာဏ်။
၂။ ကမ္မဝိပါကဉာဏ် -ကံတို့၏အကျိုးကို သိသောဉာဏ်။
၃။ သဗ္ဗတ္ထ ဂါမိနိ ပဋိပဒါဉာဏ်- ထိုထိုဘဝရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်များကို သိသောဉာဏ်။
၄။ အနေကဓာတုနာနာဓာတုဉာဏ်-ဓာတ်သဘာဝ အမျိုးမျိုးကိုသိသော ဉာဏ်။

---

၁။ ဒါန- ဟုမှတ်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၅။ နာနာဓိမုတ္တိကတာဉာဏ်-သတ္တဝါတို့၏ နှလုံးသွင်းခေတ်ခံကိုသိသော ဉာဏ်။

၆။ ဣန္ဒြိယပရောပရိယတ္တဉာဏ်-သတ္တဝါတို့၏ ဣန္ဒြေ အထက် အနုတို့ကို သိသောဉာဏ်။

၇။ ဈာနာဒိသံကိလိဋ္ဌဝေါဒါနဝုဋ္ဌာနဉာဏ်- ဈာန်စသည်၏ ဆုတ်ယုတ်မှု တိုးတက်မှု ထမှုကို သိသောဉာဏ်။

၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်-ရှေးဘဝက အဖြစ်ကိုသိသောဉာဏ်။

၉။ စုတူပပါတဉာဏ်-သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကိုသိသော ဉာဏ်။

၁၀။ အာသဝက္ခယဉာဏ်-အာသဝေါတို့၏ ကုန်ခန်းရာနိဗ္ဗာန်ကို သိသော အရဟတ္တမဂ်ဉာဏ်။ (မူလပဏ္ဏာသ-မဟာသီဟနာဒသုတ်)

## ၂၄ ရဟန်းများ မစားအပ်သော အသားကြီး (၁၀) မျိုး

| | |
|---|---|
| ၁။ လူသား။ | ၆။ ကျားသား။ |
| ၂။ ခွေးသား။ | ၇။ ခြင်္သေ့သား။ |
| ၃။ မြွေသား။ | ၈။ ကျားသစ်သား။ |
| ၄။ မြင်းသား။ | ၉။ ဝံသား။ |
| ၅။ ဆင်သား။ | ၁၀။ အောင်းသား။ |

(ခုဒ္ဒသိက္ခာ-ဝိနည်းတော်မှ)

## ၂၅ လူ့အလို မလိုက်နိုင်သော ခေတ်ကြီး (၁၀) ပါး

| | |
|---|---|
| ၁။ သီတ - အအေးခေတ်။ | ၆။ ပဿာဝ - ကျင်ငယ် စွန့်လိုခြင်း။ |
| ၂။ ဥဏှ - အပူခေတ်။ | ၇။ ထိနမိဒ္ဓ - စိတ်စေတသိက်တို့ ထိုင်းမှိုင်းခြင်း။ |
| ၃။ ဇိဃစ္ဆာ- ဆာလောင်ခြင်း။ | ၈။ ဇရာ - အိုခြင်း။ |
| ၄။ ပိပါသ - မွတ်သိပ်ခြင်း။ | ၉။ ဗျာဓိ - နာခြင်း။ |
| ၅။ ဥစ္စာရ - ကျင်ကြီးစွန့်လိုခြင်း။ | ၁၀။ မရဏ - သေခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com



၂၆ လောကုတ္တရာတရား (၁၀) ပါး

၁။ သောတာပတ္တိမဂ်။
၂။ သကဒါဂါမိမဂ်။
၃။ အနာဂါမိမဂ်။
၄။ အရဟတ္တမဂ်။
၅။ သောတာပတ္တိဖိုလ်။
၆။ သကဒါဂါမိဖိုလ်။
၇။ အနာဂါမိဖိုလ်။
၈။ အရဟတ္တဖိုလ်။
၉။ နိဗ္ဗာန်။
၁၀။ ပရိယတ္တိ။ (ပိဋကသုံးပုံကို ဆိုအပ်၏။)

၂၇ ဝိပဿနာဉာဏ် (၁၀) ပါး

၁။ သမ္မသနဉာဏ် - ခန္ဓာ ၀ါးပါးအား လက္ခဏာ သုံးပါးဖြင့် သုံးသပ်၍ ရှုသောဉာဏ်။

၂။ ဥဒယဗ္ဗယဉာဏ်- ခန္ဓာငါးပါးတို့၏ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုသောဉာဏ်။

၃။ ဘင်ဉာဏ် - ခန္ဓာငါးပါး၏ ပျက်ခြင်းကိုသာ အဖန်တလဲလဲ ရှုသော ဉာဏ်။

၄။ ဘယဉာဏ် - ခန္ဓာငါးပါးကို ကြောက်မက်ဖွယ်ဘေးကြီးဟု အဖန် တလဲလဲ ရှုသောဉာဏ်။

၅။ အာဒီနဝဉာဏ်- ခန္ဓာငါးပါးတို့အား အပြစ်အားဖြင့်ရှုသောဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ်- ခန္ဓာငါးပါးတို့၌ ငြီးငွေ့သောအစွမ်းအားဖြင့် ရှုသော ဉာဏ်။

၇။ မုစ္စိတုကမျတာဉာဏ် - ခန္ဓာငါးပါးတို့မှ လွတ်မြောက်ခြင်းငှါ ရှုသော ဉာဏ်။

၈။ ပဋိသင်္ခါဉာဏ်- ခန္ဓာငါးပါးတို့အားသိမ်းဆည်းခြင်းအစွမ်းဖြင့်ရှုသော ဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ်- ခန္ဓာငါးပါးတို့၌ကြောက်ခြင်း နှစ်သက်ခြင်းနှင့် လျစ်လျူရှုသောဉာဏ်။

၁၀။ အနုလောမဉာဏ် - လက္ခဏာသုံးပါးကို ရှုသည်၏အဖြစ်ဖြင့် မဂ်အား လျော်စွာ ရသောဉာဏ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၈ ဝိပဿနာ ညစ်ညူးကြောင်း (၁၀) ပါး

၁။ ဩဘာသ - စိတ်ဓာတ်၏ ကြည်လင်မှုကြောင့် ကိုယ်မှ ထွက်သော အရောင်အဝါ။
၂။ ပီတိ - ဝိပဿနာနှင့် ယှဉ်သော ပီတိ။
၃။ ပဿဒ္ဓိ - ပဿဒ္ဓိစေတသိက် နှစ်ပါး။
၄။ အဓိမောက္ခ - ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ယုံကြည်သောသဒ္ဓါ။
၅။ ပဂ္ဂဟ - အားပေးတတ်သော ဝီရိယ။
၆။ သုခ - တကိုယ်လုံး အေးမြစေသော သုခဝေဒနာ။
၇။ ဉာဏ - ထက်မြက်သော ဝိပဿနာဉာဏ်။
၈။ ဥပဋ္ဌာန - စွဲမြဲစွာတည်သော သတိ။
၉။ ဥပေက္ခာ - အသင့်အားဖြင့် ရှုစားတတ်သော တတြမဇ္ဈတ္တတာ။
၁၀။ နိကန္တိ - ဝိပဿနာဉာဏ်၌ နှစ်သက်နေမှု တဏှာ။

## ၂၉ သာမဏေ၏ လိင် (၁၀) ပါး

၁။ ပါဏာတိပါတီဟောတိ- လူအသက်သတ်ခြင်း ဖြစ်၏။
၂။ အဒိန္နာဒါယီ ဟောတိ - အရှင်မပေးသောပစ္စည်းကို ခိုးခြင်းဖြစ်၏။
၃။ အဗြဟ္မစာရီဟောတိ-မမြတ်သောမေထုန်အကျင့်ကို ကျင့်ခြင်းဖြစ်၏။
၄။ မုသာဝါဒီ ဟောတိ - အကျိုး ထိခိုက်အောင် လိမ်ပြောခြင်းဖြစ်၏။
၅။ သုရာမေရယမဇ္ဇပါယီ ဟောတိ-သေရည်သေရက်သောက်ခြင်းဖြစ်၏။
၆။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ - ဘုရားကို ကျေးဇူးမဲ့ ကဲ့ရဲ့၏။
၇။ ဓမ္မဿ အဝဏ္ဏံ ဘာသတိ - တရားကို ကျေးဇူးမဲ့ ကဲ့ရဲ့၏။
၈။ သံဃဿ အဝဏ္ဏံ ဘာသတိ - သံဃာကို ကျေးဇူးမဲ့ ကဲ့ရဲ့၏။
၉။ မိစ္ဆာဒိဋ္ဌိကော ဟောတိ - ဘာသာအယူလွဲခြင်း ဖြစ်၏။
၁၀။ ဘိက္ခုနိဒူသကော ဟောတိ - ရဟန်းမိန်းမကို ဖျက်ဆီးခြင်းသည် ဖြစ်၏။

(သေခိယ သိက္ခာ)

www.burmeseclassic.com

www.burmeseclassic.com



၃၀ သာမဏေ၏ ဒဏ် (၁၀) ပါး

၁။ ဝိကာလဘောဇနာဝေရမဏီ - ညစာ စားခြင်းသည် ဖြစ်၏။

၂။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ - ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ကြည့်ရှုနားထောင်ခြင်း ဖြစ်၏။

၃။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနာ ဝေရမဏီ - ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, မျက်နှာအလှပြေအပြစ်ပြုခြင်း ဖြစ်၏။

၄။ ဥစ္စာသယနမဟာသယနာ ဝေရမဏီ - မြင့်သောနေရာ,မြတ်သောနေရာ၌နေခြင်း ဖြစ်၏။

၅။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ - ရွှေ,ငွေကိုင်တွယ်ခြင်းဖြစ်၏။

၆။ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ - ရဟန်းတို့အား လာဘ်မရအောင် ပြုကျင့်ခြင်း။

၇။ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ - ရဟန်းတို့အား အရိပ်မရအောင် ပြုကျင့်ခြင်း။

၈။ ဘိက္ခူနံအနတ္ထာယပရိသက္ကတိ - ရဟန်းတို့အား အကျိုးမဲ့ကို ပြုကျင့်ခြင်း။

၉။ ဘိက္ခူအက္ကောသတိ ပရိဘာသတိ - ရဟန်းတို့ကို ဆဲရေးခြင်း။

၁၀။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ-ရဟန်းတို့အား ကွဲပြားအောင်ကုန်းတိုက်ခြင်း။ (သေခိယ သိက္ခာ)

၃၁ သာမဏေ၏ (၁၀) ပါး သီလ

| | |
|---|---|
| ၁။ ပါဏာတိပါတာ။ | ၆။ ဝိကာလဘောဇနာ။ |
| ၂။ အဒိန္နာဒါနာ။ | ၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန။ |
| ၃။ အဗြဟ္မစရိယာ။ | ၈။ မာလာဂန္ဓဝိလေပန ဓာရဏမဏ္ဍန ဝိဘူသန။ |
| ၄။ မုသာဝါဒါ။ | ၉။ ဥစ္စာသယန မဟာသယနာ။ |
| ၅။ သုရာမေရယ။ | ၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ |



www.burmeseclassic.com

www.burmeseclassic.com



**အနက်** ၁၀–ရွှေ, ငွေကို ကိုင်တွယ် သုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ၏။

**မှာထားချက်။** ။လူ၏ (၁၀) ပါးသီလသည်လည်း ဤအတိုင်းပင်ဖြစ်၏၊ (သို့သော်) သီလတောင်းခံရာ၌ ခြားနား၏။

**သာမဏေမှ သီလ တောင်းဆိုသောအခါ**

(က) အဟံ ဘန္တေ တိသရဏေန သဟ ဒသ (**သာမဏေရပဗ္ဗဇ္ဇာသီလံ**) ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ခ) ဒုတိယမ္ပိ။ ငင်း

(ဂ) တတိယမ္ပိ။ ငင်း

**လူမှ သီလ တောင်းဆိုသောအခါ**

(က) အဟံ ဘန္တေ တိသရဏေန သဟ ဒသ (ဂဟဋ္ဌသီလံ) ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ခ) ဒုတိယမ္ပိ။ ငင်း

(ဂ) တတိယမ္ပိ။ ငင်း (ဤနေရာ၌သာ ခြားနား၏။)

**၃၂ သုစရိုက် (၁၀) ပါး**

၁။ ပါဏာတိပါတာ ဝိရတိ - သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏။

၂။ အဒိန္နာဒါန ဝိရတိ - သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်၏။

၃။ ကာမေသု မိစ္ဆာစာရဝိရတိ - သူ့သား အိမ်ယာ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်၏။

၄။ မုသာဝါဒ ဝိရတိ - မဟုတ်မမှန် ပြောဆိုမှုမှ ရှောင်ကြဉ်၏။

၅။ ပိသုဏာဝါစာ ဝိရတိ - ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်၏။

၆။ ဖရုသဝါစာ ဝိရတိ -ကြမ်းတမ်းသော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ သမ္ဖပ္ပလာပဝိရတိ-အကျိုးမရှိသောစကားပြောဆိုခြင်းမှရှောင်ကြဉ်၏။

၈။ နှ အဘိဇ္ဈာ - သူတပါး ချမ်းသာမှုကို လိုလားခြင်း။

၉။ အဗျာပါဒ - ကျိုန်ဆဲမှု မရှိခြင်း။

၁၀။ သမ္မာဒိဋ္ဌိ - အယူဖြောင့်မှန်ခြင်း။ (အင်္ဂုတ္တိုရ်-မာတုဂါမသုတ်)

## ၃၃ သံဃာကွဲပြားမှု (၁၀) ပါး

၁။ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြကုန်၏။

၂။ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြကုန်၏။

၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ပြကုန်၏။

၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြကုန်၏။

၅။ ဘုရားမဟောအပ်သည်ကို ဘုရားဟောအပ်၏ဟု ပြကုန်၏။

၆။ ဘုရားဟောအပ်သည်ကို ဘုရားမဟောအပ်ဟု ပြကုန်၏။

၇။ ဘုရားမလေ့ကျက်အပ်သည်ကို ဘုရားလေ့ကျက်အပ်၏ဟု ပြကုန်၏။

၈။ ဘုရားလေ့ကျက်အပ်သည်ကို ဘုရားမလေ့ကျက်အပ်ဟု ပြကုန်၏။

၉။ ဘုရားမပညတ်သည်ကို ဘုရားပညတ်၏ဟု ပြကုန်၏။

၁၀။ ဘုရားပညတ်သည်ကို ဘုရားမပညတ်ဟု ပြကုန်၏။

(ဒသက အင်္ဂုတ္တိုရ်၊ ၄-ဥပါလိဝဂ်၊ ၇-သံဃဘေဒသုတ်)

## ၃၄ သံဃာညီညွတ်ခြင်း (၁၀) ပါး

၁။ တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြကုန်၏။

၂။ တရားဟုတ်သည်ကို တရားဟုတ်၏ဟု ပြကုန်၏။

၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြကုန်၏။

၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ပြကုန်၏။

၅။ ဘုရားမဟောအပ်သည်ကို ဘုရားမဟောအပ်ဟု ပြကုန်၏။

၆။ ဘုရားဟောအပ်သည်ကို ဘုရားဟောအပ်၏ဟု ပြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဘုရားမလေ့ကျက်အပ်သည်ကို ဘုရားမလေ့ကျက်အပ်ဟု ပြကုန်၏။
၈။ ဘုရားလေ့ကျက်အပ်သည်ကို ဘုရားလေ့ကျက်အပ်ဟု ပြကုန်၏။
၉။ ဘုရားမပညတ်သည်ကို ဘုရားမပညတ်ဟု ပြကုန်၏။
၁၀။ ဘုရားပညတ်သည်ကို ဘုရားပညတ်၏ဟု ပြကုန်၏။

(ဒသကအင်္ဂုတ္တိုရ်)

**၃၅ မလ္လအပ်သောအလှူ (၁၀)မျိုး**

၁။ မဇ္ဇဒါန - မူးယစ်စေတတ်သော သေရည်သေရက်လှူခြင်း။
၂။ သမဇ္ဇဒါန - ပွဲလမ်းသဘင် စသည်အားဖြင့် လှူခြင်း။
၃။ ဣတ္ထိဒါန - မေထုန်မှုပြုရန် မိန်းမ လှူခြင်း။
၄။ ဥသဘဒါန - မေထုန်အမှုပြုရန် နွားလား ဥသဘ စသည်လှူခြင်း။
၅။ စိတ္တကမ္မဒါန - ကာမဂုဏ်စိတ်ဖြစ်စေရန် စာပန်းချီကားချပ် လှူခြင်း။
၆။ သတ္ထဒါန - သတ်ဖြတ်ညှဉ်းဆဲရန် ဒုက် ခါး လက်နက်လှူခြင်း။
၇။ ဝိသဒါန - သေလိုက သေစေရန် အဆိပ်ကို လှူခြင်း။
၈။ သင်္ခလိကဒါန- လက်ထိပ် သံခြေကျဉ်းကို လှူခြင်း။
၉။ ကုက္ကုဋ္ဌ သူရကဒါန- သတ်ဖြတ်စားသောက်ရန် ကြက်, ဝက် စသည် လှူခြင်း။
၁၀။ တုလာကူဋ္ဌ မာနကူဋ္ဌဒါန- ရောင်းဝယ်ရာ၌ စဉ်းလဲ ကောက်ကျစ်ရန် မမှန်သော တင်း, တောင်း, အလေး,ချိန်ခွင် အတိုင်းအတာလှူခြင်း။

**၃၆ စကားအရာ အင်္ဂါ (၁၀) ပါး**

၁။ ကာလဝါဒီ - ပြောချိန်ပြောခွင့်သင့်မှ ပြောဆိုခြင်း။
၂။ ဘူတဝါဒီ - ဟုတ်မှန်သောစကားကိုသာ ပြောဆိုခြင်း။
၃။ ဓမ္မဝါဒီ - တရားနှင့်စပ်သည်ကိုသာ ပြောဆိုခြင်း။
၄။ အတ္ထဝါဒီ - အကျိုးနှင့် စပ်သည်ကိုသာ ပြောဆိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ ပိယဝါဒီ - ချစ်ဖွယ်သောစကားကိုသာ ပြောဆိုခြင်း။
၆။ မိဟိတပုဗ္ဗဘာဏီ-ပြုံး၍ရွှင်ခြင်းကိုသာ ရှေးဦးပြု၍ ပြောဆိုခြင်း။
၇။ မိတဘာဏီ - မပို မလွန် ချင့်ချိန်၍ ပြောဆိုခြင်း။
၈။ အတုရိတဝါဒီ - အဆောတလျင် မပြောဆိုခြင်း။
၉။ ပေါရီ - ပြည်ကြီးသူ ပြည်ကြီးသားတို့ဓလေ့ထုံးစံကိုလိုက်၍ ပြောဆိုခြင်း။
၁၀။ ဝိသဒဝါဒီ - သန့်ရှင်းသေချာ၊ ဌာန်ကရိုဏ်းကျအောင် ပြောနိုင်ခြင်း။

## ၉၇ အသဘာဝရုပ် (၁၀) ပါး

၁။ အာကာသ ခေတ်ဟူသော - ပရိစ္ဆေဒရုပ်...........၁

| | |
|---|---|
| ၂။ ကာယဝိညတ်-ကိုယ်၏လှုပ်ရှားမှုအမူအရာ...........၁ | ဝိညတ်ရုပ် (၂) |
| ၃။ ဝစီဝိညတ် - ပြောဆိုမှု စကားသံ၏ အမူအရာ....၁ | |
| ၄။ လဟုတာ - ရုပ်၏ ပေါ့ခြင်းအမူအရာ...............၁ | ဝိကာရရုပ် (၃) |
| ၅။ မုဒုတာ - နူးညံ့ခြင်း၏ အမူအရာ...................၁ | |
| ၆။ ကမ္မညတာ -လှုပ်ရှားသွားလာခြင်း၏အမူအရာ....၁ | |
| ၇။ ဥပစယ - ရုပ်တို့၏ ဖြစ်ပေါ်ခြင်း.......................၁ | လက္ခဏာရုပ် (၄) |
| ၈။ သန္တတိ - ရုပ်တို့၏ဖြစ်စဉ်.................................၁ | |
| ၉။ ဇရတာ -ရုပ်တို့၏ ရင့်ရော်ဆွေးမြေ့ခြင်း ............၁ | |
| ၁၀။ အနိစ္စတာ-ရုပ်တို့၏ချုပ်ပျက်ခြင်း .......................၁ | |

အသဘာဝရုပ်ပေါင်း................ (၁၀) ပါး။

**၁၀-ပါးသော တရားကား နိဋ္ဌိတံ။**

www.burmeseclassic.com

www.burmeseclassic.com

# ၁၁-ပါးစသော အစုအများ

၁ မီး (၁၁) ပါး

| | |
|---|---|
| ၁။ ရာဂမီး | - တပ်မက်ခြင်း။ |
| ၂။ ဒေါသမီး | - အမျက်ထွက်ခြင်း။ (အပြစ်) |
| ၃။ မောဟမီး | - အမြင်မှန် မရခြင်း။ |
| ၄။ ဇာတိမီး | - ပဋိသန္ဓေ နေရခြင်း။ |
| ၅။ ဇရာမီး | - အိုမင်း ရင့်ရော်ခြင်း။ |
| ၆။ မရဏမီး | - သေကျေပျက်စီးခြင်း။ |
| ၇။ သောကမီး | - ပူဆွေးခြင်း။ |
| ၈။ ပရိဒေဝမီး | - ငိုကြွေးခြင်း။ |
| ၉။ ဒုက္ခမီး | - ကိုယ်ဆင်းရဲခြင်း။ |
| ၁၀။ ဒေါမနဿမီး | - စိတ်ဆင်းရဲခြင်း။ |
| ၁၁။ ဥပါယာသမီး | - သက်ကြီး ရှိုက်ငင် ဖြစ်ခြင်း။ |

၂ ကာမ (၁၁) ဘုံ

| | |
|---|---|
| ၁။ ငရဲဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၂။ တိရစ္ဆာန်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၃။ ပြိတ္တာဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၄။ အသုရကာယ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၅။ လူ့ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၆။ စာတုမဟာရာဇ်နတ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၇။ တာဝတိံသာနတ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၈။ ယာမာနတ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၉။ တုသိတာနတ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၁၀။ နိမ္မာနရတိနတ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |
| ၁၁။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ | - ကာမဂုဏ်တရား ရှိ၏။ |

www.burmeseclassic.com

www.burmeseclassic.com



၉ ဆဲရေးတတ်သော ရဟန်း၏ ပျက်စီးခြင်း (၁၁) မျိုး

၁။ မရသေးသည့် ကျေးဇူးတရားကို မရ။
၂။ ရပြီးသော ကျေးဇူးတရားကို ယုတ်လျော့စေ၏။
၃။ ထိုရဟန်း၏ သူတော်ကောင်းတရားတို့သည် မပြန့်ပြူးစင်ကုန်။
၄။ သူတော်ကောင်းတရားတို့၌လည်း အထင်ကြီးသူ ဖြစ်၏။
၅။ မမွေ့လျော်ဘဲ မြတ်သော အကျင့်ကို ကျင့်သုံးရ၏။
၆။ ညစ်နွမ်းသော အာပတ်အမျိုးမျိုးသို့ ရောက်၏။
၇။ သိက္ခာချ၍သော်လည်း လူထွက်ရ၏။
၈။ ဆေးကုခက်ပြင်းပြသော အနာရောဂါ နာကျင်ကပ်ရောက်တတ်၏။
၉။ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းသို့သော်လည်း ရောက်ရ၏။
၁၀။ တွေတွေဝေဝေ ကွယ်လွန်ရ၏။
၁၁။ ကွယ်လွန်သောအခါ ဖရိုဖရဲ အပါယ်ငရဲသို့ ကျရောက်ရ၏။

(ကောဒသက အင်္ဂုတ္တိုရ်၊ ၁-နိရယဝဂ်၊ မျသနသုတ်)

၄ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး (၁၁) ပါး

၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ - မသိမှုကြောင့် ပြုပြင်စီမံမှု ဖြစ်ရခြင်း။
၂။ သင်္ခါရပစ္စယာ ဝိညာဏံ - ပြုပြင် စီမံမှုကြောင့် အမိဝမ်း၌ ဝိညာဏ် တွယ်ရခြင်း။
၃။ ဝိညာဏပစ္စယာ နာမရူပံ - ဝိညာဏ်တွယ်ခြင်းကြောင့် နာမ်ရုပ်သတ္တဝါ ဖြစ်ပေါ်ခြင်း။
၄။ နာမရူပပစ္စယာ သဠာယတနံ - နာမ်ရုပ်သတ္တဝါ ဖြစ်ပေါ်ခြင်းကြောင့် ဒွါရခြောက်ပေါက် ဖြစ်ပေါ်ခြင်း။
၅။ သဠာယတနပစ္စယာ ဖဿော - ဒွါရခြောက်ပေါက် ဖြစ်ပေါ်ခြင်း ကြောင့် အာရုံကို ထိခိုက်မိခြင်း။
၆။ ဖဿပစ္စယာ ဝေဒနာ - အာရုံထိခိုက်ခြင်းကြောင့် ကောင်း,မကောင်း ခံစားခြင်း။
၇။ ဝေဒနာပစ္စယာ တဏှာ - ကောင်း, မကောင်း ခံစားခြင်းကြောင့် ခံစားလိုစိတ် ပေါ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၈။ တဏှာပစ္စယာ ဥပါဒါနံ - ခံစားလိုသော စိတ်ကြောင့် စွဲစွဲလမ်းလမ်း ဖြစ်ရခြင်း။

၉။ ဥပါဒါနပစ္စယာ ဘဝေါ - စွဲစွဲ လမ်းလမ်း ဖြစ်ရခြင်းကြောင့် ဘဝကို ဆုတောင်းခြင်း။

၁၀။ ဘဝပစ္စယာ ဇာတိ - ဘဝကို ဆုတောင်းခြင်းကြောင့် အမိဝမ်း၌ ပဋိသန္ဓေ နေရခြင်း။

၁၁။ ဇာတိပစ္စယာ ဇရာမရဏံ - ပဋိသန္ဓေနေရခြင်းကြောင့် အို, နာ, သေ ဖြစ်ရခြင်း။

၅ ရုပ် (၁၁) မျိုး

၁။ အတီတ - ဖြစ်ပြီးသော ရုပ်။

၂။ အနာဂတ - ဖြစ်လတံ့သော ရုပ်။

၃။ ပစ္စုပ္ပန္န - ဖြစ်ဆဲ ရုပ်။

၄။ အဇ္ဈတ္တ - အတွင်းသန္တာန်၌ ဖြစ်သော ရုပ်။

၅။ ဗဟိဒ္ဓ - အပသန္တာန်၌ ဖြစ်သော ရုပ်။

၆။ ဩဠာရိက - ကြမ်းတမ်းသော ရုပ်။

၇။ သုခုမ - နူးညံ့သိမ်မွေ့သော ရုပ်။

၈။ ဟီန - ယုတ်ညံ့သော ရုပ်။

၉။ ပဏီတ - မြင့်မြတ်သော ရုပ်။

၁၀။ ဒူရေ - ဝေးသော (အသိခက်သော ရုပ်။)

၁၁။ သန္တိကေ - နီးသော ရုပ် (အသိလွယ်သော ရုပ်။)

(ဝိဘင်္ဂပါဠိတော်)

၆ ကုန်းဘောင်မင်း (၁၁) ဆက်

၁။ အလောင်းဘုရား - ၁၁၁၄-ခုနှစ်၊ နန်းတက်၊ စည်းစိမ် (၈) နှစ်၊ အိမ်နိမ့် (၃၈) နှစ်၊ငယ်နာမည်ဦးအောင်ဇေယျ၊ သောကြာသား။

၂။ (၎င်း၏သား) နောင်တော်ကြီး၊ ၁၁၂၂-ခုနှစ်၊ နန်းတက်၊ စည်းစိမ် (၃ )နှစ်၊ အိမ်နိမ့်(၂၆) နှစ်၊ ငယ်မည် မောင်ကောက်၊ အင်္ဂါသား။

www.burmeseclassic.com

www.burmeseclassic.com



၃။ (ၵင်း၏ညီ) ဆင်ဖြူရှင်-၁၁၂၅ ခုနှစ်၊ နန်းတက်၊ စည်းစိမ် (၁၃) နှစ်၊ အိမ်နိမ့် (၂၇) နှစ်၊ ငယ်မည် မောင်ရွှေ၊ တနင်္ဂနွေသား။

၄။ (ၵင်း၏သား) စဉ့်ကူးမင်း၊ ၁၁၃၈ ခုနှစ်၊ နန်းတက်၊ စည်းစိမ် (၆) နှစ် အိမ်နိမ့် (၂၀) နှစ်၊ ငယ်မည် မောင်ရဲလှ၊ တနင်္လာသား။

၅။ (နောင်တော်ကြီး၏သား) ဖေါင်ကားမင်း၊ ၁၁၄၃ ခုနှစ် နန်းတက် စည်းစိမ် (၇) ရက်၊ အိမ်နိမ့် (၈) နှစ်၊ ငယ်မည်-မောင်မောင်၊ ကြာသပတေးသား။

၆။ (အလောင်းဘုရား၏သား) ပဒုံမင်း၊ ၁၁၄၃ ခုနှစ်၊ နန်းတက်၊ စည်းစိမ် (၃၇) နှစ် အိမ်နိမ့် (၃၈) နှစ်၊ ငယ်မည် မောင်ဝိုင်း၊တနင်းလာသား။

၇။ (ၵင်း၏မြေး) မှန်နန်းရှင်၊ ၁၁၈၁ ခုနှစ်နန်းတက်၊ စည်းစိမ်(၁၈)နှစ်၊ အိမ်နိမ့် (၃၅) နှစ်၊ ငယ်မည် မောင်စိန်၊ သောကြာသား။

၈။ (ၵင်း၏ညီ) ကုန်းဘောင်မင်း၊ ၁၁၉၉ ခုနှစ်၊ နန်းတက်၊စည်းစိမ်(၉) နှစ်၊ အိမ်နိမ့် (၅၀) နှစ်၊ ငယ်မည် မောင်ခင်၊ ဗုဒ္ဓဟူးသား။

၉။ (ၵင်း၏သား) ပုဂံမင်း၊ ၁၂၀၈ ခုနှစ် နန်းတက်၊ စည်းစိမ် (၆) နှစ် အိမ်နိမ့် (၃၅) နှစ်၊ ငယ်မည် မောင်ထောင်၊ သောကြာသား။

၁၀။ (ၵင်း၏ညီ) မင်းတုန်းမင်း၊၁၂၁၄ ခုနှစ်၊ နန်းတက်၊ စည်းစိမ်(၂၆) နှစ်၊ အိမ်နိမ့် (၃၈) နှစ်၊ ငယ်မည် မောင်လွင်၊ အင်္ဂါသား။

၁၁။ (ၵင်း၏သား) သီပေါမင်း၊ ၁၂၄၀ ခုနှစ် နန်းတက်၊ စည်းစိမ် (၇) နှစ်၊ အိမ်နိမ့် (၂၀) နှစ်၊ ငယ်မည် မောင်ထွန်းအေး၊ စနေသား။

ကုန်းဘောင်မင်း (၁၁) ဆက်၊ သို့မဟုတ် (၁၅)ဆက်သော မင်းတို့၏နေ့နံများကား အောက်ပါအတိုင်းဖြစ်သည်။

သစ်၊ စာ၊ အာ၊ ကျင့်၊ မှန်၊ ကု၊ သ၊ လာ၊ သစ်၊ စံ၊ တ၊ မံ၊ အာ၊ စောင့်၊ ထား။ မုဆိုးတကျိပ်ငါးဟု စာဆိုရှိခဲ့၏။ ယင်းစာဆိုအရ ကုန်းဘောင်မင်း (၁၅)ဆက်ရှိမည်ဖြစ်သော်လည်း (၁၁) ဆက်မြောက် တ ဟူသော စနေသား သီပေါမင်းလက်ထက်၌ မင်းဆက်ပြတ်ခဲ့၏။ ကျန်လေးဆက်ကား ဖော်မပြနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မင်းဆက်မပြတ်မီ သိပေါမင်းလက်ထက်၌ တပေါင်ပေါ်လာသည်ကား-တုံးအောက်ကတီတွန်၊ လူလွန်မ်သား၊ မုန့်ဆီကြော် အလယ်အက်၊ ပြည်ပျက်မဲ့သား ဟု တပေါင်ပေါ်ခဲ့၏။

**မှတ်ချက်။** ။မင်းတုန်းဘုရင်၏ သားတော်အများထဲမှ ထီးနန်းရထိုက်သော သားတော်အကြီးတွေရှိနေလျက်၊ အောက်လူ(အငယ်)ဖြစ်သော တီစနေသား၊ သီပေါက ထီးနန်းကိုရသွားသဖြင့် တုံးအောက်က တီ တွန် ဟု တပေါင်က ဆိုသည်။ နောက် သီပေါမင်းသားသည်၊ လူထက်လွန်ကဲ၍ ဖြစ်သော ရဟန်းမှလူထွက်လာသူဖြစ်သောကြောင့်၊ လူလွန်မှသားဟု တပေါင်ကဆိုပြန်သည်။ တဖန်နန်းတွင်းအရေးအခင်းတွင် ဝန်ကြီးများ၌ ကင်းဝန်မင်းကြီးအုပ်စုနှင့် တိုင်တားမင်းကြီးအုပ်စုတို့ မညီမညွတ်ဖြစ်လျက် စိတ်ဝမ်းကွဲနေကြသဖြင့်၊ မုန့်ဆီကြော် အလယ်အက်၊ ပြည်ပျက်မဲ့သား ဟု တပေါင်ပေါ်လာခြင်းဖြစ်တော့သည်။

## ၇ သိမ်ပျက် (၁၁) ပါး

၁။ အလွန်သေးငယ်သောသိမ် - (၂၁) ပါးသော ရဟန်းတို့ မစည်းဝေးလောက်သည့်ဖြစ်သော အနံ (၉) ပေခွဲ၊ အလျား ၁၀ ပေထက် မငယ်ရ။

၂။ အလွန်ကြီးသော သိမ် - ဒေါင့်တဖက်နံရံမှ၊ ဒေါင့်တဖက်နံရံသို့ (၃) ဇယူနာထက် မကျယ်ရ၊ (၂၇) မိုင် (၂) ဖါလုံ အတောင် (၈၀)

၃။ နိမိတ်ကျိုးသောသိမ် - အရှေ့အရပ်မျက်နှာမှစ၍ အရပ်ရှစ်မျက်နှာသို့၊ လကျ်ာရစ်လည်ပြီး နိမိတ်ကြားသည့်အခါ အရှေ့မျက်နှာသို့ ထပ်မိသည့်တိုင်အောင် နိမိတ်မကြားမိသောသိမ်။

၄။ အရိပ်နိမိတ်ရှိသောသိမ် - တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ရိပ်တို့တွင် တခုခုအရိပ်ကို နိမိတ်ပြု၍ သမုတ်အပ်သော သိမ်။

၅။ နိမိတ်မရှိသော သိမ် - နိမိတ်တခုကိုမျှမကြားပဲသမုတ်အပ်သောသိမ်။

၆။ သိမ်အပ၌ နေ၍သမုတ်အပ်သောသိမ် - နိမိတ်ကိုကြားပြီးလျှင် နိမိတ်အပြင်ဖက်မှနေ၍ သမုတ်အပ်သော သိမ်။

၇။ မြစ်၌ သမုတ်အပ်သော သိမ်။

၈။ သမုဒ္ဒရာ၌ သမုတ်အပ်သော သိမ်။

www.burmeseclassic.com

www.burmeseclassic.com



၉။ ဇာတာဿရ အိုင်၌ သမုတ်အပ်သော သိမ်။
၁၀။ မိမိသိမ်နှင့် သူတပါးသိမ်ကိုစပ်၍ သမုတ်အပ်သော သိမ်။
၁၁။ မိမိသိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုး၍ သမုတ်အပ်သောသိမ်။

၁၁-ပါးသောတရားတား နိဋ္ဌိတံ။

---

# ၁၂-ပါးသော တရားများ

## ၁ (၁၂) လ ရာသီ

| | | | | |
|---|---|---|---|---|
| ၁။ | မိဿရာသီ | တန်ခူးလ ရက်မစုံ | .... | ၂၉-ရက်။ |
| ၂။ | ပြိဿရာသီ | ကဆုန်လ ရက်စုံ | .... | ၃၀-ရက်။ |
| ၃။ | မေထုန်ရာသီ | နယုန်လ ရက်မစုံ | .... | ၂၉-ရက်။ |
| ၄။ | ကရကဋ်ရာသီ | ဝါဆိုလ ရက်စုံ | .... | ၃၀-ရက်။ |
| ၅။ | သိဟ်ရာသီ | ဝါခေါင်လ ရက်မစုံ | .... | ၂၉-ရက်။ |
| ၆။ | ကံရာသီ | တော်သလင်းလ ရက်စုံ | .... | ၃၀-ရက်။ |
| ၇။ | တူရာသီ | သီတင်းကျွတ်လ ရက်မစုံ | .... | ၂၉-ရက်။ |
| ၈။ | ဗြိစ္ဆာရာသီ | တန်ဆောင်မုန်းလ ရက်စုံ | .... | ၃၀-ရက်။ |
| ၉။ | ဓနုရာသီ | နတ်တော်လ ရက်မစုံ | .... | ၂၉-ရက်။ |
| ၁၀။ | မကာရရာသီ | ပြာသိုလ ရက်စုံ | .... | ၃၀-ရက်။ |
| ၁၁။ | ကုမ်ရာသီ | တပို့တွဲလ ရက်မစုံ | .... | ၂၉-ရက်။ |
| ၁၂။ | မိန်ရာသီ | တပေါင်းလ ရက်စုံ | .... | ၃၀-ရက်။ |

## ၂ အရုဏ်တက်လက်ာ (၁၂) ပါး

| | | | နာရီ-မိနစ် |
|---|---|---|---|
| ၁။ | ခူး၊ ပြန်၊ နှင်း၊ ထွေ၊ | တန်ခူးလ | ၅-၀၀ |
| ၂။ | ဆုန်၊ လေ၊ ပေါ်၊ နေ့၊ | ကဆုန်လ | ၄-၅၀ |
| ၃။ | ယုန်၊ ဝေ၊ ဝေ၊ ထပ်၊ | နယုန်လ | ၄-၄၀ |
| ၄။ | ဆို၊ လတ်၊ စာ၊ တော်၊ | ဝါဆိုလ | ၄-၃၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၅။ | ခေါင်၊ လှော်၊ လှူ၊ ထု၊ | ဝါခေါင်လ | ၄—၄၀ |
| ၆။ | လင်း၊ လှူ၊ မ၊ ထွေး၊ | တော်သလင်းလ | ၄—၅၀ |
| ၇။ | ကျွတ်၊ မေး၊ နင်၊ တို၊ | သီတင်းကျွယ်လ | ၅—၀၀ |
| ၈။ | မုန်း၊ ပို၊ အော်၊ နေ၊ | တန်ဆောင်မုန်းလ | ၅—၁၀ |
| ၉။ | တော်၊ မေ၊ ကျော်၊ ငွေး၊ | နတ်တော်လ | ၅—၂၀ |
| ၁၀။ | ပြာ၊ ပေး၊ ဆန်၊ တောင်း၊ | ပြာသိုလ | ၅—၃၀ |
| ၁၁။ | တွဲ၊ ပြောင်း၊ ခေါ်၊ နော်၊ | တပို့တွဲလ | ၅—၂၀ |
| ၁၂။ | ပေါင်း၊ ပေါ်၊ အ၊ တက်၊ | တပေါင်းလ | ၅—၁၀ |

**မှတ်ချက်။** ။စနေကို (ဝ) ယူပါ။

## ၃ နေထွက်ချိန် လင်္ကာ (၁၂) ပါး

| | | | နာရီ မိနစ် |
|---|---|---|---|
| ၁။ | ခူး၊ သောင်၊ နွေ၊ ထွက်၊ | တန်ခူးလ | ၆ - ၀၀ |
| ၂။ | ဆုန်၊ ဖက်၊ မေး၊ နှင်း၊ | ကဆုန်လ | ၅ - ၅၀ |
| ၃။ | ယုန်၊ မင်း၊ လှ၊ ထွေ၊ | နယုန်လ | ၅ - ၄၀ |
| ၄။ | ဆို၊ ပေ၊ ဆယ်၊ ထပ်၊ | ဝါဆိုလ | ၅ - ၃၀ |
| ၅။ | ခေါင်၊ မတ်၊ လယ်၊ တို၊ | ဝါခေါင်လ | ၅ - ၄၀ |
| ၆။ | လင်း၊ ပျို၊ ပျို၊ ထွေး၊ | တော်သလင်းလ | ၅ - ၅၀ |
| ၇။ | ကျွတ်၊ သွေး၊ ထွက်၊ ထွက်၊ | သီတင်းကျွတ်လ | ၆ - ၀၀ |
| ၈။ | မုန်း၊ သက်၊ အော်၊ နေ၊ | တန်ဆောင်မုန်းလ | ၆ - ၁၀ |
| ၉။ | နတ်၊ သေ၊ ချန်၊ ထား၊ | နတ်တော်လ | ၆ - ၂၀ |
| ၁၀။ | ပြာ၊ သား၊ စုတ်၊ တန်၊ | ပြာသိုလ | ၆ - ၃၀ |
| ၁၁။ | တွဲ၊ ဟန်၊ ခေါ်၊ ထူ၊ | တပို့တွဲလ | ၆ - ၂၀ |
| ၁၂။ | ပေါင်း၊ ဟု၊ အ၊ တင်း၊ | တပေါင်းလ | ၆ - ၁၀ |

**မှတ်ချက်။** ။စနေကို (ဝ) ယူပါ။

မြန်မာပြည်၌ အရုဏ်တက်ချိန်နှင့် နေထွက်ချိန် လင်္ကာများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၄ ကိုယ်စောင့်နတ် (၁၂) ပါး**

၁။ သတ္တဘာဂ နတ် - နဖူးစာရေးမှတ်သည်။
၂။ သူရဿတီ နတ် - ပညာကို ပွားစေတတ်သည်။
၃။ သကျ နတ် - စည်းစိမ်ဥစ္စာကို ပေးစေတတ်သည်။
၄။ မဟိရာဇာ နတ် - အိပ်မက်ကို ပေးစေတတ်သည်။
၅။ ဝါမသူရ နတ် - နိမိတ်ကို ပြတတ်သည်။
၆။ ဇနသူရ နတ် - အလှူပေးသည်ကို မှတ်တတ်သည်။
၇။ ကရဝါ နတ် - ကာမသုခကို ပေးစေတတ်သည်။
၈။ ယောဝတိက နတ် - သွားလေရာလိုက်၍ စောင့်မတတ်သည်။
၉။ ကလျာဏမိတ္တ နတ် - ကောင်းသော စကားကို မှတ်သားတတ်သည်။
၁၀။ စန္ဒာဒေဝီ နတ် - ကျက်သရေကို စောင့်တတ်သည်။
၁၁။ နရိန္ဒာဒေဝီ နတ် - အိပ်သောအခါ ဦးခေါင်းရင်းက စောင့်တတ်သည်။
၁၂။ ကာလကဏ္ဏိ နတ် - နတ်ယုတ်မာမကောင်းမှုကိုထိုက်တွန်းတတ်သည်။

**၅ လောကီမင်္ဂလာ (၁၂) ပါး**

၁။ ဝိဇာတမင်္ဂလာ - မဒ္ဒိသန္ဓေမှ ဖွားမြောက် အောင်မြင်ခြင်း။
၂။ မုခဒဿနမင်္ဂလာ - ဖွားပြီး သုံးရက်မြောက်သော ကာလ ရတနာသုံးပါးနှင့် ဘိုးဘွားဟူသော နန္ဒိမုခနတ်တို့အား ရှိခိုးပူဇော်ခြင်း။
၃။ ကေသစ္ဆေဒနမင်္ဂလာ- (၇)-ရက်မြောက်သောနေ့၌ ဆံပင်ရိတ်ခြင်း။
၄။ ဒေါလာကရဏမင်္ဂလာ- ကောင်းမြတ်သောနေ့၌ ပုခက် အေးယာဉ် တင်ခြင်း။
၅။ တမ္ဗူလပတ္တမင်္ဂလာ - (၇၅)ရက် မြောက်သောနေ့၌ကွမ်းဦးခွံ့ခြင်း။
၆။ ရဝိန္ဒုဒဿနမင်္ဂလာ - (၃)လမြောက်သောနေ့၌နေ့၊လတို့ကို ပြခြင်း။
၇။ နာမကရဏမင်္ဂလာ - ရက်ပေါင်း ၁၀၀-မြောက်သော နေ့၌ အမည်မှည့်ခြင်း။
၈။ ပဏ္ဏမဘတ္တမင်္ဂလာ - ခြောက်လပြည့်က ထမင်းဦးခွံ့ခြင်း။
၉။ ကေသဗန္ဓနမင်္ဂလာ - သင့်တင့်လျောက်ပတ် အရွယ်၌ဆံဖွဲ့ထုံးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ကဏ္ဍာဆိန္ဒမင်္ဂလာ - သင့်တင့်သောအရွယ်၌ နားထွင်းခြင်း။
(ကဏ္ဍဝိဇ္ဈန မူကွဲရှိသည်။)

၁၁။ သာသနာနုဂ္ဂဟာမင်္ဂလာ - ချိန်ရွယ်ကျရောက်သောအခါ သာသနာသို့ သွတ်သွင်းခြင်း။

၁၂။ အာဝါဟဝိဝါဟမင်္ဂလာ- ချိန်ရွယ် ကျရောက်သောအခါ ထိမ်းမြား ရခြင်း။

## ၆ အာပေါ (၁၂) ပါး

၁။ ပိတ္တံ - သည်းခြေ။

၂။ သေမှံ - သလိပ်။

၃။ ပုဗ္ဗော - ပြည်။

၄။ လောဟိတံ - သွေး။

၅။ သေဒေါ - ချွေး။

၆။ မေဒေါ - အဆီခဲ။

၇။ အဿု - မျက်ရည်။

၈။ ဝသာ - ဆီကြည်။

၉။ ခေဠော - တံတွေး။

၁၀။ သိင်္ဃာနိကာ - နှပ်။

၁၁။ လသိကာ - အစေး။

၁၂။ မုတ္တံ - ကျင်ငယ်။

## ၇ ပုဂ္ဂိုလ် (၁၂) ယောက်

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် - အကုသိုလ်အစွမ်းအားဖြင့်အပါယ်တို့၌ရှိသော ပုဂ္ဂိုလ်။

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် - ကုသိုလ်, အကုသိုလ် အစွမ်းအားဖြင့် လူဖြစ်သော်လည်း အင်္ဂါမပြည့်စုံသော ပုဂ္ဂိုလ်။

၃။ ဒွိဟိတ်ပုဂ္ဂိုလ် - သုဂတိ (၇) ဘုံ၌ ပဋိသန္ဓေနေရသောလူနတ်များကို ဆိုသည်။

၄။ တိဟိတ်ပုဂ္ဂိုလ် - ရူပဘုံ အရူပဘုံ၌ ဖြစ်သော ဗြဟ္မာများကိုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် - သောတာပတ္တိမဂ်ဆိုက် ပုဂ္ဂိုလ်။
၆။ သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် - သကဒါဂါမိမဂ်ဆိုက် ပုဂ္ဂိုလ်။
၇။ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် - အနာဂါမိမဂ်ဆိုက် ပုဂ္ဂိုလ်။
၈။ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် - အရဟတ္တမဂ်ဆိုက် ပုဂ္ဂိုလ်။
၉။ သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ် - သောတာပတ္တိဖိုလ်ဆိုက် ပုဂ္ဂိုလ်။
၁၀။ သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ် - သကဒါဂါမိဖိုလ်ဆိုက် ပုဂ္ဂိုလ်။
၁၁။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ် - အနာဂါမိဖိုလ်ဆိုက် ပုဂ္ဂိုလ်။
၁၂။ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် - အရဟတ္တဖိုလ်ဆိုက် ပုဂ္ဂိုလ်။

ဂ ဝိပါက်တော် (၁၂) ပါး

၁။ သုန္ဒရီပရိဗိုဇ်မကို ဘုရားရှင် ကိုယ်တော်တိုင် သတ်သည်ဟု အစွပ်စွဲ ခံရခြင်း။
၂။ စိဉ္စမာဏဝိကာကသူ့အား မေထုန်မှီဝဲလေဟန် စွပ်စွဲသည်ကိုခံရခြင်း။
၃။ သုန္ဒရီပရိဗိုဇ်မကို ဘုရားရှင်၏ တပည့်များက သတ်ကြသည်ဟု အစွပ် စွဲခံရခြင်း။
၄။ ဒေဝဒတ်ရဟန်းက ကျောက်မောင်းဆင် ဖြုတ်ချရာ၌ ခြေမတော်ကို ကျောက်လွှာချပ်ငယ်ဖြင့် ထိခိုက်သည်ကို ခံရခြင်း။
၅။ ဂုဏ်းရဟန်းက လေးသမားကို စေလွှတ်၍ သတ်အံ့ပြုသည်ကို ခံရခြင်း။
၆။ နာဠာဂိရိဆင်ဖြင့် အတိုက်ခံရခြင်း။
၇။ ခြေမတော်ကို ဓားဖြင့် အခွဲခံရခြင်း။
၈။ ဦးခေါင်းကိုက်ခဲသော ဝေဒနာကို ခံရခြင်း။
၉။ ဝေရဉ္ဇာပြည်၌ သုံးလပတ်လုံး မုယောဆန်ကြမ်းကို ဘုဉ်းပေးတော် မူရခြင်း။
၁၀။ ကျောက်ကုန်းနာသော ဝေဒနာကို ခံရခြင်း။
၁၁။ ပရိနိဗ္ဗာန်စံခါနီး၌ သွေးဝမ်းသွန်သော ဝေဒနာကို ခံရခြင်း။
၁၂။ ခြောက်နှစ်လုံးလုံး ပင်ပန်းဆင်းရဲစွာ ဒုက္ကရစရိယာကို ကျင့်ရခြင်း။

အပဒါနပါဠိ၌ လာသောအစဉ် ဖြစ်၏။

၁၂-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၃-ပါးသော တရေးများ

## ၁ ဓုတင် (၁၃) ပါး

၁။ ပံသုကူဓုတင် - မြေမှုန့်တို့ဖြင့် ကပ်ငြိ၍နေသောသင်္ကန်း။
၂။ တိစီဝရိက်ဓုတင် - သုံးထည်သော ဒုကုဋ်, ကေသီ, သင်းပိုင် သင်္ကန်း။
၃။ ပိဏ္ဍပါတ်ဓုတင် - လောင်းလှူ၍ သပိတ်၌ကျသော ဆွမ်း။
၄။ သပဒါနစာရိက်ဓုတင်- အိမ်စဉ်လှည့်လည်၍ ဆွမ်းလှူခံခြင်း။
၅။ ဧကာသနိက်ဓုတင် - တနေရာတည်း၌သာ ဆွမ်းသုံးဆောင်ခြင်း။
၆။ ပတ္တပိုဏ်ဓုတင် - သပိတ်တခုတည်း၌သာ ဆွမ်းသုံးဆောင်ခြင်း။
၇။ ခလုပစ္ဆာဘတ်ဓုတင် - ဆွမ်းစားနေစဉ် နောက်ထပ် လောင်းလှူသော ဆွမ်းကို ပယ်ခြင်း။
၈။ အရညကင်ဓုတင် - တော၌နေခြင်း တော၌ အရုဏ်ခံခြင်း။
၉။ ရုက္ခမူဓုတင် - အမိုးအကာပယ်၍သစ်ပင်အောက်၌ တရားကျင့်ခြင်း။
၁၀။ အဗ္ဘောကာသိကဓုတင်- အမိုးအကာ ပယ်၍ လွင်တီးခေါင်၌ တရားကျင့်ခြင်း။
၁၁။ သောသာနိကဓုတင် - သုသာန်၌ တရားကျင့်ခြင်း။
၁၂။ ယထာသန္တတိဓုတင် - ညွှန်ပြသောကျောင်း ညွှန်ပြသော အိပ်ရာ၌ နေခြင်း။
၁၃။ နေသဇ္ဇိကဓုတင် - အိပ်ရာခေါင်းအုံး၌ ခေါင်းချ၍ မအိပ်ပဲ ထိုင်၍ ကျင့်ခြင်း။

## ၂ ပရိတ်အကျိုး (၁၃) ပါး

၁။ ချမ်းသာစွာ အိပ်ရ၏။
၂။ ချမ်းသာစွာ နိုးရ၏။
၃။ အိပ်မက်ဆိုးတို့ မမြင်မက်။
၄။ လူတို့ချစ်ခင်၏။
၅။ နတ်တို့ ချစ်ခင်၏။
၆။ နတ်တို့ စောင့်မကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ မီးဘေးမှ ကင်းဝေး၏။
၈။ အဆိပ်ဘေးမှ ကင်းဝေး၏။
၉။ လက်နက်ဘေးမှကင်းဝေး၏။ ထိုသုံးပါးအပေါင်းကိုတပါးတည်းပြု၍ ပရိတ်အကျိုး (၁၁) ပါးဟုလည်းရှိ၏။
၁၀။ စိတ်တည်ငြိမ်၏။
၁၁။ မျက်နှာကြည်လင်၏။
၁၂။ မတွေမဝေ သေရ၏။
၁၃။ နိဗ္ဗာန်မရသော်လည်း ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။

## ၃ စက်ကြီး (၁၃) ပါး

၁။ ခြောင်း တရာ့ရှစ်ကွက် ဗုဒ္ဓစက်။
၂။ တဆယ့်လေးချက် - ဓမ္မစက်။
၃။ တဆယ့်ရှစ်ချက် - သံဃစက်။
၄။ လရောင်ဝင်းလျက် - ရှင်ပစ္စေကဗုဒ္ဓ ရဟန္တာစက်။
၅။ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် - မိဖစက်။
၆။ ဂုဏ်ကျေးဇူးကို အထူးသိလျက် - ဆရာ့စက်။
၇။ ဝရဇိန်လက်နက် - ဗြဟ္မာစက်။
၈။ မိုးယံးကြိုးလက်နက် - သိကြားစက်။
၉။ လောင်မီးကျလျက် - နတ်တို့စက်။
၁၀။ ဘွဲ့ဖြူလက်နက် - ဘီလူးစက်။
၁၁။ တောင်ဟုန်ပြင်းလျက် - ဂဠုန်စက်။
၁၂။ အာခံတွင်းက ဝင်းဝင်းတောက်လျက် - နဂါးစက်။
၁၃။ သုံးတောင်သချာ ဟေမဝန္တာ အာဏာစိုးလျက် - သီဟစက်။

## ၄ သံဃာဒိသေသ် (၁၃) ပါး

၁။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် (ရှင်သေယျသက) လို့လပြု၍သုက်လွှတ်စေမှုကို ပညတ်ခြင်း။
၂။ ကာယသံသဂ္ဂသိက္ခာပုဒ် (ရှင်ဥဒါယီ) မိန်းမများကို ကိုင်တွယ်သဖြင့် ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် (ရှင်ဥဒါယီ) မိန်းမများအား ယုတ်မာသော စကား ပြောဆို၍ ပညတ်ခြင်း။

၄။ အတ္တကာမပါရိစရိယသိက္ခာဒ်ပုဒ် (ရှင်ဥဒါယီ) မိန်းမထံ၌ မေထုန် အလှူခံ၍ ပညတ်ခြင်း။

၅။ သဉ္စရိတ္တသိက္ခာပုဒ် (ရှင်ဥဒါယီ) အမျိုးသမီးနှင့် အမျိုးသားများကို အောင်သွယ်ပေး၍ ပညတ်ခြင်း။

၆။ ကုဋိကာရသိက္ခာပုဒ် (အာဠဝီတိုင်းသား ရဟန်းများ) သည် ဒါယကာများထံ၌ ပစ္စည်းပစ္စယ တောင်းရမ်းခြင်းကို ပညတ်ခြင်း။

၇။ ဝိဟာရကာရသိက္ခာပုဒ် (အရှင်ဆန္န) ကျောင်းဆောက်လို၍ဒါယကာများအား သစ်ခုတ်ခိုင်းခြင်းကို ပညတ်ခြင်း။

၈။ ဒုဋ္ဌဒေါသသိက္ခာပုဒ် (မေတ္တိယဘူမဇက) ရဟန်းများသည် အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲ၍ ပညတ်ခြင်း။

၉။ ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ် (မေတ္တိယဘူမဇက) ရဟန်းများသည် အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် ဒုတိယအကြိမ်စွပ်စွဲခြင်းကို ပညတ်ခြင်း။

၁၀။ သံဃဘေဒကသိက္ခာပုဒ်(ရှင်ဒေဝဒတ်)သံဃာသင်းခွဲမှုကိုပညတ်ခြင်း။

၁၁။ ဘေဒါနုဝတ္တကသိက္ခာပုဒ် (ရှင်ကောကာလိကစသော) ရဟန်းများသည် ရှင်ဒေဝဒတ်၏ သံဃာသင်းခွဲမှုကို အားပေးသဖြင့်ပညတ်ခြင်း။

၁၂။ ဒုဗ္ဗစသိက္ခာပုဒ် (အရှင်ဆန္န) ဝိနည်းနှင့် ဆုံးမသည်ကို မနာခံ၍ ပညတ်ခြင်း။

၁၃။ ကုလဒူသကသိက္ခာပုဒ်(အဿဇိနပုဗ္ဗသုက)ရဟန်းများသည်ဒါယကာများအား သဒ္ဓါတရားပျက်စီးအောင် ပြုသည့်အတွက်သာသနာမှ နှင်ထုတ်၍ ပညတ်ခြင်း။

## ၅ တေဒဂ်ရသော ရဟန်းမိန်းမ (၁၃) ပါး

၁။ ညဉ့်တို့ကိုသိ၍ရဟန်းဝါရင့်သော ရဟန်းမိန်းမတို့တွင် မဟာပဇာပတိဂေါတမီသည် တေဒဂ် ရ၏။

၂။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံသော ရဟန်းမိန်းမတို့တွင် ခေမာသည် တေဒဂ် ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ တန်ခိုးနှင့်ပြည့်စုံသောရဟန်းမိန်းမတို့တွင်ဥပ္ပလဝဏ်သည်တေဒဂ်ရ၏။
၄။ ဝိနည်းကို ဆောင်နိုင်သော ရဟန်းမိန်းမတို့တွင် ပဋာစာရီသည် တေဒဂ် ရ၏။
၅။ တရားဟောတတ်သောရဟန်းမိန်းမတို့တွင် ဓမ္မဒိန္နာသည်တေဒဂ်ရ၏။
၆။ ဈာန်ဝင်စားခြင်း၌ မွေ့လျော်သော ရဟန်းမိန်းမတို့တွင် (အကြွင် နန္ဒာခေါ်) ဇနပဒကလျာဏီသည် တေဒဂ် ရ၏။
၇။ ထက်သန်သော လုံ့လရှိသော ရဟန်းမိန်းမတို့တွင် အကြွင်သောဏာ သည် တေဒဂ် ရ၏။
၈။ ဒိဗ္ဗစက္ခုဉာဏ်ရသော ရဟန်းမိန်းမတို့တွင် အကြွင် ဗာကုလာသည် တေဒဂ် ရ၏။
၉။ လျင်မြန်စွာ မဂ်ဖိုလ်အသိဉာဏ်ရသော ရဟန်းမိန်းမတို့တွင် (ဘဒ္ဒါ ခေါ်) ကုဏ္ဍလာကေသီသည် တေဒဂ် ရ၏။
၁၀။ ရှေး၌ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ရဟန်းမိန်းမ တို့တွင် (ဘဒ္ဒါကာပိလာနီ) သည် တေဒဂ် ရ၏။
၁၁။ မြတ်သော ဉာဏ်သို့ရောက်သော ရဟန်းမိန်းမတို့တွင် (ရာဟုလာ မယ်တော် ယသောဓရာခေါ်) ဘဒ္ဒကစ္စနာသည် တေဒဂ် ရ၏။
၁၂။ ခေါင်းပါးသော သင်္ကန်းကိုဆောင်သော ရဟန်းမိန်းမတို့တွင် ကိသာ ဂေါတမီသည် တေဒဂ် ရ၏။
၁၃။ သဒ္ဓါတရားအားကြီးသော ရဟန်းမိန်းမတို့တွင် သိင်္ဂါလကမာတာ သည် တေဒဂ် ရ၏။

(တေဒဂ် ၅-ပဥ္စမဝဂ်)

၆ ရဟန်း မခံထိုက်သောသူ (၁၃) ယောက်

၁။ ပဋိသန္ဓေယူသည့် (၁၀) လပါထည့်ပေါင်းသည့်တိုင် အသက် (၂၀) မပြည့်သောသူ။
၂။ ပါရာဇိကံ လေးပါးမှ ကျပြီးသောသူ။
၃။ ပဏ္ဍုက်၊ ယောကျ်ားကောင်းစစ်စစ် မဟုတ်သောသူ။
၄။ ရဟန်းအသွင် ရဟန်းအယောင် ဆောင်ခဲ့ဖူးသောသူ။

www.burmeseclassic.com

www.burmeseclassic.com



၅။ မှားသောအယူ လက်ရှိယူလျက်ရှိသောသူ။
၆။ လူစင်စစ်မဟုတ်သောသူ (နတ်, နဂါး, ဘီလူး)
၇။ အမိကို သတ်မိခဲ့သော သူ။
၈။ အဖကို သတ်မိခဲ့သောသူ။
၉။ ရဟန္တာကို သတ်မိခဲ့သောသူ။
၁၀။ သံဃာကို သင်းခွဲခဲ့ဖူးသောသူ။
၁၁။ ဘုရားကို သွေးစိမ်းထွက်အောင် ကျူးလွန်ခဲ့သောသူ။
၁၂။ ဘိက္ခုနီမကို မေထုန်ဖြင့် ကျူးလွန်ခဲ့သောသူ။
၁၃။ ဥဘတောဗျည်း၊ မိန်းမအင်္ဂါဖြစ်လိုက်၊ ယောကျ်ားအင်္ဂါဖြစ်လိုက်သောသူ။

(ဝိနည်းမဟာဝါ ပါဠိတော်)

၁၃–ပါးသော တရားကား နိဋ္ဌိတံ။

---

# ၁၄–ပါးသော တရားများ

**၁ အလှူခံ တကျိပ်လေး (၁၄) ယောက်**

၁။ တိရစ္ဆာန် - ခွေးနှင့် ကျေးငှက်လည်း အလှူခံစာရင်း၌ ပါ၏။
၂။ ဒုဿီလ -ကိုယ်ကျင့် မကောင်းသော လူ နှင့် ရဟန်း သူတောင်းစားများလည်း အလှူခံစာရင်း၌ ပါ၏။
၃။ သီလဝန္တ - ကိုယ်ကျင့်ကောင်းသောလူနှင့် ရဟန်းများသည် အလှူခံစာရင်း၌ ပါ၏။
၄။ တပဿီ - ဈာန်ရ ရသေ့များသည်လည်း အလှူခံစာရင်း၌ ပါ၏။
၅။ သောတာပတ္တိ- မဂ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၆။ သကဒါဂါမိ - မဂ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၇။ အနာဂါမိ - မဂ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၈။ အရဟတ္တ - မဂ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၉။ သောတာပတ္တိ- ဖိုလ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ သကဒါဂါမိ - ဖိုလ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၁၁။ အနာဂါမိ - ဖိုလ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၁၂။ အရဟတ္တ - ဖိုလ်ပုဂ္ဂိုလ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၁၃။ ပစ္စေကဗုဒ္ဓ - ဘုရားငယ်သည်လည်း အလှူခံစာရင်း၌ ပါ၏။
၁၄။ သမ္မာသမ္ဗုဒ္ဓ - မြတ်ဘုရားသည်လည်း အလှူခံစာရင်း၌ ပါ၏။

(ဥပရိပဏ္ဏာသ-ဒက္ခိဏာဝိဘင်္ဂသုတ်)

၂ ပါပဇာတိ စေတသိက် (၁၄) ပါး

၁။ လောဘ - တပ်မက်ခြင်း။
၂။ ဒေါသ - အမျက်ထွက်ခြင်း။ (အပြစ်)
၃။ မောဟ - အမြင်မှန် မရခြင်း။
၄။ မာန - မိမိကိုယ်ကို အထင်ကြီးခြင်း။
၅။ ဒိဋ္ဌိ - အယူလွဲမှားခြင်း။
၆။ ဝိစိကိစ္ဆာ- အာရုံ မဆုံးဖြတ်နိုင်ခြင်း။
၇။ ထိန - ကိုယ်ပျင်းရိခြင်း။
၈။ ဥဒ္ဓစ္စ - စိတ်ပြန့်လွင့်ခြင်း။
၉။ အဟိရိက - အကုသိုလ်ပြုလုပ်မှု၌ မရှက်ခြင်း။
၁၀။ အနောတ္တပ္ပ - အကုသိုလ်ပြုလုပ်မှု၌ မကြောက်ခြင်း။
၁၁။ ဣဿာ - သူတပါး ချမ်းသာသည်ကို မလိုလားခြင်း။
၁၂။ မစ္ဆရိယ - မိမိဥစ္စာ၌ ဝန်တိုခြင်း။
၁၃။ ကုက္ကုစ္စ - အခါလွန်မှ နောင်တရခြင်း။
၁၄။ မိဒ္ဓ - စိတ်ပျင်းရိခြင်း။

၃ ပဉ္စသီခ နတ်သားၜ်၏ နောက်ပိုးသီချင်း (၁၄) ပုဒ်

၁။ ချစ်နှမ သူရိယဝစ္ဆသာ.... အကြင် နတ်မင်းကြောင့် ကောင်းခြင်း အင်္ဂါလက္ခဏာနှင့်ပြည့်စုံ၍ ငါ့အား နှစ်သက်မြတ်နိုးခြင်းကိုဖြစ်စေနိုင်သော သင်သည် ဖြစ်ပေါ်၍ လာပေ၏၊ သင်၏ဖခင် တိမ္ဗရုသက နတ်မင်းကို ငါရှိခိုးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ ပြိုးပြိုးပြက် အရောင်ထွက်သော ချစ်နှမ.... ချွေးထွက် နေသူတို့သည် လေအေးကိုနှစ်သက်သကဲ့သို့ရေငတ်နေသူတို့သည်ရေအေးကိုနှစ်သက်သကဲ့သို့ ရဟန္တာတို့သည် (လောကုတ္တရာ) တရားကို နှစ်သက်တော်မူသကဲ့သို့ ငါသည် သင့်ကိုချစ်ကြိုက်လျက်ရှိပါ၏။

၃။ ချစ်နှမ.... ဆေးသည် သူနာ၏ရောဂါကိုငြိမ်းစေသကဲ့သို့ အစာသည် ငတ်မွတ်နေသူ၏ ဆာလောင်ခြင်းကိုငြိမ်းစေသကဲ့သို့ တောက်လောင်နေသောမီးကို ရေဖြင့် ငြိမ်းစေသကဲ့သို့ ငါ၏ အချစ်မီးကို ငြိမ်းစေပါလော။

၄။ ချစ်နှမ....အလွန်ပူအိုက်သော ဆင်ပြောင်ကြီးသည် ကြာဝတ်မှုန်ပြွမ်းလျက် အေးမြသော ရေရှိသည့် ရေကန်ထဲသို့ (သက်ဆင်းသကဲ့သို့) ငါသည် သင်၏ ရင်ခွင်ထဲသို့ သက်ဆင်းလိုပါ၏။

၅။ ချစ်နှမ.... ချွန်းအုပ်မရအောင် အမုန်ကျနေသော ဆင်သည် လှံ့လျင်လှံမကို ငါနိုင်ပြီဟု မာန်ယစ်လျက် မည်သည့်အကြောင်းကိုမျှ မသိသကဲ့သို့ လက္ခဏာနှင့် ညီညွတ်သည့် ပေါင်ရှိသော သင်နှမကြောင့် အချစ်မာန် ယစ်မူးနေသော ငါသည် မည်သည့်အကြောင်းကိုမျှ မသိတော့ပါ။

၆။ ချစ်နှမ....ငါ၏စိတ်သည် သင်နှမအပေါ်၌ တဖက်သတ် တိမ်းညွတ်စွဲမက်နေချေပြီ၊ ငါးမျှားချိတ်ကို မျိုမိသောငါးကဲ့သို့ပင် (ငါ၏စိတ်ကို) ပြန်လည်ဆုတ်နစ်စေရန် မစွမ်းနိုင်တော့ပါ။

၇။ တင့်တယ်သော ပေါင်ရှိသော ချစ်နှမ.... ငါ့ကို ဖက်လှည့်ပါလော့၊ မခို့သရို့ ကြည့်လေ့ရှိသော ချစ်နှမ.... ငါ့ကို ဖက်လှည့်ပါလော့၊ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော ချစ်နှမ.... ငါ့ကို ဖက်လှည့်ပါလော့၊ ဤသို့ ဖက်ခြင်းကို ငါသည် အလွန်ပင် တောင့်တလျက်ရှိပါ၏။

၈။ ချစ်နှမ.... ငါ၏ချစ်ခင်တပ်မက်မှုသည် ပကတိအားဖြင့် အနည်းငယ်မျှဖြစ်သော်လည်း ရဟန္တာပုဂ္ဂိုလ်၌ လှူဒါန်းခြင်း ဒါန စေတနာသည် အတိုင်းမသိတိုးပွားသကဲ့သို့အဖျားကော့သော ဆံပင်ရှိသည့်သင်နှမ၌

www.burmeseclassic.com

www.burmeseclassic.com



ငါ၏ ချစ်ခင်, တပ်မက်မှုသည် အမျိုးမျိုး တိုးပွားဖြစ်ပေါ်လျက် ရှိပါ၏။

၉။ အလုံးစုံသော ကောင်းခြင်းငါးဖြာ လက္ခဏာနှင့်ပြည့်စုံသော ချစ်နှမ.... သည်းခံခြင်းစသည့် တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရားတို့၌ ပြုခဲ့သော ငါ၏ ကောင်းမှုဟူသမျှသည် သင်နှမနှင့်အတူ အကျိုးပေးပါစေသတည်း။

၁၀။ အလုံးစုံသောကောင်းခြင်းငါးဖြာလက္ခဏာနှင့်ပြည့်စုံသော ချစ်နှမ.... ဤမြေပြင်၌ ငါပြုထားသောကောင်းမှုဟူသမျှသည် သင်နှမနှင့်အတူ အကျိုးပေးပါစေသတည်း။

၁၁။ ချစ်နှမ သူရိယဝစ္ဆသာ.... သာကီဝင်မင်းသား မြတ်စွာဘုရားသည် ဈာန်ဖြင့်တစိတ်တည်းရှိလျက် သတိပညာနှင့်ယှဉ်လျက် အမြိုက်နိဗ္ဗာန်ကို ရှာသကဲ့သို့ ငါသည် သင့်ကို ရှာ၍နေပါ၏။

၁၂။ ကောင်းခြင်းလက္ခဏာနှင့်ပြည့်စုံသော ချစ်နှမ.... မြတ်စွာဘုရားသည် မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်၍ ဝမ်းမြောက်တော်မူသကဲ့သို့ ဤအတူပင် ငါသည် သင်နှင့် ပေါင်းသင်းရသည်ဖြစ်၍ ဝမ်းမြောက်ရပါစေသား။

၁၃။ ချစ်နှမ သူရိယဝစ္ဆသာ.... တာဝတိံသာနတ်တို့၏ အရှင်သိကြားမင်းသည် ငါ့အားလိုရာဆုကိုပေးခဲ့လျှင် ငါသည်သင်နှမကိုသာတောင်းယူပါအံ့၊ ငါ၏ချစ်ကြိုက်ခြင်းသည် ဤမျှလောက် ခိုင်မြဲလျက်ရှိပါ၏။

၁၄။ လိမ်မာရေးခြားရှိလှပေသောချစ်နှမ.... ဤသို့ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသည့် သမီးရတနာရှိသော ပွင့်သစ်စ အင်ကြင်းပင်သဖွယ် တင့်တယ်သော သင့်ဖခင် တိမ္ဗရုသက နတ်မင်းကြီးကို ဦးညွှတ်ရှိခိုးပါ၏ဟု (သီဆို၏။)

တိမ္ဗရုသက နတ်မင်းကြီး၏ သမီး သူရိယဝစ္ဆသာ အမည်ရှိသော ဒေဝစ္ဆရာ နတ်ကညာကို ပဉ္စသိခနတ်သားသည် ဗေဠုဝနတ်စောင်းကို တီးလျက် သီဆိုသော နတ်နောက်ပိုး သီချင်း(၁၄) ပုဒ်ဖြစ်သည်။

(ဒီဃနိကာယ် မဟာဝါပါဠိတော် သက္ကပဉ္စသုတ်)

၁၄-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၅-ပါးသော တရားများ

၁ စရဏတရား (၁၅) ပါး

၁။ သီလသံဝရ - သီလကို လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်းခြင်း။

၂။ ဣန္ဒြိယသံဝရ- မျက်စိစသော ဣန္ဒြေ ၆-ပါးကို လုံခြုံစွာစောင့်ရှောက် ထိန်းသိမ်းခြင်း။

၃။ ဘောဇနေ မတ္တညုတာ -စားသောက်ရာ၌ အတိုင်းအရှည်ကိုသိခြင်း။

၄။ ဇာဂရိယာနုယောဂတာ - နိုးကြားခြင်းနှင့် ယှဉ်သော ဝီရိယရှိခြင်း။

၅။ သဒ္ဓါ - ရတနာသုံးပါးနှင့်တကွ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း။

၆။ သတိ - ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း။

၇။ ဟိရိ - မကောင်းမှု ပြုလုပ်ရန် ရှက်ခြင်း။

၈။ ဩတ္တပ္ပ - မကောင်းမှုပြုလုပ်ရန် ကြောက်ခြင်း။

၉။ ဗာဟုသစ္စ- အကြားအမြင်များခြင်း။

၁၀။ ဝီရိယ - အားထုတ် လုံ့လပြုခြင်း။

၁၁။ ပညာ - ကောင်းစွာ သိမြင်ခြင်း။

၁၂။ ပဌမစျာန် - ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ အင်္ဂါ ၅ ပါး ရှိ၏။

၁၃။ ဒုတိယစျာန် - ပီတိ, သုခ, ဧကဂ္ဂတာ အင်္ဂါ သုံးပါးရှိ၏။

၁၄။ တတိယစျာန်- သုခ, ဧကဂ္ဂတာ အင်္ဂါနှစ်ပါးရှိ၏။

၁၅။ စတုတ္ထ စျာန်- ဥပေက္ခာ, ဧကဂ္ဂတာ အင်္ဂါနှစ်ပါး ရှိ၏။

၁၅-ပါးသောတရားကား နိဋ္ဌိတံ။

---

## ၁၆-ပါးသော တရားများ

၁ ကောသလ အိပ်မက်(၁၆) ချက် ထက်ာ

ဘုရင်မေး (၁) နွားနက်လေးခု၊ ဖွေ့မှုဟန်ပြင်၊ မဖွေ့ကြပဲ၊ ရှောင်လွှဲသည်မြင်။

ဘုရားဖြေ - အရွှေအနောက်၊ တောင်မြောက်မိုးဆင်၊ ခြိမ်းသံပေး၊ မိုးဝေးလွင့်ပျောက်စင်။

www.burmeseclassic.com

www.burmeseclassic.com



မေး (၂) မြေကမကြွ၊ ယော်လှသစ်ပင်၊ ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်။
ဖြေ အရွယ်မမျှ၊ လုံမပျိုခင်၊ သမီးသား၊ လင်သားအိမ်ထောင်ဆင်။
မေး (၃) ယနေ့ဖွားစ၊ နွားမနို့သာ၊ မိခင်နွားကြီး၊ စို့ပြီးနေရှာ။
ဖြေ သမီးနှင့်သား၊ စီးပွားပိုင်ရာ၊ မိနှင့်ဖ၊ ကျွေးမှစားရမှာ။
မေး (၄) နွားကြီးမကြိုက်၊ဝန်တိုက်နွားငယ်၊မရုန်းနိုင်ပဲ၊ဝပ်လဲနေတယ်။
ဖြေ ကြီးသူဖယ်ရှား၊ မြောက်စားလူငယ်၊ တိုင်းပြည်ရေး၊ ရှုပ်ထွေး ပွေတော့မယ်။
မေး (၅) ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊ ကျွေးလေသမျှ၊ မဝနိုင်ပါ။
ဖြေ မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ၊ နှစ်ဖက်စား၊ တရားစီရင်မှာ။
မေး (၆) ခွေးအိုထံဆက်၊ရွှေခွက်သိန်းတန်၊ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်။
ဖြေ မျိုးမြတ်သွီးပစ္စည်းမက်ဟန်၊အမျိုးယုတ်၊လင်လုပ်ပေါင်းဆက်ဆံ။
မေး (၇) ရွှေကကျစ်ချ၊လွန်စကြိုးကို၊ခွေးမခိုးစား၊ကိုက်ဝါးကာမျို။
ဖြေ လင်ကြီး ပစ္စည်း၊ သိမ်းဆည်းမသို၊ လင်ငယ်အား၊ မယား လောကွတ်ပို။
မေး (၈) အိုးငယ်ချည်းနှီး၊အိုးကြီးရေလျှံ၊အိုးကြီးကိုပဲ၊ရေဆွဲလောင်းပြန်။
ဖြေ ဆင်းရဲသူများ၊ဝတ်စားမကျွန်၊အခွန်တွက်၊နှိပ်စက်ငွေကောက်ခံ။
မေး (၉) ကြာမျိုးငါးဝ၊ပွင့်ကြရေကန်၊ ရေလယ်နောက်လျက်၊ ကမ်းဖက် ကြည်ဖြန်။
ဖြေ မြို့တွင်း ပွေရှုပ်၊ ခွန်တုတ် ကောက်ခံ၊ မြို့ပြင်ထွက်၊ ပြည့်နှက် စည်ကားရန်။
မေး (၁၀) တအိုးတည်းချက်၊ အကျက်မညီ၊ ထမင်းမာဆပ်၊ပျော့နပ်သုံးလီ။
ဖြေ မင်းနှင့်လူများ၊ တရားမညီ၊ မိုးသုံးစား၊ ကွက်ကြားရွာချမည်။
မေး (၁၁) မွှေးထုံနံ့ကြူ၊စန္ဒကူးသိန်းတန်၊ ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်။
ဖြေ အလင်္ဃီများ၊ တရားဖိုးတန်၊ ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။
မေး (၁၂) သံကြေးမပေါင်း၊ဗူးတောင်းဗူးအို၊ရေတွင်စုပ်စုပ်၊နစ်မြုပ်လုံးစုံ။
ဖြေ ပညာရှိများ၊စကားဥဿုံ၊ ပြောသမျှ၊ လောက မသုံးကုန်။
မေး (၁၃) အိမ်လုံးတောင်လုံး၊ကျောက်တုံးကျောက်ဖျာ၊ ရေမှာဘွားဘွား ထင်ရှားပေါ်လာ။

www.burmeseclassic.com

www.burmeseclassic.com



**ဖြေ** ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊ ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ် ထွက်လာ။

**မေး (၁၄)** အုဆိပ် ပြင်းထောက်၊ မြေပေါက်ကြီးကို၊ ဖားမငယ်များ၊ ကိုက်ဝါးကာမျို။

**ဖြေ** ကညာယူထား၊သက်ကြားဖိုးအို၊မယားဆဲ၊အမြဲအော်ငေါက်ဆို။

**မေး (၁၅)** အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ၊ ရွှေဟင်္သာများ၊ခစားနေရှာ။

**ဖြေ** ပညာသီလ၊ ပြည့်ဝသူဟာ၊ သူယုတ်အား၊ ဝပ်တွားနေရမှာ။

**မေး (၁၆)** ဆိတ်ကိုမြင်ငြား၊ကြောက်အားပြင်းထန်၊ ခြင်္သေ့, သစ်, ကျား၊ ခုန်လွှားပြေးပြန်။

**ဖြေ** သူယုတ်မာများ၊ထောင်လွှားနိုင်ငံ၊သူတော်ကောင်း၊ပုန်းအောင်း တောမှိုင်ယံ။ (၅၅၀–မဟာသုပိနဇာတ်)

## ၂ ယုံမှားမှုကခ်ါ (၁၆) ပါး

၁။ အတိတ်က ငါဖြစ်ခဲ့တာ ဟုတ်မှဟုတ်ပါ့မလား။
၂။ ငါမဖြစ်များ မဖြစ်ခဲ့သလား။
၃။ မင်း ပုဏ္ဏား စသည်ဖြင့် ဘယ်အမျိုးထဲများ ဖြစ်သလဲ။
၄။ ဘယ်လို ပုံသဏ္ဌာန်နဲ့ ဖြစ်ခဲ့သလဲ။
၅။ ဘယ်ဘဝ ဘယ်ဘဝတွေများကလဲ ဘယ်လိုများ ဖြစ်ခဲ့သလဲ။

ဤကား အတိတ်ဘဝ၏ ယုံမှားချက် ၅–ပါး။

၆။ ရှေ့ဘဝတွေကို ငါဖြစ်မယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။
၇။ ဖြစ်ရော ဖြစ်ဦးမှာလား။
၈။ ဘယ်လိုအမျိုးမှာများ ဖြစ်မလဲ။
၉။ ဘယ်လို ပုံပန်းသဏ္ဌာန်မျိုးနဲ့များ ဖြစ်မလဲ။
၁၀။ ဖြစ်မဲ့ဘဝ ဘဝတွေ၌လည်း ဘယ်လိုများ ဖြစ်ဦးမှာလဲ။

ဤကား အနာဂတ်ယုံမှားမှု ၅–ပါး။

၁၁။ မျက်မှောက်၌ဖြစ်သော ခန္ဓာကိုယ်ကိုစွဲ၍ သို့လော သို့လောဖြစ်ခြင်း။
၁၂။ ငါဟုတ်မှ ဟုတ်ရဲ့လား။
၁၃။ ငါမဟုတ်ပဲများ ရှိရော့သလား။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ ငါသည် ဘယ်လိုအမျိုးဇာတ် ဖြစ်သလဲ။
၁၅။ ငါ၏ အတ္တဘောသည် ဘယ်လို ပုံသဏ္ဍာန်မျိုးပါလိမ့်။
၁၆။ ငါသည် ဘယ်ဘဝကလာ၍ ဘယ်ဘဝရောက်ဦးမည်နည်း။

ဤကား ပစ္စုပ္ပန်ဘဝ၏ ယုံမှားမှု ၆-ပါး။

(မူလပဏ္ဏာသ ပါဠိ သဗ္ဗာသဝသုတ်)

## ၃ မိတ်ဆွေ အတု (၁၆) ယောက်

အညဒတ္ထုဟာရ - မိတ္တု - ၄-ယောက် ဟူသည်ကား—

၁။ အခါခပ်သိမ်း မိမိထံမှ ပစ္စည်းဥစ္စာကိုသာ ဆောင်ယူလေ့ရှိတတ်သော မိတ်တု။
၂။ မိမိထံသို့ တစုံတရာ အနည်းငယ်မျှကိုသာ ယူလာပြီး အများအပြားကို ဆောင်ယူလေ့ရှိတတ်သော မိတ်တု။
၃။ ဘေးအန္တရာယ် တစုံတခုနှင့် ကြုံတွေ့လာသော အခါ၌ လာရောက်မှီခိုကာ အမှုကိစ္စကို ဆောင်ရွက်ပြီးလျှင် အမှုကိစ္စ ပြီးစီးသောအခါ ပြန်လှည့်၍မကြည့် သတိမှ မရတတ်သော မိတ်တု။
၄။ သူ၏အကျိုးစီးပွားအတွက် သက်သက်ကိုသာ လာရောက်မှီခိုတတ်သော မိတ်တု။

ဝစီပရမမည်သော မိတ္တု ၄-ယောက်ဟူသည်ကား—

၅။ မိတ်ဆွေ မနေ့က လာလျှင်ဖြင့် ရနိုင်ပေ၏၊ယနေ့မှ လာသည့်အတွက် မပေးရပါဟူ၍ အတိတ်ဖြစ်သော စကားတို့ဖြင့် ချီးမြှောက် ပြောဆိုတတ်သော မိတ်တု။
၆။ မိတ်ဆွေ လာတာစောနေပါသည်၊ နက်ဖန်,သန်ဘက်လောက်ဆိုလျှင် ရနိုင်ပေ၏ဟု အနာဂတ်ဖြစ်သော စကားတို့ဖြင့် ချီးမြှောက်ပြောဆိုတတ်သော မိတ်တု။
၇။ မိတ်ဆွေအား ဤဝတ္ထု ဤပုဆိုးနှင့်သင့်လျော်သည့် အတွက် ပေးချင်ပါသည်၊ သို့သော်လည်း အကျွန်ုပ်၌ ဤတခု ဤတထည်သာ ရှိသည့်အတွက် မပေးရပါဟု အချည်းနှီးသော စကားတို့ဖြင့် ချီးမြှောက်ပြောဆိုတတ်သော မိတ်တု။

www.burmeseclassic.com

www.burmeseclassic.com



၈။ မိတ်ဆွေအား တစုံတခု ရထားဖြစ်စေ၊လှည်းဖြစ်စေ အလိုရှိက ငှါးချင်ပါ၏၊ သို့သော်လည်း လှည်းဘွဲဝင်ရိုးကျိုးနေသည်ဟူ၍ရင်း၊ ရထား၌ဘီးပျက်နေသည်ဟူ၍ရင်း၊ အပျက်စကားနှင့်သာ ချီးမြှောက်ပြောဆိုတတ်သော မိတ်တု။

အနုပိယဘာဏီမည်သော မိတ္တု ၄-ယောက် ဟူသည်ကား-

၉။ မကောင်းမှုကို ပြုလုပ်ရန်တိုင်ပင်ပါကလည်း ကောင်း၏ဟူ၍ပြောဆိုတတ်သော မိတ်တု။

၁၀။ ကောင်းမှုကို ပြုလုပ်ရန်တိုင်ပင်ပါကလည်း ကောင်း၏ဟူ၍ ပြောဆိုတတ်သော မိတ်တု။

၁၁။ ရှေ့တွင်သာ ကျေးဇူးစကားကို ပြောဆိုတတ်သော မိတ်တု။

၁၂။ မျက်ကွယ်ရာ၌ ကျေးဇူးမဲ့စကားကို ပြောဆိုတတ်သော မိတ်တု။

အပါယသဟာယမည်သော မိတ်တု ၄-ယောက်ဟူသည်ကား-

၁၃။ အရက်သေစာ သောက်စားမှု၌ တိုက်တွန်းတတ်သော မိတ်တု။

၁၄။ အလောင်းအစားကစားမှု၌ တိုက်တွန်းတတ်သော မိတ်တု။

၁၅။ ပွဲလမ်းသဘင် ပျော်ရွှင်မှု၌ တိုက်တွန်းတတ်သော မိတ်တု။

၁၆။ ညအချိန်မတော် လမ်းလျှောက်မှု၌ တိုက်တွန်းတတ်သော မိတ်တု။

(သုတ်ပါထေယျပါဠိတော် သိင်္ဂါလောဝါဒသုတ်)

## ၄ ကံအပြား (၁၆) ပါး

**ကံသည် ကိစ္စအစွမ်းအားဖြင့် ၄-မျိုး**

၁။ ဇနကကံ - ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော ကံ။

၂။ ဥပတ္ထမ္ဘကကံ- ဇနကကံ အကျိုးပေးရာ၌ အဖော် အထောက်အပံ့ဖြစ်သောကံ။

၃။ ဥပပီဠကကံ - ပဋိသန္ဓေအကျိုးကို အနှောက်အယှက်ပေးသော ကံ။

၄။ ဥပဃာတကကံ- ပဋိသန္ဓေအကျိုးကို သတ်တတ်သော ကံ။

**ကံသည် အကျိုးပေး အကြိမ်အလှည့်အားဖြင့် ၄-မျိုး**

၁။ ဂရုကံ - အခြား ကံများမှ ဖယ်ရှားခြင်းငှါ မတတ်နိုင်သော အင်အားကြီးမား လေးလံသော ကံ။

၂။ အာသန္နကံ - သေခါနီးအခါမှ အမှတ်ရ၍ ပြုလုပ်သော ကံ။

www.burmeseclassic.com

www.burmeseclassic.com



၃။ အာစိဏ္ဏကံ -ရှည်မြင့်စွာသောကာလပတ်လုံးအမြဲတစေပြုခဲ့သောကံ။
၄။ ကဋတ္တာကံ - ရှေးရှေးသော ဘဝပေါင်းများစွာက ပြုခဲ့သောကံ။

**ကံသည် အကျိုးပေးရာ ကာလအားဖြင့် ၄-မျိုး**

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ - ယခုမျက်မှောက်မှာပင် အကျိုးပေးသောကံ။
၂။ ဥပပဇ္ဇဝေဒနီယကံ - ဒုတိယ အရွယ်၌ အကျိုး ပေးသော ကံ။
၃။ အပရာပရိယဝေဒနီယကံ - တတိယ အရွယ်၌ အကျိုးပေးတတ်၏၊ ၎င်းအချိန် အကျိုးမပေးပါက ရှေးဖြစ်မည့် ဘဝတခုခု၌ အကျိုး ပေးတတ်၏။
၄။ အဟောသိကံ- ကံပင်ဖြစ်လင့်ကစား အကျိုးမပေးသော ကံ။

**ကံသည် အကျိုးပေးရာ အရပ်ဒေသ အားဖြင့် ၄-မျိုး**

၁။ အကုသိုလ်ကံ - အပါယ်လေးပါး၌ ပဋိသန္ဓေတည်နေသော ကံ။
၂။ ကာမာဝစရကုသိုလ်ကံ-ကာမသုဂတိ ၇-ဘုံ၌ပဋိသန္ဓေတည်နေသောကံ။
၃။ ရူပါဝစရကုသိုလ်ကံ - ရုပ်နာမ်ခန္ဓာရှိသော ဗြဟ္မာဘုံ၌ ပဋိသန္ဓေတည် နေသော ကံ။
၄။ အရူပါဝစရ ကုသိုလ်ကံ - ရုပ်မရှိ နာမ်ခန္ဓာသာ ရှိသော ဗြဟ္မာဘုံ၌ ပဋိသန္ဓေတည်နေသော ကံ။

## ၅ ရုပ်ခန္ဓာရှိသော ရူပဗြဟ္မာ (၁၆) ဘုံ*

**ပဌမဈာန် (၃) ဘုံ**

၁။ ဗြဟ္မပါရိသဇ္ဇာ - အသက်တမ်း ကမ္ဘာ (၁) စိတ်။
၂။ ဗြဟ္မပုရောဟိတာ - အသက်တမ်း ကမ္ဘာ (၁) ဝက်။
၃။ { မဟာဗြဟ္မာ - အသက်တမ်း (၁) ကမ္ဘာ။
မြတ်စွာဘုရားအား တရားဟောပါရန် တောင်းပန်သော သဟံပတိ ဗြဟ္မာနေသောဘုံ။

**ဒုတိယဈာန် (၃) ဘုံ**

၁။ ပရိတ္တာဘာ - အသက်တမ်း (၂) ကမ္ဘာ။
၂။ အပ္ပမာဏာဘာ - အသက်တမ်း (၄) ကမ္ဘာ။

---

*ရူပဗြဟ္မာ ၁၆-ဘုံတွင် အသညသတ်ဘုံကား ရုပ်သာ ရှိ၏၊ ကြွင်း ၁၅-ဘုံကား ရုပ်နာမ် ၂-ပါးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ { အာဘဿရာ - အသက်တမ်း (၈) ကမ္ဘာ။
မြတ်စွာဘုရားနှင့် တန်ခိုးပြိုင်သော ဗကဗြဟ္မာနေသောဘုံ။ }

**တတိယဈာန် (၃) ဘုံ**

၁။ ပရိတ္တသုဘာ - အသက်တမ်း (၁၆) ကမ္ဘာ။
၂။ အပ္ပမာဏသုဘာ - အသက်တမ်း (၃၂) ကမ္ဘာ။
၃။ သုဘကိဏှာ - အသက်တမ်း (၆၄) ကမ္ဘာ။

**စတုတ္ထဈာန် (၇) ဘုံ**

၁။ ဝေဟပ္ဖိုလ် - အသက်တမ်း ကမ္ဘာ—၅၀၀။
၂။ အသညသတ် - အသက်တမ်း ကမ္ဘာ—၅၀၀၊နာမ်မရှိ၊ရုပ်သာ ရှိသည်။

**သုဒ္ဓါဝါသ (၅) ဘုံ**

၃။ အဝိဟာ - အသက်တမ်း ကမ္ဘာ—၁၀၀၀။
၄။ အတပ္ပါ - အသက်တမ်း ကမ္ဘာ—၂၀၀၀။
၅။ သုဒဿာ - အသက်တမ်း ကမ္ဘာ—၄၀၀၀။
၆။ သုဒဿီ - အသက်တမ်း ကမ္ဘာ—၈၀၀၀။
၇။ အကနိဋ္ဌာ - အသက်တမ်း ကမ္ဘာ—၁၆၀၀၀။

ထို ၅-ဘုံမှ ဗြဟ္မာတို့သည် အနာဂါမ်ဗြဟ္မာများ ဖြစ်၍၊ လူ့ပြည်သို့ပြန်မလာတော့ပဲ အမြင့်ဆုံး (အကနိဋ္ဌ) ဘုံမှ နိဗ္ဗာန်သို့ ကူးဝင်ကြ၍၊ လောကုတ္တရာ ၅-ဘုံဟူ၍လည်း ခေါ်၏။

**၆ တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ (၁၆) ပါး**

၁။ ဖြစ်ခြင်းဟူသော - ဇာတိ ဥပဒ္ဒဝေါ။
၂။ အိုခြင်းဟူသော - ဇရာ ဥပဒ္ဒဝေါ။
၃။ နာခြင်းဟူသော - ဗျာဓိ ဥပဒ္ဒဝေါ။
၄။ အင်္ဂါကြီးငယ်ဆွေမျိုးဥစ္စာသီလပျက်စီးခြင်းဟူသောဝိပတ္တိဥပဒ္ဒဝေါ။
၅။ မင်းဘေးဟူသော - ဥပဒ္ဒဝေါ။
၆။ ခိုးသူဘေးဟူသော - ဥပဒ္ဒဝေါ။
၇။ ရေဘေးဟူသော - ဥပဒ္ဒဝေါ။
၈။ လေဘေးဟူသော - ဥပဒ္ဒဝေါ။

www.burmeseclassic.com

www.burmeseclassic.com



၉။ မိုးဘေးဟူသော - ဥပဒ္ဒဝေါ။
၁၀။ ငါးရံဘေးဟူသော - ဥပဒ္ဒဝေါ။
၁၁။ လိပ်ကျောက်ဘေးဟူသော - ဥပဒ္ဒဝေါ။
၁၂။ မိကျောင်းဘေးဟူသော - ဥပဒ္ဒဝေါ။
၁၃။ မိမိကြောင့်ဖြစ်သော စွပ်စွဲ ကဲ့ရဲ့ခြင်းဟူသော - ဥပဒ္ဒဝေါ။
၁၄။ သူတပါးကြောင့်ဖြစ်သော စွပ်စွဲကဲ့ရဲ့ခြင်းဟူသော - ဥပဒ္ဒဝေါ။
၁၅။ အနာဟောင်းမြုံခြင်းဟူသော - ဥပဒ္ဒဝေါ။
၁၆။ သေလျှင် အပါယ်လားရခြင်းဟူသော - ဥပဒ္ဒဝေါ။
(စလင်းဆရာတော်၏ ပရိတ်ကြီးနိဿယမှ ဆို၏။)

၇ မင်္ဂလာဖိုလ် မရနိုင်သော ပုဂ္ဂိုလ် (၁၆) ယောက်

၁။ တိရစ္ဆာန် - မဂ်ဖိုလ်မှ ဖီလာဖြစ်သော သတ္တဝါ။
၂။ ပြိတ္တာ - ဝေမာနိကပြိတ္တာအချို့မှ တပါးသော ပြိတ္တာ။
၃။ မိစ္ဆာဒိဋ္ဌိ - မှားသော အယူရှိသူ။
၄။ ကုဟကပုဂ္ဂိုလ် - သီလရှိဟန် ဆောင်သူ။
၅။ မာတုဃာတက - အမိသတ်သူ။
၆။ ပိတုဃာတက - အဖသတ်သူ။
၇။ အရဟန္တဃာတက- ရဟန္တာသတ်သူ။
၈။ သံဃဘေဒက - သံဃာသင်းခွဲသူ။
၉။ လောဟိတုပ္ပါဒက- ဘုရားကို သွေးစိမ်းထွက်အောင် ပြုသူ။
၁၀။ ထေယျသံဝါသက- ရဟန်းအသွင် ခိုးသူ။
၁၁။ တိတ္ထိယပက္ကန္တက - အယူဝါဒ ပြောင်းသွားသူ။
၁၂။ ဘိက္ခုနီဒူသက - ရဟန်းမိန်းမ မေထုန်ကျင့်သူ။
၁၃။ သံဃာဒိသေသ် အာပတ်သင့်ပြီး မကုစားရသေးသော ပုဂ္ဂိုလ်။
၁၄။ ပဏ္ဍုက် ၃-မျိုး - မိန်းမပဏ္ဍုက်, ယောကျ်ားပဏ္ဍုက်,နပုံးပဏ္ဍုက်။
၁၅။ ဥဘတောဗျည်း - ယောကျ်ား, မိန်းမ အင်္ဂါနှစ်ခု ပြည့်စုံသူ။
၁၆။ (ခုနစ်)နှစ်အောက် ငယ်သောပုဂ္ဂိုလ်။
(မွှောဘိသမယပဋ္ဌပါဠိမှ လာသည်)
၁၆-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၈-ပါးသော တရားများ

၁ အဋ္ဌာရသ ပညာ (၁၈) ရပ်

၁။ သုတိ - အကြားအမြင် အတတ်။
၂။ သမ္မုတိ - တရားစီရင်ရေး ဓမ္မသတ် အတတ်။
၃။ သင်္ချာ - ဂဏန်းသင်္ချာ အတတ်။
၄။ ယောဂါ - စူးဆောက် တန်ဆာပလာ အတတ်။
၅။ နီတိ - လောကနီတိကျမ်း အတတ်။
၆။ ဝိသေသကာ - ယာယီ, ယတြာ, ဗျာ်ကရိုဏ်းအတတ်။
၇။ ဂန္ဓဗ္ဗ - စောင်းငြင်းပတ်သာ တေးကဗျာ အတတ်။
၈။ ဂဏိကာစေဝ - လက်ပစ် အတတ်။
၉။ ဓနုဗေဒါ - လေးမြှား အတတ်။
၁၀။ ပုရာဏာ - ရှေးဟောင်းစကား အတတ်။
၁၁။ တိကိစ္ဆာ - ဆေး အတတ်။
၁၂။ ဣတိဟာသာ - ရယ်ရွှင်ဖွယ်ရာ အတတ်။
၁၃။ ဇောတိ - ဗေဒင် အတတ်။
၁၄။ မာယာ - လှည့်စားတတ်သော အတတ်။
၁၅။ ဆန္ဒတိ - ဆန်းကျမ်း အတတ်။
၁၆။ ကေတု - သံတမန် အတတ်။
၁၇။ မန္တာ - ဂါထာမန္တန် အတတ်။
၁၈။ သဒ္ဒါ - သဒ္ဒါကျမ်း အတတ်။

၂ မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် (၁၈) ပါး

၁။ လွန်လေပြီးသော အတိတ်တရားတို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်း တပါး။
၂။ လာလတ္တံ့သော အနာဂတ်တရားတို့၌ အပိတ်အပင်မရှိသိတော်မူသော ဉာဏ်တော်လည်း တပါး။
၃။ မျက်မှောက် ပစ္စုပ္ပန် တရားတို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်း တပါး။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကာယကံသုံးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်နောက်သို့ အစဉ်လိုက်သည်လည်း တပါး။
၅။ ဝစီကံ လေးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်နောက်သို့ အစဉ်လိုက်သည်လည်း တပါး။
၆။ မနောကံ သုံးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်နောက်သို့ အစဉ်လိုက်သည်လည်း တပါး။
၇။ ကောင်းသော အလိုဆန္ဒတော်၏ ယုတ်လျော့ခြင်း မရှိသည်လည်း တပါး။
၈။ ဓမ္မဒေသနာတော်၏ ယုတ်လျော့ခြင်း မရှိသည်လည်း တပါး။
၉။ အားထုတ်လုံ့လ ဝီရိယတော်၏ ယုတ်လျော့ခြင်း မရှိသည်လည်း တပါး။
၁၀။ တည်ကြည်တော်မူသော သမာဓိတော်၏ ယုတ်လျော့ခြင်း မရှိသည်လည်း တပါး။
၁၁။ ဝိပဿနာဉာဏ်တော်၏ ယုတ်လျော့ခြင်း မရှိသည်လည်း တပါး။
၁၂။ ဝိမုတ္တိဖြစ်သော အရဟတ္တဖိုလ်ဉာဏ်၏ ယုတ်လျော့ခြင်း မရှိသည်လည်း တပါး။
၁၃။ ကစားမြူးထူးလိုသော စိတ်တော် မရှိသည်လည်း တပါး။
၁၄။ သတိလက်လွတ်၍ ပြောဆိုမိသော စကားမရှိသည်လည်း တပါး။
၁၅။ ဉာဏ်တော်ဖြင့် မသိ၍ ကျွန်ရစ်ခဲ့သော တရားတော် မရှိသည်လည်း တပါး။
၁၆။ မဆင်မခြင် လျင်မြန်စွာပြုလုပ်ပြောဆိုခြင်း မရှိသည်လည်း တပါး။
၁၇။ သတ္တဝါတို့ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ နှောင့်နှေး တွန့်တိုသော စိတ်နှလုံး မရှိသည်လည်း တပါး။
၁၈။ ဉာဏ်တော်ဖြင့် မစူးစမ်း မဆင်ခြင်ဘဲ လျစ်လျူရှုခြင်း မရှိသည်လည်း တပါး။ (ဓာရဏပရိတ်မှ)

၃ သဘာဝရှုပ် (၁၈) ပါး

၁။ မဟာဘုတ် (၄) ပါး။
၂။ ဝဏ္ဏရုပ် (၆) ပါး။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဝေါစရရုပ် (၄) ပါး။
၄။ ဘာဝရုပ် (၂) ပါး။
၅။ ဇီဝိတ(အသက်)ရုပ် (၁) ပါး။
၆။ အာဟာရ (အစာ) ရုပ် (၁) ပါး။

ပေါင်း-(၁၈)ပါး။

၁၈-ပါးသော တရားကား နိဋ္ဌိတံ။

# ၂၀-ပါးသော တရားများ

**၁ ပထဝီ အမာဓာတ် (၂၀) ပါး**

၁။ ကေသာ - ဆံပင်။
၂။ လောမာ - မွေးညှင်း။
၃။ နခါ - ခြေသည်း လက်သည်း။
၄။ ဒန္တာ - သွား။
၅။ တစော - အရေ။
၆။ မံသံ - အသား။
၇။ နှာရု - အကြော။
၈။ အဋ္ဌိ - အရိုး။
၉။ အဋ္ဌိမိဉ္ဇံ - ရိုးတွင်းခြင်ဆီ။
၁၀။ ဝက္ကံ - အညှို့။
၁၁။ ဟဒယံ - နှလုံး။
၁၂။ ယကနံ - အသည်း။
၁၃။ ကိလောမကံ - အမြှေး။
၁၄။ ပိဟကံ - အဖျဉ်း။
၁၅။ ပပ္ဖါသံ - အဆုတ်။

www.burmeseclassic.com

www.burmeseclassic.com



၁၆။ အန္တံ - အဆုံး။
၁၇။ အန္တဂ္ဂါဟိ - အဆုံးသိမ်း။
၁၈။ ဥဒရိယံ - အစာသစ်။
၁၉။ ကရီသံ - အစာဟောင်း။
၂၀။ မတ္ထလုင်္ဂံ - ဦးနှောက်။

၂ ကလျာဏဓာတ်တို့ စေတသိက် (၂၀) ပါး

၁။ အလောဘ - စွန့်လွှတ်မှု။
၂။ အဒေါသ - ချစ်ခင်မှု။
၃။ အမောဟ - တွေ့ဝေခြင်း မရှိ။
၄။ သဒ္ဓါ - ယုံကြည်မှု။
၅။ သတိ - မမေ့မှု။
၆။ ဟိရီ - အကုသိုလ် ရှက်မှု။
၇။ ဩတ္တပ္ပ - အကုသိုလ် ကြောက်မှု။
၈။ တတြမဇ္ဈတ္တတာ - အလယ်အလတ် သဘောထားမှု။
၉။ ကာယပဿဒ္ဓိ - ကိုယ်ငြိမ်းအေးမှု။
၁၀။ စိတ္တပဿဒ္ဓိ - စိတ်ငြိမ်းအေးမှု။
၁၁။ ကာယလဟုတာ - ကိုယ်ပေါ့ပါးမှု။
၁၂။ စိတ္တလဟုတာ - စိတ် ပေါ့ပါးမှု။
၁၃။ ကာယမုဒုတာ - ကိုယ် နူးညံ့မှု။
၁၄။ စိတ္တမုဒုတာ - စိတ် နူးညံ့မှု။
၁၅။ ကာယကမ္မညတာ - ကိုယ်အမှု၌ ခိုင်ခံ့မှု။
၁၆။ စိတ္တကမ္မညတာ - စိတ်အမှု၌ ခိုင်ခံ့မှု။
၁၇။ ကာယပါဂုညတာ - စိတ်ကျွမ်းကျင်မှု။
၁၈။ စိတ္တပါဂုညတာ - ကိုယ်ကျွမ်းကျင်မှု။
၁၉။ ကာယုဇုကတာ - ကိုယ် ဖြောင့်မတ်မှု။
၂၀။ စိတ္တုဇုကတာ - စိတ် ဖြောင့်မတ်မှု။

www.burmeseclassic.com

www.burmeseclassic.com



၃ ဗြဟ္မာ (၂၀) ဘုံ

ရူပဘုံ - အသညသတ်မှတပါး ရုပ်,နာမ် ၂-ပါးရှိ၏၊ အသညသတ်ကား ရုပ်သာ ရှိ၏၊ နာမ် မရှိ၊ ဗြဟ္မာ ၁၆-ဘုံ။

အရူပဘုံ- ရုပ်မရှိ၊ နာမ်သာ ရှိ၏၊ ဗြဟ္မာ ၄-ဘုံ။

ဗြဟ္မာ ၂၀။

ဆိုင်ရာအခဏ်း၌ အကျယ်ပြခဲ့ပြီ။

၄ ဝါပြတ်သော်လည်း ရဟန်း၌ အာပတ်မသင့်ခြင်း (၂၀) ပါး

၁။ သားရဲတို့ နှိပ်စက်ကုန်သောအခါ။
၂။ မြွေတို့ နှိပ်စက်ကုန်သောအခါ။
၃။ ခိုးသူတို့ နှိပ်စက်ကုန်သောအခါ။
၄။ ဘီလူးတို့ နှိပ်စက်ကုန်သောအခါ။
၅။ ရွာမီးလောင်သောအခါ။
၆။ ကျောင်းမီးလောင်သောအခါ။
၇။ ရွာသည် ရေမျောသောအခါ။
၈။ ကျောင်းသည် ရေမျောသောအခါ။
၉။ ခိုးသူကြောင့် ဆွမ်းခံရွာ ပြောင်းရွှေ့သွားသောအခါ။
၁၀။ ရွာသားများ နှစ်ခြမ်းကွဲသောအခါ။
၁၁။ ရွာသားများ သဒ္ဓါတရားနည်း၍ မကြည်ညိုသောအခါ။
၁၂။ ဆွမ်း မလုံလောက်သောအခါ။
၁၃။ လျောက်ပတ်သော ဘောဇဉ်တို့ကို မရသောအခါ။
၁၄။ လျောက်ပတ်သော ဆေးတို့ကို မရသောအခါ။
၁၅။ သင့်တင့်လျောက်ပတ်သော အလုပ်အကျွေးကို မရသောအခါ။
၁၆။ မအပ်သော (၁၀ ပါးသော)အလှူကို လှူသောအခါ။
၁၇။ ဝါကပ်ရာ၌ အရှင်မရှိသော ရွှေအိုးကိုမြင်၍ အကျင့်ပျက်မည် စိုးသောအခါ။
၁၈။ အတူနေသံဃာများ သင်းကွဲသောအခါ။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ အတူနေ သံဃာများ သင်းကွဲစေရန် လုံ့လပြုသောအခါ။
၂၀။ အတူနေ သံဃာများ သင်းကွဲမည်ကိုသိ၍ ဆုံးမသော ငါသည် ဤအရပ်၌ ငါမရှိက သင့်မြတ်မည်ဟု နှလုံးပိုက်သောအခါ။

(ဝိနည်းတော်)

၂၀-ပါးသော တရားကား နိဋ္ဌိတံ။

---

## ၂၁-ပါးသော တရားများ

၁ ရဟန်းများ မလုပ်အပ်သော အနေသန (၂၁) ပါး အကျယ်

၁။ လူအများ ဆေးကု၍ ပစ္စည်းရှာခြင်း။
၂။ လူတို့၏ ခရီးရှည် တမန်လုပ်ခြင်း
၃။ လူတို့၏ အနီးအနား အစေအခိုင်းခံခြင်း။
၄။ အနာ ခွဲပေးခြင်း။
၅။ ဆေးလိမ်းပေးခြင်း။
၆။ ပျို့အန်ဆေး ပေးခြင်း။
၇။ ဝမ်းနုတ်ဆေး ပေးခြင်း။
၈။ နှာပေးခြင်း။
၉။ မျက်စဉ်း ပေးခြင်း။
၁၀။ ဝါး ပေးခြင်း။
၁၁။ သစ်ရွက် သကင်္ယ် ခနိ ပေးခြင်း။
၁၂။ ပန်း ပေးခြင်း။
၁၃။ စားဖွယ် သစ်သီး ပေးခြင်း။
၁၄။ ရေချိုးဆပ်ပြာ ပေးခြင်း။
၁၅။ ဒန်ပူ ပေးခြင်း။
၁၆။ မျက်နှာသစ်ရေ ပေးခြင်း။
၁၇။ မျက်နှာချေ ပေါင်ဒါ ပေးခြင်း။
၁၈။ မြေညက် ပေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ မိမိကိုယ်ကို အောက်ချ၍ ခင်ပျား ကျွန်တော် ပြောခြင်း။
၂၀။ လိမ်လည်ဝါကြွား၍ ပြုလုပ်ပြောဆိုခြင်း။
၂၁။ ကလေးထိန်းများကဲ့သို့ ကလေးကို ချီပွေ့ခြင်း။

(ဓမ္မသင်္ဂဏီ ဋီကာ)

၂ (တနည်း) အနေသန (၂၁) ပါး

၁။ အံ့ဖွယ်ဖြစ်အောင် ပြောဆိုနေထိုင်ခြင်း။
၂။ ပစ္စည်းလာဘ်လာဘ ရအောင် ဆွယ်၍ ပြောခြင်း။
၃။ အခြားသူတို့ လှူဒါန်းထားသည်ကို အခြားသူတို့အား သိစေခြင်း။
၄။ အခြားသူတို့၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောစေခြင်း။
၅။ တနေရာမှ ရသောပစ္စည်းကို အခြားတနေရာ၌ ပေးကမ်းခြင်း။
၆။ သစ်သား ပေးခြင်း။
၇။ ထန်းရွက် သက်ငယ် စသည် ပေးခြင်း။
၈။ ရေချိုးရာ အသုံးပြုသော ဆပ်ပြာမှုန့် စသည်ကို ပေးခြင်း။
၉။ မိမိကိုယ်ကို နှိမ့်ချ၍ ကျွန်ုပ်, ကျွန်တော် စသည်အားဖြင့် လူတို့အား ပြောဆိုခြင်း။
၁၀။ အမှန်နည်းပါး အမှားများသော စကားကို ပြောဆိုခြင်း။
၁၁။ မျက်နှာသစ်ရေ စသည် ပေးခြင်း။
၁၂။ ကလေး ထိန်းပေးခြင်း။
၁၃။ မပင့်ဖိတ်ပဲ အိမ်တွင်းသို့ ဝင်ရောက်နေထိုင်ခြင်း။
၁၄။ မြေနေရာ ကောင်း, မကောင်း ရွေးချယ်ပေးခြင်း။
၁၅။ တိရစ္ဆာန်တို့၏ လက္ခဏာ ကျမ်းအတတ်ကို သင်ပေးခြင်း, ရွေးချယ်ပေးခြင်း။
၁၆။ ယောကျ်ား, မိန်းမတို့၏ လက္ခဏာကောင်းဆိုးကို ဟောပြောခြင်း။
၁၇။ နက္ခတ်ကို ရွေးချယ်ပေးခြင်း။
၁၈။ လူတို့ ခိုင်းစေသည်ကို လုပ်ကိုင်ပေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ လူတို့ သတင်းစကားကို ယူဆောင်၍ ပြောဆိုပေးခြင်း။
၂၀။ စားသောက်ဖွယ်ကို ပေးကမ်းခြင်း။
၂၁။ မိမိအား လှူထားသော ပစ္စည်းကို ပြန်ပေးခြင်း။
(မဟာနိ အရ ရေတွက်ခြင်း။)
၂၁-ပါးသော တရားကား နိဋ္ဌိတံ။

---

## ၂၄-ပါးသော တရားများ

၁ (၂၄) ပစ္စည်း

၁။ ဟေတုပစ္စယော - အရင်းအမြစ်ရှိ၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၂။ အာရမ္မဏ ပစ္စယော - အာရုံရှိ၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၃။ အဓိပတိ ပစ္စယော- ကြီးစိုးလွှမ်းမိုးမှုဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၄။ အနန္တရ ပစ္စယော - အခြားမဲ့ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၅။ သမနန္တရ ပစ္စယော - ကောင်းစွာ အခြားမဲ့ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၆။ သဟဇာတ ပစ္စယော - အတူတကွဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၇။ အညမည ပစ္စယော - အချင်းချင်းဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၈။ နိဿယ ပစ္စယော - မှီရာ တည်ရာ ဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၉။ ဥပနိဿယ ပစ္စယော - ကောင်းစွာ မှီရာတည်ရာဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ပုရေဇာတ ပစ္စယော - ရှေ့ဦးဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၁၁။ ပစ္ဆာဇာတ ပစ္စယော - နောက်မှဖြစ်၍အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၁၂။ အာသေဝန ပစ္စယော - အဖန်တလဲလဲ မှီဝဲအပ်သည်ဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်သော သဘော

၁၃။ ကမ္မ ပစ္စယော - မျိုးစေ့ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၁၄။ ဝိပါက ပစ္စယော - အကျိုးဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၁၅။ အာဟာရ ပစ္စယော -ထောက်ပံ့သည်ဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၁၆။ ဣန္ဒြိယ ပစ္စယော - အစိုးရသည် ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၁၇။ ဈာန ပစ္စယော-ချိုးမြှောက်အပ်သည်ဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၁၈။ မဂ္ဂ ပစ္စယော - အကြောင်းဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၁၉။ သမ္ပယုတ္တ ပစ္စယော-ယှဉ်တွဲသည်ဖြစ်၍အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၂၀။ ဝိပ္ပယုတ္တ ပစ္စယော-မယှဉ်တွဲသည်ဖြစ်၍အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၂၁။ အတ္ထိ ပစ္စယော - ရှိသည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၂၂။ နတ္ထိ ပစ္စယော - မရှိသည် ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

www.burmeseclassic.com

www.burmeseclassic.com



၂၃။ ဝိဂတ ပစ္စယော - ကင်းသည်ဖြစ်၍ အကျိုးကျေးဇူး ဖြစ်တတ်သော သဘော။

၂၄။ အဝိဂတ ပစ္စယော- မကင်းသည်ဖြစ်၍ အကျိုးကျေးဇူးဖြစ်တတ်သော သဘော။

၂၄-ပါးသော တရားကား နိဋ္ဌိတံ။

## ၂၅-ပါးသော တရားများ

၁ အဓိန္နာဒါန သိက္ခာပုဒ်မှ ခိုးခြင်း (၂၅) ပါး အကျယ်

(၁) နာနာဘဏ္ဍပဉ္စက ၅-ပါး

၁။ အာဒိယေယျ - အာရာမ်ကို တရားဆင်၍ ခိုးခြင်း။

၂။ ဟရေယျ - မိမိဆောင်ယူသွားသော သူတပါး ဥစ္စာ ပစ္စည်းကို ခိုးခြင်း။

၃။ အဝဟရေယျ - မိမိထံ၌ အပ်နှံထားသော ဥစ္စာကို ခိုးယူခြင်း။

၄။ ဣရိယာပထံဝိကောပေယျ-ဥစ္စာယူဆောင်သူ၏ ဣရိယာပုထ်ကိုဖျက်၍ ခိုးခြင်း။

၅။ ဌာနာစာဝေယျ - နေရာမှ ရွှေ့စေ၍ ခိုးခြင်း။

(၂) ဧကဘဏ္ဍပဉ္စက ၅-ပါး

ထိုငါးပါးသည် ရှေ့၌ ဖော်ပြခဲ့ပြီးသော နာနာဘဏ္ဍပဉ္စက ငါးပါးနှင့် အတူဖြစ်သည်။ (သို့သော်) ဤငါးပါး၌ သက်ရှိဝတ္ထုကိုသာ ဆို၏။

(၃) သာဟတ္ထိကပဉ္စက ၅-ပါး

၁။ သာဟတ္ထိက - ကိုယ်တိုင် ခိုးခြင်း။

၂။ အာဏတ္တိက - တပါးသူကို စေခိုင်း၍ ခိုးခြင်း။

၃။ နိဿဂ္ဂိယ - ကင်းချထားရာ အရပ်တွင်းရှိ ဥစ္စာကို အပြင်သို့ ပစ်လွှင့်၍ ခိုးခြင်း။

၄။ အတ္ထသာဓက - မခိုးမီကပင် ကံထိုက်သော အကျိုး ကို ဖြစ်စေ၍ နောက်မှယူမည်ဟူ၍ ခိုးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဓုရနိက္ခေပ - သူအပ်ထားသော ဥစ္စာကို ပြန်မပေးသဖြင့် ခိုးခြင်း။

(၄) ပုဗ္ဗပယောဂပဉ္စက ၅-ပါး

၁။ ပုဗ္ဗပယောဂ - မခိုးမီ ရှေးအဖို့၌ ဖြစ်သော ပယောဂဖြင့် ခိုးခြင်း၊ စေခိုင်းခြင်းကို ဆိုအပ်၏။

၂။ သဟပယောဂ - ခိုးခြင်းနှင့်တကွဖြစ်သော တူသောခိုးခြင်း။

၃။ သံဝိဓာဝဟာရ- လူများစွာ တိုင်ပင်၍ ခိုးခြင်း။

၄။ သင်္ကေတကမ္မ - အမှတ်ပြု၍ ခိုးခြင်း။

၅။ နိမိတ္တကမ္မ - မျက်စိ မှိတ်ခြင်း လည်ညိတ်ခြင်းစသော နိမိတ် ပြု၍ ခိုးခြင်း။

(၅) ထေယျာဝဟာရ ပဉ္စက ၅-ပါး

၁။ ထေယျာဝဟာရ - တင်း စဉ်းလဲ, အသပြာ စဉ်းလဲ, အလေးစဉ်းလဲ၍ ခိုးခြင်း။

၂။ ပသယှာဝဟာရ - အနိုင် အထက် လုယက် တိုက်ခိုက်၍ ခိုးခြင်း။

၃။ ပရိကပ္ပါဝဟာရ - ဥစ္စာကိုရင်း၊ အရပ်ကိုရင်း ကြံဆ၍ ခိုးခြင်း။

၄။ ပဋိစ္ဆန္နာဝဟာရ - မြေမှုန့်, မြက်, သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်း။

၅။ ကုသာဝဟာရ - ကမ္ပည်းစာရင်း လိမ်လည်ပြောင်းလဲ၍ ခိုးခြင်း။

(ဝိနည်းတော်မှ)

## ၂ နှစ်ဆယ့်ငါးပါးသော ဘေး (၂၅) ပါး

၁။ ရာဇတော ဝါ - မင်းဘေးမှုရင်း။

၂။ စောရတော ဝါ - ခိုးသူဘေးမှုရင်း။

၃။ မနုဿတော ဝါ - လူဆိုးလူကြမ်းဘေးမှုရင်း။

၄။ အမနုဿတော ဝါ - ဘီလူး ဂုမ္ဘဏ် ဖုတ်ပြိတ္တာဘေးမှုရင်း။

၅။ အဂ္ဂိတော ဝါ - မီးဘေးမှုရင်း။

၆။ ဥဒကတော ဝါ - ရေဘေးမှုရင်း။

၇။ ကဏ္ဍကတော ဝါ - လေးမြှား လက်နက် ဆူးငြောင့်ဘေးမှုရင်း။

၈။ ဇနပဒရောဂတော ဝါ-ဇနပုဒ်၌ဖြစ်ကူးသောအနာရောဂါဘေးမှုရင်း။

www.burmeseclassic.com

www.burmeseclassic.com



၉။ အသဒ္ဓမ္မတော ဝါ - သူယုတ်တို့၏မကောင်းသောအကျင့်ဘေးမှရင်း။
၁၀။ အသန္တိဋ္ဌိတော ဝါ - မိစ္ဆာအယူရှိသော သူတို့၏ ဘေးမှရင်း။
၁၁။ အသပ္ပုရိသတော ဝါ - သူတော်မဟုတ် သူယုတ်မာတို့၏ ဘေးမှရင်း။
၁၂။ ဟတ္ထိ - ဆင်ဘေးမှရင်း။
၁၃။ အဿ - မြင်းဘေးမှရင်း။
၁၄။ ဂေါဏ - နွားရိုင်းဘေးမှရင်း။
၁၅။ ကုက္ကုရ - ခွေးဘေးမှရင်း။
၁၆။ အဟိ - မြွေဘေးမှရင်း။
၁၇။ ဝိစ္ဆိကာ - ကင်းမြီးကောက်ဘေးမှရင်း။
၁၈။ ဒီပိ - သစ်ဘေးမှရင်း။
၁၉။ အစ္ဆ - ဝံဘေးမှရင်း။
၂၀။ သူကရ - ဝက်ဘေးမှရင်း။
၂၁။ မဟိံသ - ကျွဲရိုင်းဘေးမှရင်း။
၂၂။ သီဟ - ခြင်္သေ့ဘေးမှရင်း။
၂၃။ ဗျဂ္ဃ - ကျားဘေးမှရင်း။
၂၄။ ယက္ခ - ဘီလူးဘေးမှရင်း။
၂၅။ ရက္ခသာဒီဟိ - ရေစောင့်ဘီလူးဘေးမှရင်း။

**အထူးမှတ်ချက်။** ။အချို့ပရိတ်စာတို့၌ သီဟနှင့် ဗျဂ္ဃသည် မပါသည်ဖြစ်၏၊ (သို့သော်) ပါသင့်သော ပုဒ်များပင် ဖြစ်၏၊ ပါသော ပရိတ်စာသည် မှုမှန်ပင် ဖြစ်၏၊ ရာဇတော ဝါ ကစ၍ ရက္ခသာဒီဟိ - တိုင်အောင် သုံးဆယ့်တပါး အပြားရှိ၏၊ (သို့သော်) ဘေးငယ်များကို ဖယ်လိုက်ပါက ဖော်ပြပါ ဘေးတို့သည့် ဘေးကြီး (၂၅) ပါး ဖြစ်ပေ၏။

(စလင်းဆရာတော် ပရိတ်ကြီး နိဿယမှ ဖြစ်၏။)

၃ ယုတ်မာသော မယားအင်္ဂါ (၂၅) ပါး

၁။ သာမိကဿ - အရပ်တပါးသို့ လင်သွားခြင်းကို ချီးမွမ်း၏။
၂။ ပဝုတ္ထံ - အရပ်တပါး၌ လင်ရောက်နေသည်ကို မအောက်မေ့။

www.burmeseclassic.com

www.burmeseclassic.com



၃။ အာဂတံ - အရပ်တပါးမှ လင်ရောက်လာသည်ကို မနှစ်သက်။
၄။ အဝဏ္ဏံ - လင်၏ ကျေးဇူးမဲ့ကို ပြောဆို၏။
၅ ဝဏ္ဏံ - လင်၏ ကျေးဇူးကို မပြောဆို။
၆။ အနတ္ထံ - လင်၏ အကျိုးမဲ့ကို ကျင့်၏။
၇။ အတ္ထံ - လင်၏အကျိုးကို မကျင့်။
၈။ အကိစ္စ - မပြုလုပ်သင့်သည်ကို ပြုလုပ်၏။
၉။ ကိစ္စံ - ပြုသင့်သည့် လင်၏ ကိစ္စကို မပြုလုပ်။
၁၀။ ပရိဒယှိတွာ - ခါးဝတ်တို့ကို မြဲစွာ ဝတ်၍ အိပ်၏။
၁၁။ ပရမ္မုခီ - လင်ကို ကျောပေး၍ အိပ်၏။
၁၂။ ပရိဝတ္တက - တပြောင်းတပြန် လူးလိမ့်တတ်၏။
၁၃။ ကုက္ကုမိယ ဇာတာ- အုတ်အုတ်ကျက်ကျက်ဖြစ်၍ ရှည်သောထွက်သက် ဝင်သက်ဖြစ်၏။
၁၄။ ဒုက္ခံ - ဆင်းရဲဝေဒနာကို ကြားတတ်၏။ (ညည်းညူ၏။)
၁၅။ ဥစ္စာရပဿာဝံ- ကျင်ကြီး ကျင်ငယ် မကြာမကြာစွန့်တတ်၏။
၁၆။ ဝိလောမံ - ဖောက်ပြန်သော အကျင့်ကို ကျင့်တတ်၏။
၁၇။ ပရပုရိသသဒ္ဒံ -တပါးသော ယောကျ်ား၏ အသံကို ကြားကနားစွင့်၍ ထောင်တတ်၏။
၁၈။ နိဟတဘော်ဂ- စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်၏။ (လောင်းကစားခြင်း။)
၁၉။ ပဋိဝိသကေဟိ-ကိလေသာ အစွမ်းဖြင့် အိမ်နီးချင်း ယောကျ်ားတို့နှင့် ရောယှက်တတ်၏။
၂၀။ နိက္ခန္တပါဒါ - ထွက်သွားသော ခြေရှိ၏။
၂၁။ ဝိသိခါနုစာရိနီ - အခါမဲ့ဖြစ်သော ညမှ သွားလေ့ရှိ၏။
၂၂။ အဘိစာရိနီ ခေါပန - လင်မြှောင်ထားတတ်၏။
၂၃။ အဂါရဝါ - လင်၌ ရိုသေခြင်းမရှိ၊ ပြစ်မှားလိုသော အကြံဖြင့် တံခါးဝ၌ အမြဲရပ်လျက်ရှိ၏။

www.burmeseclassic.com



၂၄။ ကစ္စာဒိနီ – လျှို့ဝှက်အုပ်သော အင်္ဂါကြီးငယ်တို့ကို ပြတတ်၏။
၂၅။ ဒိသောဒိသံ– ထိုမှ ဤမှ ကြည့်တတ်၏။ (မျက်လုံး ကစားခြင်း။)
(၅၅၀-မဟာကုဏာလဇာတ်မှဖြစ်၏။)
၂၅-ပါးသောတရားကား နိဋ္ဌိတံ။

---

## ၂၈-ပါးသော တရားများ

၁ နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ ဘွဲ့တော်များ (ဘုရား ၂၈-ဆူ)

| | | |
|---|---|---|
| ၁။ တဏှင်္ကရာ။ | ၁၀။ အနောမဒဿီ။ | ၁၉။ သိဒ္ဓတ္ထ။ |
| ၂။ မေဓင်္ကရာ။ | ၁၁။ ပဒုမ။ | ၂၀။ တိဿ။ |
| ၃။ သရဏင်္ကရာ။ | ၁၂။ နာရဒ။ | ၂၁။ ဖုဿ။ |
| ၄။ ဒီပင်္ကရာ။ | ၁၃။ ပဒုမုတ္တရ။ | ၂၂။ ဝိပဿီ။ |
| ၅။ ကောဏ္ဍည။ | ၁၄။ သုမေဓ။ | ၂၃။ သိခီ။ |
| ၆။ မင်္ဂလ။ | ၁၅။ သုဇာတ။ | ၂၄။ ဝေဿဘူ။ |
| ၇။ သုမန။ | ၁၆။ ပိယဒဿီ။ | ၂၅။ ကကုသံ။ |
| ၈။ ရေဝတ။ | ၁၇။ အတ္ထဒဿီ။ | ၂၆။ ကောဏာဂုံ။ |
| ၉။ သောဘိတ။ | ၁၈။ ဓမ္မဒဿီ။ | ၂၇။ ကဿပ။ |
| | | ၂၈။ ဂေါတမ။ |

၂ ရုပ်တရားပေါင်း (၂၈) ပါး

| | |
|---|---|
| အသဘာဝရုပ်............ | (၁၀) ပါး။ |
| သဘာဝရုပ်................ | (၁၈) ပါး။ |
| ပေါင်း.... | (၂၈) ပါး။ |

---

## ၃၀-ပါးသော တရားများ

၁ ရဟန်းသိက္ခာပုဒ် နိဿဂ္ဂိယပါစိတ် (၃၀) ပါး
စီဝရဝဂ် ၁၀-ပါး

၁။ ပထမ ကထိနသိက္ခာပုဒ်– ခရီးသွားကြသော ရဟန်းများအထုပ်အပိုးတွေကို ထမ်းကြရှက်ကြမှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဒုတိယ ကထိနသိက္ခာပုဒ်– ရဟန်းများ သင်္ကန်းကြီးကို ပစ်ထားခဲ့မှုကို ပညတ်ခြင်း။

၃။ တတိယ ကထိနသိက္ခာပုဒ်–ရဟန်းအများ အကာလ၌ ရသောသင်္ကန်းကို တလထက် ပို၍ မချုပ်ဆိုးပဲထားမှုကို ပညတ်ခြင်း။

၄။ ပုရာဏစီဝရသိက္ခာပုဒ်– ရှင်ဥဒါယီဇနီးဟောင်း ဘိက္ခုနီအား သင်္ကန်းလျှော်ခိုင်းမှုကို ပညတ်ခြင်း။

၅။ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်– ရှင်ဥဒါယီ ဥပ္ပလဝဏ်ထေရီမ၏သင်းပိုင်ကို အလှူခံမှုကို ပညတ်ခြင်း။

၆။ အညာတိကဝိညတ္တိသိက္ခာပုဒ်– ရှင်ဥပနန္ဒ သင်္ကန်းကိုအတင်းတောင်းမှုကို ပညတ်ခြင်း။

၇။ တတုတ္တရိသိက္ခာပုဒ်– ဆဗ္ဗဂ္ဂီ ရဟန်းများ သင်္ကန်း အပိုတောင်းမှုကို ပညတ်ခြင်း။

၈။ ဥပက္ခဋသိက္ခာပုဒ်– ရှင်ဥပနန္ဒ ရည်ရွယ်ရင်းထက် တန်ဖိုး ပိုအောင် သင်္ကန်းစီမံမှုကို ပညတ်ခြင်း။

၉။ ဒုတိယ ဥပက္ခဋသိက္ခာပုဒ်– ရှင်ဥပနန္ဒ ဒါယကာ နှစ်ဦးထံ သွား၍ သင်္ကန်းကို တန်ဖိုးပိုအောင် စီမံမှုကို ပညတ်ခြင်း။

၁၀။ ရာဇသိက္ခာပုဒ်–ရှင်ဥပနန္ဒ ဝေယျာဝစ္စပြုသူအား အတင်းတောင်းမှုကို ပညတ်ခြင်း။

## ကောသိယဝဂ် ၁၀-ပါး

၁၁။ ကောသိယသိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ အိုးလုပ်သူတို့ထံ တိုက်တွန်းမှုကို ပညတ်ခြင်း။

၁၂။ သုဒ္ဓကာဠကသိက္ခာပုဒ်ဆဗ္ဗဂ္ဂီ ရဟန်းများအနက်ရောင်ချည့်သက်သက်ဖြင့် အခင်းပြုမှုကို ပညတ်ခြင်း။

၁၃။ ဒွေဘာဂသိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ အနက်ရောင် အထည်ကိုယ်တွင် အဖြူရောင် အနားကွပ်ရှိသာထည့်မှုကို ပညတ်ခြင်း။

၁၄။ ဆဗ္ဗဿသိက္ခာပုဒ်– ရဟန်းအများ နှစ်စဉ် အခင်းသစ် ပြုလုပ်မှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ နိသီဒနသန္တတသိက္ခာပုဒ်- ရဟန်းအများ အခင်းဟောင်းကို စွန့်ပစ်မှုကို ပညတ်ခြင်း။

၁၆။ ဧဠကလောမသိက္ခာပုဒ်-ရဟန်းတပါး သိုးမွေးအထုပ်ကြီးရွက်လာမှုကို ပညတ်ခြင်း။

၁၇။ ဧဠကလောမဓောဝါပနသိက္ခာပုဒ်-ဆဗ္ဗဂ္ဂီ ရဟန်းများ ဘိက္ခုနီတို့အား ခိုင်းမှုကို ပညတ်ခြင်း။

၁၈။ ရူပိယသိက္ခာပုဒ်- ရှင်ဥပနန္ဒ ငွေအလှူခံမှုကို ပညတ်ခြင်း။

၁၉။ ရူပိယသံဝေါဟာရသိက္ခာပုဒ်- ဆဗ္ဗဂ္ဂီ ရဟန်းများ ရွှေငွေ လဲလှယ်မှုကို ပညတ်ခြင်း။

၂၀။ ကယဝိက္ကယသိက္ခာပုဒ်- ရှင်ဥပနန္ဒ ပရိဗိုဇ်နှင့် အဝတ်ချင်း လဲမှုကို ပညတ်ခြင်း။

ပတ္တဝဂ် ၁၀-ပါး

၂၁။ ပတ္တသိက္ခာပုဒ်- ဆဗ္ဗဂ္ဂီရဟန်းများ သပိတ်များစွာ ကိုယ်ပိုင်ထားမှုကို ပညတ်ခြင်း။

၂၂။ (က) ဦနပဉ္စဗန္ဓနသိက္ခာပုဒ် - ရဟန်းအများ အလိုက်မသိပဲ သပိတ်တောင်းမှုကို ပညတ်ခြင်း။

၂၃။ ဘေသဇ္ဇသိက္ခာပုဒ် - ရဟန်းအများ ထောပတ်စသော ဆေးများကို ကြာရှည်စွာ သိမ်းထားမှုကို ပညတ်ခြင်း။

၂၄။ ဝဿိကသာဋိကသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ မိုးလ မရောက်ခင် မိုးရေခံသင်္ကန်း ချုပ်ဆိုးဝတ်မှုကို ပညတ်ခြင်း။

၂၅။ စီဝရအစ္ဆိန္နနသိက္ခာပုဒ်- ရှင်ဥပနန္ဒ ပေးပြီးသင်္ကန်းကို ပြန်၍လုယူမှုကို ပညတ်ခြင်း။

၂၆။ သုတ္တဝိညတ္တိသိက္ခာပုဒ်- ဆဗ္ဗဂ္ဂီ ရဟန်းများ ချည်တို့ကို များစွာ တောင်းမှုကို ပညတ်ခြင်း။

၂၇။ မဟာပေသကာရသိက္ခာပုဒ်-ရှင်ဥပနန္ဒမိမိဘို့ရည်မှန်းသောသင်္ကန်းကို ရည်မှန်းသော အဖိုးထက်ပို၍ကုန်အောင် စီမံမှုကို ပညတ်ခြင်း။

၂၈။ အစ္စေကစီဝရသိက္ခာပုဒ်- ရဟန်းအများ အစ္စေကသင်္ကန်းကို ကြာရှည်စွာ ထားမှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂၉။ သာသက်သိက္ခာပုဒ်–တောကျောင်း ရဟန်းအများ ခြောက်ညဉ့်ထက် ပို၍ သက်နိုးနှင့် ကင်းနေမှုကို ပညတ်ခြင်း။

၃၀။ ပရိဏတသိက္ခာပုဒ်– သံဃာ့ဂိုရဟန်းများ သံဃာလှူမည့်သက်နိုးကို မိမိသို့ လှူစေမှုကို ပညတ်ခြင်း။

၂ ပါရမီ ၁၀-ပါး အပြား (၃၀)

၁။ စည်းစိမ်ဥစ္စာကို စွန့်လွှတ်၍ ပါရမီတော်(၁၀)ပါးကို ကျင့်သုံးခဲ့ခြင်း။

၂။ ကိုယ်လက်အင်္ဂါကို စွန့်လွှတ်၍ ပါရမီတော် (၁၀) ပါးကို ကျင့်သုံး ခဲ့ခြင်း။

၃။ အသက်ကို စွန့်လွှတ်၍ ပါရမီတော် (၁၀) ပါးကို ကျင့်သုံးခဲ့ခြင်း။
ပါရမီ (၁၀) ပါး အပြား ၃၀။

၃၀-ပါးသော တရားကား နိဋ္ဌိတံ။

---

# ၃၁-ပါးသော တရားများ

၁ သတ္တဝါတို့နေထိုင်ရာဘုံ (၃၁) ဘုံ

၁။ အပါယ် - ၄-ဘုံ။

၂။ ကာမသုဂတိ - ၇-ဘုံ။

၃။ ရူပဗြဟ္မာ - ၁၆-ဘုံ။

၄။ အရူပဗြဟ္မာ - ၄-ဘုံ။

ဘုံ ၃၁-ဘုံ ဖြစ်၏။

အကျယ်ကို သက်ဆိုင်ရာအခဏ်း၌ ကြည့်ပါ။

၃၁-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၃၂-ပါးသော တရားများ

၁ (၃၂) ကောဋ္ဌာသ

၁။ ကေသာ - ဆံပင်။
၂။ လောမာ - အမွေး။
၃။ နခါ - ခြေသည်းလက်သည်း။
၄။ ဒန္တာ - သွား။
၅။ တစော - အရေ။
၆။ မံသံ - အသား။
၇။ နှာရု - အကြော။
၈။ အဋ္ဌိ - အရိုး။
၉။ အဋ္ဌိမိဉ္ဇံ - ရိုးတွင်းခြင်ဆီ။
၁၀။ ဝက္ကံ - အညှို့။
၁၁။ ဟဒယံ - နှလုံး။
၁၂။ ယကနံ - အသည်း။
၁၃။ ကိလောမကံ - အမြှေး။
၁၄။ ပိဟကံ - အဖျဉ်း။
၁၅။ ပပ္ဖါသံ - အဆုတ်။
၁၆။ အန္တံ - အူမ။
၁၇။ အန္တဂုဏံ-အူသိမ်။
၁၈။ ဥဒရိယံ - အစာသစ်။
၁၉။ ကရီသံ-အစာဟောင်း။
၂၀။ မတ္ထလုင်္ဂံ - ဦးနှောက်။
၂၁။ ပိတ္တံ - သည်းခြေ။
၂၂။ သေမှံ - သလိပ်။
၂၃။ ပုဗ္ဗော - ပြည်။
၂၄။ လောဟိတံ-သွေး။
၂၅။ သေဒေါ - ချွေး။
၂၆။ မေဒေါ - အဆီခဲ။
၂၇။ အဿု - မျက်ရည်။
၂၈။ ဝသာ - ဆီကြည်။
၂၉။ ခေဠော - တံတွေး။
၃၀။ သိင်္ဃာဏိကာ-နှပ်။
၃၁။ လသိကာ - အစေး။
၃၂။ မုတ္တံ - ကျင်ငယ်။

၂ ယောကျ်ားမြတ် လက္ခဏာ (၃၂) ပါး

၁။ ညီညွတ်စွာရှိသော ညီညွတ်စွာထိသော ခြေဘဝါး ရှိခြင်း။
၂။ ခြေဘဝါးအပြင်၌အကန့်တထောင်ရှိသော စက်ဝန်းတို့ဖြစ်ပေါ်ခြင်း။
၃။ ရှည်သော ဖနှောင့် ရှိခြင်း။
၄။ ရှည်သွယ်သော လက်ချောင်း ခြေချောင်း ရှိခြင်း။
၅။ နူးညံ့နုနယ်သော ခြေဖဝါးလက်ဖဝါး ရှိခြင်း။
၆။ ကွန်ရက်ပမာ ညီညာသော လက်ချောင်း ခြေချောင်း ရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဖမျက်မြင့်သော ခြေ ရှိခြင်း။
၈။ ဧကီသားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့ သလုံးမြင်းခေါင်းရှိခြင်း။
၉။ မကိုင်းညွတ်ပဲ နှစ်ဖက်သော လက်ဝါးပြင် တို့ဖြင့် ပုဆစ် ဒူးတို့ကို သုံးသပ်နိုင်ခြင်း။
၁၀။ အအိမ်ဖုံးလွှမ်းသော ပုရိသနိမိတ် ရှိခြင်း။
၁၁။ ရွှေအဆင်းနှင့်တူသော အသားအရေ ရှိခြင်း။
၁၂။ ချော်မွေ့သော အသားအရေ ရှိခြင်း။
၁၃။ တပင်ချင်းပေါက်သော မွေးညှင်း ရှိခြင်း။
၁၄။ မွေးညှင်းတို့သည် လက်ျာရစ် လည်၍ အထက်သို့ ကော့တက်လျက် ပေါက်၏။
၁၅။ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိ၏။
၁၆။ အရပ် (၇) ပါး၌ အသားဖြိုးမောက်ခြင်း ရှိ၏။
၁၇။ ခြင်္သေ့ကိုယ် ရှေ့ပိုင်းနှင့်တူသော ကိုယ်ရှိ၏။
၁၈။ လက်ပြင် နှစ်ဖက်အကြား၌ ပြည့်ဖြိုးသော ကျောပြင် ရှိ၏။
၁၉။ ပညောင်ပင်ဝန်းကဲ့သို့ ဝန်းသောကိုယ် ရှိ၏။
၂၀။ ညီညာစွာလုံးသော လည်ပင်းလည်တိုင် ရှိ၏။
၂၁။ အရသာကိုဆောင်သော အလွန်ကောင်းမြတ်သော အကြော ရှိ၏။
၂၂။ ခြင်္သေ့၏ မေးနှင့်တူသော မေးရှိ၏။
၂၃။ လေးဆယ်သော သွား ရှိ၏။
၂၄။ ညီညွတ်သော သွား ရှိ၏။
၂၅။ မကျဲသော သွား ရှိ၏။
၂၆။ အလွန်ဖြူစင်သော စွယ်တော်လေးချောင်း ရှိ၏။
၂၇။ ကြီးမား ရှည်လျား နူးညံ့သော လျှာ ရှိ၏။
၂၈။ ဗြဟ္မာသရ (သို့မဟုတ်) ကရဝိက်သံနှင့်တူသော အသံ ရှိ၏။
၂၉။ အလွန်ညိုသော မျက်လုံး ရှိ၏။
၃၀။ နွားငယ် မျက်တောင်နှင့်တူသော မျက်တောင် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၃၁။ မျက်မှောင် နှစ်ခုအကြား၌ နူးညံ့သော ဝါဂွမ်းနှင့်တူသော ဥဏ္ဏာလုံ မွေးရှင် ပေါက်လျက် ရှိ၏။

၃၂။ သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏။

[(ဒီဃနိကာယ် မဟာဝါ ပါဠိတော်)]

၃ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ (၃၂) ပါး

၁။ ကြိမ်လုံးဖြင့် ရိုက်ခြင်း။

၂။ တုတ်လုံးတံဖြင့် ရိုက်ခတ်ခြင်း။

၃။ ဝါးထက်ခြမ်းကွဲဖြင့် ရိုက်ခတ်ခြင်း။

၄။ လက်ကို ဖြတ်ခြင်း။

၅။ ခြေကို ဖြတ်ခြင်း။

၆။ လက်ခြေနှစ်ဖက်တို့ကို ဖြတ်ခြင်း။

၇။ နားကို ဖြတ်ခြင်း။

၈။ နှာခေါင်းကို ဖြတ်ခြင်း။

၉။ နား, နှာခေါင်း နှစ်ပါးတို့ကို ဖြတ်ခြင်း။

၁၀။ ဦးခေါင်းခွံကို ခွါ၍ရဲရဲတောက်သော သံတွေ့ရေကို ဦးခေါင်းပေါ်မှ လောင်းခြင်း။

၁၁။ ဦးခေါင်းခွံကို ခွါ၍ ဦးခေါင်းရိုးကို ဖြူအောင် ပွတ်ခြင်း။

၁၂။ ခံတွင်းကို သံညှပ်ဖြင့် ဖြဲ၍ အတွင်း၌ မီးရှို့ခြင်း။

၁၃။ ဆီဆွတ်သော ပုဆိုးဖြင့် ကိုယ်ကိုပတ်၍ မီးရှို့ခြင်း။

၁၄။ ဆီဆွတ်သော ပုဆိုးဖြင့် လက်ကိုပတ်၍ မီးရှို့ခြင်း။

၁၅။ တကိုယ်လုံး အရေကို ခွါခြင်း။

၁၆။ အထက်မှ အရေကို ခါးတိုင်ခွါ၍ ခါးမှအရေကို ခြေမျက်စိတိုင် အောင် ခွါခြင်း။

၁၇။ မြေ၌ ပက်လက် အိပ်စေ၍ ခြေနှစ်ဖက်, လက်နှစ်ဖက်တို့၌ သံစို့ ရိုက်နှက်ခြင်း။

၁၈။ နှုတ်ခမ်းနှစ်ဖက်တို့၌ မြှော့ချိတ်ဖြင့် ချိတ်ဆွဲခြင်း။

၁၉။ တကိုယ်လုံး၌ အသားတို့ကို ဓားဖြင့် အတစ် အတစ် လှီးချခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂၀။ တကိုယ်လုံး၌ ခါးနှင့်မှန်း၍ ဆားဖြင့် ပက်ခြင်း။
၂၁။ မြေ၌ တစောင်း အိပ်စေပြီးလျှင် နားဌ် သံစို့နှက်ခြင်း။
၂၂။ အရေကိုမခွါမူ၍အရိုးများကျေမွအောင်ကျောက်တို့ဖြင့်ထုနှက်ခြင်း။
၂၃။ ကြိုက်ကြိုက်ဆူသော ဆီပူဖြင့် လောင်းခြင်း။
၂၄။ တိုင်, သစ်ပင်စသည်တို့၌ ချည်၍ ခွေးတို့ကို စားစေခြင်း။
၂၅။ တိုင်, သစ်ပင်တို့၌ ခြေကို မြေနှင့် မထိစေပဲ ချည်ပြီးလျှင် စအိုဒွါရမှ သတ်လျှိုခြင်း။
၂၆။ ဦးခေါင်းကို ဖြတ်ခြင်း။
၂၇။ ခြေလန် လက်လန် ချည်၍ ရင်ကိုပေါက်ဆိန်ဖြင့် ပေါက်ခြင်း။
၂၈။ ဆီအိုးကင်း၌ ထည့်၍ လှော်ခြင်း။
၂၉။ ကိုယ်အလယ်၌ နှစ်ပိုင်း ဖြတ်ခြင်း။
၃၀။ ခြေကို မိုးမျှော်၍ ဦးခေါင်းစောက်ထိုး ထားခြင်း။
၃၁။ လက်ခြေ လေးဖက်တို့ကို ကြမ်းတမ်းသော ကြိုးတို့ဖြင့် လက်ပြန် တုပ်ခြင်း။
၃၂။ လက်ထိတ် ခြေထိတ်ခတ်၍ နှောင်အိမ်၌ ထားခြင်း။

(စလင်းဆရာတော် ပရိတ်ကြီးနိဿယမှ)

၄ ရှင် ရဟန်း မပြုထိုက်သူ (၃၂) ယောက်

၁။ လက်ပြတ်သောသူကို ရှင် ရဟန်း မပြုပေးအပ်။
၂။ ခြေပြတ်သောသူကို ။
၃။ လက်ခြေပြတ်သော သူကို ။
၄။ နားပြတ်သော သူကို ။
၅။ နှာခေါင်းပြတ်သောသူကို ။
၆။ နား နှာခေါင်းပြတ်သော သူကို ။
၇။ ခြေချောင်းလက်ချောင်းပြတ်သောသူကို ။
၈။ ခြေမ လက်မ ပြတ်သောသူကို ။
၉။ အကြောပြတ်သောသူကို ။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ခြေချောင်းလက်ချောင်းပူးနေသောသူကို ရှင်ရဟန်း မပြုပေးအပ်။
၁၁။ ကုန်းသောသူကို ။
၁၂။ ကွသောသူကို ။
၁၃။ လည်ပင်းကြီးနာရှိသောသူကို ။
၁၄။ သံပူကပ်၍ တံဆိပ်ခတ်ထားသောသူကို ။
၁၅။ ကြိမ်ဒဏ်ပေးခံရသောသူကို ။
၁၆။ တွေ့ရာအရပ်၌သတ်ဟူ၍ကြော်ငြာထားသောသူကို။
၁၇။ ခြေထိုင်းသောသူကို ။
၁၈။ အနာဆိုးရှိသောသူကို ။
၁၉။ ပရိသတ်ကို ဖျက်ဆီးသောသူကို ။
၂၀။ မျက်စိတဖက် ကန်းသောသူကို ။
၂၁။ ခြေလက် ကောက်သောသူကို ။
၂၂။ ခြေဆွံ့သောသူကို ။
၂၃။ ကိုယ်တခြမ်းသေသောသူကို ။
၂၄။ ဆွံ့သောသူကို ။
၂၅။ အိုမင်း မစွမ်းသောသူကို ။
၂၆။ မျက်စိနှစ်ဖက်ကန်းသောသူကို ။
၂၇။ အ သောသူကို ။
၂၈။ နားပင်းသောသူကို ။
၂၉။ ကန်းလည်းကန်း အ လည်း အ သောသူကို ။
၃၀။ ကန်းလည်းကန်း နားလည်းပင်းသောသူကို ။
၃၁။ အ လည်း အ နားလည်းပင်းသောသူကို ။
၃၂။ ကန်းလည်းကန်း၊ အလည်း အ သောသူကို ရှင်ရဟန်းပြုမပေးအပ်။

ရှင်ရဟန်း ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်ဟု မိန့်တော်မူ၏။

(ဝိနည်းမဟာဝါ ပါဠိတော်)

၃၂-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၃၇-ပါးသော တရားများ

၁ အာဇ္ဈာနာဒ္ဓိယသုတ်လာ နတ်စစ်သူကြီး (၃၇) ပါး

၁။ ဣန္ဒ နတ်
၂။ သောမ နတ်
၃။ ဝရုဏ နတ်
၄။ ဘာရဒွါဇ နတ်
၅။ ပဇာပတိ နတ်
၆။ စန္ဒန နတ်
၇။ ကာမသေဋ္ဌ နတ်
၈။ ကိန္နုဃဏ္ဍု နတ်
၉။ နိဃဏ္ဍု နတ်
၁၀။ ပနာဒယက္ခသေနာပတိ နတ်
၁၁။ ဩပမညယက္ခသေနာပတိ နတ်
၁၂။ ဒေဝသူတယက္ခသေနာပတိ နတ်
၁၃။ စိတ္တသေနယက္ခသေနာပတိ နတ်
၁၄။ နဠေရာဇယက္ခသေနာပတိ နတ်
၁၅။ ဇနေသဘယက္ခသေနာပတိ နတ်
၁၆။ သာတာဂိရိယက္ခသေနာပတိ နတ်
၁၇။ ဟေမဝတယက္ခသေနာပတိ နတ်
၁၈။ ပုဏ္ဏကယက္ခသေနာပတ် နတ်
၁၉။ ကရတိယယက္ခသေနာပတိ နတ်
၂၀။ သိဝကယက္ခသေနာပတိ နတ်
၂၁။ မုစလိန္ဒယက္ခသေနာပတိ နတ်
၂၂။ ဝေဿမိတ္တယက္ခသေနာပတိ နတ်
၂၃။ ယုဂန္ဓရယက္ခသေနာပတိ နတ်
၂၄။ ဂေါပါလယက္ခသေနာပတိ နတ်
၂၅။ သုပ္ပရောဓယက္ခသေနာပတိ နတ်

www.burmeseclassic.com

www.burmeseclassic.com



၂၆။ ဟိရိယက္ခသေနာပတိ နတ်
၂၇။ နေတ္တိယက္ခသေနာပတိ နတ်
၂၈။ မန္ဒိယယက္ခသေနာပတိ နတ်
၂၉။ ပဥ္စာလစဏ္ဍယက္ခသေနာပတိ နတ်
၃၀။ အာဠဝကယက္ခသေနာပတိ နတ်
၃၁။ ပဇ္ဇုန္နယက္ခသေနာပတိ နတ်
၃၂။ သုမနယက္ခသေနာပတိ နတ်
၃၃။ သုမုခယက္ခသေနာပတိ နတ်
၃၄။ ဒဓိမုခယက္ခသေနာပတိ နတ်
၃၅။ မဏိယက္ခသေနာပတိ နတ်
၃၆။ မာဏိစရယက္ခသေနာပတိ နတ်
၃၇။ သေရိသကယက္ခသေနာပတိ နတ်

၂ ဗောဓိပက္ခိယတရား (၃၇) ပါး

| | | |
|---|---|---|
| ၁။ | သတိပဋ္ဌာန်တရား | ၄-ပါး။ |
| ၂။ | သမ္မပ္ပဓာန်တရား | ၄-ပါး။ |
| ၃။ | ဣဒ္ဓိပါဒ်တရား | ၄-ပါး။ |
| ၄။ | ဣန္ဒြေ | ၅-ပါး။ |
| ၅။ | ဗိုလ် | ၅-ပါး။ |
| ၆။ | ဗောဇ္ဈင် | ၇-ပါး။ |
| ၇။ | မဂ္ဂင် | ၈-ပါး။ |
| | | ၃၇-ပါး။ |

အကျယ်ကိုသိလိုက သက်ဆိုင်ရာအခဏ်း၌ ကြည့်ပါ။

၃၇-ပါးသော တရားကား ၌ိမ္မိတ်။

www.burmeseclassic.com

www.burmeseclassic.com

# ၃၈–ပါးသော တရားများ

၁ မင်္ဂလာတရား (၃၈) ပါး

၁။ အသေဝနာ စ ဗာလာနံ– သူမိုက်ကို မမှီဝဲ မဆည်းကပ်ရခြင်း။

၂။ ပဏ္ဍိတာနဉ္စ သေဝနာ – ပညာရှိကို မှီဝဲဆည်းကပ်ရခြင်း။

၃။ ပူဇာစ ပူဇနေယျာနံ – ပူဇော်ထိုက်သူကို ပူဇော်ရခြင်း။

၄။ ပဋိရူပဒေသဝါသောစ–သင့်တင့်လျောက်ပတ်သောအရပ်၌နေရခြင်း၊

၅။ ပုဗ္ဗေစ ကတပုညတာ – ရှေးကပြုခဲ့ဘူးသော ကောင်းမှုရှိသော သူ၏ အဖြစ်၌ ရှိရခြင်း။

၆။ အတ္တသမ္မာပဏိဓိ စ – မိမိကိုယ်ကိုကောင်းစွာဆောက်တည်ရခြင်း။

၇။ ဗာဟုသစ္စဉ္စ – အကြားအမြင် များသောသူ ဖြစ်ရခြင်း

၈။ သိပ္ပဉ္စ – လက်မှုပညာ အစရှိသော အသက်မွေးမှုပညာ တတ်ရခြင်း။

၉။ ဝိနယော စ သုသိက္ခိတော – မိမိနှင့် ဆိုင်ရာ ကျင့်သုံးရမည့် တရားကို သိရခြင်း။

၁၀။ သုဘာသိတာ စ ယာ ဝါစာ –ကောင်းသောစကားကိုပြောဆိုရခြင်း။

၁၁။ မာတာပိတု ဥပဋ္ဌာနံ – အမိအဖကို လုပ်ကျွေးရခြင်း။

၁၂။ ပုတ္တဒါရဿ သင်္ဂဟော – သားမယားတို့ကို သင်္ဂြိုဟ်ထောက်ပံ့ပေး ကမ်းရခြင်း။

၁၃။ အနာကုလာ စ ကမ္မန္တာ – အနှောက် အယှက် မရှိသော အလုပ်ကို လုပ်ရခြင်း။

၁၄။ ဒါနဉ္စ – အလှူအတန်း ပြုလုပ်ရခြင်း။

၁၅။ ဓမ္မစရိယာ – တရားကို ကျင့်ရခြင်း။

၁၆။ ဉာတကာနဉ္စ သင်္ဂဟော–ဆွေမျိုးတို့အားထောက်ပံ့ပေးကမ်းရခြင်း။

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ – အပြစ်မရှိသော အလုပ်ကို လုပ်ရခြင်း။

၁၈။ အာရတီ – မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ရခြင်း။ (စာရိတ္တသီလ)

၁၉။ ဝိရတီ – မကောင်းမှုမှ ကိုယ်တွေ့ကြုံက အထူး ရှောင်ကြဉ်ရခြင်း။ (ဝါရိတ္တသီလ)

www.burmeseclassic.com

www.burmeseclassic.com



၂၀။ မင်္ဂပါနံ့ စ သံယမော – သေရည်အရက်ကို သောက်ခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ရခြင်း။
၂၁။ အပ္ပမာဒေါ စ ဓမ္မေသု – ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရခြင်း။
၂၂။ ဂါရဝေါ စ – ရိုသေထိုက်သောသူကို ရိုသေရခြင်း။
၂၃။ နိဝါတော စ – မိမိကိုယ်ကို နှိမ့်ချရခြင်း။
၂၄။ သန္တုဋ္ဌီ စ – ရသလောက်နှင့် ရောင့်ရဲလွယ်ရခြင်း။
၂၅။ ကတညုတာ – သူပြုဘူးသော ကျေးဇူးကို သိရခြင်း။
၂၆။ ကာလေန ဓမ္မဿဝနံ – သင့်တင့်လျော်ကပ်သော အခါ၌ သူတော်ကောင်းတရား နာကြားရခြင်း။
၂၇။ ခန္တီ စ – သည်းခံရခြင်း။
၂၈။ သောဝစဿတာ – သူတော်ကောင်းများ ဆိုဆုံးမသော စကားနာယူရခြင်း။
၂၉။ သမဏာနဉ္စ ဒဿနံ – ရဟန်းမြတ်တို့အား ဖူးမျှော်ကန်တော့ရခြင်း။
၃၀။ ကာလေန ဓမ္မသာကစ္ဆာ – သင့်တင့်လျော်ကပ်သော အခါ၌တရားကို ဆွေးနွေးရခြင်း။
၃၁။ တပေါ စ – ခြိုးခြံစွာ ကျင့်ရခြင်း။
၃၂။ ဗြဟ္မစရိယဉ္စ – မြတ်သောအကျင့်ကို ကျင့်ရခြင်း။
၃၃။ အရိယသစ္စာန ဒဿနံ – အရိယသစ္စာ လေးပါးကို သိမြင်ရခြင်း။
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ–နိဗ္ဗာန်ချမ်းသာတရားကိုမျက်မှောက်ပြုရခြင်း။
၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ - လောကဓံ တရား ရှစ်ပါးနှင့် တွေ့ကြုံက မတုန်လှုပ်ရခြင်း။
၃၆။ အသောကံ - စိုးရိမ်မှု မရှိရခြင်း။
၃၇။ ဝိရဇံ - ရမ္မက်ဟူသော မြူမရှိရခြင်း။
၃၈။ ခေမံ - ဘေးမရှိခြင်း။

၃၈–ပါးသော တရားတော်း နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၄၀-ပါးသော တရားများ

၁ မိန်းမ မာယာ (၄၀)

၁။ ဝိဇမ္ဘတိ - ကိုယ်လက်ကို ဆန့်တန်း၏။
၂။ ဝိလာသတိ - တင့်တယ် စမွယ်၏။
၃။ ဝိနမတိ - ညွတ်၏, ငုံ့၏, ကုန်း၏။
၄။ ဝိလဇ္ဇတိ - ရှက်နိုးဟန်ပြု၏။
၅။ နခေန - လက်သည်း ခြေသည်းဖြင့် လက်သည်း ခြေသည်းကို ထိခိုက်ချုတ်ချယ်၏။
၆။ ပါဒေန - ခြေတဖက်ဖြင့် ခြေတဖက်ကို နင်း၏။
၇။ ကဋ္ဌေန - သစ်သားတုတ်တံဖြင့် မြေကို ရေးခြစ်၏။
၈။ ဒါရကံ - သူငယ်ကို မြှောက်ပင့်၏။
၉။ ဥလ္လင်္ဃာပေတိ- မြှောက်ပင့်စေ၏။
၁၀။ ဥက္ကိပတိ - ချီ၏။
၁၁။ ကီဠတိ - ကစား၏။
၁၂။ ကီဠာပေတိ - ကစားစေ၏။
၁၃။ စုမ္ဗတိ - နမ်းရှုပ်စုပ်၏။
၁၄။ စုမ္ဗာပေတိ - သူငယ်ကို နမ်းရှုပ်စေ၏။
၁၅။ ဘုဥ္ဇတိ - စား၏။
၁၆။ ဘုဥ္ဇာပေတိ - စားစေ၏။
၁၇။ ဒဒါတိ - ပေး၏။
၁၈။ ယာစတိ - တောင်း၏။
၁၉။ ကတံ - သူငယ်ပြုသည်ကို အတုလိုက်၍ ပြု၏။
၂၀။ ဥစ္စံ ဘာသတိ- မြင့်၍ ဆို၏။
၂၁။ နီစံ ဘာသတိ-နိမ့်ချ၍ဆို၏။
၂၂။ အဝိစ္စံ ဘာသတိ- ထင်ရှားသိသာစွာ ဆို၏။
၂၃။ ဝိဝိစ္စံ ဘာသတိ - မသိမသာဖုံးကွယ်ကာဆို၏။
၂၄။ နစ္စေန ဂီတေန ဝါဒိတေန-ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ငိုကြွေးခြင်း,တင့်တယ်စမွယ်ခြင်း, တန်ဆာဆင်ခြင်းဖြင့် တခစ်ခစ်ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



၂၅။ ပေက္ခတိ - တစေ့တစောင်း ကြည့်ရှု၏။
၂၆။ ကဍ္ဍိ - ခါးကိုလှုပ်၏။
၂၇။ ဂုယှဘဏ္ဍကံ - လျှိုဝှက်အပ်သော အင်္ဂါကြီးငယ်ကို ပြ၏။
၂၈။ ဦရုံ - ပေါင်ကို လှစ်၏။
၂၉။ ဦရုံ - ပေါင်ကို ပိတ်၏,ထိ၏။
၃၀။ ထနံ - သားမြတ်ကို ပြ၏။
၃၁။ ကစ္ဆံ - လက်ကတီးကြားကို ပြ၏။
၃၂။ နာဘိံ - ချက်ကို ပြ၏။
၃၃။ အက္ခိံ - မျက်စိကို မှိတ်၏။
၃၄။ ဘမုကံ - မျက်မှောင်ကို ချီပင့်၏။
၃၅။ ဩဋ္ဌံ - နှုတ်ခမ်းကို ကိုက်၏,စု၏,ရက်၏,ပြင်၏။
၃၆။ ဇိဝှံ - လျှာကို မွှေနှောက်၏။
၃၇။ ဒုဿံ - အဝတ်တမီကို ကျွတ်စေ၏,ဖြေ၏။
၃၈။ ဒုဿံ - အဝတ်ထမီကို ခိုင်အောင်ဖွဲ့၏၊တင်းတင်း ဝတ်ခြင်းကို ဆို၏။
၃၉။ သီရသံ - ဆံထုံးကို ဖြေ၏။
၄၀။ သီရသံ - ဆံထုံးကို ဖွဲ့၏၊ ခိုင်ခိုင်ပြင်ထုံး၏။

(မြွေပဒနှင့် မဟာကုနာလဇာတ်မှ)

၂ သမထ (၄၀)

၁။ ကသိုဏ်း- ၁၀-ပါး။
၂။ အသုဘ- ၁၀-ပါး။
၃။ အနုဿတိ- ၁၀-ပါး။
၄။ အပ္ပမညာ- ၄-ပါး။
၅။ သညာ- ၁-ပါး။
၆။ ဝဝတ္ထာန်- ၁-ပါး။
၇။ အာရုပ္ပ- ၄-ပါး။

အကျယ်ကို သက်ဆိုင်ရာအခဏ်း၌ ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၃ ပုညာကိရိယဝတ္ထု အပြားအားဖြင့် (၄၀)

၁။ သာဟတ္ထိက - မိမိကိုယ်တိုင် ဒါနမှုစသော ပြုလုပ်မှု ၁၀-ပါး။

၂။ အာဏတ္တိက - သူတပါးမှတဆင့် ဒါနမှုစသော ပြုလုပ်မှု ၁၀-ပါး။

၃။ ဂုဏာဝိက - သူတပါး၏ ဒါနမှုစသော ကောင်းမှုကို ချီးကျူး ပြောဆိုမှု ၁၀-ပါး။

၄။ အနုမောဒနာ - သူတပါး၏ ဒါနမှုစသော ကောင်းမှုကို ဝမ်းမြောက် သာဓု ခေါ်မှု ၁၀-ပါး။

၄ သမထ (သို့မဟုတ်) ဝိပဿနာခေါ် တော (၄၀)

၁။ အနိစ္စတော - ဘဝတခုမှ တခုသို့ ပြောင်းရွှေ့တတ်သောကြောင့်ရင်း။

၂။ ပရလောကတော - တပါးသောအခြင်းအရာ ဖြစ်သောကြောင့်ရင်း။

၃။ စလတော - လောကဓံ တရား ရှစ်ပါးတို့ဖြင့် တုန်လှုပ် တတ်သော ကြောင့်ရင်း။

၄။ ပဘင်္ဂုတော - အများအားဖြင့် ပျက်စီးတတ်သောကြောင့်ရင်း။

၅။ အဓုဝတော - မြဲမြံစွာ မတည်တတ်သောကြောင့်ရင်း။

၆။ ဝိပရိဏာမဓမ္မတော - အို, နာ, သေခြင်း သဘောဖြင့် ဖောက်ပြန် တတ်သောကြောင့်ရင်း။

၇။ အသာရတော - အနှစ်သာရ မရှိခြင်းကြောင့်ရင်း။

၈။ ဝိဘဝတော- ကုသိုလ်တည်းဟူသောစီးပွားမှ ကင်းသောကြောင့်ရင်း။

၉။ သင်္ခတတော - ကံ, စိတ်, ဥတု,အာဟာရ တည်းဟူသော အကြောင်း တရားတို့သည် ပြုပြင်တတ်သောကြောင့်ရင်း။

၁၀။ မရဏဓမ္မတော - သေတတ်သောကြောင့်ရင်း။

အနိစ္စတရား (၁၀) ပါး မည်၏။

၁၁။ ဒုက္ခတော - နိဗ္ဗာန်မရသရွေ့ အို, နာ, သေ, မပြတ်နှိပ်စက်သဖြင့် ဆင်းရဲတတ်သောကြောင့်ရင်း။

၁၂။ ရောဂတော - ကိုးဆယ့်ခြောက်ပါးရောဂါတို့သည် မပြတ်နှိပ်စက်စာတတ် သောကြောင့်ရင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ဂဏ္ဍတော - အိုင်းအမာနှင့် တူသောကြောင့်ရင်း။
၁၄။ သလ္လတော - ကိလေသာတည်းဟူသော ငြောင့်တို့သည် ထိုးကျင်အပ်သောကြောင့်ရင်း။
၁၅။ အဃတော - မကောင်းမှုတို့သည် ဖြစ်တတ်သောကြောင့်ရင်း။
၁၆။ အာဗာဓတော - ကျဉ်းမြောင်းနာကျင်ခြင်းလျှင် အကြောင်းရှိသောကြောင့်ရင်း။
၁၇။ ဤတိတော - အကျိုးမဲ့များစွာဖြစ်၍ ပျက်တတ်သောကြောင့်ရင်း။
၁၈။ ဥပဒ္ဒဝတော - ဘေးများစွာရောက်၍ပျက်စီးတတ်သောကြောင့်ရင်း။
၁၉။ ဘယတော - ဘေးအားဖြင့်ရင်း။
၂၀။ ဥပသဂ္ဂတော - ကာမဂုဏ်၌ကပ်ငြိသောအားဖြင့်ရင်း။
၂၁။ အတာဏတော - မှီခိုရာ မရှိသောကြောင့်ရင်း။
၂၂။ အလေဏတော - မှီကပ်သူတို့အား ပုံးကွယ်ရာ မရှိသောကြောင့်ရင်း။
၂၃။ အသရဏတော - သံသရာဘေးမှ လွတ်ခြင်းငှါ ကိုးကွယ်ရာမရှိသောကြောင့်ရင်း။
၂၄။ အာဒီနဝတော - မကောင်းမှု တည်းဟူသော အပြစ် ဖြစ်တတ်သောကြောင့်ရင်း။
၂၅။ အဃမူလတော - မကောင်းမှု၏တည်ရာ မူလဖြစ်သောကြောင့်ရင်း။
၂၆။ ဝဓကတော - ညှဉ်းဆဲတတ်သောကြောင့်ရင်း။
၂၇။ အာသဝတော - အာသဝေါတရား လေးပါးတည်းဟူသော ဝဲသြဃ၌ နစ်မွန်းတတ်သောကြောင့်ရင်း။
၂၈။ မာရာမိသတော - မာရ်တည်းဟူသော သူ၏ အစာ ဖြစ်တတ်သောကြောင့်ရင်း။
၂၉။ ဇာတိဓမ္မတော - ပဋိသန္ဓေနေရခြင်းနှင့်ယှဉ်တတ်သောကြောင့်ရင်း။
၃၀။ ဇရာဓမ္မတော - အိုတတ်သောကြောင့်ရင်း။
၃၁။ ဗျာဓိဓမ္မတော - နာတတ်သောကြောင့်ရင်း။
၃၂။ သောကဓမ္မတော - ပူဆွေးတတ်သောကြောင့်ရင်း။

www.burmeseclassic.com

www.burmeseclassic.com



၃၃။ ပရိဒေဝဓမ္မတော - ငိုကြွေးတတ်သောကြောင့်ရင်း။
၃၄။ ဥပါယာသဓမ္မတော - သက်ကြီးရှိုက်ငင်ပူပန်တတ်သောကြောင့်ရင်း။
၃၅။ သံကိလေသိက ဓမ္မတော - ကိလေသာတို့မှ ညစ်ညူး တတ်သော ကြောင့်ရင်း။

ဒုက္ခတရား (၂၅) ပါး မည်၏။

၃၆။ **အနတ္တတော**- အစိုးရ၏ဟု မမှတ်အပ်သောကြောင့်ရင်း။
၃၇။ ပရတော - ငါ၏ကိုယ်ဟူ၍ မစိရင်အပ်သောကြောင့်ရင်း။
၃၈။ ရိတ္တတော - ချမ်းသာ တင့်တယ်သောအဖြစ်မှ အချည်းနှီး ဖြစ်တတ် သောကြောင့်ရင်း။
၃၉။ တုစ္ဆတော- အနှစ်မရှည် အနည်းငယ်သာတည်တတ်သောကြောင့်ရင်း။
၄၀။ သုညတော-အစိုးရခြင်း ခံစားခြင်းမှ ကင်းဆိတ်သောကြောင့်ရင်း။

အနတ္တတရား (၅) ပါးမည်၏။

အနိစ္စတရား(၁၀)ပါး၊ ဒုက္ခတရား (၂၅)ပါး၊ အနတ္တတရား(၅)ပါး၊ ပေါင်း (၄၀)

(ပဋိသမ္ဘိဒါမဂ်)

၄၀-ပါးသောတရားကား နိဋ္ဌိတံ။

---

# ၄၁-ပါးသော တရားများ

**၁ ဧတဒဂ်ရသော ရဟန္တာ (၄၁) ပါး**

**ဧတဒဂ် ပထမဝဂ်**

၁။ ညဉ့်တို့ကိုသိ၍ ဝါရင့်သော တပည့် ရဟန်းတို့တွင် အကြင် အညာသိ ကောဏ္ဍညသည် ဧတဒဂ်ရ၏။
၂။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံသော တပည့်ရဟန်းတို့တွင် အကြင် သာရိပုတ္တရာသည် ဧတဒဂ် ရ၏။
၃။ တန်ခိုးနှင့်ပြည့်စုံသော တပည့်ရဟန်းတို့တွင် အကြင် မောဂ္ဂလာန်သည် ဧတဒဂ် ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ ခုတင်ကျင့်ကုန်သော တပည့် ရဟန်းတို့တွင် အကြင်မဟာကဿပသည် တေဒဂ် ရ၏။

၅။ ဒိဗ္ဗစက္ခုအဘိညာဏ်ရသောတပည့်ရဟန်းတို့တွင်အကြင်အနုရုဒ္ဓါသည် တေဒဂ် ရ၏။

၆။ မြတ်သောအမျိုး၌ ဖြစ်ကုန်သော တပည့်ရဟန်းတို့တွင် ကာဠုဒေါ်ခေါ အမည်ရှိသော သာကီဝင် မင်းသမီး၏ သား အကြင် ဘဒ္ဒိယသည် တေဒဂ် ရ၏။

၇။ သာယာသောအသံရှိသော တပည့်ရဟန်းတို့တွင် အကြင် လကုဏ္ဍက ဘဒ္ဒိယသည် တေဒဂ်ရ၏။

၈။ ခြသေ့်ကဲ့သို့ ရဲရင့်စွာ ကြုံးဝါး မြွက်ဆိုနိုင်သော တပည့်ရဟန်းတို့တွင် အကြင်ပိဏ္ဍောလဘာရဒွါဇသည် တေဒဂ်ရ၏။

၉။ တရားဟောတတ်သော တပည့်ရဟန်းတို့တွင် မန္တာဏီပုဏ္ဏေးမ၏ သား အကြင် ပုဏ္ဏသည် တေဒဂ် ရ၏။

၁၀။ အကျဉ်းအားဖြင့် ဟောအပ်သော တရားကို အကျယ်အားဖြင့် ဝေဖန် ဟောတတ်သော တပည့်ရဟန်းတို့တွင် အကြင် မဟာကစ္စာနသည် တေဒဂ်ရ၏။

တေဒဂ် ဒုတိယဝဂ်

၁၁။ စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းတတ်သော တပည့် ရဟန်း တို့တွင် အကြင် စူဠပန္ထကသည် တေဒဂ် ရ၏။

ဈာန်အရာ၌ ကျွမ်းကျင်လိမ္မာသော တပည့်ရဟန်းတို့တွင် အကြင် စူဠပန္ထကသည် တေဒဂ် ရ၏။

၁၂။ အရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာသော တပည့်ရဟန်းတို့တွင် အကြင် မဟာပန္ထကသည် တေဒဂ် ရ၏။

၁၃။ ကိလေသာ ကင်းဝေးသော နေခြင်းရှိသော တပည့်ရဟန်းတို့တွင် အကြင် သုဘူတိသည် တေဒဂ်ရ၏။

မြတ်သောအလှူကို ခံထိုက်သော တပည့်ရဟန်းတို့တွင် အကြင်သုဘူတိ သည် တေဒဂ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ တောကျောင်း၌နေသော တပည့် ရဟန်းတို့တွင် အကြင် ခဒိရဝနိယ ရေဝတသည် တေဒဂ်ရ၏။

၁၅။ စျာန်၌မွေ့လျော်သော တပည့်ရဟန်းတို့တွင် အကြင် ကင်္ခါရေဝတသည် တေဒဂ် ရ၏။

၁၆။ ထက်သန်သော လုံ့လရှိသောတပည့်ရဟန်းတို့တွင် ကောဠိဝိသအနွယ်၌ ဖြစ်သော အကြင် သောဏသည် တေဒဂ်ရ၏။

၁၇။ ချိုသာသောစကားကို ပြောတတ်သော တပည့်ရဟန်းတို့တွင် ကုဋိကဏ္ဏ ခေါ်သော အကြင် သောဏသည် တေဒဂ် ရ၏။

၁၈။ လာဘ်များခြင်းရှိကုန်သော တပည့်ရဟန်းတို့တွင် အကြင်သီဝလိသည် တေဒဂ် ရ၏။

၁၉။ သဒ္ဓါတရား အားကြီးသော တပည့်ရဟန်းတို့တွင် အကြင် ဝက္ကလိ သည် တေဒဂ် ရ၏။

**တေဒဂ် တတိယဝဂ်**

၂၀။ အကျင့်သိက္ခာကိုလိုလားသော တပည့်ရဟန်းတို့တွင် အကြင်ရာဟုလာ သည် တေဒဂ်ရ၏။

၂၁။ သဒ္ဓါတရားဖြင့် ရဟန်းပြုသောတပည့်ရဟန်းတို့တွင် အကြင် ရဋ္ဌပါလ သည် တေဒဂ် ရ၏။

၂၂။ စာရေးတံမဲကို ပဌမ ရတတ်သော တပည့် ရဟန်းတို့တွင် အကြင် ကုဏ္ဍဓာနသည် တေဒဂ် ရ၏။

၂၃။ ဆန်းကြယ်သော ဉာဏ် (ပဋိဘာန်) ရှိသော တပည့် ရဟန်းတို့တွင် အကြင် ဝင်္ဂီသသည် တေဒဂ် ရ၏။

၂၄။ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသောတပည့်ရဟန်းတို့တွင် ဝင်္ဂန္တပုဏ္ဏား ၏ သား အကြင် ဥပသေနသည် တေဒဂ် ရ၏။

၂၅။ ကျောင်းအိပ်ရာနေရာ ခင်းကျင်းစီမံတတ်သော တပည့်ရဟန်းတို့တွင် မလ္လာမင်း၏သား အကြင် ဒဗ္ဗသည် တေဒဂ် ရ၏။

၂၆။ နတ်တို့ချစ်ခင်မြတ်နိုးအပ်ကုန်သောတပည့်ရဟန်းတို့တွင် အကြင်ပိလိန္ဒ ဝစ္ဆသည် တေဒဂ် ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ လျှင်မြန်စွာရသော မဂ်ဖိုလ် အသိဉာဏ် ရှိသော တပည့် ရဟန်းတို့တွင် ဗာဟိယတိုင်ရှသား အကြင် ဒါရုစီရိယသည် တေဒဂ် ရ၏။

၂၈။ ဆန်းကြယ်စွာ တရားဟောတတ်သော တပည့်ရဟန်းတို့တွင် အကြင် ကုမာရကဿပသည် တေဒဂ် ရ၏။

၂၉။ ပဋိသမ္ဘိဒါ လေးပါးသို့ ရောက်သော တပည့် ရဟန်းတို့တွင် အကြင် မဟာကောဋ္ဌိကသည် တေဒဂ် ရ၏။

တေဒဂ် စတုတ္ထဝဂ်

၃၀။ (က) အကြားအမြင် များခြင်းရှိသော တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာသည် တေဒဂ် ရ၏။

(ခ) ငါ၏ စကားတော်ကို ကြားမြင့်စွာ ဆောင်စွမ်းနိုင်သည့် သတိရှိသော တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာသည် တေဒဂ် ရ၏။

(ဂ) ငါဟောအပ်သည့် အတိုင်း အလုံးစုံပုဒ်တို့ကို သိစွမ်း နိုင်သည့် ပညာရှိသော တပည့် ရဟန်းတို့တွင် အကြင် အာနန္ဒာ သည် တေဒဂ်ရ၏။

(ဃ) ငါ၏ စကားတော်တို့ကိုသင်ခြင်း,ဆောင်ခြင်း,သရဇ္ဈာယ်ခြင်း, ငါ့ကို ဆည်းကပ်ခြင်းတို့၌ လုံ့လရှိသော တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာသည် တေဒဂ် ရ၏။

(င) ငါ့အား လုပ်ကျွေးသော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာသည် တေဒဂ် ရ၏။

၃၁။ များစွာသော ပရိသတ်ရှိသော တပည့်ရဟန်းတို့တွင် အကြင်ဥရုဝေလကဿပသည် တေဒဂ် ရ၏။

၃၂။ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေတတ်သော တပည့်ရဟန်းတို့တွင် အကြင် ကာဠုဒါယီသည် တေဒဂ် ရ၏။

၃၃။ အနာရောဂါကင်းကုန်သော တပည့် ရဟန်းတို့တွင် အကြင် ဗာကုလသည် တေဒဂ်ရ၏။

၃၄။ ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော တပည့်ရဟန်းတို့တွင် အကြင်သောဘိတသည် တေဒဂ် ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၃၅။ ဝိနည်းကို ဆောင်ကုန်သော တပည့်ရဟန်းတို့တွင် အကြင်ဥပါလိသည် တေဒဂ် ရ၏။

၃၆။ ဘိက္ခုနီမတို့ကိုဆုံးမကုန်သော တပည့်ရဟန်းတို့တွင် အကြင်နန္ဒကသည် တေဒဂ် ရ၏။

၃၇။ ဣန္ဒြေကို စောင့်စည်းကုန်သော တပည့် ရဟန်းတို့တွင် အကြင်နန္ဒသည် တေဒဂ် ရ၏။

၃၈။ ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်သောတပည့်ရဟန်းတို့တွင် အကြင် မဟာကပ္ပိနသည် တေဒဂ် ရ၏။

၃၉။ တေဇောဓာတ် ဝင်စားရာ၌ ကျွမ်းကျင်သော တပည့် ရဟန်းတို့တွင် အကြင် သာဂတသည် တေဒဂ် ရ၏။

၄၀။ တရားကို ထင်မြင်လွယ်သော ဉာဏ်ပဋိဘာန်နှင့် ပြည့်စုံသော တပည့် ရဟန်းတို့တွင် အကြင် ရာဓသည် တေဒဂ် ရ၏။

၄၁။ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော တပည့် ရဟန်းတို့တွင် အကြင် မောဃရာဇသည် တေဒဂ်ရ၏။

၄၁-ပါးသော တရားကား နိဋ္ဌိတံ။

---

## ၄၂-ပါးသော တရားများ

**၁ မဟာဘူတ် အကျယ် (၄၂) ပါး**

| | |
|---|---|
| ၁။ ပထဝီ - | ၂၀-ပါး။ |
| ၂။ အာပေါ - | ၁၂-ပါး။ |
| ၃။ ဝါယော - | ၆-ပါး။ |
| ၄။ တေဇော - | ၄-ပါး။ |
| ပေါင်း | ၄၂-ပါး။ |

အကျယ်ကို သက်ဆိုင်ရာအခန်း၌ ရှုပါလေ။

၄၂-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၅၂ ပါးသော တရားများ

၁ နိကာယ်ငါးရပ်မှ ပါဠိတော်ကျမ်းပေါင်း (၅၂) ကျမ်း

ဒီဃနိကာယ်မှ သုံးကျမ်း

၁။ သုတ်သီလက္ခန္ဓကျမ်း။
၂။ သုတ်ပါထိကကျမ်း။
(သုတ်ပါထေယျ)
၃။ သုတ်မဟာဝါကျမ်း။

မဇ္ဈိမနိကာယ်မှ သုံးကျမ်း

၁။ မူလပဏ္ဏာသကျမ်း။
၂။ မဇ္ဈိမပဏ္ဏာသကျမ်း။
၃။ ဥပရိပဏ္ဏာသကျမ်း။

သံယုတ္တနိကာယ်မှ ငါးကျမ်း

၁။ သဂါထာဝဂ္ဂသံယုတ်ကျမ်း။
၂။ နိဒါနဝဂ္ဂသံယုတ်ကျမ်း။
၃။ ခန္ဓဝဂ္ဂသံယုတ်ကျမ်း။
၄။ သဠာယတနဝဂ္ဂသံယုတ်ကျမ်း
၅။ မဟာဝဂ္ဂသံယုတ်ကျမ်း။

အင်္ဂုတ္တိုရ်နိကာယ်မှ ၁၁-ကျမ်း

၁။ ဧကကနိပါတ်ကျမ်း။
၂။ ဒုကနိပါတ်ကျမ်း။
၃။ တိကနိပါတ်ကျမ်း။
၄။ စတုက္ကနိပါတ်ကျမ်း။
၅။ ပဉ္စကနိပါတ်ကျမ်း။
၆။ ဆက္ကနိပါတ်ကျမ်း။
၇။ သတ္တကနိပါတ်ကျမ်း။
၈။ အဋ္ဌကနိပါတ်ကျမ်း။
၉။ နဝကနိပါတ်ကျမ်း
၁၀။ ဒသကနိပါတ်ကျမ်း။
၁၁။ ဧကာဒသကနိပါတ်ကျမ်း။

ခုဒ္ဒကနိကာယ်မှ သုံးဆယ်ကျမ်း

၁။ ခုဒ္ဒကပါဌကျမ်း။
၂။ ဓမ္မပဒကျမ်း။
၃။ ဥဒါန်းကျမ်း။
၄။ ဣတိဝုတ်ကျမ်း။
၅။ သုတ္တနိပါတ်ကျမ်း။
၆။ ဝိမာနဝတ္ထုကျမ်း။
၇။ ပေတဝတ္ထုကျမ်း။
၈။ ထေရဂါထာကျမ်း။
၉။ ထေရီဂါထာကျမ်း။
၁၀။ အပဒါန်ကျမ်း။
၁၁။ ဗုဒ္ဓဝင်ကျမ်း။
၁၂။ စရိယာပိဋကကျမ်း။
၁၃။ ဇာတကကျမ်း။
၁၄။ နိဒ္ဒေသကျမ်း (စူဠ-မဟာ)
၁၅။ ပဋိသမ္ဘိဒါမဂ်ကျမ်း။
၁၆။ မိလိန္ဒပဉှာကျမ်း။
၁၇။ နေတ္တိကျမ်း။
၁၈။ ပေဋကောပဒေသကျမ်း။
(ဝိနည်းငါးကျမ်းမှ)
၁၉။ ပါရာဇိကဏ်ကျမ်း။
(ဘိက္ခုဝိဘင်း)

www.burmeseclassic.com



၂၀။ ပါစိတ်ကျမ်း။
(ဘိက္ခုနီဝိဘင်း)
၂၁။ မဟာဝါခန္ဓကကျမ်း။
၂၂။ စူဠဝါခန္ဓကကျမ်း။
၂၃။ ပရိဝါကျမ်း။
(အဘိဓမ္မာ ၇-ကျမ်းမှ)
၂၄။ ဓမ္မသင်္ဂဏီကျမ်း။
၂၅။ ဝိဘင်းကျမ်း။
၂၆။ ဓာတုကထာကျမ်း။
၂၇။ ပုဂ္ဂလပညတ်ကျမ်း။
၂၈။ ကထာဝတ္ထုကျမ်း။
၂၉။ ယမိုက်ကျမ်း။
၃၀။ ပဋ္ဌာန်းကျမ်း။

| | |
|---|---|
| ဒီဃနိကာယ် သုံးကျမ်း - | ၃-ကျမ်း။ |
| မဇ္ဈိမနိကာယ် သုံးကျမ်း - | ၃-ကျမ်း။ |
| သံယုတ္တနိကာယ် ငါးကျမ်း - | ၅-ကျမ်း။ |
| အင်္ဂုတ္တရနိကာယ်ဆယ့်တစ်ကျမ်း - | ၁၁-ကျမ်း။ |
| ခုဒ္ဒကနိကာယ်သုံးဆယ်ကျမ်း - | ၃၀-ကျမ်း။ |
| ပါဠိတော် ကျမ်းပေါင်း- | ၅၂-ကျမ်း။ |

၂ **စေတသိက်ပေါင်း (၅၂) ပါး**

| | | |
|---|---|---|
| ၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် | | (၇) ပါး |
| ၂။ ပကိဏ်း | စေတသိက် | (၆) ပါး |
| ၃။ အကုသိုလ် | စေတသိက် | (၁၄) ပါး |
| ၄။ ကလျာဏဇာတိ | စေတသိက် | (၂၀) ပါး |
| ၅။ ဝိရတီ | စေတသိက် | (၃) ပါး |
| ၆။ အပ္ပမညာ | စေတသိက် | (၂) ပါး |
| | ပေါင်း | (၅၂) ပါး |

(အကျယ်ကို သက်ဆိုင်ရာ အခန်း၌ ကြည့်ပါ)

၅၂-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၇၁-ပါးသော တရားများ

၁ တောဘူမ္မက သင်္ခါရတရား (၇၁) ပါး

| | | |
|---|---|---|
| ၁။ | စိတ် (သို့မဟုတ်) နာမ်တရား - | ၁-ပါး။ |
| ၂။ | စေတသိက်- | ၅၂-ပါး။ |
| ၃။ | ဇာတိရုပ် - | ၁၈-ပါး။ |
| | ပေါင်း တောဘူမ္မက သင်္ခါရတရား | ၇၁-ပါး။ |

ယင်းတောဘူမ္မကသင်္ခါရတရား (၇၁) ပါးသည် ရုပ်နာမ်နှစ်ပါးကို အကျယ်ဖွင့်ပြထားသော တရား ဖြစ်သည်၊ အကျယ်ကိုသိလိုလျှင် ဆိုင်ရာအခန်း၌ ကြည့်ပါ။

၇၁-ပါးသော တရားကား နိဋ္ဌိတံ။

# ၇၄-ပါးသော တရားများ

၁ တေဒဂ်ရသော ပုဂ္ဂိုလ်အပေါင်း (၇၄) ယောက်

| | | |
|---|---|---|
| ၁။ | ရဟန္တာ ယောကျ်ား- | ၄၁-ပါး။ |
| ၂။ | ရဟန္တာ မိန်းမ- | ၁၃-ပါး။ |
| ၃။ | *ဥပါသကာ ယောကျ်ား- | ၁၀-ယောက်။ |
| ၄။ | ဥပါသိကာမ- | ၁၀-ယောက်။ |
| | ပေါင်း | ၇၄-ယောက်။ |

အကျယ်ကို သက်ဆိုင်ရာ အခန်းတွင် ကြည့်ပါ။

၇၄-ပါးသော တရားကား နိဋ္ဌိတံ။

---

* တေဒဂ်အားဖြင့် ၁၀၊ ပုဂ္ဂိုလ်အားဖြင့် ၁၁။

www.burmeseclassic.com

www.burmeseclassic.com

# ၇၅-ပါးသော တရားများ

၁ ရဟန်း သာမဏေများ ကျင့်သုံးရန် သေခိယ (၇၅) ပါး

ပရိမဏ္ဍလဝဂ် (၁၀)ပါး

၁။ ပရိမဏ္ဍလ သိက္ခာပုဒ် - ခါးဝတ်သင်းပိုင်ကိုထက်အောက်အဝန်းညီစွာ ဝတ်ရမည်။

၂။ ပရိမဏ္ဍလ သိက္ခာပုဒ် - ကိုယ်ဝတ်ကေသီကို ထက်အောက်အဝန်းညီစွာ ဝတ်ရမည်။

၃။ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် - လည်ပင်း လက်ကောက်ဝတ်ကို လုံခြုံအောင် ဖုံးလျက် (သင်္ကန်းရုံလျက်) မြို့တွင်းရွာတွင်း၌ သွားရမည်။

၄။ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် - လည်ပင်းလက်ကောက်ဝတ်တို့ကို လုံခြုံအောင် ဖုံးလျက် (သင်္ကန်းရုံလျက်) မြို့တွင်းရွာတွင်း၌ နေရမည်။

၅။ သုသံဝုတ သိက္ခာပုဒ် - ခြေလက်တို့ကို မကစားပဲ ဣန္ဒြေကိုစောင့်စည်းလျက် မြို့တွင်း ရွာတွင်း၌ သွားရမည်။

၆။ သုသံဝုတ သိက္ခာပုဒ် - ခြေလက်တို့ကို မကစားပဲ ဣန္ဒြေကိုစောင့်စည်းလျက် မြို့တွင်း ရွာတွင်း၌ နေထိုင်ရမည်။

၇။ ဩက္ခိတ္တစက္ခု သိက္ခာပုဒ် - လေးတောင်ခန့်မျှ ကြည့်၍ ချအပ်သော မျက်လွှာရှိသဖြင့် မြို့တွင်း ရွာတွင်း၌ သွားရမည်။

၈။ ဩက္ခိတ္တစက္ခု သိက္ခာပုဒ် - လေးတောင်ခန့်မျှ ကြည့်၍ ချအပ်သော မျက်လွှာရှိသဖြင့် မြို့တွင်း ရွာတွင်း၌ နေရမည်။

၉။ န ဥက္ခိတ္တကာယ သိက္ခာပုဒ် - သင်္ကန်းကိုပင့်လျက် မြို့တွင်း ရွာတွင်း၌ မသွားရ။

၁၀။ န ဥက္ခိတ္တကာယ သိက္ခာပုဒ် - သင်္ကန်းကိုပင့်လျက် မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။

ဥဇ္ဇဂ္ဃိကဝဂ် (၁၀) ပါး

၁၁။ န ဥဇ္ဇဂ္ဃိကာယ သိက္ခာပုဒ် - ပြင်းစွာ ရယ်လျက် မြို့တွင်း ရွာတွင်း၌ မသွားရ။

www.burmeseclassic.com

www.burmeseclassic.com



၁၂။ နဥဇ္ဇဂ္ဃိကာယ သိက္ခာပုဒ် - ပြင်းစွာ ရယ်လျက် မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။
၁၃။ အပ္ပသဒ္ဒ သိက္ခာပုဒ် - ငယ်သောအသံရှိသည်ဖြစ်၍ (တိုးတိုး) ပြော၍ မြို့တွင်း ရွာတွင်း၌ သွားရမည်။
၁၄။ အပ္ပသဒ္ဒ သိက္ခာပုဒ် - ငယ်သောအသံရှိသည်ဖြစ်၍ (တိုးတိုး) ပြော၍ မြို့တွင်း ရွာတွင်း၌ နေထိုင်ရမည်။
၁၅။ န ကာယပ္ပစာလက သိက္ခာပုဒ်- ကိုယ်ကိုလှုပ်၍လှုပ်၍မြို့တွင်းရွာတွင်း၌ မသွားရ။
၁၆။ န ကာယပ္ပစာလက သိက္ခာပုဒ်-ကိုယ်ကို လှုပ်၍လှုပ်၍မြို့တွင်းရွာတွင်း၌ မနေထိုင်ရ။
၁၇။ န ဗာဟုပ္ပစာလက သိက္ခာပုဒ် - လက်ရုံးကို လှုပ်၍ လှုပ်၍ မြို့တွင်း ရွာတွင်း၌ မသွားရ။
၁၈။ န ဗာဟုပ္ပစာလက သိက္ခာပုဒ် - လက်ရုံးကို လှုပ်၍ လှုပ်၍ မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။
၁၉။ န သီသပ္ပစာလက သိက္ခာပုဒ် - ဦးခေါင်းကို လှုပ်၍ လှုပ်၍ မြို့တွင်း ရွာတွင်း၌ မသွားရ။
၂၀။ န သီသပ္ပစာလက သိက္ခာပုဒ် - ဦးခေါင်းကို လှုပ်၍ လှုပ်၍ မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။

**ခမ္ဘကတဝဂ် (၁၀) ပါး**

၂၁။ န ခမ္ဘကတ သိက္ခာပုဒ် - ခါးကို ထောက်လျက် မြို့တွင်း ရွာတွင်း၌ မသွားရ။
၂၂။ န ခမ္ဘကတ သိက္ခာပုဒ် - ခါးကို ထောက်လျက် မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။
၂၃။ န ဩဂုဏ္ဌိတ သိက္ခာပုဒ် - ဦးခေါင်းကို ခြုံလျက် မြို့တွင်း ရွာတွင်း၌ မသွားရ။
၂၄။ န ဩဂုဏ္ဌိတ သိက္ခာပုဒ် - ဦးခေါင်းကိုခြုံလျက် မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။

www.burmeseclassic.com

www.burmeseclassic.com



၂၅။ န ဥက္ကုဋ္ဌိကာယ သိက္ခာပုဒ် - ခြေဖဝါးဆွဲ့နင်း ဆွံ့နင်းပြုလျက် မြို့တွင်း ရွာတွင်း၌ မသွားရ။

၂၆။ န ပလ္လတ္ထိကာယ သိက္ခာပုဒ် - ဒူးနှစ်လုံးထောင် လက်ပိုက်ပတ်လျက် မြို့တွင်း ရွာတွင်း၌ မနေထိုင်ရ။

၂၇။ သက္ကစ္စ သိက္ခာပုဒ် - ရိုသေစွာ ဆွမ်းကို ခံရမည်။

၂၈။ ပတ္တသညီ သိက္ခာပုဒ် - သပိတ်၌ အမှတ်သညာထား၍ ဆွမ်းခံရမည်။

၂၉။ သမသူပက သိက္ခာပုဒ် - ဆွမ်း၏ ၄-ပုံ ၁- ပုံ ရသည်နှင့်အမျှ ဟင်းကို အလှူခံရမည်။

၃၀။ သမတိတ္တိက သိက္ခာပုဒ် - သပိတ်အတွင်းအနားရေးနှင့်အမျှ ဆွမ်းအလှူ ခံရမည်။ (အလိုမကြီးရ)

သက္ကစ္စဝဂ် (၁၀)ပါး

၃၁။ သက္ကစ္စ သိက္ခာပုဒ် - ဆွမ်းကို ရိုသေစွာ စားရမည်။

၃၂။ ပတ္တသညီ သိက္ခာပုဒ် - သပိတ်၌ အမှတ်သညာထား၍ ဆွမ်းကိုစား ရမည်။

၃၃။ သပဒါန သိက္ခာပုဒ်- ဆွမ်းကိုအစဉ်အတိုင်း စားရမည်။

၃၄။ သမသူပက သိက္ခာပုဒ် - ဆွမ်း၏ ၄-ပုံ ၁-ပုံ နှင့်အညီ ဟင်းကိုစားရမည်။

၃၅။ န ထူပကတော သိက္ခာပုဒ်- ဆွမ်းဦးမှနှိပ်၍ ဆွမ်းကို မစားရ။

၃၆။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ သိက္ခာပုဒ်-ဟင်းများသည်ကို အလိုရှိ၍ ဆွမ်းနှင့် ဟင်းကို မဖုံးဖိထားရ။

၃၇။ န သူပံ ဝါ ဩဒနံ ဝါ သိက္ခာပုဒ် - မိမိမနာမဖျားပဲနှင့် ဆွမ်းနှင့် ဆွမ်း ဟင်းကို သူတပါးထံမှ တောင်းမစားရ။

၃၈။ န ဥဇ္ဈာနသညီ သိက္ခာပုဒ် - ကဲ့ရဲ့လိုသော သဘောဖြင့် သူတပါး၏ ဆွမ်းစားသပိတ်ကို မကြည့်ရ။

၃၉။ နာတိမဟန္တ သိက္ခာပုဒ် - အလွန်ကြီးသော ဆွမ်းလုပ်ကို မပြုလုပ်ရ။

၄၀။ ပရိမဏ္ဍလ အာလောပ သိက္ခာပုဒ် - အဝန်းညီသော သင့်လျော်သော ဆွမ်းလုပ်ကို ပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗဠဝဂ် (၁၀)ပါး

၄၁။ န အနာဟဋေ ကဗဠေ သိက္ခာပုဒ် - ခံတွင်းဝသို့ ဆွမ်းလုပ်မရောက်မီ ပါးစပ်ဟ၍ မထားရ။

၄၂။ န ဘုဉ္ဇမာနော သိက္ခာပုဒ် - ဆွမ်းစားသောအခါ လက်ချောင်းများ ခံတွင်းအတွင်းသို့ မရောက်ရ။

၄၃။ န သကဗဠေန သိက္ခာပုဒ် - ခံတွင်း၌ ဆွမ်းလုပ်ရှိသော ပါးစပ်နှင့် စကား မပြောရ။

၄၄။ နပိဏ္ဍုက္ခေပက သိက္ခာပုဒ်-ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍မစားရ။

၄၅။ န ကဗဠာဝစ္ဆေဒက သိက္ခာပုဒ် - ဆွမ်းလုပ်ကို ကိုက်ဖြတ်၍မစားရ။

၄၆။ န အဝဂဏ္ဍကာရက သိက္ခာပုဒ် - ဆွမ်းလုပ်ကို ပါးတဖက်ဖောင်း၍ မစားရ။

၄၇။ န ဟတ္ထနိဒ္ဓုနက သိက္ခာပုဒ် - လက်ကိုခါ၍ ခါ၍ ဆွမ်း မစားရ။

၄၈။ န သိတ္ထာဝကာရက သိက္ခာပုဒ် - ဆွမ်းစားသည့် အခါ ဆွမ်းလုံး များ မဖိတ်ရ။

၄၉။ န ဇိဝှါနိစ္ဆာရက သိက္ခာပုဒ် - ဆွမ်းစားသည့်အခါ လျှာမထုတ်ရ။

၅၀။ န စပုစပုကာရက သိက္ခာပုဒ် - ဆွမ်းစားသည့်အခါ စပ်စပ်မမြည်ရ။

သုရုသုရုဝဂ် (၁၀)ပါး

၅၁။ န သုရုသုရုကာရက သိက္ခာပုဒ် - ဆွမ်းစားသည့် အခါ ဟင်းချို သောက်ရာ၌ ရှူး ရှူး မမြည်ရ။

၅၂။ န ဟတ္ထနိလ္လေဟက သိက္ခာပုဒ်-ဆွမ်းစားရာ၌ လက်ကိုလျှာဖြင့်လျက်၍ မစားရ။

၅၃။ န ပတ္တနိလ္လေဟကသိက္ခာပုဒ် - ဆွမ်းစားရာ၌သပိတ်ကိုခြစ်၍မစားရ။

၅၄။ န ဩဋ္ဌနိလ္လေဟက သိက္ခာပုဒ် - ဆွမ်းစားရာ၌ နှုတ်ခမ်းကို လျှာဖြင့် လျက်၍ မစားရ။

၅၅။ န သာမိသေန ဟတ္ထေန သိက္ခာပုဒ် - ဆွမ်းပေရေလျက် မသန့်ရှင်း သော လက်ဖြင့် သောက်ရေခွက်ကို မကိုင်ရ။

www.burmeseclassic.com

www.burmeseclassic.com



၅၆။ နှ သသိတ္ထက သိက္ခာပုဒ်-ဆွမ်းသပိတ် ဆေးသော ရေကို ရွာအတွင်း၌ မသွန်ရ။

၅၇။ နှ ဆတ္တပါဏိဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ထီးဆောင်းထားသူကို တရားမဟောရ။

၅၈။ နှ ဒဏ္ဍပါဏိဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် တုတ်တောင်ဝှေးကိုင်ထားသူကို တရားမဟောရ။

၅၉။ နှ သတ္ထပါဏိဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ဓားလက်နက်ကိုင်ထားသူကို တရားမဟောရ။

၆၀။ နှ အာဝုဓပါဏိဿသိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် လေးလက်နက်ကိုင်ထားသူကို တရားမဟောရ။

ပါဒုကဝဂ် (၁၅)ပါး

၆၁။ နှ ပါဒုကာရူဠှဿသိက္ခာပုဒ် - နာဖျားသူ မဟုတ်ပဲလျက် ခြေနင်းစီးထားသူကို တရားမဟောရ။

၆၂။ နှ ဥပါဟနာရူဠှဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ဘိနပ်စီးထားသူကို တရားမဟောရ။

၆၃။ နှ ယာနဂတဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ယာဉ်ရထားပေါ်၌ နေသူကို တရားမဟောရ။

၆၄။ နှ သယနဂတဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် အိပ်ရာနေရာ၌ နေသူကို တရားမဟောရ။

၆၅။ နှ ပလ္လတ္ထိကာယ သိက္ခာပုဒ် - နာဖျားသူ မဟုတ်ပဲလျက် ဒူးနှစ်လုံးထောင် လက်ပိုက်ပတ်လျက် ရှိသူကို တရားမဟောရ။

၆၆။ နှ ဝေဌိတသီသဿ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ဦးခေါင်းကို ပိတ်ပတ်ပေါင်းထားသူအား တရားမဟောရ။

၆၇။ နှ ဩဂုဏ္ဌိတ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ဦးခေါင်းခြုံထားသူအား တရား မဟောရ။

www.burmeseclassic.com

www.burmeseclassic.com



၆၈။ န ဆမာယံ နိသိဒိတွာ သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် အိပ်ရာ၌ နေသောသူကို မြေကြီးပေါ်မှထိုင်၍ တရား မဟောရ။

၆၉။ န နီစေအာသနေ သိက္ခာပုဒ် - နာဖျားသူ မဟုတ်ပဲလျက် မြင့်မြတ်သော နေရာ၌ နေသောသူကို ယုတ်နိမ့်သော နေရာမှ တရား မဟောရ။

၇၀။ န ဌိတော နိသိန္နဿ သိက္ခာပုဒ်- နာဖျားသူမဟုတ်ပဲလျက် ထိုင်နေသူကို မတ်တတ်ရပ်လျက် တရားမဟောရ။

၇၁။ န် ပစ္ဆတော ဂစ္ဆန္တော သိက္ခာပုဒ် - နာဖျားသူမဟုတ်ပဲလျက် ရှေ့မှသွားသူကို နောက်မှလိုက်၍ တရားမဟောရ။

၇၂။ န ဥပ္ပထေန ဂစ္ဆန္တော သိက္ခာပုဒ် - နာဖျားသူ မဟုတ်ပဲလျက် လမ်းပေါ်မှ သွားသူကို လမ်းဘေးမှလိုက်၍ တရား မဟောရ။

၇၃။ န ဌိတော အဂိလာနော သိက္ခာပုဒ် - မိမိမနာမဖျားပဲလျက် ကျင်ကြီးကျင်ငယ်ကို မတ်တတ်ရပ်၍ မစွန့်ရ။

၇၄။ န် ဟရိတေ အဂိလာနော သိက္ခာပုဒ် - မိမိ မနာမဖျားပဲလျက် စိမ်းသော မြက်သစ်ပင်ရှိရာ အရပ်၌ ကျင်ကြီး ကျင်ငယ်မစွန့်ရ၊တံတွေး မထွေးရ။

၇၅။ န ဥဒကေ အဂိလာနော သိက္ခာပုဒ် - မိမိ မနာမဖျားပဲလျက် သုံးဆောင်ကောင်းသောရေ၌ ကျင်ကြီး ကျင်ငယ် မစွန့်ရ၊ တံတွေး မထွေးရ။

ဆမ္ဗဂ္ဂီရဟန်းများကိုအကြောင်းပြု၍ ပညတ်သော သေခိယသိက္ခာပုဒ်များ ဖြစ်သည်။

၇၅-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၈၀-ပါးသော တရားများ

၁ မဟာသာဝက (၈၀) ပါး

(အဂ္ဂသာဝကာ မဟာသာဝကာ ပကတိသာဝကာတိ တိဝိဓာ တေသု အာယသ္မာ။)

၁။ အညာသိကောဏ္ဍညော။
၂။ ဝပ္ပေါ။
၃။ ဘဒ္ဒိယော။
၄။ မဟာနာမော။
၅။ အဿဇိ။
၆။ နာလကော။
၇။ ယသော။
၈။ ဝိမလော။
၉။ သုဘာဟု။
၁၀။ ပုဏ္ဏဇိ။
၁၁။ ဂဝမ္ပတိ။
၁၂။ ဥရုဝေလကဿပေါ။
၁၃။ နဒီကဿပေါ။
၁၄။ ဂယာကဿပေါ။
၁၅။ သာရိပုတ္တော။
၁၆။ မဟာမောဂ္ဂလ္လာနော။
၁၇။ မဟာကဿပေါ။
၁၈။ မဟာကစ္စာယနော။
၁၉။ မဟာကောဋ္ဌိကော။
၂၀။ မဟာကပ္ပိနော။
၂၁။ မဟာစုန္ဒော။
၂၂။ အနုရုဒ္ဓေါ။
၂၃။ ကင်္ခါရေဝတော။
၂၄။ အာနန္ဒော။
၂၅။ နန္ဒကော။
၂၆။ ဘဂု။
၂၇။ နန္ဒော။
၂၈။ ကိမိလော။
၂၉။ ဘဒ္ဒိယော။
၃၀။ ရာဟုလော။
၃၁။ သီဝလိ။
၃၂။ ဥပါလိ။
၃၃။ ဒဗ္ဗော။
၃၄။ ဥပသေနော။
၃၅။ ခဒိရဝနိယရေဝတော။
၃၆။ ပုဏ္ဏော မန္တာဏိပုတ္တော။
၃၇။ ပုဏ္ဏော သုနာပရန္တကော။
၃၈။ သောဏော ကုဋိကဏ္ဏော။
၃၉။ သောဏော ကောဠိဝိသော။
၄၀။ ရာဓော။
၄၁။ သုဘူတိ။
၄၂။ အင်္ဂုလိမာလော။
၄၃။ ဝက္ကလိ။
၄၄။ ကာဠုဒါယီ။

www.burmeseclassic.com

www.burmeseclassic.com



၄၅။ မဟာဥဒါယီ။
၄၆။ ပိလိန္ဒဝစ္ဆော။
၄၇။ သောဘိတော။
၄၈။ ကုမာရကဿပေါ။
၄၉။ ရဋ္ဌပါလော။
၅၀။ ဝင်္ဂီသော။
၅၁။ သဘိယော။
၅၂။ သေလော။
၅၃။ ဥပဝါနော။
၅၄။ မေဃိယော။
၅၅။ သာဂတော။
၅၆။ နာဂိတော။
၅၇။ လကုဏ္ဍကဘဒ္ဒိယော။
၅၈။ ပိဏ္ဍောလဘာရဒွါဇော။
၅၉။ မဟာပန္ထကော။
၆၀။ စူဠပန္ထကော။
၆၁။ ဗာကုလော။
၆၂။ ကုဏ္ဍဓာနော။
၆၃။ ဒါရုစီရိယော။
၆၄။ ယသောဇော။
၆၅။ အဇိတော။
၆၆။ တိဿမေတ္တေယျော။
၆၇။ ပုဏ္ဏကော။
၆၈။ မေတ္တဂူ။
၆၉။ ဓောတကော။
၇၀။ ဥပသိဝေါ။
၇၁။ နန္ဒော။
၇၂။ ဟေမကော။
၇၃။ တောဒေယျော။
၇၄။ ကပ္ပေါ။
၇၅။ ဇတုကဏ္ဏီ။
၇၆။ ဘဒြာဝုတော။
၇၇။ ဥဒယော။
၇၈။ ပေါသာလော။
၇၉။ မောဃရာဇာ။
၈၀။ ပိင်္ဂိယောတိ။

ဧတေ အသီတိ မဟာသာဝကာ နာမ။

(ခုဒ္ဒကနိကာယထေရဂါထာ အဋ္ဌကထာ၊ ၂၁-မဟာနိပါတ ၁-ဝင်္ဂီသတ္ထေရဂါထာ ဝဏ္ဏနာမှ လာသည်။)

## ၂ ယောကျ်ားမြတ်၏ လက္ခဏာတော်ငယ် (၈၀) ပါး

၁။ ဘုရားရှင်၏ လက်ချောင်း ခြေချောင်းတော်များက အကြားမထင် အောင် စေ့စပ် ပြည့်ဖြိုး၏။
၂။ အစဉ်အတိုင်း အဖျားသွယ်၏။
၃။ ရွှေပွတ်ကိုင်ကဲ့သို့ လုံး၏။
၄။ လက်သည်းခြေသည်းတော်များက ပတ္တမြားအသွေးကဲ့သို့ တွေးတွေး နီမြန်း၏။

www.burmeseclassic.com



၅။ မြင့်ခုံး၏။
၆။ နူးညံ့ပြေပြစ်၏။
၇။ ခြေချောင်းတော်များ အားလုံး တညီတည်းရှိ၏။
၈။ ဖမျက်တော်ကား ဝေါစူးမထင် အစဉ်အတိုင်း ပြေပြစ် ချောမွတ်၏။
၉။ ကြွသွားတော်မူပုံမှာ ဆင်မင်း၏သွားခြင်းကဲ့သို့ ယဉ်ကျေး၏။
၁၀။ ခြင်္သေ့မင်း၏ သွားခြင်းကဲ့သို့ ခန့်ညား၏။
၁၁။ ရွှေဟင်္သာမင်း၏ သွားခြင်းကဲ့သို့ အထူးတင့်တယ်၏။
၁၂။ နွားမင်း ဥသဘကဲ့သို့ စံပါယ်သော အသွားမျိုးဖြစ်၏။
၁၃။ လက်ျာရစ် လည်သွားခြင်းရှိ၏။
၁၄။ ပုဆစ်တော်ကား အဖုအဆစ်မထင် ထက်ဝန်းကျင်လုံးဝန်းလျက်ရှိ၏။
၁၅။ ယောကျ်ားနိမိတ်မှာ ပြည့်စုံလျက်ရှိ၏။
၁၆။ ချက်တော်မှာ အပေါက်အကွဲ မရှိ။
၁၇။ ပုလဲခွက်ကဲ့သို့ နက်၏။
၁၈။ လက်ျာရစ်ဘွဲ့လှည့်၍ ရှုကြည့်ချင်စဖွယ် တင့်တယ်၏။
၁၉။ ပေါင် လက်ရုံးတော်မှာကား ဆင်နှာမောင်းကဲ့သို့ သွယ်ပြောင်း ချောပြေ၏။
၂၀။ ကိုယ်တော်ကား ထက်အောက်နံလျား တိုင်း၍ထားသကဲ့သို့ တသားတည်း ညီညွတ်၏။
၂၁။ အစဉ်အတိုင်း ချောပြေ ညီညွတ်၏။
၂၂။ ထက်ဝန်းကျင်မှ ပြေပြစ်ချောမွေ့၏။
၂၃။ မရှိုက်မမောက် ညီညာ၏။
၂၄။ အတွန့် အလိမ် မရှိ။
၂၅။ ဝက်ခြံ,မှဲ့ချေး,တင်းတိတ်,ပွေး စသည်မှ ကင်း၏။
၂၆။ အစဉ်အတိုင်း ပြိုးပြိုးပြက် အရောင်ရှိ၏။
၂၇။ လှော်ဦးသစ် ရွှေအသွင် စင်ကြယ်လှ၏။
၂၈။ ဘုရားရှင်သည် အာဠာဝက ဆင်မျိုး ကုဋေတထောင် အားကို ဆောင်တော်မူ၏။
၂၉။ နှာခေါင်းတော်ကား ရွှေချွန်းအသွင် တိုးတက်ပေါ်လွင်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၃၀။ သွားဖုံးတော်အစုံကား ကောင်းစွာ နီမြန်း၏။
၃၁။ သွားတော်မှာကား ဖြူဖွေး စင်ကြယ်၏။
၃၂။ သိမ်မွေ့ ပြေပြစ်၏။
၃၃။ ဣန္ဒြေများက အလွန်စင်ကြယ်၏။
၃၄။ စွယ်တော်ကား လုံးဝန်းလျက်ရှိ၏။
၃၅။ နှုတ်ခမ်းတော်ကား နီမြန်းလျက်ရှိ၏။
၃၆။ ခံတွင်းတော်ကား ရှည်လျား၏။
၃၇။ လက်တော်အရေး လက္ခဏာတော်များမှာ နက်၏။
၃၈။ ရှည်၏။
၃၉။ ဖြောင့်၏။
၄၀။ နှစ်လိုဖွယ် ပုံသဏ္ဌာန်ရှိ၏။
၄၁။ ကိုယ်တော်အရောင်ကား ဝန်းဝိုင်းညီညာ၏။
၄၂။ ပါးစောင်တော်ကား ပြည့်ဖြိုး လှပ၏။
၄၃။ မျက်လုံးတော်ကား ရှည်လျက် ကျယ်ပြန့်၏။
၄၄။ ဝါ, ရွှေ, ဖြူ, နီ, နက် ဟူသော ငါးပါးအဆင်းဖြင့် ကြည်လင်၏။
၄၅။ မျက်တောင်တော်ကား ညီညာစွာ ကော့ညွတ်လျက်ရှိ၏။
၄၆။ လျှာတော်ကား နူးညံ့ပါးလျပ်၍ နီမြန်း၏။
၄၇။ နားတော်ကား ရှည်လည်းရှည်လျက် နှစ်လိုဖွယ်ရှိ၏။
၄၈။ ဦးခေါင်းတော်ကား အဖုအထစ်မရှိ ပကတိချောမွေ့လှ၏။
၄၉။ အရှုပ်အယှက် မရှိ။
၅၀။ ထီးဝန်းသဖွယ် လုံးဝိုင်း တင့်တယ်၏။
၅၁။ နဖူးတော်ကား ရှည်ပြန့်ညီညာ တင့်တယ်၏။
၅၂။ မျက်ခုံးတော်ကား တင့်တယ်ကောင်းမွန်သော ပုံသဏ္ဌာန်ရှိ၏။
၅၃။ သိမ်မွေ့သော မွေးညှင်းတို့ကို ဆောင်လျက် ရှိ၏။
၅၄။ အစဉ်အတိုင်း သွယ်ညွတ်လျက် ရှိ၏။
၅၅။ ကျယ်ပြန့်၏။
၅၆။ ရှည်လျား၏။
၅၇။ ကိုယ်တော်ကား သိမ်မွေ့နူးညံ့၏။

www.burmeseclassic.com

www.burmeseclassic.com



၅၈။ အလွန်ငြိမ်းချမ်း၏။
၅၉။ အညစ်အကြေး ကင်း၏။
၆၀။ အလွန် ထွန်းပ၏။
၆၁။ စေးပြစ်ခြင်း မရှိ။
၆၂။ သိမ်မွေ့ပြေပြစ်၏။
၆၃။ ကောင်းသောအနံ့ ရှိ၏။
၆၄။ မွေးတွင်းချင်းစီ၌ အညီအညွတ်ပေါက်လျက်ရှိ၏။
၆၅။ နူးညံ့စိုပြေ စိမ်းညိုသိမ်မွေ့၏။
၆၆။ လက်ျာရစ် လည်လျက်ရှိ၏။
၆၇။ ပေါက်ကွဲသောမျက်စဉ်းတောင်အသရေကဲ့သို့ စိမ်းလွင်ညိုမှောင်လျက်ရှိ၏။
၆၈။ ကောက်ကွေ့လိမ်တွန့်ခြင်းကင်း သန့်ရှင်းပြေပြစ်၏။
၆၉။ ကိုယ်တော်မှာ အလွန် သိမ်မွေ့သော ထွက်သက်, ဝင်သက်ကို ဆောင်လျက်ရှိ၏။
၇၀။ ခံတွင်းတော်ကား မွှေးကြိုင်၏။
၇၁။ ဦးထိပ်တော်လည်း မွှေးကြိုင်၏။
၇၂။ ဆံတော်ကား ကောင်းစွာ မည်းနက်၏။
၇၃။ လက်ျာရစ်လည်၏။
၇၄။ ကောင်းသော ပုံသဏ္ဌာန်ရှိ၏။
၇၅။ ကောက်ကွေ့တွန့်လိမ်ခြင်းကင်း သန့်ရှင်းပြေပြစ်၏။
၇၆။ နူးညံ့ သိမ်မွေ့၏။
၇၇။ ရှုပ်ထွေးခြင်း မရှိ။
၇၈။ ညီညီညာညာ ရှိ၏။
၇၉။ စေးပြစ်ခြင်း မရှိ စိုပြေလှ၏။
၈၀။ ဦးထိပ်တော်၌ ကေတုမာလာ အရောင် ရတနာဖြင့် ဆန်းကြယ်လျက်ရှိ၏။

(အစျင်ဝါသေဌ သခြေကန်ပရိတ်ကြီးနိသယမှ ဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



၃ လေမျိုးရှစ်ဆယ် (၈၀) ပါး

၁။ အကွေပက - ဆင်ဦးလေ (တငြိမ့်ငြိမ့် ရွှေတိုးသည်။)
၂။ ဟနုတ္ထမ္ဘ - မေးခိုင်သော လေ (မေးခိုင်သည်။)
၃။ ဦရုတ္ထမ္ဘ - ပေါင်တောင့်သော လေ (ပေါင်တောင့်သည်။)
၄။ သိရောဂ္ဂဟ - ဦးခေါင်းခိုင်သော လေ (ခေါင်းလှည့်၍မရ။)
၅။ ဗာဟိရာယာမ-နောက်လန်သော လေ (ရင်ကော့နေသည်။)
၆။ အဗ္ဘယန္တရာယာမ- ရှေ့ကုန်းသောလေ (ခါးကုန်းသည်။)
၇။ ပဿာသူလ - ဘေးထိုးသော လေ (ဘေးထိုးအောင့်။)
၈။ ကဋိဂ္ဂဟ - ခါးကိုင်းသော လေ (ခါးနာ ခါးအောင့်။)
၉။ ဒဏ္ဍပတန္ဒက - တုတ်လျှိုသကဲ့သို့ တောင့်တင်းလဲကျသောလေ။
၁၀။ ခလ္လိ - ပေါင်စုခွင်သောလေ (သွားစဉ် ဆန့်ငင် ဆန့်ငင် ဖြစ်သည်။)
၁၁။ ဇိဝှထမ္ဘ - လျှာခိုင်သော လေ။
၁၂။ အဒ္ဒိတ - ပါးရွဲ့စောင်းသော လေ။
၁၃။ ပက္ခာဃာတ - တခြမ်းသေသော လေ (သွက္ခာပါဒ လေဖြတ်သော ရောဂါ။)
၁၄။ ကောဋ္ဌုသီလ - ဒူးကြီးသောလေ (မြွေခွေးခေါင်းကဲ့သို့။)
၁၅။ မညာတ္ထမ္ဘ - ဇက်ကြောတောင့်သော လေ (အုံးလှဲသော။)
၁၆။ ပင်္ဂု - ဆွံ့သော လေ။
၁၇။ ကလာယခဉ္ဇ - အကြောဆွဲသော လေ (ထော့ကျိုးသွားသော။)
၁၈။ တူဏီ - မြှားထိုး လေ (အောက်သို့ ထိုးအောင့်သည်။)
၁၉။ ပတိတူဏီ(ပရတူနီ) -မြှားပြန်ထိုး လေ(အထက်သို့ထိုးအောင့်သည်။)
၂၀။ ခဉ္ဇ - ခွင်သော လေ။
၂၁။ ပါဒဟာသ - ခြေကျင်သော လေ။
၂၂။ ဂိဒ္ဓသီ - အောက်ပိုင်း တောင့်တင်းကိုက်ခဲသော လေ။
၂၃။ ဝိဿာစိ - လက်ချောင်း မလှုပ်နိုင်သောလေ။
၂၄။ အပဗာဟက - လက်မောင်းကိုက်သော လေ။
၂၅။ အပဟံတက - မိန်းမောတွေဝေလျက် လဲကျသော လေ။
၂၆။ ဝစ္စာယာမ - အနာကြောင့် သိမ်သောလေ။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ ဝါတက်ဳရက - ခြေမြက်သော လေ။
၂၈။ အပဘာနက - လေးကဲ့သို့ ကွေးလျက် မိန်းမော တွေဝေလဲကျနေ သော လေ။
၂၉။ အင်္ဂဗေဒ - ကိုယ်အင်္ဂါ ခွဲစိတ်ချိုးဖြတ်တတ်သော လေ။
၃၀။ အင်္ဂသောသ - ကိုယ်အင်္ဂါခြောက်ခန်းသောလေ။
၃၁။ မိမ္မိဏ - နှာသံပါသော လေ။
၃၂။ ဂဂ္ဂဒ - မပြီမပြင် အသံဝင် သောလေ။ (မပြီမသဘဲသံပမာ)
၃၃။ ပစ္စင္ဂိလာ - ထိုးအောင့်ခြင်းနှင့် ယှဉ်သော လေကျောက်ခဲကြီး။
၃၄။ အဋ္ဌိလာ (ဝါတဋ္ဌိလာ) - လေကျောက်ခဲ။
၃၅။ ဝါတနတ - ပုကွသော လေ။
၃၆။ ကုဗ္ဗဇတ္တ (ခုဇ္ဇ) - ကုန်းသော လေ။
၃၇။ အင်္ဂသူလ - ကိုယ်အင်္ဂါ ကိုက်ခဲထိုးကျင်သော လေ။
၃၈။ သင်္ကောစ - ကိုယ်အင်္ဂါတွန့်ရှုံ့သော လေ။
၃၉။ ထမ္ဘ - တောင့်တင်းသော လေ။
၄၀။ ရက္ခတာ - ညှိုးနွမ်းခြောက်သွေ့သော လေ။
၄၁။ အင်္ဂဘင် - ကိုယ်လက်နာကျင်သော လေ။
၄၂။ အင်္ဂဝိဗ္ဘံသ - အစိတ်အပိုင်းထုံသော လေ။
၄၃။ ဝစ္စဂ္ဂဟ - ခေတ်ချုပ်သော လေ။
၄၄။ ဗဒ္ဓဝစ္စတာ - စမြင်းခံသော လေ။
၄၅။ မူကတ္တ (မုဂတ္တ) - အ,သော လေ။
၄၆။ အတိဇမ္ဘ - အလွန်သန်းဝေသော လေ။
၄၇။ အတိဥဂ္ဂါရ - အလွန်အန်သော လေ။
၄၈။ အန္တကူဇန - အူတွင်းမြည်သော လေ။
၄၉။ ဝါတပ္ပဝတ္တိ - လေမည်သော လေ။
၅၀။ ဖုရဏ - ရောင်ရမ်းသော လေ။
၅၁။ သိရာပူရဏ - အကြောတွင်းဝင်သောလေ။ (အကြောကြီး)
၅၂။ ကမ္ပဝါယု - တုန်လှုပ်သော လေ။
၅၃။ ကီသ (ကာသျှ) - ကြုံလှီပိန်ကပ်သော လေ။

www.burmeseclassic.com



၅၄။ သာမတာ - ညိုသော လေ။
၅၅။ ပလာပ - ပုတောက်ပရစ်(ဂရောင်ဂတန်းပြောသောလေ။)
၅၆။ ခိပ္ပမုတ္တာ - ဆီးမြန်သော လေ။
၅၇။ နိဒ္ဒါနာသ - အိပ်မပျော်သော လေ။
၅၈။ သေဒနာသ - ချွေးခြောက်သော လေ။
၅၉။ ဒုဗ္ဗလတ္တ - အားနည်းသော လေ။
၆၀။ အင်္ဂမိဋ္ဌာ - ကိုယ်အင်္ဂါကိုက်ခဲသော လေ။
၆၁။ ဗလက္ခယ - အားကုန်သော လေ။
၆၂။ သုက္ကာတိပ္ပဝတ္တိ - သုက်လွှတ်မြန်သော လေ။
၆၃။ သုက္က ကီသ - သုက်ကုန်ခန်းသော လေ။
၆၄။ သုက္ကနာသ - သုက်ပျက်သော လေ။
၆၅။ အနဝတ္တိတစိတ္တတာ - စိတ်မငြိမ်သော လေ။
၆၆။ ကာဠိန္န - ခက်မာတောင့်တင်းသော လေ။
၆၇။ ဝိရသာသျှတာ - အရသာပျက်သော လေ။
၆၈။ ကသာယဝက္တတာ - ခံတွင်းဖန်သော လေ။
၆၉။ အဒ္ဓမာန - အစာဟောင်းအိမ် နာကျင်တင်းရောင်သောလေ။
၇၀။ ပစ္စာရမာန - အစာသစ်အိမ် နာကျင်တင်းရောင်သောလေ။
၇၁။ သီတတာ - အေးသော လေ။
၇၂။ ရောမဟာသ - ကြက်သီးထသော လေ။
၇၃။ ဘီရုတာ - ကြောက်သော လေ။
၇၄။ ကောဒ - အပ်နှင့်ဆွသကဲ့သို့ရှိသော လေ။
၇၅။ ကဏ္ဍူ - ယားသော လေ။
၇၆။ ရသာညုတာ - အရသာမရှိသော လေ။
၇၇။ သဒ္ဒါညုတာ - အသံမကြားသော လေ။
၇၈။ ပသုပ္ပတိ - အတွေ့အထိ မသိသော လေ။
၇၉။ ဂန္ဓညတာ - အနံ့မသိသော လေ။
၈၀။ ဒိယက္ခယ - မျက်စိမမြင်သော လေ။

(အာယုဗ္ဗေဒ သိရောမဏိ ဆေးကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



## ၄ ပိုးမျိုး (၈၀) ပါး

| | |
|---|---|
| ၁။ စလာ<br>၂။ ပိဂ်လာ | ကေသာ၊ ဆံပင် အရင်းအမြစ်စားသော ပိုး။ |
| ၃။ ဥမ္မတ္တာ<br>၄။ အန္တဥမ္မတ္တာ | မတ္ထလုင်္ဂ၊ ဦးနှောက်စားသော ပိုး။ |
| ၅။ နှာရုမုခ<br>၆။ ဒန္တမုခ<br>၇။ မိံ့သုတ္တာ | စက္ခု,သောတ,ဃာန စားသော ပိုး။ |
| ၈။ ကာမမုခ<br>၉။ အပွတိဘာယ<br>၁၀။ အပေါလ | ဇိဝှါ-စားသော ပိုး။ |
| ၁၁။ စာရန္တ<br>၁၂။ စာရူကာ။<br>၁၃။ ပန္နက | ဒန္တံ- သွားရင်းစားသော ပိုး။ |
| ၁၄။ လေဟာ။<br>၁၅။ ဆာဝ<br>၁၆။ ဆဝဋ္ဌ | နခါ,ဆဝိ, လောဟိတံ၊ ခြေသည်းလက်သည်း, အရေပါး, သွေး စားသော ပိုး။ |
| ၁၇။ တူလန<br>၁၈။ ရတ္တ<br>၁၉။ လောဟိတ | အင်္ဂမိဋ္ဌံ,မံသံ၊ရိုးတွင်းခြင်ဆီ,အသားစားသော ပိုး။ |
| ၂၀။ ဝေရမ္ဘ<br>၂၁။ မဟာဝေရမ္ဘ | ကဏ္ဍမူလံ၊လည်ချောင်းလည်ပင်း စားသော ပိုး။ |
| ၂၂။ ဝသာဘာ<br>၂၃။ ဝတ္တဝသာဘာ | ဝက္ကံ၊ အညို့စားသော ပိုး။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၂၄။ ဒန္တ<br>၂၅။ မဟာဒန္တ<br>၂၆။ ရောဟိတ<br>၂၇။ မဟာရောဟိတ | ဟာဒယံ၊ နှလုံးစားသော ပိုး။ |
| ၂၈။ ဝရုဏ<br>၂၉။ တဏှ<br>၃၀။ သိဝလ<br>၃၁။ မဟာသိဝလ | ယကနံ၊ အသည်းကို စားသော ပိုး။ |
| ၃၂။ အဋ္ဌိဝိဒ္ဓ<br>၃၃။ အဒဋ္ဌသဒ္ဒ<br>၃၄။ အဋ္ဌိသိဝလ<br>၃၅။ အဋ္ဌိသင်္ဂါတ<br>၃၆။ မုဋ္ဌာလ<br>၃၇။ မုဋ္ဌာသိဝရ | ပိဟကံ၊ အဖျဉ်းအရင်းကို စားသော ပိုး။ |
| ၃၈။ သေတ<br>၃၉။ လောဟိတ<br>၄၀။ ကာလ<br>၄၁။ ကာလသိဝရ<br>၄၂။ စုကာ<br>၄၃။ မဟာစုကာ | ပပ္ဖါသမူလံ၊ အဆုတ်စားသော ပိုး။ |
| ၄၄။ စုရန္တ<br>၄၅။ မဟာစုရန္တ<br>၄၆။ သိပ္ပ<br>၄၇။ မဟာသိပ္ပ<br>၄၈။ အန္တဝရ<br>၄၉။ ပက္ကာဝရ | အန္တံ၊ အူမ အူရင်း စားသောပိုး။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၅၀။ ဥစ္စ<br>၅၁။ ဩစ္စ<br>၅၂။ နေစ္စဝါစ | အမာသယ်၊အစာသစ် အစာဟောင်း စားသော ပိုး။ |
| ၅၃။ သဋ္ဌဝ<br>၅၄။ နီလာ<br>၅၅။ ပီတ<br>၅၆။ ဥလာရ<br>၅၇။ နကာ<br>၅၈။ အသမုခ<br>၅၉။ ဝဟန<br>၆၀။ ဝဟတ္တ<br>၆၁။ နံ့ဝဟ<br>၆၂။ မုဋ္ဌက<br>၆၃။ ဝိသာလမဟာပဋ္ဌက | ပိတ္တံ, သေမှ်, ပုဗ္ဗော,လောဟိတံ,သေဒေါ်, မေဒေါ်,အဿု,ဝသာ၊ သည်းခြေ,သလိပ်, ပြည်, သွေး, ချွေး အဆီခဲ,မျက်ရည်, ဆီကြည်တို့ကိုစားသော ပိုး။ |
| ၆၄။ အတိမုခ<br>၆၅။ ဇာလမုခ | ဝတ္ထု၊ ဟဒယဝတ္ထုကို စားသောပိုး။ |
| ၆၆။ ကရ<br>၆၇။ ကရဒန္တီ<br>၆၈။ ကရဏီယ<br>၆၉။ ကဏ္ဍ<br>၇၀။ ဟနက | ပုရတ္ထိမကာယ၊ ရှေ့ဖြစ်သော ကိုယ်ကာယ ကိုစားသောပိုး။ |
| ၇၁။ လောဟမုခ<br>၇၂။ မဟာလောဟမုခ<br>၇၃။ အသာလောဟမုခ<br>၇၄။ မဟာအသာလောဟမုခ<br>၇၅။ နှာရုမုခ | ပစ္ဆိမကာယ၊ နောက်ကာယကို စားသော ပိုး။ |

www.burmeseclassic.com

www.burmeseclassic.com



၇၆။ စလ္လာ
၇၇။ စလ္လာသိဝရ်
၇၈။ စေဝိစလ္လာ
၇၉။ ဇနသိလ
၈၀။ ပုထုလ

ဟေဋ္ဌိမကာယ၊ အောက် ကာယကို စားသော ပိုးတို့ဖြစ်ကြသည်။

ပထမ တောင်လေးလုံး ဆရာတော်ဘုရားကြီး ရေးသားစီရင်တော် မူအပ်သော သုမေ္မဝတီတိုက်ထုတ် စတုဂီရိ ရှုဖွယ်ကျမ်း ဒုတိယအုပ် (၈) စောင်တွဲမှ၊ စာမျက်နှာနံပါတ် (၄၄၂) (၄၄၃) (၄၄၄) (၄၄၅) တို့မှ ဖြစ်ပါကြောင်း။

၈၀-ပါးသော တရားကား နိဋ္ဌိတံ။

## ၈၂-ပါးသော တရားများ

၁ ပရမတ္ထတရား အပြား (၈၂) ပါး

| | | |
|---|---|---|
| ၁။ | စိတ်တရား- | ၁-ပါး၊ |
| ၂။ | စေတသိက်တရား- | ၅၂-ပါး။ |
| ၃။ | ရုပ်တရား- | ၂၈-ပါး။ |
| ၄။ | နိဗ္ဗာန်တရား- | ၁-ပါး။ |
| | ပေါင်း | ၈၂-ပါး။ |

(အကျယ်ကို သိလိုက သက်ဆိုင်ရာ အခန်းတွင် ကြည့်ပါ။)

၈၂-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၉၂-ပါးသော တရားများ

၁ သုတ္တပါစိတ် (၉၂) ပါး ရဟန်းဝိနည်းသိက္ခာပုဒ်

မုသာဝါဒဝဂ် (၁၀) ပါး

၁။ မုသာဝါဒ သိက္ခာပုဒ် - ရှင်ဟတ္ထက မုသားပြောမှုကို ပညတ်ခြင်း။

၂။ ဩမသဝါဒသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများဆဲရေး ရှုတ်ချမှုကိုပညတ်ခြင်း။

၃။ ပေသုည သိက္ခာပုဒ်-ဆဗ္ဗဂ္ဂီရဟန်းများချောပစ်ကုန်းတိုက်(ရန်တိုက်) မှုကို ပညတ်ခြင်း။

၄။ ပဒသောဓမ္မ သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီ ရဟန်းများ ပါဠိတော်ကို သံပြိုင်ရွတ်ဆို၍ စာချမှုကို ပညတ်ခြင်း။

၅။ ပဌမ သဟသေယျ သိက္ခာပုဒ်- ရဟန်းငယ်များ ဥပါသကာများနှင့် အတူအိပ်မှုကို ပညတ်ခြင်း။

၆။ ဒုတိယ သဟသေယျ သိက္ခာပုဒ် - အရှင်အနုရုဒ္ဓါရဟန္တာ မာတုဂါမနှင့် အမိုး အကာ တခုတည်း နေရာ၌ အတူအိပ်မှုကို ပညတ်ခြင်း။

၇။ ဓမ္မဒေသနာ သိက္ခာပုဒ် - အရှင်ဥဒါယီ မာတုဂါမအား ယောကျ်ားအဖော်မပါပဲ တရားဟောမှုကို ပညတ်ခြင်း။

၈။ ဘူတာရောစန သိက္ခာပုဒ် - ရဟန်းအများ စျာန်မဂ်ဖိုလ် ရကြောင်း ပြောဆိုမှုကို ပညတ်ခြင်း။

၉။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ ရှင်ဥပနန္ဒ၏ သံဃာဒိသေသ်အာပတ်ကို လူတို့အား ပြောကြားမှုကို ပညတ်ခြင်း။

၁၀။ ပထဝီခဏန သိက္ခာပုဒ် - ရှဟန်းအများ မြေတူးမှုနှင့် အတူးခိုင်းမှုကို ပညတ်ခြင်း။

ဘူတဂါမဝဂ် (၁၀) ပါး

၁၁။ ဘူတဂါမ သိက္ခာပုဒ် - ရဟန်းတပါးသစ်ပင်ခုတ်မှုကို ပညတ်ခြင်း။

၁၂။ အညဝါဒက သိက္ခာပုဒ်- အရှင်ဆန္န စကားတမျိုးဖြင့်စကားတမျိုးကို ဖုံးကွယ်မှုကို ပညတ်ခြင်း။

၁၃။ ဥဇ္ဈာပနက သိက္ခာပုဒ် - မေတ္တိယဘူမဇက ရဟန်းများ အထင်သေး အမြင်သေးအောင် ပြောဆိုမှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ ပထမ သေနာသန သိက္ခာပုဒ် - ရဟန်းအများသံဃိက အိပ်ရာနေရာကို မရုပ်သိမ်းမှုကို ပညတ်ခြင်း။

၁၅။ ဒုတိယသေနာသန သိက္ခာပုဒ်-သတ္တရသဝဂ္ဂီရဟန်းကလေးများသံဃိက ကျောင်း၌အိပ်ရာနေရာခင်း၍ မရုပ်သိမ်းပဲသွားမှုကိုပညတ်ခြင်း။

၁၆။ အနုပခဇ္ဇ သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ မထေရ်ကြီးများ အနား၌ ကပ်ရောက်နေထိုင်မှုကို ပညတ်ခြင်း။

၁၇။ နိကစုန သိက္ခာပုဒ် ဆဗ္ဗဂ္ဂီရဟန်းများ သံဃိကကျောင်းမှ ထွက်သွားအောင် ပြုလုပ်မှုကို ပညတ်ခြင်း။

၁၈။ ဝေဟာသကုဋိသိက္ခာပုဒ်- ရဟန်းတပါးအထက်ထပ်၌ အခင်းမရှိသေးပဲ ကုတင်ကို ခင်း၍ထိုင်မှုကို ပညတ်ခြင်း။

၁၉။ မဟလ္လကဝိဟာရ သိက္ခာပုဒ်- အရှင်ဆန္န ကျောင်းကို အထပ်ထပ်မိုးခိုင်းမှုကို ပညတ်ခြင်း။

၂၀။ သပါဏက သိက္ခာပုဒ် ရဟန်းအများ ပိုးရှိသောရေကို သွန်းပစ်မှုကို ပညတ်ခြင်း။

ဘိက္ခုနောဝါဒဝဂ် (၁၀) ပါး

၂၁။ ဩဝါဒသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ ဘိက္ခုနီတို့အား ဩဝါဒပေးမှုကို ပညတ်ခြင်း။

၂၂။ အတ္ထင်္ဂတ သိက္ခာပုဒ် - အရှင်စူဠပန် နေဝင်အောင် ဩဝါဒ ပေးမှုကို ပညတ်ခြင်း။

၂၃။ ဘိက္ခုနုပဿယ သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ ဘိက္ခုနီ ကျောင်းသို့ သွား၍ ဩဝါဒပေးမှုကို ပညတ်ခြင်း။

၂၄။ အာမိသ သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ မထေရ်ကြီးတို့အားစွပ်စွဲမှုကို ပညတ်ခြင်း။

၂၅။ စီဝရဒါန သိက္ခာပုဒ် - ရဟန်း တပါး ဘိက္ခုနီအား သင်္ကန်းပေးမှုကို ပညတ်ခြင်း။

၂၆။ စီဝရသိဗ္ဗန သိက္ခာပုဒ် - အရှင်ဥဒါယီ ဘိက္ခုနီအား သင်္ကန်းပေးမှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ သံဝိဓာန သိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ ဘိက္ခုနီတို့နှင့်တိုင်ပင်၍ အတူ ခရီးသွားမှုကို ပညတ်ခြင်း။

၂၈။ နာဝါဘိရူဟန သိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ ဘိက္ခုနီတို့နှင့်ကိုင်ပင်၍ အတူ လှေစီး၍ ပညတ်ခြင်း။

၂၉။ ဘိက္ခုနီ ပရိပါစိတ သိက္ခာပုဒ်– ရှင်ဒေဝဒတ် ဘိက္ခုနီက စီမံပေးသော ဆွမ်း စားမှုကို ပညတ်ခြင်း။

၃၀။ ရဟော နိသဇ္ဇသိက္ခာပုဒ်– ရှင်ဥဒါယီ ဇနီးဟောင်း ဘိက္ခုနီနှင့်အတူ လူမမြင်ကွယ်ရာ၌ နေမှုကို ပညတ်ခြင်း။

ဘောဇနဝဂ်(၁၀)ပါး

၃၁။ အာဝသထပိဏ္ဍ သိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ တည်းခိုရာဇရပ်၌ အမြဲ နေ၍ ဆွမ်းစားမှုကို ပညတ်ခြင်း။

၃၂။ ဂဏဘောဇန သိက္ခာပုဒ်– ရှင်ဒေဝဒတ် အဖေါ်အပေါင်းနှင့် အတူ ဂဏဘောဇဉ် (မအပ်သောဆွမ်း)ကို စားမှုကို ပညတ်ခြင်း။

၃၃။ ပရမ္ပရဘောဇနသိက္ခာပုဒ်–ရဟန်းအများဘောဇဉ်နာမည်ဖြင့် ပင့်ဖိတ် ထားပါလျက် ရင်းဆွမ်း မစားမှုကို ပညတ်ခြင်း။

၃၄။ ကာဏမာတာ သိက္ခာပုဒ်– ရဟန်းအများ လက်ဆောင်ပေးဖို့မုန့်များ ကို အကုန်ခံယူမှုကို ပညတ်ခြင်း။

၃၅။ ပဌမ ပဝါရဏာသိက္ခာပုဒ်–ရဟန်းအများ တော်ပြီဟုဆိုပြီးမှ အခြား တနေရာ သွား၍ စားမှုကို ပညတ်ခြင်း။

၃၆။ ဒုတိယပဝါရဏာ သိက္ခာပုဒ်– ရဟန်းတပါးသည် ပဝါရိတ် သင့်ထား သောရဟန်း နောက်ထပ်စားဖို့ရန် တိုက်တွန်းမှုကိုပညတ်ခြင်း။

၃၇။ ဝိကာလဘောဇန သိက္ခာပုဒ်–သတ္တရသဝဂ္ဂီ ရဟန်းကလေးများ¹ နေလွဲ အခါ စားသောက်မှုကို ပညတ်ခြင်း။

၃၈။ သန္နိဓိ သိက္ခာပုဒ်–အရှင်ဗေလဋ္ဌသီလ ဆွမ်းကိုချန်ထား၍ နောက်ရက်၌ စားမှုကို ပညတ်ခြင်း။

---

၁။ အသက် (၂၀) မပြည့်မီက ရဟန်းဝတ်ရန် ခွင့်ပြုသော ကလေးရဟန်းမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၃၉။ ပဏီတဘောဇနသိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ မွန်မြတ်သော အစာကို တောင်းစားမှုကို ပညတ်ခြင်း။

၄၀။ ဒန္တပေါဏ သိက္ခာပုဒ်–ရဟန်းတပါးသည်လူသာမဏေတို့ကမပေးအပ်မကပ်အပ်သော အာဟာရကို စားမှုကို ပညတ်ခြင်း။

အစေလကဝဂ် (၁၀) ပါး

၄၁။ အစေလက သိက္ခာပုဒ်–အရှင်အာနန္ဒာ ပရိဗိုဇ်မအားမုန့်နှစ်ယှက်မှား၍ ပေးမိသည်ကို ပညတ်ခြင်း။

၄၂။ ဥယျောဇန သိက္ခာပုဒ်– ရှင်ဥပနန္ဒသည် ရဟန်း တပါးကို ဆွမ်းခံခေါ်သွားပြီးနောက် ဘာမျှမပေးပဲ ပြန်လွှတ်မှုကို ပညတ်ခြင်း။

၄၃။ သဘောဇန သိက္ခာပုဒ် – ရှင်ဥပနန္ဒ အိမ်ရှင်မနှင့်အတူ အိပ်ခန်းတွင်း၌ ထိုင်နေမှုကို ပညတ်ခြင်း။

၄၄။ ရဟော ပဋိစ္ဆန္န သိက္ခာပုဒ်– ရှင်ဥပနန္ဒ အိမ်ရှင်မနှင့် အတူ ကွယ်ရာ၌ ထိုင်နေမှုကို ပညတ်ခြင်း။

၄၅။ ရဟောနိသဇ္ဇ သိက္ခာပုဒ်–ရှင်ဥပနန္ဒအိမ်ရှင်မနှင့်အတူပြောသောစကားကို အမျိုးမကြားနိုင်သော လူမြင်ကွင်း၌ ထိုင်နေမှုကိုပညတ်ခြင်း။

၄၆။ စာရိတ္တ သိက္ခာပုဒ်–အရှင်ဥပနန္ဒ ထမင်းဖြင့် ဖိတ်ထားလျက် ထိုထမင်းမစားခင် အခြားအိမ်သို့ လှည့်လည်မှုကို ပညတ်ခြင်း။

၄၇။ မဟာနာမသိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ နှိပ်နှိပ်စက်စက် တောင်းမှုကို ပညတ်ခြင်း။

၄၈။ ဥယျုတ္တသေနာသိက္ခာပုဒ်–ဆဗ္ဗဂ္ဂီရဟန်းများ ရန်သူ စစ်တပ် ချီတက်လာခြင်းကို ကြည့်မှုကို ပညတ်ခြင်း။

၄၉။ သေနာဝါသ သိက္ခာပုဒ်– ဆဗ္ဗဂ္ဂီရဟန်းများ စစ်တပ်၌ ကြာရှည်စွာနေမှုကို ပညတ်ခြင်း။

၅၀။ ဥယျောဓိက သိက္ခာပုဒ်–ဆဗ္ဗဂ္ဂီရဟန်းများစစ်တိုက်နေသည်ကို ကြည့်ရှုမှုကို ပညတ်ခြင်း။

သုရာပါနဝဂ် (၁၀) ပါး

၅၁။ သုရာပါန သိက္ခာပုဒ်– အရှင်သာဂတ သေရည် သေရက် သောက်မှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅၂။ အင်္ဂုလိပတောဒကသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ ကလိထိုး၍ကစားမှုကို ပညတ်ခြင်း။

၅၃။ ဟာသဓမ္မ သိက္ခာပုဒ် - သတ္တရသဝဂ္ဂီ ရဟန်းကလေးများ အစိရဝတီ မြစ်ထဲ၌ ရေကစားမှုကို ပညတ်ခြင်း။

၅၄။ အနာဒရိယ သိက္ခာပုဒ် - အရှင်ဆန္န ရဟန်းတို့အား မလေးမစား ပြောဆိုမှုကို ပညတ်ခြင်း။

၅၅။ ဘိံသာပန သိက္ခာပုဒ်-ဆဗ္ဗဂ္ဂီရဟန်းများ ခြောက်လှန့်မှုကိုပညတ်ခြင်း။

၅၆။ ဇောတိ သိက္ခာပုဒ် - ရဟန်းအများ မီးလှုံမှုကို ပညတ်ခြင်း။

၅၇။ နှာန သိက္ခာပုဒ်- ရဟန်းအများအလိုက်မသိပဲရေချိုးမှုကိုပညတ်ခြင်း။

၅၈။ ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ် - ရဟန်းများသင်္ကန်း မမှတ်မိမှုကို သတိပေး၍ ပညတ်ခြင်း။

၅၉။ ဝိကပ္ပန သိက္ခာပုဒ် - ရှင်ဥပနန္ဒ ပစ္စုဒ္ဓိုရ်၍ မပြန်ရသေးသော သင်္ကန်းကို ဝတ်မှုကို ပညတ်ခြင်း။

၆၀။ စီဝရ အပနိဓာန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ သပိတ်, သင်္ကန်းကို ဝှက်ထားမှုကို ပညတ်ခြင်း။

**သပ္ပါဏကဝဂ် (၁၀) ပါး**

၆၁။ သဉ္စိစ္စ သိက္ခာပုဒ် - ရှင်ဥဒါယီ ကျီးကန်း သတ်မှုကို ပညတ်ခြင်း။

၆၂။ သပ္ပါဏက သိက္ခာပုဒ်- ဆဗ္ဗဂ္ဂီရဟန်းများ ပိုးကောင်ရှိမှန်းသိလျက် ရေကိုသောက်မှု ချိုးမှုကို ပညတ်ခြင်း။

၆၃။ ဥက္ကောဋနသိက္ခာပုဒ် – ဆဗ္ဗဂ္ဂီရဟန်းများ ငြိမ်းပြီးသော အဓိကရုဏ်း ကို လှုံ့ဆော်ပေးမှုကို ပညတ်ခြင်း။

၆၄။ ဒုဋ္ဌုလ္လ သိက္ခာပုဒ် - ရဟန်းတပါးသည် အခြားရဟန်း၏ ဒုဋ္ဌုလ္လ အာပတ်ကို ဖုံးကွယ်ထားမှုကို ပညတ်ခြင်း။

၆၅။ ဦနဝီသတိဝဿ သိက္ခာပုဒ် – ရဟန်းအများ အသက် (၂၀) မပြည့် သူကို ရဟန်းပြုပေးမှုကို ပညတ်ခြင်း။

၆၆။ ထေယျသတ္တ သိက္ခာပုဒ် – ရဟန်းတပါး ခိုးသူကုန်သည်နှင့် အတူ သွားမိမှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၆၇။ သံဝိဓာန သိက္ခာပုဒ် - ရဟန်းတပါး မာတုဂါမနှင့်အတူခရီးသွားမှုကို ပညတ်ခြင်း။

၆၈။ အရိဋ္ဌ သိက္ခာပုဒ် – အရိဋ္ဌရဟန်း မိစ္ဆာအယူကို ယူမှုကို ပညတ်ခြင်း။

၆၉။ ဥက္ခိတ္တ သမ္ဘောဂသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ နှင်ထုတ်ခံရသော ရဟန်းနှင့် ပေါင်းသင်းမှုကို ပညတ်ခြင်း။

၇၀။ ကဏ္ဍက သိက္ခာပုဒ်–ဆဗ္ဗဂ္ဂီရဟန်းများမိစ္ဆာအယူမစွန့်သောသာမဏေ နှင့် ပေါင်းသင်းဆက်ဆံမှုကို ပညတ်ခြင်း။

သဟဓမ္မိက ဝဂ် (၁၂) ပါး

၇၁။ သဟဓမ္မိက သိက္ခာပုဒ် – အရှင်ဆန္န သိက္ခာပုဒ်ကို မကျင့်လိုမှုကို ပညတ်ခြင်း။

၇၂။ ဝိလေခန သိက္ခာပုဒ် – ဆဗ္ဗဂ္ဂီ ရဟန်းများ ဝိနည်းသိက္ခာပုဒ်ကို ကဲ့ရဲ့မှုကို ပညတ်ခြင်း။

၇၃။ မောဟန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ သိလျက် အပြစ်ကို ပြုပြီး နောက် မသိ၍ ပြုမိဟန်ဆောင်မှုကို ပညတ်ခြင်း။

၇၄။ ပဟာရသိက္ခာပုဒ်-ဆဗ္ဗဂ္ဂီရဟန်းများရိုက်နှက်ပုတ်ခတ်မှုကိုပညတ်ခြင်း။

၇၅။ တလသတ္တိက သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီ ရဟန်းများ ရိုက်နှက်-ပုတ်ခတ်မလို ချိန်ရွယ်မှုကို ပညတ်ခြင်း။

၇၆။ အမူလကသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများ ရဟန်းတပါးကို သံဃာဒိ သေသ်အာပတ်ဖြင့် စွပ်စွဲမှုကို ပညတ်ခြင်း။

၇၇။ သဉ္စိစ္စသိက္ခာပုဒ်- ဆဗ္ဗဂ္ဂီရဟန်းများကုက္ကုစ္စကိုဖြစ်စေမှုကိုပညတ်ခြင်း။

၇၈။ ဥပဿုတိ သိက္ခာပုဒ် ဆဗ္ဗဂ္ဂီရဟန်းများသည်ရန်ဖြစ်သော ရဟန်းများ စကားပြောနေသည်ကို ချောင်း၍နားထောင်မှုကို ပညတ်ခြင်း။

၇၉။ ကမ္မပတိဗာဟနသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီ ရဟန်းများသည် ဆန္ဒပေးပြီးမှ ကံကို တားမြစ်မှုကို ပညတ်ခြင်း။

၈၀။ ဆန္ဒံအဒတွာ ဂမန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းတပါးသည် ဆန္ဒမပေးပဲ ဖဲသွားမှုကို ပညတ်ခြင်း။

၈၁။ ဒုဗ္ဗလ သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီ ရဟန်းများသည် သံဃာနှင့် သဘောတူ သင်္ကန်းပေးပြီးမှ ကဲ့ရဲ့ရှုတ်ချမှုကို ပညတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၇၂။ ပရိဏာမန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီ ရဟန်းများသည် သံဃိက လာဘ်ကို အခြားပုဂ္ဂိုလ်သို့ ညွှတ်စေမှုကို ပညတ်ခြင်း။

ရတနဝဂ် (၁၀) ပါး

၇၃။ အန္တေပုရ သိက္ခာပုဒ် - အရှင်အာနန္ဒာသည် မိမိဝင်လာမည့်အကြောင်းကြို အသိမပေးပဲ နန်းတော်ခန်းဆောင်သို့ ဝင်မှုကို ပညတ်ခြင်း။

၇၄။ ရတန သိက္ခာပုဒ် - ရဟန်းတပါး ငွေထုပ်ကိုသိမ်းထားမှုကိုပညတ်ခြင်း၊

၇၅။ ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီ ရဟန်းများ နေလွဲအခါ ရွာတွင်းသို့ဝင်၍ မင်ဖိုလ်နှင့် ဖီလာဖြစ်သော တိရစ္ဆာန်နှင့်စပ်သော တရားစကား ပြောဆိုမှုကို ပညတ်ခြင်း။

၇၆။ သူစိဃရ သိက္ခာပုဒ် - ရဟန်းအများ အလိုက်မသိပဲ အပ်ဗူးအများကြီး တောင်းယူမှုကို ပညတ်ခြင်း။

၇၇။ မဉ္စပီဌ သိက္ခာပုဒ် - ရှင်ဥပနန္ဒသည် မြင့်သော ညောင်စောင်းကုတင်ပေါ်၌ အိပ်မှုကို ပညတ်ခြင်း။

၇၈။ တူလောနဒ္ဓသိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများသည်ညောင်စောင်းအင်းပျဉ်ကို လဲဝါခွမ်းတို့ဖြင့် အပေါ်မှ ဖွဲ့ထားမှုကို ပညတ်ခြင်း။

၇၉။ နိသီဒန သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများသည် အလွန်ကြီးသော နိသီဒိုင်အခင်းဆောင်မှုကို ပညတ်ခြင်း။

၉၀။ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်- ဆဗ္ဗဂ္ဂီရဟန်းများအမာလွှမ်းသင်္ကန်းပမာဏလွန်အောင်ပြုမှုကို ပညတ်ခြင်း။

၉၁။ ဝဿိကသာဋိကာ သိက္ခာပုဒ် - ဆဗ္ဗဂ္ဂီရဟန်းများသည် အတိုင်းအရှည်လွန်သော မိုးရေခံသင်္ကန်းကို ဆောင်ယူပြုလုပ်မှုကို ပညတ်ခြင်း။

၉၂။ နန္ဒတ္ထေရ သိက္ခာပုဒ် - ညီတော် နန္ဒထေရ်သည် ဘုရားသင်္ကန်းတော်လောက် ကြီးသော သင်္ကန်းကို ဝတ်မှုကို ပညတ်ခြင်း။

၉၂-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၉၆-ပါးသော ဓာတ်ဆေးများ

၁ အနာမျိုး (၉၆) ပါးသော ရောဂါ

၁။ မျက်စိ အနာ။
၂။ နှာခေါင်း အတွင်းနာ။
၃။ နှာခေါင်းအနာ - ထိပ်ကပ်နှာရည်ယိုအနာ။
၄။ လျှာ အနာ။
၅။ ကိုယ်အနာ - လက်သေသော အနာ,ခြေသေသောအနာ,ကိုယ်တခြမ်း သေသော အနာ, ထုံနာ,ကျင်နာ,ဖက်သကပ် အနာ,ဖက်သချာ အနာ, ဘိန်းပြဲ ကိုယ်ရောင်အနာ, သွေးသာခ လေသာခအနာ, အရေကွဲ ပတ်သော အနာ, ပါဒရက် ခြေပူနာ, ခြေအေးနာ, ဤအနာတို့ကို ကာယရောဂါပုဒ်၌ သွင်း၍ တပါးတည်းသာ ရေတွက်ရာ၏။
၆။ ဦးခေါင်း အနာ။
၇။ နားရွက် အနာ။
၈။ ခံတွင်း အနာ။
၉။ သွား အနာ။
၁၀။ ချောင်းဆိုး အနာ။
၁၁။ ရှူနာ ပန်းနာ။
၁၂။ နှာခေါင်း ဖွတ်သိုအနာ။
၁၃။ ဥာဟော- ဟူသော ပုဒ်၏အရ၌ ကိုယ်လုံးပူသော အနာ,ရင်ပူရင်ကြွပ် ရင်ပြည့် အနာ။
၁၄။ အပူဝင် အနာဟူ၍ (၂) ပါး ယူအပ်၏။
၁၅။ ဇရော - ဟူသော ပုဒ်၏အရ၌ ပြတက်ဖျား အနာ။
၁၆။ သွေးဝန်းဖျား အနာ။
၁၇။ အဘိညာဏ်ဖျား အနာ။
၁၈။ မန်းဖျား အနာ။
၁၉။ ငန်းဖျား အနာ။
၂၀။ သန္နိပါတ်ဖျား အနာ ဟူ၍ (၆) ပါးယူအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



၂၁။ ဝမ်း၌ လေထိုးကျင်သော အနာ။
(တနည်း) အသည်းကြီး, အဆုတ်ကြီး,သရက်ရွက်ကြီး, အသည်း
လန်, အဆုတ်လန်, သရက်ရွက်လန် ကာလနာ။
၂၂။ တမှိုင်မှိုင် တဝေဝေ-မိန်းမောသော အနာ။
၂၃။ ပက္ခန္ဒိက ဟူသောပုဒ်အရ ဝမ်းသွေးသွန်သော အနာ။
၂၄။ ဝမ်းသွေးစစ် ပိတ်ကိုက်သော အနာဟူ၍ (၂)ပါး ယူရ၏။
၂၅။ သူလာဟူသော ပုဒ်အရ မျက်စိတံကျင် အနာ။
၂၆။ နား တံကျင်အနာ။
၂၇။ နှာခေါင်းတံကျင် အနာ။
၂၈။ သွား တံကျင် အနာ။
၂၉။ ဦးခေါင်း တံကျင် အနာ။
၃၀။ လည်ဂုတ် တံကျင် အနာ။
၃၁။ လက်ဖြန်ရိုး တံကျင် အနာ။
၃၂။ ကျောဆစ်ရိုး တံကျင် အနာ။
၃၃။ ခါး တံကျင် အနာ။
၃၄။ ရင် တံကျင် အနာ။
၃၅။ နံဘေး နံဒေါင် တံကျင် အနာ။
၃၆။ ဆီးစပ်ပေါင်ချန် တံကျင် အနာ။
၃၇။ ပုဆစ် တံကျင် အနာ။
၃၈။ မြင်းခေါင်း တံကျင် အနာ။
၃၉။ လက်မောင်း တံကျင် အနာ။
၄၀။ ဖဝါး တံကျင်အနာဟူ၍ ၁၆–ပါး ယူအပ်၏။
၄၁။ အပ်ဖြင့် ထိုးဆွသကဲ့သို့ ကိုက်ခဲသော အနာ။
၄၂။ ကူဋ္ဌ ဟူသောပုဒ်အရ နူနီအနာ။
၄၃။ နူနက် အနာ။
၄၄။ နူဖြူ အနာ။
၄၅။ သမင်ယက် အနာဟူ၍ ၄–ပါးယူအပ်၏။
၄၆။ နွားနို့ကဲ့သို့ အထွတ်အထွတ် ပေါက်သောအနာ။

www.burmeseclassic.com

www.burmeseclassic.com



၄၇။ ကိလာသောဟူသောပုဒ်အရ ပဒုမ္မာကြာရွက်ကဲ့သို့ အကွက်နာ။
၄၈။ တင်းတိတ် အနာ။
၄၉။ ညှင်းအနာ ဟူ၍ ၃-ပါး ယူအပ်၏။
၅၀။ သောသောဟူသော ပုဒ်အရ ဆေးကု၍ မလွတ်နိုင်သော ဇာတိဖြစ် သော ကုတ်ဖိုး အနာ။
၅၁။ သာနာယုတ် အနာ ဟူ၍ ၂-ပါး ယူအပ်၏။
၅၂။ အပမာရော ဟူသော ပုဒ်အရ သည်းခြေ ပျက်၍ ရူးသော အနာ။
၅၃။ တိလူးဖမ်း၍ ရူးသော အနာ။
၅၄။ နတ်ဖမ်း၍ ရူးသော အနာ။
၅၅။ ဝက်ရူး အနာ။
၅၆။ ကြွက်ရူး အနာ။
၅၇။ မိဘ,ဆွေမျိုး, သားသမီး, လင်မယား ဥစ္စာပျက် သောကအားကြီး၍ ရူးသော အနာ။
၅၈။ ပွေး အနာ။
၅၉။ ယားနာကြီး အနာ။
၆၀။ ဝဲကြီး အနာ။
၆၁။ နခသာဟူသောပုဒ်အရ လက်သည်းခြေသည်းခြစ်မိ၍ဖြစ်သောအနာ။
၆၂။ ခြေသည်း လက်သည်း ပုပ်သောအနာဟူ၍ ၂-ပါးယူရ၏။
၆၃။ ဝိတစ္ဆိကာ ဟူသော ပုဒ် အရ မီးလောင်မာကဲ့သို့ အဖူးအဖူး ပေါက် သော အနာ။
၆၄။ အနာမီး အနာလျှံ။
၆၅။ တိမ်တက် အနာဟူ၍ ၃-ပါးယူအပ်၏။
၆၆။ လောဟိတံဟူသော ပုဒ်အရ ခံတွင်းမှ သွေးအန်သော အနာ။
၆၇။ နှာခေါင်းမှ သွေးယိုသော အနာဟူ၍ ၂-ပါး ယူအပ်၏။
၆၈။ သည်းခြေဖျား အနာ။
၆၉။ မဓုမေဟော ပုဒ်အရ သွေးဒူလာသရော အနာ။
၇၀။ လေဒူလာသရော အနာ။
၇၁။ ယောကျ်ားကိုယ် အခါခါပ်သိမ်း ခိုင်မာ၍ နေသော ပတ္တဒူလာသရော အနာ။

www.burmeseclassic.com

www.burmeseclassic.com



၇၂။ သုက်ပြေးဒွါရသရော အနာ။
၇၃။ မုတ်သဒွါရသရော အနာ။
၇၄။ ပိတ္တဒွါရသရော အနာ။
၇၅။ ဗရင်ဂျီဒွါရသရော အနာ။
၇၆။ ဘင်ထွက် ဒွါရသရော အနာ ဟူ၍ ၈-ပါး ယူအပ်၏။
၇၇။ အံသာ ဟူသောပုဒ်အရ အဖူးအဖူးပေါက်သော ကျောက် အနာ။
၇၈။ ဝက်သက် အနာ။
၇၉။ ပဲသီတာ အနာဟူ၍ ၃-ပါး ယူအပ်၏။
၈၀။ ပိဠကာဟူသော ပုဒ်အရ ဆတ်ဆံရှိသော ထွတ်မြင်း အနာ။
၈၁။ ဝက်ခြံ အနာဟူ၍ ၂-ပါး ယူအပ်၏။
၈၂။ ဘဂန္ဒလာဟူသောပုဒ်အရ သွေးမြင်းသရိုက် အနာ။
၈၃။ လေမြင်းသရိုက် အနာ။
၈၄။ သည်းခြေမြင်းသရိုက် အနာ။
၈၅။ သလိပ်မြင်းသရိုက် အနာ။
၈၆။ မျက်စိမြင်းသရိုက် အနာ။
၈၇။ နွားမြင်းသရိုက် အနာ။
၈၈။ နွားခေါင်းမြင်းသရိုက် အနာ။
၈၉။ ရေစည်းကမ်းပြိုဟု ဆိုအပ်သော သွားမြင်းသရိုက် အနာ။
၉၀။ ကျင်ငယ်ကြောင်း မြင်းသရိုက်အနာ ဟူ၍ ၉-ပါး ယူအပ်၏။
(သည်းခြေကြောင့်ဖြစ်သော အနာ,သလိပ်ကြောင့်ဖြစ်သော အနာ, လေကြောင့်ဖြစ်သော အနာ, သန္နိပါတ် ဖြစ်သော အနာ,သီတ-ဥဏှ ဥတုကြောင့် ဖောက်ပြန်၍ ဖြစ်သော အနာ, မလျော်ကပတ်သော ဘောဇဉ်ကြောင့် ဖြစ်သောအနာ, ဤ (၆) ပါးသော အနာတို့က အသီးအခြား မရေတွက်ရပြီ၊ ဆိုအပ်ခဲ့ပြီးသောအနာ, ဆိုလတ္တံ့သော အနာတို့၌ လျော်စွာ သွင်း၍ ရေတွက်အပ်ကုန်၏။)
၉၁။ သြပက္ကမိကာ အာဗာဓာ - ဟူသော ပုဒ်အရ စုန်းဖမ်း, နတ်ဖမ်း, ဘီလူးဖမ်း, ဖုတ်ဖမ်း,မြေဖမ်း, မြေဘီလူးဖမ်း,အင်းထား,အိုင်ထား, ဆေးဝါးမန္တရား,ယတြာယာယီ,ကျား, သစ်, ဆင်,မြင်း,မြွေ,ကင်း,

www.burmeseclassic.com

www.burmeseclassic.com



သန်း,ရန်သူအစရှိသော ဤအလုံးစုံသော သတ္တဝါတို့၏ လုံ့လပယောဂ ဖြစ်သော အနာတို့ကို ယူအပ်ကုန်၏။

(ကံကြောင့်ဖြစ်သော အနာတို့ကိုလည်း အသီးအခြား မရေတွက် ရပြီ၊ ဆိုအပ်ခဲ့ပြီးသော အနာတို့၌ လျော်စွာသွင်း၍ ရေတွက်အပ်ကုန် ၏၊ ကံကြောင့်ဖြစ်သော အနာမှာ ဆေးမရှိ ဆေးကု၍မပျောက်။)

၉၂။ အချမ်းနှိပ်စက်သော အနာ, အပူနှိပ်စက်သော အနာ။

၉၃။ ထမင်းငတ်သော အနာ, ရေငတ်သော အနာ။

၉၄။ ကျင်ကြီးနှိပ်စက်သော အနာ။

၉၅။ စမြင်းခံ၍ ကျင်ကြီးမသွားသော အနာ။

၉၆။ ကျင်ငယ်နှိပ်စက်သော အနာ, ကျင်ငယ်အောင့်၍မသွားသောအနာ။

**သွင်းယူပုံ။** ။အော့နာဝမ်းကျနာ, ကြို့, ကြီးထိုးနာ တို့သည် လေငန်းအနာပင်ဖြစ်သည်၊ ထို့ကြောင့် ငန်းအနာမျိုးတို့၌ သွင်း၍ ရေတွက်အပ်ကုန်၏။တောင်အူနာဟု ခေါ်သော အနာကိုလည်း ခွေး ဗရင်ဂျီအနာဟူ၍ ဆေးဆရာကြီးတို့ ဆိုကုန်၏။ ထို့ကြောင့် ဒူလာ သရောအနာမျိုး၌သွင်း၍ရေတွက်အပ်ကုန်၏၊ပဋ္ဌိသန္ဓေဆံသောအနာ ကို လေနာမျိုး၌သွင်း၍ ရေတွက်အပ်၏၊ မီးယပ်အနာကို သွေးနာ, လေနာ၌ သွင်း၍ ရေတွက်အပ်၏၊ သက်တန့်အနာကို တံကျင် အနာ မျိုး၌သွင်း၍ ရေတွက်အပ်၏။ အသမာအနာ, ဆင်ခူ လယ်ဖြတ်အနာ, ဆုံဆို့အနာ, ဝက်ခြံစွယ်ဖြူ အနာ, ယုန်အမာ အနာ, ဦးခေါင်း၌ ခူအနာ, နှင်းခူကြီးအနာ, အနာပဆုပ်, သွေးစုအနာ, အသားပွတ် အနာ,အရေကွဲပတ်သောအနာ ဤသို့အစရှိသော အနာတို့ကို သွေး လေ,သည်းခြေ,သလိပ်တို့ကြောင့်ဖြစ်သော အနာမျိုး၌ သွင်း၍ ရေ တွက်အပ်ကုန်၏၊ပါးရွဲ့သောအနာ,နှုတ်ခမ်းရွဲ့သောအနာ,မျက်စိပြဲ သောအနာ, ဆွံ့သောအနာ ဤအနာတို့ကို လေသာခအနာ၌ သွင်း၍ ရေတွက်အပ်ကုန်၏။ (အင်္ဂုတ္တိုရ်-ဂိရိမာနန္ဒသုတ်။)

(စလင်းဆရာတော် ပရိတ်ကြီးနိဿယမှဖြစ်သည်။)

၉၆-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

## ၁၀၁-ပါးသော တရားများ

၁ လူမျိုး (၁၀၁) ပါး

| | |
|---|---|
| ၁။ မြန်မာ သတ္တ | ၇။ |
| ၂။ မွန် လေးဝ | ၄။ |
| ၃။ ရှမ်း သုံးဆယ် | ၃၀။ |
| ၄။ ခြောက်ဆယ် ကုလား | ၆၀။ |
| လူမျိုး တရာ့တပါး | ၁၀၁-ပါး။ |

၁၀၁-ပါးသော တရားကား နိဋ္ဌိတံ။

## ၁၀၈-ပါးသော တရားများ

၁ တဏှာ (၁၀၈) ပါး

လင်္ကာ။ ။တဏှာ-သုံးတန်၊ တည်ထားပြန်၊ အာ-ကာ-သန်-နှင့် မြှောက်။
တဏှာအစစ်၊ တရာ့ရှစ်၊ တွက်စစ် အမှန်ရောက်။

| | |
|---|---|
| တဏှာသုံးပါးတည် | ၃။ |
| အာရုံခြောက်ပါးနှင့်မြှောက် | × ၆။ |
| | ၁၈။ |
| ကာလသုံးပါးနှင့် မြှောက် | × ၃။ |
| | ၅၄။ |
| သန္တာန်နှစ်ပါးနှင့် ထပ်မြှောက် | × ၂။ |
| တဏှာအစစ် တရာ့ရှစ် | ၁၀၈-ပါး။ |

အသေးစိတ် သိလိုပါက သက်ဆိုင်ရာ အခန်း၌ ကြည့်ပါ။

၁၀၈-ပါးသောတရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၃၆-ပါးသော တရားများ

## ၁ အလောင်းတော်၏ဖြစ်တော်ပေါင်း (၁၃၆) ဘဝ


| | | |
|---|---|---|
| ၁။ | အစ ကြိုးကြာ-ဆယ့်ခြောက်ခါနှင့် | ၁၆။ |
| ၂။ | ဟင်္သာ ကိုးဖြစ် | ၉။ |
| ၃။ | ခြောက်ဖြစ်ကား ခို | ၆။ |
| ၄။ | ကျီးညို သုံးခါ | ၃။ |
| ၅။ | သံသာကျူးဟိတ် ကရဝိက် ငါး | ၅။ |
| ၆။ | လေးပါး ကိန္နရီ | ၄။ |
| ၇။ | စာမရီ တဆယ့်ငါး | ၁၅။ |
| ၈။ | မျောက်ကား တစ်ဆယ် | ၁၀။ |
| ၉။ | ဆင်ဝယ် ဆယ့်တစ် | ၁၁။ |
| ၁၀။ | နွားဖြစ် ဆယ့်လေး | ၁၄။ |
| ၁၁။ | ဇော သိန္ဓဝ | ၁။ |
| ၁၂။ | ကျွဲ အငွတည့် | ၈။ |
| ၁၃။ | သံမြသံညောင်း-ဥဒေါင်း နှစ်ခါ | ၂။ |
| ၁၄။ | သာလိကာ သတ္တ | ၇။ |
| ၁၅။ | ဒွါဒသ ကြက် | ၁၂။ |
| ၁၆။ | ဝက်မှာ ဆယ့်သုံး | ၁၃။ |


ပေါင်းရုံးများလှ တရာ့သုံးဆယ့်ခြောက် ဖြစ်ဝယ်တည်း-၁၃၆။

၁၃၆-ပါးသော တရားကား နိဋ္ဌိတံ။

www.burmeseclassic.com

# ၂၂၇-ပါးသော အရေးများ

၁ (၂၂၇) သွယ်သော ရဟန်း သိက္ခာပုဒ်

| | | |
|---|---|---|
| ၁။ ပါရာဇိက | - သိက္ခာပုဒ် | ၄-ပါး။ |
| ၂။ သံဃာဒိသေသ် | - သိက္ခာပုဒ် | ၁၃-ပါး။ |
| ၃။ အနိယတ | - သိက္ခာပုဒ် | ၂-ပါး။ |
| ၄။ နိဿဂ္ဂိယပါစိတ် | - သိက္ခာပုဒ် | ၃၀-ပါး။ |
| ၅။ သုဒ္ဓပါစိတ် | - သိက္ခာပုဒ် | ၉၂-ပါး။ |
| ၆။ ပါဋိဒေသနီယ | - သိက္ခာပုဒ် | ၄-ပါး။ |
| ၇။ သေခိယ | - သိက္ခာပုဒ် | ၇၅-ပါး။ |
| ၈။ အဓိကရဏသမထ | - သိက္ခာပုဒ် | ၇-ပါး။ |
| | | ၂၂၇-သွယ် |

အသေးစိတ်ကို သိလိုက သက်ဆိုင်ရာအခန်း၌ ကြည့်ပါ။

၂၂၇-ပါးသော တရားကား နိဋ္ဌိတံ။

---

# ၅၂၈-ပါးသော အရေးများ

၁ (၅၂၈) သွယ်သော မေတ္တာ

| | | | |
|---|---|---|---|
| ၁။ | အနောဓိသပုဂ္ဂိုလ် | မရည်ညွှန်းအပ်သော | ၅-ယောက် |
| ၂။ | ဩဓိသပုဂ္ဂိုလ် | ရည်ညွှန်းအပ်သော + | ၇-ယောက် |
| | ပုဂ္ဂိုလ်အပေါင်း ဆယ့်နှစ်ယောက် ဖြစ်၏— | | ၁၂ = |
| ၃။ | ထိုပုဂ္ဂိုလ် ၁၂-ယောက်အား မေတ္တာ ၄-ပါးမြှောက် × | | ၄ = |
| | မူရင်းမေတ္တာ (၄၈) ပါး ရ၏— | | ၄၈ = |
| ၄။ | ထိုမူရင်းမေတ္တာ (၄၈) ပါးကို အရပ်ဆယ်မျက်နှာနှင့် မြှောက်— | | × ၁၀ = |
| | အရပ်ဆယ်မျက်နှာ၏ မေတ္တာပေါင်းသည်— | | ၄၈၀ |
| ၅။ | မူရင်းမေတ္တာ ၄၈-ပါးနှင့် ပြန်၍ပေါင်းသော် + | | ၄၈ = |
| | ငါးရာနှစ်ဆယ့် ရှစ်သွယ်သော မေတ္တာအပေါင်းဖြစ်၏ | | ၅၂၈ = |

၅၂၈-ပါးသောတရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၅၀၀-ပါးသော တရားများ

၁ (၁၅၀၀) ကိလေသာ

| | | |
|---|---|---|
| ၁။ | သဗ္ဗစိတ္တက စေတသိက် ခုနစ်ပါး | ၇-ပါး။ |
| ၂။ | ပကိဏ်းစေတသိက် ခြောက်ပါး | ၆-ပါး။ |
| ၃။ | ပါပဇာတိစေတသိက် တဆယ့်လေးပါး | ၁၄-ပါး။ |
| ၎င်းသုံးခု အပေါင်းကို ကလျာဏဇာတိ စေတသိက်ဟု ခေါ်၏။ | သောဘဏစေတသိက် နှစ်ဆယ် | ၂၀-ပါး။ |
| | ဝိရတီစေတသိက် သုံးပါး | ၃-ပါး။ |
| | အပ္ပမညာစေတသိက် နှစ်ပါး | ၂-ပါး။ |
| | နာမ်တရား တပါး ပေါင်း | + ၁-ပါး) |
| ထိုအပေါင်းကိုနာမ်တေပညာသငါးဆယ့်သုံးပါးဟုခေါ်၏ | | ၅၃-ပါး။ |
| ၎င်းကိုနိပ္ဖန္နရုပ်(သို့မဟုတ်)ဇာတိရုပ် ၁၈-ပါးနှင့်ပေါင်း | | + ၁၈-ပါး။ |
| တေဘုမ္မကသင်္ခါရတရား ဟု ခေါ်၏— | | ၇၁-ပါး။ |
| ၎င်းကို လက္ခဏာတရား ၄-ပါးနှင့် ထပ်ပေါင်း | | + ၄-ပါး။ |
| | | ၇၅-ပါး။ |
| ၎င်းကို အဇ္ဈတ္တ(အတွင်း) ဗဟိဒ္ဓ(အပ)သန္တာန်နှစ်ပါးနှင့် မြှောက် | | × ၂-ပါး။ |
| | | ၁၅၀-ပါး။ |
| ၎င်းကို ကိလေသာဆယ်ပါးနှင့် ထပ်မြှောက်သော် | | × ၁၀-ပါး။ |
| ကိလေသာတရားပေါင်း တထောင့်ငါးရာ ရ၏— | | ၁၅၀၀-ပါး။ |

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ အခန်းများ၌ ကြည့်ပါ။

အပေါင်းကို ပြခြင်းမျှသာ ဖြစ်၏။

၁၅၀၀-ပါးသောတရားကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# ငါးရှဥ့်ငါးဆယ် ဇာတ်တော်
# ကောက်နုတ်ချက်

၁ **သတ္တဝါသည် ပျက်စီးချိန် တန်သည့်အခါ မိမိဘေးအန္တရာယ်ကိုပင် မမြင်တော့ကြောင်း ဒေသနာတော်**

ဂ။ ယံ နု ဂိဇ္ဈော ယောဇနသတံ၊ ကုဏပါနိ အဝေက္ခတိ။
ကသ္မာ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈသိ။

ဘော ဂိဇ္ဈ၊ အိုး....လင်းတ။ ဂိဇ္ဈောနု-ဂိဇ္ဈော နာမ၊ လင်းတမည်သည်ကား။ ယောဇနသတံ၊ ယူဇနာတရာကို။ အတိက္ကမိတွာ၊ လွန်၍။ ဌိတာနိ၊ တည်ကုန်သော။ ကုဏပါနိ၊ သားကောင်ပုပ်တို့ကို။ အဝေက္ခတိ၊ မြင်၏ဟူသတတ်။ တွံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဩဍ္ဍိတံ၊ ထောင်ထားအပ်သော။ ဇာလဉ္စ၊ ပိုက်ကွန်သို့ရင်း။ ပါသဉ္စ၊ ကျော့ကွင်းသို့ရင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ ကသ္မာ၊ အဘယ့်ကြောင့်။ န ဗုဇ္ဈသိ၊ မသိဘိသနည်း။

ခ။ ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတ်သင်္ခယော။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

မဟာရာဇ၊ မြတ်သော မင်းကြီး။ ယဒါ၊ အကြင်အခါ၌။ ယော ပေါသော၊ အကြင်သတ္တဝါသည်။ ပရာဘဝေါ၊ ပျက်စီးလိုသည်။ ဇီဝိတသင်္ခယော၊ အသက်ကုန်ဆုံးလိုသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ သော ပေါသော၊ ထိုသတ္တဝါသည်။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဩဍ္ဍိတံ၊ ထောင်ထားအပ်သော။ ဇာလဉ္စ၊ ပိုက်ကွန်သို့ရင်း။ ပါသဉ္စ၊ ကျော့ကွင်းသို့ရင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ န ဗုဇ္ဈတိ၊ မသိပါ။

**အဓိပ္ပါယ်။** ။ဘုရားအလောင်း လင်းတမင်းသည် ဗာရာဏသီ သူဌေးတဦးအား ကျေးဇူးရှိဘူး၍ ထိုကျေးဇူးကို တုံ့ပြန်မိသည်တွင် မြို့ရွာကို ဖျက်ဆီးသကဲ့သို့ဖြစ်၏၊ ထိုကြောင့် လူတို့သည် ပိုက်ကွန်များထောင်၍ လင်းတများကို ဖမ်းသည်ရှိသော်၊ ပိုက်ကွန်၌ လင်းတမင်းကို မိ၏၊ ယင်းသို့ မိသည်ရှိသော် လူအများတို့သည် ဗာရာဏသီမင်းအား ဆက်သလေ၏၊ မင်းကြီးက အထက်ပါဂါထာဖြင့် လင်းတမင်းအား မေးသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ "အို လင်းတ....လင်းတတို့သည် ယူဇနာတရာ အလှန်ရှိသော သားကောင်ပုပ်များကို မြင်နိုင်သော မျက်စိစွမ်းအား ရှိသည်ဟု ငါကြားဘူးသည်၊ ယခု သင်တို့အတွက် ထောင်ထားသည့် ပိုက်ကွန်များ ကျော့ကွင်းများအတွင်းသို့ ရောက်နေသည့်တိုင်အောင် သင်တို့ မသိမမြင်ကြပါတကား"ဟု မေး၏။

ထိုအခါဘုရားအလောင်းလင်းတမင်းက အောက်ပါဂါထာအတိုင်း ဖြေကြားသည်မှာ "အရှင်မင်းကြီး....သတ္တဝါတို့မည်သည်မှာ ပျက်စီးချိန်တန်လာသည့်အခါ၌ မိမိအတွက် ထောင်ထားအပ်သော ပိုက်ကွန်အစရှိသော အန္တရာယ်အတွင်းသို့ ရောက်နေသည့်တိုင်အောင် ဘာမှ မမြင်မသိတော့ပဲ အားလုံးကုန် ဝင်၍ တိုးမိပါတော့သည်"ဟု ဗာရာဏသီမင်းအား ပြန်ပြောလေ၏၊ ဘုရားအလောင်းလင်းတမင်း၏ တရားစကားကို ဗာရာဏသီမင်းမှာ အလွန်နှစ်သက်တော်မူ၍ လင်းတမင်းအား အသက်ဘေးမှ ချမ်းသာခွင့်ပြု၍ ပြန်လွှတ်လိုက်၏။

(၅၅၀-ဇာတ်နိပါတ်၊ သန္ထဝဝဂ်၊ ဂိဇ္ဈဇာတ် ဒုတိယတွဲ)

၂ လူမိုက်သည် သားမယားကို သတ်၍ လှူသော်လည်း စားသူ၌ အပြစ်မရှိကြောင်း ဒေသနာတော်

ပုတ္တဒါရံပိ စေ ဟန္တွာ၊ ဒေတိ ဒါနံ အသညတော။

ဘုဉ္ဇမာနောပိ သပ္ပညော၊ န ပါပေန ဥပလိပ္ပတိ။

အသညတော၊ သီလမရှိသောသူသည်။ ပုတ္တဒါရံပိ၊ သားမယားကိုလည်း။ ဟန္တွာ၊ သတ်၍။ ဒါနံ၊ အလှူကို။ စေ ဒေတိ၊ အကယ်၍ ပေးလှူငြားအံ့။ သပ္ပညော၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ -တံ၊ ထိုဆွမ်းကို၊ ဘုဉ္ဇမာနောပိ၊ စားသော်လည်း။ ပါပေန၊ မကောင်းမှုဖြင့်။ န ဥပလိပ္ပတိ၊ မလိမ်းကျံ။

အဓိပ္ပါယ်။ ။သီလမရှိသောသူသည် သားမယားတို့ကိုပင် သတ်၍ လှူစေကာမူ စားမိသော ပညာရှိပုဂ္ဂိုလ်များ၌ အပြစ်မရှိဟု ဘုရားအလောင်းတော်ရသေ့သည် မသမာသော အကြံဖြင့် ဆွမ်းကျွေးသော သူကြွယ်တယောက်အား ဟောတော်မူ၏။

(၅၅၀-ဇာတ်နိပါတ်၊ ၁၀-သိင်္ဂါလဝဂ်၊ ဗာဝေရုဝါဒဇာတ် ဒုတိယတွဲ)

www.burmeseclassic.com

www.burmeseclassic.com



**၃ မကောင်းမှုကို ပြုမိသော်လည်း စေတနာ မပါက မိမိ၌ အပြစ် မရှိကြောင်း ဒေသနာတော်**

မနေ၁ စေ တေ နပ္ပဏမတိ၊ ပက္ခိ ပါပဿ ကမ္မုနော။
အဗျာဝဋ္ဌဿ ဘဒြဿ၊ န ပါပ မုပလိမ္ပတိ။

ပက္ခိ၊ ငှက်။ ပါပဿ ကမ္မုနော၊ မကောင်းမှုအကျိုးငှါ။ တေ၊ သင်၏။ မနော၊ စိတ်သည်။ စေ နပ္ပဏမတိ၊ အကယ်၍ မညွတ်အံ့။ အဗျာဝဋ္ဌဿ၊လုံ့လ မပြုသော။ဘဒြဿ၊ ကောင်းသည်ဖြစ်သော သင့်အား။ပါပံ၊မကောင်းမှုသည်။ န ဥပလိမ္ပတိ၊ မလိမ်းကျံ။

အစိပ္ပါယ်။ ။ငှက်ထောင်စားသော မုဆိုးတယောက်၏ လက်တွင်း၌ ရှိနေသော တယ်ခါ တကောင်သည် ခါတယ်သော အလုပ်ကို လုပ်ရ၏။ တနေ့သောအခါ၌ ဘုရားအလောင်း ရသေ့ထံသို့ ရောက်သောအခါ မိမိကို အကြောင်းပြု၍ မိမိအမျိုးများ ပျက်စီးကုန်သည်ကို စေတနာ မပါပဲနှင့် မုဆိုးကို ကြောက်သဖြင့် ခါတယ်အလုပ် လုပ်ရသည့်အတွက် မိမိ၌ အပြစ်ရှိ-မရှိကို ဘုရားအလောင်းရသေ့အား မေးလျှောက်သည့် အခါ မိမိ၌ စေတနာမပါက အပြစ်မရှိဟု ဘုရားအလောင်းရသေ့မှ ဟောတော်မူ၏။

(၅၅၀-စတုက္ကနိပါတ်၊ ၂-ပုစိမန္ဒဝဂ်၊ တိတ္တိရဇာတ် ဒုတိယတွဲ)

**၄ ဒေဝဒတ်သည် မြေမျိုနေစဉ် ဘုရားကိုပြစ်မှားမိသမျှ နောက်ဆုံး ရှိခိုးသွားသော ဒေသနာတော်**

ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံ သရဏံ ဂတောမှိ။

အဟံ၊ ငါသည်။ အဂ္ဂပုဂ္ဂလံ၊ မြတ်သော ပုဂ္ဂိုလ်လည်း ဖြစ်တော်မူပေထသော။ ဒေဝါတိဒေဝံ၊ သမ္မုတိနတ်, ဥပပတ္တိနတ်တို့ထက် လွန်မြတ်သော ဝိသုဒ္ဓိနတ်လည်း ဖြစ်တော် မူပေထသော။ နရဒမ္မသာရထိံ၊ လူနတ်တို့၏ မြတ်သော ရထားထိန်းသဖွယ်လည်း ဖြစ်တော်မူပေထသော။ သမန္တစက္ခုံ၊ ထက်ဝန်းကျင် မြင်နိုင်သော သဗ္ဗညုတဉာဏ်တော် ရှိတော်မူတတ်ထသော။ သတပုညလက္ခဏံ၊ အရာမကသော ဘုန်းတော်ကြောင့်ဖြစ်သော လက္ခဏာ တော်လည်း ရှိတော်မူပေထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ဣမေဟိ

www.burmeseclassic.com



အင္ဂံဟိ၊ ဤငါ၏အရိုးတို့ဖြင့်ရင်း။ ဣမေဟိ ပါဏေဟိ၊ ဤငါ၏အသက်တို့ဖြင့်ရင်း။သရဏံ၊ ဆင်းရဲကိုပယ်ဖျောက် ချမ်းသာကို ပေးပေတတ်၏ဟူ၍။ဂတော၊ သိသည်။ အမို၊ ဖြစ်၏။

**အဓိပ္ပါယ်။** ။ဒေဝဒတ်သည် မြေမျိုနေစဉ် ကာလ၌ မြတ်စွာဘုရားအား မိမိ ပြစ်မှားမိသည်များကို သတိရ၍ အခြားလှူစရာ မရှိသဖြင့် မိမိကိုယ်ကို မြတ်စွာဘုရားသို့ ပေးလှူပြီးလျှင် နောက်ဆုံး မိမိ၏ အမှားများကိုဝန်ချ တောင်းပန်၍ ရှိခိုး ကန်တော့ သွားခြင်း ဖြစ်၏၊(ထို့ကြောင့်)မိမိကိုယ် ကို ဘုရားသို့ ပေးလှူ၍ ရှိခိုးခြင်းသည် ဒေဝဒတ်ရှိခိုးနည်းဖြစ်၏။

(၅၅၀-ဒွါဒသနိပါတ်၊ သမုဒ္ဒဝါဏိဇ္ဇဇာတ် စတုတ္ထတွဲ)၊

၅ မစင်ပိုးသည် ဆင်ပြောင်ကြီးကို အန်တုသဖြင့် အသေဆိုးနှင့် သေရခြင်း ဒေသနာတော်

န တံ ပါဒါ ဝဓိဿာမိ၊ န ဒန္တေဟိ န သောဏ္ဍိယာ။
မီဠေန တံ ဝဓိဿာမိ၊ ပူတိ ဟညတု ပူတိနာ။

ဂူထပါဏာ၊ မစင်ပိုး။တံ၊ သင့်ကို။ပါဒါ၊ပါဒေဟိ၊ခြေတို့ဖြင့်။န ဝဓိဿာမိ၊ ငါမသတ်အံ့။ ဒန္တေဟိ၊ အစွယ်တို့ဖြင့်။န ဝဓိဿာမိ၊ငါမသတ်အံ့။သောဏ္ဍိယာ၊ နှာမောင်းဖြင့်။ န ဝဓိဿာမိ၊ ငါ မသတ်အံ့။ မီဠေန၊ မစင်ဖြင့်သာလျှင်။ တံ၊ သင့်ကို။ ဝဓိဿာမိ၊ သတ်လိုက်အံ့။ ပူတိ၊ မစင်ပိုးသည်။ ပူတိနာ၊ မစင်ဖြင့်။ ဟညတု၊ သေစေသတည်း။

**အဓိပ္ပါယ်။** ။မစင်ပိုးတကောင်သည် ခရီးသွားကုန်သည်များ စားသောက် စွန့်ပစ်ခဲ့သော သုရာရေကိုသောက်ပြီး သုရာမာန်ယစ်မူးလျက်မစင်ပုံပေါ် သို့တက်ရောက်ကာဘဝင်မြင့်ပြီးလျှင် ဆင်ပြောင်ကြီး လာသည်ကိုသူနှင့် စစ်ထိုးရန် စိန်ခေါ်လေ၏၊ ဆင်ပြောင်ကြီးက "ဟဲ့-မစင်ပိုး....သင့်ကို ခြေဖြင့် နင်းသတ်ပြန်သော်ငါ၌ မစင်ပေအံ့၊ အစွယ်ဖြင့် ထိုးပြန်သော် လည်း အစွယ်၌မစင်ပေအံ့၊နှာမောင်းဖြင့်ရိုက်ပြန်သော်လည်းနှာမောင်း၌မစင်ပေအံ့၊ထို့ကြောင့် မစင်ပိုးသည် မစင်နှင့်သာ သေလေစေ့" ဟု ဆိုပြီးလျှင် ဆင်ပြောင်ကြီးသည် မစင်ပိုးရှိ၍နေသောမစင်ပုံကို ခွလျက် မစင်တုံးကြီးကြီးကိုယိုချလိုက်ရာ မစင်ပိုးသည်မစင်တုံးပိ၍သေတော့၏ ။

(၅၅၀-ဒုကနိပါတ်၊ ဝ-ကဗ္ဗဝဂ်၊ ဂူထပါဏဇာတ် ဒုတိယတွဲ)

www.burmeseclassic.com

www.burmeseclassic.com



၆ ကျီး၌ အဆီမရှိကြောင်း အလောင်းတော် ကျီးမင်း လျှောက်ထားသော ဒေသနာတော်

နိစ္စံ ဥဗ္ဗိဂ္ဂဟဒယာ၊ သဗ္ဗလောက ဝိဟေသကာ။
တသ္မာ နေသံ ဝသာ နတ္ထိ၊ ကာကာနမှာက ဉာတိနံ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ကာကာ နာမ၊ ကျီးတို့မည်သည်ကား။ နိစ္စံ၊ အမြဲ။ ဥဗ္ဗိဂ္ဂဟဒယာ၊ ထိတ်လန့်သော နှလုံး ရှိကုန်၏။ သဗ္ဗလောက ဝိဟေသကာ၊ ခပ်သိမ်းကုန်သော လူတို့ကို ညှဉ်းဆဲတတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အမှာကံ၊ ငါတို့၏။ ဉာတိနံ၊ အဆွေအမျိုးဖြစ်ကုန်သော။ နေသံ ကာကာနံ၊ ထိုကျီးတို့အား။ ဝသာ၊ အဆီသည်။ နတ္ထိ၊ မရှိပါ။

**အဓိပ္ပါယ်။** ။အခါတပါး၌ မင်းဆရာ ပုဏ္ဏားသည် ဂင်္ဂါမြစ်၌ ရေချိုး၍ ပန်းနံ့သာလိမ်းပြီးလျှင် မြို့တွင်းသို့ဝင်ခဲ့ရာ မြို့တံခါးအထက်၌နားနေသော ကျီးတကောင်သည် ထိုပုဏ္ဏား၏ ဦးခေါင်းတည့်တည့်သို့ မစင်စွန့်၍ချ၏၊ ယင်းသို့ မစင်စွန့်ချသည့်အတွက် ပုဏ္ဏားမှ ထိုကျီးတို့အား ရန်ငြိုးဖွဲ့၏၊ တနေ့သ၌ မင်း၏ ဆင်တင်းကုတ်ကို မီးစွဲလောင်သည် ရှိသော် ဆင်တို့သည် မီးလောင်နာ စွဲကပ်၏၊ ထိုမီးလောင်နာကို ပျောက်ကင်းစေရန် မင်းဆရာပုဏ္ဏားအား မင်းကြီးမှ ဆေးကိုမေးရာ "အရှင်မင်းမြတ်....ကျီး၏အဆီဖြင့် လိမ်းပါက မုချ ပျောက်ပါ၏" ဟု ဆို၏၊ထိုအခါ ငှက်ခတ်သမားများဖြင့် ကျီးများကို ပစ်ခတ်ဖမ်းဆီးပြီး ကျီးတို့၏ အဆီကို ထုတ်ယူသည့်တွင် အဆီလည်း မရ၊ ကျီးတို့သည် လည်း အတန်ပင် ပျက်စီးကြကုန်၏၊ ထိုအခါမှ ဘုရားအလောင်း ကျီးမင်းသည် ဗာရာဏသီ မင်းကြီးထံသို့ စွန့်စား ဝင်ရောက်လျက် အထက်ပါ ဂါထာဖြင့် ကျီးများ၌ အဆီမရှိကြောင်းကိုလျှောက်ထား ပါမှ ကျီးတို့သည် အသက်ဘေးမှ ချမ်းသာကြကုန်၏။

(၅၁၀-ကေကနိပါတ်၊ ၁၄-အသမ္ပဒါနဝဂ်၊ ကာကဇာတ် ပထမတွဲ)

၇ ကျီးနှင့် ခင်ပုပ်ငှက်(ဇီးကွက်)ကမ္ဘာ့ရန်ဖြစ်ခြင်း၏ အစ ဒေသနာတော်

န မေ ရုစ္စတိ ဘဒ္ဒံ ဝေါ၊ ဥလူကဿာ ဘိသေစနံ။
အက္ကုဒ္ဓဿ မုခံ ပဿ၊ ကထံ ကုဒ္ဓေါ ကရိဿတိ။

www.burmeseclassic.com

www.burmeseclassic.com



ဝေါ၊ သင်တို့အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ မေ၊ ငါသည်။ ဥလူကဿ၊ ဤခင်ပုပ် ငှက်အား။ အဘိသေစနံ၊ အဘိသိက် သွန်းလောင်းခြင်းကို။ န ရုစ္စတိ၊ မနှစ်သက်။ အက္ကုဒ္ဓဿ၊ အမျက်မထွက်သော ခင်ပုပ်ငှက်၏။ မုခံ၊ မျက်နှာကို။ ပဿ၊ ရှုကြပါလော။ ကုဒ္ဓေါ၊ အမျက် ထွက်သော်ကား။ ကထံ ကရိဿတိ၊ အဘယ်သို့ ပြုရအံ့နည်း။

**အခိပ္ပါယ်။** ။ကမ္ဘာဦးအခါက လူတို့သည် လျောက်ပတ်တင့်တယ် ရှုစဖွယ် ကောင်းသော ယောကျ်ားကောင်း တယောက်ကို အဘိသိက် သွန်း လောင်း၍ မင်းအဖြစ်သို့ တင်မြှောက်ကြ၏၊ ခြေလေးချောင်းသတ္တဝါ တို့သည်လည်း ခြင်္သေ့ကို မင်းအဖြစ် တင်မြှောက်ကြ၏၊ ငါးတို့သည် လည်း အာနန္ဒာအမည်ရှိသောငါးကြီးကိုမင်းအဖြစ်တင်မြှောက်ကြ၏၊ ထို့အတူ ငှက်တို့သည်လည်း မင်း အဖြစ် တင်မြှောက်ရန် အစည်း အဝေးပြုကြကုန်၏၊ ငှက်တကောင်က ခင်ပုပ်ငှက် (ဇီးကွက်) အား မင်းအဖြစ်တင်မြှောက်ရန် အဆိုတင်၏၊ ထိုငှက်၏ အဆိုကို ကျီးငှက်က အထက်ပါ ဂါထာဖြင့် ဤသို့ ကန့်ကွက်၏၊ "ခင်ပုပ်ငှက်သည် ရှိးရှိး နေစဉ်မှာပင် မျက်နှာပေါက်ဆိုးလှ၏၊ စိတ်ဆိုးသည်ရှိသော် ငါတို့သည် အဘယ်ကဲ့သို့နေရအံ့နည်း၊ ထို့ကြောင့် ခင်ပုပ်ငှက်အား မင်းအဖြစ် အဘိသိက် သွန်းသည်ကို ငါ ကန့်ကွက်၏" ဟု အထက်ပါ ဂါထာကို ဆိုလျက် အစည်းအဝေးမှ ထွက်ပြီးလျှင် ကောင်းကင်သို့ပျံတက်၏၊ ထိုအခါ ခင်ပုပ်ငှက်သည် ထိုကျီး၏ နောက်သို့လိုက်လျက် ထိုကျီးအား သေသည့်တိုင်အောင် ဆိတ်ပေါက်လျက် သတ်ပြီးလျှင် ကမ္ဘာ့ရန်ငြိုး ဖွဲ့လေ၏။

(၂၇၀-တိကနိပါတ်၊ ၂-ပဒုမဝဂ်၊ ဥလူကဇာတ် ဒုတိယတွဲ)

### ၈ အဋ္ဌမတောင့်မှ သီလစောင့်နိုင်မည်ဟူသော ဒေသနာတော်

ဝေမေဝ ဣဓေကစ္စေ၊ သမာဒါနမ္ဟိ ဒုလ္လဘာ။
လဟုံ ကရောန္တိ အတ္တာနံ၊ ဝကောဝ အဇကာရဏာ။

ဝေမေဝ၊ ဤအတူသာလျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ၊ အချို့ကုန်သော သူတို့သည်။ သမာဒါနမ္ဟိ၊ ဆောက်တည်အပ်သော သီလ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်၌။ ဒုလ္လဘာ၊ အားနည်းကုန်သည်ဖြစ်၍။ အဇကာရဏာ။ဆိတ်ဟူသော အကြောင်းကြောင့်။ ဝကော၀၊ သစ်ကြုတ်ကဲ့သို့။ အတ္တာနံ မိမိကိုယ်ကို။ လဟုံ၊ ပေါ့သည်ကို။ ကရောန္တိ၊ ပြုကြကုန်၏။

**အဓိပ္ပါယ်။** ။ဂင်္ဂါမြစ်ကမ်းအနီး ကျောက်ဖျာတခုပေါ်၌ အိပ်လျက်ရှိနေသော သစ်ကြုတ် တကောင်သည် မြစ်ရေများ ရုတ်တရက်ကျလာစဉ် ကမ်းပါးသို့ ပြန်၍မကူးနိုင်သဖြင့် ကျောက်ဖျာပေါ်၌ပင် နေလျက် ကျက်စားရာလည်း မရှိ၊ ကျက်စားရာသို့ သွားရာလမ်းလည်း မရှိ ဖြစ်နေ၏၊ ကိုအခါ သစ်ကြုတ်သည် အစာ မစားရသဖြင့် အချည်းနှီး ပျက်စီးမည့်အစား ဥပုသ်သီလ ဆောက်တည်ပြီး နေခြင်းက မြတ်၏ဟူ၍ဥပုသ်သီလကို အဓိဋ္ဌာန်ဖြင့်ဆောက်တည်ကာ ကျောက်ဖျာ ပေါ်၌ အိပ်၍ နေ၏၊ထိုအခါ သိကြားမင်းသည် သစ်ကြုတ်၏ ဥပုသ်သီလကို စမ်းလိုရကား ဆိတ်ယောင်ဆောင်၍ သစ်ကြုတ်ရှေ့မှ ပြေး၏၊ သစ်ကြုတ်သည် ဆိတ်ကိုမြင်လျှင် ရှင်လန်းစွာဖြင့် ဥပုသ်သီလကို နောက်မှ တဖန်ပြန်ယူအံ့ဟု ဆိုပြီးလျှင် အစာအလို့ငှါ ဆိတ်ကိုလိုက်၍ ဖမ်း၏၊ သိကြားဖန်ဆင်းသော ဆိတ်ဖြစ်သဖြင့် ဖမ်းယူခြင်းငှါ မတတ်နိုင်ပဲ ဆိတ်သည် ပျောက်ကွယ်၍ သွား၏၊ထိုအခါ သစ်ကြုတ်သည် ဆိတ်ကို မမိသဖြင့် ငါ၌ ဥပုသ်သီလ မပျက်သေးဟု ဆို၍ တဖန် ပြန်၍အိပ်၏၊ ထိုအခါ သိကြားမင်းသည် သစ်ကြုတ်အား ကိုယ်ထင်ရှား ပြလျက် "ဟယ်–သစ်ကြုတ်....သင်၏ ဥပုသ်သီလသည် အားနည်းသော ဥပုသ်, အချည်းနှီးသော ဥပုသ်" ဟု ဆိုကာ အထက်ပါဂါထာဖြင့် ကဲ့ရဲ့လေ၏၊ ထိုအခါ သစ်ကြုတ်က သိကြားမင်းအား ပြန်ပြောသည်မှာ– "သိကြားမင်း....အဒူမတောင့်မှ သီလစောင့်နိုင်မည်" ဟူ၍ပြောဆိုလျက် တဖန် ပြန်၍ အိပ်လေ၏။

(၃၃၀-တိကနိပါတ်၊ ၃-ကုမ္ဘဝဂ်၊ ဝကဇာတ် ဒုတိယတွဲ)

၆ သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိဟူသော ဒေသနာတော်

ယွာယံ သာဋ္ဌိယဆာပေါတိ၊ ကဏှသပ္ပံ အဂါဟယိ။
တေန သပ္ပေနယံ ဒဋ္ဌော၊ ဟတော ပါပါနုသာသကော။

www.burmeseclassic.com

www.burmeseclassic.com



ယွာယံ၊ အကြွင်ဆေးသမားသည်။ ကဏ္ဍသဖွံ၊ မြွေဟောက်ကို။ သာဠ္ဌိယ ဆာပေါတိ၊ ဆက်ရက်ငှက်ငယ် ဟူ၍။ အဂ၊ဟယိ၊ သူငယ် တယောက်အား ယူစေ၏။ ပါပါနုသာသကော၊ မကောင်းသည်ကို ဆုံးမတတ်သော။ အယံ၊ ဤဆေးသမားကို။ တေန သပ္ပေန၊ ထိုမြွေဟောက်သည်။ ဒဋ္ဌော၊ခဲအပ်သည် ဖြစ်၍။ ဟတော၊ သေလေ၏။

**အဓိပ္ပါယ်။** ။ယုတ်မာသော ဆေးသမား တယောက်သည် ဆေးကုသမှုကို မရရှိပဲ လာဘ်လာဘ ခေါင်းပါးသဖြင့် ရွာတရွာ၏ ရွာဦး၌ရှိသော သစ်ပင်တပင်ပေါ်၏ အသိုက်ထဲ၌ မြွေဟောက်တကောင်ကို မြင်သည် ရှိသော် ဆေးကုသလိုသော မတော် လောဘဖြင့် သူငယ်တယောက် အား အသိုက်ထဲ၌ ဆက်ရက်ငှက်ငယ် တကောင်ဟု မြွေ၏ ဦးခေါင်း အား ညွှန်ပြ၏၊ထိုအခါ သူငယ်သည် အမှန်ထင်မှတ်၍ အလိုရှိသဖြင့် သစ်ပင်ပေါ်သို့ တက်ရောက်ကာ မြွေ၏ ဦးခေါင်းကို ကိုင်၏၊ ကိုင်မိ သည်၏ ခဏ၌ မြွေမှန်းသိသဖြင့် ကြောက်လန့်ကာ အောက်သို့ ပစ်ချ လိုက်၏၊ ယင်းသို့ပစ်ချလိုက်သည်ရှိသော် အောက်၌ရှိသော ဆေးဆရာ ၏ ဦးခေါင်းပေါ်သို့ကျသည်ဖြစ်၍ ဆေးဆရာအား မြွေခဲ၍ သေလေ ၏။ (သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်ထိ ဟု စကားဆို ဖြစ်ပေါ် လာ၏။)

(၅၅၀-ပဥ္စကနိပါတ်၊ ၂-ဝဏ္ဏာရောဟဝဂ်၊ သာဠ္ဌိယဇာတ် တတိယတွဲ)

**၁၀ မချီးမြှောက်သင့်သူကို ချီးမြှောက်မိသဖြင့် သေဘေးနှင့် ကြုံတွေ့ရသော ဒေသနာတော်**

အသန္တံ ယော ပဂ္ဂဏှာတိ၊ အသန္တံ စူပသေဝတိ။
တမေဝ ဃာသံ ကုရုတေ၊ ဗျဂ္ဃော သဉ္စိဝကော ယထာ။

သဉ္စိဝကော၊ သဉ္စိဝလုလင်သည် ထ,စေအပ်သော။ ဗျဂ္ဃော၊ ကျားသည်။ သဉ္စိဝမေဝ၊ သဉ္စိဝကိုသာလျှင်။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ ယထာ၊ ချသကဲ့သို့။ တထာ၊ ထို့အတူ။ ယော၊ အကြွင်သူသည်။ အသန္တံ၊ သူတော် မဟုတ်သော သူကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ အသန္တံ စ၊ သူတော်မဟုတ် သော သူယုတ်ကိုလည်း။ ဥပသေဝတိ၊ ဆည်းကပ်၏။ တမေဝ၊ ထိုချီးမြှောက်

www.burmeseclassic.com



ဆည်းကပ်သော သူကိုသာလျှင်။ သော ဒုဿီလော၊ ထိုသူတော်မဟုတ်သော သူသည်။ ဿာသံ၊ စားခြင်းကို။ ကုရုတေ၊ ပြု၏။

**အစ်ပွါယ်။** ။သဉ္ဇီဝလုလင် အစရှိသော ဒိသာပါမောက္ခဆရာကြီး၏ တပည့်တစုတို့သည် ချက်ပြုတ်ရန် အလို့ငှါ တောထဲသို့ ဝင်၍ ထင်းခွေကြ၏၊ ထိုအခါ ကျားသေတကောင်ကိုတွေ့လေသော်သဉ္ဇီဝလုလင်က ထိုကျားအသေကို ငါ အသက်သွင်းပြမည်ဟုဆို၏၊ ထိုအခါသူငယ်ချင်းအများက မချီးမြှောက်သင့်သူကို မချီးမြှောက်ရန် သတိပေးကြ၏၊ ထိုအခါ သဉ္ဇီဝလုလင်သည် သူငယ်ချင်းများ၏ တားမြစ်သော စကားကို လုံးဝနားမထောင်ပဲ ကျားသေကို အသက်သွင်းရန် အလို့ငှါ ခဲတလုံးကို ကိုင်၍ ဂါထာမန္တန်များကို ရွတ်ဖတ်မန်းမှုတ်၏၊ ထိုအခါ သူငယ်ချင်းတစုတို့သည် ကြောက်လန့်သည်ဖြစ်၍ နီးရာ သစ်ပင်များ ပေါ်သို့ တက်ပြေးကြ၏၊ သဉ္ဇီဝလုလင်သည် ခဲကို ဂါထာမန်းမှုတ်၍ ပြီးသော အခါ ထိုခဲဖြင့် ကျားသေကို ပစ်လိုက်၏၊ ကျားသေသည် ခဲမှန်သည်နှင့် တပြိုင်နက် အသက်ပြန်ရှင်လာ၏၊ ပြန်ရှင်လာပြီးလျှင် မိမိကို အသက်သွင်းပေးသော ဆရာကိုပင် ပြန်၍ကိုက်သတ်၏၊ ဆရာ သေသွားသည် ရှိသော် တပည့် ကြားသေသည် နဂိုရ်အတိုင်းပင် ပြန်၍ သေသွားလေ၏၊ ထို့ကြောင့် မချီးမြှောက်သင့်သည်ကို မချီးမြှောက်ရန် မြတ်စွာဘုရား ဟောတော်မူ၏။

(၁၅၀-ကေကနိပါတ်၊ ၁၅-ကကဏ္ဍကဝဂ်၊ သဉ္ဇီဝဇာတ် ပထမတွဲ)

**၁၁ လူမိုက်အား တရားဟောမိသဖြင့် ဒေါသတွေ့ရသော ဒေသနာတော်**

ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
သဗ္ဗတ္ထ အနုသာသာမိ၊ မာသု ကုဇ္ဈိတ္ထ နာဝိက။

နာဝိက၊ ကူးတို့သူကြီး။ ဂါမေ ဝါ၊ ရွာ၌ရင်း။ ယဒိ၊ ထိုမှို။ အရညေ ဝါ၊ တော၌ရင်း။ နိန္နေ ဝါ၊ ချိုင့်ဝှမ်းရာ အရပ်၌ရင်း။ ယဒိ၊ ထိုမှို။ ထလေ ဝါ၊ ကြည်း၌ရင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်၌။ မာသုကုဇ္ဈိတ္ထ၊ အမျက် မထွက်လင့်။ ဣတိ၊ ဤသို့။ အနုသာသာမိ၊ ငါ ဆုံးမ၏။

www.burmeseclassic.com

www.burmeseclassic.com



**အစိမ္ဗါယ်။** ။ဂင်္ဂါမြစ်၏ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ပို့ဆောင်၍ နေသော အဝါရိယ၏ အဖဖြစ်သော ကူးတို့သူကြီး လူမိုက်သည် တဘက်သို့ ကူးလိုသူများကို ကူးတို့ပို့ပြီး၍ ထိုမှာဘက်ကမ်းကို ရောက်ပါမှ ကူးတို့ခကို တောင်းလေ့ရှိ၏၊ယင်းသို့သော အကြောင်းကြောင့် ကူးတို့ကူးသူများနှင့် မကြာခဏ အချင်းများလေ့ရှိ၏။

တခါသော်ဘုရားအလောင်းတော်ရသေ့သည် ထိုကူးတို့သူကြီးမိုက်လှေဖြင့် တဘက်ကမ်းသို့ကူး၏၊ ကမ်းသို့ ရောက်သော် လှေခတောင်းလေ၏၊ ဘုရားအလောင်း ရသေ့က လှေခ ပေးစရာမရှိ၍ အမျက်ဒေါသ မဖြစ်ရန် အထက်ပါ ဂါထာဖြင့် လှေသူကြီးမိုက်အား တရားပြ၍ ဆိုဆုံးမ၏၊ ထိုအခါ လှေသူကြီးမိုက်က "လှေခ တောင်းခံသည်ကို လှေခမပေးပဲ တရားပေးရသလား၊ ဤတရားသည် လှေခ ပေးတာလား" ဟုမေး၏၊ ဘုရားအလောင်းရသေ့က "ရသေ့ရဟန်းတို့မည်သည်မှာ ဝတ္ထုငွေ မရှိ၊ တရားသာရှိ၍ လှေခအတွက် တရားကို ငါပေးသည်မှာ ဟုတ်၏" ဟုဆို၏၊ ထိုအခါလှေသူကြီးမိုက်က "လှေခ မပါပဲနှင့် လှေစီးရပါမည်လား" ဟု အမျက် ဒေါသဖြင့် ဘုရားအလောင်း ရသေ့ကို ပက်လက်လှန်ကာ ဗိုက်ပေါ်မှာ ထိုင်လျက် ကျေနပ်လောက်အောင်ထိုး၏၊ ထိုအခါ ထမင်းပို့လာသော မယားက မြင်၍ မပြုလုပ်ရန်တောင်းပန်၏၊ ယင်းသို့ တောင်းပန်သည်ကို မရပဲ မယားကိုပင် ရိုက်နှက်ကန်ကျောက်၏၊ ထိုသို့ကန်ကျောက်သည်ရှိသော် ထမင်းခွက်လည်းကွဲ၊ မယား၌ ရှိသော ကိုယ်ဝန်လည်း ပျက်ကျ၏၊ ယင်းအဖြစ်ကို ဗာရာဏသီ မင်းကြီးမှ ကြားသည်ရှိသော် လှေသူကြီးမိုက်အား မင်းဒဏ်ခတ်၏။

ထိုကြောင့် မန်လည်ဆရာတော်ဘုရားက အောက်ပါ လင်္ကာဖြင့် "သူမိုက်, တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလှန် ခါး၏၊ နားပါးမဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ချင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောမိပါက၊ အပြစ်ရ၏" ဟု ဖေါ်ပြ၏။

(၅၅၀-ဆက္ကနိပါတ်၊ ၁-အဝါရိယဝဂ်၊ အဝါရိယပိတာဇာတ် တတိယတွဲ)

**ငါးရာ့ငါးဆယ် ဇာတ်စတော် ဧကာက်နုတ်ချက်ကား နိဋ္ဌိတံ။**

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မပဒ ပါဠိတော် ကောက်နုတ်ချက်

**၁ တရားဒါနသည်သာ အမြတ်ဆုံးဟု ဟောတော်မူသော ဒေသနာတော်**

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဓမ္မဒါနံ၊တရားဟောပြောပြသသော ကောင်းမှုသည်။ သဗ္ဗဒါနံ၊ ခပ်သိမ်းသောကောင်းမှုကို။ ဇိနာတိ၊ အောင်ရာ၏။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ သဗ္ဗရသံ၊ ခပ်သိမ်းသော အရသာကို။ ဇိနာတိ၊ အောင်ရာ၏။ ဓမ္မရတိ၊ တရားဖြင့်မွေ့လျော်ခြင်းသည်။ သဗ္ဗရတိံ၊ ခပ်သိမ်းသော မွေ့လျော်ခြင်းကို။ ဇိနာတိ၊ အောင်ရာ၏။ တဏှာက္ခယော၊ တဏှာ၏ ကုန်ခန်းရာဖြစ်သော အရဟတ္တဖိုလ်သည်။ သဗ္ဗဒုက္ခံ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းကို။ ဇိနာတိ၊ အောင်ရာ၏။

**အဓိပ္ပါယ်။** ။ဒါနမှုပြုလုပ်ခြင်းသည် တရားကိုသိ၍သာလျှင် ပြုလုပ်ခြင်းဖြစ်၏၊ သီလကျင့်သုံးဆောက်တည်ခြင်းသည် တရားကိုသိ၍ ဆောက်တည်ခြင်းဖြစ်၏၊ ဘာဝနာကို ပွားမျှားအားထုတ်ခြင်းသည် တရားကိုသိ၍ အားထုတ်ခြင်း ဖြစ်၏၊ တရားမသိသောသူသည် ဒါန, သီလ, ဘာဝနာတည်းဟူသော ကုသိုလ်တရား သုံးပါးကို လုံး၀,ပြုကျင့်လိမ့်မည် မဟုတ်ပေ၊ ထို့ကြောင့် ရှေဦးစွာ တရားကို သိဖို့လို၏၊ တရားကို သိပြီးမှသာလျှင် ကောင်းမှုကုသိုလ်ကို ပြုကျင့်ပေလိမ့်မည်၊ ယင်းသို့သော အကြောင်းကြောင့် ဒါနတကာတို့တွင် တရားကိုသိစေရန် ဟောပြောပြသသော ဒါနသည် အမြတ်ဆုံး ဖြစ်ပေသည်ဟု ဟောတော်မူ၏။

(ဓမ္မပဒပါဠိတော် ၂၄-တဏှာဝဂ်၊ ၁၀-သက္ကပဉှာဝတ္ထု)

**၂ ရန်ကိုရန်ချင်း မတုံ့မူသင့်ကြောင်း ဒေသနာတော်**

န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ သေ ဓမ္မော သနန္တနော။

www.burmeseclassic.com

www.burmeseclassic.com



ဝေရေနနရန်တို့မူသဖြင့်။ ဝေရာနိ၊ ရန်တို့သည်။ ကုဒါစနံ၊ တရံတံဆစ်မျှ။ နှ ဟိ သမ္မန္တိ၊ မငြိမ်းကြကုန်။အဝေရေနစရန်တို့မမူသဖြင့်သာလျှင်။ ဝေရာနိ၊ ရန်တို့သည်။ သမ္မန္တိ၊ ငြိမ်းကြကုန်၏။ ဧသ-ဧသော၊ ဤသို့ စသည်အားဖြင့် ရန်တို့မမူသဖြင့် ငြိမ်းခြင်းသည်။ သနန္တနော၊ ရှေးရှေး၌ဖြစ်သော။ ဓမ္မော၊ သဘောတံထွာ ဓမ္မတာတရားပင်သာတည်း။

အဓိပ္ပါယ်။ ။ဤသူသည် ငါ့ကို ဆဲရေးဘူးပြီ၊ ဤသူသည် ငါ့ကို ညှဥ်းဆဲဘူးပြီ၊ ဤသူသည် ငါ့ကို အောင်နိုင်ဘူးပြီ၊ ဤသူသည် ငါ၏ဥစ္စာကို ဆောင်ယူဘူးပြီ ဟု ထိုသူ၏အပေါ်၌ ရန်ငြိုးဖွဲ့ကြကုန်၏၊ ထိုသူတို့သည်ကား ဖြစ်ပေါ်လာမည့် ရန်မီးတို့သည် မငြိမ်းအေးနိုင်ကြကုန်၊ ထိုသူသည် ငါ့ကို ဆဲရေးဘူးပြီ၊ ထိုသူသည် ငါ့ကို ညှဥ်းဆဲဘူးပြီ၊ ထိုသူသည် ငါ့ကို အောင်နိုင်ဘူးပြီ၊ ထိုသူသည် ငါ၏ ဥစ္စာကိုဆောင်ယူဘူးပြီ ဟု ထိုသူ၏အပေါ်၌ ရန်ငြိုးမဖွဲ့ကြကုန်၊ ထိုသူတို့သည်ကား ဖြစ်ပေါ်လာမည့်-ရန်မီးတို့သည် ငြိမ်းအေးကြကုန်၏ ဟု ဟောတော်မူ၏။

(ဓမ္မပဒပါဠိ ၁-ယမကဝဂ်၊ ၄-ကာလီယက္ခိနီဝတ္ထု)

**၃ မကောင်းမှုပြုသူသည် ပစ္စုပ္ပန်နှင့်တမလွန်ဘဝပါ စိုးရိမ်ရသောဒေသနာတော်**

ဣဓ သောစတိ ပေစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌ မတ္တနော။

ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ဣဓ၊ ပစ္စုပ္ပန်လောက ဤဘဝ၌လည်း။ သောစတိ၊ စိုးရိမ်ရ၏။ ပေစ္စ၊ တမလွန်လောက နောင်ဘဝ၌လည်း။ သောစတိ၊ စိုးရိမ်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်, တမလွန် နှစ်တန်သောဘဝ၌။ သောစတိ၊ စိုးရိမ်ရ၏။ သော၊ ထိုသူသည်။ အတ္တနော၊ မိမိ၏။ ကမ္မကိလိဋ္ဌံ၊ ညစ်ညူးသော အကုသိုလ်ကံကြမ္မာကို။ ဒိသွာ၊ မြင်၍။ သောစတိ၊ စိုးရိမ်ရ၏။ သော၊ ထိုသူသည်။ ဝိဟညတိ၊ ပင်ပန်းရ၏ ဟု ဟောတော်မူ၏။

အဓိပ္ပါယ်။ ။ငါးဆယ့်ငါးနှစ်တိုင်ကာလပတ်လုံး ဝက်သတ်၍ မကောင်းသော အကုသိုလ်ဖြင့် အသက်မွေးသော ဝက်သတ်သမား စုန္ဒကို အကြောင်းပြု၍ ဟောတော်မူ၏။

(ဓမ္မပဒပါဠိ ၁-ယမကဝဂ်၊ ၁၀-စုန္ဒသူကရိက-ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



**၄ စိတ်ကြောင့်ဖြစ်သော မကောင်းမှုကို စိတ်ကောင်းနှင့် ဆေးက စင်ကြယ်ကြောင်း ဓဒသနာတော်**

ဇလေန ဘဝတိ ပင်္ကံ၊ ဇလေနေဝ ဝိသုဇ္ဈတိ။
စိတ္တေန ဘဝတိ ပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။

ယံ ပင်္ကံ၊ အကြင်ရွှံ့ညွန်သည်။ ဇလေန၊ ရေကြောင့်။ ဘဝတိ၊ ဖြစ်တတ်၏။ တံ ပင်္ကံ၊ ထိုရေကြောင့်ဖြစ်သော ရွှံ့ညွန်ကို။ ဇလေနေဝ၊ ရေဖြင့်သာလျှင်။ဝိသုဇ္ဈတိ ယထာ၊ စင်ကြယ်ဘိသကဲ့သို့။ တထာ၊ ထို့အတူ၊ ယံ ပါပံ၊ အကြင် မကောင်းမှုသည်။ စိတ္တေန၊ စိတ်ကြောင့်။ ဘဝတိ၊ ဖြစ်တတ်၏။ တံ ပါပံ၊ ထိုစိတ်ကြောင့်ဖြစ်သော မကောင်းမှုကို။ စိတ္တေနေဝ၊ စိတ်ကောင်း စေတနာကောင်းဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်ရာ၏။

**အဓိပ္ပါယ်။** ။ရွှံ့ညွန်ဖြစ်ခြင်းသည် ရေကြောင့်ဖြစ်ရ၏၊ရေကြောင့်ဖြစ်သော ရွှံ့ညွန်ကို ရေဖြင့် ဆေးကြောလျှင် စင်ကြယ်ဘိသကဲ့သို့၊ ထို့အတူ မကောင်းမှုပြုခြင်းသည်လည်း စိတ်ကြောင့်ပြုခြင်းဖြစ်၏၊ စိတ်ကြောင့် ဖြစ်သောမကောင်းမှုကို စိတ်ကောင်းစေတနာကောင်းဖြင့် ဆေးကြောလျှင်လည်း စင်ကြယ်၏ ဟု ဟောတော်မူ၏။

(ဓမ္မပဒ အဋ္ဌကထာ ၁၁-ကောဝေဂ်၊ ၁-ရောဟိနီမင်းသမီးဝတ္ထု)

**၅ သူတပါးအပြစ်ကို မရှုပဲ မိမိအပြစ်ကိုသာ ရှုသင့်ကြောင်း ဒေသနာတော်**

န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။

ပရေသံ၊ သူတပါး တို့၏။ ဝိလောမာနိ၊ မလျော်သော အမှုတို့ကို။ န အဝေက္ခေယျ၊မကြည့်ရှုရာ။ ပရေသံ၊ သူတပါးတို့၏။ ကတာကတံ၊ ကောင်းသောအမှု, မကောင်းသောအမှု ပြု-မပြုကို။ န အဝေက္ခေယျ၊ မရှုကြည့်ရာ။ အတ္တနောဝ၊ မိမိ၏သာလျှင်။ ကတာနိ စ၊ ဤကောင်းမှုတို့ကို ပြုမိလေကုန်၏လော ဟူ၍၎င်း။အကတာနိစ၊ မပြုမိလေကုန်၏လော ဟူ၍၎င်း။အဝေက္ခေယျ၊ ကြည့်ရှုဆင်ခြင်ရာ၏။

**အဓိပ္ပါယ်။** ။အလ္လုဒါယိကာမ မွေးကျွေးထားသော တက္ကတွန်းသည် မြတ်စွာဘုရားကို ဆွမ်းဖြင့်လုပ်ကျွေးသော မိမိ၏အလ္လုဒါယိကာမအား

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ဆွမ်းကျွေးရပါမည်လား ဟု ဆဲရေးသဖြင့် အလှူဒါယိကာမသည် စိတ်မကောင်းဖြစ်၍ နေ၏၊ ထိုအခါ မြတ်စွာဘုရားက အလှူဒါယိကာမအား သူတပါး မကောင်းမှု ပြုသည်ကို ကြည့်ရှုလျက် စိတ်မကောင်းသဖြင့် မနေပါလင့်၊ မိမိသည် ကောင်းမှု ပြုမိသလော၊ မကောင်းမှုပြုမိသလော ဟု မိမိကိုယ်ကိုသာလျှင် ပြန်၍ရှုကြည့်ဆင်ခြင်ရာ၏ ဟု ဟောတော်မူ၏။

(ဓမ္မပဒ ၄-ပုပ္ဖဝဂ်၊ ၆-ပါဝေယျအာဇီဝကဝတ္ထု)

၆ လူမိုက်သည် သံသရာ၌ ရှည်မည်ဖြစ်ကြောင်း ဒေသနာတော်

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

ဇာဂရတော၊ အိပ်၍ မပျော် နိုးကြား၍ နေသော သူအား။ ရတ္တိ၊ ညဥ့်သုံးယာမ်သည်။ ဒီဃာ၊ ရှည်ကြာသကဲ့သို့ ဖြစ်ပေ၏။ သန္တဿ၊ ခရီးပန်းသောသူအား။ ယောဇနံ၊ တယူဇနာရှိသော ခရီးသည်။ ဒီဃံ၊ ရှည်ဝေးသကဲ့သို့ ဖြစ်ပေ၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတံ၊ မသိကြကုန်သော။ ဗာလာနံ၊ သူမိုက်တို့အား။ သံသာရော၊ သံသရာသည်။ ဒီဃော၊ အလွန်ရှည်လျားလှပေသည်။

**အဓိပ္ပါယ်**။ ။ပသေနဒီ ကောသလမင်းကြီးသည် မထင်ရှားသော လင်ရှိမယားတယောက်ကို လိုချင်သော တဏှာလောဘဖြင့် လင်ဖြစ်သူအား ခေါ်၍ မင်းစေတမန်ခန့်ပြီးလျှင် လူတို့ပြည်၌မရှိသော နဂါးတို့ပြည်၌သာရှိသော ကုမုဒြာကြာပန်းနှင့် ဝရုဏမြေညက်တို့ကို အမှမ်းအယူခိုင်းပြီး အကယ်၍ရလာပါက ထိုယောကျ်ားအား မြို့တွင်းသို့ မဝင်နိုင်ရန် မြို့တံခါးကို ပိတ်ထားကာ နေ၏၊ ထိုညဥ့်၌ပင်လျှင် ကောသလမင်းအား ဒု-သ-န-သော ဟူသော မကောင်းသော အိပ်မက်ဆိုးတို့ မြင်မက်သဖြင့်ထိတ်လန့်ကြောက်ရွံ့ကာ နံနက်အခါ၌ ဘုရားကျောင်းတော်သို့ သွား၍ အိပ်မက်၏ ဖြစ်ပျက်ပုံ အလုံးစုံကို လျှောက်ထားသော အခါ လင်ရှိမယားများတို့ မပြစ်မှားကောင်းကြောင်းကို အခြေခံ၍ လူမိုက်တို့အား သံသရာရှည်မည် ဖြစ်ကြောင်းကို ဟောတော်မူ၏။

(ဓမ္မပဒ ၅-ဗာလဝဂ်၊ ၁-အညတြပုရိသဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



**၇ ယောက်မသည် ဟင်းအိုး၌ မွေ့စေကာမူ ဟင်း၏ အရသာကို မသိနိုင်ကြောင်း ဒေသနာတော်**

ယာဝဇီဝံပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။

ဗာလော၊ သူမိုက်သည်။ ယာဝဇီဝံပိ၊ အသက်ဆုံးသည့်တိုင်အောင်လည်း။ ပဏ္ဍိတံ၊ ပညာရှိကို။ စေ ပယိရုပါသတိ၊ အကယ်၍ ဆည်းကပ်ငြားအံ့။ သော ဗာလော၊ ထိုသူမိုက်သည်။ ဓမ္မံ၊ တရားကို။ န ဝိဇာနာတိ၊ မသိ။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဒဗ္ဗီ၊ ယောက်မသည်။ သူပရသံ၊ ဟင်း၏ အရသာကို။ န ဝိဇာနာတိ ယထာ၊ မသိသကဲ့သို့သာတည်း။

**အစီပွါယ်။** ။ဥဒါယီရဟန်းအား တရားမသိ မလိမ်မာမိုက်မဲပုံကိုအကြောင်း ပြု၍ ဟောတော်မူ၏။

(ဓမ္မပဒ ၅-ဗာလဝဂ်၊ ၅-ဥဒါယိတ္ထေရဝတ္ထု)

**၈ လူမိုက်သည် အကျိုးမပေးသေးသော အကုသိုလ်ကို ပျားအရသာကဲ့သို့ ထင်မှတ်ကြောင်း ဒေသနာတော်**

မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။

ယာဝ၊ အကြင်မျှလောက်သောကာလပတ်လုံး။ ပါပံ၊ မကောင်းမှုကံသည်။ န ပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တံ ကမ္မံ၊ ထိုမကောင်းမှုကံကို။ ဗာလော၊ သူမိုက်သည်။ မဓုဝ၊ ပျားအရသာကဲ့သို့။ မညတိ၊ ထင်မှတ်အောက်မေ့၏။ ယဒါ စ၊ အကြင်အခါ၌ကား။ ပါပံ၊ မကောင်းမှုကံသည်။ ပစ္စတိ၊ အကျိုးပေး၏။ တဒါ၊ ထိုအခါ၌။ သော ဗာလော၊ ထိုသူမိုက်သည်။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ နိဂစ္ဆတိ၊ ရောက်ရလေ၏။

**အစီပွါယ်။** ။ဥပ္ပလဝဏ်ထေရီမ၏ မောင်တဝမ်းကွဲတော်သူ နန္ဒသည် တနေ့ သောအခါ တောကျောင်း၌ ပုန်းအောင်းလျက် ထေရီမ ဆွမ်းခံမှ အပြန်တွင် ယင်းတောကျောင်း၌ပင် ထေရီမအား အဓမ္မ မေထုန် အမှုကို ပြုကျင့်၏၊ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် နန္ဒအား မြေမျိုလျက် အပါယ်ငရဲသို့ သွားရ၏၊ ယင်းဝတ္ထုကို အကြောင်းပြု၍ အထက်ပါဒေသနာတော်ကို ဟောတော်မူ၏။

(ဓမ္မပဒ ၅-ဗာလဝဂ်၊ ၁၀-ဥပ္ပလဝဏ္ဏာထေရီဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



**၉ ချီးမွမ်းသည်ဖြစ်စေ ကဲ့ရဲ့သည်ဖြစ်စေ ပညာရှိသည် မတုန်လှုပ်ကြောင်း ဒေသနာတော်**

သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။
ဧဝံ နိန္ဒာ ပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ။

ဧကဃနော၊ တခဲနက်သော။ သေလော၊ ကျောက်တောင်သည်။ ဝါတေန၊ လေးမျက်နှာမှ လာသော လေကြောင့်။ န သမီရတိ ယထာ၊ မတုန်မလှုပ်နိုင်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နိန္ဒာပသံသာသု၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့ကြောင့်။ န သမိဉ္ဇန္တိ၊ မတုန်လှုပ်ကုန်။

**အဓိပ္ပါယ်။** ။ပညာရှိတို့သည် ချီးမွမ်းသည် ဖြစ်စေ ကဲ့ရဲ့သည်ဖြစ်စေ စိတ်၌ တုန်လှုပ်ခြင်း မရှိကြပေ၊ ပညာမဲ့သောသူတို့သာလျှင် မိမိ၏ နား၌ နှစ်သက်သော အသံကို ကြားပါက လိုချင်သော လောဘစိတ်ဖြင့် တုန်လှုပ်၏၊ မနှစ်သက်သော အသံကို ကြားပါက အမျက်ထွက်သော ဒေါသစိတ်ဖြင့် တုန်လှုပ်၏၊ ဤကဲ့သို့ လောဘ, ဒေါသ တရားများ ကြောင့် တနေ့သောအခါ၌ ဒုက္ခဖြစ်မည်ကို မသိသည်မှာ မောဟပင် ဖြစ်၏၊ ထိုသုံးပါးကြောင့် တုန်လှုပ်၏။

(ဓမ္မပဒ ၆-ပဏ္ဍိတဝဂ်၊ ၆-လကုဏ္ဍကဘဒ္ဒိယဝတ္ထု)

**၁၀ သူတပါးကို နိုင်အောင်ကျင့်မည့်အစား မိမိကိုယ်ကို နိုင်အောင်ကျင့်က မြတ်၏ဟူသော ဒေသနာတော်**

(က) အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာ စာယံ ဣတရာ ပဇာ။
အတ္တဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။

(ခ) နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

(က-ခ) အတ္တဒန္တဿ၊မိမိကိုယ်ကို ဆုံးမပြီးသော။ နိစ္စံ၊ အမြဲ။ သညတစာရိနော၊ ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်စည်းသော အကျင့်ရှိသော။ တထာရူပဿ၊ ထိုသို့သဘောရှိသော။ ဇန္တုနော၊ သတ္တဝါဟု ဆိုအပ်သော။ ပေါသဿ၊ ယောကျ်ားတယောက်၏။ ဇိတံ၊ အောင်ခြင်းနိုင်ခြင်းကို။အပဇိတံ၊ ရှုံးအောင်။ဒေဝေါ၊ဝါ၊နတ်သည်လည်း။နေဝ ကယိရာ၊မပြုနိုင်ရာ။ဂန္ဓဗ္ဗော ဝါ၊

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓဗ္ဗနတ်သည်လည်း။ န ကယိရာ၊ မပြုနိုင်ရာ။ ဗြဟ္မုနာ၊ ဗြဟ္မာမင်းနှင့်။ သဟ၊ တကွ။ မာရော၀ါ၊မာရ်နတ်သည်လည်း ။ န ကယိရာ၊မပြုနိုင်ရာ။တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုယောကျ်ား၏။ ဇိတံ ဇိတော၊ ကိလေသာကို အောင်ခြင်းဖြင့် အောင်ပြီးသော။ အတ္တာ၊ ကိုယ်သည်။ ဟ၀ေ၊ စင်စစ်။ သေယျော၊ မြတ်၏။ ဣတရော၊ ဤမှတပါး ကြွေအန်စစ်တိုက်စသည်ဖြင့် အောင်နိုင်သော။ ယာ စ အယံပဇာ၊ အကြင်သတ္တ၀ါအပေါင်းသည်။အတ္ထိ၊ရှိ၏။တဿ ပဇာယ၊ ထိုသတ္တ၀ါအပေါင်း၏။ဇိတံ·ဇိတော၊ ကစားပွဲစသည် အောင်ခြင်းဖြင့် အောင်သော။ အတ္တာ၊ ကိုယ်သည်။ န သေယျော၊ မမြတ်။

**အဓိပ္ပါယ်။** ။ကြွေအန် ကစားလေ့ရှိသော ပုဏ္ဏားကြီး တယောက်အား ကြွေအန်ကစားရာ၌ ရှုံးလေသလော နိုင်လေသလော ဟု မြတ်စွာဘုရားမှ မေးတော်မူရာ ရှုံးသည့်အခါလည်း ရှုံးပါ၏၊ နိုင်သည့်အခါလည်း နိုင်ပါ၏ ဟု ပုဏ္ဏားကြီးမှ လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက ပုဏ္ဏားကြီး....မရှုံးသည့် အလုပ်ကို လုပ်ရန် သင့်၏ဟု ဟောတော်မူ၏၊ ထိုအခါ ပုဏ္ဏားကြီးက မရှုံးသည့် အလုပ်သည် မည်သည့်အလုပ်ပါနည်း ဟု မေးလျှောက်သောအခါ မြတ်စွာဘုရားက ပုဏ္ဏားကြီး....အကြင်သူသည် ကိလေသာကို နိုင်ခြင်းဖြင့် မိမိကိုယ်ကို အောင်နိုင်၏၊ ထိုသူ၏ အောင်နိုင်မှုသည် မြတ်သောအောင်နိုင်မှုဖြစ်၏၊ထိုသူ၏အောင်နိုင်မှုကို နတ်, သိကြား, ဗြဟ္မာတို့သည် တဖန်ပြန်၍ ရှုံးအောင် မည်သူမှ မစွမ်းနိုင်ကြကုန်၊ ကြွေအန်ကစားသဖြင့် နိုင်ခြင်းသည် တနေ့သောအခါ၌ တဖန်ပြန်၍ရှုံးမည့်သဘောမှန်ဖြစ်၏၊ထို့ကြောင့်ပုဏ္ဏားကြီး....သူတပါးကို နိုင်အောင် ကျင့်မည့်အစား မိမိကိုယ်ကို နိုင်အောင် ကျင့်ရန် သင့်၏၊ မိမိကိုယ်ကို နိုင်အောင် ကျင့်သူသာလျှင် မြတ်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

(ဓမ္မပဒ ၈-သဟဿ၀ဂ်၊ ၄-အနတ္ထပုစ္ဆကဗြာဟ္မဏ၀တ္ထု၊)

## ၁၁ စိတ်နိုင်မှ နိဗ္ဗာန်သို့ရောက်နိုင်မည့် ဒေသနာတော်

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမ နိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

www.burmeseclassic.com

www.burmeseclassic.com



သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲထသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ အကြောင်းအမှတ်မရှိ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိထသော၊ စိတ္တံ၊စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ လုံခြုံစွာ စောင့်ရှောက် ထိန်းသိမ်းအပ်သော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ လူ့, နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်၏ ဟု ဟောတော်မူ၏။

**အဓိပ္ပါယ်။** ။ဆရာနှစ်ဦးရှိသော ရဟန်းတပါးသည် ကမ္မဝါဆရာ ထံသို့ သွားသည့်အခါ အဘိဓမ္မာကို ကျင့်ရန် သင့်၏ ဟု နည်းပေး ပြသ ဆိုဆုံးမ၏၊ တဖန် ဥပဇ္ဈာယ်ဆရာထံသို့ သွားသည့်အခါ၌လည်း ဝိနည်းကို ကျင့်ရန် နည်းပေး ပြသ ဆိုဆုံးမ၏၊ ယင်းသို့ ဆရာ နှစ်ဦးမှ တယောက်တမျိုးစီ သင်ပေးသည့်အခါ ထိုရဟန်းသည် မည်သည့် တရားကိုမျှ ကျင့်ရမည်ဟူ၍ မသိတော့သဖြင့် စိတ်၌ တွေဝေညည်းညူလာကာ လူထွက်တော့အံ့ ဟု မြတ်စွာဘုရားထံသို့ သွားရောက်လျှောက်ထားသည့်အခါ မြတ်စွာဘုရားမှ ထိုရဟန်းအား အထက်ပါဒေသနာဖြင့်– "စိတ်ကိုသာ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းပါ၊ စိတ်ကို လုံခြုံအောင် ထိန်းသိမ်းနိုင်ပါက နိဗ္ဗာန်ကိုလည်း ရနိုင်၏၊ နတ်ပြည်သို့လည်း ရောက်နိုင်၏၊ နိဗ္ဗာန်နှင့် နတ်ပြည်မရောက်သည့်တိုင် အယုတ်ဆုံး လူ့ပြည်သို့ ပြန်၍ ရောက်နိုင်၏" ဟု ဟောတော်မူ၏။

(ဓမ္မပဒ ၃-စိတ္တဝဂ်၊ ၃-ဥက္ကဏ္ဌိတဘိက္ခု ဝတ္ထု)

**၁၂ ကြီးသူကို ရှိခိုးသူသည် ဆုလေးပါးနှင့် ပြည့်စုံကြောင်း ဒေသနာတော်**

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

နိစ္စံ၊ အမြဲ။ ဝုဍ္ဎာပစာယိနော၊ ဂုဏ်အားဖြင့် ကြီးသောသူ, အသက်အရွယ်အားဖြင့် ကြီးသောသူတို့ကို အရိုအသေပြုသော။အဘိဝါဒနသီလိဿ၊ရှိခိုးခြင်းအလေ့အထ ရှိသောသူအား။အာယုစ၊အသက်ရှည်ခြင်းရင်း။ဝဏ္ဏောစ၊အဆင်းလှခြင်းရင်း။ သုခဥ္စ၊ ချမ်းသာကြီးခြင်းရင်း။ ဗလဥ္စ၊ ကိုယ်အား ဉာဏ်အားကြီးခြင်းရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ဓမ္မာ၊ ကောင်းမြတ်သော အကျိုးတရားတို့သည်။ ဝဍ္ဎန္တိ၊ ပွါးများစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



**အဓိပ္ပါယ်။** ။ဂုဏ်အားဖြင့်ကြီးသောသူ, အသက်အရွယ်အားဖြင့်ကြီးသောသူများကို ရှိခိုးလေ့အရှိအသေ ပြုလေ့ရှိသော သူတို့အား လေးပါးသောဆုနှင့် ပြည့်စုံလိမ့်မည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။

(ဓမ္မပဒ ၈-သဟဿဝဂ်၊ ၈-အာယုဝဍ္ဎနကုမာရဝတ္ထု)

**၁၃ ခန္ဓာငါးပါး မရှုမမြင်ဘဲ အသက်တရာ နေရသော်လည်း မမြတ်ကြောင်း ဒေသနာတော်**

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော စ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ မရှုမမြင်ပဲ။ ဝဿသတံ၊ အနှစ်တရာတို့ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ န သေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿန္တော၊ ရှုသော မြင်သောပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်တာမျှ။ (ဝါ)တခဏတာမျှ။ ဇီဝိတံ၊ အသက် ရှည်ခြင်းသည်။ သေယျော၊ အလွန်မြတ်သေး၏။

**အဓိပ္ပါယ်။** ။ခန္ဓာငါးပါးကို မရှုမမြင်ပဲ ပုထုဇဉ်အဖြစ်နှင့်အနှစ်တရာသို့တိုင် လူအဖြစ်နှင့် နေရသော်လည်း မမြတ်၊ ခန္ဓာငါးပါးကို ရှုမြင်ပြီး၍ ရဟန္တာအဖြစ်နှင့် တနေ့တရက် တမနက်ဖြင့် နေရသော် အလွန်မြတ်၏ ဟု ဟောတော်မူ၏။

(ဓမ္မပဒပါဠိ ၈-သဟဿဝဂ်၊ ၁၃-ပဋာစာရာထေရီမဝတ္ထု)

**၁၄ သေစေလိုသော စေတနာမရှိက ပြုသူ၌အပြစ်မရှိကြောင်း ဒေသနာတော်**

ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

ပါဏိမှိ၊ လက်ဝါးပြင်၌။ ဝဏော၊ အနာသည်။စေ နာဿ၊ အကယ်၍ မရှိသည်ဖြစ်ငြားအံ့။ ပါဏိနာ၊ လက်ဖြင့်။ ဝိသံ၊အဆိပ်ကို။ဟရေယျ၊ ကိုင်နိုင်၏။ ဝိသံ၊ အဆိပ်သည်။ အဗ္ဗဏံ၊ အနာမရှိသော လက်ကို။ န အန္ဝေတိ၊ အစဉ် မလိုက်။ ဧဝံ တထာ၊ ထို့အတူ။ အကုဗ္ဗတော၊ သေစေလိုသော စေတနာဖြင့် လုံ့လမပြုသောသူအား။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



**အဓိပ္ပါယ်။** ။တောလိုက်မုဆိုးတယောက်၏အိမ်ရှင်မဖြစ်သော သောတာပန် မိန်းမသည် လင်ယောကျ်ားဖြစ်သူ တောလိုက်သွားခါနီး၌ အိမ်ရှင်မ တို့၏ ဝတ္တရားအရ လေးမြှား လက်နက်တို့ကို ပြင်ဆင်၍ပေး၏၊ ထိုသို့ ပြင်ဆင်၍ပေးသည်ကို ရဟန်းအချို့ မြင်တွေ့သည့်အခါ သောတာပန် ဖြစ်ပါလျက် မည်သို့သောအကြောင်းကြောင့် ဤသို့ပြုလုပ်ရသနည်း ဟု ကဲ့ရဲ့ကြ၏၊ ယင်းသို့ ရဟန်းများက ကဲ့ရဲ့သည်ကို မြတ်စွာဘုရားမှ ကြားသိသောအခါ ချစ်သား ရဟန်းတို့....မုဆိုး၏ ဇနီး ဖြစ်သူသည် အိမ်ရှင်မတို့၏ ဝတ္တရားအရ.လင်၏အမှုကိစ္စကို ဆောင်ရွက်ပေးခြင်းသာ ဖြစ်၏၊ ၎င်း၌သေစေလိုသော စေတနာမရှိ၊ သေစေလိုသော စေတနာ ရှိမှသာလျှင် အပြစ်ရှိ၏၊ ထို့ကြောင့် အနာမရှိသော လက်သည် အဆိပ်ကို ကိုင်သော်လည်း အဆိပ်မတက်၊ အနာရှိသော လက်ဖြင့် အဆိပ်ကို ကိုင်မှသာလျှင် အဆိပ်တက်၏ ဟု မြတ်စွာဘုရားသည် အထက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

(ဓမ္မပဒ ၉-ပါပဝဂ်၊ ကုက္ကုဋမိတ္တနေသာဒဝတ္ထု)

**၁၅ မပြစ်မှားထိုက်သောရဟန္တာကိုပြစ်မှားသဖြင့် မိမိအပြစ်မိမိပင်ခံရကြောင်း ဒေသနာတော်**

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ယော ဗာလော၊ အကြင်သူမိုက်သည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော။ သုဒ္ဓဿ၊ စင်ကြယ်သော။အနင်္ဂဏဿ၊ ကိလေသာမရှိသော။ နရဿပေါသဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဒုဿတိ၊ ပြစ်မှားအံ့။ ပဋိဝါတံ၊ လေညာသို့။ ခိတ္တော၊ ပစ်အပ်သော။ သုခုမော၊ သိမ်မွေ့သော။ ရဇော၊ မြူသည်။ တမေဝ၊ထိုပစ်တတ်သော သူသို့သာလျှင်။ ပစ္စေတိ ဣဝ၊ ရှေးရှုလာသကဲ့သို့။ တမေဝ ဗာလံ၊ ထိုပြစ်မှားသော သူမိုက်သို့သာလျှင်။ပါပံ၊ မကောင်းမှု အကျိုးသည်။ ပစ္စေတိ၊ ရှေးရှုလာ၏။

**အဓိပ္ပါယ်။** ။တောလိုက် မုဆိုးတယောက်သည် အမဲလိုက် ခွေးများနှင့်အတူ မြို့မှထွက်၍ တောသို့ဝင်၏၊ အဝင်တွင် တောမှထွက်၍ ဆွမ်းအလို့ငှါ

www.burmeseclassic.com



မြို့သို့ဝင်သော ရဟန်းတပါး နှင့် လမ်းခရီး၌ ဆုံ၏၊ ယင်းသို့ ဆုံမိစဉ် မုဆိုးသည် စိတ် မကြည်မသာဖြင့် ရဟန္တာအား ကြည့်လျက် ဒီသူယုတ်မာနှင့် တွေ့လျှင် သားကောင်တော့ ရလိမ့်မည်မဟုတ်ဟု ရဟန္တာအား ကျိန်ဆဲ၏၊ ကျိန်ဆဲပြီး၍ စိတ်မကြည်မသာနှင့် တောသို့ ဝင်၏၊ တောသို့ဝင်သော်လည်း မည်သည့် သားကောင်မှ မရသဖြင့် အမျက်ဒေါသဖြင့် တောမှ ပြန်ထွက်၍ လာ၏၊ သို့ပြန်ထွက်လာလျှင် ထိုနေရာ၌ပင် ယခင် ရဟန္တာဆွမ်းခံမှအပြန်နှင့် တွေ့ပြန်၏၊ ယင်းသို့ တွေ့စဉ် "ဟဲ့ သူယုတ်မာ....သင့်ကြောင့် ငါ့မှာ သားကောင်မရ ဖြစ်ရသည်၊သားကောင်အစား သင့်ကိုပင် ခွေးစာကျွေးမည်ဟု ခွေးများကို ကြိုးဖြေ၍လွှတ်၏၊ရဟန္တာသည် ထိုမုဆိုးအားမပြုလုပ်ရန် တောင်းပန်လျက် ပြေး၏၊ ပြေးပြီး နီးရာသစ်ပင် တပင်ပေါ်သို့ တသူခန့်မျှ တက်ပြီးလျှင် ရပ်၍ နေ၏၊ (လက်ခုပ် တဖောင်ကို တသူဟု ခေါ်၏) ထိုအခါ မုဆိုးသည် ရဟန္တာအား ဟဲ့လူယုတ်မာ....သင်ပြေး၍လွတ်နိုင်ရိုးလားဟု ပြောဆိုကာ အောက်မှနေ၍ မြှားအချွန်ဖြင့် ရဟန္တာ၏ ခြေဖဝါးသို့ ခုန်၍ ခုန်၍ ထိုး၏၊ ထိုအခါ ရဟန္တာသည် ရပ်တည်ရာ မရနိုင်တော့၍ ကိုယ်ရုံသင်္ကန်းသည် ကျွတ်သဖြင့် အောက်မှာ ရှိသော မုဆိုးအပေါ်သို့ အုပ်၍ ကျ၏၊ ထိုအခိုက်တွင် အောက်မှ ခွေးတို့သည် အပေါ်မှ ရဟန္တာ ကျလာပြီအထင်နှင့် သင်္ကန်းဖြင့် အုပ်၍ နေသော မိမိသခင် မုဆိုးအား ရဟန္တာဟု အမြင်မှားကာ အသေ ကိုက်သတ်၍ အသားတို့ကို စားကြလေ၏၊ထို့ကြောင့် အထက်ပါဒေသနာတော်ကို မြတ်စွာဘုရား ဟောတော်မူ၏။

(ဓမ္မပဒ ၉-ပါပဝဂ်၊ ၉-ကောကသုနခလုဒ္ဒကဝတ္ထု)

၁၆ မည်သည့်အရပ်တွင် ပုန်းအောင်း၍နေစေကာမူ သေခြင်းမှမလွတ်နိုင်သော ဒေသနာတော်

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊ ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

www.burmeseclassic.com

www.burmeseclassic.com



အန္တလိက္ခေ၊ ကောင်းကင်၌။ ဌိတောပိ၊ တည်၍နေသော်လည်း။ မစ္စုနော၊ သေမင်းလက်မှ။ န မုစ္စေယျ၊ မလွတ်ကင်းရာ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ဌိတောပိ၊ တည်၍နေသော်လည်း။ န မုစ္စေယျ၊ မလွတ်ကင်းရာ။ ပဗ္ဗတာနံ ဝိဝရံ၊ တောင်ခေါင်းတွင်းသို့၊ ပဝိဿ၊ ဝင်၍နေသော်လည်း။ န မုစ္စေယျ၊ မလွတ်ကင်းရာ။ ယတြ၊ အကြင်အရပ်၌။ ဌိတံ၊ တည်သောသူကို။ မစ္စု၊ သေမင်းသည်။နပ္ပသဟေယျ၊မညှဉ်းဆဲရာ။သော ဇဂတိပ္ပဒေသော၊ ထိုသေမင်း မနှိပ်စက်နိုင်သော အရပ်သည်။ နံ ဝိဇ္ဇတေ၊ မရှိပြီ။

**အဓိပ္ပါယ်။** ။သမီးဖြစ်သူ ယသောဓရာမင်းသမီးကို စွန့်ပစ်ခြင်းကြောင့်၎င်း၊ သား ဒေဝဒတ်ကိုလည်း သံဃာ့အဖွဲ့မှ နှင်ထုတ်ခြင်းကြောင့်၎င်း မြတ်စွာဘုရား အပေါ်၌ မကျေမနပ်ဖြစ်ကာ ငြိုးငြင်လာသဖြင့် မြတ်စွာဘုရား ဆွမ်းခံရာလမ်း၌ သုပ္ပဗုဒ္ဓ မင်းသည် ပရိသတ်နှင့်တကွ လမ်းကိုပိတ်လျက် ဘုရားမကြွနိုင်ရန် ဆန့်ကျင်ဘက်ပြု၍နေ၏၊ ယင်းသို့ ပြုလုပ်ခြင်းကို မြတ်စွာဘုရားက "ဤမင်းသည် (၇) ရက် အတွင်း၌ မြေမျိုလိမ့်မည်"ဟု မိန့်တော်မူ၏၊ ယင်းသို့ မိန့်ဆိုသည်ကို သုပ္ပဗုဒ္ဓမင်း ကြားသိ၍ ဘုံ (၇) ဆင့်ပေါ်သို့ တက်၍ နေ၏၊ ယင်းသို့ နေစဉ် (၇)ရက်ပြည့်သော နေ့၌ ၎င်း၏ စီးတော်မြင်းကို အကြောင်းပြု၍ မြေသို့မဆင်းလျှင် မဖြစ်တော့သောအကြောင်းကြောင့် မေ့လျော့ကာ မြေသို့ ဆင်း၍လာ၏၊ ယင်းသို့ ဆင်းလာသည့် အခိုက်အတန့်၌ပင် မြေကြီးသည် သုပ္ပဗုဒ္ဓမင်းအားဟက်တက်ကွဲ၍မျိုတော့၏၊ ထို့ကြောင့် သေဘေးမှ လွတ်အောင်ပြေး၍ရသော အရပ်သည် မရှိပြီဟု မြတ်စွာ ဘုရားသည် အထက်ပါဒေသနာတော်ကို ဟောတော်မူ၏။

(ဓမ္မပဒ ၉-ပါပဝဂ်၊ ၁၂-သုပ္ပဗုဒ္ဓသက္ကဝတ္ထု)

၁၇ **သေမင်းသည် သတ္တဝါတို့၏အသက်ကို အိုခြင်းသေခြင်းဖြင့် မောင်းနှင်ကုန် ၏ ဟူသော ဒေသနာတော်**

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

ဂေါပါလော၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊ လှံတံဖြင့်။ ဂါဝေါ၊ နွားတို့ကို။ဂေါစရံ၊ကျက်စားရာအရပ်သို့။ပါဇေတိယထာ၊မောင်းနှင်သကဲ့သို့။

www.burmeseclassic.com

www.burmeseclassic.com



ဝေဝတထာ၊ ထို့အတူ။ ဇရာ စ၊ အိုခြင်းသည်၎င်း။ မစ္စု စ၊ သေခြင်းသည်၎င်း။ ပါဏိနံ၊ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ ပါဇေန္တိ၊ မောင်းနှင်ကုန်၏။

**အဓိပ္ပါယ်။** ။ကျောင်းအမ ဝိသာခါ၏ ဥပုသ်သည်မ ၅၀၀-တို့သည် ဥပုသ်၏ အကျိုးအတွက် သံသရာမှ လွတ်မြောက်မှုဆိုကို မတောင်းမူ၍ လောကီ အကျိုးကိုသာ ဆုတောင်းကြသဖြင့် မြတ်စွာဘုရားမှ အပြစ်ဆိုတော် မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

(ဓမ္မပဒ ၁၀-ဒဏ္ဍဝဂ်၊ ၅-ဥပေါသထိကဇ္ဈတ္တိနံ ဝတ္ထု)

**၁၈ မိမိကိုယ်ကို ရှေးဦးစွာဆုံးမပြီးမှ သူတပါးအား ဆုံးမသင့်ကြောင်း ဒေသနာတော်**

အတ္တာနမေဝ ပထမံ၊ ပတိရူပေ နိဝေသယေ။
အထညံ မနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

အတ္တာနမေဝ၊ မိမိကိုယ်ကို သာလျှင်။ ပထမံ၊ ရှေးဦးစွာ။ ပတိရူပေ၊ သင့်လျော်လျောက်ပတ်သော အကျင့်၌။ နိဝေသယေ၊ တည်ရှိစေရာ၏။ အထ၊ ထိုနောင်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ အစဉ်ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ န ကိလိဿေယျ၊ သူတပါးတို့၏ ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

**အဓိပ္ပါယ်။** ။သူတပါးတို့အား တရားလယ်၍ ဟောကာဖြင့် နေလေ့ရှိသော တရားဟော ကောင်းသော ဥပနန္ဒမထေရ်သည် မိမိ ကိုယ်တိုင်က သင့်လျော် လျောက်ပတ်သော အကျင့်၌ မတည်ရှိသဖြင့် မိမိကိုယ် တိုင်က သင့်လျော်သော အကျင့်ကို ကျင့်ပြီးပါမှ သူတပါးတို့အား အစဉ် ဆုံးမပါဟု မြတ်စွာဘုရားမှ ဟောတော်မူ၏။

(ဓမ္မပဒ ၁၂-အတ္တဝဂ်၊ ၂-ဥပနန္ဒထေရသကျပုတ္တဝတ္ထု)

**၁၉ သူတပါးကို ဆုံးမရလွယ်သလောက် မိမိကိုယ်ကို ဆုံးမသည့်အခါ မလွယ် ကြောင်း ဒေသနာတော်**

အတ္တာနဉ္စေ တထာ ကယိရာ၊ ယထာည မနုသာသတိ။
သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ ဒုဒ္ဒမော။

ယထာ၊ အကြင် အခြင်းအရာဖြင့်။ အညံ၊ သူတပါးကို။ အနုသာသတိ၊ အစဉ်ဆုံးမ၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ အတ္တာနဉ္စေ-အတ္တာနဉ္စေ၊ မိမိ၏

www.burmeseclassic.com



ကိုယ်ကိုသာလျှင်။ ကယိရာ၊ ထိုနည်းတူစွာ ပြုကျင့်ရာ၏။ သုဒန္တော ဝတ၊ မိမိ ကိုယ်ကိုယ်ဦးကျေးပြီးသည် ဖြစ်၍သာလျှင်။ ဒမေထ၊ ဆုံးမရာ၏။ဟိ၊ ထိုစကား သင့်စွ။အတ္တာ၊မိမိကိုယ်သည်။ဒုဒ္ဒမော ကိရ၊ဆုံးမခြင်းငှါအလွန်ခဲယဉ်းသတတ်။

**အဓိပ္ပါယ်။** ။ပဓာနိက တိဿမထေရ်သည် သူတပါးတို့အား အကျင့်ဖြင့် ညွှန်ပြဆုံးမ၏၊ သို့သော် သူတပါးတို့အား ညွှန်ပြ ဆုံးမသလို မိမိကိုယ် တိုင်က မကျင့်ကြံပဲ နေ၏၊ ထို့ကြောင့် သူတပါးတို့အား အခြင်း အရာ အမျိုးမျိုးနှင့် ဆုံးမတတ်သော သူသည် မိမိကိုယ်ကိုလည်း ဤအတိုင်းပင် ဆုံးမရာ၏၊ သို့သော် သူတပါးတို့အား ဆုံးမရလွယ်ကူ သလောက် မိမိကိုယ်ကို ပြန်၍ဆုံးမရသည်မှာ အလွန်ပင် ခက်ခဲလှ၏ဟု ပဓာနိက တိဿမထေရ်ကို ဆုံးမတော်မူခဲ့လေ၏။

(ဓမ္မပဒ ၁၂-အတ္တဝဂ်၊ ၃-ပဓာနိကတိဿမထေရ်ဝတ္ထု)

## ၂၀ မိမိကိုယ်ကိုသာလျှင် အားကိုးရာအမှန်ဖြစ်ကြောင်း ဒေသနာတော်

အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။

အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဗ္ဘတိ ဒုလ္လဘံ။

အတ္တာ ဟိ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ ပရော၊ မိမိမှ တပါးဖြစ်သော။ ကော၊ အဘယ်မည်သောသူသည်။ နာထော၊ အဘယ်သူ၏ ကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်နိုင်အံ့နည်း။ သုဒန္တေန၊ ကောင်းစွာ ဣန္ဒြေကို ဆုံးမခြင်းဖြင့်။ ဒုလ္လဘံ၊ ရနိုင် ခဲလှသော။ နာထံ၊ အရဟတ္တဖိုလ်တည်းဟူသော မှီခိုရာကို။ လဗ္ဘတိ၊ ရနိုင်၏။

**အဓိပ္ပါယ်။** ။ကုမာရကဿပ မယ်တော်သည် မိမိ၏ သားအား ချစ်ခြင်း မေတ္တာနှင့် သားအား အစဉ်တွေ့လိုသည်ဖြစ်၍ တရားပင် အားမထုတ် နိုင်ပဲ သားကို တွေ့မြင်နိုင်ရန် တောင့်တလျက် ရှိ၏၊ ထိုအခါ မြတ်စွာ ဘုရားက ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းရန် အလို့ငှါ သားကိုပင် အားကိုး၍ ရနိုင်မည်မဟုတ်၊ မိမိကိုယ်ကို မိမိအားကိုး၍ ဝိပဿနာ ပွားများမှ သာလျှင် နိဗ္ဗာန်သို့ ရောက်နိုင်မည် ဖြစ်ကြောင်း တရားပြသဖြင့် ကုမာရကဿပ မယ်တော်သည် တရားရ၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထို့ကြောင့်အထက်ပါဒေသနာတော်ကို မြတ်စွာဘုရားဟောတော်မူ၏။

(ဓမ္မပဒ ၁၂၊ အတ္တဝဂ်၊ ၄-ကုမာရကဿပမာတာဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



**၂၃ အသက်ကြီးလျက် အကြားမမြင် မရှိသူသည် (လူ)ကြီးသည်နှင့် မတူ ကြောင်း ဒေသနာတော်**

အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဍန္တိ၊ ပညာ တဿ န ဝဍ္ဍတိ။

အပ္ပဿုတော၊ နည်းသော အကြားအမြင် ရှိသော။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ ဗလိဗဒ္ဒေါ၊ နွားလား ကဲ့သို့။ (ဝါ) နွားကဲ့သို့။ ဇီရတိ၊ ကြီးပြင်း၏။ တဿ၊ ထိုနည်းသော အကြားအမြင်ရှိသော ယောကျ်ားအား။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဍန္တိ၊ တိုးပွားကုန်၏။ တဿ၊ ထိုသူအား။ ပညာ၊ အသိပညာသည်။ န ဝဍ္ဍတိ၊ မတိုးပွား။

**အဓိပ္ပါယ်။** ။လာဠုဒါယီမထေရ်သည် မင်္ဂလာရှိသောအခါ၌ မင်္ဂလာမရှိသော စကားတို့ကို ပြော၏၊ မင်္ဂလာမရှိသောအခါ၌ မင်္ဂလာရှိသော စကားတို့ကို ပြော၏၊ထိုအချင်းအရာကို မြတ်စွာဘုရားမှကြားသိတော်မူသောအခါ အသက်ကြီးသူသည် အသက်ကြီးသည်နှင့်အမျှ အသိပညာဗဟုသုတနှင့် ပြည့်စုံရမည်၊ အသိပညာ ဗဟုသုတ မရှိပါက (လူ)ကြီးသည်နှင့်မတူ၊(နွား)ကြီးသည်နှင့်တူ၏၊ နွားသည် အဘယ်သို့ သဘောရှိသနည်း၊ နွားငယ်ကလေးအဖြစ်မှ နွားကြီး အဖြစ်သို့ ကူးပြောင်း၍ လာသော်လည်း အသားများသာတိုးပွား၍လာပေ၏၊ အသိတရားဟူ၍ အနည်းငယ်မျှ တိုးပွား၍မလာ၊ ထို့ကြောင့် လူဖြစ်သူသည် အသက်ကြီးသည်နှင့် အမျှ အသိပညာ ဗဟုသုတနှင့် ပြည့်စုံ တိုးပွားရမည်၊ယင်းသို့ပြည့်စုံတိုးပွားမှသာလျှင် လူကြီးသည်နှင့်တူ၏ဟု အထက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

(ဓမ္မပဒ ၁၁-ဇရာဝဂ်၊ ၇-လာဠုဒါယီထေရဝတ္ထု)

**၂၂ ရဟန်းတို့သည် ညီညွတ်ခြင်းနှင့် ချီးခြံစွာကျင့်ခြင်းသည် ချမ်းသာ၏ ဟူသော ဒေသနာတော်**

သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ပွင့်တော်မူခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ သဒ္ဓမ္မဒေသနာ၊သူတော်ကောင်းတရားကို ဟောကြားခြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သုခါ၊ ချမ်းသာ၏။ သံဃာနံ၊ သံဃာတော်၏။ သာမဂ္ဂီ၊ ညီညွတ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သမဂ္ဂါနံ၊ ညီညွတ်ကုန်သော ရဟန်း အဖွဲ့အစည်းတို့၏။ တပေါ၊ ခြိုးခြံသော အကျင့်သည်။ သုခေါ၊ ချမ်းသာ၏။

**အဓိပ္ပါယ်။** ။ရဟန်း တစုတို့သည် ကာမဂုဏ် တရားနှင့် မွေ့လျော်ပါက ချမ်းသာ၏၊ မင်း၏ စည်းစိမ်သာလျှင် ချမ်းသာ၏၊ အစားကောင်း စားရ၍နေခြင်းသည် ချမ်းသာ၏ ဟု အငြင်းပွားကာ နေကြသည်တွင် မြတ်စွာဘုရားမှ ကြားသိတော်မူ၍ မည်သည့်စည်းစိမ်မှ ချမ်းသာမှု မရှိ၊ သံဃာညီညွတ်ခြင်း အဖွဲ့ညီညွတ်ခြင်းသည်သာ ချမ်းသာမှုအစစ် ဖြစ်ပေ၏ ဟု ဟောကြားတော်မူပေ၏။

(ဓမ္မပဒ ၁၄-ဗုဒ္ဓဝဂ်၊ ၇-သမ္ဗဟုလဘိက္ခုဝတ္ထု)

၂၃ နိုင်လျှင်ရန်များ ရှုံးလျှင်ဆင်းရဲ အနိုင်အရှုံးကိုအလိုမရှိသူသည် စိတ်ချမ်းသာ၏ဟူသော ဒေသနာတော်

ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။
ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယပရာဇယံ။

ဇယံ-ဇယန္တော၊ သူတပါးကို အောင်နိုင်သော သူသည်။ ဝေရံ၊ ရန်ကို။ ပသဝတိ၊ ပွားစေ၏။ (ဝါ) ရန်များ၏။ ပရာဇိတော၊ ရှုံးသောသူသည်။ ဒုက္ခံ၊ ဆင်းရဲငြိုငြင်စွာ။ သေတိ၊ နေရ၏။ ဥပသန္တော၊ ကိလေသာ မီးကို ငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဇယပရာဇယံ၊ အောင်ခြင်း, ရှုံးခြင်းကို။ ဟိတွာ၊ စွန့်ပယ်၍။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

**အဓိပ္ပါယ်။** ။တနေ့သောအခါ ကောသလဘုရင်ကြီးသည် တူတော်မောင် အဇာတသတ်မင်းနှင့် စစ်ထိုးရာတွင် စစ်ရှုံးလာသဖြင့် သလွန်ညောင် စောင်းပေါ်၌ တလူးလူး တလိမ့်လိမ့်နှင့် ညည်းညူကာ နေစဉ်တွင် ရဟန်းအများ တွေ့မြင်သွားသဖြင့် မြတ်စွာဘုရားအား လျှောက်ထား လေသောအခါ ချစ်သားရဟန်းတို့.... သူတပါးကို အောင်နိုင်သော သူသည် ရန်များ၏၊ ရှုံးသောသူသည်လည်း စိတ်ဆင်းရဲ၏၊ နိုင်သည် ကိုလည်း အလိုမရှိ၊ ရှုံးသည်ကိုလည်း အလိုမရှိသော သူတို့သာလျှင် အလွန်ပင် စိတ်ချမ်းသာ၏ဟု အထက်ပါဒေသနာကို ဟောတော်မူ၏။

(ဓမ္မပဒ ၁၅-သုခဝဂ်၊ ၃-ကောသလရညော ပရာဇယဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



**၂၄ ရာဂမီးလောက်ပူသောမီးသည် မရှိပြီဟူသော ဒေသနာတော်**

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိပရံ သုခံ။

ရာဂသမော၊ ရာဂနှင့်တူသော။ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဒေါသသမော၊ ဒေါသနှင့်တူသော။ ကလိ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲခြင်း အကြောင်း မည်သည်။ နတ္ထိ၊ မရှိ။ သန္တိပရံ၊ နိဗ္ဗာန်ထက် သာလွန်သော။ သုခံ၊ ချမ်းသာခြင်းမည်သည်။ နတ္ထိ၊ မရှိ။

**အဓိပ္ပါယ်။** ။ရာဂမီးသည် အလွန်ပင် ပူပြင်းလှ၏၊ ရာဂမီးလောက် ပူသောမီးသည်မရှိ၊ အမျက်ဒေါသသည် အလွန်ပင် အပြစ်ကြီး၏၊ အမျက်ဒေါသလောက်ကြီးသော အပြစ်သည် မရှိ၊ ခန္ဓာဝန်ကို ထမ်းဆောင်ရသော ဆင်းရဲခြင်းသည် အလွန်ပင်ဆင်းရဲ၏၊ နိဗ္ဗာန် ချမ်းသာထက် သာလွန်သော ချမ်းသာခြင်းသည်လည်း မရှိပြီဟု မြတ်စွာဘုရားသည် အထက်ပါဒေသနာတော်ကို ဟောတော်မူ၏။

(ဓမ္မပဒ ၁၅-သုခဝဂ်၊ ၄-အညတြဝတ္ထု)

**၂၅ အနာကင်းခြင်းသည် ကြီးစွာသော လာဘ်တပါးဟု ဟောသော ဒေသနာတော်**

အာရောဂျ ပရမံ လာဘံ၊ သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသာ ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

အာရောဂျ၊ အနာကင်းခြင်းသည်။ ပရမံ၊ လွန်ကဲသော။ လာဘံ၊ လာဘ်တည်း။ သန္တုဋ္ဌိ၊ မိမိရအပ်သော ဥစ္စာဖြင့် ရောင့်ရဲခြင်းသည်။ ပရမံ၊ လွန်ကဲသော။ ဓနံ၊ ဥစ္စာတည်း။ ဝိဿာသာ၊ ချစ်ကျွမ်းဝင်ခြင်းသည်။ ပရမာ၊ လွန်ကဲကောင်းမြတ်သော။ ဉာတိ၊ အဆွေအမျိုးတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ လွန်ကဲသော။ သုခံ၊ ချမ်းသာခြင်းတည်း။

**အဓိပ္ပါယ်။** ။ကောသလဘုရင်ကြီးသည် အစာကို လွန်ကဲစွာ စား၏၊ ထိုသို့စားသည်ကို သင့်လျော်အောင် လျော့၍ စားရန် မြတ်စွာဘုရားမှ ဆုံးမတော်မူသောကြောင့် ထက်ဝက်မျှသော အစာကို လျော့၍ စားသောအခါကျန်းမာလာ၏။ယင်းသို့အစားလျော့စားခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသော အခါ မြတ်စွာဘုရားမှ အထက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။
(ဓမ္မပဒ ၁၅-သုခဝဂ်၊ ၆-ပသေနဒိကောသလဝတ္ထု)

၂၆ သံချေးသည် သံကိုပင် ပြန်၍စားသည်ဟူသော ဒေသနာတော်

အယသာဝ မလံ သမုဋ္ဌာယ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ၊ သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ ။

မလံ၊ သံချေးသည်။ အယသာဝ၊ သံမှသာလျှင်။ သမုဋ္ဌာယ၊ ဖြစ်၍။ တတော၊ ထိုသံမှ။ ဥဋ္ဌာယ၊ ထ၍။ တမေဝ၊ ထိုသံကိုသာလျှင်။ ခါဒတိ ဣဝ၊ စားဘိသကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ အတိဓောနစာရိနံ၊ ပစ္စည်းလေးပါးတို့၌ မဆင်ခြင်ပဲ သုံးဆောင်သော ရဟန်းကိုသာ။ သာနိ ကမ္မာနိ၊ မိမိ၌ဖြစ်၍ မိမိဥစ္စာဖြစ်ကုန်သော ထိုမကောင်းမှုကံတို့သည်။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့။နယန္တိ၊ ဆောင်ကုန်၏။

**အဓိပ္ပါယ်။** ။တိဿရဟန်းကြီးသည် နှမ (သို့မဟုတ်) အမ၏ ရက်လုပ်ပေးသော နူးညံ့သော သင်္ကန်းကို မနက်ဖြန်မှ ဝတ်ရုံမည်ဟု စွဲလမ်းကာ နေစဉ် ရောဂါတခုဖြင့် ထိုညဉ့်၌ပင် ပျံလွန်တော်မူ၏၊ ထိုသင်္ကန်းကို စွဲလမ်း၍ ပျံလွန်တော်မူသဖြင့် မိမိကျင့်ခဲ့သောအကျင့်ဖြင့်သုဂတိဘုံသို့ လားနိုင်ပါလျက်သေခါနီးအခါ၌ ဂတိလွဲမှားသောစိတ်ကြောင့်ဒုဂ္ဂတိဘုံသို့လားကာယင်းသင်္ကန်း၌ပင် သန်းကြီးမကြီး အဖြစ်သို့ ကျရောက်ခဲ့၏၊ထိုကြောင့်ကောင်းမှုတွေ မည်မျှပင် ပြုလုပ်ခဲ့စေကာမူသေခါနီး၌ ဂတိတချက်မှားပါက ပြိတ္တာဘဝသို့ ကျရောက်တတ်သည်ဟု အထက်ပါ ဒေသနာတော်ကို မြတ်စွာဘုရား ဟောတော်မူ၏။
(ဓမ္မပဒ ၁၈-မလဝဂ်၊ ၃-တိဿထေရဝတ္ထု)

၂၇ မမြဲသော သင်္ခါရတရားကို ရှုမြင်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်သော ဒေသနာတော်

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်

www.burmeseclassic.com

www.burmeseclassic.com



အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့ ရှုမြင်သည်ရှိသော်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ-ဧသော၊ ဤသို့ ငြီးငွေ့သည်ရှိသော်။ ဝိသုဒ္ဓိယာ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ခြင်း၏။ မဂ္ဂေါ၊ လမ်းကြောင်းတည်း။ (အနိစ္စလက္ခဏာ မည်၏)

**၂၈ ဆင်းရဲသော သင်္ခါရတရားကို ရှုမြင်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်သော ဒေသနာတော်**

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲကြကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့ရှုမြင်သည်ရှိသော်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ-ဧသော၊ ဤသို့ ငြီးငွေ့သည်ရှိသော်။ ဝိသုဒ္ဓိယာ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ခြင်း၏။ မဂ္ဂေါ၊ လမ်းကြောင်းတည်း။ (ဒုက္ခလက္ခဏာ မည်၏)

**၂၉ အစိုးမရသော သင်္ခါရတရားကို ရှုမြင်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်သော ဒေသနာတော်**

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်ကြကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့ရှုမြင်သည်ရှိသော်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ-ဧသော၊ ဤသို့ငြီးငွေ့သည်ရှိသော်။ ဝိသုဒ္ဓိယာ၊ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ခြင်း၏။ မဂ္ဂေါ၊ လမ်းကြောင်းတည်း။ (အနတ္တလက္ခဏာ မည်၏)

**အစိပ္ပါယ်။** ။ဤဒေသနာတော်သုံးပါးသည် ဓမ္မပဒ ပါဠိတော် ၂၀-မဂ္ဂဝဂ်၊ ၂-၃-၄ လက္ခဏာဝတ္ထုတို့၌ ရဟန်းနှင့် ရဟန်းမိန်းမများကို ဟောတော်မူသော ဒေသနာတော် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**၃၀ နှိပ်စက်အပ်သော သေမင်းကို တားဆီးနိုင်သူမရှိကြောင်း ဒေသနာတော်**

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။

အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

အန္တကေန၊ သေမင်းယုတ်သည်။ အဓိပန္နဿ၊ နှိပ်စက်အပ်သောသူအား။ တာဏာယ၊ တားဆီးနိုင်ခြင်းငှါ။ ပုတ္တာ၊ သားသမီးတို့သည်။ န သန္တိ၊ မရှိကုန်။ ပိတာပိ၊အမိအဖတို့သည်လည်း။ န သန္တိ၊ မရှိကုန်။ ဗန္ဓဝါပိ၊ အဆွေခင်ပွန်းတို့သည်လည်း။ န သန္တိ၊ မရှိကုန်။ ဉာတီသု၊ အဆွေအမျိုးတို့၌။ အန္တကေန၊ သေမင်းယုတ်အား။ တာဏတာ၊ တားဆီးနိုင်သောသူသည်။ နတ္ထိ၊ မရှိ။

**အဓိပ္ပါယ်။** ။ပဋာစာရီ သူဌေးသမီးသည် လင်သေ, သားနှစ်ယောက်သေ, မောင်နှင့် မိဘနှစ်ပါးလည်း သေသည်ဖြစ်၍၊ ယင်းသို့သေသည်ရှိသော် သောက, ပရိဒေဝ နှိပ်စက်သဖြင့် ထောက်တည်ရာမရ ရူးသွပ်ကာ ဘုရားကျောင်းတော်သို့ ရောက်သွား၏၊ ထိုအခါ မြတ်စွာဘုရားက "ချစ်သမီး...သင်၏ စိတ်တို့သည် မိဘမွေးသည့်အတိုင်း ရှိလော"ဟု မိန့်တော်မူပြီးလျှင်၊ ချစ်သမီး...သေမင်းမှ နှိပ်စက်အံ့သော အခါ လင်သည်ရှင်း၊ သားသည်ရှင်း၊ မိဘ ဆွေမျိုးတို့သည်ရှင်း မည်သူမျှ သေမင်းကို မတားဆီးနိုင်ကြောင်းကို မြတ်စွာဘုရားသည် ဤဒေသနာ တော်ဖြင့် ဟောတော်မူ၏။

(ဓမ္မပဒ ၂၀-မဂ္ဂဝဂ်၊ ၁၂-ပဋာစာရီဝတ္ထု)

**၃၁ ယုတ်မာသော အကျင့်ကို ကျင့်သောရဟန်းများသည် အပါယ်သို့ရောက် မည်ဖြစ်ကြောင်း ဒေသနာတော်**

ကာသာဝကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။

ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

ကာသာဝကဏ္ဌာ၊ သင်္ကန်းကို လည်ပင်း၌ ကပ်ရောက်ကုန်သော။ ဗဟဝေါ၊ များစွာကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသော အကျင့်ကို ကျင့်ကြကုန်သော။ အသညတာ၊ ကိုယ်နှုတ်တို့သည် စောင့်စည်းခြင်း မရှိကြကုန်သော။ ပါပါ၊ ယုတ်မာကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ပါပေဟိ၊ ယုတ်မာကုန်သော။ ကမ္မေဟိ၊ မိမိတို့ကိုယ်တိုင်ပြုသော မကောင်းမှုအကုသိုလ်ကံတို့ကြောင့်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇရေ၊ ဖြစ်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



**အဓိပ္ပါယ်။** ။ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းတစုတို့သည် ရဟန်း၏ အကျင့်ကို မကျင့်ပါပဲလျက် ရဟန်းတို့နှင့် မလျော်သော အကျင့်ကို ကျင့်သည့်အတွက် အပါယ်ငရဲသို့ ကျရောက်ပြီး၊ ထိုမှ တဖန် ဂေါတမဘုရား လက်ထက်တော်သို့ ရောက်သောအခါ ဂိဇ္ဈကုဋ်တောင်၌ ရဟန်းပြိတ္တာများ ဖြစ်ကြရကုန်၏၊ ထိုအကြောင်းကို ရှင်မောဂ္ဂလာန်မှ တဆင့် မြတ်စွာဘုရားသည် ဟောတော်မူပေ၏။

(ဓမ္မပဒ ၂၂-နိရယဝဂ်၊ ၁-ဒုစ္စရိတဖလပီဠိတ ဝတ္ထု)

**၃၂ ကိုယ်နှုတ်နှလုံး မစောင့်စည်းပဲ ဒါယကာလှူသော ဆွမ်းကို စားသော ရဟန်းသည် သံတွေခဲမျိုရသည်က မြတ်၏ ဟူသော ဒေသနာတော်**

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။

ဒုဿီလော၊ သီလမရှိသော ရဟန်းသည်။ အသညတော၊ ကိုယ်အမှုအရာ နှုတ်အမှုအရာတို့ကို စောင့်စည်းခြင်းမရှိပါပဲလျက်။ ရဋ္ဌပိဏ္ဍံ၊ ပြည်သူပြည်သား ဒါယကာ ဒါယိကာမများတို့ သဒ္ဓါ၍လှူသော ဆွမ်းကို။ ယဉ္စေ ဘုဉ္ဇေယျ၊ အကြင်စားငြားအံ့။ တတော၊ ထိုဆွမ်းကို စားသောထက်။ တတ္တော၊ ရဲရဲညီး ပူလောင်သော။ အဂ္ဂိသိခူပမော၊ မီးအလျှံ အဆင်းနှင့်တူသော။ အယောဂုဠော၊ သံတွေခဲကို သာလျှင်။ ဘုတ္တော၊ စားရခြင်းသည်။ သေယျော၊ အလွန် မြတ်သေး၏။

**အဓိပ္ပါယ်။** ။ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေထိုင်ကြသော ရဟန်းတစုတို့သည် ရဟန်းအကျင့်မကျင့်ကြပဲလျက် ပစ္စည်းလေးပါး အလို့ငှါ မိမိတို့အား အထင်ကြီးစေလျက် ဒါယကာ ဒါယိကာမတို့ အပေါ်၌ လိမ်ညာ၍ စားသောက်ကြ၏၊ ယင်းသို့ စားသောက်ကြသည်ကို မြတ်စွာဘုရားမှ သိရှိတော်မူသောအခါ ထိုရဟန်းတို့အား ပစ္စည်းလေးပါးကို ရလို့မှုဖြင့် ဒါယကာတို့အပေါ်၌ လိမ်ညာ၍စားသောထက် ရဲရဲညီးပူလောင်သော သံတွေခဲကိုသာ မျိုချသည်က ဤဘဝ ဤခန္ဓာကိုယ် တခုတည်းသာ ပျက်စီးမည်ဖြစ်၍ မြတ်သေး၏၊ ပစ္စည်းလေးပါးအလို့ငှါ ဒါယကာတို့ အပေါ်၌ လိမ်ညာ၍ စားသည်ရှိသော် ခန္ဓာကိုယ်ပေါင်း မြောက်မြား

www.burmeseclassic.com

www.burmeseclassic.com



စွာ အပါယ်ငရဲ၌ ပျက်စီးလိမ့်မည် ဟု ဟောတော်မူသော ဒေသနာ ဖြစ်ပေသည်။

(ဓမ္မပဒ ၂၂-နိရယဝဂ်၊ ၃-ဝဋ္ဋမုဒါတိရိယတိက္ခ ဝတ္ထု)

**၃၃ သူတပါးမယား မှီဝဲသူသည် အပါယ်သို့ လားရကြောင်း ဒေသနာတော်**

စတ္တာရိ ဌာနာနိ နရော ပမတ္တော၊ အာပဇ္ဇတိ ပရဒါရူပသေဝီ။

အပုညလာဘံ န နိကာမသေယ်ျံ၊ နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။

ပရဒါရူပသေဝီ၊ သူတပါး မယားကို မှီဝဲလိုက်စားလေ့ရှိသော။ ပမတ္တော၊ သတိမေ့လျော့ခြင်း ရှိသော။ နရော၊ လူသည်။ အပုညလာဘံ၊ မကောင်းမှု အကုသိုလ်ရခြင်းသို့၎င်း။ န နိကာမသေယ်ျံ၊ အလိုရှိတိုင်း မအိပ်ရခြင်းသို့၎င်း။ တတိယံ၊ သုံးခုမြောက်သော။ နိန္ဒံ၊ ကဲ့ရဲ့ခံရခြင်းသို့၎င်း။ စတုတ္ထံ၊ လေးခုမြောက်သော။ နိရယံ၊ ငရဲခံရခြင်းသို့၎င်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဌာနာနိ၊ ဆင်းရဲခြင်း၏ အကြောင်းတို့သို့။ အာပဇ္ဇတိ၊ ရောက်၏။

**အဓိပ္ပါယ်။** ။အနာထပိဏ်သူဌေး၏ တူဖြစ်သော ခေမက သူဌေးသားသည် အလွန် အဆင်းလှ၏၊ မိန်းမတို့သည် ထိုသူဌေးသားကို မြင်ပါက ရာဂဖြင့် နှိပ်စက်၍ မိမိသဘောဖြင့် ကောင်းစွာ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ထိုအခွင့်အရေးကို သူဌေးသား ခေမကသည် အပြည့် အဝခံစား၏၊ ထိုအဖြစ်ကြောင့် မင်းချင်းယောကျ်ားတို့၏ အကြိမ်ကြိမ် ဖမ်းဆီးခြင်းကို ခံရ၏၊ နောက်ဆုံးတွင် အနာထပိဏ်သူဌေးက မြတ်စွာ ဘုရားထံသို့ ပို့သောအခါ ဘုရားမှ အထက်ပါ ဒေသနာတော်ကို ဟောပြောပြသ ဆိုဆုံးမတော်မူသဖြင့် သောတာပန် အဖြစ်ကို ရ၏။

(ဓမ္မပဒ ၂၂-နိရယဝဂ်၊ ၄-ခေမကသေဋ္ဌိပုတ္တဝတ္ထု)

**၃၄ မြတ်သောအလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍လှူဒါန်းသင့်ကြောင်းဒေသနာတော်**

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဝိစေယျ ဒါနံ သုဂတပ္ပသဋ္ဌံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။

ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

ယတ္ထ၊ အကြင် ပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးလှူအပ်သော အလှူဒါနသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဝိစေယျ၊ ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



စိစစ်၍။ ဒါနံ၊ အလှူဒါနကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဝိစေယျ၊ မြတ်သော အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်၍။ ဒါနံ၊ ပေးသောအလှူကို။ သုဂတပ္ပသင်္ဌံ၊ ဘုရားရှင်တို့သည် ချီးမွမ်းအပ်၏။ ဣဓ ဇီဝလောကေ၊ ဤသတ္တလောက၌။ ယေ ဒက္ခိဏေယျာ၊ အကြင်မြတ်သောအလှူခံပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေသု၊ထိုမြတ်သော အလှူခံပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ပေးလှူအပ်သော အလှူဒါနတို့သည်။သုခေတ္တေ၊ လယ်ယာမြေကောင်း၌။ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိ ယထာ၊ မျိုးစေ့တို့ကဲ့သို့။ မဟပ္ဖလာနိ၊ များသောအကျိုးရှိကုန်၏။

**အဓိပ္ပါယ်။** ။လယ်ယာမြေကောင်းကို ရွေးချယ်၍ စိုက်ပျိုးသောကောက်ပဲ သီးနှံတို့သည် စည်ကားစွာ သီးပွင့်ကြ၏၊ ယင်းသို့ သီးပွင့်ကြသကဲ့သို့ စိုက်ပျိုးသော သူများမှာလည်း အကျိုးများစွာ ခံစားရ၏၊ ယင်းသို့ ခံစားရသကဲ့သို့ ထို့အတူ ဒါနမှု ပြုလုပ်ရာ၌လည်း မြတ်သော အလှူခံ ပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်၍ လှူခြင်းအားဖြင့် အလှူရှင် တို့မှာလည်း များစွာသော အကျိုးကို ခံစားရ၏ ဟု ဟောတော်မူ၏။

(ဓမ္မပဒ အဋ္ဌကထာ ၂၄-တဏှာဝဂ်၊ အင်္ကုရဝတ္ထု)

၃၅ သံဃိကဝတ္ထုပစ္စည်းကိုစားမိ၍ ပြိတ္တာဖြစ်ရသော ကျီးကန်း ဒေသနာတော်

(က) ပဉ္စယောဇနိကာ ဇိဝှါ၊ သီသံ တေ နဝယောဇနံ။
ကာယော အစ္စုဂ္ဂတော တုယှံ၊ ပဉ္စဝီသတိယောဇနံ။
ကိံ နု ကမ္မံ ကရိတွာန၊ ပတ္တောသိ ဒုက္ခမီဒိသံ။

(က) ဘော၊ အို.... ကျီးပြိတ္တာ။ တေ၊ သင်၏။ ဇိဝှါ၊ လျှာသည်။ ပဉ္စယောဇနိကာ၊ ငါးယူဇနာ ရှိ၏။ သီသံ၊ ဦးခေါင်းသည်။ နဝယောဇနံ၊ ကိုးယူဇနာရှိ၏။ တုယှံ၊ သင်၏။ကာယော၊ ကိုယ်သည်။ ပဉ္စဝီသတိယောဇနံ၊ ၂၅-ယူဇနာသို့တိုင်အောင်။အစ္စုဂ္ဂတော၊အထက်သို့မြင့်တက်၏။တွံ၊ သင်သည်။ ကိံ ကမ္မံ၊ အဘယ်သို့သော မကောင်းမှု အကုသိုလ်ကံကို။ ကရိတွာန၊ ပြုခဲ့မိသောကြောင့်။ ဤဒိသံ၊ ဤသို့သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ ပတ္တော၊ ရောက်သည်။ အသိနု၊ ဖြစ်ရလေဘိသနည်း။

**အဓိပ္ပါယ်။** ။အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ဂိဇ္ဈကုဋ်တောင်သို့ကြွသွား စဉ် လျှာ ငါးယူဇနာ, ဦးခေါင်း ကိုးယူဇနာ, ကိုယ် ၂၅-ယူဇနာ

www.burmeseclassic.com



ရှိသဖြင့် အော်မြည်လျက်ရှိနေသော းကျီပြိတ္တာတကောင်ကို မြင်တွေ့၍၊ မြင်တွေ့သောအခါ ယင်းပြိတ္တာ၏ အဖြစ်ကို ရှင်မောဂ္ဂလာန်မှ အထက်ပါ ဂါထာဖြင့် မေးမြန်း၏၊ ထိုအခါကျီးပြိတ္တာမှ အောက်ပါအတိုင်း လျှောက်ထား၏။

(ခ) အဟံ ဘန္တေ မောဂ္ဂလာန၊ ကဿပဿ မဟေသိနော။
သံဃဿ အာဘတံ ဘတ္တံ၊ အာဟာရေသိံ ယဒိစ္ဆကံ။

(ခ) ဘန္တေ မောဂ္ဂလာန၊ အရှင်ဘုရား မောဂ္ဂလာန်။ အဟံ၊ ဘုရားတပည့်တော် ကျီးပြိတ္တာသည်။ ကဿပဿမဟေသိနော၊ ကဿပမြတ်စွာဘုရားသခင်၏။ သံဃဿ၊ သံဃာတော်တို့အလို့ငှါ။ အာဘတံ၊ ရွှေရှူဆောင်ယူထားအပ်သော။ ဘတ္တံ၊ ဆွမ်းကို။ ယဒိစ္ဆကံ၊ အလိုရှိသည့်အတိုင်း။ အာဟာရေသိံ၊ နှုတ်သီးဖြင့် ဆောင်ယူခဲ့ဘူးပါသည်ဘုရား။

**အဓိပ္ပါယ်။** ။အရှင်ဘုရားမောဂ္ဂလာန် အကျွန်ုပ် ကျီးပြိတ္တာသည် ကဿပမြတ်စွာဘုရား လတ်ထက်တော် အခါ၌ သံဃာတော်များ အတွက် လှူဒါန်းရန် ယူဆောင်၍ လာသောဆွမ်းကို လမ်းခုလပ်မှ နှုတ်သီးဖြင့် သုံးကြိမ်ထိုးသုတ်၍ ယူစားမိပါသည်ဘုရား၊ ထိုဆွမ်းသည် သံဃာပိုင်သော ဆွမ်းလည်း မဟုတ်သေးပါ၊ လှူလည်း မလှူရသေးပါ၊ လှူရန်ရည်ရွယ်၍ ဟူဆောင်လာကာမျှ လမ်းခုလပ်၌သာရှိသော ဆွမ်းဖြစ်ပါသည် ဘုရား၊ ထိုသို့ရည်မှန်းကာထားသော သံဃာ့ ပစ္စည်းကိုယူစားမိသည့်အတွက် အဝီစိငရဲ၌ များစွာသော နှစ်တို့ကာလပတ်လုံး ခံခဲ့ရပါသည်၊ ထိုမှတဖန် လွတ်ပြန်ပါသော်လည်း ဤဂိဇ္ဈကုဋ်တောင်၌ ကျီးပြိတ္တာအဖြစ်နှင့် အော်မြည်ကာ နေရပါသည်ဘုရား ဟု လျှောက်ထားလေ၏။

(ဓမ္မပဒပါဠိ အဋ္ဌကထာ၊ ၅-ဗာလဝဂ်၊ ၁၂-ကာကပေတံဝတ္ထု)

၃၆ ဘုရားကိုသာရှိခိုး၍မနေပဲ တရားကိုသာလျှင်ကျင့်အပ်သောဒေသနာတော်

ဣမိနာ ပူတိကာယေန၊ ဒိဋ္ဌေန ကိံ တေ ဝက္ကလိ။
ဓမ္မံ ပဿတိ မံ ပဿ၊ ဓမ္မဥ္စ မံ န ပဿတိ။

ဝက္ကလိ၊ ငါ့ထံပါး၌ အမြဲနေရပါလျက် ဘာမှန်းမသိတဲ့ ဝက္ကလိ ရဟန်း။ မိနဣာ ပူတိကာယေန၊ ဤခန္ဓာကိုယ်ရုပ် ငါဗုဒ္ဓအကောင်ပုပ်ကို။ ဒိဋ္ဌေန၊ အမြဲ

www.burmeseclassic.com



မပြတ် ရှိခိုး ပူဇော်နေခြင်းဖြင့်။ တေ၊ သင့်အား။ ကိံ၊ ဘာအကျိုးတရား ရတော့အံ့နည်း။ ဓမ္မံ၊ ငါဟုဒ္ဓဟောကြားသော တရားတော်မြတ်ကို။ ပဿတိ၊ ဟုတ်တိုင်းမှန်ရာ ရှုမြင်နိုင်သည်ဖြစ်အံ့။ မံ၊ ငါဗုဒ္ဓကို။ ပဿ-ပဿတိ၊အမြဲမပြတ် ရှိခိုးပူဇော်၍ နေသည်မည်၏။ ဓမ္မံ၊ အနတ္တညာဏ်စစ် တရားအနှစ်ကို။ န ပဿတိ၊ မရှုမမြင်၍ နေပါမူကား။ မံ၊ ငါဗုဒ္ဓကို။ န ပဿတိ၊ ဘုရား ဘုရား ဟု တမ်းတကာ ကြည်ညိုရ၍ နေပါသော်လည်း ဗုဒ္ဓရတနာအစစ်ကို ဘယ်အခါမှ မတွေ့ရ လေတော့သတည်း။

**အဓိပ္ပါယ်။** ။ မြတ်စွာဘုရား၌ အလွန်ပင် ချစ်ခင်ကြည်ညိုသော ဝက္ကလိရဟန်း ကြီးသည် မြတ်စွာဘုရား၏ အပါးတော်၌ မည်သို့မျှမသွားပဲ အမြဲ မပြတ် ရှိခိုး၍နေ၏၊ ထိုအခါ မြတ်စွာဘုရားက အထက်ပါ အတိုင်း ငါဗုဒ္ဓအား ပုဂ္ဂိုလ်စွဲဖြင့် ရှိခိုးနေခြင်းသည် သင်၌ ဘာအကျိုးမှမရှိ၊ အချည်းနှီးသာ ဖြစ်၏၊ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်မည်မဟုတ်ပေ၊ ငါဘုရား ဟောကြားတော်မူသော တရားကို ကျင့်ကြံအားထုတ်မှ သာလျှင် သံသရာဝဋ်ကကျွတ်လွတ်၍ သင်၌ အကျိုးရှိမည်ဖြစ်ကြောင်း အချို့သော ရဟန်းတို့သည် ငါဟောသော တရားကို ကျင့်ကြသဖြင့် သောတာပန် စသည် အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြပြီ ဖြစ်ကြောင်း၊ သင်သာလျှင် ငါဟောသည့်တရားကို မကျင့်ပဲနှင့် ငါ့အား ရှိခိုးကာ နေသည်ဖြစ်၍ ယခုအချိန်သို့တိုင် သင့်အား ဘာအကျိုးမှ မခံစားရ၊ ထို့ကြောင့် တရားကိုသာ ကျင့်ရန် ဝက္ကလိ ရဟန်းကြီးအား ဆုံးမတော်မူ၏။

(ဓမ္မပဒ ပါဠိအဋ္ဌကထာ ၂၅-ဘိက္ခုဝဂ်၊ ၁၁-ဝက္ကလိထေရဝတ္ထု)

### ၃၇ ဘုရားအနေ့ကဇာတင် ဒေသနာတော်

(က) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(ခ) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

www.burmeseclassic.com

www.burmeseclassic.com



(က) ဂဟာကာရက၊ခန္ဓာအိမ်ကိုကြိမ်ဖန်များစွာ ဆောက်လုပ်၍လာသော တဏှာယောကျ်ား ဟယ်....လက်သမား။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေ နေရခြင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲလှ၏။ တသ္မာ၊ ထိုကြောင့်။ ပဟာကာရံ- ဂဝေသန္တော၊ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍လာသော တဏှာယောကျ်ား သင်လက်သမားကို ရှာဖွေသော။ အဟံ၊ ငါသည်။အနိဗ္ဗိသံ-အဝိန္ဒန္တော၊ သင့်ကိုမြင်နိုင် ဉာဏ်မဏ္ဍိုင်ကို လက်ကိုင် မရသောကြောင့်သာလျှင်။အနေကဇာတိသံသာရံ၊ဘဝများစွာသံသရာ ကာလ ပတ်လုံး။ဝါ၊လေးသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး။သန္ဓာဝိဿံသံသာရိ၊ ကျင်လည်ခဲ့ရလေပြီ။ ဝါ ထိုထိုဤဤ အတည်မနား ပြေးသွားခဲ့ရလှလေပြီ။

(ခ) ဂဟာကာရက၊ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍လာသော တဏှာယောကျ်ား ဟယ်....လက်သမား။ တွံ၊ သင့်ကို။ ဒိဋ္ဌောသိ၊ ယခုဒိဋ္ဌ ငါမြင်ရသည်။ အသိ၊ ဖြစ်ပြီ။ တွံ၊ သင်သည်။ ပုန၊ တဖန်။ ဂေဟံ၊အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို။ န ကာဟသိ၊ မပြုရတော့အံ့။ တေ၊ သင်၏။ သဗ္ဗာ၊ အလုံးစုံသော။ ဖာသုကာ၊ ကိလေသာတည်းဟူသော အခြင်ရနယ် အသွယ်သွယ်တို့ကို။ ဘဂ္ဂါ၊ ဖျက်အပ်ကုန်ပြီ။ တေ၊ သင်၏။ ဂဟကူဋံ၊ ခန္ဓာ အိမ်၏ အဝိဇ္ဇာတည်းဟူသော အထွဋ်ကို။ ဝိသင်္ခတံ၊ ချွတ်ဖျက်လိုက်ပေပြီ။မေ၊ ငါ၏။ စိတ္တံ၊ စိတ်တော်သည်။ ဝိသင်္ခါရဂတံ၊ နိဗ္ဗာန်ရွှေဘုံကို အာရုံပြုသော အားဖြင့် ရောက်ပေပြီ။ တဏှာနံ၊ တဏှာအစစ် တရာ့ရှစ်တို့၏။ ခယံ၊ ကုန်ရာ ကုန်ကြောင်း အကောင်းဆုံးခေါ်ဆို အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ငါရပေပြီ။ အစိပ္ပါယ်။ ။မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသောအခါဝမ်းမြောက် ရွှင်လန်းစွာဥဒါန်းကျူးရင့်တော်မူသောအနေကဇာတင်ဂါထာဖြစ်၏။

(ဓမ္မပဒ ၁၁-ရာဇဝဂ်၊ ဂ-အာနန္ဒာထေရဝတ္ထု)

**၃ဂ အမျက်ဒေါသကို ပယ်သတ်ခြင်းဖြင့် ချမ်းသာစွာ နေရကြောင်း ဒေသနာတော်**

(က) ကိံသု ဆေတွာ သုခံ သေတိ၊ ကိံသု ဆေတွာ န သောစတိ။
ကိဿသု ဧကဓမ္မဿ၊ ဝဓံ ရောစတိ ဂေါတမ။

(က) ဘော ဂေါတမ၊ အိုး....ရှင်ဂေါတမ။ ကိံသု၊ အဘယ်ကို။ဆေတွာ၊ သတ်ဖြတ်ခြင်းကြောင့်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရသနည်း။ ကိံသု၊

www.burmeseclassic.com

www.burmeseclassic.com



အဘာယ်ကို။ ဆေတွာ၊ သတ်ဖြတ်ခြင်းကြောင့်။ န သောစတိ၊ မစိုးရိမ်ရသနည်း။ ကိဿသု၊ အဘယ်သို့သော။ ဧကဓမ္မဿ၊ တခုသောတရားအား။ ဝဓံ၊ သတ်ဖြတ်ခြင်းကို။ ရောစေတိ၊ အလိုရှိဘိသနည်း။

**အဓိပ္ပါယ်။** ။မိမိမယားကိုမနိုင်သော အင်္ကောသပုဏ္ဏားကြီးသည် မိမိမယားကိုးကွယ်သောမြတ်စွာဘုရားကို ရန်ရှာလိုသောသဘောဖြင့် မည်သည့်အရာကို သတ်ရမည်နည်း ဟု အထက်ပါဂါထာဖြင့် မြတ်စွာဘုရားအား ပြဿနာကို မေးရာ မြတ်စွာဘုရားမှ အောက်ပါဂါထာဖြင့်ဟော၏။

(ခ) ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ န သောစတိ။
ကောဓဿ ဝိသမူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊ တံဟိ ဆေတွာ န သောစတိ။

(ခ) ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ကောဓံ၊ အမျက်ဒေါသကို။ ဆေတွာ၊ သတ်ဖြတ်သောကြောင့်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။ ကောဓံ၊ အမျက်ဒေါသကို။ ဆေတွာ၊ သတ်ဖြတ်သောကြောင့်။ န သောစတိ၊ မစိုးရိမ်ရ။ ဝိသမူလဿ၊ ဆင်းရဲခြင်း၏ အကျိုးဝိပါက်ဖြစ်သော။ မဓုရဂ္ဂဿ၊ လက်စားချေရမှ ကျေနပ်နှစ်သိမ့်လေ့ရှိသော။ ကောဓဿ၊ အမျက်ဒေါသအား။ ဝဓံ၊ သတ်ဖြတ်သောသူကို။ အရိယာ၊ ဘုရားရဟန္တာနှင့် တကွ ပညာရှိ အပေါင်းတို့သည်။ ပသံသန္တိ၊ ချီးမွမ်းတော်မူကြကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ တံ၊ ထိုအမျက်ဒေါသကို။ ဆေတွာ၊ သတ်ဖြတ်သောကြောင့်။ န သောစတိ၊ မစိုးရိမ်ရ။

**အဓိပ္ပါယ်။** ။မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအား ဤသို့ မိန့်တော်မူ၏၊ ပုဏ္ဏားကြီး....လက်စားပြန်၍ချေရမှ ကျေနပ်နှစ်သိမ့်၍စိတ်ဉ်သာယာမှု ရှိသော အမျက်ဒေါသကို ပယ်သတ်ခြင်းဖြင့် ချမ်းသာစွာလည်း နေရ၏၊ စိုးရိမ်ကြောင့်ကြမှုလည်း မရှိ၊ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းများလည်း ချီးမွမ်းကြ၏၊ ထိုကြောင့် ပုဏ္ဏားကြီး.... အမျက်ဒေါသကို သတ်ခြင်းအားဖြင့် ချမ်းသာစွာနေရ၏ဟု ဟောတော်မူ၏၊ ထိုအခါ ပုဏ္ဏားကြီးသည် သံဝေဂရရှိပြီး ရဟန္တာအဖြစ်သို့ ရောက်၏။

(ဓမ္မပဒ ၂၆-ဗြာဟ္မဏဝဂ်၊ ၁၆-အင်္ကောသပုဏ္ဏား ဝတ္ထု)

ဓမ္မပဒ ပါဠိတော်ကောက်နုတ်ချက်ကား၊ နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# လောကနီတိကျမ်း ၁-ပဏ္ဍိတကဏ္ဍ

## ၁ ပျင်းရိသောသူ၌ အတတ်ပညာ မရရှိနိုင်ကြောင်း ပါဠိအနက်

(၃) အလသဿ ကုတော သိပ္ပံ၊ အသိပ္ပဿ ကုတော ဓနံ။
အဓနဿ ကုတော မိတ္တံ၊ အမိတ္တဿ ကုတော သုခံ။
အသုခဿ ကုတော ပုညံ၊ အပုညဿ ကုတော ဝရံ။

အလသဿ၊ ပျင်းသောသူအား၊ ကုတော၊ သိပ္ပံ၊ အတတ်ပညာ အဘယ်သို့ တတ်နိုင်ပါအံ့နည်း။ အသိပ္ပဿ၊ အတတ်ပညာမရှိသောသူအား။ ကုတော၊ ဓနံ၊ ဥစ္စာအဘယ်သို့ရနိုင်အံ့နည်း။ အဓနဿ၊ ဥစ္စာမရှိသောသူအား။ ကုတော၊ မိတ္တံ၊ အဆွေခင်ပွန်းကောင်း အဘယ်မှာ ရနိုင်အံ့နည်း။ အမိတ္တဿ၊ အဆွေခင်ပွန်းကောင်း မရှိသောသူအား။ ကုတော သုခံ၊ ချမ်းသာအဘယ်မှာ ရနိုင်အံ့နည်း။ အသုခဿ၊ ချမ်းသာမှုမရှိသော သူအား။ ကုတော ပုညံ၊ ကောင်းမှု အဘယ်သို့ ပြုနိုင်အံ့နည်း။ အပုညဿ၊ ကောင်းမှုမရှိသောသူအား။ ကုတော ဝရံ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို အဘယ်သို့ ရောက်နိုင်အံ့နည်း။

## ၂ အတတ်ပညာနှင့် တူသော ဥစ္စာသည်မရှိကြောင်း ပါဠိအနက်

(၄) သိပ္ပါ သမံ ဓနံ နတ္ထိ၊ သိပ္ပံ စောရာ န ဂဏှန္တိ။
ဣဓ လောကေ သိပ္ပံ မိတ္တံ၊ ပရလောကေ သုခါဝဟံ။

သိပ္ပါ၊ အတတ်ပညာနှင့်။ သမံ၊ တူသော။ ဓနံ၊ ဥစ္စာသည်။ နတ္ထိ၊ မရှိ။ သိပ္ပံ၊ အတတ်ပညာကို။ စောရာ၊ ခိုးသူတို့သည်။ န ဂဏှန္တိ၊ မယူနိုင်ကုန်။ ဣဓ လောကေ၊ ဤလောက၌။ သိပ္ပံ၊ အတတ်ပညာသည်။ မိတ္တံ၊ အဆွေခင်ပွန်း ကောင်းမည်၏။ ပရလောကေ၊ တမလွန်ဘဝ၌။ သုခါဝဟံ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆောင်တတ်၏။

## ၃ အတတ်ပညာကို ဖြေးဖြေးသင်အပ်ကြောင်း ပါဠိအနက်

(၅) သနေ သိပ္ပံ သနေ ဓနံ၊ သနေ ပဗ္ဗတ မာရုဟံ။
သနေ ကာမဿ ကောဓဿ၊ ဣမေ ပဉ္စ သနေ သနေ။

သိပ္ပံ၊ အတတ်ပညာကို။ သနေ၊ ဖြေးဖြေးသာလျှင် သင်အပ်၏။ ဓနံ၊ ဥစ္စာကို။ သနေ၊ ဖြေးဖြေးသာလျှင် ရှာအပ်၏။ ပဗ္ဗတံ၊ တောင်ကို။ အာရုဟံ၊

www.burmeseclassic.com

www.burmeseclassic.com



အာရုဟန္တော၊တက်သောသူသည်။ သနေ၊ ဖြေးဖြေးသာ တက်ရာ၏။ကာမဿ၊ ကာမဂုဏ်ခံစားရာ၌။ သနေ၊ ဖြေးဖြေးသာလျှင်ခံစားရာ၏၊ ကောဓဿ၊အမျက် ထွက်ရာ၌လည်း။ သနေ၊ ဖြေးဖြေးသာလျှင် ထွက်ရာ၏။ဣမေ ပဉ္စ၊ ဤငါးပါး သော အမှုကိစ္စတို့ကို။ သနေ သနေ၊ ဖြေးဖြေးသာလျှင် ကျင့်ရာ၏။

## ၄ အဋ္ဌာရသ (၁၈) ရပ်သော ပညာအကြောင်း ပါဠိအနက်

(၁၀) သုတိ သမ္မုတိ သင်္ချာ စ၊ ယောဂါ နီတိ ဝိသေသကာ။
ဂန္ဓဗ္ဗာ ဂဏိကာ စေဝ၊ ဓနုဗေဒါ စ ပူရဏာ။

(၁၁) တိကိစ္ဆာ ဣတိဟာသာ စ၊ ဇောတိမာယာ စ ဆန္ဒတိ။
ကေတု မန္တာ စ သဒ္ဒါ စ၊ သိပ္ပါဋ္ဌာရသကာ ဣမေ။

(၁၀) သုတိ စ၊ အကြားအမြင်အတတ်ရှင်း။ သမ္မုတိ စ၊ တရားစီရင်ရေး ဓမ္မသတ်အတတ်ရှင်း။ သင်္ချာ စ၊ ဂဏန်းသင်္ချာအတတ်ရှင်း။ ယောဂါ စ၊ စူးဆောက် တန်ဆာပလာအတတ်ရှင်း။ နီတိ စ၊ နီတိကျမ်းအတတ်ရှင်း။ ဝိသေသကာ စ၊ဃာယီ ယတြာ ဗျာကရိုဏ်းအတတ်ရှင်း။ဂန္ဓဗ္ဗာ စ၊စောင်းငြင်း ပတ်သာ တေးကဗျာ အတတ်ရှင်း။ ဂဏိကာ စေဝ၊ လက်ပစ်အတတ်ရှင်း။ ဓနုဗေဒါ စ၊ လေးမြှားအတတ်ရှင်း။ ပူရဏာ စ၊ ရှေးဟောင်း စကား အတတ်ရှင်း။

(၁၁) တိကိစ္ဆာစ၊ ဆေးအတတ်ရှင်း။ ဣတိဟာသာ စ၊ ရယ်ရွှင်ဖွယ်ရာ အတတ်ရှင်း။ ဇောတိ စ၊ ဗေဒင်အတတ်ရှင်း။ မာယာ စ၊ လှည့်စားတတ် သော အတတ်ရှင်း။ ဆန္ဒတိ စ၊ ဆန်းကျမ်းအတတ်ရှင်း။ ကေတု စ၊ သိတမန် အတတ်ရှင်း။ မန္တာ စ၊ဂါထာမန္တန်အတတ်ရှင်း။ သဒ္ဒါ စ၊ သဒ္ဒါကျမ်းအတတ် ရှင်း။ ဣမေ၊ ဤသည်တို့သည်ကား။အဋ္ဌာရသကာ၊ တဆယ့်ရှစ်ပါးကုန်သော။ သိပ္ပါ၊ အတတ်ပညာတို့တည်း။

## ၅ ပညာရှိသူတို့သည် မမေးမူကား မပြောဆိုကြောင်း ပါဠိအနက်

(၁၂) အပုဋ္ဌော ပဏ္ဍိတော ဘေရီ၊ ပဇ္ဇုန္နော ဟောတိ ပုစ္ဆိတော။
ဗာလော ပုဋ္ဌော အပုဋ္ဌောပိ၊ ဗဟုမ္ပိ ဘဏတေ သဒါ။

လောကေ၊ လောက၌။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ အပုဋ္ဌော၊ သူမမေးမူကား။ ဘေရီ၊စည်ကြီးသဖွယ်။ဟောတိ၊ ဖြစ်၏။ ပုစ္ဆိတော၊သူတည်း

www.burmeseclassic.com



မေးမူကား။ ပဏ္ဍုန္ဒော၊ မိုးကြီးသဖွယ်။ ဟောတိ၊ ဖြစ်၏။ လောကေ၊ လောက၌။ ဗာလော၊ သူမိုက်သည်။ ပုဋ္ဌောပိ၊ မေးသော်ရင်း။ အပုဋ္ဌောပိ၊ မမေးသော်ရင်း။ သဒါ၊ အခါခပ်သိမ်း။ ဗဟုမ္ပိ၊ များစွာလည်း။ ဘာသတေ၊ ပြောတတ်သ ၊လျှင်ကတည်း။

၆ ရေအတိမ် အနက်ကို ကြာရိုးကို ကြည့်သဖြင့် သိအပ်ကြောင်းပါဠိအနက်

(၁၄) ဇလပ္ပမာဏံ ကုမုဒနာဠံ၊ ကုလပ္ပမာဏံ ဝိနယောပဓာနံ။
ဗျတ္တိပမာဏံ ကထိတဝါကျံ၊ ပထဝီပမာဏံ တိဏမိလာတံ။

ဇလပ္ပမာဏံ၊ ရေအတိမ်အနက်ကို။ ကုမုဒနာဠံ၊ ကြာရိုးကို မြင်သဖြင့် သိအပ်၏။ ကုလပ္ပမာဏံ၊ အမျိုးကောင်း, မကောင်းကို။ ဝိနယောပဓာနံ၊ ကိုယ်အမူအရာနှုတ်အမူအရာကြည့်ခြင်းဖြင့်သိနိုင်၏။ ဗျတ္တိပမာဏံ၊ ပညာရှိမရှိကို၊ ကထိတဝါကျံ၊ သူဆိုအပ်သော စကားဖြင့် သိနိုင်၏။ ပထဝီပမာဏံ၊ မြေကောင်း မကောင်းကို။ တိဏမိလာတံ၊ မြက်ညှိုးမညှိုးကို မြင်သဖြင့် သိနိုင်၏။

၇ အတတ်နှင့်တူသော မိတ်ဆွေမရှိကြောင်း ပါဠိအနက်

(၂၃) နတ္ထိ ဝိဇ္ဇာသမံ မိတ္တံ၊ န စ ဗျာဓိသမော ရိပု။
န စ အတ္တသမံ ပေမံ၊ န စ ကမ္မသမံ ဗလံ။

ဝိဇ္ဇာသမံ၊ အတတ်နှင့်တူသော။ မိတ္တံ၊ အဆွေခင်ပွန်းသည်။ နတ္ထိ၊ မရှိ။ ဗျာဓိသမော၊ အနာနှင့်တူသော။ ရိပု၊ ရန်သူမည်သည်။ နတ္ထိ၊ မရှိ။ အတ္တသမံ၊ မိမိနှင့်တူမျှသော။ ပေမံ၊ ချစ်အပ်သောသူသည်။ န စ အတ္ထိ၊ မရှိ။ ကမ္မသမံ၊ ကံနှင့်တူသော။ ဗလံ၊ အားသည်။ န စ အတ္ထိ၊ မရှိ။

၈ ကျီးကန်းတို့အလယ်၌ ဟင်္သာသည် မတင့်တယ်ကြောင်း ပါဠိအနက်

(၂၄) ဟံသော မဇ္ဈေ န ကာကာနံ၊ သီဟော ဂုန္နံ န သောဘတေ။
ဂဒြဘမဇ္ဈေ တုရင်္ဂေါ၊ ဗာလမဇ္ဈေ စ ပဏ္ဍိတော။

ဟံသော၊ ဟင်္သာသည်။ ကာကာနံ၊ ကျီးတို့၏။ မဇ္ဈေ၊ အလယ်၌။ န သောဘတေ၊ မတင့်တယ်။ သီဟော၊ ခြင်္သေ့သည်။ ဂုန္နံ၊ နွားတို့၏။ မဇ္ဈေ၊ အလယ်၌။ န သောဘတေ၊ မတင့်တယ်။ တုရင်္ဂေါ၊ မြင်းသည်။ ဂဒြဘမဇ္ဈေ၊ မြည်းတို့၏ အလယ်၌။ န သောဘတေ၊ မတင့်တယ်။ ဗာလမဇ္ဈေ၊ သူမိုက်တို့၏ အလယ်၌။ ပဏ္ဍိတော၊ ပညာရှိသည်။ န သောဘတေ၊ မတင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**၉ အရှူးနှင့်တူသူ လေးယောက် ပါဠိအနက်**

(၃၀) အဓနဿ ရသံ ခါဒါ၊ အဗလဿ ဟတာ နရာ။
အပညဿ ဝါကျကထာ၊ ဥမ္မတ္တကသမာ ဣမေ။

အဓနဿ၊ ဥစ္စာမရှိပဲလျက်။ ရသံခါဒါ၊ အရသာ အစားကြူးသောသူ။ အဗလဿ၊ ခွန်အားမရှိပဲလျက်။ ဟတာ နရာ၊ အသတ်အပုတ် ကြိုက်တတ်သောသူ။ အပညဿ၊ ပညာမရှိပဲလျက်။ ဝါကျ ကထာ၊ စကား လိုလားသူ။ ဣမေ၊ ဤသည်တို့သည်ကား။ ဥမ္မတ္တကသမာ၊ အရူးနှင့်သာ တူကုန်၏။

**၁၀ သူယုတ်မာနှင့် တူသော လက္ခဏာသုံးပါး ပါဠိအနက်**

(၃၁) အနဝှါယံ ဂမယန္တော၊ အပုစ္ဆာ ဗဟုဘာသကော။
အတ္တဂုဏံ ပကာသန္တော၊ တိဝိဓံ ဟီနလက္ခဏံ။

အနဝှါယံ၊ သူမခေါ်ပဲလျက်။ ဂမယန္တော၊ သူ့အိမ်သို့ သွားဖန်များသောသူ။ အပုစ္ဆာ၊ သူမမေးပဲလျက်။ ဗဟုဘာသကော၊ များစွာ ပြောလေ့ရှိသောသူ။ အတ္တဂုဏံ၊ မိမိ၏ ဂုဏ်ကျေးဇူးကို။ ပကာသန္တော၊ ပလွှားတတ်သောသူ။ ဣမံ တိဝိဓံ၊ ဤ သုံးပါးသည်။ ဟီနလက္ခဏံ၊ သူသုတ်မာ၏ လက္ခဏာတည်း။

**၁၁ မရောင့်ရဲသူ လေးယောက် ပါဠိအနက်**

(၃၂) န တိတ္တော ရာဇာဓနေမှိ၊ ပဏ္ဍိတောပိ သုဘာသိတေ။
စက္ခုပိ ပိယဒဿနေ၊ န တိတ္တော သာဂရော ဇလေ။

ရာဇာ၊ မင်းမည်သည်ကား။ ဓနေမှိ၊ ဥစ္စာ၌။ န တိတ္တော၊ ရောင့်ရဲခြင်းမရှိ။ ပဏ္ဍိတော၊ ပညာရှိသည်လည်း။ သုဘာသိတေ၊ စကားကောင်း၌။ န တိတ္တော၊ ရောင့်ရဲခြင်းမရှိ။ စက္ခုပိ၊ မျက်စိသည်လည်း။ ပိယဒဿနေ၊ ချစ်သောသူကို မြင်ခြင်း၌။ န တိတ္တော၊ ရောင့်ရဲခြင်းမရှိ။ သာဂရော၊ သမုဒ္ဒရာသည်။ ဇလေ၊ ရေ၌။ န တိတ္တော၊ ရောင့်ရဲခြင်းမရှိ။

**၁၂ ယောကျ်ားများကို အထင်မသေးသင့်ကြောင်း ပါဠိအနက်**

(၃၃) ဟီနပုတ္တော ရာဇာမစ္စော၊ ဗာလပုတ္တော စ ပဏ္ဍိတော။
အဓနဿ ဓနံ ဗဟု၊ ပုရိသာနံ န မညထ။

www.burmeseclassic.com



ဟီနပုတ္တော၊ အမျိုးယုတ်သောသူ၏ သားဖြစ်လျက်လည်း။ ရာဇာမစ္စော၊ မင်းအမတ် ဖြစ်တတ်၏။ ဗာလပုတ္တော စ၊ သူမိုက်၏သား ဖြစ်လျက်လည်း။ ပဏ္ဍိတော၊ပညာရှိတတ်၏။အဓနဿ၊ဥစ္စာမရှိသောသူ၏ သားဖြစ်လျက်လည်း။ ဓနံ၊ ဥစ္စာသည်။ ဗဟု၊ များစွာရှိတတ်၏။ တသ္မာ၊ ထို့ကြောင့်။ ပုရိသာနံ၊ ယောကျ်ားတို့ကို။ န မညထ၊ မထေမဲ့မြင် မပြုကုန်ရာ။

## ၁၃ အမိယုတ် အဖယုတ်မှ မွေးသောသားသည် အမူအရာမကောင်းကြောင်း ပါဠိအနက်

(၅၂) မာတာဟီနဿ ဒုဗ္ဗာသာ၊ ပိတာဟီနဿ ဒုကြိယာ။
ဥဘော မာတာ ပိတာ ဟီနာ၊ ဒုဗ္ဗာသာ စ ဒုကိရိယာ။

မာတာဟီနဿ၊ အမိယုတ်သော သူအား။ ဒုဗ္ဗာသာ၊ စကားမကောင်း။ ပိတာ ဟီနဿ၊ အဖ ယုတ်သော သူအား။ ဒုကြိယာ၊ အကျင့် မကောင်း။ ဥဘော မာတာပိတာဟီနာ၊ အမိရော အဖပါ ယုတ်မူကား။ ဒုဗ္ဗာသာ စ၊ စကားလည်း မကောင်း။ ဒုကိရိယာ စ၊ အကျင့်လည်း မကောင်း။

## ၁၄ အမိမြတ် အဖမြတ်မှ မွေးသောသားသည် အမူအရာ ကောင်းကြောင်း ပါဠိအနက်

(၅၃) မာတာသေဋ္ဌဿ သုဘာသာ၊ ပိတာသေဋ္ဌဿ သုကြိယာ။
ဥဘော မာတာ ပိတာ သေဋ္ဌာ၊ သုဘာသာ စ သုကိရိယာ။

မာတာသေဋ္ဌဿ၊ အမိမြတ်သောသူအား။ သုဘာသာ၊ စကားကောင်း၏။ ပိတာသေဋ္ဌဿ၊ အဖမြတ်သော သူအား။ သုကြိယာ၊ အကျင့်ကောင်း၏။ ဥဘော မာတာပိတာသေဋ္ဌာ၊ အမိရော အဖပါ မြတ်မူကား။ သုဘာသာ စ၊ စကားလည်း ကောင်း၏။ သုကိရိယာ စ၊ အကျင့်လည်း ကောင်း၏။

## ၁၅ သူယုတ်မာ၏ မကောင်းသော အကျင့်အကြောင်း ပါဠိအနက်

(၅၅) သုနခေါ သုနခံ ဒိသွာ၊ ဒန္တံ ဒဿေတိ ဟိံသိတုံ။
ဒုဇ္ဇနော သုဇနံ ဒိသွာ၊ ရောသယံ ဟိံသ မိစ္ဆတိ။

သုနခေါ၊ ခွေးတကောင်သည်။ သုနခံ၊ ခွေးတကောင်ကို။ ဒိသွာ၊ မြင်၍။ ရောသယံ၊ ချုတ်ချယ်လျက်။ ဟိံသိတုံ၊ ညှဉ်းဆဲအံ့သောငှါ။ ဒန္တံ၊ သွားကို။ ဒဿေတိ၊ ပြ၏။ ဒုဇ္ဇနော၊ သူယုတ်သည်။ သုဇနံ၊ သူတော်ကောင်းကို။

www.burmeseclassic.com

www.burmeseclassic.com



ဒိသွာ၊ မြင်၍။ ရောသယံ၊ ချုတ်ချယ်အံ့သောငှါ။ ဟိံသံ၊ ညှဉ်းဆဲခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။

**၁၆ အုန်းသီးလောက်ကြီးသော မိမိအပြစ်ကို မမြင်၊ နှမ်းစေ့ခန့် ရှိသော သူတပါးအပြစ်ကို မြင်သော ပါဠိအနက်**

(၇၅) တိလမတ္တံ ပရေသံဝ၊ အပ္ပဒေါသဉ္စ ပဿတိ။
နာဠိကေရမ္ပိ သဒေါသံ၊ ခလဇာတော န ပဿတိ။

ခလဇာတော၊ ယုတ်သော သဘောရှိသောသူသည်။ ပရေသံဝ၊ သူတပါးတို့၏သာလျှင်။ တိလမတ္တံ၊ နှမ်းစေ့ခန့်မျှရှိသော။ အပ္ပဒေါသံ၊ နည်းသော အပြစ်ကို။ ပဿတိ၊ မြင်တတ်၏။ နာဠိကေရမ္ပိ၊ အုန်းသီးလောက်ရှိသည်လည်း ဖြစ်ထသော။ သဒေါသံ၊ မိမိ၏အပြစ်ကို။ န ပဿတိ၊ မမြင်တတ်။

**၁၇ ဥဩငှက်၏ အဆင်းသည် အသံသာဖြစ်ကြောင်း ပါဠိအနက်**

(၉၄) ကောကိလာနံ သရော ရူပံ၊ နာရီရူပံ ပတိဗ္ဗတံ။
ဝိဇ္ဇာ ရူပံ အရူပါနံ၊ ခမာ ရူပံ တပဿိနံ။

ကောကိလာနံ၊ ဥဩတို့၏။ ရူပံ၊ အဆင်းကား။ သရော၊ အသံတည်း။ နာရီရူပံ၊ မိန်းမတို့၏ အဆင်းကား။ ပတိဗ္ဗတံ၊ လင်ကို မြတ်နိုးစေခြင်းတည်း။ အရူပါနံ၊ ရုပ် ဆင်းသဏ္ဍာန် မကောင်းသော သူတို့၏။ ရူပံ၊ အဆင်းကား။ ဝိဇ္ဇာ၊ အတတ်တည်း။ တပဿိနံ၊ ရသေ့ ရဟန်းတို့၏။ ရူပံ၊ အဆင်းကား။ ခမာ၊ သည်းခံခြင်းတည်း။

**၁၈ မိန်းမတို့၏ ဥစ္စာကား အဆင်းသာ ဖြစ်ကြောင်း ပါဠိအနက်**

(၉၅) ဣတ္ထီနဉ္စ ဓနံ ရူပံ၊ ပုရိသာနံ ဝိဇ္ဇာ ဓနံ။
ဘိက္ခူနဉ္စ ဓနံ သီလံ၊ ရာဇာနဉ္စ ဓနံ ဗလံ။

ဣတ္ထီနံ၊ မိန်းမတို့၏။ ဓနံ၊ ဥစ္စာကား။ ရူပံ၊ အဆင်းတည်း။ ပုရိသာနံ၊ ယောကျ်ားတို့၏။ ဓနံ၊ ဥစ္စာကား။ ဝိဇ္ဇာ၊ အတတ်တည်း။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဓနံ၊ ဥစ္စာကား။ သီလံ၊ သီလတည်း။ ရာဇာနံ၊ မင်းတို့၏။ ဓနံ၊ ဥစ္စာကား။ ဗလံ၊ ရဲမက်ဗိုလ်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



၁၉ ထမင်းကို အစာမကြေမီ မချီးမွမ်းအပ်ကြောင်း ပါဠိအနက်

(၉၉) ဇိဏ္ဏမန္နံ ပသံသေယျ၊ ဒါရဉ္စ ဂတယောဗ္ဗနံ။
ရဏာ ပုနာဂတံ သူရံ၊ သဿဉ္စ ဂေဟမာဂတံ။

အန္နံ၊ ထမင်းကို။ ဇိဏ္ဏံ၊ အစာကြေမှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ ဒါရဉ္စ၊ မယားကိုလည်း။ ဂတယောဗ္ဗနံ၊ အရွယ်လွန်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ သူရံ၊ ရဲမက်ကို။ ရဏာ ပုနာဂတံ၊ စစ်အောင်၍ပြန်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။ သဿံ၊ ကောက်ကို။ ဂေဟမာဂတံ၊ အိမ်သို့ရောက်မှ။ ပသံသေယျ၊ ချီးမွမ်းရာ၏။

၂၀ နှစ်လင် သုံးထင် ပြောင်းပြီးသော မိန်းမသည် မာယာများတတ်ကြောင်း ပါဠိအနက်

(၁၀၀) ဒွိတ္တိပတိကာ နာရီ စ၊ ဘိက္ခု ဒွိတ္တိ ဝိဟာရိကော။
ဒွိတ္တိပါသမုတ္တော ပက္ခီ၊ ကတမာယာ ဗဟူတရံ။

ဒွိတ္တိပတိကာ၊ နှစ်လင် သုံးလင် ကွာပြီးသော။ နာရီ စ၊ မိန်းမသည်၎င်း။ ဒွိတ္တိဝိဟာရိကော၊ နှစ်ကျောင်း သုံးကျောင်း ပြောင်းပြီးသော။ ဘိက္ခု စ၊ ရဟန်းသည်၎င်း။ ဒွိတ္တိပါသမုတ္တော၊ ကျော့ကွင်းမှ နှစ်ကြိမ် သုံးကြိမ် လွတ်ပြီးသော။ ပက္ခီ စ၊ ငှက်သည်၎င်း။ ဗဟူတရံ၊ အလွန်များစွာ။ ကတမာယာ၊ ပြုအပ်သော မာယာရှိကုန်၏။

၂၁ သူယုတ်မာကို ပုတ်ခတ်ခြင်းဖြင့် ယဉ်ကျေးမည်ဖြစ်ကြောင်း ပါဠိအနက်

(၁၀၁) ဒုဇ္ဇနံ ပဟာရေ ဒန္တိ၊ အမိတ္တံ ဒန္တိ အဘာဏိကော။
ဣတ္ထိနံ ဗျာသနံ ဒန္တိ၊ ရောဂိနံ အပ္ပဘောဇနံ။

ဒုဇ္ဇနံ၊ သူယုတ်ကို။ ပဟာရေ၊ ပုတ်ခတ်ခြင်းဖြင့်။ ဒန္တိ၊ ယဉ်ကျေးရာ၏။ အမိတ္တံ၊ မကောင်းသော အဆွေခင်ပွန်းကို။ အဘာဏိကော၊ စကားဆိုမြဲကို မဆိုသဖြင့်။ ဒန္တိ၊ ယဉ်ကျေးရာ၏။ ဣတ္ထိနံ၊ မကောင်းသောမိန်းမကို။ ဗျာသနံ၊ စည်းစိမ်ကို မအပ်နှင်းသဖြင့်။ ဒန္တိ၊ ယဉ်ကျေးရာ၏။ ရောဂိနံ၊ အစာ၌တပ်မက်တတ်သောသူကို။ အပ္ပဘောဇနံ၊ အစားရှားခြင်းဖြင့်။ ဒန္တိ၊ ယဉ်ကျေးရာ၏။

၂၂ သားတရာပင် မွေးဖွားသော်လည်း စွန့်ပစ်ထိုက်သော မိန်းမအကြောင်း ပါဠိအနက်

(၁၀၂) ဝိဝါဒသီလိံ ဥဿူယဘာဏိနိံ၊ ပဿတကိံ ဗဟုပါကဘုတ္တိနိံ။
အဂ္ဂန္နဘုတ္တိံ ပရဂေဟဝါသိနိံ၊ နာရိံ စဇေ ပုတ္တသတမ္ပိ ပုမာ။

www.burmeseclassic.com

www.burmeseclassic.com



ဝိဝါဒသီလိ၊ ငြင်းခုံတတ်သောအလေ့ရှိ၏။ ဥဿူယဘာဏိနိ၊ ငြူစူစောင်းမြောင်းတတ်သော စကားကို ဆိုလေ့ရှိ၏။ ပဿတတ္ထိ၊ မြင်တိုင်းကိုလည်း နှစ်သက်တတ်၏။ ဗဟုပါကာဘုတ္တိနိ၊ များစွာလည်း ချက်ပြုတ်၍စားတတ်၏။ အဂ္ဂန္နဘုတ္တိ၊ လင်၏အဦးကို စားတတ်၏။ ပရဂေဟာဝါသိနိ၊ သူတပါးအိမ်သို့ လည်း သွားတတ်နေတတ်သောအလေ့ရှိ၏။ တံ နာရိံ၊ ထိုမိန်းမကို။ ပုတ္တသတမ္ပိ၊ သားတရာပင်မြင်ငြားသော်လည်း။ ပုမာ၊ ယောကျ်ားသည်။ စဝေ၊ စွန့်ပစ်ရာ၏။

၂၃ ဆင်းရဲသောအမျိုး၌ဖြစ်စေကာမူ ထိမ်းမြားသင့်သော မိန်းမပျိုအကြောင်း ပါဠိအနက်

(၁၀၇) သာမာ မိဂက္ခီ တနုမဇ္ဈဂတ္တာ၊
သူရူ သုကေသီ သမပန္တိဒန္တီ။
ဂမ္ဘီရနာဘီ ယုဝတီ သုသီလီ၊
ဟီနကုလေသု ဇာတာပိ ဝိဝါဟော။

ယာ ယုဝတီ၊ အကြင်မိန်းမပျိုသည်။ သာမာ၊ ရွှေသောအသားအရေလည်း ရှိ၏။ မိဂက္ခီ၊ သမင်မျက်စိကဲ့သို့ ညိုသောမျက်စိလည်းရှိ၏။ တနုမဇ္ဈဂတ္တာ၊ ခါးသေး တင်ကျယ် ငယ်သော ဝမ်းလည်းရှိ၏။ သူရူ၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသော ပေါင်လည်း ရှိ၏။ သုကေသီ၊ ရှည်၍ အဖျားကော့တက်သော ဆံလည်းရှိ၏။ သမပန္တိဒန္တီ၊ ကြီးငယ် မထင် ညီညွတ်သော သွား အစဉ် လည်းရှိ၏။ ဂမ္ဘီရနာဘီ၊ နက်သောချက်လည်းရှိ၏။ သုသီလီ၊ ကောင်းသော အလေ့အကျင့်လည်းရှိ၏။ သာ ယုဝတီ၊ ထိုမိန်းမပျိုသည်။ ဟီနကုလေသု၊ ယုတ်သော အမျိုးတို့၌။ ဇာတာပိ၊ ဖြစ်သော်လည်း။ တံ၊ ထိုမိန်းမပျိုကို။ ဝိဝါဟော၊ ဆက်ဆံထိမ်းမြားရာ၏။

၂၄ အရွယ်လွန်ပြီးသော ယောကျ်ားသည် မိန်းမငယ်ကို ယူသဖြင့် ပျက်စီးတတ်ကြောင်း ပါဠိအနက်

(၁၁၁) အတီတယောဗ္ဗနော ပေါသော၊ အာနေတိ တိမ္ဗရုတ္ထနိံ။
တဿ ဣဿာ န သုပတိ၊ တံ ပရာဘဝတော မုခံ။

အတီတယောဗ္ဗနော၊ အရွယ်လွန်ပြီးသော။ ပေါသော၊ ယောကျ်ားသည်။ တိမ္ဗရုတ္ထနိံ၊ တည်သီးမျှ ငယ်သော သားမြတ်ရှိသော။ ယုဝတိံ၊ မိန်းမပျိုကို။

www.burmeseclassic.com

www.burmeseclassic.com



အာနေတိ၊ ယူဆောင်သိမ်းပိုက်၏။ တဿ၊ ထိုမိန်းမပျိုအား။ ဣဿာ၊ သူတပါး တို့နှင့်ပျော်ပါးမည်ကို မနာလိုဝန်တိုခြင်းကြောင့်။ န သုပတိ၊ မအိပ်နိုင်။ တံ၊ ထိုငယ်သော မယားအား သိမ်းပိုက်ခြင်းသည်။ ပရာဘဝတော၊ ပျက်စီးအံ့ သည်၏။ မုခံ၊ အကြောင်းတည်း။

**၂၅ ရဟန်းသည် မရောင့်ရဲမှု ပျက်စီးတတ်ကြောင်း ပါဠိအနက်**

(၁၁၇) နဋ္ဌော ယတိ အသန္တုဋ္ဌော၊ သန္တုဋ္ဌော စ မဟီပတိ။
လဇ္ဇာ စ ဂဏိကာ နဋ္ဌာ၊ နိလ္လဇ္ဇာ စ ကုလဓီတာ။

ယတိ၊ ရဟန်းသည်။ အသန္တုဋ္ဌော၊ မရောင့်ရဲမှု။ နဋ္ဌော၊ ပျက်၏။ မဟီပတိစ၊ မြေကြီးသနင်း ပြည့်ရှင်မင်းသည်ကား။ သန္တုဋ္ဌော၊ ရောင့်ရဲတတ်မှု။ နဋ္ဌော၊ ပျက်၏။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ လဇ္ဇာ၊ ရှက်တတ်မှု။ နဋ္ဌာ၊ ပျက်၏။ ကုလဓီတာ၊ အမျိုးကောင်းသမီးသည်။ နိလ္လဇ္ဇာ၊ မရှက်တတ်မှု။ နဋ္ဌာ၊ ပျက်၏။

**၂၆ ငှက်တို့၏ အားသည် ကောင်းကင်၌သာရှိကြောင်း ပါဠိအနက်**

(၁၁၈) ပက္ခီနံ ဗလ မာကာသော၊ မစ္ဆာန မုဒက ဗလံ။
ဒုဗ္ဗလဿ ဗလံ ရာဇာ၊ ကုမာရာနံ ရုဒံ ဗလံ။

ပက္ခီနံ၊ ငှက်တို့၏။ ဗလံ၊ အားကား။ အာကာသော၊ ကောင်းကင်တည်း။ မစ္ဆာနံ၊ ငါးတို့၏။ ဗလံ၊ အားကား။ ဥဒကံ၊ ရေတည်း။ ဒုဗ္ဗလဿ၊ အားနည်းသော သူ၏။ ဗလံ၊ အားကား။ ရာဇာ၊ မင်းတည်း။ ကုမာရာနံ၊ သူငယ်တို့၏။ ဗလံ၊ အားကား။ ရုဒံ၊ ငိုကြွေးခြင်းတည်း။

**၂၇ နာယကဂုဏ် (၆) ပါး ပါဠိအနက်**

(၁၁၉) ခမာ ဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။
နာယကဿ ဆဋ္ဌင်္ဂါနိ၊ တေဟော နာယကော ဘဝေ။

ခမာ၊ သည်းခံခြင်းရင်း။ ဇာဂရိယာ၊ နိုးကြားခြင်းရင်း။ ဥဋ္ဌာနံ၊ ထကြွလုံ့လ ဝီရိယရှိခြင်းရင်း။ သံဝိဘာဂေါ၊ ကောင်းစွာဝေဖန်တတ်ခြင်းရင်း။ ဒယာ၊ သနားခြင်းရင်း။ ဣက္ခဏာ၊ မြော်မြင်ခြင်းရင်း။ ဣတိ၊ ထိုတရား တို့သည်။ နာယကဿ၊ အကြီးအကဲလုပ်သော ပုဂ္ဂိုလ်၏။ ဆဋ္ဌင်္ဂါနိ၊ ခြောက်ပါးသော

www.burmeseclassic.com

www.burmeseclassic.com



အဂ်ါတို့တည်း။ ဓော့ပေဟဝ၊ ထိုခြောက်ပါးသော အင်္ဂါတို့ဖြင့်သာလျှင်။ နာယကော၊ အကြီးအကဲသည်။ ဘဝေ၊ ဖြစ်ရ၏။

(မဟာစိသုဒ္ဓါရုံ ဆရာတော်ဘုရား၏မူ)

**၂၈ တကြိမ်တည်းသာလျှင် စကားဆိုတတ်သူများ ပါဠိအနက်**

(၁၂၀) သကိံ ဝဒန္တိ ရာဇာနော၊ သကိံ သမဏဗြာဟ္မဏာ။
သကိံ သပ္ပုရိသာ လောကေ၊ သေ ဓမ္မော သနန္တနော။

လောကေ၊ လောက၌။ ရာဇာနော၊ မင်းတို့သည်။ သကိံ၊ တကြိမ်သာလျှင်။ ဝဒန္တိ၊ ဆိုကုန်၏။ သမဏဗြာဟ္မဏာ၊ ရဟန်း ပုဏ္ဏားတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သပ္ပုရိသာ၊ ဘုရားစသော သူတော်ကောင်းတို့သည်။ သကိံ၊ တကြိမ်သာ။ ဝဒန္တိ၊ ဆိုကုန်၏။ သေ-ဧသော ဓမ္မော၊ ဤသို့သော သဘောတရားသည်။ သနန္တနော၊ ရှေးသူတော်ကောင်းတို့၏ အကျင့်တည်း။

**၂၉ လောက၌ မကောင်းသောသူ (၄) ယောက် ပါဠိအနက်**

(၁၂၁) အလသော ဂိဟီ ကာမဘောဂီ န သာဓု။
အသညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ အနိသမ္မကာရီ န သာဓု။
ပဏ္ဍိတော ကောဓနော တံပိ န သာဓု။

လောကေ၊ လောက၌။ အလသော၊ ပျင်းရိသော။ ကာမဘောဂီ၊ အိမ်ယာထောင်သော။ ဂိဟိ၊ လူသည်။ န သာဓု၊ မကောင်း။ အသညတော၊ ကိုယ်နှုတ်နှလုံး မစောင့်သုံးသော။ ပဗ္ဗဇိတော၊ ရဟန်းသည်။ န သာဓု၊ မကောင်း။ အနိသမ္မကာရီ၊ မဆင်မခြင် ပြုလေ့ရှိသော။ ရာဇာ၊ မင်းသည်။ န သာဓု၊ မကောင်း။ ပဏ္ဍိတော၊ ပညာရှိလျက်။ ကောဓနော၊ အမျက်ထွက်တတ်မူ။ တံပိ၊ ထိုအမျက်ထွက်ခြင်းသည်လည်း။ န သာဓု၊ မကောင်း။

**၃၀ မင်းများပြုအပ်သော အမှုကိစ္စ (၄) မျိုး ပါဠိအနက်**

(၁၂၂) အာယံ ခယံ သယံ ဉတွာ၊ ရာဇာ သယံ ကတာကတံ။
နိဂ္ဂဟေ နိဂ္ဂဟေတဗ္ဗံ၊ ပဂ္ဂဟေ ပဂ္ဂဟာရဟံ။

ရာဇာ၊မင်းသည်။အာယံ၊ အခွန်အတုတ်၏ ထွက်မထွက်ကိုရင်း။ ခယံ၊ မျိုးရိက္ခာ ကုန်မကုန်ကိုရင်း။ သယံ၊ ကိုယ်တိုင်။ ဉတွာ၊ သိအောင်ပြုရာ၏။ကတာ

www.burmeseclassic.com



ကတံ၊ အမှုထမ်းသည်မထမ်းသည်ကိုလည်း။ သဿုံ၊ ကိုယ်တိုင်။ ဧည္ဘ၊ သိအောင် ပြုရာ၏။ နိဂ္ဂဟေတဗ္ဗံ၊ နှိပ်ခြင်းငှါ ထိုက်သောသူကိုလည်း။ နိဂ္ဂဟေ၊ နှိပ်ရာ၏။ ပဂ္ဂဟာဒရဟံ၊ ချီးမြှောက်ခြင်းငှါထိုက်သောသူကိုလည်း။ ပဂ္ဂဟေ၊ ချီးမြှောက်ရာ၏။

**၃၁ သားသမီး မကောင်း မိဘခေါင်း ပါဠိအနက်**

(၁၂၈) မာတာ ပုတ္တကရံ ပါပံ၊ သိဿပါပံ ဂုရု တထာ။
ရာဇာ ရဋ္ဌကရံ မှပံ၊ ရာဇပါပံ ပုရောဟိတော။

လောကေ၊ လောက၌။ ပါပံ၊ယုတ်မာသောအမှုကို။ ပုတ္တကရံ၊ သားတည်း ပြုမှုကား။မာတာ၊ အမိပြုသည်မည်၏။ တထာ၊ ထို့အတူ။ သိဿပါပံ၊ တပည့် တည်း မကောင်းမှုပြုမှုကား။ ဂုရု၊ ဆရာပြုသည်မည်၏။ ပါပံ၊ မကောင်းမှုကို။ ရဋ္ဌကရံ၊ တိုင်းသူပြည်သားတည်း ပြုမှုကား။ ရာဇာ၊ မင်းပြုသည်မည်၏။ ရာဇ ပါပံ၊ မင်းတည်းမကောင်းမှု ပြုမှုကား။ ပုရောဟိတော၊ ပုရောဟိတ် ပြုသည် မည်၏။

**၃၂ ပညာရှိသည် မရောက်သေးသော ဘေးကို မြင်သည်ရှိသော် အဝေးကပင် ရှောင်တတ်သော ပါဠိအနက်**

(၁၄၂) အနာဂတံ ဘယံ ဒိသွာ၊ ဒူရတော ပရိဝဇ္ဇယေ။
အာဂတဉ္စ ဘယံ ဒိသွာ၊ အဘီတော ဟောတိ ပဏ္ဍိတော။

ပဏ္ဍိတော၊ ပညာရှိမည်သည်။ အနာဂတံ၊ မရောက်သေးသော။ ဘယံ၊ ဘေးကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဒူရတော၊ အဝေးက။ ပရိဝဇ္ဇယေ၊ရှောင် ကြဉ်ရာ၏။ အာဂတံ၊ ရောက်လာသော။ ဘယံ၊ ဘေးကို။ ဒိသွာ၊ မြင်မူကား။ အဘီတော၊ ကြောက်ရွံ့တတ်သော သဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။

**၃၃ ကျွမ်း၏ အရိုးနှင့် အဖျားသည် မစားကောင်း၊ အရွက်ကိုသာ စားကောင်း ကြောင်း ပါဠိအနက်**

(၁၄၉) တမ္ဗူလဿ မဇ္ဈေ ပဏ္ဏေ၊ ကုဝေရော ရက္ခတိ သဒါ။
မူလမှိ ရက္ခတိ ယက္ခော၊ အဂ္ဂမှိ စ ကာဠကဏ္ဏိကာ။
တာနိ ဘုဉ္ဇေယျ ဆိန္ဒိတွာ၊ သိရီ ဇေ၀ ပဝဍ္ဎတိ။

www.burmeseclassic.com

www.burmeseclassic.com



တမ္ဗုလဿ၊ ကွမ်း၏။ မဇ္ဈေ၊ အလယ်၌ဖြစ်သော။ ပတ္တေ၊ အရွက်၌။ ကုဝေရော၊ ကုဝေရနတ်မင်းကြီးသည်။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတိ၊ စောင့်၏။ မူလမှိ၊ အရင်း၌။ ယက္ခော၊ ဘီလူးသည်။ ရက္ခတိ၊ စောင့်၏။ အဂ္ဂမှိ စ၊ အဖျား၌လည်း။ ကာဠကဏ္ဏိကာ၊ ကာဠကဏ္ဏီမိစ္ဆာနတ်ယုတ်မာသည်။ ရက္ခတိ၊ စောင့်၏။ တသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုအရင်းအဖျားတို့ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဘုဉ္ဇေယျ၊ စားရာ၏။ ဧဝံ၊ ဤသို့ စားသည်ရှိသော်။ သိရီ၊ ဘုန်းကျက်သရေသည်။ ပဝဍ္ဎတိ၊ တိုးပွား၏။

## ၈၄ သူယုတ်မာသည် အစပထမသာ ကောင်း၍ ကြာလျှင် မကောင်းသော ပါဠိအနက်

(၁၆၂) ပဗ္ဗေ ပဗ္ဗေ ကမေနုစ္ဆု၊ ဝိသေသရသဝါဂ္ဂတော။
တထာ သုမေတ္တိနော သာဓု၊ ဝိပရိတော ဝ ဒုဇ္ဇနော။

လောကေ၊ လောက၌။ ဥစ္ဆု၊ ကြံသည်။ အဂ္ဂတော၊ အဖျားမှ။ ကမေန၊ အစဉ်ဖြင့်။ ပဗ္ဗေ ပဗ္ဗေ၊ အဆစ်တိုင်း အဆစ်တိုင်း။ ဝိသေသရသဝါ၊ အလွန်ထူးသော အရသာသည်။ ဟောတိ၊ ဖြစ်၏။ သုမေတ္တိနော၊ အဆွေခင်ပွန်းကောင်းဖြစ်သော။ သာဓု၊ သူတော်သူမြတ်သည်။ တထာ၊ ထိုကြံ၏ အဖျားမှ အရင်းသို့တိုင်အောင်လွန်၍ချိုသည်နှင့်တူ၏။ ဒုဇ္ဇနော၊ ယုတ်မာသော အဆွေခင်ပွန်းကား။ ဝိပရိတော ဝ၊ အရင်းအစသာချို၍ အဖျားတိုင်လတ်သော် မချိုသော ကြံ၏သဘောတည်း။

စတုရင်္ဂဗလ အမတ်ကြီးပြုစုသော လောကနီတိကျမ်းဖြစ်၏၊ ထို့ထက် အကျယ်ကိုသိလိုပါက လောကနီတိကျမ်းကို ကြည့်ပါ။

လောကနီတိ ပဏ္ဍိတ ကဏ္ဍ ကား နိဋ္ဌိတံ။

www.burmeseclassic.com

www.burmeseclassic.com

# အထွေထွေ ကဏ္ဍ

## ၁ ငါးပါးသီလ ခံယူခြင်းအကြောင်း သိကောင်းစရာ

ဩကာသ, ဩကာသ, ဩကာသ-ဟု ဆိုအပ်သော စကားသည် ရှိခိုးလို၍ အခွင့်ပြုပါ အခွင့်ပြုပါ အခွင့်ပြုပါ-ဟု ခွင့်တောင်းသော စကားဖြစ်၏။ ၎င်း၏ ရှေး၌ ဆိုရမည်ဖြစ်သော အပါယ်လေးပါး စသော စကားတို့သည် သက်ဆိုင်ရာ အခန်း၌ ပါရှိပြီးဖြစ်၍ ထပ်၍ဖော်မပြတော့ပေ။ ရှိခိုးသူများက လိုရာဆု တောင်း၍ ကန်တော့ပြီးလျှင် ဘုန်းတော်ကြီးမှ ဆုများ ပေးပြီးသောအခါ—

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ .... (၎င်း)
တတိယမ္ပိ .... (၎င်း)

ဟု ဘုန်းတော်ကြီးမှ သုံးကြိမ်ဆိုပေး၍ သီလယူသူများက လိုက်၍ ဆိုကြရ၏၊ စင်စစ်မှာ ထိုစကားသည် သီလတောင်းယူသူကိုယ်တိုင်ကဆိုရသောစကား ဖြစ်ပေသည်၊ (သို့သော်) သီလတောင်းသူများကိုယ်တိုင်က မဆိုတတ်ကြသဖြင့် ဘုန်းတော်ကြီးမှ ဆိုပေးခြင်းသာ ဖြစ်ပေသည်။

**၎င်းအနက်။** ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော။ ဓမ္မံ၊ ကိုယ်ကျင့်သီလကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ အနုဂ္ဂဟံ၊ ချီးမြှောက် ထောက်ပံ့ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကိုယ်ကျင့်သီလကို ဒေထ၊ ပေးတော်မူပါဘုရား။

**စကားပြေ။** ။အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်ကိုယ်ကျင့် ငါးပါး သီလကို တောင်းပါသည်၊ အရှင်ဘုရား တို့သည် ချီးမြှောက် ထောက်ပံ့သော သဘောရှိသည်ဖြစ်၍ တပည့်တော် တောင်းသော ကိုယ်ကျင့်ငါးပါးသီလကို ပေးတော်မူပါဘုရား၊ ထိုသို့ သုံးခါဆိုပြီးမှ ဘုန်းတော်ကြီးက အောက်ပါစကားဖြင့်—

**ဘုန်းတော်ကြီး။** ။ယမဟံ ဝဒါမိ တံ ဝဒေထ။

www.burmeseclassic.com

www.burmeseclassic.com



**အနက်။** ။ယံ၊ အကြင် စကားကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ တံ၊ ထိုငါဆိုသော စကားအတိုင်း။ ဝဒေထ၊ လိုက်ဆိုကြကုန်။

**စကားပြေ။** ။သင်တို့ သီလတောင်းသည့်အတွက် ယခု ငါ ဆိုတော့မည့် အတိုင်း သင်တို့အားလုံး နောက်က လိုက်ဆိုကြ။

**သီလယူသူ။** ။အာမ ဘန္တေ။

**အနက်။** ။ အာမ၊ မှန်ပါ။ ဘန္တေ၊ အရှင်ဘုရား။

**စကားပြေ။** ။မှန်ပါ အရှင်ဘုရား။

ပြီးမှ ဘုန်းတော်ကြီးက သရဏဂုံနှင့် ငါးပါးသီလ ပေးတော့မည် ဖြစ်၍ မြတ်စွာဘုရားကို ရှေးဦးစွာရှိခိုးကြရန် အောက်ပါစကားကို ဆိုပေ၏။

**ဘုန်းတော်ကြီး။** ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးကြိမ်)

**အနက်။** ။ အရဟတော၊ လူ၊ နတ်၊ ပြဟ္မာ သတ္တဝါ တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးရပ် ဉေယျ ငါး တန် တရားမှန်ကို မဖေါက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။နမော၊ရှိသေ မြတ်နိုး လက်အုပ်မိုး၍ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ဘုန်းတော်ကြီးမှ ရှေကဆိုပေး၍ သီလယူကြသူများက နောက်မှ သုံးကြိမ် လိုက်ဆိုရ၏။ ယင်းသို့ ဆိုပေးပြီးသော် သရဏဂုံကို ဆည်းကပ် ကိုးကွယ်ကြစေရန် တဖန် ရှေ့မှ ဆိုပေး၏။

**ဘုန်းတော်ကြီး။** ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ .... (ရှင်း)

တတိယမ္ပိ .... (ရှင်း)

**အနက်။** ။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ယင်းသို့ သရဏဂုံ ခံယူပြီးသော်—

**ဘုန်းတော်ကြီးမှ**။ ။တိသရဏဂမနံ ပရိပုဏ္ဏံ။

**အနက်**။ ။တိသရဏ ဂမနံ၊ သရဏဂုံ သုံးပါးကို ယူပြီး၍။ ပရိပုဏ္ဏံ၊ ထက်ဝန်းကျင် ပြည့်စုံကြပြီ။

**စကားပြေ**။ ။သင်တို့ သရဏဂုံ သုံးပါး ယူပြီး၍ ပြည့်စုံကြပြီ၊ သီလယူသူ များက (အာမ ဘန္တေ) အာမ၊ မှန်ပါ။ ဘန္တေ၊ အရှင်ဘုရား။

ထို့နောက် မိမိတို့ရှေ့က တောင်းထားခဲ့သော ပါဏာတိပါတ စသော ငါးပါးသီလကို ပေး၍ ပြီးဆုံးသောအခါ။

**ဘုန်းတော်ကြီးမှ**။ ။တိသရဏေန သဟ ပဉ္စင်္ဂသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**အနက်**။ ။တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စင်္ဂသီလံ၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်ကို။ သာဓုကံ၊ ကောင်းစွာ။ ကတွာ၊ ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကြကုန်လော့။

**သီလယူသူ**။ ။(အာမ ဘန္တေ) ကောင်းပါပြီ အရှင်ဘုရား။

**၂ အကောင်းဆုံးဘုရားရှိခိုး**

ဂုဏ်တော်ကွန်ချာ ပါဠိ

၁။ သော ဘဂဝါ ဣတိပိ အရဟံ၊ အရဟံ ဝတ သော ဘဂဝါ၊ အရဟန္တံ သိရသာ ဝန္ဒာမိ၊ အရဟန္တံ သရဏံ ဂစ္ဆာမိ၊ ပဌမော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ အရဟံ။

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓံ သိရသာ ဝန္ဒာမိ၊ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ၊ ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ ဝန္ဒာမိ၊ ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊ တတိယော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

www.burmeseclassic.com

www.burmeseclassic.com



၄။ သော ဘဂဝါ ဣတိပိ သုဂတော၊ သုဂတော ဝတ သော ဘဂဝါ၊ သုဂတံ သိရသာ ဝန္ဒာမိ၊ သုဂတံ သရဏံ ဂစ္ဆာမိ၊ စတုတ္ထော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ သုဂတော။

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ လောကဝိဒူ ဝတ သော ဘဂဝါ၊ လောကဝိဒုံ သိရသာ ဝန္ဒာမိ၊ လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊ ပဉ္စမော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ လောကဝိဒူ။

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ၊ အနုတ္တရော ပုရိသဒမ္မသာရထိံ သိရသာ ဝန္ဒာမိ၊ အနုတ္တရော ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊ ဆဋ္ဌော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊ သတ္ထာ ဒေဝမနုဿာနံ သိရသာ ဝန္ဒာမိ၊ သတ္ထာ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊ သတ္တမော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ။

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ဗုဒ္ဓံ သိရသာ ဝန္ဒာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အဋ္ဌမော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊ ဘဂဝါ ဝတ သော ဘဂဝါ၊ ဘဂဝန္တံ သိရသာ ဝန္ဒာမိ၊ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ နဝမော ဝဇီရပါကာရော၊ သော ဘဂဝါ ဣတိပိ ဘဂဝါ။

## ဂုဏ်တော်ကွန်ချာ အနက်

၁။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သောအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။အရဟံဝတ၊ လူ့,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပါပေစွတကား။ ။အရဟန္တံ၊ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ဝန္ဒာမိ၊ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ။အရဟန္တံ၊

www.burmeseclassic.com

www.burmeseclassic.com



ပုဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဗုဒ္ဓတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ ပဌမော၊ ရှေးဦးစွာသော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

၂။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါ ဝတ၊ ဧဧ ယျမံတရားငါးပါးနှင့်တကွ ခပ်သိမ်းသော တရားအပေါင်းကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူပေစွတကား။ ။သမ္မာသမ္ဗုဒ္ဓံ၊ ခပ်သိမ်းသော တရားအပေါင်းကို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ။သမ္မာသမ္ဗုဒ္ဓံ၊ ခပ်သိမ်းသော တရားအပေါင်းကို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဗုဒ္ဓတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသော တရားအပေါင်းကို ကိုယ်တော်တိုင် သိတော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ ဒုတိယော၊ နှစ်ခုမြောက် ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

၃။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓတိပိ၊ ဤသို့သောအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော် မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော ဝတ၊ ဝိဇ္ဇာဉာဏ်သုံးပါး, ဝိဇ္ဇာဉာဏ် ရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူပါပေစွတကား။ ။ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာဉာဏ်အကျင့်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ။ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာဉာဏ်အကျင့်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏။ ။ဗုဒ္ဓတိပိ၊ ဤသို့သော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာဉာဏ်အကျင့်နှင့် ပြည့်စုံတော်မူသော။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။မံ၊ တပည့်တော်ကို။တတိယော။ သုံးခုမြောက် ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

၄။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သောအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော ဝတ၊ ခြောက်ခွန်းသော စကားတို့တွင် မကောင်းသောလေးခွန်းကိုပယ်၍ ကောင်းသောနှစ်ခွန်းကိုသာ ဆိုတော်မူတတ်ပါပေစွတကား။ ။သုဂတံ၊ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ။သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူသောမြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ၊ဆည်းကပ်ပါ၏။ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ သုဂတော၊ကောင်းသောစကားကို ဆိုတော်မူသော။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ စတုတ္ထော၊ လေးခုမြောက် ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက် ပါစေသတည်း။

၅။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူပါပေ၏။ ။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ လောကဝိဒူ ဝတ၊ သတ္တလောက, သင်္ခါရလောက,ဩကာသလောကတည်းဟူသော လောကသုံးပါးကို သိတော်မူထိုက်ပါပေစွတကား။လောကဝိဒုံ၊လောကသုံးပါးကိုသိတော်မူသောမြတ်စွာဘုရားကို။သိရသာ၊ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။အဟံ၊ တပည့်တော်သည်။ဝန္ဒာမိ၊ ရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပါ၏။ ။လောကဝိဒုံ၊ လောက သုံးပါးကို သိတော်မူသော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဣတိပိ၊ဤသို့သောအကြောင်းကြောင့်လည်း။လောကဝိဒူ၊ လောကသုံးပါးကို သိတော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ ပဉ္စမော၊ ငါးခုမြောက် ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



၆။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သောအကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ၊ မလိမ်မာ မယဉ်ကျေးသော တိရစ္ဆာန် ယောကျ်ား, ဘီလူးယောကျ်ား, လူယောကျ်ား, နတ်ယောကျ်ား တို့ကို လိမ်မာယဉ်ကျေးအောင် ဆုံးမတော်မူထိုက်ပါပေစွတကား။ အနုတ္တရော ပုရိသ ဒမ္မသာရထိံ၊ မလိမ်မာ မယဉ်ကျေးသူတို့ကိုလိမ်မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ။အနုတ္တရော ပုရိသ ဒမ္မသာရထိံ၊ မလိမ်မာ မယဉ်ကျေးသူတို့ကို လိမ်မာ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဣတိပိ၊ ဤသို့သောအကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ မလိမ်မာ မယဉ်ကျေး သူတို့ကို လိမ်မာ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ ဆဗ္ဗော၊ ခြောက်ခုမြောက်ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

၇။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သောအကြောင်းကြောင့်လည်း။သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာန မည်တော်မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာ ဒေဝမနုဿာနံ ဝတ၊ နတ် လူတို့၏ဆရာတဆူဖြစ်တော်မူထိုက်ပါပေစွတကား။ ။သတ္ထာဒေဝမနုဿာနံ၊နတ်လူတို့၏ ဆရာတဆူဖြစ်တော်မူသောမြတ်စွာဘုရားကို။သိရသာ၊ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ရှိခိုးပါ၏။ ။သတ္ထာ ဒေဝမနုဿာနံ၊ နတ်လူတို့၏ ဆရာတဆူဖြစ်တော်မူသော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဣတိပိ၊ဤသို့သောအကြောင်းကြောင့်လည်း။သတ္ထာဒေဝမနုဿာနံ၊ နတ်လူတို့၏ ဆရာတဆူဖြစ်တော်မူသော။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ သတ္တမော၊ ခုနစ်ခုမြောက်ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ် စောင့်ရှောက်ပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဂ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့သောအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ ဝတ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေစွတကား။ ။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ရှိခိုးပါ၏။ ။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ အဋ္ဌမော၊ ရှစ်ခုမြောက်ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

ဇ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့သောအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ ဝတ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူပါပေစွတကား။ ။ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ။ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မံ၊ တပည့်တော်ကို။ နဝမော၊ ကိုးခုမြောက်ဖြစ်သော။ ဝဇီရပါကာရော၊ စိန်တံတိုင်းကြီးပမာ ကာကွယ်စောင့်ရှောက်ပါစေသတည်း။

**၃ သောတာပန်ပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ**

တ္တော ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ၊
ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော၊
သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။

www.burmeseclassic.com

www.burmeseclassic.com



ဌေ၊ ဤဝိပဿနာ ကမ္မဋ္ဌာန်း၌။ သောတာပတ္တိမဂ္ဂ၊ သောတာပတ္တိမဂ်ကို။ ဘာဝေတွာ၊ ပွားစေ၍။ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကိုပယ်ခြင်းဖြင့်။ ပဟီနာပါယဂမနော၊ အပါယ်သို့ သွားခြင်းကိုပယ်ပြီးသည်ဖြစ်၍။ သတ္တက္ခတ္တုပရမော၊ လူပြည်,နတ်ပြည်တို့၌ (၇) ကြိမ်သာလျှင် ပဋိသန္ဓေ ယူခြင်းရှိသော။ သောတာပန္နော နာမ၊ သောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

(သောတာပန်တို့သည် အပါယ် တံခါးပိတ်၍ အများဆုံး (၇) ကြိမ်သာ ပဋိသန္ဓေ ယူ၏။)

**၄ သကဒါဂါမိပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ**

သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသမောဟာနံ၊
တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ၊
သကိဒေဝ ဣမံ လောကံ အာဂန္တွာ။

သကဒါဂါမိမဂ္ဂံ၊ သကဒါဂါမိမဂ်ကို။ ဘာဝေတွာ၊ ပွားစေ၍။ ရာဂဒေါသမောဟာနံ၊ ရာဂ,ဒေါသ, မောဟတို့ကို။ တနုကရတ္တာ၊ ခေါင်းပါးအောင် ပြုတတ်သည်၏ အဖြစ်ကြောင့်။ သကိ ဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤလူ့ပြည်သို့။ အာဂန္တွာ၊ လာ၍။ သကဒါဂါမိနာမ၊ သကဒါဂါမိမည်သည်။ ဟောတိ၊ ဖြစ်၏။

(သကဒါဂါမ်သည် ရာဂ,ဒေါသ,မောဟတို့ကို ခေါင်းပါးအောင် ပြုပြီး၍ လူ့ပြည်၌ တကြိမ်သာလျှင် ပဋိသန္ဓေ ယူ၏။)

**၅ အနာဂါမိပုဂ္ဂိုလ်အကြောင်း သိကောင်းစရာ**

အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂ ဗျာပါဒါနံ
မနဝသေသပ္ပဟာနေန အနာဂါမီ နာမ ဟောတိ အနာဂန္တွာ ဣတ္ထတ္တံ၊

အနာဂါမိမဂ္ဂံ၊ အနာဂါမိမဂ်ကို။ ဘာဝေတွာ၊ ပွားစေ၍။ ကာမရာဂ ဗျာပါဒါနံ၊ ကာမရာဂ, ဗျာပါဒတို့ကို။ အနဝသေသပ္ပဟာနေန၊ အကြွင်းမဲ့ ပယ်ခြင်းဖြင့်။ ဣတ္ထတ္တံ၊ ဤကာမဘုံသို့။ အနာဂန္တွာ၊ မလာမူ၍။ အနာဂါမိနာမ၊ အနာဂါမိမည်သည်။ ဟောတိ၊ ဖြစ်၏။

(အနာဂါမ်တို့သည် ကာမရာဂ, ဗျာပါဒတို့ကို ပယ်ပြီး၍ ဤလူ့ဘုံသို့ပြန် မလာပဲ သုဒ္ဓါဝါသဗြဟ္မာ့ဘုံသို့ ရောက်၍ ထိုဘုံ၌ပင် ရဟန္တာများ ဖြစ်ကြ၏။)

www.burmeseclassic.com

www.burmeseclassic.com



၆ ရဟန္တာပုဂ္ဂိုလ် အကြောင်း သိကောင်းစရာ

အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသ ကိလေသပ္ပဟာနေန
အရဟာ နာမ ဟောတိ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော။

အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ဘာဝေတွာ၊ ပွားစေ၍။ အနဝသေသ ကိလေသပ္ပဟာနေန၊အကြွင်းမဲ့ကိလေသာပယ်ခြင်းဖြင့်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ လောကေ၊ လူလောက၌။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံထိုက်သော။ အရဟာ နာမ၊ ရဟန္တာမည်သည်။ ဟောတိ၊ ဖြစ်၏။

၇ ရဟန်းတော်များ ဝါဆိုသည့်အခါ၌ ရွတ်ဆိုသော ပါဠိအနက်

ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် အောက်၌ဖော်ပြပါ (ပါဠိ) ကို (သုံးကြိမ် ရွတ်ဆို၍ ဝါဆိုကြရ၏။)

**ပါဠိ။** ။"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဟု (သုံးကြိမ်မြွက် ဆိုရ၏။)

**အနက်။** ။ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်း, ဤအရံအတွင်း အတွင်း၌။ ဣမံ တေမာသံ၊ ဤဝါတွင်းသုံးလပတ်လုံး။ ဝဿံ၊ နေခြင်း မိုးခိုခြင်းကို။ ဥပေမိ၊ ပြုပါ၏။ (ဝါဆိုပါ၏။)

၈ ရဟန်းများ ဝါတွင်း၌ ဝါပန်သည့်အခါ ရွတ်ဆိုရသော ပါဠိအနက်

(က) အန္တောသတ္တာဟေ ပဋိနိဝတ္တိဿာမိ။ (သုံးကြိမ်မြွက် ဆိုရမည်)
(ခ) **တနည်း** သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တိဿာမိ။ (သုံးကြိမ်မြွက်ဆိုရမည်)
(က) **အနက်** အဟံ၊ ငါသည်။ အန္တောသတ္တာဟေ၊ (၇) ရက် အတွင်း၌။ ပဋိနိဝတ္တိဿာမိ၊ တဖန်ပြန်လာပါအံ့။
(ခ) **တနည်းအနက်** အဟံ၊ ငါသည်။ သတ္တာဟဗ္ဘန္တရေ၊ (၇) ရက် အတွင်း၌။ ပဋိနိဝတ္တိဿာမိ၊ တဖန်ပြန်လာပါအံ့။

ဝါပန်ပြီး ခရီးသွားသည့်အခါ ခုနစ်ရက်အတွင်း၌ မိမိနေသောကျောင်းသို့ ပြန်မရောက်ပါက ဝါပျက်၏။ (ဝါပျက်က ဒုက္ကဋ်အာပတ်သင့်၏။)

www.burmeseclassic.com

www.burmeseclassic.com



၉ ဝါပန်ပြီးက သတိပြုစရာများ

**မှတ်ချက်။** ။ရဟန်းတော်များသည် ဝါတွင်း သုံးလပတ်လုံး မိမိတို့ ဝါဆိုထားသော ကျောင်း၏ အရံအတား အတွင်း၌သာ အရုဏ်ခံရမည်၊ အရုဏ်မတက်မီ ကျောင်းအရံအတား အပြင်ဘက်သို့ မထွက်ရ၊ အရုဏ်တက်ပြီးမှသာလျှင် အရံအတွင်းမှ အပြင်သို့ ထွက်ရမည်၊ အရုဏ်မတက်မီ အရံအပြင်ဘက်သို့ ထွက်ပါက အနည်းဆုံး ခြေတလှမ်းကျူးမိပါက ဝါပျက်၏၊ ဝါကျိုး၏။

**နောက်တဖန်။** ။ခရီးသွားမည်ဟု ဝါပန်ပြီးသော ရဟန်းသည် ကျောင်းအပြင်သို့ ရောက်ပြီးမှထီး,ဘိနပ် မေ့ကျန်၍ ကျောင်းအတွင်းသို့ဝင်၍ ပြန်ယူသည်ရှိသော် ပထမဝါပန်ခြင်းသည် ပျက်ပြယ်ပြီဖြစ်၏၊ ယင်းသို့ ပျက်ပြယ်သည်ဖြစ်၍ ဒုတိယအကြိမ် ထပ်၍ ဝါပန်ပြီးမှ ခရီးသွားရမည်၊ ဒုတိယအကြိမ် ဝါမပန်ပဲ ခရီးသွားခဲ့သော် ဝါကျိုးပျက်၏၊ ဝါကျိုးပျက်သော ရဟန်းနှင့် ဝါမဆိုသော ရဟန်းတို့သည် ဒုက္ကဋ်အာပတ် သင့်၏၊ (သို့သော်) ဝါတွင်းကာလ၌ ပစ္စည်းလေးပါးခေါင်းပါးသောကြောင့်၎င်း၊ အန္တရာယ် အမျိုးမျိုး ကြောင့်၎င်း၊ အခြားတနေရာသို့ ပြောင်းရွှေ့နေထိုင်ပါလျှင် အာပတ်မသင့်ပေ။

၁၀ ဝါတွင်းအခါ လဝက်၌ ဥပုသ်ပြုရသော ပါဠိအနက်

ရဟန်းများသည် ဝါတွင်းကာလ လဝက်ဖြစ်သော(၁၅)ရက်မြောက်သောနေ့၌ ဥပုသ်ပြုရသည်။

**ဥပုသ်ပြုခြင်း ပါဠိ။** ။သုဏာတု မေ အာယသ္မန္တာ အဇ္ဇုပေါသထော ပန္နရသော၊ယဒိ ပါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ။

**စကားပြေ။** ။အရှင်ဘုရားတို့....အရှင်ဘုရားတို့သည် တပည့်တော်၏ စကားကို နာတော်မူလော့၊ ယနေ့ ဥပုသ်နေ့သည် (၁၅) ရက်မြောက်သောနေ့တည်း၊ အရှင်တို့အား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် တပည့်တော်တို့သည် အချင်းချင်း ပါရိသုဒ္ဓိ ဥပုသ်ကို ပြုကြပါကုန်စို့။

www.burmeseclassic.com

www.burmeseclassic.com



**အာပတ်စင်ကြယ်ပုံကို ပန်ကြားခြင်း၊**
**ပါရိသုဒ္ဓိဥပုသ် ဝါကြီးကြားပုံ**

(က) ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ။

**အနက်။** ။အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ပရိသုဒ္ဓေါ၊ အာပတ်မှ စင်ကြယ်ပါ၏။ မံ၊ ငါ့ကို။ ပရိသုဒ္ဓေါတိ၊ အာပတ်မှ စင်ကြယ်သောသူ ဟူ၍။ ဓာရေထ၊ မှတ်ကြပါကုန်လော။

**ပါရိသုဒ္ဓိဥပုသ် ဝါငယ်ကြားပုံ**

(ခ) ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါ တိ မံ ဓာရေထ။

**အနက်။** ။ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ တပည့်တော်သည်။ပရိသုဒ္ဓေါ၊ အာပတ်မှ စင်ကြယ်ပါ၏။ မံ၊ တပည့်တော်ကို။ ပရိသုဒ္ဓေါတိ၊ အာပတ်မှ စင်ကြယ်သောသူ ဟူ၍။ ဓာရေထ၊ မှတ်ကြပါကုန်လော။

**၁၁ ဒေသနာကြားခြင်း (သို့မဟုတ်) အာပတ်ဖြေခြင်း ပါဠိအနက်**

(ဝါငယ်က စ၍ ဆိုရသည်။)

**ဝါငယ်။** ။အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာဝိ ကရောမိ။
**ဝါကြီး။** ။သာဓု အာဝုသော သာဓု သာဓု။
**ဝါငယ်။** ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။
**ဝါကြီး။** ။ပဿသိ အာဝုသော တာ အာပတ္တိယော။
**ဝါငယ်။** ။အာမ ဘန္တေ ပဿာမိ။
**ဝါကြီး။** ။အာယတိံ အာဝုသော သံဝရေယျာသိ။
**ဝါငယ်။** ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
**ဝါကြီး။** ။သာဓု အာဝုသော သာဓု သာဓု။
**ဝါငယ်။** ။**အနက်။** ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သဗ္ဗာအာပတ္တိယော၊ အလုံးစုံသော သင့်သမျှ အာပတ်တို့ကို။ အာဝိကရောမိ၊ ထင်စွာပြုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**ဝါကြီး။** ။သာဓု၊ ကောင်းပြီ။ အာဝုသော၊ ငါ့ရှင်။ သာဓု၊ ကောင်းပြီ။ သာဓု၊ ကောင်းပြီ။

**ဝါငယ်။** ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သမ္ဗဟုလာ၊ များစွာကုန်သော။နာနာဝတ္ထုကာ၊အမျိုးမျိုးဝတ္ထုရှိကုန်သော။ သဗ္ဗာအာပတ္တိယော၊ အလုံးစုံသော အာပတ်တို့သို့။ အာပဇ္ဇိံ၊ ရောက်ပါပြီ။ တာ၊ ထိုအာပတ်တို့ကို။ တုမ္မမူလေ၊ အရှင်ဘုရားတို့ ထံ၌။ ပဋိဒေသေမိ၊ ထင်စွာပြောပြပါ၏။

**ဝါကြီး။** ။အာဝုသော၊ ငါ့ရှင်။ တာ အာပတ္တိယော၊ ထိုအပြစ်တို့ကို။ ပဿသိ၊ ရှု၏လော။ (မြင်၏လော။)

**ဝါငယ်။** ။အာမ ဘန္တေ၊မှန်ပါအရှင်ဘုရား။ပဿာမိ၊ရှုပါ၏။ (မြင်ပါ၏။)

**ဝါကြီး။** ။အာဝုသော၊ငါ့ရှင်။ အာယတိံ၊နောင်အခါ၌။သံဝရေယျာသိ၊ စောင့်စည်းလော့။

**ဝါငယ်။** ။သုဋ္ဌုဘန္တေ၊ ကောင်းပါပြီအရှင်ဘုရား။ သာဓု၊ ကောင်းစွာ။ သံဝရိဿာမိ၊ စောင့်စည်းပါအံ့။

**ဝါကြီး။** ။သာဓု ကောင်းပြီ။ အဝုသော၊ ငါ့ရှင်။ သာဓု၊ ကောင်းပြီ။ သာဓု၊ ကောင်းပြီ။

**မှတ်ချက်။** ။တဖန် ဝါကြီးမှ ပြန်ဆိုရမည်၊ ဝါကြီးမှ ပြန်၍ ဆိုသောအခါ "အဟံ ဘန္တေ နှင့် အာဝုသော" နေရာပြောင်းရုံသာ ထူး၏။

## ၁၂ ဝါကျွတ်သည့်အခါ ပဝါရဏာပြုရာ၌ ဆိုသော ပါဠိအနက်

သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။

အနက်။ ။ဘန္တေ၊ အရှင်သူမြတ်တို့ဘုရား။ သံဃံ၊ သံဃာတော်ကို။ ပဝါရေမိ၊ ဖိတ်ကြားပါ၏။ အာယသ္မန္တော၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌေန ဝါ၊ မတော်တာမြင်လျှင်ရင်း။ သုတေန ဝါ၊ မတော်တာ ကြားလျှင်ရင်း။ ပရိသင်္ကာယ ဝါ၊ ယုံမှား သံသယ ရှိလျှင်ရင်း။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ဥပါဒါယ၊ အကြောင်းပြု၍။ ဝဒန္တု၊ပြောဆိုကြပါကုန်။ ပဿန္တော၊ အပြစ်ကိုမြင်သည်ရှိသော်။ ပဋိကရိဿာမိ၊ ကုစားပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



**၁၃ ရဟန်းများလူထွက်သည့်အခါ၌ ဆိုရသော ပါဠိအနက်**

ဂိဟီတိ မံ ဓာရေဟိ–အိမ်ရာထောင်သောသူဟူ၍ မှတ်ပါဘုရား။
ဂဟဋ္ဌောတိ မံ ဓာရေဟိ–အိမ်၌နေသော သူဟူ၍ မှတ်ပါဘုရား။
ဥပါသကောတိ မံ ဓာရေဟိ–ဥပါသကာဟူ၍ မှတ်ပါဘုရား။
သာမဏေရောတိ မံ ဓာရေဟိ–သာမဏေ ဟူ၍ မှတ်ပါဘုရား။

ဖော်ပြပါ စာတခုခုနှင့် ရဟန်းတပါးထံ၌ လူထွက်လိုသော စိတ်ရှိသည် ဖြစ်၍ တခုခုကို ဆိုပြီး၍ လူဝတ်လဲပါမှ လူအဖြစ်သို့ ရောက်၏၊ အထက်ပါ တခုခုကို မဆိုပဲနှင့် သင်္ကန်းကို ချွတ်ပစ်သော်လည်း လူမဖြစ်ပေ။

**သတိပြုရန်မှာ။** ။လူထွက်လိုသော စိတ်မရှိပဲနှင့် ထွက်ခဲ့သော် ရဟန်း သိက္ခာမစင်ပဲ ရဟန်းလူထွက် ပေါပေါပျက်ပျက် ဖြစ်တတ်၏။ သာမဏေများ လူထွက်သည့်အခါ၌ မည်သည့်စာမှ ဆိုရန်မလို၊ သင်္ကန်းချွတ်က လူဖြစ်၏။

**၁၄ ရဟန်းသည် ဆွမ်းလောင်းသော မိန်းမ၏မျက်နှာကို မကြည့်အပ်ကြောင်း**

သာရတ္တော ဣတ္ထိယာ ယောနိံ၊ မုခံ ဝါ ဘိက္ခုဒါယိကာ။
ပရဿ ပတ္တမုဋ္ဌာန-သညီ ဝါ အတ္တနော မုခံ။
အာဒါသော ဒကပတ္တေ ဝါ၊ ဩလောကေယျဿ ဒုက္ကဋန္တိ။

သာရတ္တော၊ တပ်သော စိတ်ရှိသည်ဖြစ်၍။ ဣတ္ထိယာ၊ မိန်းမ၏။ ယောနိံ ဝါ၊ အင်္ဂါဇာတ်ကိုဎင်း။ ဘိက္ခုဒါယိကာ၊ ဆွမ်းလောင်းသော မိန်းမ၏။ မုခံ ဝါ၊ မျက်နှာကိုဎင်း။ ဥဋ္ဌာနသညီ၊ ကွဲရှဲလိုသော အမှတ်ရှိသည်ဖြစ်၍။ ပရဿ၊ သူတပါး၏။ ပတ္တံ ဝါ၊ သပိတ် ဆွမ်းခွက်ကိုဎင်း။ အတ္တနော၊ မိမိ၏။ မုခံ၊ မျက်နှာကို။ အာဒါသေ ဝါ၊ ကြေးမုံ၌ဎင်း။ ဥဒကပတ္တေ ဝါ၊ ရေခွက်၌ဎင်း။ ဩလောကေယျ၊ ကြည့်ငြားအံ့။ အဿ၊ ထိုရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ် သည်။ ဟောတိ၊ ဖြစ်၏။

(ခုဒ္ဒသိက္ခာ ဝိနည်းတော်မှ)

**၁၅ ရဟန်းများမနုတ်ပယ်သင့်သော (လောမာ) များကို ပြသောပါဠိအနက်**

ဒီဃေ နခေ စ ကေသေ စ၊ နာသလောမေ န ဓာရယေ။
န လဗ္ဘံ ဝီသတိမဋ္ဌံ၊ သမ္ဗာဓေ လောမဟာရဏံ။

www.burmeseclassic.com

.www.burmeseclassic.com



ဒီဃေ နခေ စ၊ အသားထက် ရှည်သော ခြေသည်း လက်သည်းတို့ကိုရင်း။ ဒီဃေ ကေသေ စ၊ အခါ နှစ်လထက်, ပမာဏ နှစ်သစ် ရှည်သော ဆံပင်တို့ကို ရင်း။ ဒီဃေ နာသ လောမေ၊ နှာခေါင်းမှ အပသို့ ထွက်သော ရှည်သော နှာခေါင်းမွေးတို့ကိုရင်း။န ခါရယေ၊ မဆောင်ရာ။ ဝါ-မထားရာ။ဝိသတိမဋ္ဌံ၊ နှစ်ဆယ်သော ခြေသည်း လက်သည်းတို့ကို အပြေအပြစ် ပြုခြင်းကိုရင်း။ သမ္ဗာဓေ၊ ပဿာဝမဂ် (အင်္ဂါဇာတ်) လက်ကတီးကြားဟု ဆိုအပ်သော ကျဉ်းမြောင်းရာအရပ်၌။ လောမဟာရဏံ၊ အမွေးနုတ်ခြင်းကို။ န လဗ္ဘံ၊ မရအပ်။ (ဝါ) မလုပ်အပ်။

**၁၆ ရဟန်းများသည် ခိုးသူတို့၏ အကျိုးမဲ့ကို မပြုသင့်ကြောင်း ပါဠိအနက်**

ဟာရန္တေသု ပရိက္ခာရံ၊ စောရေ စောရောတိ ဘာသိတေ။
အနတ္ထာယေဿ ဂဏှန္တေ၊ ဒဏ္ဍံ ဂိဝါဿ တတ္တကံ။

ပရိက္ခာရံ၊ သပိတ်, သင်္ကန်း စသော ပရိက္ခရာကို။ ဟာရန္တေသု၊ ခိုးသူတို့ ဆောင်ယူကုန်သည် ရှိသော်။ ဝါ၊ သူခိုးခိုးနေစဉ်။ ဧသံ၊ထိုခိုးသူ၏။အနတ္ထာယ၊ အကျိုးမဲ့ကိုပြုခြင်းငှါ။ စောရေ စောရောတိ ဘာသိတေ၊ခိုးသူခိုးသူဟု ဆိုအပ်သောကြောင့်။ ဒဏ္ဍံဂဏှန္တေ၊ မင်းအမတ်တို့၏ ဥစ္စာဒဏ်ကို ရယူသည်ရှိသော်။ (ဝါ) ထောင်ကျ အပြစ်ပေး ခံရသည်ရှိသော်။ တတ္တကံ၊ ထိုရယူသမျှသော ဥစ္စာဒဏ်သည်။ အဿ၊ ထိုခိုးသူဟု ကြွေးကြော်သော ရဟန်းအား။ ဂိဝါ၊ အစားထိုက်၏။

**မှတ်ချက်။** ။မိမိလှုံ့ဆော်မှုကြောင့် ခိုးသူအား အပြစ်ဒဏ် ခံရသည်ရှိသော် မိမိလည်း အကျိုးတူ ခံစားရသည် မည်၏။

(ခုဒ္ဒသိက္ခာ ပကိဏ္ဏက ကဏ္ဍမှ သိက္ခာပုဒ်များ ဖြစ်သည်။)

**၁၇ ရဟန်းများသည် မင်းများ၏ ကစားကွင်း စသည်၌ မကြည့်အပ်ကြောင်း ပါဠိအနက်**

ရာဇာဂါရံ ပေါက္ခရဏီံ၊ ဥယျာနံ စိတ္တာဂါရကံ။
ကီဠတ္ထံ ဂစ္ဆတော ဒဋ္ဌုံ၊ အာရာမံ ဒုက္ကဋံ ကတံ။

ကီဠတ္ထံ၊ မင်း၏ကစားခြင်းငှါ။ ကတံ၊ ပြုအပ်သော။ ရာဇာဂါရံ၊ မင်းကွန်း ကိုရင်း။ (ဝါ) ကစားကွင်းကိုရင်း။ ပေါက္ခရဏီံ၊ ရေကန်ကိုရင်း။ ဥယျာနံ၊

www.burmeseclassic.com



မြို့ပတ်ဥယျာဉ်ကိုရင်း။ စိတ္တာဂါရကံ၊ ပန်းချီဆေး ရေးသော ဇရပ်ကိုရင်း။ အာရာမံ၊ မြို့တွင်းဥယျာဉ်ကိုရင်း။ ဒဠှ်ကြည့်ရှုခြင်းငှါ။ဂစ္ဆတော၊သွားသော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

၁၈ ရဟန်းများသည် ကျန်းမာလျက်ရှိက မြို့ရွာအတွင်း၌ ဖိနပ်မစီးသင့် ကြောင်း ပါဠိအနက်

န သန္တရုတ္တရော ဂါမံ၊ ကလ္လော ဝါ သဥပါဟနော။
ပဝိသေယျ န ဓာရေယျ၊ စာမရိံ မကသဗီဇနိံ။

သန္တရုတ္တရော၊ သင်းပိုင်ကိုယ်ဝတ်ကိုသာ ဝတ်ရုံ၍ရင်း။ ကလ္လော၊ ဤသာ ရှင်လန်းကျန်းမာလျက်။ သဥပါဟနော ဝါ၊ ဖိနပ်စီး၍ရင်း။ ဂါမံ၊ ရွာသို့။ န ပဝိသေယျ၊ မဝင်ရာ။ စာမရိံ မကသဗီဇနိံ၊ စာမရီမြီးဖြင့် ပြုလုပ်အပ်သော ခြင်နှင်ယပ်ကို။ န ဓာရေယျ၊ မဆောင်ရာ။

၁၉ ရဟန်းများသည် ကျန်းမာလျက်ရှိက မြို့ရွာအတွင်း၌ ထီးမဆောင်းသင့် ကြောင်း ပါဠိအနက်

အဂိလာနော န သိန္ဓေယျ၊ ကေသေ ကတ္တရိယာ ဗဟိ။
အာရာမတော န ဓာရေယျ၊ ဆတ္တံ လဗ္ဘတိ ဂုတ္တိယာ။

အဂိလာနော၊ မနာမဖျားသော ရဟန်းသည်။ ကေသေ၊ ဆံပင်တို့ကို။ ကတ္တရိယာ၊ ကတ်ကျေးဖြင့်။ န သိန္ဓေယျ၊ မကိုက်ဖြတ်ရာ။ အာရာမတော၊ အာရာမ်၏ဥပစာမှ။ ဗဟိ၊ အပ၌။ ဆတ္တံ၊ ထီးကို။ န ဓာရေယျ၊မဆောင်ရာ။ ဂုတ္တိယာ၊ မိုးအခါ၌ သင်္ကန်းကို လုံခြုံစေခြင်းငှါ။ ဓာရဏံ၊ ဆောင်ခြင်းကို။ လဗ္ဘတိ၊ ရအပ်၏။ (ဝါ) ယူဆောင်ရာ၏။

သိသင့်သိထိုက်သည့် အနည်းငယ်မျှကိုသာ ဗဟုသုတအလို့ငှါ ထည့်သွင်း ခြင်းဖြစ်၏၊ အကျယ်ကိုသိလိုပါက ခုဒ္ဒသိက္ခာ ပကိဏ္ဏက ကဏ္ဍကို ကြည့်ပါလေ။

၂၀ ပြုလုပ်မှုကိစ္စဟူသမျှကို နေ့ရက်မရွေးပဲ ပြုလုပ်သင့်ကြောင်း ပါဠိအနက်

အဇ္ဇေဝ ကိစ္စံ အာတပ်ံ၊ ကော ဇညာ မရဏံ သုဝေ။
နဟိနော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ၊ ရက်ဆိုင်းမရွေး ဤယနေ့ပင်လျှင်။ ကိစ္စံ၊ ပြုဖွယ်ကိစ္စ ဟူသမျှကို။ အာတပ်ံ၊ ယနေ့ပင်လျှင် ပြုလုပ်အပ်၏။သုဝေ၊နေ့းမြင့်ရှည်ကြာ နက်ဖန်ကာ၌။

www.burmeseclassic.com

www.burmeseclassic.com



မရဏံ၊ အခြေမှောက်ယွင်း သေပျောက်ခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ မှုချပိုင်ပိုင် သိစွမ်းနိုင်အံ့နည်း။ မဟာသေနေန၊ တပါးမကမျှားလှစွာ သောစစ်သည်အခြံအရံရှိထသော။ တေန မစ္စုနာ၊အသေသတ်ခွင်း ရှင်သေမင်းနှင့်။ သင်္ကရံ၊ ဘယ်နေ့ကျမှ ခေါ်လာပါ့ဟု ကြောင်းပြဆက်သွင်း တိုင်ပင်ချိန်းချက်ခြင်းသည်။ နဟိနော-နဟိဝေ၊ တရံတခါမျှ ယမန်အခါက မပြုခဲ့ဘူးသည်သာလျှင်ကတည်း။

**အဓိပ္ပါယ်ရှင်းလင်းချက်။** ။မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတော်၌ရှိနေစဉ်အခါ ရဟန်းတို့အား ဝိပဿနာတရားနှင့်ပတ်သက်၍ ကျင့်ကြံအားထုတ်ရန် ဟောတော်မူ၏၊ ယင်းသို့ဟောရာ၌ နက်ဖန် သဘက်ခါဟူ၍ ရက်ရွှေ့မနေအပ်ကြောင်း၊မည်သူသည်မည့်သည့်နေ့၌ သေမည်ဟု မသိကြောင်း၊ထို့ကြောင့်ယနေ့ပင်ပြုကျင့်အပ်ကြောင်းကိုဟောတော်မူ၏၊ (သတ္တဝါတို့၏ သေခြင်းသည် သေမင်းနှင့်အချိန်းအချက် ထားခြင်းသည် မရှိ၊ သေမင်းသည် - တံစိုးလက်ဆောင်ထိုး၍ ရခြင်းသည် မရှိ၊ သေမင်းနှင့် ရင်ဆိုင်၍ စစ်ပြိုင်ရခြင်း သည်လည်း မရှိ၊ သေမင်းအား အောင်နိုင်သည်ဟူ၍လည်းမရှိ၊ခပ်သိမ်းသောသတ္တဝါတို့သည် သေမင်းခေါ်ရာသို့ ကောက်ကောက်ပါအောင် လိုက်ကြရ၏။)

"ကာတဗ္ဗံ"ဟူ၍ မူကွဲရှိ၏၊ ကာတဗ္ဗံ-သည် ပြုလုပ်ခြင်း ဒါနနှင့် သင့်လျော်၏၊ အာတပံ-သည် လုံ့လ စိုက်ထုတ်ခြင်း ဝိပဿနာနှင့် သင့်လျော်၏၊ ထို့ကြောင့် မိမိတို့ကြိုက်ရာကို သုံးပါ။

(ဥပရိပဏ္ဏာသပါဠိတော် ၄-ဝိဘင်္ဂဝဂ်၊ ၁-ဘဒ္ဒေကရတ္တသုတ်)

## ၂၁ မျက်စိသည်အဆင်းနှင့်တွေ့ပါက ရာဂစိတ်ဖြစ်နိုင်ကြောင်း ပါဠိအနက်

စက္ခု ရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သော စ၊ သံဝါသံ တေန ဝါရယေ။

စက္ခု၊ မျက်စိသည်။ ရူပေန၊ အဆင်းနှင့်။ သံဝါသာ၊ ပေါင်းဆုံမိသောအခါ။ရာဂပုတ္တံ၊ရာဂတည်းဟူသော သားကို။ ဝိဇာယတိ၊ မျက်စိ၌ ဖွားမြင်၏။ သော စ၊ ထို ရာဂ တည်းဟူသော သားသည်လည်း။ မဟာနတ္ထကရော၊

www.burmeseclassic.com



ကြီးစွာသောအကျိုးမဲ့ကိုပြုတတ်၏။ တေနာ၊ ထို့ကြောင့်။ သံဝါသံ၊ မျက်စိနှင့် အဆင်း ပေါင်းဆုံမိခြင်းကို။ ဝါရယေ၊ တားမြစ်ရာ၏။

(ရာဟုလောဝါဒသုတ်)

၂၂ ခန္ဓာဝန်ကိုထမ်းဆောင်၍နေရခြင်းသည်အလွန်ပင်ပန်းကြောင်းပါဠိအနက်

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီး အပေါင်းတို့။ လောကေ၊ လောကသုံးဖြာ ဘုံသုံးရွာ၌။ ပဉ္စက္ခန္ဓာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော ဓမ္မထွေလာ ငါးခန္ဓာတို့သည်။ ဟဝေ၊ စင်စစ်။ ဘာရာ၊ လေးလံလှစွာသော ဝန်ထုပ်ဝန်ပိုးကြီးတို့ပါပေတည်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး, ယောကျ်ား,မိန်းမ ဟူသမျှသည်။ ဟိ၊ စေန်စင်စစ်။ ဘာရဟာရော၊ ပင်ပင် ပန်းပန်း ဝန်ကိုထမ်းရသော ဝန်ထမ်း အလုပ်သမား ကြီးပါပေတည်း။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း မချပဲထမ်း၍ နေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲငြိုငြင် အပိုပင်လုပ်ရသော အလုပ်ကြီး ပါပေတည်း။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း မထမ်းမရွက်ပဲ ဖုံးကနဲ ပစ်ချလိုက်ရခြင်းသည်။ သုခံ၊ချမ်းသာတကာတို့ထက် အထွဋ်အထိပ်ဖြစ်သော အမြတ်ဆုံးသောချမ်းသာ အစစ်ကြီးပါတည်း။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ၃-ဘာရဝဂ်၊ ၁-ဘာရသုတ်)

၂၃ အချိန်ကာလကိုမဖြုန်းဘဲ ရှမ်နာမ်ဖြစ်ပျက်မှုကိုရှုသင့်ကြောင်းပါဠိအနက်

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စံ အနုယုဉ္ဇေယျ၊ မောဃကာလံ န ခေပယေ။

ပဏ္ဍိတော၊ကြောင်းကျိုးမြင်သိ ပညာရှိသောသူသည်။ ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်မှု ပျက်မှု ရုပ်နာမ်နှစ်ခု သင်္ခါရ တရားစု၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့အောင် ပြုရာ၏။ နိဗ္ဗိန္ဒိတွာန၊ ငြီးငွေ့အောင် ပြုပြီးသည်ဖြစ်၍။ သကိစ္စံ၊ မိမိကိစ္စ ဟူသမျှကို။ အနုယုဉ္ဇေယျ၊ နေ့ညဥ့်မယုတ်ကြိုးစားအားထုတ်ရာ၏။ မောဃကာလံ၊ အကျိုး မပြီးအချည်းနှီးသော အချိန်ကာလကို။ န ခေပယေ၊မကုန်ခန်းစေရာသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄ စေတနာကို ကံဟူ၍ ဟောတော်မူခြင်း ပါဠိအနက်

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ဇစေတနံ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ မိန့်ဆိုတော်မူ၏။ စေတယိတွာ၊ စေတနာနှင့် စေ့ဆော်၍။ ဝါ-လှုံ့ဆော်၍။ ကာယေန၊ ကိုယ်ဖြင့်ဖြစ်စေ။ ဝါစာယ၊ နှုတ်ဖြင့် ဖြစ်စေ။ မနသာ၊ စိတ်ဖြင့်ဖြစ်စေ။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ပြုလုပ်ရာ၏။

(တိကအင်္ဂုတ္တိုရ်ပါဠိတော်)

## ၂၅ မန်လည်ဆရာတော်ဘုရား၏ ထင်ရှားသောလက်ရွေးစင်လင်္ကာများ

### ကိုယ်ပိုင်လိုဆိုး လင်္ကာ

ငါ့မြင်း ငါစီး၊ ငါ့ထီး ငါဆောင်း၊ ငါ့ကျောင်း ငါထိုင်၊ ဘယ်သူဆိုင်ဟု၊ ကိုယ်ပိုင်လိုဆိုး၊ မာနမိုး၍၊ ကြောင်းကျိုးမသိ၊ ပြုမိပြုရာ၊ မအပ်စွာတည့်။

### မင်းတို့မတော်ကြောင်း လင်္ကာ

မင်းတို့မတော်၊ တရားချော်က၊ မြေပေါ်လူများ၊ မဆိုထားနှင့်၊ မိုးဖျား နက္ခတ်၊အာကာခတ်က၊ ဂြိုဟ်နတ်ရာသီ၊ သွားမညီဘူး။

### ဗိုလ်လူယုတ်ရက် လင်္ကာ

မင်းပျက်မင်းချွတ်၊ကျင့်ဝတ်မတည်၊ယွင်းသွေဖီက၊ပြည်မချမ်းသာ၊ပြည်ကြီး နာလျက်၊ များစွာပြည်သူ၊ အိုးနှယ်ဆူ၍၊ ဗိုလ်လူယုတ်ရက်၊ စစ်ကြီးထွက်၏။

### ရှေ့ဆောင်နွားအား လင်္ကာ

ရှေ့ဆောင်နွားလား၊ အကောက်သွားက၊ နောက်နွားတသိုက်၊အကောက် လိုက်၏၊ ရှေ့ဆောင်နွားမူး၊ အဖြောင့်ကူးသော်၊ အထူးနောက်ပါ၊ နွားတကာ လည်း၊ ဖြောင့်စွာမြစ်ဦ၊ ကူးနောက်လိုက်၏။

### ဓမ္မသဘော လင်္ကာ

ဓမ္မသဘော၊ ဘယ်လိုဟောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော် ချော်နှင့်၊ ပျော်တပြုံးပြုံး၊မော်မဆုံးတည်း။

### မဟာသြသဓ လင်္ကာ

ကာမရောဂါ၊ ဝမ်းတွင်းနာကား၊ ကုရာ နတ္ထိ၊ ဆေးမရှိတည်း၊ မိမိပညာ အရင်းသာလျှင်၊ မဟာသြသဓ၊ ဆေးမည်စွရှင့်။

www.burmeseclassic.com

www.burmeseclassic.com



### မိန်းမဟူဘိ လင်္ကာ

မိန်းမဟူဘိ၊ ထိုဣတ္ထိကား၊ မရှိမကောင်း၊ ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်း ခက်၏။

### ထိုဣတ္ထိကား လင်္ကာ

လောကီဘုံသား၊ လူယောကျ်ားတို့၊ မယားဟူဘိ၊ ထိုဣတ္ထိကား၊ မရှိမကောင်း၊ ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်း ခက်၏။

### လှေနံ့မြင်းသို့ လင်္ကာ

မိန်းမဟူငြား၊ သဘောအားဖြင့်၊ ယောကျ်ားတကာ၊ ဆက်ဆံရာကြောင့်၊ ပမာမယွင်း၊ လှေနံ့မြင်းသို့၊ စီးနင်းသူနောက်၊ ကောက်ကောက်ချည့်လာ၊ ဆောင်ရာပါ၏။

### မိန်းမအလို လင်္ကာ

စိန်ကဲ ရွှေကဲ၊ ဤနှစ်ကဲထက်၊ မိန်းမကဲခပ်၊ လွန်ခဲကပ်၏၊ ယုတ်မြတ်ကောင်းဆိုး၊ ဖြောင့်ရိုးကိစ္စ၊ သဘာဝဖြင့်၊ မိန်းမအလို၊ သဘောကိုလျှင်၊ ထဲသို့ပိုက်ထား၊ ရေခွံငါးသို့၊ ထင်ရှားဘယ်ခါ၊ မသိရာဘူး။

### ကောက်ရိုးမီးသို့ လင်္ကာ

ဗာလဘုန်းကြီး၊ ကောက်ရိုးမီးသို့၊ အကြီးမကျ၊ ခဏမျှသာ၊ ပျက်စီးရာ၏။

### ရဟန်းကျင့်ဝတ် တပါးချွတ်က လင်္ကာ

သက်နှစ်ဝါဝါ၊ ဦးပြည်းကာဖြင့်၊ ပညာကင်းမဲ၊ သီလမဲ့မျိုး၊ အတွင်းဆိုးကား၊ အကျိုးတစိ၊ ဘယ်မှာရှိလိမ့်၊ မော်မိမော်မန်း၊ နေကာဆန်းနှင့်၊ ရဟန်းကျင့်ဝတ်၊ တပါးချွတ်က၊ လူနတ်မကြိုက်၊ ကဲ့ရဲ့ထိုက်၏။

### ရဟန်းဆိုးတို့ လင်္ကာ

ယုတ်မာဝမ်းရေး၊ သက်မွေးကြငြား၊ လေ့ကျက်မှားသည့်၊ ငုပ်စားမော်စား၊ အမြှော်စားနှင့်၊ ထောင့်စားခေါ်ရိုး၊ ရဟန်းဆိုးတို့။

### ရှင်ပေါက်မန်းတို့ လင်္ကာ

နှစ်ဖြာဓူရ၊ မှုလုံ့လပဲ၊ ကိစ္စမနည်း၊ အလိုသည်း၍၊ အရိုးမပီ၊ အလဇ္ဇီဖြင့်၊ ဒုဿီကျင့်ဆန်း၊ ရှင်ပေါက်မန်းတို့၊ ရဟန်းတမင့်၊ မင်းကျင့်ကျင့်က၊ ပျောက်လွင့်သတင်း၊ သီလကင်း၏။

www.burmeseclassic.com

www.burmeseclassic.com



### ရှင်ခေါ်ပြတ္ထိ သက်ာ

ရှင်တု ရှင်ဝါ၊ မဟာစောရ၊ ရှင်ခေါ်ပြတ္ထိ၊ ပါပကျင့်မျိုး၊ အလိုဆိုးဖြင့်၊ အကျိုးမဟဲ့၊ မိုက်သင်းဖွဲ့၍၊ ငရဲစီးပွား၊ ရှာသောလားသို့၊ တရားတရား၊ တဟားဟားနှင့်၊ ပြစ်များပြောဟုံ၊ တောင်နှယ်ပုံ၏။

### ကံကိုယုံ၍မနေရာ သက်ာ

ကံကို ယုံ၍၊ မီးပုံ အတွင်း၊ မဆင်းထိုက်စွာ၊ ကျွားရဲရာလည်း၊ ကြမ္မာ အကြောင်း၊ မရှိးကောင်းတည့်၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။

### ကံကိုချည်းသာ မကိုးရာ သက်ာ

လုံ့လမထူ၊ ဉာဏ်မကူပဲ၊ အယူတစောင်း၊ ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟူ၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွာတည့်၊ တံငါလက်တွင်း၊ ရောက်လျှင်းတုန်ငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော။

**အဓိပ္ပါယ်။** ။ရှေးအခါကာလက ဂင်္ဂါမြစ်အတွင်း၌ ကံကိုယုံသော ငါး၊ ဉာဏ်ရှိသော ငါး၊ ဝီရိယရှိသော ငါး ဟူ၍ ငါး သုံးကောင် ရှိ၏၊ တနေ့သော် တံငါတစုတို့သည် ငါးရှာရန်အလို့ငှါ ဂင်္ဂါမြစ်ကမ်းနား၌ ပိုက်ကွန်များကိုပြင်ဆင်ကြလေလျှင် ဝီရိယရှိသော ငါးသည် တံငါတို့နှင့် ဝေးရာ လွတ်ကင်းရာ အရပ်သို့ ပြေးလေ၏၊ ဉာဏ်ရှိသောငါးသည် ဉာဏ်နှင့်ယှဉ်၍ သတိထားကာ အစာစားမြဲနေရာ၌ပင် စား၏၊ ကံကို ယုံသော ငါးသည်ကား ကံအားကိုးဖြင့် စားမြဲနေရာ၌ပင် ကျက်စား၍ နေ၏၊ တံငါတို့သည် ပိုက်ကွန်ကို ဝိုက်တား၍ ဖမ်းသည်ရှိသော်ဉာဏ်ရှိ သောငါးနှင့် ကံယုံသော ငါးနှစ်ကောင်တို့သည် အများနှင့်အတူ ပိုက်အတွင်း၌ မိကြ၏၊ယင်းသို့မိစဉ်တွင် ဉာဏ်ရှိသောငါးသည် အသေ ယောင်ဆောင်၍နေ၏၊ကံယုံသောငါးသည် ကံရှိက လွတ်လိမ့်မည်ဟု ကံအားကိုးဖြင့်နေ၏၊ တံငါတို့သည် အသေယောင်ဆောင်သော ငါး သေကို ပစ်ထား၍ ရှင်နေသော ငါးများကိုသာ သတိရှိစွာဖြင့် ဖမ်းယူ ကြ၏၊ ထိုဖမ်းယူသည့်အထဲ၌ ကံကိုယုံသော ငါးသည် ပါသွား၏၊ အသေယောင်ဆောင်နေသော ဉာဏ်ရှိသော ငါးသည် တံငါများ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားစဉ် သတိအလစ်၌ ပိုက်ကွန်အတွင်းမှ ခုန်ထွက်၍ပြေးသဖြင့် သေဘေးမှ လွတ်၏။

ဝီရိယရှိသော ငါးသည် လွတ်ထိုက်သောကံလည်းရှိသဖြင့် ဝီရိယနှင့် ယှဉ်တွဲ၍ အသုံးပြုသောကြောင့် သေတွင်းမှလွတ်၏၊ ဉာဏ်ရှိသော ငါးသည် လွတ်ထိုက်သော ကံလည်းရှိသဖြင့် ဉာဏ်နှင့်ယှဉ်တွဲ၍ အသုံး ပြုသောကြောင့် သေဘေးမှ လွတ်၏။

ကံယုံသော ငါးသည် လွတ်ထိုက်သော ကံရှိသည် ဖြစ်သော်လည်း ကံကိုသာ အားကိုး၍ဉာဏ်နှင့်ဝီရိယကို အသုံးမပြုသဖြင့် သေဘေးနှင့် ကြုံတွေ့ရ၏။

(၅၅၀-မိတ္တဝိန္ဒဇာတ် ပဌမတွဲ)

**မှန်ကင်းတလှဲ ထင်းတလှဲ လင်္ကာ**

သစ်ငုတ်မြင့်ထို၊ မြက်မြင့်တုံနှင့်၊ တူပုံမယွင်း၊ ရွှေရောင်ဝင်းလည်း၊ မှန်ကင်း တလှဲ၊ထင်းတလှဲသို့၊လူ၏ထုံးစံ၊လောကဓံကား၊ငါ့ထံမရောက်၊မဆိုလောက်နှင့်။

**ဘုန်းရှိပေါ်ရောက် ဘုန်းမဲ့ပျောက် လင်္ကာ**

သူတည်းတယောက်၊ ကောင်းဖို့ရောက်က၊ သူတယောက်မှာ၊ ပျက်မြဲ သဘောသို့၊ စမ္ပတာယူဘိ၊ မောင်မှတ်သိလော့၊ ဘုန်းရှိပေါ်ရောက်၊ ဘုန်းမဲ့ ပျောက်၏။

**သူယုတ်မာ၌ တရားမသိ လင်္ကာ**

သူမိုက်,တိရစ္ဆာန်၊ နိဗ္ဗာန်စကားအလွန်ခါး၏၊ နားပါးမဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောမိပါက၊ အပြစ်ရ၏။

**လူမိုက်ကဲ့ရဲ့သော်လည်း အရာမဟုတ် လင်္ကာ**

လူမိုက်တသောင်း၊ ကဲ့ရဲ့ကြောင်းလည်း၊ လူကောင်း တယောက်၊ ချီးမွမ်း ပျောက်၏။

**လူမိုက်ချီးမွမ်းသော်လည်း၊ အရာမဟုတ် လင်္ကာ**

လူမိုက်တသောင်း၊ ချီးမွမ်းကြောင်းလည်း၊လူကောင်းတယောက်၊ပြစ်တင် ကြောက်လော့။

www.burmeseclassic.com

www.burmeseclassic.com



**၂၆ အနန္တသူရိယအမတ်ကြီး၏ အမျက်ဖြေလင်္ကာ**

၁။ သူတည်းတယောက်၊ ကောင်းဖို့ရောက်မူ၊ သူတယောက်မှာ၊ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြင့်နှုန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မက္ခာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တသက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အား မသတ်၊ ယခု လွှတ်လည်း၊ ပလွှတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကြည်၊ အတည်မမြဲ၊ ဖေါက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုန်၏၊ ခိုက်ကြုံဝိပါက်၊သံသာစက်၌၊ ကြုံလတ်တုံမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သံ၊သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သေးသည် အနိစ္စာ၊ ငါခန္ဓာတည်း။

**အဓိပ္ပါယ်ဖေါ်ပြချက်။** ။နောင်တော်ဘုရင် မင်းယဉ်နရသိခ်ကို လုပ်ကြံ၍ ပုဂံပြည် ထီးနန်းကို သိမ်းပိုက်စိုးစံသော ညီဖြစ်သူ နရပတိစည်သူမင်းသည် နောင်တော်၏ အထိန်းတော်သားဖြစ်သော အနန္တသူရိယအမတ်ကို နောင်ရေးအတွက် စိတ်မချရသဖြင့် သုသာန်သို့ ထုတ်ခေါ်ခုတ်၍ သတ်စေရာ အမတ်ကြီးသည် ပညာရှိပြီသစ္စာ သတ္တိရှိရှိနှင့် အထက်ပါ အမျက်ဖြေလင်္ကာလေးပိုဒ်ကို နရပတိဘုရင်မင်းမြတ်အား ဆက်သွင်းခဲ့လေ၏။

**၂၇ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော တရားကျင့်ရာအရပ် လင်္ကာ**

မနီး မဝေး၊ သွားရေး မခက်၊ ဆိတ်ငြိမ်သက်လျက်၊ မှက်, ခြင် ပါးနည်း၊ ပစ္စည်းမပန်း၊ ကျမ်းတတ်လည်းရှိ၊ မြတ်သည့်နေရာ၊ ကျောင်းတိုက်တာတည်း။

**၂၈ လူဖြစ်စေကာမူ သံဃာစာရင်း၌ပါဝင်သော ပုဂ္ဂိုလ်များ၏ ဒေသနာတော်**

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊ ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊ န် တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

www.burmeseclassic.com

www.burmeseclassic.com



ယေ၊ အကြင် သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။ ဂမ္ဘီရပညေန၊ နက်နဲသော ပညာဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။ သုဒေသိတာနိ၊ ကောင်းစွာ ဟောတော်မူအပ်ကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဝိဘာဝယန္တိ၊ ထင်ရှားခြင်းသို့ ပြုကုန်၏။ တေ၊ ထိုသတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဘုသံ၊ ပြင်းစွာ။ ပမတ္တာ၊ မေ့လျော့ခြင်း ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စာပိ၊ အကယ်၍ မေ့လျော့ကုန်ငြားလည်း။ တေ၊ ထိုသတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ၊ ရှစ်ခုမြောက်သော။ ဘဝံ၊ ဘဝကို။ န အာဒိယန္တိ၊ မယူကုန်။ သံဃေ၊ သံဃာတော်မြတ်၌။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့သော သစ္စာစကားကြောင့်။ ဝေါ၊ သင်တို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**အဓိပ္ပါယ်။** ။ခုနစ်ဘဝ ပဋိသန္ဓေ နေမည့် ပုဂ္ဂိုလ်ကို သတ္တက္ခတ္တု ပရမ သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်၏၊ ထိုသောတာပန်ပုဂ္ဂိုလ်သည် အရိယာ ဂိုဏ်းဝင် ပရမတ္ထ သံဃာများ ဖြစ်ကြ၍ လူ့နတ်စည်းစိမ်ကို ခံစားပြီး မည်သို့ပင် မေ့လျော့နေစေကာမူ ခုနစ်ဘဝထက်ပို၍ ပဋိသန္ဓေ မနေရ သည်ကို သောတာပန်ဟု ခေါ်၏၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့တွင် ကျောင်းအမ ဝိသာခါသည် ခုနစ်နှစ် အရွယ်မှစ၍ရင်း၊ (၁၆) နှစ် အရွယ်ရှိ အာဠဝီပြည်မှ ရက်ကန်းသည်မ အမျိုးသမီးကလေးသည်ရင်း သောတာပန်များဖြစ်ကြ၏၊ ဘုရားရှင်လက်ထက်တော်၌ လူယောကျ်ား လူမိန်းမ စသောများစွာသော သောတာပန်တို့သည် အရိယာဂိုဏ်းဝင် များဖြစ်ကြ၏၊ ဤဒေသနာတော်အရ သောတာပန်သည် သံဃာဟု ဆိုပါမူ ထိုပုဂ္ဂိုလ်တို့သည် လူသံဃာများသာလျှင် ဖြစ်ကြကုန်၏၊ ဘုရား ရှင်လက်ထက်တော်၌ သာဝတ္ထိပြည်၌ပင် လူအရိယာ ငါးကုဋေ ရှိ၏ဟု ဆိုပါသည်၊ ထို့ကြောင့် လူဖြစ်စေ၊ ရဟန်းဖြစ်စေ အရိယာဂိုဏ်းဝင် ပုဂ္ဂိုလ်အပေါင်းကို သံဃာဟု ခေါ်ပါသည်။

(ခုဒ္ဒကပါဌ သုတ္တနိပါတ် ရတနသုတ် ပါဠိတော်)

www.burmeseclassic.com

www.burmeseclassic.com



## ၂၉ သောတာပန်သည် အကုသိုလ် ပြုမိစေကာမူ အပါယ် မကျရောက်သော ဒေသနာတော်

ကိဉ္စာပိ သော ကမ္မံ ကရောတိ ပါပကံ၊ကာယေန ဝါစာ ဥဒ စေတသာဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊ အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သော၊ ထို သောတာပန်ပုဂ္ဂိုလ်သည်။ကာယေနဝါ၊ ကိုယ်ဖြင့်၎င်း။ ဝါစာ-ဝါစာယ ဝါ၊ နှုတ်ဖြင့်၎င်း။ ဥဒ၊ ထိုမှ။ (ဝါ-ထိုမှတပါး။) စေတသာ ဝါ၊ စိတ်ဖြင့်၎င်း။ ပါပကံ၊ မကောင်းသော။ ဝါ၊ ယုတ်မာသော။ ကမ္မံ၊ အမှုကို။ ကိဉ္စာပိ ကရောတိ၊ အကယ်၍ ပြုလုပ်စေကာမူ။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ တဿ၊ ထိုပြုအပ်ပြီးသော မကောင်းမှုကို။ ပဋိစ္ဆဒါယ၊ ဖုံးလွှမ်းခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ ဒိဋ္ဌပဒဿ၊ နိဗ္ဗာန်ကို မြင်အပ်ပြီးသော သောတာပန်ပုဂ္ဂိုလ်အား။ အဘဗ္ဗတာ၊ ပြုအပ်ပြီးသော အကုသိုလ် ဖုံးလွှမ်းခြင်းငှါမထိုက်သည်၏ အဖြစ်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ သံဃေ၊ သံဃာတော်မြတ်၏။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ၊ မြတ်၏။ ဧတေန သစ္စေန၊ဤသို့သော သစ္စာစကားကြောင့်။ ဣမေသံ၊ ဤသတ္တဝါအပေါင်းတို့အား။သုဝတ္ထိ၊ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**အဓိပ္ပါယ်။** ။သောတာပန်ပုဂ္ဂိုလ်သည် အကုသိုလ်ကို သတိမေ့လျော့၍သော်၎င်း၊ အမှတ် မထင်၍ သော်၎င်း ပြုမိခဲ့သော်၊ ထိုအကုသိုလ်သည် သောတာပန်ပုဂ္ဂိုလ်အား ဖုံးလွှမ်းခြင်းငှါ မထိုက်တော့ပြီဟူ၍ မြတ်စွာဘုရားသည် ဤဒေသနာတော်ဖြင့် ဟောတော်မူခဲ့၏။

(ခုဒ္ဒကပါဌ သုတ္တနိပါတ် ရတနသုတ်ပါဠိတော်)

## ၃၀ ရဟန္တာသည် ကံဟောင်းကုန်ပြီး၍ ကံသစ်မဖြစ်တော့သောဒေသနာတော်

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊ ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

www.burmeseclassic.com

www.burmeseclassic.com



ယေသံ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့အား။ ပုရာဏံ၊ အဟောင်းဖြစ်သော ကံသည်။ ခီဏံ၊ ကုန်ပြီ။ နဝ သမ္ဘဝံ၊ အသစ်ဖြစ်သော ကံသည်။ နတ္ထိ၊ မရှိ။ အာယတိကေ၊ လာလတံ့သော။ ဘဝသ္မိံ၊ ဘဝ၌။ ဝိရတ္တစိတ္တာ၊ မတပ်သော စိတ်ရှိကုန်၏။ ခီဏဗီဇာ၊ ကုန်ပြီးသော ပဋိသန္ဓေ မျိုးစေ့ ရှိကုန်၏။ အဝိရုဠှိဆန္ဒာ၊ ပဋိသန္ဓေနေခြင်းမှ ကင်းသော ဆန္ဒရှိကုန်၏။ အယံ ပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗုတော ယထာ၊ ငြိမ်းဘိသကဲ့သို့။ ဓီရာ၊ ပညာရှိကုန်သော။ တေ၊ ထိုရဟန္တာတို့သည်။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏။ သံဃေ၊ ရဟန္တာ သံဃာတော်မြတ်၏။ဣဒမ္ပိ ရတနံ၊ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့သော သစ္စာစကားကြောင့်။ ဣမေသံ၊ ဤသတ္တဝါ အပေါင်းတို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ဖြစ်ပါစေသတည်း။

**အဓိပ္ပါယ်။** ။အရဟတ္တဖိုလ်သို့ ရောက်ပြီးကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ရှေးက ပြုခဲ့ဘူးသော ကံအဟောင်းသည် ကုန်ခြင်းသို့ ရောက်၏။ ပဋိသန္ဓေ နေမှုသည်လည်း ကုန်ဆုံးခြင်းသို့ ရောက်၏၊ ကံအသစ်သည်လည်း နောက်တဖန် မဖြစ်၊ ဆီမီး ထွန်းညှိသကဲ့သို့ ဆိကုန်မီးငြိမ်းခြင်း အဖြစ်သို့ ရောက်ကြကုန်၏။

(ခုဒ္ဒကပါဠ သုတ္တနိပါတ် ရတနသုတ်ပါဠိတော်)

**၃၁ အညမည မိတ်ဆွေ အချင်းချင်း ဆင်းရဲမှုကို မလိုလားသင့်ကြောင်း ဒေသနာတော်**

နံ ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ-နာညမညဿ ဒုက္ခမိစ္ဆေယျ။

ပရော၊တယောက်သောသူသည်။ပရံ၊တယောက်သောသူကို။န နိကုဗ္ဗေထ၊ အမျက်မထွက်ရာ။ကတ္ထစိ၊ တစုံတခုသောအရာ၌။ ကိဉ္စိ၊ တစုံတယောက်သော။ နံ ဇနံ၊ ထိုသူကို။ ဗျာရောသနာ-ဗျာရောသနာယ၊ဖောက်ပြန်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ညှဉ်းဆဲခြင်း ချုတ်ချယ်ခြင်းဖြင့်၎င်း။ပဋိဃသညာ-ပဋိဃသညာယ၊ရန်အမျက်လိုသော စိတ်ထားဖြင့်။ နာတိမညေထ၊ မထေမဲ့မြင် မပြုရာ။အညမညဿ၊တယောက်သည် တယောက်၏။ (ဝါ) အချင်းချင်း။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ န ဣစ္ဆေယျ၊ အလိုမရှိရာ။

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပါယ်။ ။မိတ်ဆွေ ရောင်းရင်း သူငယ်ချင်းချင်း တဦးနှင့်တဦး ဆင်းရဲမှုကို မလိုလားမူ၍ ချမ်းသာမှုကို လိုလားသဖြင့် မေတ္တာစိတ် အမြဲထားရှိရန် ဟောတော်မူခဲ့လေ၏။

(ခုဒ္ဒကပါဠိ သုတ္တနိပါတ် မေတ္တာသုတ် ပါဠိတော်)

၃၂ အရှေ့ဘက် အရပ်၌ရှိသော ဂန္ဓဗ္ဗနတ်တို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။

တေပိ တုမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့ဘက်မျက်နှာ အရပ်ဒေသ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကြကုန်သော။ ဘူတာ၊ ဂန္ဓဗ္ဗနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုဂန္ဓဗ္ဗနတ်တို့သည်လည်း။ တုမှေ့၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်၎င်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်၎င်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

၃၃ တောင်ဘက် အရပ်၌ရှိသော ကုမ္ဘဏ်နတ်တို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း

ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။

တေပိ တုမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ တောင်ဘက်မျက်နှာ အရပ်ဒေသ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ဒေဝါ၊ ကုမ္ဘဏ်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုကုမ္ဘဏ်နတ်တို့သည်လည်း။ တုမှေ့၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်၎င်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်၎င်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

၃၄ အနောက် အရပ်၌ ရှိသော နတ်နဂါးတို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း

ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။

တေပိ တုမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ။

www.burmeseclassic.com

www.burmeseclassic.com



ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊အနောက်ဘက်မျက်နှာအရပ်ဒေသ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ နာဂါ၊ နတ်နဂါးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်နဂါးတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်၎င်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်၎င်း။ အနုရက္ခန္တု၊အစဉ် စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

၃၅. မြောက်ဘက် အရပ်၌ရှိသော နတ်ဘီလူး တို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း

ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ တုမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဥတ္တရသ္မိံ ဒိသာဘာဂေ၊မြောက်ဘက်မျက်နှာ အရပ်ဒေသ၌။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ ယက္ခာ၊ နတ်ဘီလူးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်ဘီလူး တို့သည်လည်း။ တုမှေ၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်၎င်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်၎င်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

၃၆ လောကပါလ နတ်မင်းကြီးလေးပါးအား စောင့်ရှောက်ပါရန်ပင့်ဖိတ်ခြင်း

ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေပိ တုမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ပုရတ္ထိမေန၊ မြင်းမိုရ်တောင်မှအရှေ့ဘက်မျက်နှာအရပ်ဒေသ၌။ ဓတရဋ္ဌော၊ ဓတရဋ္ဌနတ်မင်းကြီးသည်လည်းကောင်း။ ဒက္ခိဏေန၊ မြင်းမိုရ်တောင်မှ တောင်ဘက်မျက်နှာ အရပ်ဒေသ၌။ ဝိရူဠှကော၊ ဝိရူဠှက နတ်မင်းကြီး သည်လည်းကောင်း။ ပစ္ဆိမေန၊ မြင်းမိုရ်တောင်မှ အနောက်ဘက်မျက်နှာ အရပ်ဒေသ၌။ ဝိရူပက္ခော၊ ဝိရူပက္ခနတ်မင်းကြီးသည်လည်းကောင်း၊ဥတ္တရံဒိသံ၊ မြင်းမိုရ်တောင်မှ မြောက်ဘက်မျက်နှာ အရပ်ဒေသ၌။ ကုဝေရော၊ ကုဝေရ နတ်မင်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း။ စတ္တာရော၊ လေးပါးကုန်သော။ တေ မဟာရာဇာ၊ ထို စတုမဟာရာဇ်နတ်မင်းကြီးတို့သည်။ လောကပါလာ၊ လူတို့ကို စောင့်တတ်ကုန်၏။ ယသဿိနော၊ များသောအခြံအရံရှိကုန်၏။ တေပိ၊ ထိုစတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်ရင်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်ရင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

**၃၇ ကောင်းကင်၌ တည်ရှိသော နတ်မင်းကြီးတို့အား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း**

အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ တုမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ အာကာသဋ္ဌာ၊ ကောင်းကင်၌ တည်ကုန်သော။ ဘူမဋ္ဌာ၊ မြေ၌တည်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ နာဂါ စ၊ နဂါးတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်နဂါးတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်ရင်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်ရင်း။ အနုရက္ခန္တု၊ အစဉ် စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

**၃၈ သာသနာတော်၌ တည်ရှိကုန်သောနတ်မင်းကြီးများအား စောင့်ရှောက်ပါရန် ပင့်ဖိတ်ခြင်း**

ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ တုမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ဣဓ သာသနေ၊ ဤသာသနာ၌။ ဝသန္တာ၊ နေထိုင်ကြကုန်သော။ ဣဒ္ဓိမန္တော၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြကုန်သော။ ယေ ဒေဝါ စ၊ အကြင် နတ်မင်းတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုနတ်မင်းတို့သည်လည်း။ တုမှေ၊ သင်တို့ကို။ အရောဂေန စ၊ အနာမရှိသဖြင့်ရင်း။ သုခေန စ၊ ချမ်းသာခြင်းဖြင့်ရင်း။ အနုရက္ခန္တု၊ အစဉ်စောင့်ရှောက်ကြစေကုန်သတည်း။

(သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ်)

www.burmeseclassic.com

www.burmeseclassic.com



**၇၉ ခပ်သိမ်းသော ဘေးအပေါင်း ကင်းကြပါစေကြောင်း ဆုတောင်းဂါထာ**

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

သဗ္ဗီတိယော၊ ခပ်သိမ်းသော ဘေးဥပဒ္ဒဝေါတို့သည်။ ဝိဝဇ္ဇန္တု၊ ရှောင်ကြဉ်ရှားကြစေကုန်သတည်း။ သောကော စ၊ စိုးရိမ်ကြောင့်ကြခြင်းသည်၎င်း။ ရောဂေါ စ၊အနာရောဂါသည်၎င်း။ဝိနဿတု၊ပျောက်ကင်းကြပါစေသတည်း။ တုမှေ၊ သင်တို့အား။ အန္တရာယော၊ အန္တရာယ်အပေါင်းတို့သည်။ မာ ဘဝန္တု၊ မကျရောက်ပါစေကုန်သတည်း။ သုခီ စ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းသည်၎င်း။ဒီဃာယုကော စ၊အသက်ရှည်ခြင်းသည်၎င်း။ဘဝ၊ဖြစ်ကြပါစေသတည်း။
(သုတ်ပါထေယျ ပါဠိတော် အာဋာနာဋိယသုတ်)

**အမှာစာ။** ။မူရင်းပါဠိတို့၌ (တေပိ အမှေ နုရက္ခန္တု) ဟု ပါရှိ၏၊(အမှေ) ဟူသော ပါဠိသည် ငါတို့ကို ဟူ၍ ပရိတ်ရွတ်သူတို့ အတွက်ကိုသာ စောင့်ရှောက်ပါဟု ဆိုထားသဖြင့် အများသတ္တဝါအတွက် မပါမရှိပေ၊ (တုမှေ)ဟူသော ပါဠိသည် သင်တို့ကို ဟူ၍ အများသတ္တဝါကို ဆိုထားသဖြင့် သတ္တဝါအများထဲ၌ မိမိလည်း ပါရှိနေပြီဖြစ်သည်၊ တဖန် (အနုရက္ခန္တု)အစဉ်စောင့်ရှောက်ကြစေကုန်သတည်းဟု အဆုံးသတ်ထားသည်ဖြစ်၍ (တေပိ တုမှေ နုရက္ခန္တု)သည် ပို၍လည်းသဘာဝကျပါသည်၊ အများသတ္တဝါကို မေတ္တာပို့ထားသဖြင့် အကျိုးလည်း ပိုရှိပါသည်၊ ထို့ကြောင့် ဆရာတော် ဦးဇဋိလ စသော ထင်ရှားသော မဟာဂန္ထိက ဆရာတော် ဘုရားကြီးများလည်း တုမှေ-ဟုပင် ရွတ်ဆို မေတ္တာပို့ကြပါသည်။

**၈၀ ရတနာသုံးပါး၏ အာနုဘော်ကြောင့် ဘေးရန်အပေါင်း ကင်းစေကြောင်း ဆုတောင်း ဂါထာ**

(က) ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။
(ခ) .... .... ။ ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။
(ဂ) .... .... ။ သံဃာနုဘာဝေန ဝိနာသ မေန္တု။

www.burmeseclassic.com

www.burmeseclassic.com



(က) ယံဒုန္နိမိတ္တဥ္စ၊ အကြင် ဥက္ကာကျခြင်း,ကြယ်ကြွေခြင်း, လကြပ်ခြင်း တော်လဲခြင်း, ဥပဒ်ပျံခြင်း တည်းဟူသော မကောင်းသော အတိတ် နိမိတ် သည်၎င်း။ ယံ အဝမင်္ဂလဥ္စ၊ အကြင် မြင်ခြင်း, ကြားခြင်း,တွေ့ခြင်း ဟူသော မကောင်းသော အမင်္ဂလာသည်၎င်း။ သကုဏဿ၊ ငှက်ဆိုး၏။ အမနာပေါ၊ စိတ်နှလုံးကို မရွှင်ပြုံးစေတတ်သော။ယော သဒ္ဒေါ စ၊ အကြင် မကောင်းသော အသံသည်၎င်း။ ယော ပါပဂ္ဂဟော စ၊ အကြင် တနင်္ဂနွေ,အင်္ဂါ,စနေ,ရာဟု-ဟု ဆိုအပ်သော မကောင်းသော ပါပဂြိုဟ်သည်၎င်း။ အကန္တံ၊ နှစ်သက်ခြင်း မရှိသော။ ယံ ဒုဿုပိနဥ္စ၊ အကြင် မကောင်းသော အိပ်မက်ဆိုးသည်၎င်း။ သန္တိ၊ ရှိကုန်၏။ တေ၊ထိုမကောင်းသော ထိတ်လန့်ဖွယ်ရာ ဟူဟူသမျှတို့သည်။ ဗုဒ္ဓါနုဘာဝေန၊ဘုရားရှင်၏ဂုဏ်ကို အာရုံပြု၍ ဖြစ်ပေါ်သော စေတနာ အာနုဘော်တော်ကြောင့်။တုမှေ၊ သင်တို့အား။ ဝိနာသံ၊ဘေးရန်အပေါင်း ကင်းစင် လွင့်ပျောက်ခြင်းသို့။ ဧန္တု၊ ရောက်ကြပါစေကုန်သတည်း။

(ခ) .... ဓမ္မာနုဘာဝေန၊ တရားတော်၏ဂုဏ်ကို အာရုံပြု၍ ဖြစ်ပေါ်သော စေတနာ အာနုဘော်တော်ကြောင့်။ တုမှေ၊ သင်တို့အား။ ဝိနာသံ၊ ဘေးရန် အပေါင်း ကင်းစင်လွင့်ပျောက်ခြင်းသို့။ ဧန္တု၊ ရောက်ကြပါစေကုန်သတည်း။

(ဂ) .... သံဃာနုဘာဝေန၊ သံဃာတော်မြတ်၏ဂုဏ်ကို အာရုံပြု၍ဖြစ်ပေါ် သော စေတနာ အာနုဘော်တော်ကြောင့်။ တုမှေ၊ သင်တို့အား။ ဝိနာသံ၊ ဘေးရန်အပေါင်း ကင်းစင် လွင့်ပျောက်ခြင်းသို့။ ဧန္တု၊ ရောက်ကြပါစေကုန် သတည်း။

(တိကအင်္ဂုတ္တိုရ်ပါဠိတော်မှ ပုဗ္ဗဏှသုတ် ပါဠိ)

**၄၁ ဒုက္ခ, ဘယ, သောကမှ ကင်းဝေးကြစေကြောင်း ဆုတောင်း ဂါထာ**

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ၊ သည်းအူလိုက်လှဲ ပူမီးစွဲမျှ အမြဲလောင်တောက် ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ ကောင်းကင်အလုံး ရေမြေဆုံးအောင် သိမ်းကျုံး လွှမ်းခြုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သံသရာဝဋ် မကွာကျွတ်၍

www.burmeseclassic.com



မလွတ်သမျှ ဘုံဘဝမှ ကြုံရများစွာ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ စ၊ ဝရဇိန်ဖေါက်ခွဲ ကျောက်တောင်လဲသကဲ့သို့ ပြတ်စဲပျောက်ရှင်း ဆင်းရဲခြင်းကင်းကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာ၊ ဥပဒ်ရောဇထွေး ဇောမအေးပဲ ရှောင်ပြေးမပေါက် ဘေးထိခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ ကောင်းကင်အလုံး ရေမြေဆုံးအောင် သိမ်းကျုံးလွှမ်းခြုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သံသရာဝဋ်မကျွတ်ကျွတ်၍ မလွတ်သမျှ ဘုံဘဝမှ ကြုံရများစွာ သတ္တဝါတို့သည်။နိဗ္ဘယာ စ၊ နေရှိန်မင်းကြောက် ဆီးနှင်းပေါက်သို့ ခန်းခြောက် မကြွင်း ဘေးရောက်ခြင်းကင်းကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သောကပ္ပတ္တာ၊ဒေါမနရှိန် သောကနှိမ်၍ ညှိုးမှိန်နွမ်းခြောက် စိုးရိမ်ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ ကောင်းကင်အလုံး ရေမြေဆုံးအောင် သိမ်းကျုံးလွှမ်းခြုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊သံသရာဝဋ် မကျွတ်ကျွတ်၍ မလွတ်သမျှ ဘုံဘဝမှ ကြုံရများစွာ သတ္တဝါတို့သည်။ နိသောကာ စ၊ သောကကင်းဝေး နေနိုင်ရေးသို့ ညှိုးမှိန်မယှဉ်း စိုးရိမ်ခြင်း ကင်းကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(တိကအင်္ဂုတ္တိုရ်ပါဠိတော် ပုဗ္ဗဏှသုတ်)

## ၄၂ ကောင်းမှု ပေးဝေသည်ကို ဝမ်းမြောက် ရွှင်လန်းစွာ ခံယူကြပါမည့် အကြောင်း ဂါထာ

ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

ဧတ္တာဝတာ စ၊ဤမျှကြိုးကုတ် စွမ်းအားထုတ်၍ မယုတ်စေရပြုလုပ်ရသဖြင့်လည်း။ အမှေဟိ၊ ဘဝဝဋ်ကမ်း လွတ်ရာလမ်းသို့ ကျွတ်တန်းပန်ဆု ကျွန်ုပ်တို့တစုသည်။ သမ္ဘတံ၊ ယခုအေးမှု နေ့ာင်ရေးပြု၍ တွေးရှုရည်စူး ဖြည့်ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ အပေါင်းစုမြုပ် ကောင်းမှုထုပ်၏ မယုတ်မယှင်း ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ရှိန်ဝါတောက်လင်း နောက်ပါသင်းနှင့် ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ဒေဝါ၊စကြာဝဠာသောင်းတိုက် ပေါင်းတစိုက်မှ ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်လာပြား နတ်အများတို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ လူနတ်နိဗ္ဗာန်အကျိုးမှန်ကို မျိုးခံနှီးရင်း ပြီးစီးစေခြင်းအကျိုးငှါ။ အနုမောဒန္တု၊ ကြည်လင်မနော ဘဝင်ဇောနှင့် ရွှင်မော ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

(တိုကအင်္ဂုတ္တိုရ်ပါဠိတော် ပုဗ္ဗဏှသုတ်)

**၄၄ ကောင်းမှု ပေးဝေပြီး၍ မိမိတို့ လိုရာအရပ်သို့ ပြန်ကြနိုင်ပါကြောင်း သတိပေး နှိုးဆော်ဂါထာ**

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

သဒ္ဓါယ၊ ရတနာသုံးပါးနှင့်တကွ ကံ ကံ၏ အကျိုးတရားကိုယုံကြည်၍။ ဒါနံ၊ ဒါတဗ္ဗဝတ္ထု အစုစုနှင့် တကွ လှူဒါန်းဖွယ်ရာ အဖြာဖြာကို။ ဒဒန္တု၊ သူတော်ရဟန်း ရည်မျှော်မှန်း၍ လှူဒါန်း နိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သီလံ၊ ငါးပါးသီလ, ရှစ်ပါးသီလဟု ဆိုအပ်သော သီလတော်မြတ်ကို။ ရက္ခန္တု၊ ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ ဘာဝနာကမ္မဋ္ဌာန်း၌ ပွားများအားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ အများညီညာ (တရားနာ) ဟု (သို့မဟုတ်) (ပရိတ်နာဟု) ထားကာစိတ်စွဲ တအားခဲ၍ အတွဲမိတ်စုံ လာကြကုန်သော။ ဒေဝတာ၊ အကြောင်းဆက်ကာ သောင်းစကြာမှ ရောက်လာကြသောင်း လူနတ်ပြဟ္မာ အပေါင်း သူတော်ကောင်းတို့သည်။ ဂစ္ဆန္တု၊ (တရားတော်ပွဲ) သို့မဟုတ် (ပရိတ်တော်ပွဲ) ပြီးကုန်စဲ၍ နေမြဲရပ်ဘုံ ပြန်ကြပါကုန်ဇေ့သတည်း။

(တိုကအင်္ဂုတ္တိုရ်ပါဠိတော် ပုဏှာမွသုတ်)

**၄၅ ရတနာ သုံးပါးကို အာရုံပြုရသော စေတနာကြောင့် နတ်မင်းများမှ စောင့်ရှောက်၍ ကျန်းမာစေကြောင်း ဂါထာ**

(က) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(ခ) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(က) သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသောချမ်းသာခြင်းနှင့်တကွကောင်းမြတ်သော ကျက်သရေမင်္ဂလာအပေါင်းသည်။ ဘဝတု၊ ပြည့်စုံပါစေသတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်းသော သမ္မာဒေဝနတ်ကောင်းနတ်မြတ်အပေါင်းတို့သည်။ ရက္ခန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းသော ဘုရားရှင်တို့၏ ဂုဏ်ကို အာရုံပြု၍ ဖြစ်ပေါ်သော စေတနာ အာနုဘော်တော်ကြောင့်။ တုမှေ၊ သင်တို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ လိုဋ္ဌာနှင့် ကျန်းမာ သန့်ရှင်း ချမ်းသာခြင်း ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(ခ) သဗ္ဗဓမ္မာနုဘာဝေန၊ ခပ်သိမ်းသောတရားတော်မြတ်၏ဂုဏ်ကို အာရုံပြု၍ ဖြစ်ပေါ်သော စေတနာအာနုဘော်တော်ကြောင့်။ တုမှေ၊ သင်တို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ လိုဋ္ဌာနှင့် ကျန်းမာသန့်ရှင်း ချမ်းသာခြင်းရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(ဂ) သဗ္ဗသံဃာနုဘာဝေန၊ ခပ်သိမ်းသော သံဃာတော် အရှင်မြတ်၏ ဂုဏ်ကို အာရုံပြု၍ ဖြစ်ပေါ်သော စေတနာ အာနုဘော်တော်ကြောင့်။ တုမှေ၊ သင်တို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ လိုဋ္ဌာနှင့် ကျန်းမာသန့်ရှင်း ချမ်းသာခြင်း ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန် သတည်း။

(တိကအင်္ဂုတ္တိုရ် ပါဠိတော် ပုဗ္ဗဏှသုတ်)

**၅၅ မြတ်စွာဘုရားသည် သတ္တဝါတို့အကျိုးငှါ ပါရမီဖြည့်ကျင့်တော်မူသော ဂါထာ**

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

မဟာကာရုဏိကော၊ ကြီးစွာသောကရုဏာရှိတော်မူပေထသော။ နာထော၊ မြတ်စွာဘုရားအရှင်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။

www.burmeseclassic.com



ဟိတာယ၊အကျိုးစီးပွားအလို့ငှါ။သဗ္ဗာ၊အလုံးစုံကုန်သော။ပါရမီ၊ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူ၍။ ဥတ္တမံ၊ မြတ်စွာသော။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သို့။ ပတ္တော၊ ရောက်တော်မူပေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ တုမှေ၊ သင်တို့အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(တိကအဂ်ုတ္တိုရ်ပါဠိတော် ပုဗ္ဗဏှသုတ်)

**၄၆ မြတ်စွာဘုရားသည် အပရာဇိတ ပလ္လင်ကို အောင်တော်မူသကဲ့သို့ သတ္တဝါတို့သည်လည်း အောင်ပါစေကြောင်း ဂါထာ**

ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

သကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်သက်ခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသခင်သည်။ ဗောဓိယာ၊ ညောင်ဗုဒ္ဓဟော၏။ မူလေ၊ အနီးဖြစ်သော အပရာဇိတပလ္လင်တော် အထက်၌။ ဇယန္တော၊ ယထာ၊ မာရ်ငါးပါးကို အောင်တော်မူသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော ကျက်သရေ မင်္ဂလာအပေါင်းသည်။ တုမှေ၊ သင်တို့အား။ ဇယဿု၊ အောင်ကြပါစေသတည်း။

သဗ္ဗဗုဒ္ဓါနံ၊ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏။ အဘိသေကေ၊ အဘိသိက်သွန်းတော်မူရာ အရပ်ဖြစ်သော။ပုထုဝိပုက္ခလေ၊ မြေတို့၏အပြင်၌ သန့်ရှင်းစင်ကြယ်တင့်တယ်သော။ သီသေ၊ မြေတို့၏အထွဋ်အထိပ်ဖြစ်သော။အပရာဇိတပလ္လင်္ကေ၊ အပရာဇိတပလ္လင်တော်ထက်၌။ အဂ္ဂပ္ပတ္တော၊ မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်ဖြစ်၍။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ပမောဒတိ၊ ဝမ်းမြောက်တော် မူပေသတည်း။

(တိကအဂ်ုတ္တိုရ်ပါဠိတော် ပုဗ္ဗဏှသုတ်)

www.burmeseclassic.com

www.burmeseclassic.com



## ၄၇ ပါဠိအကြောင်း သိကောင်းစရာ

မြန်မာပြည်၌ တရားဟောကြသော ပုဂ္ဂိုလ်များသည် ဗမာစကားဖြင့်သာ တရားဟောကြသည်၊ တရားနာယူကြသော ပုဂ္ဂိုလ်တို့သည် ပါဠိရွတ်သည်မှလွဲ၍ ဟောပြောသော တရားများကို အားလုံး နားလည်ကြ၏၊ တရားနာယူသူတို့ အထဲတွင် မြန်မာပြည်၌ နေထိုင်ကြကုန်သော တိုင်းရင်းသား လူမျိုးစုံပါ၏၊ ထိုလူမျိုးစုံတို့သည် ဗမာစကားဖြင့် ဟောသောတရားကိုအားလုံးနားလည်ကြ၏၊ ထိုအတူ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သော အချိန်ကာလက အိန္ဒိယပြည်၌ ဗုဒ္ဓခေါ် မြတ်စွာဘုရားသည် အိန္ဒိယပြည်၏ အလယ်ဗဟို ဖြစ်သော ဗာရာဏသီမြို့အနီး မိဂဒါဝုန်ဥယျာဉ်၌ ပဥ္စဝဂ္ဂီခေါ် ရသေ့ငါးဦးအား ဓမ္မစကြာတရားကို အစပြု၍ တရားဟောတော်မူ၏၊မည်သည့်စကားဖြင့် တရားဟောသနည်း၊ မဂဓတိုင်းကုလားလူမျိုးတို့၏ မဂဓကုလားစကားဖြင့် တရားဟောတော်မူ၏၊မဂဓတိုင်းသားလူမျိုးများသည် ရှေးသောအခါကအိန္ဒိယပြည်၌ လူမျိုးကြီးများဖြစ်ကြ၏၊ထိုမဂဓစကားဖြင့် တရားဟောသောအခါ အိန္ဒိယပြည်ရှိ လူမျိုးစုံနားလည်ကြ၏၊ ဗာရာဏသီ, ရာဇဂြိုဟ်, ပါဋလိပုတ် စသော မြို့တော်ကြီးများသည် အိန္ဒိယပြည်၏ အလွန် ကျယ်ဝန်းသော အလယ်ဗဟိုမှ မြို့တော်ကြီးများဖြစ်ကြ၏၊ထိုမြို့ကြီးများတွင် မဂဓ စကားကို အများဆုံးပြောဆိုသော ဌာနကြီးများဖြစ်၍ မဂဓကုလားစကားဖြင့် မြတ်စွာဘုရားမှ တရားဟောတော်မူသည်ကို အားလုံးနားလည်ကြ၏။

မြန်မာပြည်၌ ဗမာစကားသည် လူမျိုးကြီးစကားဖြစ်၍ ဗမာစကားဖြင့် တရားဟောသောအခါ လူမျိုးစုံနားလည်သကဲ့သို့ ရှေးခေတ်အခါက အိန္ဒိယ၌ မဂဓကုလားစကားဖြင့် တရား ဟောလျှင်လည်း ကုလားမျိုးစုံ နားလည်၏၊ ထိုကုလားစကားကို မြန်မာဗုဒ္ဓဘာသာများက ပါဠိဟု ခေါ်၏၊ စင်စစ်အားဖြင့် အိန္ဒိယပြည်၏ မဂဓကုလားစကားသာ ဖြစ်၏၊ ထိုမဂဓကုလားစကားသည် ထိုအရပ်ဒေသ၌ ယခုအချိန်ထိအောင် အတော်အတန် ပြော၍ရသေး၏၊ အနီးစခန်းဆရာတော်ဘုရားကြီးသည် အိန္ဒိယပြည်သို့ ဘုရားဖူးကြွသွားစဉ် အခါက ထိုအရပ်ဒေသ၌ ကုလားအမျိုးသမီး တယောက်ကို ပါဠိအခေါ် မဂဓစကားဖြင့် ပြောကြည့်၏၊ဆရာတော်ဘုရားမှပြောသည့်စကားကို ကုလားအမျိုးသမီးသည် အားလုံးနားလည်သဖြင့် ဆရာတော်အား ပြန်ပြောသည်ဟု ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးမှမိန့်ကြားတော်မူဘူးပါသည်။ (သို့သော်) အချို့သော စကားတို့၌ နှစ်ပေါင်းကြာလာပြီဖြစ်၍ဝေါဟာရများပြောင်းလွဲသဖြင့်အနည်းငယ်ကွဲပြားကြပါသည်၊ မြန်မာတို့ပါဠိသည်ကား ဝေါဟာရမပြောင်းပါ၊ပြောင်း၍လည်း မရကောင်းပါ၊ ထို့ကြောင့် နှစ်ပေါင်းကြာပြီ ဖြစ်၍ ပါဠိနှင့် မဂဓသည် အနည်းငယ်ကွဲလွဲမှု ရှိပေမည်။

**ဥပမာ။** ။မြန်မာတို့သည် လွန်ခဲ့သော ၁၉၆၂-ခုနှစ်၏ နောက်၌ (ပြည်သူပြည်သားဟူ၍)ဝေါဟာရအားဖြင့် ခေါ်ဆိုရေးသားကြ၏၊ယခုအခါ၌ ထိုစကားကို၊ခေတ်နှင့် လိုက်လျောညီစွာ(လုပ်သားပြည်သူဟူ၍) ဝေါဟာရ ပြောင်းလွဲသွားကြပြီဖြစ်၏၊ထို့ကြောင့် မြန်မာတို့အခေါ် ပါဠိနှင့် ယခုခေတ် မဂဓ ကုလားစကားတို့သည် အနည်းငယ် ကွဲပြား၍ ဝေါဟာရ ပြောင်းလွဲသွားကြမည်သာ ဖြစ်ပေသည်၊ ထိုပါဠိခေါ် မဂဓ စကားတို့သည် မြန်မာတို့ ပြောဆိုသော စကားအတွင်း၌ များစွာပင် ပါဝင်လျက် ရှိကြ၏၊ထိုပါဠိစကားများကို စာရှုသူပုဂ္ဂိုလ်တို့အား ဗဟုသုတအလို့ငှါ ထည့်သွင်း၍ဖော်ပြပါ၏။

| | ပါဠိ | အနက် | | ပါဠိ | အနက် |
|---|---|---|---|---|---|
| ၁။ | ပဏာမ | - ကိုင်းညွတ်ခြင်း (ဦးညွတ်ခြင်း) | ၁၄။ | အဓိပတိ | - အရှင်သခင်။ |
| | | | ၁၅။ | နာယက | - အကြီးအမှူး။ |
| ၂။ | ပမာဏ | - နှိုင်းယှဉ်ချက်။ | ၁၆။ | သာမည- | တူခြင်း ဆက်ဆံခြင်း။ |
| ၃။ | အညမည | - အချင်းချင်း။ | ၁၇။ | ပကတိ- | မပြုမပြင်ပင်ကိုသဘော။ |
| ၄။ | ဝိရောဓိ | - ဆန့်ကျင်ဘက်။ | ၁၈။ | ဥပမိ- | တင့်တယ်သောရုပ်။ |
| ၅။ | ယထာဘူတ- | ဟုတ်မှန်ခြင်း။ | ၁၉။ | ယေဘုယျ- | များသောအားဖြင့်။ |
| ၆။ | ဝိဝါဒ | - ကွဲပြားခြင်း။ | ၂၀။ | သံဃိက | -အများဖိုင်။ |
| ၇။ | ပဋိပက္ခ | - အချင်းများခြင်း။ | ၂၁။ | ပုဂ္ဂလိက | - တဦးပိုင်။ |
| ၈။ | သဘာဝ | - ဖြစ်ရိုးဖြစ်စဉ်။ | ၂၂။ | ဓမ္မာဓိဋ္ဌာန | - တရားသဘော။ |
| ၉။ | သဘာဝဓမ္မ- | သဘောတရား။ | ၂၃။ | ပုဂ္ဂလာဓိဋ္ဌာန- | ပုဂ္ဂိုလ်သဘော။ |
| ၁၀။ | ဝိသေသ | - ထူးခြားခြင်း။ | ၂၄။ | ဒိဋ္ဌဓမ္မ | - မျက်မှောက် တရား။ |
| ၁၁။ | အဓိက | - လွန်ကဲခြင်း။ | ၂၅။ | အာဃာတ | - ရန်ငြိုးထားခြင်း။ |
| ၁၂။ | အဓိကာရ- | ကြီးကဲလွှမ်းမိုးခြင်း။ | ၂၆။ | တေဇ | - တန်ခိုး။ |
| ၁၃။ | သဘာပတိ | -သဘင်အစိုးရသူ။ | ၂၇။ | ဩဇာ | - အရှိန်အဝါ။ |

www.burmeseclassic.com

www.burmeseclassic.com



၂၈။ ဩဝါဒ - ဆုံးမခြင်း။
၂၉။ အာဏာ - အမိန့်။
၃၀။ သမာဓိ - တည်ကြည်ခြင်း။
၃၁။ ဂုဏ - ဂုဏ်ကျေးဇူး။
၃၂။ မူလ - အရင်းခံ။
၃၃။ ပညာ - ဉာဏ်။
၃၄။ ယုတ္တိယုတ္တာ - တင့်တယ်လျောက်ပတ်ခြင်း။
၃၅။ ကထိန - ခိုင်ခံ့ခြင်း။
၃၆။ နိဒါန - နိဒါန်း။ (မူလအကြောင်းရင်း)
၃၇။ ပထမ - ရှေ့ဦးစွာ။
၃၈။ ဒုတိယ - နှစ်ကြိမ်မြောက်။
၃၉။ တတိယ - သုံးကြိမ်မြောက်။
၄၀။ တဏှာ - နှစ်သက်ခြင်း။
၄၁။ လောဘ - လိုချင်မှု။
၄၂။ ပေမ - ချစ်ခင်မှု။
၄၃။ ရာဂ - တပ်မက်မှု။
၄၄။ သမုဒယ - တွယ်တာမှု။
၄၅။ သံယောဇန် - နှောင်ဖွဲ့မှု။
၄၆။ ဝိစိကိစ္ဆာ - စိတ်များခြင်း။
၄၇။ အဘိဇ္ဈာ - အလိုကြီးခြင်း။
၄၈။ ဗျာပါဒ - ကျိန်ဆဲခြင်း။
၄၉။ စေတနာ - တိုက်တွန်းခြင်း။
၅၀။ ဝေဒနာ - ခံစားခြင်း။
၅၁။ သညာ - မှတ်သားခြင်း။
၅၂။ သင်္ခါရ - ပြုပြင်စီမံခြင်း။
၅၃။ သာမံ - ကိုယ်တိုင်။
၅၄။ သင်္ဂဟ - အပေါင်းအသင်း။
၅၅။ ဂါရဝ - ရိုသေခြင်း။
၅၆။ သက္ကာရ - ရိုသေခြင်း။
၅၇။ သံဝေဂ - ထိတ်လန့်ခြင်း။
၅၈။ သံသရာ - လည်ပတ်ခြင်း။
၅၉။ ဝေါဟာရ - ပညတ်ခြင်း။
၆၀။ နိဗ္ဗာ - ကွဲရှဲခြင်း။
၆၁။ ပသံသာ - ချီးမွမ်းခြင်း။
၆၂။ ထောမနာ - ချီးကျူးခြင်း။
၆၃။ ဩဘာ - ချီးမြှောက်ခြင်း။
၆၄။ အမနာပ - မုန်းခြင်း။
၆၅။ မေတ္တာ - ချစ်ခြင်း။
၆၆။ ကရုဏာ - သနားခြင်း။
၆၇။ မုဒိတာ - ဝမ်းမြောက်ခြင်း။
၆၈။ ဟာသ - ရွှင်ခြင်း။
၆၉။ ကိစ္စ - ပြုလုပ်ခြင်း။
၇၀။ ဗီဇ - မျိုးစေ့။
၇၁။ ဘဝ - ဖြစ်ခြင်း။
၇၂။ ဝါသနာ - အလေ့အကျင့်။
၇၃။ ထာဝရ - တည်မြဲခြင်း။
၇၄။ ကထိနစီဝရ (ကထိန်သင်္ကန်း) ခိုင်ခံ့သော သင်္ကန်း။
၇၅။ လောက - ကုသိုလ် အကုသိုလ် အကျိုးတည်ရာအရပ်။
၇၆။ ဝေယျာဝစ္စ - ကြောင့်ကြ စိုက်၍ ပြုလုပ်ခြင်း။
၇၇။ အာမ ဘန္တေ - မှန်ပါ၏ အရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



၇၈။ ဥပါသကာ - ရတနာသုံးပါး ဆည်းကပ်သော ယောကျ်ား။
၇၉။ ဥပါသိကာ - ရတနာသုံးပါး ဆည်းကပ်သောမိန်းမ။
၈၀။ ဇလ - ရေ(သုံးမရသော ပင်လယ်ရေ)
၈၁။ ဥဒက - ရေ (သုံးရသော မြစ်ရေ ကန်ရေ)
၈၂။ ပါနီ - ရေ(သောက်ရေ ရေအသန့်)
၈၃။ မာန - မာန်တက်သူ။
၈၄။ မာယာ - လှဲ့စားသူ။
၈၅။ မုချ - အမှန်။
၈၆။ ကေန္တ - မလှဲ့။
၈၇။ ပါမောက္ခ - မြတ်သောအကြီး အကဲ။
၈၈။ ပါမောဇ္ဇ - ဝမ်းမြောက်ခြင်း။
၈၉။ ဝါဒ - ပြောဆိုခြင်း။
၉၀။ ခဏ -တအောင့်-တဖြုတ်။
၉၁။ ကာလ - အချိန်။(အခါ)
၉၂။ ဒိဋ္ဌ - မြင်အပ်သော။
၉၃။ ဒုလ္လဘ - ရနိုင်ခဲသည်။
၉၄။ ဒုဿီလ - အကျင့်မကောင်းသူ။
၉၅။ ပကာသန - ကြွားဝါခြင်း။
၉၆။ ရောဂါ - နာသူ။
၉၇။ ဂိလာန - ဖျားနာသူ။
၉၈။ ဒါန - ပေးခြင်း။
၉၉။ ပဒါန - ပေးခြင်းလက်ဆောင်။
၁၀၀။ ဖဿန - ပြဋ္ဌာန်းခြင်း။
၁၀၁။ ပသာဒ - ကြည်လင်ခြင်း။
၁၀၂။ ရတနာ - နှစ်သက်မြတ်နိုးခြင်း။
၁၀၃။ သာရ - အနှစ်။
၁၀၄။ ပုထုဇ္ဇန -အကုသိုလ်မကင်းသူ။
၁၀၅။ ပေယျာလ - (မြုပ်ထားသော စကားရပ်)ပစ်ပယ်ခြင်း။
၁၀၆။ ဥပေက္ခာ- လျစ်လျူရှုခြင်း။
၁၀၇။ လက်ျာ - ညာဘက်။
၁၀၈။ သာဓု - ကောင်း၏။
၁၀၉။ အညတြ - မထင်ရှားသူ။
၁၁၀။ အလဇ္ဇီ - အရှက်မရှိသူ။
၁၁၁။ မဟာလ္လက- အရွယ်လွန်သူ။
၁၁၂။ ဝဿ - မိုး။
၁၁၃။ ပရိက္ခရာ - အသုံးအဆောင်။
၁၁၄။ အရောဂျ - အနာကင်းခြင်း။
၁၁၅။ ကဗျာ - သီကုံးခြင်း။
၁၁၆။ ကလျာဏ- ကောင်းခြင်း။
၁၁၇။ သက္ကျ - သာကီဝင်။
၁၁၈။ အသမ္ဘိန္န- အမျိုးမပျက်သူ။
၁၁၉။ အနိစ္စ - မမြဲခြင်း။
၁၂၀။ ဒုက္ခ - ဆင်းရဲခြင်း။
၁၂၁။ အနတ္တ - မိမိအလိုကျ လုပ်မရ။
၁၂၂။ ပဋိသန္ဓေ- ကိုယ်ဝန်တည်ခြင်း။
၁၂၃။ ဇာတိ - ဖြစ်ခြင်း။
၁၂၄။ ဇရာ - အိုခြင်း။
၁၂၅။ ဗျာဓိ - နာခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၂၆။ မရဏ - သေခြင်း။
၁၂၇။ ကောဓ - အမျက်တွက်ခြင်း။
၁၂၈။ ဒေါသ - အပြစ်ရှိခြင်း။
၁၂၉။ ဥပမာ - နှိုင်းယှဉ်ခြင်း။
၁၃၀။ ဥပမေယျ- နှိုင်းယှဉ်ဖွယ်ရာ။
၁၃၁။ သံသယ - ယုံမှားခြင်း။
၁၃၂။ သစ္စ - အမှန်စကား။
၁၃၃။ မုသာ - မမှန်စကား။
၁၃၄။ ဟိရီ - ရှက်ခြင်း။
၁၃၅။ ဩတ္တပ္ပ - ကြောက်ခြင်း။
၁၃၆။ ဗဟု - များသော။
၁၃၇။ သုတ - အကြားအမြင်။
၁၃၈။ ဝိရိယ - အားထုတ်ခြင်း။
၁၃၉။ ထိန - ပျင်းခြင်း။
၁၄၀။ အာလာပ-အစပြောခြင်း။
၁၄၁။ သလ္လာပ - အပြန်ပြောခြင်း။
၁၄၂။ ဣဿာ - မလိုလားခြင်း။
၁၄၃။ မစ္ဆရိယ - ဝန်တိုခြင်း။
၁၄၄။ ဗာလ - လူမိုက်။
၁၄၅။ ပဏ္ဍိတ - ပညာရှိ။
၁၄၆။ ကာဏ - တဖက်ကမ်း။
၁၄၇။ အန္ဓ - နှစ်ဖက်ကမ်း။
၁၄၈။ သောက - ပူဆွေးခြင်း။
၁၄၉။ ပရိဒေဝ - ငိုကြွေးခြင်း။
၁၅၀။ ပါရမီ - ကူးမြောက်ခြင်း။
၁၅၁။ ပါရဂူ-ကမ်းတဖက် ရောက်သူ။
၁၅၂။ ဝေနေယျ- ကျွတ်ထိုက်သူ။
၁၅၃။ ဥပ - အနီးကပ်။
၁၅၄။ နိဿယ-နည်းယူမှတ်သားခြင်း။
၁၅၅။ သူရ - ရဲရင့်ခြင်း။
၁၅၆။ ဘီရု - ကြောက်ခြင်း။
၁၅၇။ သတ္တိ - စွမ်းရည်။
၁၅၈။ ဗျတ္တိ - နှလုံးရည်။
၁၅၉။ ဂဏန် - ဂဏန်း။
၁၆၀။ သင်္ချာ - ရေတွက်ခြင်း။
၁၆၁။ ပုစ္ဆာ - မေးခြင်း။
၁၆၂။ ဝိသဇ္ဇနာ - ဖြေခြင်း။
၁၆၃။ ဩရသ -ရင်၌ဖြစ်သောသား။
၁၆၄။ ကိတ္တိမ- အမွေခံမွေးစားသား။
၁၆၅။ ပိယ - ချစ်ဖွယ်သော။
၁၆၆။ ဝါစာ - စကား။
၈၆၇။ ပုရိသ - ယောကျ်ား။
၁၆၈။ ဣတ္ထိ - မိန်းမ
၁၆၉။ မင်္ဂလ - ကောင်းသော။
၁၇၀။ အမင်္ဂလ - မကောင်းသော။
၁၇၁။ မဟာ - ကြီးသော။
၁၇၂။ ဥစ္စ - မြင့်မြတ်သော။
၁၇၃။ သုဘ - တင့်တယ်ခြင်း။
၁၇၄။ အသုဘ - မတင့်တယ်ခြင်း။
၁၇၅။ ကမ္မ - ပြုလုပ်ခြင်း။
၁၇၆။ ဖလ - အကျိုး။
၁၇၇။ ဝိပါက - ဝဋ်မကင်းသူ။
၁၇၈။ ပိတာ - အဖ။
၁၇၉။ မာတာ - အမိ။

(နှိုင်းယှဉ်၍မပြနိုင်သူ)

၁၈၀။ ဝါကျ - စကားပိုဒ်။

www.burmeseclassic.com

www.burmeseclassic.com



ပါဠိမဟုတ်

၁၈၁။ ပိပြင်ပြင်- ပြည့်ပြည့်စုံစုံဖြစ်ခြင်း၊ ပြေပြစ်ချောမောခြင်း။

| ရေးသားမှု | မူလရှေ့ | အသံထွက် | အနက် |
|---|---|---|---|
| လကျာ | လက္ခာ | လက်ယာ | ညာဘက် |
| သကျ | သက္ဃ | သက်ယ | သာကီဝင် |
| ယောဘုယျ | ယေဘုယ္ယ | ယေဘုယ်ယ | များသောအားဖြင့် |
| အာရောဂျ | အာရောဂ္ယ | အာရောဂ်ယ | အနာကင်းခြင်း |
| မုချ | မုချ | မုခ်ယ | အမှန် |
| ဝါကျ | ဝါက္ယ | ဝါက်ယ | စကားပိုဒ် |

(ပါဠိသဘော သိရုံမျှသာ ဖေါ်ပြခြင်းဖြစ်သည်။)

၄၈ ဘုရားအလောင်း ပုဏ္ဏားရှင်ဆိုသော သမ္ဗုဒ္ဓိဇာတ်တော်လာ ပထဝီဇယ မန္တန်ဂါထာ ပါဠိအနက်

၁။ သျှရိ ပထဝီဇယံ သမ္ဗုဒ္ဓါ၊ အနေကအန္တရာယိကံ။
ဇယံ ပစ္စေကဗုဒ္ဓါ စ၊ ဇယံ ပရိ မဟောသယော။

၂။ ဇယံ ဟုရောဟရိဒေဝေါ၊ ဇယံ ပြဟ္မာ စတုရင္ဒော။
ဇယံ နာဂေါ စ ဝိရူဠှကော၊ ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိဋ္ဌာန္တော ဝေနတေယျော စ၊ ကုဝေရော ဝရုဏောပိ စ။
အဂ္ဂိဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝေါ၊ သုခိတာ စ ပသိဒ္ဓိယော။
အသီတိမဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

၅။ ဇေယျော စမ္မော စ သံဃော စ၊ ဒသဗလော စ ဇေယျကော။
ဇေတေန သစ္စဝဇ္ဇေန၊ ဇေယျာ သုခီ ဘဝန္တု တေ။

(အထက် ၅-ပုဒ်သည် အများသတ္တဝါအတွက် ဖြစ်၏)

၆။ နရာ ဒေဝါ စ ပြဟ္မာနော၊ ယက္ခာ နာဂါ စ ဂရုဠာ။
တေပိ ဒိသွာ ပိယာ မယှံ၊ ပုတ္တံ မမေဝ သိနေဟာ။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္ထကေ။
၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုံသိီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တု ပဒ္ဒဝါ။
၉။ ဣမသ္မိံ စက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
အနန္တ စက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
၁၀။ ဣမေ သတ္တာ အဝေရာ စ၊ အညမညံ ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အညမညံ သုခါ ဟောန္တု။
၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္တကာ။
၁၂။ ဒသကောဋ္ဌိဒကဇာ စ၊ ထလဇာ နဝကောဋ္ဌိယော။
သံသေဒဇောပပါတိကာ၊ ဒီဃာယုကာ ဘဝန္တု တေ။
၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
၁၄။ အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၁။ သဗ္ဗံ၊ မြေပြင် ရေပြင် ဝေဟင်လွှမ်းခြုံ အလုံးစုံသော။အနေကအန္တရာယိကံ၊ တပါးမက မျှားလှသွယ်သွယ် အန္တရာယ်ဟူသမျှ အပေါင်းကို။ ပထဝီ၊ လူတို့တခွင် မြေအပြင်၌။ ဇယံ၊ အောင်မြင်ဖွယ်ရာ ဟူသမျှ အဝဝကို။ သျှရီ၊ မုချလျင်စွာ အောင်ကြပါစေသတည်း။ပစ္စေကဗုဒ္ဓါ စ၊အောင်ပွဲသခင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း။ တုမှေ၊ သင်တို့အား။ ဇယံ၊ အောင်ရာ အောင်ကြောင်း အောင်ဆုကောင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ မဟေသဃော စ၊ သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးပေတတ် ရဟန္တာ အရှင်မြတ်တို့သည်လည်း။ ပရိ၊ ထက်ဝန်းကျင် အရပ်မျက်နှာမှ။ တုမှေ၊သင်တို့အား။ ဇယံ၊အောင်ရာ အောင်ကြောင်း အောင်ဆုကောင်းကို။ဒဒန္တု၊ပေးကြပါစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဟာရော စ၊ အောင်ပွဲမှန်ကင်း ဟာရအမည်ရှိသော နတ်မင်းသည်၎င်း။ ဟာရိဒေဝေါ စ၊ အောင်ပွဲသရဖူ ဆောင်းတော်မူသော ဟာရိ အမည်ရှိသော နတ်မင်းသည်၎င်း။ တုမှေ၊ သင်တို့အား။ ဇယံ၊ အောင်ရာ အောင်ကြောင်း အောင်ဆုကောင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ ဗြဟ္မာ စ၊ အောင်မင်္ဂလာ အဖြာဖြာတို့ကို အောင်စွာ မြည်ဟီး အောင်ဗြဟ္မာကြီးသည်၎င်း။ ဓတရဋ္ဌော စ၊ ဂန္ဓဗ္ဗနွယ်ရိုး၊ နတ်အမျိုးတို့ကို စိုးမိုးပိုင်သ ဓတရဋ္ဌ နတ်မင်းကြီး သည်၎င်း။ တုမှေ၊ သင်တို့အား။ ဇယံ၊ အောင်ရာ အောင်ကြောင်း အောင်ဆု ကောင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ နာဂေါ စ၊ နာဂနတ်မင်းကြီး သည်၎င်း။ ဝိရူဠှကော စ၊ ဂုမ္ဘဏ်နွယ်ရိုး နတ်အမျိုးတို့ကို စိုးမိုးပိုင်သ ဝိရူဠှက နတ်မင်းကြီးသည်၎င်း။ တုမှေ၊ သင်တို့အား။ ဇယံ၊ အောင်ရာအောင်ကြောင်း အောင်ဆုကောင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ ဝိရူပက္ခော စ၊ နာမကျော်ဟိုး နဂါးမျိုးတို့ကို စိုးမိုးပိုင်သ ဝိရူပက္ခ နတ်မင်းကြီးသည်၎င်း။ စန္ဒိမာ စ၊ ယုဂန်တောင်ဖျား လှည့်လည်သွားသည့် စန္ဒိမာအမည်ရှိသော လ,နတ် သားသည်၎င်း။ တုမှေ၊ သင်တို့အား။ ဇယံ၊ အောင်ရာ အောင်ကြောင်း အောင်ဆုကောင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၃။ ဝိဏှုဒေဝေါ စ၊ နတ်တို့သနင်း သိကြားမင်းသည်၎င်း။ ဝေနတေယျော စ၊ ဝိနတာ အမည်ရှိသော နတ်မင်းသည်၎င်း။ ကုဝေရော စ၊ အာဠဝက နာမ ကျော်ဟိုး ဘီလူးမျိုးတို့ကို စိုးမိုး ပိုင်သ ကုဝေရ နတ်မင်းကြီး သည်၎င်း။ ဝရုဏော ပိ စ၊ ဝရုဏ နတ်မင်းကြီးသည်၎င်း။ အဂ္ဂိ စ၊ မီးနတ်သားသည်၎င်း။ ဝါရုဏော စ၊ လေနတ်သားသည်၎င်း။ ပဇ္ဇုန္နော စ၊ မိုးနတ်သားသည်၎င်း။ ကုမာရော စ၊ ကုမာရနတ်သားသည်၎င်း။ စတုပါလကော စ၊ စတုလောကပါလ နတ်သားသည်၎င်း။ တုမှေ၊ သင်တို့အား။ ဇယံ၊ အောင်ရာ အောင်ကြောင်း အောင်ဆုကောင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၄။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ လိုဠာစွာတို့ကို မုချပိုင်ပိုင် ပေးစွမ်းနိုင်ကြ ကုန်သော။ အဋ္ဌာရသ မဟာဒေဝါ စ၊ တဆယ့်ရှစ်ပါး ကုန်သော နတ်မင်းကြီး တို့သည်၎င်း၊ ပသိဒ္ဓိယော စ၊ အထူ ထူး အပြားပြားသော စီးပွါးချမ်းသာ တို့ကို ပြီးမြောက်စေတတ်ကုန်သော။ အသီတိမဟာသာဝကာ စ၊ ရှစ်ကျိပ်သော

www.burmeseclassic.com

www.burmeseclassic.com



မဟာသာဝက ရဟန္တာအရှင်မြတ်တို့သည်ရင်း။ တုမှေ၊ သင်တို့အား။ သဗ္ဗဇယံ၊ ခပ်သိမ်းကုန်သော အောင်ဆုပဟူသမျှ အဝဝကို။ ဒဒန္တု၊ မနှေးလျင်စွာပေးကြပါစေကုန်သတည်း။

၅။ ဓမ္မော စ၊ ဆယ်ပါးသော တရားတော်မြတ်သည်ရင်း။ သံဃော စ၊ သမ္မုတိ,ပရမတ် နှစ်ရပ်သော သံဃာတော်အရှင်သူမြတ်သည်ရင်း။ ဇေယျော၊ ရန်သူဟူက မှန်သမျှကို အထူးပင် အောင်မြင်တော်မူကြပါပေ၏။ ဒသဗလော စ၊ အားတော်ဆယ်တန် ပြည့်ဖြိုးလျှံသည့် ဉာဏ်တော်အရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်လည်း။ ဇေယျကော၊ ပထဝီမြေကြီး သိမ့်သိမ့်ဟီးအောင် အထူးထူးပင် အောင်ပွဲအရှင် ဖြစ်တော်မူကြပါပေ၏။ တေန သစ္စဝဇ္ဇေန၊ ဤသို့သောသစ္စာစကားကြောင့်။ တုမှေ၊ သင်တို့အား။ ဇေယျ၊ လိုရာမယွင်း အောင်မြင်ခြင်းတို့သည်ရင်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ လိုရှာစွာနှင့် ကျန်းမာသန့်ရှင်း ချမ်းသာခြင်းတို့သည်ရင်း။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**အမှာစာ။** ။ရှေ့(၅)ပုဒ်သည် သတ္တဝါများ အတွက် အောင်ဆုတောင်းရန် အကောင်းဆုံးဖြစ်ပါသည်၊ ကျန်သော (၉)ပုဒ်သည် မိမိအတွက်နှင့် မေတ္တာပို့ဖြစ်သည်။

၆။ နရာ စ၊ လူတို့သည်ရင်း၊ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဗြဟ္မာနော စ၊ ဗြဟ္မာတို့သည်ရင်း။ ယက္ခာ စ၊ ဘီလူးတို့သည်ရင်း။ နာဂါ စ၊ နဂါးတို့သည်ရင်း။ ဂရုဠာ စ၊ ဂဠုန် တို့သည်ရင်း။ တေပိ၊ ထို လူ နတ် ဗြဟ္မာများ ဘီလူးသားနှင့် နဂါးဂဠုန် အလုံးစုံတို့သည်လည်း။ ဒိသွာ၊ မြင်သည်ရှိသော်။ မယှံ၊ အကျွန်ုပ်အား။ ပိယာ၊ မြတ်နိုးသက်ဝင် ချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ပုတ္တံ၊ မိမိ၏သားကို။ သိနေဟာ ဣဝ၊ ချစ်ခင်ကြကုန်သကဲ့သို့။ မမ၊ အကျွန်ုပ်အား။ ပိယာ၊ မြတ်နိုးသက်ဝင် ချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၇။ ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့သည်ရင်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည်ရင်း။ အရဟာ စ၊ ရဟန္တာတို့သည်ရင်း။ အဂ္ဂသာဝကာ စ၊ အဂ္ဂသာဝကတို့သည်ရင်း။ သဗ္ဗေ၊ အလုံးစုံများပြား ဘုရား ပစ္စေက အဂ္ဂသာဝကသခင် ရဟန္တာအရှင်မြတ်တို့သည်။ မေ၊ အကျွန်ုပ်အား၊ မေတ္တံ၊ ချစ်ခြင်းမေတ္တာကို။

www.burmeseclassic.com

www.burmeseclassic.com



ကရောဠ္ဌ၊ ပြုတော်မူကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓ အဂ္ဂသာဝကသခင် ရဟန္တာအရှင်တို့သည်။ မေ၊ အကျွန်ုပ်၏။ မတ္ထကေ၊ ဦးခေါင်းထက်၌။ တိဋ္ဌန္တု၊ အမြဲမသွေ ရပ်တန့် တည်နေတော် မူကြပါစေကုန် သတည်း။

၈။ တေသံ၊ ထိုဘုရား ပစ္စေက အဂ္ဂသာဝကသခင် ရဟန္တာအရှင်တို့၏။ မေတ္တာနုဘာဝေန၊မေတ္တာ၏တန်ခိုးတေဇော်အာနုဘော်တော်ကြောင့်။သဗ္ဗေ၊ အလုံးစုံကုန်သော။ ရောဂါ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါဟူသမျှ အဝဝ တို့သည်။ သုသီတလာ၊ အလွန်အေးမြ ဘေးမခကုန်သည်။ ဟောန္တု၊ ဖြစ်ကြ ပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘယာ၊ နှစ်ဆယ့်ငါးပါး များပြားစွာလှ ဘေးဟူသမျှ တို့သည်။ ဝိနဿန္တု၊ ကင်းစင် ပျောက်ကွယ် ဖျောက်ပယ် ကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ တဆယ့်ခြောက်ပါး များပြားလွန်ပေ ဥပဒ္ဒဝေါတို့သည်။ နဿန္တု၊ပျက်စီးကြ ပါစေကုန်သတည်း။

၉။ ဣမသ္မိံ စက္ကဝါဠေ၊ ဤ စကြာဝဠာ၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံးမထင် များဖြင်လှစွာ သတ္တဝါတို့သည်ရင်း။ အနန္တ စက္ကဝါဠေ၊ အဆုံးအပိုင်းအခြားမရှိသော စကြာဝဠာတိုက်အပေါင်း၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံးမထင် များဖြင်လှစွာ သတ္တဝါ တို့သည်ရင်း။

၁၀။ ဣမေ သတ္တာ၊ ဤ ဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း။ အဝေရာ၊ ရန်မရှိကြကုန်သည် ဖြစ်၍။ ပိယာ စ၊ တယောက်အကျိုး သည်ဆောင်ပိုး၍ မြတ်နိုးသက်ဝင် ချစ်ခင် ကြကုန်သည် လည်း။ ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။ ဣမေ သတ္တာ၊ ဤဆိုအပ်ကုန်ပြီး သော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း။ အဝေရာ၊ ရန်မရှိ ကြကုန်သည်ဖြစ်၍။ သုခါ စ၊ ကိုယ်စိတ်နှစ်တန် ပြည့်ဖြိုးလျှံ၍ ဆက်ဆံပေါင်း သင်း ချမ်းသာခြင်း ရှိကြ ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြ ပါစေကုန် သတည်း။

၁၁။ နေရယိကာ စ၊ ငရဲသားတို့သည်ရင်း။ တိရစ္ဆာနာ စ၊ တိရစ္ဆာန် တို့သည်ရင်း။ ပေတာ စ၊ ပြိတ္တာ တို့သည်ရင်း။ အသုရကာ စ၊ အသူရကာယ်

www.burmeseclassic.com

www.burmeseclassic.com



တို့သည်ရှင်း။ ယမာ စ၊ ငရဲသနင်း ယမမင်းတို့သည်ရှင်း။ ယထာ၊ အကြင်သို့သော အချင်းအရာအားဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ သတ္တာ၊ ဤ ဆိုအပ်ကုန်ပြီးသော သတ္တဝါ အပေါင်း တို့သည်။ သန္တိ၊ ရှိကြကုန်၏။ တတ္တကာ၊ ကိုမျှလောက်ကုန်သော သတ္တဝါ အပေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ မယွင်းမချွတ် ကင်းလွတ်ကြပါစေကုန်သတည်း။

၁၂။ ဒသကောဋ္ဌိဒကဇာ စ၊ ရေမှာတည်နေ ဆယ်ကုဋေသော သတ္တဝါတို့သည်ရှင်း။ ထလဇာ နဝကောဋ္ဌိယော စ၊ ကုန်းမှာတည်နေ ကိုးကုဋေသော သတ္တဝါတို့သည်ရှင်း။ သံသေဒဇောပပါတိကာ စ၊ အညှိ၌ ဖြစ်သောသတ္တဝါ၊ ကိုယ်ထင်ရှား ဖြစ်ပေါ်လာသော သတ္တဝါ အပေါင်း တို့သည်ရှင်း။ တေ၊ ထိုသတ္တဝါအပေါင်းတို့သည်။ ဒီဃာယုကာ၊ အသက်ရှည်ကြကုန်သည်။ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁၃။ သမန္တာ၊ ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာမှ။ စက္ကဝါဠေသု၊ တသောင်းသောစကြာဝဠာတိုက်အပေါင်းတို့၌။ဥဒ္ဓံ၊အထက်၌။ယာဝဘဝဂ္ဂါစ၊ နေဝသညာ နာသညာယတနဘုံ တိုင်အောင်ရှင်း။ အဓော၊ အောက်၌။ယာဝ အဝီစိတော၊ အဝီစိငရဲဘုံ တိုင်အောင်ရှင်း။ ယေ သတ္တာ၊ အကြင်သတ္တဝါ အပေါင်းတို့သည်။ ပထဝီစရာ၊ မြေ-ရေ နှစ်ပြင် ထက်ကောင်းကင်၌ကျင်လည် လှည့်သွား ကျက်စားကြကုန်၏။

၁၄။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ တေ သတ္တာ၊ မြေ-ရေ နှစ်ပြင် ထက်ကောင်းကင်၌ကျင်လည်လှည့်သွားကျက်စားကုန်သောထိုသတ္တဝါ မှန်သမျှ အနန္တတို့သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အခွင့်ကောင်းကျိုး သည်ဆောင်ပိုးသည့် အဆွေအမျိုးတို့နှင့်။ သဟ၊ အညီအမျှ အတူတကွ။ အဗျာပဇ္ဈာ စ၊ ဗျာပါဒ်သြိုးရှိန် တန်ခိုးသိမ်၍ စိုးရိမ်သောက မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ နိဒ္ဒုက္ခာ စ၊ အမြဲ ညှဉ်းဆဲ ဆင်းရဲဒုက္ခ မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနုပဒ္ဒဝါ စ၊ ဘေးဥပဒ်အန္တရာယ် လွှင့်ပျောက်ကွယ်ပ မရှိကြကုန်သည်လည်း။ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။ အဝေရာ စ၊ အကျိုးလိုဟန်

www.burmeseclassic.com

ပြုံးသည့်မာန်နှင့်ကြံ့ခိုင်ပြင်းထန် အတွင်းရန်မရှိကြကုန်သည်လည်း။ ဟောတ္ထု၊ ဖြစ်ကြပါစေကုန်သတည်း။

**၄၉ အမှားကို ဝန်ချကန်တော့သည့်အခါ၌ ပေးသောဆု**

သာဓု....သာဓု....သာဓု....ငါသည် သင့်အား သည်းခံ၏၊ သင်၌ ကျရောက်လတံ့သော အပါယ် အစရှိသော ဘေးအပေါင်းနှင့်တကွ အန္တရာယ် ခပ်သိမ်း ဘေးခပ်သိမ်း ကြောင့်ကြခပ်သိမ်း ဒုက္ခခပ်သိမ်းတို့မှ ကင်းငြိမ်းလွှင့်ပျောက် မရောက်ဝေးစွာ ကွာပါစေသတည်း၊ သင့်အား ကောင်းကျိုးချမ်းသာမင်္ဂလာတို့သည် ယနေ့မှစ၍ တနေ့တခြား ဒီရေအလားကဲ့သို့ မနှေးလျင်စွာ ရပါစေသတည်း။

**၅၀ ငယ်ရွယ်သူများမှ မိမိကို ကန်တော့သည့်အခါ ပေးသောဆု**

သာဓု....သာဓု....သာဓု.... ယနေ့ ယခု ရှိခိုးကန်တော့ကြသော မြတ်ဂါရဝ အဟုန်တို့ကြောင့် လာဘ်လာဘအစုံ ဖြိုးကြွယ်မောက်လို့မို့ ကိုးဆယ့်ခြောက် အနာဟူသမျှ ကင်းစင်ပသော ဗာကုလ-အရှင်မထေရ်ဝယ် ရန်စွယ်ကင်းသကဲ့သို့ အန္တရာယ်အရှင်း ဒုက္ခမကြုံလာပဲ မနုဿဘုံမှာ အသက်တရာမကတည်၍ မပျက် ဒါန အရှည် သီလ ဘာဝနာ ပွားပြီးလျှင် ပီယဝါစာစကား အပြောရှိသမျှ မင်ကြ၍ ဇောတိကအသွင် အနာထပိဏ်တို့လို ရတနာစိန် ဌေးကြွယ်ဝပြီးလျှင် ဘေးအသွယ်သွယ် ရန်မခပဲ ကြံသမျှ အဓိဋ္ဌာန်မြောက်လို့မို့ နိဗ္ဗာန်ရောက် တက်လှမ်းနိုင်ကြပါစေသော် (ဗျား)....။

**၅၁ အလှူရှင်များ စုပေါင်းလှူဒါန်းသည့်အခါ၌ ပေးသော ဆု**

သာဓု....သာဓု....သာဓု....ယနေ့ယခုလှူဒါန်းကြသော ဒါနကောင်းမှုအစုစု တို့ကြောင့် ကျမ်းဓမ္မက္ခန် စာအရှိမျှော်ပြီးလျှင် ဘဂဝါဇိနော် ရွှေဗျာသသည့် အတိုင်း ပါဠိတော် ဒေသနာ စေတနာအရ ဗလဝနှင့် စာဂအလျှင်ပြုကြတဲ့ ဒါနရှင်တစုတို့မှာ ကုသလတရား ကပ်လို့မို့ တပြားတချပ် အစုအမြတ် သဒ္ဓါ တို့ကြောင့် ယခုကပ်ကမ္ဘာ ပစ္စက္ခတွင် နှစ်သက်သမျှ စိန်ရွှေရတနာတို့သည် အိမ်ဂေဟာ လျှံမ်းစွာပြည့်ပြီးလျှင် ချမ်းသာသရွှေအတောမသတ်နိုင်ပဲ မနော ဓာတ်ဖြူစင်စွာနှင့် အလှူမင်္ဂလာ များစွာ အကြိမ်ကြိမ် ပေးပြီးလျှင် ပတ္တမြား စိန်သူဌေး နာမည်အရာကို ကြာရှည်စွာ ခံစားပြီး၍ ဓမ္မက္ခန်လာ တရားအရ

www.burmeseclassic.com

www.burmeseclassic.com



အောင်လံထူပြီးလျှင် နောင်အရဟံတဆူ ဗုဒ္ဓသေဌ်နင်းနှင့် ဒုက္ခအရှင်း အနိဋ္ဌာန်က္ခာလှမ်းလျက် နိဗ္ဗာန်သာ အထက်နန်းသို့ တက်လှမ်းတော် မူနိုင်ကြပါစေသတည်း။

**၅၂ အလှူ့ရှင် လင်မယားနှစ်ဦးမှ လှူဒါန်းသည့်အခါ၌ ပေးသော ဆု**

သာဓု....သာဓု....သာဓု....ယနေ့ယခုလှူဒါန်းကြသော ဒါနကောင်းမှု အစုစုတို့ကြောင့် သုံးလူ့အရှင် မြတ်ဘဂဝါ၏ ဇာတ်သာခကေ ယင်း အခြေခံလျက် မင်းဝေဿန် မဒ္ဒီအလှတို့လို ကြည်ဆွသဒ္ဓါ ညီမျှကာဖြင့် လှူဒါန်းကြရသော အလှူ့ဒါယကာနှင့် အလှူ့ရှင် ဒါယိကာမတို့မှာ အတုမမြင် ဖက်မရနိုင်ပဲ အနဂ္ဃအကျိုးစုံသည့်ပြင် တန်ခိုးဂုဏ်သိဒ္ဓိဗလတို့နှင့် စိတ်ရှိသမျှအကြံအောင်၍ ခေမာသောင် တဖက်ကမ်းသို့ တက်လှမ်းတော်မူနိုင်ကြပါစေသော်။

**၅၃ (တနည်း) အလှူ့ရှင် လင်မယားနှစ်ဦးမှ လှူဒါန်းသည့်အခါ၌ ပေးသော ဆု**

သာဓု....သာဓု....သာဓု....ယနေ့ယခု လှူဒါန်းကြသော ဒါနကောင်းမှုအစုစုတို့ကြောင့် ဘေးဘယာ ဝေးကွာပြီးလျှင် ရှေးအခါကာလက ဒါနအရာ သဒ္ဓါချုပ်ပေသော မဟာဒုဂ်ဒါယကာမှာ စေတနာဇွဲစိတ်သန်၍ မဲလိပ်ကံ ကျသောအခါ ပင်ပန်းတာ မငြင်းမထောက်ဆပဲ ထင်းပေါက်ခဲ ရသော ဆန်တပြည်နှင့် ကြံစည်ကာ ဆွမ်းချက်လှူဘိ၍ လျှမ်းတက်ကာ တကြိမ်နှုန်းတွေ့ပေသော အိမ်လုံးပြည့်ရတနာမိုးရွာချသတဲ့၊ ကာလရှေးအခါက သူဌေးအရာရဘူးသည့် ဥပမာလို အလှူ့ဒါယကာနှင့် အလှူ့ဒါယိကာမ နှစ်ဦးတို့မှာ ကြည်နူးသဒ္ဓါ စိတ်အကြံပိုင်ပြီးလျှင် နိဗ္ဗာန်တိုင် အထက်နန်းသို့ တက်လှမ်းတော်မူနိုင်ကြပါစေသော်။

**၅၄ အလှူ့ရှင် တဦးတည်းမှ လှူဒါန်းသည့်အခါ၌ ပေးသော ဆု**

သာဓု....သာဓု....သာဓု .... ဤသို့ပူဇ မြတ်ပုညကြောင့် ရတနာ အဝဝပေါပြည့်လှသည့် ဇောတိက ပမာကဲ့သို့ သဘောရှိသမျှ သုံးမကုန်အောင် အလုံးစုံ ရန်သူ ကင်းသည့်ပြင် ပန်ယူအဆင်း ပဘာဝတီကဲ့သို့ နတ်ပမာညီ အဆင်းလှပြီးလျှင် သနင်းဘဂဝါအရှင် ပွင့်တော်မူသောအခါ အဆင်သင့် မဂ္ဂင်ဖေါင်ကို ရွက်တင်ဆောင် တည်နေပြီးလျှင် ပြည်ခေမာ် အမတနန်းသို့ ကြွမြန်းတော်မူနိုင်ကြပါစေဗျား။

www.burmeseclassic.com

www.burmeseclassic.com



**၅၅ နိဗ္ဗာန်ဆော်စာတမ်း**

၁။ ဘဝန္တော၊ ရှေ့ပြည့်နိဗ္ဗာန် ရည်စိတ်သန်၍ ဓိဋ္ဌာန်ညွှတ်ပျောင်း အို-သူတော်ကောင်းတို့....ဒုက္ခဝဋ်အတွင်း မလွတ်ကင်း၍ ပူခြင်းအဖြာဖြာ အဝိဇ္ဇာနှင့် တဏှာ ပြဲဿ ဤဘဝမှ လွတ်ရန်အသွယ်သွယ် လှည့်လည်နှိုးဆော် (ခေါ်) နိဗ္ဗာန်ဆော်က ရည်မျှော်စေကြောင်း ဆုမွန်တောင်း၍ ပြည်မနိဗ္ဗာန် ရောက်စေရန်အတွက် ဆွမ်းတော်ချက်၍ ဝပ်တွားကာ အဓိဋ္ဌာန်ထားကြဖို့ နိဗ္ဗာန်တံခါး ဖွင့်ရန် ထတော်မူကြပါ ဘဝန္တော—သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။

၂။ ဘဝန္တော၊ တရားဒေသနာ ရှာဖွေကာဖြင့် နေထိုင်ကြသောင်း အို-သူတော်ကောင်းတို့။အယ်ကာလော၊ဂေါတမမြတ်စွာ သာသနာနှင့် ကြုံကြိုက်လေရာ ယခုအခါကား။ ဒါနကာလော၊ နည်းသည် ,များသည် ခြားမရည်ပဲပွားကြည်နူလုံး တရားအဆီသုံး၍ ရှင်ပြုံးကြူလျှမ်း လှူဒါန်းကြရမည့် အခါပေတည်း။ တသ္မာ၊ ထိုကြောင့်။ တုမှေ၊ နိဗ္ဗာန်ဆုတောင်း သင်သူတော်ကောင်း အပေါင်းတို့သည်။ ဥဋ္ဌေထ၊ ဆွမ်းတော်ချက်ရန် အချိန်တန်၍ထတော်မူကြပါ ဘဝန္တော—သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။

၃။ ဘဝန္တော၊ အို, နာ, သေရေး ဆင်းရဲဘေးမှ ကင်းဝေး လိုကြောင်း အို- သူတော်ကောင်းတို့.... သံသရာဘုံကြော စုန်ဆန်မျော၍ ပြဲဿ လေးဖြာဝဋ်တဏှာမှ လွတ်ရာရည်မျှော် (ခေါ်) နိဗ္ဗာန်ဆော်က ရည်ရော်လမ်းပြမှန်းကာဆ၍ နန်းအမြဲတရှေဘုံ ခိုလှုံရန်အတွက်ဆွမ်းတော်ချက်၍ ဝပ်တွားကာ အဓိဋ္ဌာန်ထားကြဖို့ နိဗ္ဗာန်တံခါးဖွင့်ရန် ထတော်မူကြပါ ဘဝန္တော—သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။

**၅၆ နိဗ္ဗာန်ဆော် အကြောင်း**

မြတ်စွာဘုရားပွင့်ပြီးခါစ တဝါရသည့်အခါ ဗိမ္ဗိသာရမင်းကြီးပင့်လျှောက်ထားချက်အရ ရာဇဂြိုဟ်ပြည်သို့ကြွရောက်ကာမြို့အနီးရှိကြီးစွာသောထန်းတောဥယျာဉ်၌ သီတင်းသုံးလျက် စံနေတော်မူပြီးလျှင် ထိုဥယျာဉ်မှ မြို့တွင်းသို့ဆွမ်းခံ ကြွသောအခါ သိကြားမင်းသည် မြတ်စွာဘုရား၏ရှေ့တော်မှ လုလင်ပျိုယောင် ဆောင်လျက် မြတ်စွာဘုရား၏ ဂုဏ် ကျေးဇူးတော်တွေကို ချီးကျူးရွတ်ဆို ကြွေးကြော်ကာဖြင့် မြို့နေသူ လူအများအား သဒ္ဓါတရား ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



စေရန် ကြေးစည်ရိုက်၍ တိုက်တွန်းနှိုးဆော်ခဲ့ပေ၏၊ တဖန်ဓမ္မပဒအဋ္ဌကထာ သန္တတိ အမတ်ကြီး၏ အတိတ်ဇာတ်၌လည်း နိဗ္ဗာန်ဆော်အကြောင်း ပါ၏၊ ထို့ကြောင့် ယခုခေတ် လူတို့သည် ရှေးခေတ်ကို အတုလိုက်ကာ နိဗ္ဗာန်ဆော် လုပ်ငန်းကို ပြုလုပ်ကြ၏။ (ဇိနတ္ထပကာသနီကျမ်းနှင့် ဓမ္မပဒ အဋ္ဌကထာ သန္တတိ အမတ်ကြီး၏ အတိတ်ဇာတ်၌ပါ၏။)

## ၅၇ ဝတ်လျှည့် ဝတ်တက်ခြင်း အကြောင်း

ဝတ်လှည့် ဝတ်တက်ခြင်းသည် ဘုရားဟော ကျမ်းဂန်တို့၌ မတွေ့ရပေ၊ ကုန်းဘောင်ခေတ်၌သာ တွေ့ရသည်။ အမရပူရမြို့နန်းတည် ဘိုးတော်ဦးဝိုင်း၏ သားတော်ကြီးအိမ်ရှေ့မင်းသားသည် ရခိုင်ပြည်မှမဟာမုနိရုပ်ပွားတော်မြတ်ကို (ဥ-သြ-ရေ-သောက်-မုနိရောက်ဟူသောစာဆိုအရ ၁၁၄၆-ခုနှစ်၌) ပင့်ဆောင် တော်မူခဲ့၍ အမရပူရမြို့၏မြောက်ဘက် တာတထောင်ရှိသော (၇-နစ်တောင် ၁-တာ) အရပ်၌ ဘုံ(၉)ဆင့်ရှိသော အုတ်ပြာသာဒ် ဆောက်လုပ်တော် မူ၍ မွန်မွန်မြတ်မြတ် ကိုးကွယ်တော်မူ၏၊ ယင်းသို့ ကိုးကွယ်ရာတွင် ဝါတွင်းကာလ၌ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ဦးဆောင်လျက် မိဖုရား မောင်းမ မိဿံနှင့် တကွ ဥပုသ်နေ့ နံနက်တိုင်း မဟာမုနိဘုရားကြီးသို့ ဆွမ်းတော်များ ကပ်လှူ ကြပါသည်။

ယင်းသို့ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ဆွမ်းတော် ကပ်လှူ သည်ကို ဗုဒ္ဓဘာသာဝင် အများမှလည်း အတုလိုက်၍ ဥပုသ်နေ့တိုင်း မိမိတို့ ရပ်ကွက် အလိုက် အုပ်စုဖွဲ့၍ တီးမှုတ်ကခုန်ကာ မိမိတို့ကိုယ်ဖြင့် ရင်းနှီးရှာဖွေထားသော ချွေးနှီးစာများကို သာဟတ္ထိက ဒါနမြောက် တပျော်တပါး ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းကြပါသည်၊ ယင်းသို့ ဆက်ကပ် လှူဒါန်းရာတွင် အိပ်ယာထ နောက်ကျ၍ ဆွမ်း မချက်နိုင်သူများမှာ ရရာ သစ်သီးများဖြင့် သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းကြပါသည်၊ မအားမလပ်၍ မလိုက်နိုင်သော သူများမှလည်း မိမိတို့အတွက်ပါ လှူဒါန်းခဲ့ကြပါဟု ဆွမ်းတော်ကြီး ကပ်လှူရန် လှည့်လည်၍ လာသော ကုသိုလ်ရှင်များ လက်သို့ အာဏတ္တိကဒါနမြောက် တဆင့်လောင်း လှူကြပါသည်၊ ယင်းသို့လောင်းလှူခြင်းကိုဆွမ်းလောင်းသည်ဟုခေါ်၏၊ ကုသိုလ် ရှင်များမှဆွမ်းတော်ကပ်ရန် လှည့်လည်လာသည်ကို ဝတ်လှည့်သည်ဟု ခေါ်၏၊

www.burmeseclassic.com

www.burmeseclassic.com



တဖန် ဆွမ်းတော်ဝတ် ဆက်ကပ်လှူဒါန်းသည်ကို ဝတ်တက်သည်ဟု ခေါ်၏၊ ယင်းသို့သော လှူဒါန်းမှုသည် ယခုအချိန်သို့တိုင်အောင် မဟာမုနိဘုရားကြီး၌ ဝတ်မပျက် ရှိလျက်နေ၏။

ထို့ကြောင့် နိဗ္ဗာန်ဆော်တို့သည် ဘုရားသို့ လိုက်၍ ဆွမ်းဆက်ကပ်လှူဒါန်းမည့် ကုသိုလ်ရှင်အများအား ဆွမ်းတော်ချက်ထကြရန် အချိန်တန်ပြီဖြစ်သည့် အကြောင်းကို နံနက် (၅) နာရီအချိန်၌ ကြေးစည်တလုံးကို ကိုင်၍ သာယာနာပျော်ဖွယ်သော အသံများဖြင့် ဇိနတ္တပကာသနီကျမ်းအလာ သိကြားမင်း နိဗ္ဗာန်ဆော် လုလင်ကဲ့သို့ ဆွမ်းတော်ချက် ထကြရန် ကုသိုလ်ရှင် အများသို့ နှိုးဆော်ကြပါသည်၊ ယင်း နမူနာကို ယူ၍ မြန်မာပြည် အရပ်ရပ်၌ ရှိသော မြို့ကြီးများမှ ဗုဒ္ဓဘာသာဝင် အများတို့သည် မိမိတို့မြို့၌ရှိသော တန်ခိုးကြီး ဘုရားများသို့ ရပ်ကွက်အလိုက် ဥပါသကာအသင်းများဖွဲ့၍ တီးမှုတ်ကခုန်ကာ ဖြင့် တပျော်တပါး ဆွမ်းတော်ကြီးများ ဆက်ကပ် လှူဒါန်းကြပါသည်။

ယခုအခါတွင် အချို့သော မြို့များ၌ အဖိတ်နေ့ နံနက်တိုင်း ရပ်ကွက်အလိုက်ဖွဲ့စည်းထားသော ဥပါသကာအသင်းအဖွဲ့များဖြင့် ရပ်ကွက်ထဲသို့ရင်း၊ ဈေးကြီးအတွင်းသို့ရင်း၊ ရရာ ဝတ္ထု ပစ္စည်းများကို အလှူခံယူလျက် မိမိတို့ ရပ်ကွက်၌ရှိသော ဓမ္မာရုံပေါ်တွင် တည်းသိပ်ထားကာ နောက်နေ့နံနက် ဥပုသ်နေ့၌ တန်ခိုးကြီးဘုရားများသို့ သွားရောက် ဆက်ကပ် လှူဒါန်း ကြပါသည်၊ အချို့သော ရပ်ကွက်တို့သည် တန်ခိုးကြီး ဘုရားများသို့ မသွားမူ၍ မိမိတို့ ရပ်ကွက်ရှိ ဓမ္မာရုံများ ဘုရားစေတီများသို့ ဆက်ကပ်လှူဒါန်းကြပါသည်။

ယင်းသို့ လှူဒါန်း ရာတွင် တရက်ကျော်မှ အလှူခံ၍ ရခဲ့သော ဆန်နှင့် ပြုလုပ်ထားသော မုန့်မျိုးစုံတို့သည် ယင်းညဥ့်၌ပင် ပုပ်သိုးခြင်းဖြစ်၏၊ ယင်းသို့ ပုပ်သိုးသည့်အတွက် ဆွမ်းကပ်လှူရာ၌ လတ်ဆတ်မှုမရှိခြင်း၊ တဖန် မိမိ၏ ချွေးနှီးစာဖြင့် ရှာဖွေထားသော လှူဖွယ်ဝတ္ထု လုံးဝမပါရှိခြင်းဖြစ်သည်၊ ရှေးက ပြုလုပ်ခဲ့သည်မှာ မိမိ၏ ချွေးနှီးစာကို အရင်းတည်၍သာ ပြုလုပ် လှူဒါန်းခြင်း ဖြစ်သည်၊ သူတပါး အလှူသည်ကား ကြုံ၍လှူသော အလှူဖြစ်သည်။ (ဓမ္မပဒ ပါဠိ ၁၂-အတ္တဝဂ်နှင့်ဥပနန္ဒထေရ် ၁-ပဓာနိကတိဿထေရ်ကိုကြည့်။) ထိုဝတ္ထု၌ မိမိကိုယ်ကို ဦးစွာ လိမ္မာအောင် ပြုရမည်ဟူ၍ရင်း၊ ကောင်း ၁ ည် ဟူသော လုပ်ငန်းကို မိမိမှ ဦးစွာလုပ်ပြရမည် ဟူ၍ရင်း ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတပါးအား ဆုံးမ၍ လွယ်သလောက် မိမိကိုယ်ကို ဆုံးမရာ၌ မလွယ်ကူကြောင်းကို မြတ်စွာဘုရားသည် ဓမ္မပဒ၌ ဟောတော်မူခဲ့၏၊ အကျိုးအမှန်တကယ်ရှိသည်ဟု မိမိယုံကြည်သောကုသိုလ်လုပ်ငန်းတခုကို မိမိပင်လျှင် ရှေးဦးစွာ ပြုလုပ်ပြရပေမည်၊ ထို့နောက်မှ သူတပါး တို့အား ဖိတ်ကြားရပေမည်၊ အချို့အလှူခံတို့သည် သူတပါးတို့ ထံ၌ ရသလောက် အလှူခံ၏၊ မိမိကိုယ်တိုင်ကမူ လှူဖို့ရန် မေ့နေ၏၊ ထို့ကြောင့် ယခုခေတ်ပေါ် စကားအရ ဆိုရပါမူ ကိုယ်ဖေါ်သည့်ဆေး ကိုယ်ကိုယ်တိုင် စားဝံ့ရမည်ဟု ဆိုရပေမည်၊ အချို့သော အလှူခံပုဂ္ဂိုလ်တို့သည် တပြားတချပ်မှစ၍ စေတနာနည်းကြသဖြင့် ကျွန်တော်တို့ကတော့ ဝေယျာဝစ္စ ကုသိုလ်ပဲ ယူသည်ဟု ဆင်ခြေ ရန်ရှောင် စကားဖြင့် မိမိ၏ စေတနာနည်းမှုကို ဝေယျာဝစ္စစကားဖြင့် ကာကွယ်ပြောဆိုလေ့ရှိကြ၏။

အချို့သော မြို့ရွာအရပ်တို့တွင် ရပ်ကွက်အတွင်းရှိဓမ္မာရုံနှင့် စေတီစသည်၌ ဆွမ်းတော်ကြီးကပ်လှူပြီးလျှင် ဆွမ်းတော်တင်ပြီးမှ ကျသော မုန့်ပဲသွားရေစာများကို မစွန့်ပစ်ပဲ ဝေငှစားသောက်ကြသည်ကိုတွေ့ရ၏၊အချို့အရပ်၌ကလေးငယ်များကိုသာ ဝေငှပေးလေ့ရှိကြ၏၊ ထိုအလုပ်မျိုးသည် လုံးဝ မပြုလုပ်အပ်သော် လုပ်ရပ်များဖြစ်ပေ၏၊ လောကသုံးပါး၌ အတုမရှိ ပြိုင်ဘက်ကင်းသော မြတ်စွာဘုရားရှင်သုံးဆောင်တော်မူသောဘောဇဉ်တို့သည်မည်သူမျှသုံးဆောင်ခြင်းငှါမထိုက်ပါ၊ (ရှင်အာနန္ဒာ ရသော် ဆုရှစ်ပါးအခန်း၌ရှင်း၊ ၅၅၀–ဇာတ်၌ရှင်း ဘုရားရှင်၏ ဘောဇဉ်များကို မစားသင့်ကြောင်း တွေ့ရပေလိမ့်မည်၊ နောက်တဖန် မြန်မာရာဇဝင်၌ သထုံမနူဟာဘုရင်သည် အနော်ရထာမင်း၏ စစ်သို့ပန်းအဖြစ်နှင့် ပုဂံပြည် မြင်းကပါ အရပ်၌ အကျဉ်းခံနေရစဉ် ဘုရားဆွမ်းတော်တင်ကို မသိ၍ သုံးဆောင်မိသဖြင့် ဘုန်းကျက်သရေများဆုတ်ယုတ်ကာ အာခံတွင်း၌ရှိသော စက်ရောင် ကွယ်ပျောက်လေ၏။

**မှတ်ချက်။** ။တွင်းသင်းမြန်မာရာဇဝင်သစ်စာမျက်နှာ(၉၃)စာကြောင်းရေ (၈)၌ အောက်ပါအတိုင်းပါရှိ၏။

မနူဟာမင်းကိုလည်း အလုပ်အကျွေးနှင့် တကွ မြင်းကပါ အရပ်၌ထား၏၊ မနူဟာမင်း စကားပြောလျှင် ခံတွင်းမှ စက်ရောင် ထွက်၏၊ အနော်ရထာ

www.burmeseclassic.com

www.burmeseclassic.com



မင်းစေသည် ကြက်သီး မွေးညှင်း ထသောကြောင့် မနူဟာမင်း ဘုန်းကို ညှိုးစေလို၍ မုန့်နေ့လင်ပန်းနှင့် စားတော်ပွဲ ပြင်ပြီးလျှင် ဘုရားမှာ ဆွမ်းတော် တင်ပြီးမှ မနူဟာမင်းအား ကျွေးသည်ကို အဆင်အခြင် မရှိ စားမိ သဖြင့် ခံတွင်းမှ စက်ရောင်သည် ကွယ်လေ၏ဟု ပါရှိ၏။

ထို့ကြောင့်မဟာဝင်ကြောင်း၊ ရာဇဝင်ကြောင်းများကိုထောက်ထားလျက် ဘုရားဆွမ်းတော်တင်များကိုမည်သူမျှမစားအပ်ပါ၊ (သို့သော်) ဖုန်းတောင်း ယာစကာ (ဝါ) သူတောင်းစားများသာလျှင် လူ့ဘဝ၌ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသူများ ဖြစ်သဖြင့် နောက်ထပ် နိမ့်စရာ မရှိတော့သည့် အတွက် ထိုသူတို့သာလျှင် ထိုက်သည်ဖြစ်စေ၊ မထိုက်သည်ဖြစ်စေ စားကြ၏၊ ထို့ကြောင့် စာရှုသူပုဂ္ဂိုလ်အပေါင်းတို့သည်''ပျက်လျှင်အစဉ်ပြင်လျှင်ခဏ''ဆိုသည့်စကား အရ ပျက်နေသည့် ကိစ္စတခုတွင် သိသည့်အချိန်၌ နောင်လာနောက်သားများ ကို ငဲ့ညှာ၍ ပြင်ရန်သင့်ပေ၏၊ သိလျက်နှင့် မပြင်ရှိခဲ့ပါမူ ''အမှားကြာလျှင် အမှန်ဖြစ်၏''ဟု ဆိုစကားအရ အမှန်တရားပျောက်ကွယ်သွားမည်ဖြစ်ပေသည်၊ အချို့သောပုဂ္ဂိုလ်တို့သည် အမှားလုပ်ခဲ့သည်မှာ အရိုးစွဲနေပြီဖြစ်သဖြင့် အမှန် ကို သိသော်ငြားလည်း အတ္တစွဲကိုဖြုတ်လျက် ပြင်ရမည်ကို ဝန်လေးလျက်ရှိကြ ၏၊ ထို့ကြောင့် မိမိတို့လုပ်ခဲ့သည့် (အတ္တဝါဒုပါဒါန်) အတိုင်း ဆက်လက်၍ ပြုလုပ်လျက် ရှိနေကြ၏။

**၃၈ နိဂုံး သံဝေဂ ယူစရာ ဂါထာ**

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဘဝန္တော၊ တရားမေ့ ဉာဏ်အရှည်ဖြင့် သံဝေယူငြား အို....လူအများတို့။ သင်္ခါရာ၊ဖြစ်ကြလျှင်ပျက် ဆက်ကြလျှင်ဒုက္ခ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာ ဝတ၊ ခန္ဓာတွေမမြဲပဲ သေပွဲသို့ ဝင်ရလေသောကြောင့် ဩော်....အမြဲ မရှိကုန်စွ တကား။ ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဖြစ်ပြီးလျှင်ပျောက် ဌီသို့ ရောက်၍ ဖြတ်ခနဲ ပျက်တတ်သော သဘောတရားရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ရုပ်နာမ်ဟူသမျှ သူ့သဘာဝ ဖြစ်ကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ တားဆီးလို့မရ ချုပ်ပျောက်ကြရကုန် ၏။ တေသံ၊ ထိုတားမရ ဆီးမနိုင် ကံမခိုင် ဆိုးလှသဖြင့် အစိုးမရသည့် သင်္ခါရ

www.burmeseclassic.com

www.burmeseclassic.com



တရားတို့၏။ ဥပသမော၊ အပူဇာတ်သိမ်း၍အေးငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သည်။ သုခေါ၊ အလွန်ပင် အေးမြ၍ ဘေးမခပဲ ချမ်းမြေ့လှပါပေ၏တကား။

[(သိကြားမင်း သံဝေဂဂါထာ သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်)

## ၅၉ အလှူရေစက်ချ ပါဠိအနက်

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရစေခြင်း အကျိုးငှါ။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စင်္ဂသီလာနိ၊အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ-ဂဏှိတွာ၊ ကောင်းစွာ ခံယူဆောက်တည်ပြီး၍။ ကမ္မဉ္စ၊ ကံကိုရင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုရင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ သမ္မုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမေဟိ ဒါတဗ္ဗဝတ္ထုဟိ၊ ဤ ဒါတဗ္ဗဝတ္ထုအစုစုတို့နှင့်။သဟ၊ တကွ။ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယာနိ၊ ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်အရသာ အဖြာဖြာတို့ကို။သံဃဿ၊သံဃာတော် အရှင်သူမြတ်အား။ ဒေမ-ပူဇေမ၊ ကပ်လှူ ပူဇော်ပါကုန်၏ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ယထာသုခံ၊ အလိုရှိတော် မူကြသည့်အတိုင်း။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော်မူကြပါကုန်ဘုရား။ ဣမိနာ စ၊ဤသို့ လှူဒါန်းရသော ကောင်းမှုကြောင့် ရင်း။ အညေဟိ စ၊ ရှေးကပြုခဲ့ဘူးသော ကောင်းမှုတို့ကြောင့်ရင်း။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ ဝိမုတ္တံ၊ စင်စစ်ကေန် ကင်းလွတ်ရာမှန်သော။နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ခိပ္ပံ၊ လျင်စွာ။ ပပ္ပေါမ၊ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရကုန်သေး။ တာဝ၊ထိုမရောက်ရသေးသမျှ ကာလပတ်လုံး။ ဘဝါဘဝေသု၊ဘဝကြီးငယ် အသွယ်သွယ်တို့၌။ သံသရန္တာ၊ ကျင်လည်ကျက်စား ပြေးသွားရကုန်သည်ရှိသော်။စတူဟိ အပါယာဒီဟိ စ၊ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပ္ပတ္တိတရားလေးပါး, ဗျသန တရား ငါးပါး, အနာမျိုး ကိုးဆယ်ခြောက်ပါး စသည်တို့မှ။ ဝိပ္ပမုတ္တာ၊ ကင်းလွတ်ကုန်သည်ဖြစ်၍။ သုဂတိယံ၊ လူပြည်နတ်ရပ် ဘုံအထပ်ထပ်၌သာ

www.burmeseclassic.com

www.burmeseclassic.com



လျှင်။ ဥတ္တမေ ကုလေ၊ မြင့်မြတ်သောအမျိုး၌။ တိဟေတုကပဋိသန္ဓိကာ၊ တိဟိတ်ပဋိသန် ပညာဉာဏ်နှင့် ပြည့်စုံကုန်သော။ ပုရိသုတ္တမာ၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သည်။ ဟုတွာ၊ ဖြစ်ရကုန်၍။ အာယုဝဏ္ဏာဒီဟိ၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်းတည်းဟူသော အကျိုးထူးတရားတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံသောသူတို့သည်။ ဘဝါမ၊ မုချမသွေ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။

အပရံ၊ ထိုမှတပါး။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌။ ဒုစ္စရိတာနိ စ၊ ဒုစရိုက်တရား ဆယ်ပါး တို့ကိုလည်း။ ဟိတွာ၊ စွန့်ပယ်၍။ သုစရိတာနိ စ၊သုစရိုက်တရား ဆယ်ပါးတို့ကိုလည်း။စရန္တာ၊ ကျင့်ကြံနိုင်သောသူတို့သည်။ ဘဝါမ၊ မုချမသွေ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။

ဣဒံပုညဘာဂံ၊ဤကောင်းမှုအဖို့ကို။ ဣမေ၊ဤအရပ်သို့။အာဂတာနံ၊ညီညာဖျဖျ စည်းဝေးရောက်လာကြကုန်သော သူတို့ကို။ အာဒိံ ကတွာ၊ အစထား၍။ မာတာပိတူနဉ္စ၊ မိခင်, ဖခင် ကျေးဇူးရှင်တို့အားရင်း။ အာစရိယာနဉ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားရင်း။ ဉာတကာနဉ္စ၊ ဆွေမျိုးဉာတကာတို့အားရင်း။ ဘူပါလဿ စ၊ရေမြေသနင်း ပြည့်ရှင်မင်းအားရင်း။ ယမရာဇဿ စ၊ငရဲသနင်း ယမမင်းအားရင်း။ဣန္ဒဿ စ၊နတ်တို့သနင်း သိကြားမင်းအားရင်း။ ဗြဟ္မာနဉ္စ၊ ဗြဟ္မာအပေါင်းတို့အားရင်း။ ဒေဝါနဉ္စ၊ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, တောစောင့်နတ်, တောင်စောင့်နတ်, ကမ္ဘာစောင့်နတ်,သာသနာစောင့်နတ်,ရုက္ခစိုဝ်း,ဘုမ္မစိုဝ်း,အာကာသစိုဝ်းနတ်အမျိုးမျိုးနှင့် နတ်မြတ်နတ်ကောင်း အပေါင်းတို့အားရင်း။ သဗ္ဗသတ္တာနဉ္စ၊ ခပ်သိမ်းဥဿုံအလုံးစုံသောဝေနေယျသုခိတဒုက္ခိတသတ္တဝါအပေါင်းတို့အားရင်း။ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါ အပေါင်းတို့သည်။ အဓမှဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူ ထပ်မျှ။ ပုညဘာဂံ၊ ကောင်းမှု အဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

အမျှ....အမျှ....အမျှ.... ယူတော်မူကြပါကုန်လော့။

မိမိကိုယ်တိုင်ပြုလုပ်သော ဒါနကုသိုလ်ကောင်းမှုကို မိမိကိုယ်တိုင်ရွတ်ဆို၍ ရေစက်ချ အမျှ ပေးဝေရပေမည်၊ (သို့သော်)ရွတ်ဆိုသောစာကို မလေ့ကျက်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အတွက် မိမိ၏ကိုယ်စားဆရာတော်များက ရွတ်ဆိုပေးရခြင်း ဖြစ်ပေသည်၊ ထိုသို့ ရေစက်ချခြင်းသည် **ဝေဿန္တရာဇာတ်တော်မှအစပြု၍လာပေ၏**။ ထို့ပြင် အဋ္ဌကအင်္ဂုတ္တိုရ် ၃-ဂုဟပတိဝဂ်၊ (၂) ဒုတိယသုတ် (ဟတ္ထိကရွာ) ဥဂ္ဂသူကြွယ် သုတ်၌လည်း အလှူရေစက်ချခြင်းသည်ပါ၏။

**၆၀ မြန်မာ့ရိုးရာ အကောင်းဆုံး သွားတိုက်ဆေး**

နံနက်အိပ်ယာမှ ထပြီးလျှင် မန်ကျည်းစေ့နှစ်စေ့ခန့် ဆားကိုယူ၍ လက်ဝါးထဲ၌ တည့်ပြီးလျှင် သွားပွတ်တံနှင့်တို့၍ အောက်ဖက်မှသွားများကို တိုက်ပါ၊ တဖန် ဒုတိယအကြိမ် တို့ပြီး အပေါ်မှသွားများကို တိုက်ပါ၊ နောက်ဆုံးတတို့၌ အားလုံးသော သွားများကိုတိုက်ပါ၊ သွားပွတ်တံနှင့်သာ တိုက်ရမည်၊ (သတိ)လက်ညှိုးဖြင့် လုံးဝမတိုက်ရ၊ လက်ညှိုးဖြင့် တိုက်သည်ရှိသော် သွားအပေါ်ရုံမှကြွေသွားများ စားကုန်မည်ဖြစ်၏၊ထို့ကြောင့် သွားပွတ်တံနှင့်သာ တိုက်ရပေမည်၊ ယင်းသို့ တိုက်ခဲ့သော် သွားကြားထဲမှ သွားချေးတို့သည် ပြောင်စင်သန့်ရှင်း၍ သွားသည်၊ လွန်စွာ ကြည်လင် တောက်ပြောင် လာမည် ဖြစ်ပေသည်၊ ခံတွင်းလည်း သန့်ရှင်း၏၊ သွားပိုး စားခြင်းမှလည်း ကင်း၏၊ သွား တိုက်ဆေးရှာဝယ်ရသည့်ကိစ္စ တခုလည်း ငြိမ်း၏၊ ငွေကုန် သက်သာ၏၊ ရောက်ရာအရပ်၌ မိမိ သွားတိုက်ဆေးသည် အစဉ်သဖြင့် ရှိ၏၊ ထို့ကြောင့် ဤစာကို ဖတ်ပြီးပါက စာအညွှန်း၌ပါသည့်အတိုင်း ဟုတ် မဟုတ်ကို စမ်းသပ်ကြည့်ပါရန် တိုက်တွန်းအပ်ပါသည်။

**ထက်ဘ**။ ။မျက်စိမှာ အကြည်၊ နားမှာ ဆီ၊ ဒန္တီမှာ ဆား၊ ဝမ်းမှာ အခါး။

(စိန္တာမဏိ-ဦးချစ်မောင်)

www.burmeseclassic.com

www.burmeseclassic.com



## ၆၁ ရဟန်းများ မခံယူအပ်သော ပစ္စည်းများ

၃၇ (ဥဂ္ဂဟ)

ကမ္မစေတိယ သံဃည၊ ပုဂ္ဂလတ္တံ ဂဏာယ'စ။
ဒသဘေဒမ္ပိ ရတနံ၊ ဥဂ္ဂဏှန္တဿ ဒုက္ကဋံ။

ဥဂ္ဂဟောတိ၊ ခံယူခြင်းဟူသည်ကား။ ကမ္မစေတိယသံဃညပုဂ္ဂလတ္တံ၊ အမှုသစ်, စေတီ, သံဃာ, တပါးသောပုဂ္ဂိုလ်၏ အကျိုးငှါငှါင်း။ ဂဏာယ စ၊ ဂိုဏ်းအကျိုးငှါငှါင်း။ ဒသဘေဒမ္ပိရတနံ၊ ဆယ်ပါးအပြားရှိသော ရတနာကို။ ဥဂ္ဂဏှန္တဿ၊ ခံယူသောရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

(ခုဒ္ဒသိက္ခာ)

(လိုရင်း ဖော်ပြချက်) နဝကမ္မအလှူခံခြင်း၊ စေတီ တည်ရန် ပြုပြင်ရန်အလှူခံခြင်း၊ သံဃာအတွက် အလှူခံခြင်း၊ ပုဂ္ဂိုလ်တဦးတယောက် အကျိုးအတွက် အလှူခံခြင်း၊ ဂိုဏ်းအကျိုးအတွက် အလှူခံခြင်း၊ ဆယ်ပါးအပြားရှိသော ရွှေငွေ စသော ရတနာကို အလှူခံသော ရဟန်းများကိုဆိုသည်။

(ဆရာတော် ဦးဗုမ်၏ အနက်)

## ၆၂ ရဟန်းများ မကိုင်တွယ်အပ်သော ပစ္စည်းများ

ရတနာနိတ္တိ ရူပါနိ၊ ဓညမိတ္တိပသာဓနံ။
တူရိယာဝုဓ ဘဏ္ဍာနိ၊ အာမသန္တဿဒုက္ကဋံ။

ရတနာနိ၊ ရွှေ ငွေစသော ဆယ်ပါးသော ရတနာတို့ကိုငှါင်း။ ဣတ္ထိရူပါနိ၊ မိန်းမရုပ်နှင့် ရုတ်ပုံကားချပ်တို့ကိုငှါင်း။ ဓညံ၊ ဇခိန် ဂကွဲ စသော စပါးမျိုးခုနစ်ပါးတို့ကိုငှါင်း။ ဣတ္ထိပသာဓနံ၊ မိန်းမ၏ ဝတ်စားတန်ဆာတို့ကိုငှါင်း။ တူရိယာဝုဓဘဏ္ဍာနိ၊ တူရိယာအမျိုးမျိုးနှင့် တုတ်ဓား စသော လက်နက်ဘဏ္ဍာတို့ကိုငှါင်း။ အာမသန္တဿ၊ သုံးသပ်သော ရဟန်းအား။ (ဝါ) ကိုင်ကြည့်သော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

(ဝိနည်းတော် ခုဒ္ဒသိက္ခာ)

www.burmeseclassic.com

www.burmeseclassic.com



## ၆၃ ရဟန်းများမှ ဒါယကာများသို့ မပြုအပ်သောအကျင့်

ပုပ္ဖံ ဝေဠုံ ဖလံ စုဏ္ဏံ၊ ဒန္တကဋ္ဌံ မတ္တိကံ။
သင်္ဂဟဏတ္ထံ ဒဒတော၊ ကုလဒူသန ဒုက္ကဋံ။

ပုပ္ဖံ၊ ပန်းပေးခြင်းရှင်း။ဝေဠုံ၊ ဝါး,သက်ငယ်ပေးခြင်းရှင်း။ဖလံ၊သစ်သီးသစ်ဥပေးခြင်းရှင်း။ စုဏ္ဏံ၊ ကသယ်မှုန့် ပေါင်ဒါမှုန့်ပေးခြင်းရှင်း။ ဒန္တကဋ္ဌံ၊ သွားတိုက်ဒန်ပူ သွားပွတ်တံ ပေးခြင်းရှင်း။ မတ္တိကံ၊ မြေညက်,သဲဆပ်ပြာပေးခြင်းရှင်း။ သင်္ဂဟဏတ္ထံ၊ ဆေးကုခြင်းနှင့် အစေအပါးခံခြင်းရှင်း။ ဣတိဣမေ၊ ဤရှစ်ပါးသော ကုလဒူသနတို့ကို။ ဒဒတော၊ ပေးသောရဟန်းအား။ ကုလဒူသနဒုက္ကဋံ၊ ကုလဒူသန ဒုက္ကဋ်အာပတ်သင့်၏။

(ဝိနည်းတော် ခုဒ္ဒသိက္ခာ)

## ၆၄ ရဟန်းများသည် မသိုမှီး မသိမ်းဆည်းအပ်ခြင်း

ယောပနဘိက္ခု သန္နိဓိကာရကံ၊ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ
ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပါစိတ္တိယံ။

ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ သန္နိဓိကာရကံ၊ သိုမှီး သိမ်းဆည်းမှုကို ပြုခြင်းရှိသော။ ခါဒနီယံ ဝါ၊ ခဲဖွယ်ကိုရှင်း။ ဘောဇနီယံ ဝါ၊ ဘောဇဉ်ကိုရှင်း။ ခါဒေယျ ဝါ၊ ခဲမူလည်း ခဲအံ့။ ဘုဉ္ဇေယျ ဝါ၊ စားမူလည်းစားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။

(ဝိနည်းတော် ဘိက္ခုပါတိမောက်)

## ၆၅ ရဟန်းများသည် ချွန်မက်ဖိုလ်ရကြောင်းကို မပြောရ

ယောပနဘိက္ခု၊ အနုပသမ္ပန္နဿ၊ ဉတ္တရိမနုဿဓမ္မံ
အာရောစေယျ၊ ဘူတသ္မိံ ပါစိတ္တိယံ။

ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ အနုပသမ္ပန္နဿ၊ လူသာမဏေအား။ ဉတ္တရိမနုဿဓမ္မံ၊ ဈာန်, မဂ်,ဖိုလ် တည်းဟူသော ဉတ္တရိမနုဿဓမ္မကို (မိမိ၌ရရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို။) အာရောစေယျ၊ ပြောကြားအံ့။ ဘူတသို ၊ ပြောသည့်အတိုင်း အမှန်ရလျှင်။ သောဘိက္ခု၊ ထိုရဟန်းသည်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။စျာန်မရပဲနှင့် စျာန်ရသည်ဟု ပြောလျှင် ဥတ္တရိ မနုဿဓမ္မ-
စတုတ္ထပါရာဇိက ဖြစ်၍ လူအဖြစ်သို့ရောက်၏။
(ဝိနည်းတော်-ပါရာဇိကသိက္ခာ)

၆၆ ဒုတိယပါရာဇိက အဒိန္နာဒါန သိက္ခာပုဒ်(အကျယ်)

အဒိန္နာဒါန၊ အမျိုးမျိုးမတရားသဖြင့်ရယူခြင်း၊ မရိုးမသားယူခြင်းဟူသမျှကို ဤသိက္ခာပုဒ်အရ အဒိန္နာဒါနဟုချည်းခေါ်ရ၏၊ ထိုအဒိန္နာဒါနသည်-

၁။ အာဒိယန-သူ့ဥစ္စာကို ကိုယ်ရအောင်တရားစွဲ၍ယူခြင်း။

၂။ ဟရဏ- သူ့ဥစ္စာကို အရိုးခံအတိုင်း ဆောင်ယူသွားခြင်း၊ လမ်းကျမှ လိုချင်၍ယူခြင်း။

၃။ အဝဟရဏ- မိမိအထံ၌ အပ်နှံထားသည်ကို ပြန်တောင်းသော အခါ မပေးပဲ မအပ်ပါဘူးစသည်ဖြင့် လိမ်ညာ၍ယူခြင်း။

၄။ ဣရိယာပထဝိကောပန- အသက်ရှိသောဥစ္စာကို သူ့နေမြဲဣရိယာပုထ် ပျက်အောင်ဖျက်၍ နေရာပြောင်းအောင် ခြောက်လှန့်၍ယူခြင်း။

၅။ ဌာနာစာဝန- မြှုပ်ထားသော ရွှေအိုးစသည်ကို နေရာမှရွှေ့အောင် လုပ်၍ ယူခြင်း။

၆။ သင်္ကေတဝီတိနာမန- ကင်းခွန်ကောက်ရာအရပ်ကို ရှောင်လွှဲ၍ အခွန် မပေးပဲသွားခြင်း။

၇။ ထေယျာဝဟာရ-ပုန်းလျှိုး ကွယ်လျှိုးခိုးခြင်း၊ အလေးတင်းတောင်း စဉ်းလဲ၍ခိုးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၈။ ပသယှာဝဟာရ- ဥစ္စာရှင်ကို လွှမ်းမိုးနှိပ်စက်၍ ဒဏ်တပ်မည်၊ ထောင်ချမည်၊သပိတ်မှောက်မည် စသည်ဖြင့် ခြိမ်းခြောက်ယူခြင်း။

၉။ ကုသာဝဟာရ - မဲချရာ၌ မိမိကျသော ညံ့သောမဲကို သူတပါး၏ကောင်းသောမဲနှင့် လဲ၍ယူခြင်း။

၁၀။ ပဋိစ္ဆန္နာဝဟာရ- ဥယျာဉ်စသော အရပ်၌ သူတပါး၏ လက်ဝတ်တန်ဆာကို မြက်စသည်ဖြင့် ဖုံး၍နောင်မှလာယူခြင်း။

၁၁။ ပရိကပ္ပါဝဟာရ- အဝတ်ဖြစ်လျှင်ယူမည်၊ အခြားဝတ္ထုဖြစ်လျှင် မယူဟု ကြံစည်စိတ်ကူး၍ အထုပ်ကိုယူခြင်း၊မည်သည့်အရပ်လွှန်မှယူမည်၊ ဒီအတွင်းမှာ ဥစ္စာရှင်မြင်လျှင် ခဏယူသလို လုပ်၍ ပြန်ထားမည် စသည်ဖြင့် အရပ်ဌာနကို ကြံဆ၍ယူခြင်း။

အဋ္ဌကထာတို့၌ ခိုးခြင်း(၂၅)ပါးထိအောင်လာသေး၏၊သို့ရာတွင်အချို့မှာ သဘောတူဖြစ်၍၊ခုဒ္ဒသိက္ခာလာသည့်အတိုင်း(၁၁)ပါးကိုသာရေးလိုက်သည်။

(သတိထားဖွယ်) ဤဒုတိယပါရာဇိကသိက္ခာပုဒ်သည်၊ အလွန်သတိထားထိုက်သော သိက္ခာပုဒ်ဖြစ်သည်။တိရစ္ဆာန်စသည်မဟုတ်သောလူ၏ဥစ္စာမှန်လျှင် မိဘဥစ္စာကိုပင်သော်လည်း ခိုးလိုသော လိမ်လို ညာလို လှည့်စားလိုသော စိတ်ဖြင့် မယူစကောင်း၊ ယုတ်စွအဆုံး ပိုင်ရှင်ရှိမှန်းသိလျက်ဖြစ်သောပစ္စည်းကို ခိုးလိုသောစိတ်ဖြင့်ကိုင်မိ၍ နေရာရွှေသွားကာမျှဖြင့် အပြစ်သင့်တော့၏။

ထို့ကြောင့် ရဟန်းကိုယ်တိုင် ဈေးသို့သွား၍၊ ကပ္ပိယ-ဝယ်ယူရာ၌ ကိုင်ကြည့်ရင်းက ခိုးယူချင်စိတ်ပေါက်လာလျှင်၊ တနေရာဝှက်လိုက်ရုံဖြင့် အပြစ်သင့်နေတတ်၏။ ရထားသဘောဉ် လက်မှတ်မပါပဲစီးပြီး၊ လက်မှတ်စစ်လာသည့်အခါ ရှောင်တိမ်းနေရုံမျှဖြင့်၊ အပြစ် သင့်၏။ လက်မှတ်စစ်ရာ အပေါက်မှ မထွက်ပဲ ရှောင်တိမ်းထွက်သဖြင့် အပြစ်သင့်၏။ ကျောင်းသားကပ္ပိယ၏ အသက်ကို လျှော့ကြီး လက်မှတ် မယူရအောင် လိမ်ညာ၍ လျှော့ပြောခြင်းဖြင့် အပြစ်သင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ပါလာသော မီမီကုန်ပစ္စည်းများကို အခွန်တန်ဆာ မဆောင်ရအောင် ဟိုတခြားသည်တခြားထား၍ အပြစ်သင့်ခြင်း၊ သူတပါးထံခွဲ၍အပ်နှံထားခြင်းကြောင့်အပြစ်သင့်ခြင်း ရထား၊ သင်္ဘော စသည်တို့၌ လူတို့က အခွန်အကောက် မပေးရအောင် မိမိထံသို့ လာအပ်ထားသော ပစ္စည်းကို ဖွက်ပေးထားသဖြင့် အပြစ်သင့်၏၊ တဖန်မိမိကိစ္စ၌ ငွေထည့်လျှင် ထည့် မထည့်လျှင် သပိတ်မှောက်မည် ဟု ခြိမ်းခြောက်၍ တောင်းသဖြင့် အပြစ်သင့်တတ်၏။

ထို့ကြောင့် ဤဒုတိယပါရာဇိက အဒိန္နာဒါနသိက္ခာပုဒ်သည် အထူးသတိထား၍ စောင့်ထိန်းအပ်သော သိက္ခာပုဒ်ဖြစ်ပေသည်၊ ဤသိက္ခာပုဒ်ကို သတိမထားပဲ ပေါ့ပေါ့တန်တန်နေ၍ ကျူးလွန်မိချေသော်၊ အလွယ်တကူပင် ပါရာဇိကကျ၍ ရဟန်းစင်စစ်မှ လူ၏အဖြစ်သို့ ရွေ့လျောရပေတော့သတည်း။

## ၆၇ ငါးပါးသီလ အကျယ်ကို ပြဆိုခြင်း

၁။ ပါဏာတိပါတသိက္ခာပုဒ်၌ - သိက္ခာပျက်ခြင်း အင်္ဂါ ငါးပါးနှင့် ကံမြောက်ခြင်းပယောဂခြောက်ပါးရှိ၏။

### သိက္ခာပျက်ခြင်း အင်္ဂါငါးပါးကား

၁။ ပါဏော - သတ္တဝါလည်းဖြစ်စေ၊
၂။ ပါဏသညိတာ - သတ္တဝါဟု အမှတ်ရှိသည်လည်း ဖြစ်စေ၊
၃။ ဝဓကစိတ္တံ - သေစေလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊
၄။ ဥပက္ကမော - သေစေရန် လုံ့လပြုသည်လည်းဖြစ်စေ၊
၅။ တေန - ထိုလုံ့လကြောင့် သေသည်လည်းဖြစ်စေ။

### ကံမြောက်ခြင်း၏ ပယောဂခြောက်ပါး

၁။ သာဟတ္ထိက - မိမိကိုယ်တိုင်သတ်ခြင်း၊
၂။ အာဏတ္တိက - သူတပါးကို စေခိုင်း၍ သတ်ခြင်း၊
၃။ နိဿဂ္ဂိယ - အဝေးမှနေ၍ လေးမြား သေနတ်ဖြင့် ပစ်ခတ်၍ သတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၄။ ထာဝရ -တွင်းတူး၍ အရှင်လတ်လတ် မြေမြှုပ် ဖုံးပိ၍ သတ်ခြင်း၊
၅။ ဝိဇ္ဇာမယ - ဂါထာမန္တန်စုတ်၍ သတ်ခြင်း၊
၆။ ဣဒ္ဓိမယ - တန်ခိုးဖြင့် သတ်ခြင်း။

ဤသို့ အင်္ဂါငါးပါးဖြင့် ပြည့်စုံ၍ ပယောဂ ခြောက်ပါးတို့တွင်တပါး ပါးဖြင့် သတ္တဝါတို့ကိုသေစေမှုကံမြောက်၍ ပါဏာတိပါတသိက္ခာပုဒ်ပျက်၏။

၂။ အဒိန္နာဒါနသိက္ခာပုဒ်၌သိက္ခာပျက်ခြင်း အင်္ဂါငါးပါးနှင့် ကံမြောက်ခြင်း ပယောဂ ခြောက်ပါးရှိ၏။

## သိက္ခာပျက်ခြင်း၏ အင်္ဂါငါးပါးကား

၁။ ပရပရိဂ္ဂဟိတံ - သူတပါး သိမ်းဆည်းအပ်သော ဥစ္စာလည်းဖြစ်စေ၊
၂။ ပရပရိဂ္ဂဟိတသညိတာ - သူတပါးသိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိသည်လည်း ဖြစ်စေ၊
၃။ ထေယျစိတ္တံ - ခိုးယူလိုသောစိတ်ရှိသည်လည်းဖြစ်စေ၊
၄။ ဥပက္ကမော - ခိုးခြင်းငှါလုံ့လပြုသည်လည်း ဖြစ်စေ၊
၅။ တေန - ထိုလုံ့လဖြင့် ခိုးသည်လည်းဖြစ်စေ။

## ကံမြောက်ခြင်း၏ ပယောဂခြောက်ပါး

၁။ သာဟတ္ထိက - မိမိကိုယ်တိုင် ခိုးယူခြင်း၊
၂။ အာဏတ္တိက - သူတပါးကို စေခိုင်း၍ ခိုးယူခြင်း၊
၃။ နိဿဂ္ဂိယ - ကင်းခွန်၊အကောက်ခွန်ကို မပေးပဲ ရှောင်လွှဲ၍ ခိုးယူခြင်း၊
၄။ ထာဝရ - ပစ္စည်းတခုခုဖြင့် ဖုံးပိ မြှုပ်နှံ၍ ခိုးယူခြင်း၊
၅။ ဝိဇ္ဇာမယ - ဂါထာမန္တန်စုတ်၍ ခိုးယူခြင်း၊
၆။ ဣဒ္ဓိမယ - တန်ခိုးဖြင့် ခိုးယူခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့အင်္ဂါငါးပါးဖြင့် ပြည့်စုံ၍ ပယောဂ ခြောက်ပါးတို့တွင် တပါးပါးဖြင့် ပိုင်ရှင်မပေးသည်ကို ယူမိသော် ကံမြောက်၍ အဒိန္နာဒါနသိက္ခာပုဒ် ပျက်၏။

**မှတ်ချက်။** ။(၂၅-ပါးသောတရားကဏ္ဍ၌ ခိုးခြင်း ၂၅-ပါးအကျယ်ပါရှိ၏)

၃။ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်၌ - သိက္ခာပျက်ခြင်းအင်္ဂါလေးပါးနှင့် ကံမြောက်ခြင်း ပယောဂ တပါးရှိ၏။

### သိက္ခာပျက်ခြင်း အင်္ဂါလေးပါး

၁။ အဂမနိယဝတ္ထု -မသွားလာအပ်သောဝတ္ထုပစ္စည်းလည်းဖြစ်စေ၊

၂။ တသ္မိံ သေဝနစိတ္တံ-ထိုမသွားလာအပ်သောဝတ္ထု၌ မှီဝဲလိုသော စိတ်ရှိသည်လည်းဖြစ်စေ၊

၃။ သေဝနပယောဂေါ မှီဝဲခြင်းငှါလုံ့လပြုသည်လည်းဖြစ်စေ၊

၄။ မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနံ - မိမိမင်ဖြင့် သူတပါး၏ မင်အတွင်းသို့ရောက်သည်ကို သာယာခြင်းလည်း ဖြစ်စေ၊

### ကံမြောက်ခြင်း၏ ပယောဂတပါး

၁။ သာဟတ္ထိက - မိမိကိုယ်တိုင် ကျူးလွန်ခြင်း၊

ဤသို့ အင်္ဂါလေးပါးဖြင့် ပြည့်စုံ၍ မိမိကိုယ်တိုင် ကျူးလွန်မိသော် ကံမြောက်၍ ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ပျက်၏။

**မှတ်ချက်။** ။(၁၀-ပါးသော တရားကဏ္ဍ၌ မသွားလာအပ်သော မိန်းမ ၁၀-မျိုး၊ မယား ၁၀-မျိုးပါ၏။)

၄။ မုသာဝါဒသိက္ခာပုဒ်၌ သိက္ခာပျက်ခြင်း၏ အင်္ဂါ လေးပါးနှင့် ကံမြောက်ခြင်း ပယောဂတပါးရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



### သိက္ခာပျက်ခြင်း အင်္ဂါလေးပါး

၁။ အတထဝတ္ထု - မဟုတ်မမှန်သော ဝတ္ထုပစ္စည်းလည်းဖြစ်စေ၊
၂။ ဝိသံဝါဒနစိတ္တံ - လှည့်စားလိုသော စိတ်ရှိသည့်လည်းဖြစ်စေ၊
၃။ တဇ္ဇောဝါယာမော- ထိုလှည့်စားလိုသော စိတ်အား လျော်သော လုံ့လပြုသည်လည်း ဖြစ်စေ၊
၄။ တဒတ္ထဝိဇာနနံ - ထိုအဓိပ္ပါယ်ကိုနားလည်သည်လည်းဖြစ်စေ။

### ကံမြောက်ခြင်း၏ ပယောဂတပါး

၁။ သာဟတ္ထိက - မိမိကိုယ်တိုင် လှည့်စား၍ယူခြင်း၊

ဤသို့ အင်္ဂါလေးပါးဖြင့် ပြည့်စုံ၍ မိမိကိုယ်တိုင် ကျူးလွန်မိသော် ကံမြောက်၍ မုသာဝါဒသိက္ခာပုဒ်ပျက်၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာန - သိက္ခာပုဒ်၌ သိက္ခာပျက်ခြင်း အင်္ဂါလေးပါးနှင့် ကံမြောက်ခြင်း ပယောဂ တပါးရှိ၏။

### သိက္ခာပျက်ခြင်း အင်္ဂါ လေးပါး

၁။ သုရာငါးပါးနှင့်မေရယငါးပါးမှ တပါးပါးသောအရက်လည်းဖြစ်စေ၊
၂။ သောက်လိုသော စိတ်ရှိသည်လည်းဖြစ်စေ၊
၃။ သောက်ရန်အားထုတ်ခြင်းသို့ ရောက်သည်လည်းဖြစ်စေ၊
၄။ သောက်ခြင်းကြောင့် လည်မျိုအတွင်း တဖက်သို့ ရောက်သည်လည်း ဖြစ်စေ၊

### ကံမြောက်ခြင်း ပယောဂ တပါး

၁။ သာဟတ္ထိက - မိမိကိုယ်တိုင် သောက်ခြင်း၊

ဤသို့ အင်္ဂါလေးပါးဖြင့် ပြည့်စုံ၍ မိမိကိုယ်တိုင်သောက်မိသော် ကံမြောက်၍ သုရာမေရယ သိက္ခာပုဒ် ပျက်၏။

(ငါးပါးသော တရားကဏ္ဍ၌ သုရာငါးပါးနှင့် မေရယ ငါးပါးပါ၏။)

www.burmeseclassic.com

www.burmeseclassic.com



## ၆ဂ မှတ်သားထိုက်စရာလင်္ကာများ

### လင်းတငှက်နား ယတြာပြုနည်း လင်္ကာ

လင်းတ–ဝံလို·ထိုထိုငှက်များ၊ အိမ်မှာနား·ပျက်ပြားဘေးဒဏ်ရ၊ ရေပြည့်အိုးမှာ၊ သပြေပေါ၊ နေဇာထည့်ပြီးမှ၊ ပရိတ်ရွတ်ခါ၊ ရေနှင့်သာ၊ နွားရာဆေးကြောကြ၊ ပန်းကိုတဖန်၊ လှူစေ့ပန်၊ ဘေးရန်ကင်းရှင်းပ။

### မမွေးသင့်သောသတ္တဝါ (၉)မျိုး လင်္ကာ

ခွေးကြောင်၊ ကြောင်နက်၊ ကြက်ပြာ၊ ကြက်ညို၊ အပြာခို၊ လူဆိုနွတ်ခမ်းတွဲ၊ နွားနှမ်း၊ မြင်းဝါ၊ ဆင်ဟိုင်းသာ၊ ရှောင်ပါအဖြူကျဲ။ မမွေးသင့်ငြားဤ(၉)ပါး ရှောင်ရှားလိုက်ကြအမြဲ။

### နေ့တူအိမ်ထောင်ဖက်များ၏ ကောင်းဆိုးလင်္ကာ

| | |
|---|---|
| အိ၊အိ၊ ဖက်ရာကောင်းတတ်စွာ | (ကောင်း) |
| က၊ က၊ သဘော ညစ္စာပေါ် | (ကောင်း) |
| စော စော ပြန်လေ၊ မယားသေ | (မကောင်း) |
| လှေ၊ လှေ၊ နှစ်စင်း၊ပူလောင်ပြင်း | (မကောင်း) |
| မင်း၊မင်း၊တို့မှာ၊ မထောင်းတာ | (သင့်) |
| သ၊ သ၊ ဖက်က၊ ညစ္စာရ | (ကောင်း) |
| တ၊ တ၊ ကိုရှောင် မီးသို့လောင် | (မကောင်း) |

### အသက်ရှည်အောင် ဘုရားထုကိုးကွယ်နည်းလင်္ကာ

မွေးနံ့သစ်သား၊ ကိုယ်တော်စား၊ ဘုရားထုပြီးမှ မြင့်မြတ်ရာမှာ ထားပြီးက၊ ကောင်းစွာပူဇော်ကြ၊အသက်ရှည်ကြောင်း၊ယတြာကောင်း၊ထုံးဟောင်းပေါ်ထုတ်ပြ။

www.burmeseclassic.com

www.burmeseclassic.com



## ဥစ္စာတိုးအောင် ဘုရားထု ကိုးကွယ်နည်း လင်္ကာ

ကိုယ့်မွေးနံမှ၊ ရေတွက်ဆသော်၊ သုံးကြိမ်လေငြား၊ နံသစ်သားကို ဘုရားကိုယ်တော်ထု ကိုးကွယ်သော်၊ စီးပွါးဥစ္စာ ရတနာ၊ ရွှေ ငွေ ပေါများ ပေ၏။

### နေ့နံသင့် သစ်သားများ

| | | |
|---|---|---|
| တနင်္ဂနွေ | – | အုံးသား၊ အင်သား။ |
| တနင်္လာ | – | ကံ့ကော်သား၊ ကျွန်းသား၊ ငွေဆင်းတု၊ ကြေးဆင်းတု၊ ကျောက်ဆင်းတု။ |
| အင်္ဂါ | – | ဆင်စွယ်၊ ညောင်သား၊ စကားစိမ်းသား။ |
| ဗုဒ္ဓဟူး | – | လွှန်းသား၊ လင်းလွှန်းသား၊ ရွှေဆင်းတု။ |
| ကြာသပတေး | – | ပေါက်သား၊ ပျဉ်းမသား၊ ပေါက်ပန်းဖြူသား။ |
| သောကြာ | – | သီးသား၊ သန်းသား။ |
| စနေ | – | ထိန်သား၊ ထန်းသား၊ ထနောင်းသား၊ တောင်တန်ကတိုးသား၊ နံ့သာနီသား၊ ခတ်သား၊ ဆင်းတု။ |

### နေ့နံသင့် အက္ခရာများ

| | | |
|---|---|---|
| က-ခ-ဂ-ဃ-င | – | တနင်္လာနံ။ |
| စ-ဆ-ဇ-ဈ-ည | – | အင်္ဂါနံ။ |
| ဋ-ဌ-ဍ-ဎ-ဏ<br>တ-ထ-ဒ-ဓ-န | – | စနေနံ။ |
| ပ-ဖ-ဗ-ဘ-မ | – | ကြာသပတေးနံ။ |
| ယ-ရ လ-ဝ | – | ဗုဒ္ဓဟူးနံ။ |
| သ-ဟ | – | သောကြာနံ။ |
| အ | – | တနင်္ဂနွေနံ။ |

www.burmeseclassic.com

www.burmeseclassic.com



### ၆၉ အမှားဖြင့်ဆိုက အကျိုးမရ

စာရေးသူသည်၊ ငယ်စဉ်စာမတတ်မီ ကျောင်းသားဘဝကစ၍၊ ဩကာသမှ အစပြုပြီး၊ ဋ္ဌတိပိသောဆုံးသည့်တိုင်အောင်၊ အသံဖြင့် တတ်ခဲ့၏၊ (ကလေး တိုင်းပင်) တဖန် ပရိတ်ကြီးထဲမှ အချို့သုတ်အတော်များများကိုလည်း အသံ ဖြင့်သာ တတ်ခဲ့၏၊ ယင်းအသံဖြင့် တတ်ခဲ့သော စာများကို စာသင်၍ တတ်ပြီး သော်လည်း ရပြီးသောစာများဖြစ်၍ မှန်မမှန်၊ စာမူကို ပြန်မကြည့်တော့ပဲ၊ ရပြီးသည့်အတိုင်းသာ ရွတ်ဆိုရ၍နေခဲ့ပါသည်။ ယင်းသို့နေလာရာက၊တခါတရံ၊ ရပ်ကွက်အတွင်းမှ ဓမ္မမိတ်ဆွေများနှင့် ဆွေးနွေးကြသည့်အခါ မိမိငယ်စဉ်က နှုတ်တိုက်ရထားသည့် စာများကို အမှန်ထား၍ ဆွေးနွေးမိ၏။ ယင်းသို့ဆွေး နွေးမိပြီးမှ စာမူကိုသေချာစွာပြန်ကြည့်မိသော် အချို့စာ၌ အမှားများကိုဆွေး နွေးမိခဲ့၏။ ယင်းဖြစ်ရပ်များကို မိမိဆရာရင်းဖြစ်သော အနီးစခန်းဆရာတော် ဘုရားကြီးအား လျှောက်ထားမိရာ ဆရာတော်ဘုရားကြီးက အလွတ်ရစာများ ကို ပြန်ကြည့်ရန် အောက်ပါပုံစံဖြင့် နမူနာပြ၍ ဆုံးမတော်မူခဲ့ပါသည်။

ပုံစံ။ ။(မောင်ဘသည် မနုကို ပန်းပေးသည်) ဟု ရေးသားသော မြန်မာစာ (ပေး) ၌ မပါသော ယ ရစ်ကို အပိုထည့်ပြီး (မောင်ဘသည် မနုကို ပန်းပြေးသည်) ဟု ဖတ်မည်ဆိုလျှင် မူရင်းစာ၏ ဆိုလိုရင်းသဘောပျက် ၍ အဓိပ္ပါယ်တမျိုးပြောင်းသွားသည်ကို မြင်ကြပြီမဟုတ်ပါလော။ ထိုနည်း တူစွာ ပါဠိစာတို့တွင် အပိုယရစ်ထည့်ဆိုနေကြသော အများသုံးစာများကား ငါးပါးသီလ၌ ပဥ္စသီလံကို၊ ပြဥ္စသီလံ ဟူ၍လည်းကောင်း၊ ဓမ္မစကြာ၌ ပညာ ဥဒပါဒိကို ပြညာဉဒပါဒိ ဟူ၍လည်းကောင်း၊ ပဋ္ဌာန်း၌ ဟေတုပစ္စယောကို ဟေတုပြစ္စယော ဟူ၍လည်းကောင်း၊ ဗြဟ္မစိုရ်တရား၌ မေတ္တာကို မြစ်တာဟူ၍ လည်းကောင်း အချို့ဆိုကြကုန်၏။ ယင်းစာများကို အပိုယရစ် ထည့်ဆိုခြင်း ကြောင့် စာတို့၏လိုရင်း အဓိပ္ပါယ်များပျက်၍ အပိုစာများဖြစ်ပြီးလျှင်၊ ပို့ချ သူရော လိုက်ဆိုသူပါ အကျိုးမရ ဖြစ်လျက် အချိန်ကုန် လူပန်းခြင်းသာ ဖြစ်တော့သည်။

သို့ကြောင့် အကြင်သူသည် အဓိပ္ပါယ်ပျက်မည့် အပိုစာကိုထည့်မဆိုသင့်ပဲ ငယ်စဉ်က အသံဖြင့် တတ်ခဲ့သော နှုတ်ကျိုးနေသည့် စာများကို စာတတ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါတွင် စာမူကို ပြန်ကြည့်၍ အမှားများကို ပြန်ပြင်ကျက်မှတ်ရမည်၊ ပြန်မပြင်ပဲ အမှတ်မဲ့ဆွေးနွေးပါက ပညာရှိမပြီသတော့ပြီ၊ အထူးသဖြင့် မိမိ ငယ်စဉ်ကအသံဖြင့်တတ်ခဲ့သော သံဃဂုဏ်တော် ကိုးပါးအဲ့ား စာအုပ်အတွင်းမှ စာမူကို ပြန်ကြည့်၍တိုက်ဆိုင်ဖတ်ကြည့်လျှင် အသံထွက်နှင့်စာမူ လွဲမှားနေသည်ကို အံ့အားသင့်စွာ တွေ့ရလိမ့်မည်။ (စမ်းကြည့်ပါလား)

## ၇၀ ဗျည်းအက္ခရာအကြောင်း သိဖို့ကောင်း

မြန်မာနိုင်ငံတွင် တိုင်းရင်းသားများ ယခု ရေးသုံးနေကြသော အက္ခရာခေါ် ဗျဥ္ဇန-ဗျည်း ၃၃ လုံးတို့သည် အုပ်စုဖွဲ့၍ သူ့အုပ်စုနှင့်သူ ရှိကြကုန်၏။ ယင်းအုပ်စုတို့တွင် (၁) ကကြီးဦးစီးသော က-ခ-ဂ-ဃ င အုပ်စု (၂) စ လုံးဦးစီးသော စ-ဆ-ဇ-ဈ-ည အုပ်စု၊ (၃) ဋ သံလျင်းချိတ် ဦးစီးသော ဋ-ဌ-ဍ-ဎ ဏ အုပ်စု၊ (၄) တဝမ်းပူ ဦးစီးသော တ-ထ ဒ-ဓ-န အုပ်စု၊ (၅) ပ စောက် ဦးစီးသော ပ-ဖ-ဗ-ဘ-မအုပ်စု ဟူ၍ ငါးအုပ်စုရှိကြကုန်၏။ ယင်းကို ပါဠိစကားဖြင့် ဝဂ်ဟု ခေါ်၏။ ထိုငါးအုပ်စု၏သဘောသည် ဦးစီးခေါင်းဆောင်ဖြစ်သော အစဗျည်းများ၏ အသံဖြစ်ပေါ်ရာ ဌာနမှ အခြားဌာနသို့ (သို့မဟုတ်) တနေရာသို့ မပြောင်းလွှဲပဲ ထွက်ပေါ်၍လာကြသောကြောင့် ၎င်းတို့ကို ဌာန်ငါးပါးဟု ခေါ်၏၊ ၎င်းဌာန်ငါးပါးသည် ဤကျမ်းစာအုပ်၏ ငါးပါးသောတရားကဏ္ဍ၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။

ကျန်ခဲ့သော ယ-ရ-လ ဝ-သ-ဟ-ဠ-အ ဟူသော ဗျည်းရှစ်လုံးတို့သည် တလုံးနှင့်တလုံး အသံဖြစ်ရာ နေရာချင်းမတူညီကြသောကြောင့် ပါဠိအခေါ် အဝဂ်၊ မြန်မာအခေါ် အုပ်စုမဟုတ်သော ဗျည်းများဟု ခေါ်ဆို၏။ ထိုဗျည်း ၃၃ လုံးတို့တွင် ထူးခြားမှုတခုရှိ၏။ ထိုထူးခြားမှုကား အဖို့ အမဟူ၍ ရှိကြကုန်၏။ ထိုရှိကြသော ဖို မ သဘောကား ငါးလုံးအုပ်စုတို့၏ ထိပ်ဆုံးမှရှိသော အစဗျည်းများသည် အဖိုဗျည်းများ ဖြစ်ကြ၏။ ၎င်းအဖိုဗျည်း၏ တလုံးကျော်၌ ရှိလေသော ဗျည်းများသည်လည်း အဖိုဗျည်းများပင် ဖြ ကြ၏။ ၎င်းအဖို ဗျည်းတို့၏ အကြားအကြား၌ကျန်ရစ်ခဲ့သော ဗျည်းတို့သည် အမဗျည်းများဖြစ်ကြကုန်၏။ ၎င်းတို့ကိုပုံစံဖြင့် ခွဲခြား၍ပြရသော်– က-ဂ-င-စ-ဇ-ည-ဋ-ဍ-ဏ-တ-ဒ-

www.burmeseclassic.com



နှ-ပ-ဗ-မ ဟု ဆိုသော ထို ၁၅ လုံးသည် အဖိုဗျည်းများဖြစ်ကြ၍ ကျန်ခဲ့သည့် ခ-ဃ-ဆ-ဈ ဌ-ဎ-ထ-ဓ-ဖ-ဘ ဟု ဆိုသော ထို ၁၀ လုံးသည် အမဗျည်းများ ဖြစ်ကြကုန်၏။

၎င်းဗျည်းတို့သည် စာပေရေးသားရာတွင် အဖို၊ အဖိုချင်းသာထပ်၍ရေးရသည်။အမ အမချင်းကား ထပ်၍ မရေးရပေ။ယင်းသဘောကို ပါဠိစာပေတို့၌ ကြည့်သော် သက္က၊ မဂ္ဂ၊ ကိစ္စ၊ ဝဇ္ဇ၊ဝဋ္ဋ၊ အဍ္ဍ၊ ဝဏ္ဏ၊သတ္တ၊သဒ္ဒ၊ ပန္န၊ သိပ္ပ၊ သဗ္ဗ၊ ဓမ္မ ဟူ၍ အဖိုအဖိုချင်းထပ်ရေးသည်သာ မြင်ရမည်။ ခ္ခ၊ ဃ္ဃ၊ ဆ္ဆ၊ ဈ္ဈ၊ ဌ္ဌ၊ ဎ္ဎ၊ ထ္ထ၊ ဓ္ဓ၊ ဖ္ဖ၊ ဘ္ဘ ဟူသော အမ အချင်းချင်း ထပ်သည်ကိုကား မမြင်ရပေ။ မထပ်ကောင်း၍ မမြင်ရခြင်းသာ ဖြစ်သည်။ သို့သော် အမအချင်းချင်း မထပ်ကောင်းသော်လည်း အဖိုဗျည်းနှင့် ထပ်ကောင်း၏။ ယင်းသို့ ထပ်သည်ရှိသော် အဖို၏ အောက်မှ အမနေရသည်။ ထပ်ပုံမှာ ယက္ခ၊ အဂ္ဃ၊ အစ္ဆ၊ အဇ္ဈ၊ အတ္ထ၊ ဗုဒ္ဓ၊ ပုပ္ဖ၊ လဗ္ဘတိဟူ၍ ဤအတိုင်းပင် ထပ်ကြရသည်။

ကျန်ခဲ့သော ဗျည်းရှစ်လုံးအတွက်မှာ အဝဂ္ဂေါ၊ နပုံသကောဟူသော စာရှိ၏။ ထိုစာ၏ အဓိပ္ပါယ်မှာ အုပ်စုမဟုတ်သော ဗျည်းရှစ်လုံးတို့သည်အဖိုလည်း မဟုတ်၊ အမလည်းမဟုတ်၊ နပုံဗျည်းများသာဖြစ်သည်ဟုဆိုသည်။ သို့ကြောင့် ၎င်းဗျည်းတို့၏ သဘောမှာ အချို့ဗျည်းများသည် စာရေးရာတွင် အထက် အောက် သတ်မှတ်ချက်မရှိပဲ နေလိုရာ၌ နေနိုင်၏။

ယင်းဗျည်း၏ သဘောကို ဖော်ပြရသော် ဗြဟ္မာဟူသော ပုဒ်နှင့် ဂိမှာန် ဟူသော ပုဒ်တို့၌ ပါရှိသော ဟ ဗျည်းပင်ဖြစ်သည်။ ၎င်းဟ ဗျည်းသည် ဗြဟ္မာ ဟူသော ပုဒ်၌ မ ဗျည်း၏အပေါ်မှနေ၍ ဂိမှာန်ဟူသော ပုဒ်တွင်ကား မဗျည်း ၏အောက်မှ ဟထိုးပုံစံဖြင့် နေသွား၏။ ယင်းသဘောကား ထားလိုရာထားနိုင် သော (ဝါ) ဖို-မ မဟုတ်သော နပုံဗျည်းတို့၏ သဘောပင်ဖြစ်သည်။

ထို့ပြင်လည်း ယခုဖော်ပြမည်ဖြစ်သော ပေယျာလ၊ ဒုလ္လဘ၊ နမောတဿ ဝိရူဠှက စာတို့တွင် ယျ-လ္လ-ဿ ဠ-ဗျည်းတို့သည် ၎င်းတို့အချင်းချင်း ထပ်ကြ သည်ဖြစ်၍၊ အဖိုအဖိုချင်းသာ ထပ်ကောင်းသည်ဟု ဆိုသော အာစရိယဝါဒ အရ ယင်းဗျည်းလေးလုံးအား နပုံဗျည်းများပင် ဖြစ်သော်လည်း၊ ၎င်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အဖိုစာရင်း၌ထည့်သွင်း၍ သာမန်အားဖြင့် အဖိုဗျည်း(၁၉)လုံးဟု ရေတွက်ရပေသည်။ ကျန်ခဲ့သည့် ရ-ဝ-ဟ-အ ဟူသော ဗျည်းလေးလုံးတို့သည် စာတို့၌ ငင်းတို့အချင်းချင်းထပ်ကြသည်ကို မမြင်မတွေ့ရသဖြင့် ငင်းဗျည်းလေးလုံးအား အမစာရင်း၌ထည့်သွင်း၍ အမ ဗျည်း(၁၄)လုံးဟု သာမန်အားဖြင့်ရေတွက်ပြီး ထိုအက္ခရာခေါ် ဗျည်း (၃၃) လုံးကို အဖိုအမ နှစ်ဌာနခွဲ၍ ဖေါ်ပြလိုက်ခြင်း ဖြစ်ပေသည်။

ငင်းပြင်၊ ထိုဗျည်း ၃၃ လုံးတို့တွင် ဆ ကြီးရှိသလို ဂ ငယ်လည်း ရှိ၍၊ ဏ ကြီးရှိသလို၊ န ငယ်လည်းရှိ၏။ တဖန် ဠ ကြီးရှိသလို၊ လ ငယ်လည်းရှိ၏။ ထိုဗျည်း ၆-လုံးကို မြန်မာသတ်ပုံတွင် အလျဉ်းသင့်သလို ရေးသုံးကြ၏။

ထို့ပြင်လည်း ပါဠိစာတို့၌ အက္ခရာတမျိုးတဖုံရှိကြပြန်သေး၏၊ငင်းတို့ကား ည အကြီး(ည)ဟူ၍ငင်း၊ ည အငယ်(ဉ)ဟူ၍ငင်း၊ ဠ ဝ းဘဲအကြီး (ဠ)ဟူ ၍ငင်း၊ ဋ ဝမ်းဘဲအငယ်(ဍ)ဟူ၍ငင်း၊ ယ အကြီး (ယျ)ဟူ၍ငင်း၊ ယ အငယ် (ယ) ဟူ၍ငင်း။ သ အကြီး (ဿ)ဟူ၍ငင်း၊ သ အငယ် (သ) ဟူ၍ ငင်း၊ ပုံစံ ရှစ်မျိုးဖြင့် ရှိလာပြန်၏။

ထိုပုံစံရှစ်မျိုးအပြင် (ယပင့်-ျ)(ယရစ် ြ-)(ဟထိုး ှ) ဟူ၍လည်း ပုံစံ သုံးမျိုးရှိပြန်သေး၏၊ယင်းသုံးမျိုးသည် မြန်မာစာသင်ပုံးကြီး၌ ရိုးရိုးပင်ဆိုသုံး ကြသော်လည်း၊ပါဠိ၌ ရိုးရိုးမဟုတ်၊သံယုဂ်ပါဌ်ဆင့်(ဝါ)အောက်ဆွဲ ပါဌ်ဆင့် များဟူ၍ ဖြစ်ကြကုန်၏။ ထိုအပင့်၊ အရစ်၊ ဟထိုးတို့၏ မူလရုပ်တို့သည်ကား (ယပင့် -ျ) သည် ယ အက္ခရာဖြစ်၏။ (ယရစ် ြ-)သည် ရကောက် အက္ခရာ ဖြစ်၏။ (ဟထိုး ှ )သည် ဟ အက္ခရာဖြစ်၏။

ပို၍ ထင်ရှားစေရန် ယင်းအက္ခရာတို့ကို စာအရှိဖြင့် ဖေါ်ပြရသော် ပါဠိ၌ (လကျာ)ဟူသော စာရှိ၏။ထိုစာ၌ ယပင့်၏ မူလရုပ်မှာ ဤပုံအတိုင်း(လက္ယာ) ဖြစ်သည်။ ယ-အပေါ်မှ ကကြီးသည် ရှေ့လကို အသတ်ပေးလိုက်ရသဖြင့်၊ က ကြီး အသံပျောက်ကာ- မြန်မာသတ်ပုံအသံထွက်ဖြင့် (လက်ယာ)ဟူ၍ ဖြစ် တော့သည်။ အဓိပ္ပါယ်မှာ ညာဘက်ဖြစ်သည်။ ထို့အတူ (ဝါကျ) ထိုစာ၏ မူလရုပ်မှာ ဤပုံ(ဝါက္ယ)ဖြစ်သည်။ အသံတွက် (ဝါက်ယ။) အဓိပ္ပါယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စကားစုဖြစ်သည်။ နောက်(ယေဘုယျ) ထိုစာ၏ မူလရုပ်မှာ ဤပုံ(ယေဘုယျ) ဖြစ်သည်။ အသံထွက် (ယေဘုယျ) အဓိပ္ပါယ်မှာ၊ အများအားဖြင့် (သို့မဟုတ်) များသောအားဖြင့်၊ တဖန် (အာရောဂျ) ထိုစာ၏ မူလရုပ်မှာ ဤပုံ (အာရောဂျ) ဖြစ်သည်။ အသံထွက် (အာရောဂ်ယ်) အဓိပ္ပါယ်မှာ၊ အနာကင်းခြင်းဖြစ်သည်။ ကျန်သည့် ယပင့်များသည် ဤအတိုင်းပင်ဖြစ်၏။

ထိုမှ နောက်(ယရစ် ြ) ထို ယရစ်သည် ပါဠိ၌ (အတြာ) ဟု စာရှိ၏။ ထိုစာ၏ မူလရုပ်မှာ ဤပုံ (အတ္ရာ) ဖြစ်သည်။ မြန်မာသတ်ပုံ အသံထွက်ဖြင့် (အတ်ရာ)ဖြစ်သည်။ (အင်္ဂလိပ်အက္ခရာ R အသံဖြင့်) အဓိပ္ပါယ်မှာ၊ ဤအရပ်သို့ ဟု ဆို၏။ နောက် (ဘဒြာနိ) ၎င်းမူလရုပ်မှာ ဤပုံ (ဘဒ္ရါနိ) ဖြစ်ပြီး အသံထွက် (ဘဒ်ရာနိ) အဓိပ္ပါယ်မှာ ကောင်းသော အာရုံဖြစ်သည်။ တဖန် (ကြိယာ) ၎င်းမူလရုပ်မှာ ဤပုံ (ကိြယာ) ဖြစ်ပြီး အသံထွက်မှာ (ကရိယာ) အဓိပ္ပါယ်မှာ ဖြစ်ခြင်းပြုစကားလုံးဖြစ်သည်။

နောက်တဖန် (ဟထိုး ှ) ထိုဟထိုးသည် (ဂိမှာန်) ဟူသော စာရှိ၏။ ထိုစာ၏ မူလရုပ်မှာ ဤပုံ (ဂိမ္ဟာန်) ဖြစ်သည်။ မြန်မာသတ်ပုံ အသံထွက်ဖြင့် (ဂိမ်ဟာန်)ဟူ ဖြစ်ပြီး အဓိပ္ပါယ်မှာ နွေဥတုဖြစ်သည်။ နောက်(တဏှာ) ၎င်း၏ မူလရုပ်မှာ ဤပုံ(တဏ္ဟာ) ဖြစ်သည်။ အသံထွက် (တဏ်ဟာ)ဟုဖြစ်ပြီး အဓိပ္ပါယ် တပ်မက်ခြင်းဖြစ်သည်။

ထိုနောက် အထက်တွင် ဖေါ်ပြခဲ့ပြီးသော ဿ အကြီး (ဿ) သည် အငယ်နှစ်လုံးကို ထပ်ပူးထားသဖြင့် ရှင်းလှ၏။ (နမောတဿ)ဟူသောစာ၌ မြန်မာသတ်ပုံဖြင့် ပြသော နမော (တဿ)ဖြစ်၏။ အနက်မှာ (တဿ)ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

ထို့ပြင်၊ဉ သည် မြန်မာသတ်ပုံတွင် ဉ အခါ လ သာ၏။တဉ တခါထပါဟုဆိုရာ၌ အကြီးအငယ်မရှိသော်လည်း၊ ပါဠိစာတို့၌ အကြီး(ည) အငယ်(ဉ) ဟူ၍ဖြစ်ရှိပြီးလျှင် အကြီး (ည) ကို နှစ်လုံးပူးဟူ၍ သတ်မှတ်လိုက်၏။ ထို့ကြောင့် (ပညာ)ကို (ပဉ္ဉာ) ဟူ၍ ၎င်း၊ (သညာ) ကို (သဉ္ဉာ) ဟူ၍၎င်း၊ (အညမည)ကို (အဉ္ဉမဉ္ဉ) ဟူ၍၎င်း၊ (သဗ္ဗညုတ) ကို (သဗ္ဗဉ္ဉုတ)ဟူ၍ ၎င်း၊ ရွတ်ဖတ်ကြရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှနောက် ဌ ဝမ်းဘဲ၊ ထို ဌ ဝမ်းဘဲသည် အလွန် အသိခက်သော အက္ခရာ ဖြစ်သည်။ သူ၏မူလရုပ်မှာ မြန်မာသင်ပုံးကြီး၌ ဤပုံစံ (ဌ)အတိုင်း ရိုးရိုးပင် ဖြစ်၏။ ၎င်းကိုပါဠိစာတို့၌ အငယ်ဟုခေါ်၍ အတွေ့လည်းနည်း၏။ များသော အားဖြင့် ဤပုံစံ(ဍ္ဍ)အတိုင်းသာ ပါဠိ၌ အတွေ့များသည်။ ၎င်းကို အကြီးဟု ခေါ်၏။ ထိုအကြီး၏ရုပ်သည် ရိုးရိုးရုပ်မဟုတ်၊ ဍ သံလျှင်းချိတ် ဦးခေါင်း(င) နှင့် ဌ ဝမ်းဘဲ၏ခြေထောက် (ဌ) တတ်ထားသောအက္ခရာဖြစ်၍ (ဍ)နှင့် (ဌ) နှစ်လုံးဆင့်ထားသော အက္ခရာဖြစ်သည်။ သို့ကြောင့် ယင်းအက္ခရာ၏သဘောကို ဖော်ပြရသော် (ဒိဍ္ဍ) သည် မြန်မာသတ်ပုံဖြင့် ဤပုံအတိုင်း (ဒိဍ္ဍိ) ဖြစ် တော့သည်။

ထိုထက်ရှင်းရှန် အကြီးနှင့် အငယ်ကိုပူးတွဲ၍ ယှဉ်ပြရသော်၊ မဟာမင်္ဂလ သုတ် နိဒါန်း၌ (၁)ကေမဍ္ဍ အဍ္ဍာသိ (၂) ကေမဍ္ဍ ဋ္ဌိတာခေါ ဟူသောအပိုဒ် နှစ်ပိုဒ်တွင်(၁)အပိုဒ်၌ရှိသော ဌဝမ်းဘဲအကြီး၏ ရှေ့၌ အ အက္ခရာရှိနေသဖြင့် ၎င်း အ အက္ခရာတို့ ဌ ဝမ်းဘဲအကြီးဦးခေါင်း (င) က ဍ သံလျှင်းချိတ်အသွင် သို့ ပြောင်းလျက် ရှေ့ အ သို့ အသတ်ပေးလိုက်ရ၏။ ယင်းသို့ ပေးလိုက်ရသော် (အဍ္ဍာသိ)မှ မြန်မာသတ်ပုံဖြင့် (အဍ္ဍာသိ) ဟု ဖြစ်တော့သည်။ အဓိပ္ပါယ် မှာ ရပ်တည်၏။ နောက်(၂)အပိုဒ်တွင်ကား ဌ ဝမ်းဘဲ၏ရှေ့၌ အခြားအက္ခရာ မရှိ၍ အသတ်ပေးရန် မလိုတော့သဖြင့် ရိုးရိုးပင်အငယ်ဖြင့် (ဌိတာခေါ)ဖြစ် ၏။ အဓိပ္ပါယ်မှာ ရပ်တည်ပြီးသော်ဟု ဖြစ်လေသည်။ ယင်းအက္ခရာသည် ၎င်း၏ ရှေ့၌ အသတ်ပေးစရာလိုလျှင် အကြီး (ဍ္ဍ) ဖြစ်၍ အသတ်ပေးစရာမလိုလျှင် အငယ် (ဌ) ဖြင့်ပင် ရေးရသည်။

ပါဠိသဘောတွင် ထပ်ဆင့်အက္ခရာတို့သည် မိမိ၏ရှေ့တွင်ရှိသော အက္ခရာ သို့ နောက်၌ရှိသော ထပ်ဆင့်အပေါ်အက္ခရာမှအစဉ်သဖြင့် အသတ်ပေးရသည် ဖြစ်သောကြောင့် ထိုအပေါ်အက္ခရာသည့် အသံမရှိ ဖြစ်တော့သည်။ ပုံစံများ

www.burmeseclassic.com

www.burmeseclassic.com



(ဒုက္ခသည် ဒုက်ခ) (ယက္ခသည် ယက်ခ) (မန္တာ သည် မန်တာ) (လဘန္တု သည် လဘန်တု) (မန္တန္တိသည် မန်တန်တိ) (ဂစ္ဆန္တိသည် ဂစ်ဆန်တိ) (ဂန္တာ သည် ဂန်တွာ) (ဝစ္စန္တိသည် ဝဒ်ဇန်တိ) ဟူ၍ ဖြစ်ကြကုန်သည်။

## ၇၁ အိပ်ရေးဝလျှင် ကျန်းမာရှင်

ဤကမ္ဘာလောကကြီး၌ ရှိရှိသမျှသော သတ္တဝါတို့သည် သမုဒ္ဒရာ ဝမ်းတထွာ ဟူသော စကားအရ နေ့အခါ၌ မိမိတို့သဘာဝအလျောက် တထွာမျှ ရှိသော ဝမ်းတလုံးဝအောင် တတ်စွမ်းသမျှသော နည်းမျိုးစုံဖြင့် ရှာဖွေကာ စားသောက်ကြရ၏။ ထိုသို့ရှာဖွေစားသောက်ကြပြီးလျှင် တနေကုန် ကိုယ် လက်လှုပ်ရှား ပင်ပန်းနွမ်းနယ်ခဲ့သည့် ကိုယ်ခန္ဓာကြီးအား အနားပေးသည့် အနေဖြင့် ညအခါ၌ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက် အနားယူလိုကြ၏၊ (သို့မဟုတ်) ယူကြ၏။ယင်းသို့အိပ်စက်အနားယူကြရာတွင် အချို့သူတို့သည်အနှောင့်အယှက် ကင်းရှင်းစွာ အိပ်စက်အနားယူနိုင်ကြသော်လည်း အချို့သူတို့၌ကား အနှောင့် အယှက်ကင်းရှင်းစွာ အနားယူ မအိပ်ကြရပေ၊ အကြောင်းသော်ကား ယခု ခေတ်သည် သိပ္ပံပညာ ထွန်းကားလာသည့်ခေတ်ဖြစ်သည့်အားလျော်စွာ မော်တော်ကား၊ မီးရထားများ ပေါ်ပေါက်၍ လာသဖြင့် ထိုကားလမ်း မီးရထား လမ်းအနီး၌ နေကြရသော သူတို့သည် ညဥ့်အချိန် အိပ်စက် အနားယူရာ၌ ထိုအသံတို့၏ အနှောင့်အယှက်ကို ခံကြရ၏။ ထို့ပြင်လည်း အသံချဲ့စက်များ သည် နေရာတိုင်း၌ လွန်စွာပေါများ၏။ အသံချဲ့စက်မရှိသော အရပ်ဟူ၍မရှိ၊ ကျေးရွာရပ်ကွက်တိုင်း၌ပင် ရှိကြ၏။ ယင်းသို့ရှိကြသော အသံချဲ့စက်တို့သည် စည်းကမ်းဥပဒေမည်သို့ပင် ရှိစေကာမူ အချို့စက်များသည် ဖွင့်ချိန်မကျမီဖွင့် ခြင်း၊ ဖွင့်ချိန်ထက် ကျော်လွန်၍ ဖွင့်ခြင်း စသော စက်များနှင့် ဇာတ်သဘင် ပွဲ၊ ဘာသာရေးပွဲကိစ္စများ၌ ညဥ့်လုံးပေါက်ဖွင့်သော အသံချဲ့စက်များနှင့် ကြုံတွေ့ရသည်ရှိသော် ထိုအသံချဲ့စက်တို့၏ ဟွန်းသံမလွတ်သော အရပ်မှ

www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်အနားယူကြသော လုပ်သားပြည်သူတို့၌ ထိုကိစ္စမပြီးမခြင်း အနှောင့်အယှက်ဖြစ်ကြရ၏။

သို့သော် ထိုအနှောင့်အယှက်တို့သည် တခါတရံသာကြုံတွေ့ရသောအနှောင့်အယှက်များဖြစ်၍ အမြဲမဟုတ်ပေ၊ အမြဲတစေကြုံတွေ့ရသော အနှောင့်အယှက်များကား အချို့အိမ်များ၌ ရှိ၏။ထိုအနှောင့်အယှက်သည် အခြားမဟုတ်၊ အိမ်သားများထဲမှ ဟောက်တတ်သော အလေ့အကျင့်ရှိသူများပင် ဖြစ်၏။ ထိုသူတို့သည် အများအိပ်ကောင်းသော အချိန်၌ ဟောက်တတ်ကြ၏။ အချို့သူများကား ညင်သာစွာ ဟောက်တတ်သော်လည်း အချို့သူများကား ကျယ်လောင်စွာ ဟောက်တတ်၏။ ထိုသူများသည် အတူနေအိမ်သားများကို မဆိုထားဘိ အနီးကပ်ရှိသော အခန်းများနှင့် အိမ်များမှပင် အိပ်၍မဖြစ်တော့ပေ။ ပို၍ဆိုးသည်ကား လင်မယားများပင် ဖြစ်ကြ၏။ လင်နှင့် မယားသည် အများအားဖြင့် အတူ အိပ်ကြသူများ ဖြစ်ကြ၏။ လင်ဟောက်တတ်လျှင် မယား၌ ဆင်းရဲ၏။ ထို့အတူ မယား ဟောက်တတ်လျှင်လည်း လင်၌ ဆင်းရဲ၏။ မည်သို့ပင် ဆင်းရဲစေကာမူ ဇနီးမောင်နှံများဖြစ်ကြ၍ သည်းခံ၍ သာနေရ၏။

အတူအိပ်သူ၏ ဟောက်သံကြောင့် တယောက်သူမှာ အိပ်မရဖြစ်ကာ အိပ်ရေးပျက်၏။ ယင်းသို့ အိပ်ရေးပျက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်၍ ကွေဝေထိုင်းမှိုင်းမှုကို ဖြစ်စေ၏။ ထိုအဟောက်ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သည့် ဆေးဟူ၍ ယခုအချိန်သို့တိုင်အောင် မကြားဘူး မတွေ့ဘူးသေးချေ၊ အခြားသော တိုင်းပြည်များ၌ ရှိသည် မရှိသည်ကိုတော့ မသိပါ။ သို့ရာတွင် ထိုအဟောက်ရောဂါ ပျောက်ကင်းသော နည်းကို ဤစာရေးသူသည် အမှတ်မထင်တွေ့ခဲ့ရ၏။ ထိုနည်းသည် ငွေမကုန်ပဲ ချက်ချင်းရနိုင်သောနည်း ဖြစ်သည်။ ယင်းနည်းကား အခြားမဟုတ် အကြင်သူတယောက်သည်

www.burmeseclassic.com

www.burmeseclassic.com



အိပ်သည့်အခါ၌မည်မျှပင်ဟောက်တတ်သူဖြစ်ပါစေထိုသူအိပ်၍ဟောက်နေစဉ် သူအိပ်သော ခေါင်းအုံး၏ အပေါ်သို့ နောက်ထပ် ခေါင်းအုံးတလုံး ဆင့်၍ ပေးလိုက်လျှင်(သို့မဟုတ်)ထိုသူ၏ ခေါင်းအုံးကို တဆင့်မြှင့်၍ ပေးလိုက်လျှင် ဆင့်ပေးသောလက် လွှတ်လိုက်သည်နှင့်တပြိုင်နက် ထိုသူ၏ ဟောက်သံသည် ချက်ချင်းငြိမ်၍ သွားပါလိမ့်မည်။ သို့ကြောင့် အတူနေ အတူအိပ်သူများကို စိတ်ဆင်းရဲအောင် အနှောင့်အယှက်ပေးလေ့ရှိသော ထိုသူ၏ ဟောက်သံသည် နောက်တဖန်ပြန်၍ ပေါ်လာတော့မည် မဟုတ်တော့ပေ။

စာရှုသူအပေါင်း သူတော်ကောင်းများ ဒုက္ခခပ်သိမ်းကင်းငြိမ်းကြပါစေ—

(စိန္တာသမဏီ ဦးချစ်မောင်)

BURMESE CLASSIC

## အထွေထွေ ဗဟုသုတ မာတိကာကျမ်း
## ဤတွင် ပြီးပြီ။

www.burmeseclassic.com